ပြည်မြို့ နဝင်းရပ်

# ဝိသုဒ္ဓါရုံမာရာဇာသီတိုက်

# နှစ်(၅၀)ပြည့် ရွှေရတု

## အထိမ်းအမှတ်မဂ္ဂဇင်း

၁၃၂၁-၁၃၇၁





ပြည်မြို့ နဝင်းရပ်

# ဝိသုဒ္ဓါရုံဗာရာဏသီတိုက်


# ကျောင်းတိုက်တည်နှစ်(၅၀)ပြည့်

# ရွှေရတုအထိမ်းအမှတ်

မဂ္ဂဇင်း

(၁၃၂၁ - ၁၃၇၁)

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၁၀



အမှတ်
ရက်စွဲ
သုတေသနစာကြည့်တိုက်

# မာတိကာ

မာတိကာ ၂
စာတည်းအဖွဲ့၏ ပန်ကြားလွှာ ၇
စုဒ္ဒသမရွှေကျင်သာသနာပိုင်ဆရာတော်ဘုရားကြီး၏ ဩဝါဒကထာ ၉
ပြည်မြို့ ၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ သာသနာ့မော်ကွန်း (မြန်မာ) ၁၁
ပြည်မြို့ ၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ သာသနာ့မော်ကွန်း (ပါဠိ) ၁၈

## ဂါထာ၊ ရတု၊ တေးထပ်၊ ကဗျာကဏ္ဍ

| | | |
|---|---|---|
| ၁။ နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာဂါထာ | အရှင်ပညာသိရီဘိဝံသ | ၂၉ |
| ၂။ ရွှေရတုမင်္ဂလာ“ထုတိဝေဒလ္လ”ဂါထာ | အရှင်ဇယိဿရ | ၃၂ |
| ၃။ ထေရုပ္ပတ္တိအကျဉ်းချုပ်မင်္ဂလာရတုပိုဒ်စုံ | အရှင်ပညာသိရီဘိဝံသ | ၃၆ |
| ၄။ ရွှေရတုသဘင်အောင်ပွဲဆင် | အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး) | ၃၈ |
| ၅။ သုံးချက်ညီထပ်ကွန့်မဟာတေးထပ် | အရှင်အမတောဘာသ | ၃၉ |
| ၆။ ရွှေရတုမင်္ဂလာရတုပိုဒ်စုံ | အရှင်ပညာသိရီဘိဝံသ | ၄၀ |
| ၇။ သာသနာပြုမှတ်တမ်းရှစ်လုံးဘွဲ့မင်္ဂလာကဗျာ | အရှင်ပညာသိရီဘိဝံသ | ၄၂ |
| ၈။ ပရိယတ်ဘုရား အရှိသား | ပုသိမ်ကြီး-အရှင်အရိယဝံသ | ၄၄ |
| ၉။ ရွှေရတုပွဲတော်ကြီးဘွဲ့(၈၀)ပေါ်ထေးထပ် | အရှင်နရသေဋ္ဌ | ၄၆ |
| ၁၀။ ရွှေရတုတိုင်ဆီ | အရှင်သောမရံသိ | ၄၇ |
| ၁၁။ အခြေချပြု ရွှေရတုမှ တည်မှုဂုဏ်ရောင် နှစ်ငါးထောင်သို့ | ဝင်းသစ္စာ(သမ္ဗူလ) | ၄၈ |
| ၁၂။ အမေမအိုသေးပါဘူး | မောင်သီတလ(ပြင်တော်) | ၅၀ |
| ၁၃။ ရွှေရတုသို့ ကန်တော့ပန်း | ငမဲတူ | ၅၂ |
| ၁၄။ ဖြစ်ပေါ်ချိန်ခါ ရွှေရတုပါ | နေပြည်တော်-မောင်မောင်ဉတ် | ၅၃ |


၁၅။ ရှိခိုးပန်ထွာဝန္ဒနာ — အရှင်သောမရံသိ — ၅၄
၁၆။ အလျှော်သုံးဘို့ ဆုံးမစာ — မြဘုန်းရှင်(မကွေး) — ၁၃၈
၁၇။ ရွှေရတုမှ ရတုအဆက်ဆက်သို့ — မောင်အေးချမ်း(ပြင်တော်) — ၁၇၀
၁၈။ ယုံကြည် ရည်ရွယ် — မြဘုန်းရှင်(မကွေး) — ၂၃၃
၁၉။ ရွှေရတုမှသည် စိန်ရတုဆီသို့ — ရှပ်တေး(ခ)မောင်စိုးရ — ၂၅၁
၂၀။ မြတ်ဆရာ — ဂန္ထဝင်-မောင်ဘုန်း(ပြင်တော်) — ၂၉၀

## ထေရုပ္ပတ္တိကဏ္ဍ

၁။ ဗာရာဏသီဆရာတော် — ၅၅
၂။ ဘဒ္ဒန္တဝိစိတ္တစာရ — ၅၉
၃။ ဘဒ္ဒန္တနာဂဝံသ — ၆၃
၄။ ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ — ၆၆
၅။ ဘဒ္ဒန္တဓမ္မရသ — ၆၉
၆။ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ — ၇၃
၇။ ဘဒ္ဒန္တဇာနေယျ — ၇၅
၈။ ဘဒ္ဒန္တသြဘာသ — ၇၈







## ရွှေရတုဝုဏ္ဏပူဇာကဏ္ဍ


| | | |
|---|---|---|
| ၁။ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၏ နောက်ခံရုပ်ပုံလွှာနှင့် ယခုမျက်မှောက်မြင်ကွင်းများ | ဘဒ္ဒန္တနာဂဝံသ | ၉၀ |
| ၂။ မေတ္တာပေါင်းစုရွှေရတု | တိပိဋကယောဆရာတော် | ၁၀၃ |
| ၃။ အကျွန်ုပ်၏ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီးနှင့် စပ်၍မှတ်သားမိသောရှေးဖြစ်ဟောင်း အောက်မေ့ဘွယ်ရာများ | ဓမ္မရသ(ဝိ-ဗာစာချ) | ၁၀၅ |
| ၄။ ဆရာတော်ရေးခဲ့သော ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သမိုင်း | အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး) | ၁၁၅ |
| ၅။ မှတ်စုမှတ်ရာများမှ ကျေးဇူးရှင်ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်မှတ်စုများ | ရွာဦးကျောင်းဆရာတော် (ဇီနို့) | ၁၁၉ |
| ၆။ ဇာတ်လမ်းရှိရင် မှတ်တမ်းရှိရမယ် | ဘဒ္ဒန္တဓမ္မာစာရ(မြဘုန်းရှင်) | ၁၃၄ |
| ၇။ ပန်းတိုင်၏နောက်ကွယ်မှာ | ဘဒ္ဒန္တဝဇီရပါဏိ | ၁၃၉ |
| ၈။ အာသီသ | ဓမ္မရသ(ဝိ-ဗာစာချ) | ၁၄၅ |
| ၉။ လေးစားပူဇော်ဆရာ့ဂုဏ်တော် | ဘဒ္ဒန္တအဇ္ဇဝါစာရ | ၁၅၂ |
| ၁၀။ ရွှေရတု ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် | မောင်အံ့(မဟာဝိဇ္ဇာ-ဘုံဘေ) | ၁၅၆ |
| ၁၁။ ကျေးဇူးရှင်ဆရာတော်ဘုရားအား အကျွန်ုပ်ဘာကြောင့်ကြည်ညိုမြတ်နိုးခဲ့သနည်း | အရှင်ပဝိတြသိရီ | ၁၅၉ |
| ၁၂။ ဆရာတော်ဘုရားကြီးနှင့်အတူ သိမ်သမုတ်ခြင်းနှင့် ကံဆောင်ခြင်းများပါဝင်ခဲ့စဉ်က မှတ်သားမိသော ဆရာတော်ဘုရားများ၏ ချူပဒေသများ | ဓမ္မရသ(ဝိ-ဗာစာချ) | ၁၇၀ |
| ၁၃။ နှစ်(၅၀)ရွှေကြိမ်လုံးအရှင်များအား လွမ်းမိပါသည် | ဘဒ္ဒန္တဥစ္စာနန္ဒ | ၁၇၅ |
| ၁၄။ သည်ယုန်မြင်လို့သည်ခြုံထွင်ရော့လားဘုရား | ဗာရာဏသီနှင့်ရွှေကျင်ဂူ | ၁၇၉ |
| ၁၅။ အညတရမှတ်တမ်းလေး | ပဲခွပ်မျိုး(အောင်လံ) | ၁၉၀ |






၁၆။ တကယ့်ရဟန်း — စာချ-ဦးသီတလာစာရ(ပြင်တော်) — ၁၉၅

၁၇။ ရွှေရတုမဂ္ဂဇင်းနှင့်ရွှေရတုကျောက်စာ
မ,တည်အလှူရှင် အရှင်ဂန္ဓသာရာဘိဝံသ — အရှင်အမတောဘာသ — ၂၀၃

၁၈။ စည်းစနစ်ရှိရမယ် — အရှင်ခမာစာရ(လုံပော) — ၂၁၄

၁၉။ သီရိခေတ္တရာဆီက
ပြည်ဗာရာဏသီ၏ သမိုင်းအကျဉ်း — အရှင်နန္ဒိယသရ(သဲကုန်း) — ၂၂၁

၂၀။ သည်ဟင်း ရင်တွင်းမှာလွမ်းမိသည် — မောင်အေးချမ်း(ပြင်တော်) — ၂၃၀

၂၁။ စာကလေးနှစ်စောင် — ဓမ္မသာရ(ဝိ-ဗာစာချ) — ၂၃၄

၂၂။ ဗာရာဏသီယဉ်ကျေးမှု — အရှင်စန္ဒဝရ — ၂၃၅

၂၃။ ထေရာနုဝါဒ — ဘဒ္ဒန္တနိမ္မလ(ထီးလင်း) — ၂၄၀

၂၄။ အရိပ် — ဘဒ္ဒန္တပညာဝုဓ(ကျွန်းတိုင်း) — ၂၄၅

၂၅။ ဂရုဏာရှင်သို့ကန်တော့ပန်းဆင် — အရှင်အဓိဘူ(ဝိ-ဗာစာချ) — ၂၄၉

၂၆။ အပ်နှစ်စင်းရဲ့ဒဏ္ဍာရီ — နိုးကြား န-ပ-သ(ရန်ကုန်) — ၂၅၂

၂၇။ လက်ပံပွင့်ခြောက်ကောက်စို့ကွယ် — တာရာမျိုး — ၂၅၇

၂၈။ ထိုသူဖြစ်ရာ ပြည်ရပ်ရွာသည် — ဦးစန္ဒာတပ(အောင်လံ) — ၂၅၉

၂၉။ ဗာရာဏသီဆရာတော်၏ကျေးဇူး — ဦးသိန်းအောင်(ဗာရာဏသီ) — ၂၆၄

၃၀။ ဗာရာဏသီဆရာတော်ကြီး၏စာတည်းဂုဏ်ရည် — ခေတ္တရာကျော်မြင့် — ၂၆၈

၃၁။ ရွှေကျင်နိကာယ ဂန္ထဓုရပူဇကအဖွဲ့ — ဦးခင်မောင်မြင့် — ၂၈၂

၃၂။ ဝိသုဒ္ဓါရုံသာသနာလျှောက်စာတမ်း — ဦးခမာစာရ(လုံပော) — ၂၉၁

၃၃။ လက္ခဏာရေးသုံးပါးနှင့်ဥဒါနသံဝေဂကထာ — မောင်ထွန်းအေး — ၂၉၃

၃၄။ ကျောင်းအစ်မကြီးဒေါ်သိန်းတင် — ဘဒ္ဒန္တဝိစိတ္တစာရ — ၂၉၄


## ဓမ္မပူဇာကဏ္ဍ


၁။ ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များသို့
ပန်ကြားလွှာ — သီတဂူဆရာတော် — ၁၁၀

၂။ သာသနာတော်၏တန်ဖိုး — ကထိကရဟန်း — ၁၃၀

၃။ ငါးမျက်နှာစေတီသမိုင်းအကျဉ်း — ဦးကျော်ဒင်ဟန် — ၁၄၆

(ယင်းအဖွဲ့စည်းများတွင် ပါဝင်ကြသည့် ရဟန်းတော်များ၊ လူပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ရွှေရတု မဂ္ဂဇင်း စာအုပ်၏ နောက်ပိုင်းတွင် သီးခြားဖော်ပြထားပါသည်။)

"ရှေးရှေးဆရာတော်ကြီးများ ချမှတ်ထားတဲ့ စည်းကမ်း နည်းလမ်းတွေကို တစ်သဝေမတိမ်း လိုက်နာနေတာကြောင့် ယနေ့ ရွှေကျောင်ဂိုဏ်းကြီး တည်တန့်နေတယ်၊ ညီညွတ်နေရင် ဂုဏ်တက်ပြီး နေမယ်၊ ဒို့ဂိုဏ်း ဒို့စောင့်ရှောက်မှုဖြစ်မယ်၊ ဒို့မစောင့်ရှောက်ရင် ဒို့တပည့် သားမြေးများ ဖရိုဖရဲ ပြိုကွဲနေမယ်။ ဒို့စောင့်ရှောက်သွားရင် ဒို့ရဲ့တပည့်သားမြေးများ အကျိုးတရားတိုးပွားမှုတွေ ခံစားရမှာဘဲ"ဟု ၁၂-ကြိမ်မြောက် ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် စည်းဝေးပွဲတွင် ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီးမိန့်ကြားသွားခဲ့သည့် ဩဝါဒစကားနှင့်လျော်ညီစွာ ဗာရာဏသီ ဆရာတော်ဘုရားကြီးတည်ထောင်တော်မူခဲ့သော ကျောင်းတိုက်တော်ကြီး တပည့် သံဃာ, ဒါယကာ, ဒါယိကာမများကလည်း ညီညီညွတ်ညွတ်ဖြင့် ဆထက်ထမ်းပိုး ကြိုးစား၍ ထိမ်းသိမ်းစောင့်ရှောက်ကာ သာသနာပြုတော်မူခဲ့ကြပါသည်။

နောင်လာနောက်သား တပည့်သံဃာ, ဒါယကာ, ဒါယိကာမ အပေါင်းတို့သည်လည်း တိုက်တည် ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဩဝါဒစကားနှင့်အညီ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၏ ဖြစ်စဉ်သမိုင်းကြောင်းကိုသိရှိပြီး ဆက်လက်ထိမ်းသိမ်း စောင့်ရှောက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ရွှေရတု မဂ္ဂဇင်းစာအုပ်ကို ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ပါသည်။

ရွှေရတုမဂ္ဂဇင်းစာအုပ်ဖြစ်မြောက်ရေးအတွက် ဩဝါဒစာမူချီးမြှင့်တော်မူသည့် စုဒ္ဒသမ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၊ စာမူများရေးသားချီးမြှင့်ခဲ့ကြသည့် စာပေပညာရှင် ရဟန်းတော်များနှင့်လူပုဂ္ဂိုလ်များ၊ မ,တည် အလှူငွေ လှူဒါန်းခဲ့သော ဝိ-ဗာ နွယ်ဝင် ထိုင်းနိုင်ငံမှ အရှင်ဂန္ဓသာရာဘိဝံသတို့အား အထူးကျေးဇူးတင်ရှိပါသည်။


ရွှေရတုမဂ္ဂဇင်းစာအုပ် အချိန်မီ ပြီးစီးအောင် ကာယအား, ဉာဏအားတို့ဖြင့် ကြိုးစားကာ ကြောင့်ကြစိုက်ခဲ့ကြသည့် "**စီစဉ်သူ**" ဦးခမာစာရ (ရှစ်မိုင်-မစိုးရိမ် စာချ)၊ "**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်းများ**"ဖန်တီးပေးသော ဆရာကိုလင်းဝဏ္ဏ၊ "**အတွင်းသရုပ်ဖော်**"ရေးဆွဲပေးကြသော ဦးစန္ဒဝရ(ကိုကင်း)၊ ဆရာကိုလင်းဝဏ္ဏ၊ "**ကွန်ပျူတာစာစီ**" ဦးသီတလာစာရ(ဝိ-ဗာစာချ)၊ ဦးသောမရံသိ (ရှစ်မိုင်-မစိုးရိမ် စာချ)၊ ဦးခမာစာရ (ရှစ်မိုင်-မစိုးရိမ် စာချ)၊ ဦးတောသနိယမ္မေ (ရှစ်မိုင်-မစိုးရိမ် စာချ)၊ "**စာပုံနှိပ်ပေးသော**" ကိုတက်ထွန်းဆိုင်နှင့်သူငယ်ချင်းများ၏ ကျေးဇူးပြုကူညီမှုကို အထူးပင် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဤ ရွှေရတုမဂ္ဂဇင်းစာအုပ် ထုတ်ဝေရာတွင် အပိုအလို အမှားအယွင်းများ ရှိခဲ့ပါက မေတ္တာ, ကရုဏာရှေ့ထားကာ ပြင်ဆင်ဖြည့်စွက် ဖတ်ရှုကြပါရန်နှင့် အကြောင်းအမျိုးမျိုးကြောင့် ရွေးချယ်ဖော်ပြခြင်း မခံရသော စာမူရှင်များအနေဖြင့် စာတည်းအဖွဲ့အား နားလည်ခွင့်လွှတ်တော်မူကြပါရန် ရိုသေစွာ လျှောက်ထားပန်ကြားပါသည်။

စာတည်းအဖွဲ့



ဝါးချထ်နှာစေတီတော်မြတ်ကြီး




ဝါးချက်နှာဆရာတော်

ဘဒ္ဒန္တဥက္ကံသ




တိုက်တည် ဗာရာဏသီဆရာတော်ဘုရားကြီး


ဘဒ္ဒန္တအာနန္ဒဝလ္လိတာဘိဝံသ



ဒုတိယမြောက် ဗာရာဏသီဆရာတော်
ဘဒ္ဒန္တဝိစိတ္တစာရ




တတိယမြောက် ဗာရာဏသီဆရာတော်
ထဝ္ပန္တာဂဝံသ




တိုက်အုပ်ဆရာတော်
ဘဒ္ဒန္တနန္ဒမာလာဘိဝံသ




တုန်းတော်ကြီး ဘဒ္ဒန္တဓမ္မရသ



အလယ်ရွာဆရာတော် ဘဒ္ဒန္တဇာနေယျ



သိမ်ဦးဆရာတော် ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ



ဆွမ်းစားကျောင်း ဘဒ္ဒန္တဩဘာသ



**ဝိသုဒ္ဓါရုံဗာရာဏသီတိုက် စာချဆရာတော်များ**

ရှေ့တန်း ဝဲမှယာ ၁။ ဦးနန္ဒောဘာသာဘိဝံသ၊ ၂။ ဦးနာဂဝံသ ၃။ ဦးဓမ္မရသ ၄။ ဦးဟိတေသက၊ ၅။ ဦးပဝိတြသိရီ


နောက်တန်း ဝဲမှယာ ၁။ ဦးကုစ္စိတ၊ ၂။ ဦးကုန္ဒက၊ ၃။ ဦးသီတလာစာရ ၄။ ဦးပဏ္ဍိတဝရ၊ ၅။ ဦးထေရပ္ပိယ၊ ၆။ ဦးအဂ္ဂဉာဏ ၇။ ဦးစန္ဒ၊ ၈။ ဦးအဓိဘူ၊ ၉။ ဦးဂုဏာလင်္ကာရ




တို၏ အစ်မကြီး ဒေါ်ထိန်းတင်



ကောဇာ-၁၃၂၁-ခု၊ ဝါဆိုလဆန်း ၁၂-ရက်က နောက်ပါ စာချ/စာသင် ရဟန်း/ရှင် ၂၅-ပါးနှင့်တပည့်ကျောင်းသား ၅-ယောက်တို့နှင့်တကွ ခေတ္တရာအမြန်ရထားမှ အဆင်းတွင်စာသင်တိုက်ဖွင့်လှစ်ရန် ကြွလာတော်မူသော ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတ အရှင်မြတ်ကို နဝင်းရပ် ဒေါ်သိန်းတင် ကျောင်းတိုက်သို့ ပင့်ဆောင်ရန် စောင့်ကြိုကြသော ဥပါသကာများနှင့်အတူတွေ့မြင်ရပုံ



ကောဇာ ၁၃၂၁ ခု ဝါဆိုလဆန်း(၁၄)ရက် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သံဃာအား ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်ရာတွင် အလှည့်ကျ မိတ္ထီလာမြို့ ထန်းတောရွာဇာတိ ရှင်ဆေကာနန္ဒအား တိုက်အစ်မဒေါ်သိန်းတင် ဝါဆိုသင်္ကန်း ကပ်လှူစဉ်



ရွှေရတုကျောက်စာ၊ ရွှေရတုမဂ္ဂဇင်း၊ ရွှေရတုလွယ်အိတ် မှတည်အလှူရှင်
ဝိ-ဗာဝံသ

**အရှင်ဝန္ဒသာရာဘိဝံသ (စ–အ ဓမ္မာစရိယ)**

ဝပ်ထမအိုကျောင်း ၊ လမ်ပန်းမြို့ ထိုင်းနိုင်ငံ




**ဝိ–ဇာဝံသ ရွှေရတုမဂ္ဂဇင်း ဖြစ်မြောက်ရေး အဖွဲ့ဝင်**

ရစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ် တိုက်အုပ်နှင့်စာချဆရာတော်များ

ဦးတောသနိယဓမ္မ(စာချ)၊ ဦးဇယိဿရ(စာချ)၊ ဦးအမတောဘာသ(တိုက်အုပ်/စာချ)၊ ဦးသောမရံသီ(စာချ)၊ ဦးခမာစာရ(စာချ)



မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ မဟာနာယကဆရာတော် ရွှေကျင်သာသနာပိုင်
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ

# ဘဒ္ဒန္တ အဂ္ဂိယ ၏ ဩဝါဒကထာ

သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာဒေဝါစ ဗြဟ္မနော။

ပရိတ်ကြီးပါဠိတော်အစ၌ ဤပါဠိလာရှိ၏၊ စကြာဝဠာတိုက်တစ်သောင်း၌ ဘီလူး, ဂဠုန်, နဂါး, နတ်သား, နတ်သမီး, ဗြဟ္မာကြီးတွေရှိကြ၏။ ထိုသတ္တဝါအားလုံး ဗုဒ္ဓဘာသာတွေဖြစ်ကြ၏။

ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

ဗုဒ္ဓဘာသာ သတ္တဝါများကို အထူးအမှတ်ရလျက် ပြည်မြို့ဝိသုဒ္ဓါရုံဗာရာဏသီ ပရိယတ္တိ စာသင်တိုက်ကြီး တည်ထောင်၍ အနှစ်(၅၀)တိုင် ဆောင်ရွက်ဆည်းပူးခဲ့ကြသော ပရိယတ္တိသဒ္ဓမ္မကုသိုလ်, ပဋိပတ္တိသဒ္ဓမ္မမာမကကုသိုလ်တို့သည် အလုံးစုံသော စည်းစိမ်ချမ်းသာ, လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာတိုင်အောင် အကျိုးပြီးစီးစေနိုင်၏။

ယင်းအကျိုးပြီးစီးစေနိုင်သော ကုသိုလ်တို့ကို နှစ်(၅၀)ပြည့်မြောက်သော ယနေ့အခါသမယ၌ ကြေငြာကြွေးကြော်သင့်၏။

နှစ်(၅၀)မဂ္ဂဇင်းစီစဉ်၍ ဓမ္မစာစောင်ထုတ်ဝေခြင်းဖြင့် ကြေငြာကြွေးကြော်လိုက်ခြင်းဖြစ်၏။

ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက် တပည့်စဉ်ဆက် သိဿာနုသိဿ, နာယက, အနုနာယက, စာချ, စာသင် အရှင်သံဃာတော်တို့ကို ဤစာတမ်းဖြင့် သတိပေးလိုသည်မှာ ဤပရိတ်ကြီးပါဠိအရ "အကျွန်ုပ်တို့ ကြွေးကြော်ခြင်းဖြစ်သည်" ဟုအမှတ်ပြုစေလိုပါသည်။ ကြွေးကြော်စေလိုပါသည်။

သဗ္ဗေ' တံ အနုမောဒိတ္វာ၊ သမဂ္ဂါ သာသနေရတာ။

ဖော်ပြအပ်ပြီးသော လူသားမဟုတ်သော ဘီလူး, ဂဠုန်, နဂါး, နတ်သား, နတ်သမီး, ဗြဟ္မာကြီးတို့သည် ပြည်မြို့ ဗာရာဏသီကျောင်းတိုက်ကြီးမှ လှစ်ဟ, ထုတ်ဖေါ်, ကြွေးကြော်,ကြေငြာလိုက်ခြင်းကို ဝမ်းသာနုမော် သာဓုခေါ်ကြပါကုန်။


လူသားမဟုတ်သော အသင်ဗုဒ္ဓဘာသာတို့သည် သာမဂ္ဂီစိတ်ဓာတ်ဖြင့် ညီညွတ်မှုရရှိကြပါစေကုန်သတည်း။ သာသနာစိတ်ရှိကြပါစေကုန်သတည်း။ (ဝါ) ဘုရားအဆုံးအမ ဘုရားဩဝါဒလိုက်နာနိုင်ကြပါစေကုန်သတည်း။ အရှင်သံဃာတော်တို့သည် ဤဆုတောင်းမျိုးကိုလည်း ဆုတောင်းဖို့ အရေးကြီးကြောင်း ပြောပြလိုက်ရပါသည်။

ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

လူသားမဟုတ်သော ဖော်ပြအပ်ပြီးသော ဗုဒ္ဓဘာသာ သတ္တဝါတို့ကို အထူးစကားရပ်အနေဖြင့်မှာကြားရမည့် စကားတစ်ခုမှာ အသင်တို့သည် စောင့်ရှောက်ထိုက်သော လူသားတို့အပေါ်ဝယ် မေ့လျော့ခြင်းကင်း မမေ့လျော့ခြင်း အပ္ပမာဒတရားဖြင့် စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

ကျမ်းဂန်လာစကားအရ ဤသို့လည်း ဆုတောင်းပတ္ထနာပြုကြပါဟု သတိပေးပါသည်။ အချုပ်မှာ ရွှေကျင်နိကာယ သုံးခရိုင် သံဃာတော်များသာမက ရွှေကျင်နေကာယိက တစ်ဂိုဏ်းလုံးရှိ သံဃာတော်များ သမဂ္ဂါ ဟောန္တု, သာသနေရတာ ဟောန္တု ဟူသော ဤနှစ်ချက်ကို အထူးဂရုစိုက်စောင့်သုံးလျက် ဆင်ခြင်ပွါးများ နိုင်ကြပါစေကုန်သတည်း။

* * *



ပြည်မြို့ နဝင်းရပ်

# ဝိထုဒ္ဒါရုံဗာရာဏသီတိုက်

# သာသနာ့မော်ကွန်း

**ဇေယျတု**။ ။သာသနာတော်နှစ်(၁၀၁)ခုနှစ်၊ တန်ခူးလဆန်း(၁)ရက်၊ တနင်္ဂနွေနေ့၊ ဘီစီ ၄၃)ခုနှစ်တွင် မဟာသမ္ဘဝ၊ စူဠသမ္ဘဝနှင့် ဗေဒါရီတို့မှ မွေးဖွါးသော-ဒွတ္တပေါင်မင်းသည် သရေခေတ္တရာပြည်ကြီးကို တည်ထောင်တော်မူခဲ့သည်။ အိမ်နိမ့် (၃၅)နှစ်၊ နန်းစည်းစိမ် (၇၀)နှစ် စံစားခဲ့သည်။ ထို့နောက် မင်းကြီး၏အနွယ်တော်အဆက်ဆက်မှ နန်းစိုးစံခဲ့ရာ သီရိရာဇ်မင်း (သာသနာ ၄၂၄-၄၃၃)သည် နောက်ဆုံးအနွယ်တော်ဆက်ဖြစ်သည်။ ထိုသီရိရာဇ်မင်း နတ်ရွာစံပြီးနောက် သမက်တော်ဖြစ်သော ငတပါးမင်း( သာသနာ-၄၃၃-၄၈၄)သည် နန်းတက်သည်။ (တစ်ပါးသောအမျိုးသားက မင်းဖြစ်သောကြောင့် 'ငတပါးမင်း'ဟု အမည်တွင်သည်။) သာသနာနှစ်(၄၄၈)ခုနှစ်တွင် ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူမည့် ဘုရားရှင်ငါးဆူကို ရည်မှန်း၍ မုခ်ငါးခု ပါဝင်သော ဉာဏ်တော်အမြင့်(၇၃)တောင်ရှိ-ငါးမျက်နှာစေတီတော်ကို တည်ထားကိုးကွယ်သည်။ ပြည် ဘုရင်-မျက်နှာရှည်မင်း (ကောဇာ-၇၄၇-၇၅၀)သည် စေတီတော်ကြီးအား ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၃၀၆-ခုနှစ်၊ ဝါခေါင်လဆန်း(၁၃)ရက်၊ အင်္ဂါနေ့(၁-၈-၁၉၄၄)နေ့တွင် ငါးမျက်နှာစေတီ၏ ရာဟုဒေါင့်အား

ဗုံးဒဏ်ခံရသဖြင့် ပျက်စီးခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် ငါးမျက်နှာကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥက္ကံသကို အမှူးထား၍ သခင်မကြီး ဒေါ်သိန်းတင်နှင့် စောင်း-ဦးမောင်ကလေးအမှူးရှိသော နဝင်းရပ်ကွက်သူ ရပ်ကွက်သားနှင့် အများပြည်သူ များက စေတီတော်အား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခဲ့သည်။ ထိုငါးမျက်နှာစေတီ တော်မြတ်ကြီး တည်ရှိသော ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၏ သာသနာ့မော်ကွန်းကို အောက်ပါအတိုင်း သိအပ်၏။

ဝဏ္ဏကျော်ထင်၊ မော်ကွန်းဝင်(ပထမဆင့်)၊ နိုင်ငံဂုဏ်ရည်(ဒုတိယဆင့်)၊ ပြည်သူ့ လွှတ်တော်အမတ်၊ နဝင်း-ကျီးငှက်ဆေးလိပ်ခုံပိုင်ရှင်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက် အပကြီးအဖြစ် ပြည်သူလူထုနှင့် ရဟန်း သံဃာများကြားတွင် ထင်ရှားကျော်ကြားသော သမိုင်းဝင်သခင်မကြီး ဒေါ်သိန်းတင်ကို သီရိခေတ္တရာ-သရေခေတ္တရာ-ပြည်မြို့၊ နဝင်းရပ်၊ အဖ-ဦးဖိုးဆိတ်၊ အမိ-ဒေါ်ရွှေထယ်တို့မှ ၁၂၆၇-ခုနှစ်၊ ကဆုန်လဆုတ် ၂-ရက်၊ သောကြာနေ့၊ နံနက် ၅-နာရီတွင် မွေးဖွါးခဲ့ သည်။ သားသမီးရှစ်ယောက်တို့တွင် အငယ်ဆုံးသမီးဖြစ်ပြီး ပြည်မြို့၊ ပန်းဘဲတန်းရပ်၊ အစိုးရမူလတန်းကျောင်းမှ လေးတန်း အောင်မြင်ခဲ့သည်။ ၁၂၈၃-ခုနှစ်၊ ၁၆-နှစ်သမီးအရွယ်တွင် နိုင်ငံရေးလောကသို့ စတင်၍ ခြေချခဲ့သည်။ နဝင်းနယ်လုံးဆိုင်ရာ ဗုဒ္ဓဘာသာအမျိုးသမီးအဖွဲ့၊ ဝံသာနုအမျိုးသမီးအဖွဲ့၊ သစ္စဝါဒီ အမျိုးသမီးအဖွဲ့ အသင်းသူ(၅၀၀)ကျော်တွင် အတွင်းရေးမှူးအဖြစ် ပါဝင် ဆောင်ရွက်ခဲ့သည်။ ၁၂၉၀-ခုနှစ်တွင် ဒို့ဗမာအစည်းအရုံး စတင်ဖွဲ့စည်းလျင် ဖွဲ့စည်းချင်း သခင်မ အမည်ခံ၍ နိုင်ငံရေးလုပ်ကိုင်ခဲ့သည်။ ရေနံမြေသပိတ်ကြီးတွင် တပ်ဦးမှဦးဆောင် ဦးရွက်ပြုလျက် ပါဝင်ခဲ့သည်။ မြန်မာနိုင်ငံ၏ပထမဆုံးသော အမျိုး သမီး အကျဉ်းထောင်ကျသူ သုံးဦးတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး အကျဉ်းထောင်သုံးခုသို့ ပြောင်းရွှေ့ခံခဲ့ရပြီး နောက်တစ်ကြိမ်ထက်မက အကျဉ်းထောင်ချခြင်း ခံခဲ့ရသည်။

အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင်များဖြစ်သော မဟတ္တမဂန္ဓီ၊ ဂျဝါဟလာ နေရူးနှင့်သမီးဖြစ်သူ အင်ဒီရာဂန္ဓီတို့က မြန်မာနိုင်ငံရေးလောက၏ အမျိုးသမီး နိုင်ငံရေးသူရဲကောင်းအဖြစ် ပန်းကုံးစွပ်၍ ဂုဏ်ပြု အသိအမှတ်ပြုခဲ့သည်။ နိုင်ငံရေး လက်တွဲဖော် သခင်သင်နှင့်လက်ထပ်ပြီး သားသမီးနှစ်ဦးမွေးဖွားခဲ့သည်။ သမီးကြီး ဂျမ်းကလေးသည် ၁၃၁၀-ခုနှစ်၊ သခင်သင်သည် ၁၃၁၁-ခုနှစ်၊ သားငယ် ဖိုးထောင်ခေါ် မောင်အောင်သိန်းငွေးသည် ၁၃၁၁-ခုနှစ်တို့၌ အသီးသီး ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်ခဲ့သည်။ တစ်ဦးတည်းသာ ကျန်ရစ်ခဲ့သော မုဆိုးမဖြစ်သူ သခင်မ-မသိန်းတင်သည် ဗန်းရွက်သည်ဆေးလိပ်ရောင်းအဆင့်မှ ဆေးလိပ်လုပ်သား (၅၀၀)ကျော် အုပ်ချုပ်ရသော နဝင်း ကျီးငှက်ဆေးလိပ်ရုံ-ပိုင်ရှင်ဖြစ်သည့်တိုင်အောင် ကြိုးစား အောင်မြင်ခဲ့သည်။ နိုင်ငံရေးလုပ်သက် ၂၆-နှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့ပြီး ၄၄-နှစ် အရွယ်မှ စတင်ကာ သာသနာဘက်သို့ ဦးတည်လာခဲ့သည်။ ထိုအချိန်တွင် ပြည်မြို့၊ နဝင်းရပ်၊ ငါးမျက်နှာဘုရား ကြီးတည်ရှိရာ ငါးမျက်နှာကျောင်းတွင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဥက္ကံသသည် အနီးနေဦးပဥ္စင်းကြီး တစ်ပါးနှင့် သီးတင်းသုံး

နေထိုင်တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ပျံလွန်တော်မူခါနီး အချိန်တွင် ကျောင်းဒါယိကာမလည်းဖြစ်၍ ပြည်မြို့ရှိ မြို့မိမြို့ဖများ၏ လေးစားယုံကြည်မှုကိုလည်း ခံယူရရှိသော သခင်မကြီး ဒေါ်သိန်းတင်အား စာချုပ်စာတမ်းများနှင့်တကွ ငါးမျက်နှာ ကျောင်းတိုက်အား လွဲအပ်တော်မူထားခဲ့သည်။

သခင်မ မသိန်းတင်သည် ကိုယ်တိုင်ဦးဆောင်လျက် ဆေးရိုးကုန်သည်၊ ဆေးရွက်ကုန်သည်နှင့် ဆေးလိပ်သမား ကာယဉာဏလုပ်သားများ၏ စုပေါင်းအားဖြင့် ငါးမျက်နှာကျောင်းကို တဖြည်းဖြည်းပြုပြင်ခဲ့ရာ (၁၃၁၉)ခုနှစ်တွင် ထိုခေတ်ကျပ်ငွေ တစ်သိန်းကျော်တန်တိုက်ကြီးကို ကျောင်း၏အလယ်ဗဟိုတွင် ဆောက်လုပ်ပြီးစီးခဲ့သည်။ ထို့နောက် ယခင်နိုင်ငံရေးလုပ်ခဲ့စဉ် ပြင်ဦးလွင်မြို့(မေမြို့)၌ ခေတ္တရှောင်တိမ်းခဲ့ရသည့် အခိုက် ပြင်ဦးလွင်မြို့၊ ဝိသုဒ္ဓါရုံရွှေကျင်တိုက်၏ ပဓာနနာယက ဆရာတော်အဖြစ် ဆည်းကပ်ကိုးကွယ်ခဲ့ရသော ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတာဘိဝံသအား နိုင်ငံရေးလက်တွဲဖော် စစ်ကိုင်းတောင်၊ ကျစ္စာချောင်၊ ဝံသာနုရက္ခိတ ကျစ္စာဆရာတော် ဘုရားကြီး (ရွှေမျက်မှန်ဆရာတော်) ဦးဝိဇယ (၁၂၅၀-၁၃ ၂၉)မှတဆင့် ပင့်ဆောင် စေခဲ့သည်။ ယင်းအချိန်တွင် ဗာရာဏသီဆရာတော်သည် မန္တလေးမြို့ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ စည်ရှင်-ဒေါင်းရိုး အုဋ်ကျောင်းတွင် စည်ရှင်-နာယက ဆရာတော်လေးပါးတွင် တစ်ပါးအပါအဝင်အဖြစ် အုပ်ချုပ်လျက်ရှိပြီး ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယက၊ ရွှေကျင်နိကာယဗဟိုဌာန ပါဠိတက္ကသိုလ်ကိုယ်စားလှယ်၊ ဆဋ္ဌသင်္ဂါယနာပွဲတွင် ပါဠိပတိဝိသောဓက စသည်ဖြင့် ပါဝင်ဆောင်ရွက်နေချိန်ဖြစ်သည်။ ဗာရာဏသီ ဆရာတော်သည် စံကင်းဆရာတော်ဘုရားကြီး(နဝမ-ရွှေကျင်သာသနာပိုင်)နှင့် မြောင်းမြဆရာတော်ဘုရားကြီး (ဒသမ-ရွှေကျင်သာသနာပိုင်)တို့၏ ခွင့်ပြုချက်ဖြင့် ငါးမျက်နှာကျောင်းတိုက်ကို လက်ခံခဲ့သည်။ ဤ၌ ဗာရာဏသီဆရာတော်၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်ကို အောက်ပါအတိုင်းသိအပ်၏။

ဆရာတော်လောင်းလျာကို မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ဇိန့်ကျေးရွာ၌ ခမည်းတော် ဦးစံထူး၊ မယ်တော် ဒေါ်ဒေါ်ဆေးတို့မှ ၁၂၆၄-ခု၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့၊ နံနက်-၃-နာရီအချိန်တွင် မွေးဖွါးခဲ့သည်။ သားသမီးဆယ်ဦးတို့တွင် တတိယမြောက် သားရတနာဖြစ်ပြီး ငယ်နာမည် မောင်ကျော်ယုံဖြစ်သည်။ ၁၂၇၄-ခုနှစ်တွင် ဇိန့်ရွာ-ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တသုန္ဒရ ထံ၌ အခြေခံစာပေများကို သင်ကြားခဲ့သည်။ ၁၂၇၇-ခုနှစ်တွင် ဦးကြီးတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (ပဓာနနာယက၊ ဝိသုဒ္ဓါရုံသိမ်ဦး ပရိယတ္တိစာသင်တိုက်၊တောင်ငူမြို့)သည် ကျောင်းသားသူငယ် မောင်ကျော်ရုံကို မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော် ဘဒ္ဒန္တကောသလ္လာဘိဝံသ (တွဲဘက်-ရွှေကျင်သာသနာပိုင်)ထံသို့ ပညာသင်ကြားရန် အပ်နှံပို့ဆောင်ခဲ့သည်။

၁၂၈၀-ခုနှစ်တွင် ရှင်သာမဏေဘောင်သို့ ရောက်ရှိပြီးနောက် ၁၂၈၄-ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့၊ နံနက်၊ နေ့တက် (၉)နာရီနှင့် ဗီဇနာ(၄၀)အချိန် တွင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ခဏ္ဍာသိမ်တော်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိ

ခဲ့သည်။ ဒီပဲယင်းဆရာတော်ဘုရားကြီး (တတိယ-ရွှေကျင်သာသနာပိုင်)ကို ဥပဇ္ဈာယ်ပြု၍ ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့လည်းကောင်း၊ နမ္မတူမြို့၊ ဘာမာမိုင်း-ကန်ထရိုက်တာ ဦးအကောင်းရှုတ်၊ ဒေါ်ဒေါ်သွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်အဖြစ်၊ ရဟန်းအဖြစ်သို့ လည်းကောင်း ရောက်ရှိခဲ့သည်။ ကျောင်းသားဘဝမှစ၍ အနီးကပ် စောင့်ရှောက်ခဲ့သော စည်ရှင်ဆရာတော်မှ ရှင်အာနန္ဒပဏ္ဍိတ-ဟု ဘွဲ့အမည်ပေးတော်မူသည်။

မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော်၊ စံကင်းဆရာတော်၊ အဘယာရာမဆရာတော်၊ ဇီးပင်ဆရာတော် စသည့်ဆရာတော်တို့နှင့် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တနန္ဒဝံသ၊ ဘဒ္ဒန္တကောဏ္ဍည စသည့် ဆရာတော်တို့ထံတွင် ပိဋကတ်စာပေများကို သင်ကြားခဲ့သည်။ ၁၂၈၀-ခုနှစ်-ပထမငယ်(ကျောင်းသားဘဝဖြင့်အောင်)၊ ၁၂၈၁-ခုနှစ်- ပထမလတ်၊ ၁၂၈၅-ခုနှစ်-ဝိသုဒ္ဓါရုံ ဝံသာလင်္ကာရ သဒ္ဓမ္မပါလ ပဏ္ဍိတဓဇ ပထမကျော်၊ ၁၂၈၇-ခုနှစ်- သာဝတ္ထိမြို့၊ ပုညဝဓနအသင်း ပထမကျော်နှင့် မေမြို့၊ ဝိနယပထမကျော်၊ ၁၂၉၁-ခုနှစ်၊ သကျသီဟပရိယတ္တိ သာသနဟိတဓမ္မာစရိယဘွဲ့ (ဒုတိယအမှတ်အများဆုံး)နှင့် ၁၂၉၅-ခုနှစ်-အစိုးရပထမပြန်ပထမကျော်တို့ကို အောင်မြင်ခဲ့သည်။

၁၂၉၃-ခုနှစ်တွင် ပြင်ဦးလွင်မြို့၊ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၌ ပဓာနနာယကဆရာတော် အဖြစ် အုပ်ချုပ်တော်မူခဲ့သည်။ (ယင်းကျောင်းတိုက်အား ညီတော်အရင်းဖြစ်သူ ဘဒ္ဒန္တမဟာသဓေပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အား လွှဲအပ်တော်မူခဲ့သည်။)။

၁၃၀၂-ခုနှစ်တွင် ရန်ကုန်မြို့၊ အရိယဓမ္မပညာတော်သင်အဖွဲ့၏ စေလွှတ်ချက်ဖြင့် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဟိန္ဒူတက္ကသိုလ်-Banaras Hindu University (BHU) သို့ တက်ရောက်ပညာသင်ကြား ခဲ့ပြီး အာကျာရယခေါ် -မဟာဝိဇ္ဇာဘွဲ့-ကို ရရှိခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်လာသောကြောင့် ဆက်လက် ၍ ပညာသင်ကြားရာ အိန္ဒိယ၌ ၆-နှစ်မျှ ကြာမြင့်ခဲ့သည်။ ၁၃၀၄-ခုနှစ်တွင် အဝကျွန်း (ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ)၊ သိမ်တောင်ရွာ၌ သိမ်သမုတ်တော်မူခဲ့သည်။ ၁၃၀၈-ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာပြည်သို့ ပြန်လည် ကြွရောက်လာသောအခါ ငယ်ဆရာရင်းဖြစ်သော စည်ရှင် ဆရာတော်မှ "ဗာရာဏသီဆရာတော်"ဟု သမုတ်တော်မူသည်မှအစပြု၍ "ဗာရာဏသီ ဆရာတော်"ဟု အမည်တွင်တော်မူသည်။

၁၃၁၁-ခုနှစ်တွင် စံကင်းဆရာတော် ဘုရားကြီး ၏အမိန့်တော်ဖြင့် မန္တလေးမြို့၊ မိခင် မဟာဝိသုဒ္ဓါ ရုံတိုက်သစ်၊ စည်ရှင်ကျောင်း "ဒေါင်းရိုးအုဋ်ကျောင်း"တွင် ပြန်လည်သီးတင်းသုံးတော်မူခဲ့သည်။ ၁၃၁၂-ခုနှစ်တွင် ရွှေကျင်နိကာယဂိုဏ်းလုံးဝန် ဆောင်နာယက (မူလပထမ-ပဓာနအကျိုးတော်ဆောင်)အဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၃၃၇-ခုနှစ်တွင် အနားယူတော်မူသည်။ ၁၃၁၅-ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မဟာဝိသုဒ္ဓါရာမယကျောင်းတိုက်၌ ရွှေကျင်ဂိုဏ်းကြီး၏ကိုယ်စား "သီရိလင်္ကာ ရွှေကျင်နိကာယ မဟာနာယက" ရွှေကျင်သာသနာပိုင်ခန့်အပ်လွှာကို ခန့်အပ်ခဲ့သည်။

ဤသို့ဖြင့် ဗာရာဏသီဆရာတော်သည် နောက်ပါစာချဘုန်းကြီး ၂-ပါး၊ စာသင်သားသံဃာ ၂၄-ပါး၊ ကျောင်းသား ၅-ယောက်ဖြင့် ၁၃၂၀-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက်၊ သောကြာနေ့မှ စတင်၍ ပရိယတ္တိစာသင်တိုက် တည်ထောင်တော်မူခဲ့သည်။ ၄၁နီ-ဗာရာဏသီ မဟာထေရ်၏ဂုဏဝိသေသ အမည်ကို ၄၁န-ကျောင်းတိုက်၌ တင်စား၍ ဥပစာနည်းအားဖြင့် "ငါးမျက်နှာကျောင်း" အမည်ဟောင်းမှ "ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်"အမည်သို့ ပြောင်းလဲသမုတ်ခဲ့သည်။ ၁၃၂၀-ခု၊ နတ္တော်လဆန်း (၁၄)ရက်၊ တနင်္ဂနွေနေ့တွင် ကျောင်းလှူတ်ပူဇော်ပွဲ (ကျောင်းရေစက်ချပွဲ)ကို ကျင်းပခဲ့သည်။

ထိုအချိန်မှစတင်ကာ-မူလ (၁) အလယ်သိမ်တိုက်ကြီး နှစ်ထပ်ကျောင်းဆောင် အပါအဝင်၊ (၂) လျှောင်းတော်မူဘုရား သီတင်းသုံးရာဂန္ဓကုဋီကျောင်းဆောင်၊ (၃)သိရီထေရပိမာန(သုံးထပ်)၊ (၄)မနောရဋ္ဌ တဓမ္မသာလာဓမ္မာရုံကြီး(သုံးထပ်)၊ (၅)ဓမ္မာစရိယ (နှစ်ထပ်)၊ (၆)မဟာဘောဇနသာလာ (နှစ်ထပ်ဆွမ်း စားဆောင်)၊ (၇) မဟာဗကုလ (နှစ်ထပ်)၊ (၈)လူနေ (နှစ်ထပ်ဇရပ်ဆောင်)၊ (၉) ရေချိုးအုဋ်ကန်၊ (၁၀) ခြောက်လုံးတွဲ သံဃာ့ကုဋီ နှစ်လုံး၊ (၁၁) လေးလုံးတွဲလူအများသုံးကုဋီ၊ ကျောင်းဝိုင်း အတွင်း အုဋ်လမ်းများ၊ အုဋ်တံတိုင်းများကို တည်ဆောက် လှူဒါန်းခဲ့သည်။ နေ့စဉ် ဆွမ်း-ဆွမ်းဟင်းများကို တစ်ဦးတည်းပင်မ အလှူရှင်အဖြစ်လည်းကောင်း၊ ရံခါ ရှင်အမ+ ရဟန်းအမအဖြစ်လည်းကောင်း၊ နှစ်စဉ် ဝါဆိုသင်္ကန်း+ကထိန်သင်္ကန်းများ၊ လောကုတ္တရာ ပညာသင်ကျောင်းသားများအား အဝတ်ပုဆိုးများ၊ ဆေးဝါးဓာတ်စာများနှင့် ကျောင်းတိုက် အတွက် လိုအပ်ရာ အသုံးအဆောင်မှန်သမျှကို တစ်ဦးတည်း ပင်မအလှူရှင်အဖြစ် လှူဒါန်းခဲ့လေသည်။

သခင်မကြီး-ဒေါ်သိန်းတင်သည် တော်လှန် ရေးအစိုးရလက်ထက်တွင် ဝဏ္ဏကျော်ထင်(မော်ကွန်းဝင်-ပထမဆင့်)၊ ဆိုရှယ်လစ်အစိုးရ လက်ထက်တွင် နိုင်ငံဂုဏ်ရည်-ဒုတိယဆင့်ဘွဲ့တို့ကို ဂုဏ်ပြုခံရပြီးနောက်၊ ပြည်သူ့လွှတ်တော်အမတ် (ပြည်မြို့)အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၄၅-ခုနှစ်၊ နတ်တော်လဆုတ် ၅-ရက်၊ စနေနေ့ ည ၆-နာရီ ၂၀-မိနစ် အသက် (၇၉) နှစ်တွင် ရန်ကုန်မြို့၊ ပြည်သူဆေးရုံ-နှလုံးရောဂါ အထူးကုဌာနတွင် အနိစ္စရောက်သည်။ နတ်တော် လဆုတ် ၉-ရက်နေ့တွင် ပြည်မြို့၊ ကန်သာဦး သုသာန်တွင် ဂူသွင်းသဂြိုဟ်သည်။

တိုက်အမကြီး-ဒေါ်သိန်းတင် ကွယ်လွန် ပြီးနောက် တူမဖြစ်သူ ဒေါ်အမာက ဆက်လက် တာဝန်ယူလာခဲ့ရာ (၁) ကောမာရဗြဟ္မစာရိနီ ဒေါ်အမာတိုက် (နှစ်ထပ်)၊ (၂)မဟာထေရပိမာန (တစ်ထပ်)တို့ကို ဆက်လက်တည်ဆောက်ခဲ့ပြီး ဆွမ်း ကွမ်းဝေယျာဝစ္စတို့ကိုလည်း ဒေါ်သိန်းတင်နည်းတူ တာဝန်ယူလှူဒါန်းခဲ့သည်။ ၁၃၅၄-ခုနှစ်၊ နတ္တော်လဆန်း(၆)ရက်၊ တနင်္လာနေ့၊ နေ့လည်-၂-နာရီတိတိအချိန် အသက်(၇၈) နှစ်တွင် အနိစ္စရောက်သည်။

ဗာရာဏသီဆရာတော်ဘုရားကြီးသည် ၁၃၃၂-ခုနှစ်မှစတင်၍ ပြည်-သရက်-သာယာဝတီ-သုံးခရိုင် ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲကြီးကို ဦးဆောင်ကျင်းပခဲ့သည်။ ၁၃၃၇-ခုနှစ်တွင် ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေး အဖွဲ့ဝင်၊ ၁၃၄၂-ခုနှစ်၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး(၆၆)ပါး၌ ရွှေကျင်ဂိုဏ်းမှ ကိုယ်စားလှယ် (၅)ပါးတွင် တစ်ပါးအပါအဝင်၊ ပထမအကြိမ်-နိုင်ငံတော်သံဃမဟာနာယက (ဒုတိယဥက္ကဋ္ဌ)၊ နိုင်ငံတော်ဩဝါဒစရိယ၊ ပြည်မြို့၊ ရွှေဆံတော်ဘုရားကြီး ဩဝါဒါစရိယ-စသည်ဖြစ် သာသနာရေးဆိုင်ရာများကို ဆောင်ရွက်ခဲ့သည်။ ၁၃၄၃-ခုနှစ်တွင် ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ နီပေါ၊ သီရိလင်္ကာ၊ အိန္ဒိယ-၆-နိုင်ငံသို့ (၉၃)ရက်ကြာ သာသနာပြု ခရီးကြွရောက်ခဲ့သည်။ ၁၃၄၂-ခုနှစ်တွင် တောင်ငူမြို့၊ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းတိုက်၊ ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီး၌ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ (တွဲဖက်ရွှေကျင်သာသနာပိုင်)အဖြစ် တင်မြှောက်တော်မူခဲ့သည်။ ၁၃၄၁-ခုနှစ်၊ နယုန်လဆုတ်(၁၀)ရက်၊ အင်္ဂါနေ့တွင် ရန်ကုန်မြို့၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ် ပဓာနနာယကဆရာတော် ဘုရားကြီး ဘဒ္ဒန္တဇေယျသေနမှ ရှစ်မိုင်-မစိုးရိမ်ကျောင်းတိုက်အား လွှဲအပ်တော်မူသော ဆရာတော်လေးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ခဲ့ သည်။ ၁၃၄၂-ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့၊ ၁၃၅၂-ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရု-ဘွဲ့တို့ကို နိုင်ငံတော်အစိုးရမှ ဆက်ကပ်ခဲ့သည်။

ပါဠိရဝဒပ္ပဏကျမ်း၊ တေလကဋ္ဋာဟနိဿယကျမ်း၊ ရွှေကျင်နိကာယ မှတ်တမ်း (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ)၊ ဝိသုဒ္ဓါရုံ-ပိဋကအဘိဓာန်ကျမ်းကြီး၏ ဝိညာပနနိဒါန်း(ပါဠိဘာသာ)နှင့် ပိဋက-ပါဠိမြန်မာအဘိဓာန်ကျမ်းကြီး၏ ဆိဒ္ဓ-သဒ္ဓါ စပ်ဆက်သော သက္ကတအဖွင့်ဆိုင်ရာများ စသည်တို့ကို ရေးသားပြုစုခဲ့သည်။

၁၃၅၅-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃)ရက် (၁၀-၃-၉၄)ကြာသပတေးနေ့၊ နေ့မွန်းလွဲ (၂-၅၀) နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာဒုံ တပ်မတော်စစ်ဆေးရုံ ကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။ ၁၃၅၅-ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်(၁၆-၃-၁၉၉၄) ဗုဒ္ဓဟူးနေ့၊ မွန်းလွဲ (၁)နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၌ သာဓုကီဠနစျာပနသဘင်ကျင်းပ၍ ရန်ကုန်မြို့၊ ကြံတောသုသာန်တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပတော်မူသည်။ ၁၃၅၅-ခုနှစ်၊ တပေါင်းလဆန်း (၆)ရက်၊ (၁၇-၃-၁၉၉၄) ကြာသပတေးနေ့၊ နံနက်(၉)နာရီတွင် ရန်ကုန်မြစ်အတွင်း အရိုးပြာများကို ရေမျှောခြင်း(ဥဒကဝါဟန)ဖြင့် တစ်ဘဝခန္ဓာရုပ်သိမ်းတော်မူသည်။


ဆရာတော်ဘုရားကြီးသည် ရွှေကျင်သာသနာ ပိုင်အဆက်ဆက်၏ တပည့်ဖြစ်ခြင်း၊ မိမိကိုယ်တိုင်လည်း ရွှေကျင်သာသနာအတွက် တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့ခြင်း၊ မြတ်ဗုဒ္ဓ၏ဝိနည်းတော်ကို လေးစားမြတ်နိုးစွာ ကျင့်သုံးတော်မူခြင်း စသည်ဖြင့် ထင်ရှားတော်မူသော ဆရာတော်ဖြစ်သည်နှင့်အမျှ မိမိ၏ ကျောင်းတိုက်

ကြီးအားလည်း ဘုရားရှင်၏ဝိနည်းဥပဒေ၊ ရွှေကျင်ဂိုဏ်းကြီး၏ စည်းမျဉ်းဥပဒေတို့နှင့် အညီ ကျင့်သုံးစေခဲ့သည်။ သို့ဖြစ်၍ နံနက်-ည ဘုရားဝတ်တက် မှန်မှန်ဝတ်တက်ကြရခြင်း၊ နံနက်တိုင်း နိသဗ္ဗိဓုတင် ဆောက်တည်ကြရခြင်း၊ နှစ်စဉ်- ဝါတွင်းကာလ ဥပုသ်နေ့တိုင်း ဧကာသနိက်ဓုတင် ဆောက်တည်ကြရခြင်း၊ ရဟန်းဖြစ်ပြီးစဥ် တိစိဝရိတ် ဓုတင် သုံးလဆောက်တည်ကြရခြင်း၊ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကို နှစ်စဉ်ကျင်းပခြင်းစသော ကျောင်းတိုက်စည်းမျဉ်းများက သက်သေခံနေပေသည်။

မူလတိုက်တည်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီးနောက် ၁၃၂၆-ခုနှစ်မှစ၍ -၂၉-နှစ်တိုင်တိုင် တိုက်အုပ်ဆရာတော်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဘဒ္ဒန္တဝိစိတ္တစာရ(အဂ္ဂမဟာပဏ္ဍိတ)သည် ဝိသုဒ္ဓါရုံ ဇာရာဏသီတိုက်၏ ပဓာနနာယက ဆရာတော်အဖြစ် ဆက်လက်အုပ်ချုပ်ခဲ့သည်။ ဆရာတော်သည် မူလတိုက်တည် ဆရာတော်ဘုရားကြီး ချမှတ်ထားတော်မူသော စည်းမျဉ်းမူများအတိုင်း ကျင့်သုံးအုပ်ချုပ်တော်မူခဲ့ပြီး ၁၃၆၁-ခုနှစ်တွင် ပျံလွန်တော်မူပါသည်။

ဒုတိယမြောက် ပဓာနနာယကဆရာတော် ပျံလွန်တော်မူပြီးနောက် ဆရာတော်ဘုရားကြီး လက်ထက်တွင် တိုက်ကြပ်ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)သည် တတိယမြောက် ပဓာနနာယကဆရာတော်အဖြစ်လည်းကောင်း၊ တွဲဘက်တိုက်ကြပ်ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ (သကျသီဟ၊ စေတီယင်္ဂဏ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)သည် တိုက်အုပ်ဆရာတော်အဖြစ်လည်းကောင်း ၁၃၆၁-ခုနှစ်မှ စတင်၍ ကျောင်းတိုက်ကြီးအား ရှေးဆရာတော်များ၏ စည်းမျဉ်းမူများအတိုင်း ဆက်လက်အုပ်ချုပ်ခဲ့သည်။ သို့ဖြစ်၍ ၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက် သောကြာနေ့မှ စတင်တည်ထောင်ခဲ့သော ဝိသုဒ္ဓါရုံဇာရာဏသီကျောင်းတိုက်သည် ဤမော်ကွန်းထိုး ကျောက်စာစိုက်ထူချိန် ၁၃၇၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၃-ရက်၊ စနေနေ့တွင် ရွှေရတု နှစ်ငါးဆယ်(၅၀) သို့တိုင် တည်ရှိလာခဲ့ပြီး ဖြစ်ကြောင်း မှတ်တမ်းတင် အပ်ပါသည်။

* * *



# ဖြည်နဝဓရေ နဝင်း ဗ္ဂတိ ဝဒေဒေသ ဝတိဋ္ဌတဿ ဝိသုဒ္ဓါရုံဘာရာဏာသိမဟာဝိဟာရဿ သမုဋ္ဌာဝနဂုမ္ဘိပုမ္ဘိသာ သာသနဝံသဒီပိကာ

**ပဍ္ဍမုခစေတိယ ပတိဋ္ဌာပနာ**

ဇေယျတု၊ အနုပ္ပန္နေ ခရိဿ္တေ တေစတ္တာလီသာ-ဓိကစတုသတဝဿပမာဏေ ၁၀၁ ဇကောဓိကသတေ ဗုဒ္ဓဿ ပရိနိဗ္ဗာနဝဿေ စိတ္တမာသဿ ပဌမေ ဒိဝသေ သူရဝါရေ မဟာသမ္ဘာဝ စူဋသမ္ဘာဝကုမာရရေ ပဋိစ္စ 'ပေဒါရိ' က္ကတိ နာမိကာယ မဟေသိယာ ဇာတော 'ဒွတ္တပေါင်' က္ကတိ နာမကော ဘူပါလော သိရိခေတြနဂရံ မာပေသိ။ သော ဟိ ရာဇာ ကုမာရဘာဝေန ပဍ္ဍတိံသ ဝဿာနိ ဝသိတွာ သတ္တတိ ဝဿာနိ ရဇ္ဇံ ကာရေသိ၊ တတော တံရညော ဝံသေ ပရမ္ပရာဝသေန အာဂတော သိရိရာဇ်ရာဇာ အန္တိမော ဟုတွာ နဝ ဝဿာနိ အာဏာံ ပဝတ္တေသိ (သာသနေ ၄၂၄-၄၃၃)၊ တသ္မိံ ရညေ ဒိဝင်္ဂတေ တဿ ဇာမာတာ "ငတေပါး" က္ကတိ ဝိဿုတော ရာဇာ အဟောသိ (သာသနေ ၄၃၃-၄၈၄)၊ (သော ဟိ အညကုလေ ဇာတတ္တာ "ငတေပါး" က္ကတိ ဝေါဟာရီယတိ)

၄၄၈ သာသနဝဿေ က္ကမသ္မိံ ဘဒ္ဒကပ္ပေ ဥပ္ပန္နေ ဥပ္ပဇ္ဇမာနေ စ ပဍ္ဍ သမ္ဗာသမ္ဗုဒ္ဓေ ဥဒ္ဒိဿ ပဍ္ဍဟိ မုခေဟိ သမလင်္ကတံ ဥဗ္ဗေဓေန တေသတ္တတိ ဟတ္ထပ္ပမာဏံ စေတိယံ တေန ရညာ ကာရိတံ စေဝ ပူဇိတံ။

(ပြည်နဂရာမိပေါ "မျက်နှာရှည်" ဣတိ ဝေါဟရိတော ရာဇာ တံ စေတိယံ ပုန နဝီကတံ စေဝ ပူဇိတံ စ။ တံ ပန စေတိယံ မနုဿလောကေ သဗ္ဗရဋ္ဌသမုပ္ပန္နေ ဒုတိယေ ယုဒ္ဓကာလေ ၁၃၀၆ မရမ္မဝဿေ သာဝဏဿ သုက္ကပက္ခေ အင်္ဂါရကဝါရေ (၁-၈-၁၉၄၄ ခရိဿ္တဝဿေ) အသနိသမာနသတ္တနိပါတေန ဝိနာသံ ပတ္တံ၊ တဿ စေတိယဿ ပစ္ဆိမုတ္တရ ကောဏော ဝိသေသေန ဝိနာသီကတော အဟောသိ။

ယုဒ္ဓေ ပန ဝူပသမေ ဘဒ္ဒန္တဉက္ကံသမဟာထေရံ ပဥ္စမုခဝိဟာရာဓိပတိံ နာယကံ ကတွာ သခင်မကြီး ဒေါ်သိန်းတင် စောင်း ဦးမောင်ကလေး ပမုခါ နဝင်းပဒေသဝါသီ ဇနာစေဝ အညေပိ စ ဗဟူ မနုဿာ တံ စေတိယံ ပဋိသင်္ခရိံသု ပုရာဏသဏ္ဌာနာကာရံ အနုယာယိတွာ။ တံစေတိယသမီပေ အယံ ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရော ကာရိတောတိ။

တံ ပန ဝိဟာရသမုဋ္ဌာပနံ ဣမေ ဧဝံ ဝေဒိတဗ္ဗံ -

## ဝိဟာရသမုဋ္ဌာပနာ

သခင်မကြီး ဒေါ်သိန်းတင်ဣတိ နာမိကာ ဥပါသိကာ သန္တာဂါရာမစ္စဘူတာ 'ပြည်သူ့လွတ်တော်အမတ်' ဣတိ ဒေသဝေါဟာရေန ဝေါဟရိတာ ဝဏ္ဏကျော်ထင်, မော်ကွန်းဝင်(ပထမအဆင့်), နိုင်ငံ့ဂုဏ်ရည် (ဒုတိယအဆင့်) ဥပါဓိလာဘိနီ 'ဝိသုဒ္ဓါရုံဗာရာဏသီမဟာဝိဟာရဿ ဒါယိကာ' တိ ဗဟူသု ဂဟဋ္ဌပဗ္ဗဇိကေသု အတီဝ ပါကဋာ အဟောသိ။

သာ ပုရာဏကာလေ သီရိခေတ္တြာတိ ဝေါဟရိတေ ပြည်နဂရေ နဝင်းပဒေသေ ဝသန္တေဟိ ဦးဖိုးဆိတ် ဒေါ်ရွှေထယ် ဣတိ နာမကေဟိ မာတာပိတူဟိ မရမ္မဝဿေ ဝေသာခဿ ကဏှပက္ခေ ဒုတိယဒိဝသေ သုက္ကဝါရေ ပုဗ္ဗဏှသမယေ ပဋ္ဌယင်္ဂိကာယံ ဇာတာ။ သာ ပန အဋ္ဌန္နံ ပုတ္တဓီတရာနံ ကနိဋ္ဌာ ဒဟရတရာ အဟောသိ။ ဝယပတ္တကာလေ ပြည်နဂရေ ပန်းဘဲတန်းပဒေသေ ပတိဋ္ဌိတေ ဝိဇ္ဇာလယေ စတ္တာရိ ဝဿာနိ သိပ္ပါနိ အသိက္ခိ။

သောဠသဝဿုဒ္ဒေသိကကာလေ ပန ၁၂၈၃ မရမ္မဝဿေ ရဋ္ဌဟိတကိစ္စံ ကာတုံ အာရဘိ။ ဗုဒ္ဓဘတ္တိက ဝံသာနုရက္ခိတ သစ္စဝါဒီသင်္ါတာ ကုမာရီသမိတိယော သမုဋ္ဌာပေတွာ ပဥ္စသတကုမာရီနံ ဟိတစရေဋ္ဌာနန္တရိကာ ဟုတွာ ဥဿာဟံ အကာသိ။

၁၂၉၀ မရမ္မဝဿေ ပန "ဒို့ဗမာအစည်းအရုံး" ဣတိ ဒေသဝေါဟာရေန ဝေါဟရိတာယ မရမ္မသာမဂ္ဂီသမိတိယာ သမုဋ္ဌာပိယမာနာယ "သာမိကာ (သခင်မ)" ဣတိ ဝိသေသနာမံ ဂဟေတွာ မူလနာမေန သမ္ဗိဿံ ကတွာ "သခင်မ မသိန်းတင်" ဣတိ နာမေန သကလရဋ္ဌဟိတကိစ္စေ ယုတ္တပယုတ္တာ အဟောသိ။ "ရေနံမြေ သပိတ်" ဣတိ ဝေါဟရိတေ ကမ္မကာရကာနံ ဆန္ဒဝိညာပနကမ္မေ ပုရေတော ဟုတွာ ရဋ္ဌဝါသီနံ ဆန္ဒံ ဝိညာပေသိ။

သာ ဟိ တေန ကာရဏေန ရာဇူဟိ ဗန္ဓနာဂါရေ ဗန္ဓာပိတာ ဟုတွာ တဒါ ဗန္ဓာပိတာနံ တိဿန္နံ ဣတ္ထီနံ အညတရာ အဟောသိ။  တီသု ဗန္ဓနာဂါရေသု ဝါရေန သက်မာပေတွာ ပက္ခိပိတွာ အနေကက္ခတ္တုံ ရဋ္ဌိဿရေဟိ ဗန္ဓာပိတာ။

အိန္ဒိယရဋ္ဌေ တံ ရဋ္ဌိကာနံ အဓိပတိဘူတော မဟတ္တမဂန္ဓီနာမကော ကုလဂါမဏိကော စေဝ 'ဂျဝါဟလာ နေရူး' ဣတိနာမကော မဟာမတ္တော စ တဿ ဓီတာ 'အင်ဒီရာဂန္ဓီ' ဣတိ နာမိကာ ကုလဇေဋ္ဌိကာ စ ဣမံ သခင်မကြီး ဒေါ်သိန်းတင် နာမိကံ ဥပါသိကံ ပုပ္ဖဒါမေန အလင်္ကရိတွာ သကရဋ္ဌဟိတာဝဟာသူရိတ္ထိဘာဝေန ပူဇေသုံ။

သာ အပရဘာဂေ 'သခင်သင်' နာမကဿ ရဋ္ဌဟိတကိစ္စေသု သဟာယဘူတဿ ဂေဟံ ဂန္တွာ တေန သဒ္ဓိံ သံဝါသံ ပဋိစ္စ ပုတ္တဓီတရေဟိ သံဝဍ္ဎိ။ တတော ပရံ ၁၃၁၀ မရမ္မဝဿေ "ဂျမ်းကလေး" ဣတိ နာမိကာ ဇေဋ္ဌဓီတာ မရဏဝသံ ပတ္တာ၊ ၁၃၁၀ မရမ္မဝဿေ "သခင်သင်" ဣတိ နာမကော တဿာ သာမိကော စေဝ "ဖိုးထောင်" ဣတိ နာမကော၊ "အောင်သိန်းဌေး" အပရနာမဓေယျော တံပုတ္တော စ ပုဗ္ဗာပရိယာ ဟုတွာ မရဏဝသံ ပါပုဏိံသု။ သာ ဧကိကာ ဝိဓဝါ ဟုတွာ ဓူမဝဏ္ဏာနံ သုပ္ပံ သီသေန ဝဟိတွာ ဓူမဝဏ္ဏေ ဝိက္ကိဏန္တီ ဇီဝိကံ ကပ္ပေသိ။  တတော ပရံ မဟုဿာဟေန ဓူမဝဏ္ဏကမ္မသာလံ သမုဋ္ဌာပေတွာ ပဥ္စသတ ကမ္မကာရကေဟိ "နဝင်းကျိုးငှက်" ဣတိ လဉ္ဆိတေ ဓူမဝဏ္ဏေ ကတွာ ဝိက္ကိဏန္တီ ဓနဝန္တီ ကုဋုမ္ဗိကာ ဇာတာ။

မရမ္မရဋ္ဌံ ပန တာယ ရဋ္ဌဟိတကိစ္စကတာယ ဆဗ္ဗီသတိဝဿဇာတာယ ပရရဋ္ဌိယာနံ ဟတ္ထတော မုတ္တံ။ တဒါ သာ စတုစတ္တာလီသဝဿဇာတိကာ ဟုတွာ ဗုဒ္ဓသာသနံ ပဂ္ဂဏှိတုံ အာရဘိ။  တသ္မိံ ကာလေ ပြည်နဂရေ နဝင်းပဒေသေ ပဥ္စမုခစေတိယဋ္ဌာနဘူတေ ပဥ္စမုခဝိဟာရေ ဘဒ္ဒန္တဥက္ကံသမဟာထေရော ဝါသံ ကပ္ပေသိ ဧကေန အန္တေဝါသိကဘူတေန ဝုမှုပဗ္ဗဇိတေန သဒ္ဓိံ။ သော ထေရော မရဏာသန္နကာလေ တံ ပဥ္စမုခဝိဟာရံ တံဝိဟာရဒါယိကာဘူတာယ ဗဟူနံ နာဂရိကာနံ ပစ္စယိကာယ သခင်မကြီး ဒေါ်သိန်းတင် ဣတိ ဝိဿုတာယ မဟာဥပါသိကာယ သစ္စာပနပဏ္ဏေဟိ သဒ္ဓိံ နိယျာတေသိ။

သာ ဟိ တတော ပဋ္ဌာယ အတ္တာနံ ပုဗ္ဗင်္ဂမံ ကတွာ ဓူမဝဏ္ဏသမ္ဘာရဝါဏိဇေ ဓူမဝဏ္ဏကမ္မကာရကေ စ သမုဿာဟေတွာ ဗဟူနံ ဗလေန ပဥ္စမုခဝိဟာရံ ပဋိသင်္ခရဏံ အကာသိ။ ၁၃၀၉ မရမ္မဝဿေ ပန တံအာရာမဿ မဇ္ဈိမံ မဟာဝိဟာရံ ဣဋ္ဌကာမယံ ကာရေသိ၊ တဒါ တနမူလေန သတသဟဿကဟာပဏပရိစ္စာဂေန။

တတော သာ ရဋ္ဌဟိတကိစ္စကရဏကာလေ သဟာယဘူတဿ ဝံသာနုရက္ခိတ ရွှေမျက်မှန်ဆရာတော်ဣတိဝိဿုတဿ စစ်ကိုင်းပဗ္ဗတေ ကျစ္စာပဗ္ဗာရေ နာယကဘူတဿ ဘဒ္ဒန္တဝိဇယမဟာထေရဿ (၁၂၅၀-၁၃၂၉) သန္တိကံ ဒူတံ ပဟိဏိတွာ ပုဗ္ဗေ သယံ ရဋ္ဌဟိတကိစ္စကရဏကာလေ အညာတကဝေသေန ဝသိတဋ္ဌာနေ ပြင်ဦးလွင်နဂရေ ဝိသုဒ္ဓါရုံရွှေကျောင်ဝိဟာရဿ ပဓာနနာယကဘာဝေန ဝသန္တံ ဗာရာဏသီဆရာတော်ဣတိ အဘိညာတံ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတမဟာထေရံ နိမန္တယိတုံ သံဝိဒဟိ။

သုတေသနစ ၂ည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် တိုက်တည် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်း

တသ္မိံ ပန ကာလေ ဗာရာဏသီထေရော မန္တလေးနဂရဿ ပစ္ဆိမပဒေသေ နဝမဟာဝိသုဒ္ဓါရာမေ စည်ရှင်ဒေါင်းရိုးက္ကဌကာလယေ စတုန္နံ စည်ရှင်နာယကထေရာနံ အညတရော ဟုတွာ ဝိဟာသိ။

ရွှေကျင်နိကာယ သကလဂဏဓုရာဝဟနာယကဘာဝေန စေဝ သကလရွှေကျင်နိကာယ ဓုရဌာနဘူတေ မဟာဝိသုဒ္ဓါရာမေ ပါဠိတက္ကသီလသင်္ဃါတဝိဿုဝိဇ္ဇာလယဿ ပဋ္ဌိနိမိပုဂ္ဂလဘာဝေန စ ဆဋ္ဌသံဂါယနသမိတိယံ ပါဠိပဋိဝိသောဓကဘာဝေန စ ဓမ္မပဋိသံယုတ္တကိစ္စာနိ ကရောန္တော သော ထေရော နဝမရွှေကျင်နိကာယာဓိပတိဘူတေန စံကင်းမဟာထေရေန စေဝ အနာဂတေ ရွှေကျင်နိကာယာဓိပတိဘာဝိနာ မြောင်းမြ မဟာထေရေန စ အနုညာတော ဟုတွာ က္လမံ ပဥ္စမုခမဟာဝိဟာရံ အဇ္ဈာဝသိတုံ သမ္ပဋိစ္ဆိတိ။

## ထေရုပ္ပတ္တိကထာ

က္လမသ္မိံ ပန ဌာနေ ဗာရာဏသီမဟာထေရဿ ဥပ္ပတ္တိံ သခေ်ပေန ဧဝံ ဝေဒိတဗ္ဗာ- သောဟိ မကွေးဇနပဒေ အောင်လံနဂရေ ‘ ဇိန့် ’ က္လတိသညိတဂါမေ ဦးစံထူး ဒေါ်ဒေါ်ဆေး က္လတိနာမကေဟိ မာတာပိတူဟိ ၁၂၆၄ မရမ္မဝဿေ အာသဠိပုဏ္ဏမေ သူရဝါရေ ပုဗ္ဗဏှသမယေ ပုရာရုဏော တိယဋ္ဌိကကာလေ ဇာတော အဟောသိ၊ ဒသန္နံ ပုတ္တဓီတာနံ တတိယပုတ္တော ဟုတွာ နာမေန မောင်ကျော်ရှုံ က္လတိ ပညာယိ။ ၁၂၇၄ မရမ္မဝဿေ ဇိန့်ဂါမဿ ဓုရဝိဟာရေ တံဝိဟာရာဓိပတိနော ဘဒ္ဒန္တသုန္ဒရထေရဿ သန္တိကေ သိပ္ပံ အသိက္ခိ။ ၁၂၇၇ မရမ္မဝဿေ တဿ မာတုလော ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထေရော တောင်ငူ နဂရေ ‘ဝိသုဒ္ဓါရုံသိမ်ဦး’ က္လတိ ပါကဋဿ မဟာဝိဟာရဿ ပဓာနနာယကဘူတော မောင်ကျော်ရှုံ က္လတိနာမကံ အတ္တနော ဘာဂိနေယျကုမာရံ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ ဝသန္တဿ စည်ရှင်ဆရာ-တော်က္လတိ ပညာတဿ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌဘူတဿ ဘဒ္ဒန္တကောသလ္လာဘိဝံသ-မဟာထေရဿ သန္တိကံ ပါဟေသိ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ။

## ပဗ္ဗဇ္ဇူပသမ္ပဒကထာ

သော ပန မောင်ကျော်ယုံက္လတိ ပါကဋော ဒဟရကုမာရော သာမဏေရဘာဝံ ဥပါဂမိ ၁၂၈၀ မရမ္မဝဿေ၊ တတော ၁၂၈၄ မရမ္မဝဿေ အာသဠိယာ သုက္ကပက္ခဿ တေရသမေ ဂုရုဝါရေ ပုဗ္ဗဏှသမယေ နဝယဋ္ဌိကာယံ စတ္တာလီသဗိဇနာကာလေ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ ခဏ္ဍသီမာယံ တတိယရွှေကျင်နိကာယာဓိပတိဘူတံ ဒိပဲယင်း မဟာထေရံ ဥပဇ္ဈာယံ ကတွာ အလဘိ ဥပသမ္ပဒံ့ နမ္မတူနဂရေ ‘ဘားမားမိုင်း ကန်ထရိုက်တာ’ က္လတိ သကမ္မုနာ ပညာတေန ဦးအကောင်းရှုတ် ဥပါသကေန သဟ ဘရိယာယ ဒေါ်ဒေါ်သွယ် ဥပါသိကာယ ပစ္စယေဟိ ပဂ္ဂဟိတော။ ဒဟရကာလတော

ပဌာယ တံသိက္ခာပကော အာစရိယော စည်ရှင်မဟာထေရော တဿ အာနန္ဒပဏ္ဍိတောတိနာမံ အကရိ။

**ဓမ္မဂ္ဂဟ ကထာ**

သောဟိ အာနန္ဒပဏ္ဍိတော ဘိက္ခု ဒဟရကာလတော ပဋ္ဌာယ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ ဝသန္တာနံ စည်ရှင်ဆရာတော် စံကင်းဆရာတော် အဘယာရာမ ဆရာတော် ဖီးပင်ဆရာတော် ဣတိပါကဋ္ဌာနံ အဘိညာတာနံ မဟာထေရာနံ သန္တိကေ စေဝ ပခုက္ကူနဂရေ မဟာဝိဿုတာရာမေ ဝသန္တာနံ ဘဒ္ဒန္တသုန္ဒရမဟာထေရ ဘဒ္ဒန္တနန္ဒဝံသ မဟာထေရ ဘဒ္ဒန္တကောဏ္ဍညမဟာထေရ သဉ္ဇိတာနံ အဘိပါကဋ္ဌာနံ မဟာထေရာနံ သန္တိကေ စ ဥဂ္ဂဏှိတွာ ပိဋကေသု စေဝ ဂန္ထန္တရေသုစ ပဋ္ဋုဘာဝံ-မုပဂတော။

ပဉ္စာဗျာကရဏသဘာသု စ တေန ဇယပုပ္ဖါနိ ပိဋ္ဌန္ဓိတာနိ၊ ၁၂၈၀ မရမ္မဝဿေ ဒဟရကုမာရဘာဝေန ပထမငယ်ဣတိ သဉ္ဇိတေ ပဉ္စာဗျာကရဏေ စေဝ ၁၂၈၁ မရမ္မဝဿေ ပထမလတ်ဣတိသဉ္ဇိတေ ပဉ္စာဗျာကရဏေ စ ဇယပုပ္ဖံ ပိဋ္ဌန္ဓိ တတော ၁၂၈၅ မရမ္မဝဿေ ပဉ္စာဗျာကရဏံ နိဿာယ "ဝိသုဒ္ဓါရုံဝံသာလင်္ကာရ-သဒ္ဓမ္မပါလပဏ္ဍိတဇ ပထမကျော်" ဥပါဓိံ စေဝ၊ ၁၂၈၇ မရမ္မဝဿေ သာဝတ္ထိနဂရေ ပုညဝမုနသမိတိယာ ကတေ ပဉ္စာဗျာကရဏေ "ပထမကျော်" ဥပါဓိံ စ၊ ၁၂၉၁ မရမ္မဝဿေ မန္တလေးနဂရေ ကတာယ သကျသီဟသမိတိပဉ္စာဗျာကရဏသဘာယ "ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဥပါဓိံ ဒုတိယဌာနိကဘာဝေန စ၊ ၁၂၉၅ မရမ္မဝဿေ ရင္ဂုံဿရေဟိ ကတာယ ပထမပြန် ပဉ္စာဗျာကရဏသဘာယ 'ပထမကျော်' ဣတိ ဥပါဓိံ စ အလဘိ။

သော ပန ထေရော ၁၂၉၃ မရမ္မဝဿေ ပြင်ဦးလွင်နဂရေ မေမြို့ဣတိ အပရနာမဓေယျေ ဝိသုဒ္ဓါရုံရွှေကျောင်ဝိဟာရံ ပဓာနနာယကဘာဝေန အဇ္ဈာဝသိ၊ ပစ္ဆာ ပန တံ ဝိဟာရံ ကနိဋ္ဌဘာတိကထေရဿ ဘဒ္ဒန္တမဟောသဓပဏ္ဍိတာဘိဝံသဿ အဂ္ဂမဟာပဏ္ဍိတော-တိဥပါဓိလာဘိနော နိယျာဒေသိ။

**ရဋ္ဌန္တရဂမနံ**

၁၃၀၂ မရမ္မဝဿေ ရန်ကုန်နဂရေ အရိယဓမ္မသမိတိယာ အနုဂ္ဂဟံ ဥပနိဿာယ ဘာရတရဋ္ဌေ အိန္ဒိယဣတိ အပရနာမဓေယျေ ဂန္တွာ ဗာရာဏသိနဂရေ ဘီ-အိပ်ချ်-ယူ (BHU) ဣတိ အပရနာမဓေယျေန ပညာတေ ဗာရာဏသိဟိန္ဒူဝိဿု-ဝိဇ္ဇာလယေ သိပ္ပံ သိက္ခိတွာ "အာစရိယော"တိ သဉ္ဇိတံ မဟာဝိဇ္ဇာဥပါဓိံ အလဘိ။ သော အိန္ဒိယရဋ္ဌေ ဆဗ္ဗဿာနိ ဝသိ သကလလောကေ ဒုတိယပုပ္ဖန္ဓယုဒ္ဓေန အဘိဘူတော၊ တသ္မိံ ကာလေ သော ထေရော ၁၃၀၄ မရမ္မဝဿေ "အဝ" ဣတိ သညိတေ ဒီပကေ

က္လဒါနိ ဘင်္ဂလဒေသရဋ္ဌ ပရိယာပန္နေ ပဒေသေ သိမ်တောင်ဂါမေ သီမာသမ္မုတိကမ္မံ အကာသိ သဒ္ဓိံ ဘိက္ခုသံဃေန။

သကလလောကံ အဘိဘဝိတွာ ဥပ္ပန္နေ ဒုတိယေ ယုဒ္ဓေ ဝူပသမေ ၁၃၀၈ မရမ္မဝံသေ သဇာတိဘူမိဘူတံ မရမ္မရဋ္ဌံ ပစ္စာဂမိ။ တသ္မိံ ပန ကာလေ သော ထေရော "ဗာရာဏသိအာစရိယော" တိ ပညာယိ အာစရိယဿ စည်ရှင်မဟာထေရဿ ဝစနမုပါဒါယ။

## နိကာယဘာရနိတ္ထာရဏံ

၁၃၁၀ မရမ္မဝံသေ စံကင်းမဟာထေရဿ ဩဝါဒံ ဂရုံ ကတွာ မန္တလေးနဂရေ နဝမဟာဝိသုဒ္ဓါရာမေ စည်ရှင်ဒေါင်းရိုးက္လဋ္ဌကာလယေ နာယကဘာဝေန ဝသိ၊ ၁၃၁၂ မရမ္မဝံသေ နဝမဟာဝိသုဒ္ဓါရာမေ ဝသန္တော ရွှေကျင်နိကာယ သကလဂဏပဓာနဘာရ နိတ္ထာရကဘာဝေန နိကာယကိစ္စံ ဝဟိတွာ ၁၃၃၇ မရမ္မဝံသေ တံဘာရာ မုတ္တော နိက္ခိတ္တဓုရော ဟုတွာ ဝိဟာသိ။

၁၃၃၅ မရမ္မဝံသေ ပန သော ရွှေကျင်နိကာယာဓိပတိထေရေန ပဟိတော သီရိလင်္ကာဒီပရဋ္ဌံ ဂန္တွာ ကောလမ္ဗနဂရေ မဟာဝိသုဒ္ဓါရာမေ ဝသန္တဿ နာယကတ္ထေရဿ "သီရိလင်္ကာရွှေကျင်နိကာယမဟာနာယကော" တိ ဌာနန္တရနာမလဉ္ဆံ အဒါသိ ရွှေကျင်နိကာယ ဂဏကိစ္စံ ဝဟန္တော။

## ဝိသုဒ္ဓါရုံဗာရာဏသီ ဝိဟာရသမုဋ္ဌာပနာ

ဗာရာဏသီမဟာထေရော ပြည်နဂရံ ဂန္တွာ သဒ္ဓိံ ဒွိဟိ စေဝ ဂဏဝါစက-ထေရေဟိ စတုဝီသတိယာ စ သောတုဇနဘိက္ခုသာမဏေရေဟိ ပဉ္စဟိ စ ကပ္ပိယကာရကကုမာရေဟိ ၁၃၂၁ မရမ္မဝံသေ အာသဠှိယာ သုက္ကပက္ခဿ ထေရသမေ သုက္ကဝါရေ ပရိယတ္တိ မဟာဝိဇ္ဇာလယံ သမုဋ္ဌာပေတုံ အာရဘိ၊ တဒါ ပဉ္စမုခဝိဟာရဿ မူလနာမံ ပဟာယ ဌာနျူပစာရေန ဂုဏဝိသေသနာမံ ဂဟေတွာ တံ ဝိဟာရံ "ဝိသုဒ္ဓါရုံဗာရာဏသီ မဟာဝိဟာရော" တိ သမ္မန္နိ။ ၁၃၂၁ မရမ္မဝံသေ မာဂသိရဿ သုက္ခပက္ခေ စတုဒ္ဒသိယံ သူရဝါရေ ဝိဟာရမဟံ ကာရေသိ။

## ဝိဟာရဒါယိကာယ ဂုဏသူစနာ

တတော ပဋ္ဌာယ တံဝိဟာရဒါယိကာ မဟာဥပါသိကာ တံအာရာမဿ မဇ္ဈေ ဒွိဘူမိက က္လဋ္ဌကာလယသီမာ စေဝ သယနာကာရစုဒ္ဒပင္ဂိမာ အန္တောပူဇိတာ ဂန္ဓကုဋိသာလာ စ တိဘူမိကသိရိထေရဝိမာနံ စ တိဘူမိကာ မနောရညာ်တဓမ္မသာလာ စ ဒွိဘူမိကဓမ္မာစရိယ က္လဋ္ဌကာလယေ စ ဒွိဘူမိကဘောဇနသာလာ စ

ဒွိဘူမိကမဟာဗကုလသာလာ စ ဒွိဘူမိကဇနသာလာ စ ဣဋ္ဌကာမယဉဒကဌာနံ စ သံဃဿ အတ္ထာယ ဆဂဗ္ဘဝစ္စကုဋိံ စ ဂိဟီနံ အတ္ထာယ စတုဂဗ္ဘဝစ္စကုဋိံ စ ဣဋ္ဌကစက်မာနိ စ ဣဋ္ဌကပါကာရံ စ ကာရေတွာ အဒါသိ။

ဒေဝသိကံစ သံဃဿ ဘတ္တံ အဒါသိ၊ ကာလေန ကာလံ ပရိက္ခာရံ ဒတွာ ဒါရကေ ပဗ္ဗဇ္ဇံ စေဝ ဉပသမ္ပဒံ စ အလဘေသိ၊ အနုသံဝစ္ဆရံ စ ဝဿာဝါသိကစီဝရာနိ စေဝ ကထိနစီဝရာနိ စ အဒါသိ၊ ဓမ္မုဂ္ဂဏှန္တာနံ စ ကပ္ပိယကာရကဒါရကာနံ ဝတ္ထာနိ အဒါသိ၊ မဟာဝိဟာရေ ဣစ္ဆိတိစ္ဆိတာနိ သေနာသနပရိဘောဂါနိ စေဝ ဘေသဇ္ဇသပ္ပါယဘောဇနာနိ စ သယမေဝ ဉဿုက္ကံ ကတွာ ဒါပေသိ။

'သခင်မကြီးဒေါ်သိန်းတင်' ဣတိ ဝိဿုတာ မဟာဉပါသိကာ ဗလေန ရဇ္ဇံ ဂဏှန္တာနံ ဣဿရာနံ တော်လှန်ရေးအစိုးရဣတိ ဝေါဟရိတာနံ ကာလေ "ဝဏ္ဏကျော်ထင် (မော်ကွန်းဝင် ပထမဆင့်)" ဉပါဓိံ စေဝ "သဗ္ဗံ ဓနံ ရဋ္ဌသန္တကံ ကာတဗ္ဗ" န္တိ ဝါဒီနံ ဣဿရာနံ ဆိုရှယ်လစ်အစိုးရဣတိ ဝေါဟရိတာနံ ကာလေ "နိုင်ငံဂုဏ်ရည် (ဒုတိယဆင့်)" ဉပါဓိံ စ အလဘိ၊ ပြည်နာဂရိကာနံ ပဋိနိဓိဘာဝေန သန္တာဂါရေ အမစ္စဘူတာ ရဋ္ဌကိစ္စမကာသိ၊

သာ နဝသတ္တတိဝဿာယုကကာလေ ဗာဋ္ဌဂိလာနာ ဟုတွာ ရန်ကုန်နဂရေ ရဋ္ဌိကတိကိစ္ဆာသာလာယံ ဟဒယရောဂဝိသေသတိကိစ္ဆာဌာနေ ဝဇ္ဇေဟိ ဉပဋ္ဌိတာပိ ၁၃၅၄ မရမ္မဝဿေ မာဂသိရဿ ကဏှပက္ခေ ပဉ္စမေ သနိဝါရေ သာယနှသမယေ ဆယဋ္ဌိကာယံ ဝီသတိမိနိတဘာဂေ ဝီတိဝိတ္တေ မရဏဝသံ ပတ္တာ။ တဿာ သရီရံ ပြည်နဂရေ 'ကန်သာဦး' သုသာနေ ထူပံ ကတွာ နိက္ခိပိ မာရသိရကဏှပက္ခဿ နဝမဒိဝသေတိ။

တတော ပရံ ပန တဿာ မဟာဉပါသိကာယ ဉာတိဘူတာ ဒေါ်အမာ ဣတိ နာမိကာ ဒါယိကာ သံယုပဋ္ဌာယိကာ အဟောသိ။ သာ ကောမာရပြဟ္မစာရိနီ သမညာတာ ဒွိဘူမိက သာလာ စေဝ မဟာထေရဝိမာနံ စ ကာရာပေတွာ အဒါသိ၊ မဟာဉပါသိကာယ ဌာနေ ဌတွာ သံဃဿ ဘတ္တံ ဒတွာ သံဃဝေယျာဝစ္စ မကာသိ။ သာ အဋ္ဌသတ္တတိဝဿာယုကကာလေ ၁၃၅၄ မရမ္မဝဿေ မာဂသိရဿ သုက္ကပက္ခေ ဒိဝသေ စန္ဒဝါရေ မဇ္ဈန္ဟိကသမယဿ ဒွေယဋ္ဌိကာယံ မစ္စုဝသံ ကတာ။

**မဟာထေရဂုဏ သူစနာ**

ဗာရာဏသီမဟာထေရာ ပန ၁၃၃၂ မရမ္မဝဿတော ပဋ္ဌာယ ပြည် သရက် သာယာဝတီ သဉ်ါတေ တိဇနပဒေသေ သကလရွှေကျင်နိကာယသံဃံ သမင်္ဂံ ကတွာ "ရွှေကျင်နိကာယဝိနယဘာဏကာနံ သဘံ" သံဝိဒဟိ၊ ၁၃၃၇ မရမ္မဝဿေ "ရွှေကျင်နိကာယ ဂန္ထာနုပါလကသမာဇေ' အညတရော အဟောသိ၊ ၁၃၄၂ မရမ္မဝဿေ ပန သကလဂဏသံဃ သမိတိယာ ဆသဋ္ဌိယာ ထေရေသု ဉစ္စိနိတေသု ပရိယာပန္နာနံ ပဉ္စန္နံ ရွှေကျင်နိကာယ ထေရာနံ အညတရော အဟောသိ။

တတော ပန သော မဟာထေရော ရဋ္ဌိကသံဃမဟာနာယကသမာဇေ ဒုတိယ ဥက္ကဋ္ဌဘာဝေန သံဃကိစ္စမကာသိ၊ ပြည်နဂရေ ရွှေဆံတော် စေတိယင်္ဂဏေပကာနံ သြဝါဒါစရိယော ဟုတွာ သာသနိကဘာရံ ဝဟိ။

၁၃၄၃ မရမ္မဝဿေ ဆသု ရဋ္ဌေသု ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ နီပေါ၊ သီရိလင်္ကာ၊ အိန္ဒိယ သင်္ခါတေသု စာရိကံ အစရိ ခမ္မံ ဒေသေတုံ။ ၁၃၄၂ မရမ္မဝဿေ ပန တောင်ငူနဂရေ ဝိသုဒ္ဓါရုံမြို့ထောင့်ဝိဟာရေ ကတေ ရွှေကျင်နိကာယ-သကလဂဏသန္နိပါတေ တံ မဟာထေရံ "ရွှေကျင်နိကာယဥပဥက္ကဋ္ဌ" ဌာနန္တရေန မာနေသုံ။

၁၄၃၁ မရမ္မဝဿေ ဇေဋ္ဌမာသဿ ကဏှပက္ခေ ဒသမေ အင်္ဂါရဝါရေ ရန်ကုန်နဂရေ "ရှစ်မိုင်-မစိုးရိမ်" က္ကတိ ဝိဿုတဿ အာရာမဿ ပဓာနနာယက-ဘူတော ဘဒ္ဒန္တဇေယျသေန ထေရော တံအာရာမံ စတုန္နံ မဟာထေရာနံ နိယျာတေတွာ တေသံ ဘာရမကာသိ၊ တေသု စတူသု မဟာထေရေသု ဗာရာဏသီ မဟာထေရော အညတရော အဟောသိ။

ဗာရာဏသီမဟာထေရံ ပန မရမ္မရဋ္ဌိဿရော ၁၃၄၂ မရမ္မဝဿေ အဂ္ဂမဟာပဏ္ဍိတော တိ ဥပါမိနာ စေဝ ၁၃၅၂ မရမ္မဝဿေ အဘိဓဇမဟာရဋ္ဌဂုရုတိ ဥပါမိနာ စ အပူဇေသုံ မဟာထေရေန ပန ဂန္ထကာရကေန သုတဝမုကာ နာနာဂန္ထာ ရစိတာ ပါဠိရဝဒပ္ပဏာ တေလ ကဋ္ဌာဟနိဿယ ရွှေကျင်နိကာယဝံသဒီပိကာ -က္ကတျာဒီ။ တထာ ဝိသုဒ္ဓါရုံပိဋကအဘိဓာနဿ ဝိညာပနနိဒါနံ ပါဠိဘာသာယ ဝိရစိ။ တိပိဋကပါဠိမြန်မာအဘိဓာနဂန္ထေ ပန ဒဿိတာ 'ဆိဒ္ဒ'ပဒပဋိသံယုတ္တာ သက္ကတဂန္ထေသု အာဂတာ သံဝဏ္ဏနာယော ဥဒ္ဓရိတွာ တဿ ပဒဿ အတ္ထော ပါကဋီ ကတောတိ။

## ဒိဝင်္ဂတဘာဝသူစနာ

ဗာရာဏသီမဟာထေရော ဟိ အသမ္ဘိန္နရွှေကျင်နိကာယဝံသေ ဇာတော ဟုတွာ ယာဝဇီဝံ ရွှေကျင်နိကာယဘာရံ မဟုသာဟေန ဝဟန္တော ဝိနယဂရုက သိက္ခာကာမ လဇ္ဇီ ပေသလဘာဝေန သာသနေ စေဝ သနိကာယေ စ အဘိပါကဋော ဂရုဘာဝနိယာဒိဂုဏောဟိ သမန္နာဂတော အဟောသိ၊ သကာရာမေ ဝသန္တော သိဿာနုသိဿေ စ ဝိနယဂရုကေ ကတွာ ရွှေကျင်နိကာယမ္မြုပဒေသေ မာနေသိ။

တသ္မိံ ဟိ မဟာဝိဟာရေ ဘိက္ခုသာမဏေရာ သာယန္ဟသမယေ စေဝ ပုရာရုဏသမယေ စ ဒွိက္ခတ္တုံ ဗုဒ္ဓဝန္ဒနံ ကရောန္တိ၊ ဒေဝသိကံ စ ပုဗ္ဗဏှသမယေ နေသဇ္ဇိကဓုတင်္ဂ အန္တောဝဿေ ပန အနုဥပေါသထဒိဝသံ ဧကာသနိကဓုတင်္ဂ အဓုနာဂတာ အစိရုပသမ္ပန္နာ ပန တေစီဝရိကဓုတင်္ဂ သမာဒိယန္တိ။ တသ္မာ တံဝိဟာရုပဒေသဿ ပသတ္ထဘာဝေါ သုန္ဒရဘာဝေါ ပါကဋော အဟောသိ။ တသ္မိံ ဝိဟာရေ ရွှေကျင်နိကာယဝိနယဘာဏကသဘာပိ အနုသံဝစ္ဆရံ ကတာတိ။

## သိဿာနုသိဿ သူစနာ

ဗာရာဏသိမဟာထေရေ ပန ဒိဝင်္ဂတေ တဿ ဇေဋ္ဌကသိဿဘူတော ၁၃၂၆ မရမ္မဝဿတော ပဋ္ဌာယ 'တိုက်အုပ်ဆရာတော်' ဣတိ ဝေါဟရိတော ဂဏာပါလကော အဂ္ဂမဟာပဏ္ဍိတောတိ ဥပါဓိလာဘီ ဘဒ္ဒန္တဝိစိတ္တစာရထေရော တံ ဝိသုဒ္ဓါရုံဗာရာဏသီ မဟာဝိဟာရံ ပဓာနနာယကော ဟုတွာ အဇ္ဈာဝသိ။ သောပိ ထေရော အာစရိယုပဒေသေ ဌတွာ သိဿဂဏံ ပရိဏောန္တော ၁၃၆၁ မရမ္မဝဿေ ဒိဝံဂတော။

ဒုတိယေ ပန တံဝိဟာရပဓာနနာယကေ ဒိဝင်္ဂတေ အာရာမသမုဋ္ဌာပက-မဟာထေရဿ ကာလေ ဂဏသံဝိဓာယကဌာနန္တရိကော 'တိုက်ကြပ်ဆရာတော်' ဣတိ ပညာတော ဘဒ္ဒန္တနာဂဝံသထေရော အဂ္ဂမဟာပဏ္ဍိတောတိ ဥပါဓိလာဘီ တံဝိဟာရဿ တတိယော ပဓာနနာယကော အဟောသိ။ တသ္မိံ ပန ကာလေ ဥပဂဏသံဝိဓာယကဌာနန္တရိကော 'တွဲဘက်တိုက်ကြပ်ဆရာတော်' ဣတိ ဝေါဟရိတော ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသထေရော တီသု သကျသီဟ စေတိယင်္ဂဏ ရဋ္ဌိဿရ-သင်္ဃါတေဟိ ပုစ္ဆကသဘာသမာဇေဟိ ကတေသု ပဥ္စဗျာကရဏေသု ဓမ္မာစရိယောတိ ဥပါဓိလာဘီ စေဝ ရဋ္ဌိဿရိယေဟိ ပူဇိတော အဂ္ဂမဟာဂန္ထ ဝါစကပဏ္ဍိတောတိ ဥပါဓိလာဘီ စ တံမဟာဝိဟာရံ 'တိုက်အုပ်ဆရာတော်' ဣတိ ဝေါဟရိတေန ဂဏပါလကဘာဝေန အဇ္ဈာဝသတိ။

ဣမေ ဟိ ထေရာ ၁၃၆၁ မရမ္မဝဿတော ပဋ္ဌာယ အာစရိယပါစရိယ-ထေရာနံ ဥပဒေသာနုသာရိနော ဟုတွာ တံ ဝိဟာရံ အဇ္ဈာဝသန္တိ၊ အယံ ဟိ ဝိသုဒ္ဓါရုံဗာရာဏသီ မဟာဝိဟာရော ၁၃၂၀ မရမ္မဝဿေ အာသဠှမာသဿ ဇုဏှပက္ခေ တေရသမေ သုက္ကဝါရေ သမုဋ္ဌာပိတော ဟုတွာ ဣမသ္မိံ ၁၃၇၀ မရမ္မသံဝစ္ဆရေ အာသဠှိယာ ဇုဏှပက္ခေ တေရသမေ သနိဝါရေ 'ရွှေရတု' ဣတိ အဓုနာဝေါဟရိတံ သမပညာသသံဝစ္ဆရံ သမ္ပါပုဏီတိ။

စိရဿံ တိဋ္ဌတံ အယံ၊ သဒ္ဓမ္မဿ သုဇောတကော။

သုပေသလာနံ မာဝါသော၊ ဗဟူနံ ဟိတ မာဝဟော။

ဣတိ သိဒ္ဓိ ရတ္ထု။

* * *

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်၊ အဘိဓမ္မာမဟာသိပ္ပံ တို့၏ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ မှ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် နှစ်(၅၀)ပြည့် "ရွှေရတုသမိုင်းမော်ကွန်းကျောက်စာ"ကို မြန်မာဘာသာမှပါဠိဘာသာသို့ ပြန်ဆိုရေးသားချီးမြှင့်တော်မူသည်။

# ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
# တိုက်တည်နှစ်(၅၀)ပြည့် ရွှေရတုမော်ကွန်းကျောက်စာတိုက်
# ပန္နက်ရိုက်ခြင်းမင်္ဂလာအခမ်းအနား (၂၈-၆-၂၀၀၉)



ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်း



ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်



ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အတွင်းရေးမှူး ဦးမောင်မောင်အောင်



ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
အဖွဲ့ဝင် ရဲမှူးကြီးမျိုးဆွေဝင်း

ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဓာရာကာသီတိုက်
တိုက်တည်နှစ်(၅၀)ပြည့်
ရွှေရတုကျောက်စာတိုက် ဝန္ဒက်ရိုက်ခြင်းမင်္ဂလာအခမ်းအနားသို့
ကြွရောက်တော်မူကြသည့်သံဃာတော်များ၊
တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့်အဖွဲ့ဝင်များ
၂၈-၆-၂၀၀၉







# ပြည်မြို့ နဝင်းရပ်၊
# ဝိထုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကြီး၏
# နှစ် (၅၀) မြောက် ရွှေရတု မင်္ဂလာ

အခမ်းအနားဖွင့်ဂါထာ

၁။ သမာဂတံ မဟာဇယံ၊ မဟာထေရ မဟာမဟံ။
သာမာဇိကာ မယံ ဒါနိ၊ ဝိဝရာမ မဟာသဘံ။

သမာဂတံ - တစ်သက်မှ တခါကြုံ ရတနာပုံ အဆိုက်ထူးပြီမို့ ကုသိုလ်သိုက် အရတူးရအောင် ကြည်နူးရွှင်ပြုံး ပျော်မဆုံးပဲ စုရုံးညီညာ ဤအခါဝယ် ကြည်သဒ္ဓါရွှင်ပျ အားလုံးစည်းဝေးလာ ရောက်ကြရာ ဖြစ်ပေထသော၊

မဟာဇယံ - ကမ္ဘာမှာသာသနာ အတူပြုမည်ဟု လူထုအားလုံး ပေါင်းစုရုံးကာ အမြတ်ဆုံးမင်္ဂလာ သာသနာသုံးရပ် အထွဋ်အမြတ်ကော်ရော် ပူဇော်ပြုလုပ်ရာ မဟာဝိဇယသဘင်ခေါ် အောင်ပွဲတော်ကြီးဖြစ်ပေထသော၊

မဟာထေရ - မဟာမဟံ- သရေခေတ္တရာ၊ မင်္ဂလာဝေမျှို့ အသရေကြို့ပေသော ပြည်မြို့ဗာရာဏသီ ကမ္ဘာပြည်ကျော်ကြား ဆရာတော်ဘုရားအား သိကြားဗိမာန် ဝေဇယန်၌ ပျော်စံနေခို လွမ်းအားပို၍ ကုသိုလ်နတ်ပန်း ကမ်းလှမ်းဆက်သ ဂါရဝကော်ရော် ပူဇော်ရာဖြစ်သော၊

မဟာသဘံ - ၁၃၂၁-ခုနှစ်မှ၊ တွက်စစ်လွန်ထောက်၊ (၅၀)နှစ် ပြည့်မြောက် တံခွန်ဆောက်၍ ထွန်းတောက်ဝေမှု အသရေစုသည့် ရွှေရတုခေါ် အောင်ပွဲတော်ကြီးကို၊

ဒါနိ - ၁၃၇၁-ခု ရတုခါမို့ ကုံရာသီဟု ပြည့်ညီရောက်ဆဲ တပို့တွဲဆန်းတက်

(၁၄)ရက်ရောက်လာ ယွန်းအခါ၌ သာမာဇိကာ ကမ္ဘာမှာသာသနာစံပြဘို့ ဂန္ထဓုရ ပူဇကဟု နာမဝင်းထိန်း ဂုဏ်သိရ်မြင့်မား အသင်းသူ အသင်းသားများဖြစ်ကြကုန်သော၊

မယံ - ဗုဒ္ဓသာသနာ ကမ္ဘာမှာအရှည်ခန့်၍ တည်တန့်သန့်ရှင်း ပြန့်ပွါးခြင်းကို စိတ်ရင်းကောင်းမြတ် သဒ္ဓါစာတ်ဖြင့် မပြတ်လိုလား တပည့်တော်များတို့သည်၊

ဝိဝရာမ - အောင်သျှင့်ကို အောင်တြင်း အောင်နဝင်း အောင်နက္ခတ် အောင်ရက်မြတ်ယှဉ်ကာ အစဉ်သာဘို့ မင်္ဂလာအခါတော် အသင့်ဖြစ်ပြီမို့ ဖွင့်လှစ်လိုက်ကြပါ ကုန်စို့ဘုရား၊

ဝိဝရာမ - "သုနက္ခတ္တံ သုမင်္ဂလံ" အောင်သံကြွေးကြော် အောင်စည်ဆော်ပြီး အောင်ပြီနော် အောင်အတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက်ပန်ဆင် အောင်သဘင်ဝယ် အောင်မြင်ရန်အသင့်ဖြစ်ပြီမို့ ဖွင့်လှစ်လိုက်ကြပါကုန်စို့ဘုရား။ ။

## ရွှေရတု သဘင်အောင်ပွဲဆင်

၂။ ဗာရာဏသီ ဝိဟာရေနော၊ သန္တော သန္တ သမီဟိတော။
ပညာသဝဿံ သမ္ပတ္တော၊ တေန ကုမ္ဗ မဟာသဘံ။

နော - ဗုဒ္ဓသာသနာ ကမ္ဘာမှာတိုးပွါးဘို့ လိုလားနှစ်သက် အဖက်ဖက်မှ ဆောင်ရွက်ကြငြား တပည့်တော်များတို့၏၊

သန္တော - ဖြဟ္မာသိကြား နတ်အများတို့ဆောက်ထားတည်ဟန် ပြုစီမံသို့ ကျောင်းဗိမာန် အမျိုးမျိုးတို့ဖြင့် တန်ခိုးသစ်လွင် အလွန်ပင်ချီးကျူးထိုက်ပေထသော၊

ဗာရာဏသီဝိဟာရော- နိုင်ငံတော်သံဃမဟာနာယက တွဲဖက်ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်သာသနာပိုင် ကမ္ဘာတိုင်ကျော်ကြား ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ တည်ထားအုပ်ချုပ် သာသနာ့ အလုပ်ရုံ ဂုဏ်ပုဒ်စုံသည့် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်ကြီးသည်၊

သန္တသမီဟိတော- နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရ သာသနာ့မိခင် ဝဏ္ဏကျော်ထင် ဒေါ်သိန်းတင် ကျောင်းတိုက်အင်္ဂါကြီးနှင့် တကွ သဟပုညကာရီ သဒ္ဓါကြည်လင် ပါရမီရှင် သူတော်ကောင်းတို့စုပေါင်းအားထုတ်အပ် သည်ဖြစ်၍၊

ပညာသဝဿံ- သာသနာတစ်ခေတ် သမ္မာသစ်၍ လ,နှစ်ချိန်ခါ ပက္ခဒိန်ခါကြို မြတ်ဂုဏ်ထွန်း တောက်(၅၀)နှစ် မြောက်သက်တမ်းသို့၊

သမ္ပတ္တော - သာသနာပြု ဒကာစုတို့ စတုပစ္စယ၊ ထောက်ပံ့ကြ ၍ မုချမသွေရောက်ရှိခဲ့လေပြီတကား၊

တေန - ဆရာဒကာ လက်တွဲကာဖြင့် မကြာယခု သာသနာပြု၍ ရာစုတစိတ် ဂုဏ်ဟိတ် မြင့်မောက် (၅၀)နှစ်ရောက်ခဲ့ပြီဖြစ်ပါသောကြောင့်၊

မယံ - ပြည်မြို့တော်နဝင်းရပ်၌ ဂုဏ်သကတ်လက်ဝေ တက်သစ်နေသို့ ကျက်သရေလျှံပ စံမရသည့် ဂန္ထဓုရ ပူဇကအသင်းဝင် သူတော်စင်တပည့်တော်တို့သည်၊

မဟာသဘံ - ၁၃၇၁-ခုနှစ် သက်တမ်းခေတ် အချိန်ရောက်ပြီမို့ ထိန်တောက်မြင့် ကြွယ် တင့်တယ်ဝေမှု အသရေစုသည့် ရွှေရတုခေါ် အောင်ပွဲတော်ကြီးကို၊

ကုမ္မ-ကရောမ- အောင် ဇေယျတု အောင်သပြေနု အောင်စေမှုဖြင့် အောင်ငွေရတုပန်ဆင် အောင်ငွေခရုသံလွင် မြန်တခွင် စံတင်ဘို့ အမှန်ပင်ပြုလုပ်ကြပါသည်ဘုရား။ ။

**ဗာရာဏသီ ကမ္ဘာတည်**

၃။ ဓိမတံ ဇာတုဗ္ဗိ ဘူတော၊ ဗာရာဏသီ ဘိဓာနကော။
ဝိဟာရော သော စိရံ ဌာတံ၊ ဇိန စက္က ဟိတာ ဝဟံ။

ယောဝိဟာရော- ပြည်မြို့ထက်ဘွေ ကနက်မြေဝယ် ကျက်သရေမြင့်မား ဂုဏ်ထင်ရှားပြီး သိကြားဗိမာန် ဝေဇယန်နှင့် ပုံစံနှိုင်းထိုက် အကြင်ကျောင်းတိုက်ကြီးသည်။

ဗာရာဏသီဘိဓာန ကော- ကမ္ဘာပြည်ပြည် ဗာရာဏသီဟု နာမည်ကျော်ကြားဆရာတော်ဘုရား၏ တည်ထားပြည့်စုံ သကတ်ဂုဏ်ကြောင့် ဝိသုဒ္ဓါရုံ ဗာရာဏသီတွဲ့မည်ကျော်မော် မြတ်သော အမည်တော်ရှိပါပေ၏။

ဓိမတံ - ပရိယတ်, ပဋိပတ်နှံ့စပ်ဘက်စုံ ပညာဂုဏ်တောက်ကြွား ပညာရှင်အမြောက်အများတို့၏။

ဇာတုဗ္ဗိဘူတော- ပေါက်ဖွားဖြစ်ထွန်းရာ မင်္ဂလာရောင်ဝေ သာသနာ့အောင်မြေအစစ်ဖြစ်ပါပေ၏။

သောဝိဟာရော- ကမ္ဘာ့ထက်ဗဟို သာသနာ့တက္ကသိုလ်ဟု ခေါ်ဆိုထိုက်ပေ ကျက်သရေပြည့်စုံ ထိုပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်ကြီးသည်။

ဇိနစက္ကဟိတံ- ဘုရားသာသနာ ဤကမ္ဘာဝယ် ရှည်ကြာတည်ကြောင်း အစီးအပွါးကောင်းကို၊

အာဝဟံ အာဝဟန္တော- ဥပနိဿယည်း ပစ္စည်း မြောက်အောင် ရွက်ဆောင်သမှု ကျေးဇူးပြုလျှက်။

စိရံ - သာသနာငါးထောင် တရားရောင်တို့ဖြင့် မျှားမြောင်ချိန်ခါ ရှည်မြင့်ကြာအောင်။

ဌာတံ-ဌာတု- ကမ္ဘာ့ဘောင်အတွင်း သာသနာ့အရောင်အ လင်းတို့ဖြင့် ပြောင်ဝင်းထိန်ဝေ တည်ရှိနိုင်ပါစေ သတည်း။

ဌာတု - သာသနာ့ဘုန်းရှိန် ဆုံးမတိမ်ဘဲ ငုံး,အိမ်,ကျူ,လပမာပြသို့ ထာဝရသစ်ညီ ကပ္ပငြိလျှင် ကြာရှည် မြဲခိုင်တည်ရှိနိုင်ပါစေသတည်း။

**ရေးသားပူဇော်သူ–**

အရှင်ပညာသိရီဘိဝံသ
မင်္ဂလာဗိမာန်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေး



# ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ စာရာကျောင်းတိုက်
## နှစ် (၅၀) ပြည့် ရွှေရတုပွဲတော်
# “ ထုတ်ဝေသည့်ဂါထာ ”

၁၃၇၁-ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ (၂၈-၁-၂၀၁၀) ကြာသပတေးနေ့။

၁။ “အာနန္ဒ” ပဏ္ဍိတတ္ထေရော၊
“ပဏ္ဍိ ” တာနန္ဒဝံသိကော။
“တ” ပေါ မနောသိရိမန္တော၊
“ထေ”ရောအာနန္ဒသန္တိဘော။

ပဏ္ဍိတော- ပညာဂုဏ်ရောင် ဝင်းဝင်းပြောင်၍ မြတ်ခေါင်ထိပ်စီး သိပ်သီးကျန ဂန္ထထွေထွေ ထုံးနှယ်ချေ၍ မွှေမွှေနှောက်နှောက် ဘက်ကမ်းပေါက်ကူး အမှူးအကျော် မဟော်နိုင်းဆ ပဏ္ဍိတစာရင်းဝင်သည့် ပညာရှင်ဖြစ် တော်မူပေထသော။

တပေါဓနော- ပါတိမောက္ခ စသည်လေးဖြာ ကျင့်သိက္ခာတို့၌ ကာယက်မြောက် စံတင်လောက်အောင် ဆောက်တည်ဆည်းပူး အထူးပွားဆင့် အကျင့် စရဏပိုင်ရှင်ဖြစ်ပေထသော။

တပေါဓနော- စာမရီရစ်မထုံးကဲ့သို့ အသက်ခန္ဓာပျက်သုဉ်းသည့်တိုင် အဆုံးရှုံးမခံသောအကျင့်သီလ ကဿပ ထေရ်ရှင် အလားကဲ့သို့ နိသဇ်ဓုတင် တိစီဝရိက်ဓုတင် စသည်များပြား ဓုတင်အကျင့်တရားတို့ကို တွန့်တိုလျှော့ပါး မရှိပြားဘဲ တအားခုံမင် ပြီးပြည့်စုံလင်သောအကျင့်ဓနပိုင်ရှင် ဖြစ်ပေထသော။

သိရီမန္တော- သီလသမာ ဓိပညာနှင့် ခမာဇာဂရိယ ဂန္ထကာရက သာသနမဟောပကာရ များလှစုံညီ အစီအရီဝေဖြာ  သိရီမင်္ဂလာတို့နှင့် ပြည့်စုံတော်မူပေထသော။

သိရီမန္တော- ငယ်,လတ်,ကြီးလွန်မြောက် ထွန်းတောက်ဘုန်းမော် ကျော်လေးကျော်ဘွဲ့ရဂုဏ်၊ ပရိယတ္တိ သာသနဟိတ ဓမ္မာစရိယအဘိဝံသဂုဏ်၊ အိန္ဒိယဗာရာဏသီယူနီဗာစီတီတက္ကသီလပြန် ဘာသန္တရဆေကဂုဏ်၊ ဆဋ္ဌသံဂီတိပါဠိပတိဝိသောဓကဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ပန်း ဆင်မြန်းပါသည့်ဂုဏ်၊ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် ဤသို့စသားအများတပည့် လှမ်းကြည့်မမှီနိုင်သည့် တစ်ပါးမက များလှသောင်းသောင်းကျက်သရေဂုဏ်ပေါင်းတို့နှင့် ပြည့်စုံတော်မူပေထသော။

အာနန္ဒပဏ္ဍိတတ္ထေရော- ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ ဘွဲ့နာမဖြင့် ပါကဋထင်ရှား ဒို့ကျေးဇူးရှင် မဟာထေရ် ဆရာတော် ဘုရားကြီးသည်။

ထေရေအာနန္ဒသန္နိဘော- ပိဋကသုံးပုံ အလုံးစုံကို အာဂုံကျေညက် ဘုရားရှင်ရွှေလက်ထက်က ဧတဒဂ်ငါးတန် ဘွဲ့ထူးခံသည့် အာနန်ထေရ်ရှင်အလားကဲ့သို့ ထင်ပေါ်ကျော်ကြား ဂုဏ်တော်အားဖြင့် မခြားတမူ အလားတူတော်မူသည် ဖြစ်ပါ၍၊

အာနန္ဒဝံသိကော- ဧတဒဂ်ငါးတန် ထေရ်ရှင်အာနန္ဒာ နွယ်လာဂိုဏ်းဝင် သူတော်စင်သူမြတ်သည်။

အဟောသိ- ပမာပုံနှိုင်း အတိုင်းမသိ ပီတိပါမောဇ္ဇ သောမနဖြင့် ဟဒယရင့်ကြူး အထူးပင်ဥဒါန်းတင်လောက်အောင် အမှန်စင်စစ် ဧကန်ဖြစ်တော်မူခဲ့ပါပြီဘုရား။

၂။ မာပိတော မဟာထေရေန၊ ဗာရာဏသီ ဘိဓာနကော။
ဝိဟာရော ပညာသံပတ္တော၊ ကယိရာမ မဟာမဟံ။

မဟာထေရေန-သီလသမာ ဓိပညာနှင့် သိက္ခာသုံးဝ ကျင့်ဓူရပါ ကဲဖြာလွှမ်းဖုံး တိုင်းလုံးဂုဏ်ကျော် မဟာထေရ် ဆရာတော် ဘုရားကြီးသည်။

ဗာရာဏသီဘိဓာနကော- သားကောင်တို့ဘေးမဲ့ပေးရာ ဣသိပတနမိဂဒါဝုန် တိုင်းဟိုအနားဆီက ဗာရာဏသီ အလားကဲ့သို့ မခြားတူညီ ဝိသုဒ္ဓါရုံဗာရာဏသီ

အမည်တော်ရှိသော။ (ဝါ)တရားဦးဓမ္မစက် မိန့်မြွက်သံချီ မိဂဒါဝုန် ဗာရာဏသီပမာ မြတ်ဘုရားသာသနာ ခွန့်ရှည်ကြာဘို့ နေ့မှာစာချ ညမှာဓုတင် ကျင့်သိက္ခာ စုံအလင်နှင့် စာသင်ပျိုရှင်ရဟန်းတို့ ရွှင်လန်း ကိုယ်စီ ပရိယတ်ပဋိပတ် သံပြိုင်စုံညီပါသော ဝိသုဒ္ဓါရုံဗာရာဏသီအမည် တော်ရှိသော။

ဝိဟာရော- ပြည်မြို့ကျက်သရေ လက်ဝေမဆိုင်း ရွှေကျင်ဂိုဏ်းနှင့် တူနှိုင်းဂုဏ်ရောင် သာသနာ့ကျက်သရေ ဆောင် ဖြစ်သော ကျောင်းတိုက်တော်ကြီးကို။

မာပိတော- မြတ်ဘုရားသာသနာ ခွန့်ရှည်ကြာဘို့ မျှော်ကာမှန်းဆ တန်းတဆင်ခြင် သမ္ဗုဇဥ်တရား အစဥ်ပွားလျက် တည်ထားဖန်ဆင်းတော်မူအပ်ခဲ့လေပြီ။

ဒါနိ- ၁၃၇၁-ခုနှစ် သက္ကရာဇ်ဟု တွက်စစ်ခါကြို နှင်းမှုန်ပုလဲ တပို့တွဲမာသ ဟေမန္တခေါ် ကုန်ရာသီ ဆောင်းအခါသမယ၌။

ပညာသံ- လှော်ရင်းခတ်ရင်း ချီတက်ရင်းဖြင့် မယွင်းမှန်စွာ ရေတွက်ပါသော် သချာ်တွက်စစ် ဆယ်စုနှစ် ငါးသွယ် နှစ်ငါးဆယ်ရွှေရတုခရီးဆီသို့။

ပတ္တော- ဆရာဒကာ တွဲညီညာဖြင့် ကိုင်းမှာကျွန်းမှီ ကျွန်းကိုင်းမှီသား ပမာလားသို့ မြတ်ဖျားသာသနာ ခွန့်ရှည်ကြာရေး မျှော်တွေးလျှောက်လှမ်း ရွှင်လန်း ဝမ်းမြောက် ခရီးတစ်ထောက် ဆိုက်ရောက် ခဲ့လေပြီ။

တသ္မာ- ထိုသို့ဆရာနှင့်ဒကာ လက်တွဲညီညာ အောင်ကြောင်းဖြာသို့ ဝေဖြာ တင့်ဆန်း အောင်စခန်းနှယ် ရွှင်လန်းဘွယ် နှစ်ငါးဆယ်ခရီးတစ်ထောက် ဆိုက်ရောက်ခဲ့ပြီဖြစ်လေသောကြောင့်၊

မယံ- ထေရ်ရှင့်ကျေးဇူး တိုက်တာကျေးဇူး ကျေးဇူးတွေပုံ မကုန်နိုင်ဘွယ် ကြီးကျယ်မြင့်မား ဂုဏ်ကျေးဇူး တရားတို့ကို အားထားကြည်ညို ရှိသေဆည်းကပ် လေးမြတ်ကြပါသော တပည့်တော်တို့သည်။

မဟာမဟံ- လူ့ရွှာဦးခိုက် ပူဇော်ထိုက်သည့် သိုက်မြိုက်ဂုဏ်စု ရွှေရတုခေါ် နှစ်ငါးဆယ်မဟာပူဇာအောင်ပွဲ တော်ကြီးကို။

ကယိရာမ- ကမ္ဘာတိုင်းတစ်ခွင် မြန်တိုင်းပြင်လူထု ကိုယ်စားပြု၍ ဂုဏ်စုရည်မှန်း သဒ္ဓါပန်းဖြင့်ရွှင်လန်း ဝမ်းမြောက်စွာ ပြုကြပါကုန်၏အရှင်ဘုရား။

ကယိရာမ- မြန်တိုင်းတစ်ခွင် ဂိုဏ်းရွှေကျင်ဂုဏ်သတင်း စုန်ဆန်သင်း၍ မြတ်မင်း သာသနာ ငါးထောင်မက ကြာအောင် ကျော်ကာလှမ်းတက် မှန်းလျက် ရည်ရော် ပူဇော်သမှု ပြုကြပါကုန်သည် အရှင်ဘုရား။

၃။ အတီတေ ဗာရဏသီဝ၊ ဝိဟာရော စေတရဋ္ဌိတော။
အာကပ္ပန္တံ စိရံဌာတု၊ ပါလေန္တု သမ္ဗုဒေဝတာ။

အတီတေဗာရာဏသိံ- အတိတ်ဝေးစွာ ရှေးအခါဆီက သားမျိုးစုံညီ ဗာရာဏသီ ဘေးရန်ကင်းကုန် မိဂဒါဝုန် ရဟန်းတပယ် သူတော်မြတ်တို့ ဆည်းကပ် ခိုလှုံ မိဂဒါဝုန် ဗာရာဏသီအလားကဲ့သို့ မမှားပုံရည် တစ်သားတည်း တူညီပေထသော။

စေတရဋ္ဌေတော- တက်,ကျက်,သင်,အံ စာပေသံဖြင့် ဆူညံရှုံးရှုံး တစ်အုံးအုံးလျှင် ပိတုံးပျားနှယ် သောတုစာသင်ငယ်တို့ကို ဉူးတင်ပနာသ ဖူးမြင်ရသ ဖြင့်ငှင်း၊ ဘုရားဇိနော် လက်ထက်တော်က ဝိသာခါပမာ သဒ္ဓါလန်းရွှင် တိုက်အမဒေါ်သိန်းတင်၏စေတနာ သာသနာနွယ်အဆက် စဉ်မပျက် တည်စေဘို့ အံ့ဘွယ်ဘနန်း ထူးမြတ်ဆန်းကြယ် ရွှင်လန်းဘွယ်ရှိလှ သာသနာ့ဗိမာန် အဆောက်အဦးတို့ကို မျက်ဝါးထင်ထင် ရှုကာမြင်ရ သဖြင့်ငှင်း၊ ကျောင်းဆောင်အသွယ်သွယ်က ရှုမခန်း ပန်းမာလ် အသွယ်သွယ်က ရှုမညီး တုမှီးစရာ နန္ဒဝန်ဥယျာဉ်သာကဲ့သို့ ရောက်လာ သူတိုင်း ဉူးညွှတ်ကိုင်း၍ မဆိုင်းမတွ ဟဒယရွှင်ပြုံး နှလုံးမွေ့လျှော် ပျော်ဘွယ်ရာရှိပေထသော။

ဝိဟာရော- ပြည်မြို့ကြက်သရေ လက်ဝေမဆိုင်း ရွှေကျင်ဂိုဏ်းနှင့် တူနိုင်းဂုဏ် ရောင် သာသနာ့ကျက်သရေ ဆောင်ဖြစ်သော ဝိသုဒ္ဓါရုံဗာရာဏသီ ကျောင်းတိုက်တော်ကြီးသည်။

အာကပ္ပန္တံ- ကပ်ကမ္ဘာပျက်သုဉ်း ဆုံးသည့်တိုင်အောင်။

စိရံ- ရှည်ကြာလေးတင့် အချိန်ကြာမြင့်စွာ။

ဌာတု- တည်နေတော်မူပါစေသတည်း။

သမ္ဗုဒ္ဓဝတာ- သိကြားဒေဝါ ပြဟ္မာစသား သာသနာစောင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့သည်။

ပါလေန္တု- စောင့်ရှောက်နိုင်ကြပါစေကုန်သတည်း။

ပါလေန္တု- အနှစ်ငါးထောင် များမြောင်ရှည်ကြာ တည်စိမ့်ငှါလျှင် ကောင်းစွာမသွေ စောင့်ရှောင့်နိုင်ကြ ပါစေကုန်သတည်း။ ။

**ရေးသားပူဇော်သူ—**

အရှင်ဇယိဿရ (သာသနဓဇဓမ္မာစရိယ)
ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊
ရန်ကုန်မြို့။

ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ တွဲဖက်သာသနာပိုင်
နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု
ထွဲ့ဘုံဆိပ်တော်ရ

## ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်

# ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသ-၏

## ဧထေရုပ္ပတ္တိ အကျဉ်းချုပ် ခံဝံလော့ရတုပိုဒ်စုံ

**တောင်ကျွန်းမြန်မာ။** ။ ဂုဏ်လွှမ်းသာသား၊ ဗာရာဏသီ၊ မဟာထေရ်ဟု၊ နာမည်ဘုန်းလွင်၊ မြတ်ထေရ်ရှင်ကား၊ ဂုဏ်အင်တင့်လှိုင်း၊ မြေလတ်ပိုင်းဟု၊ သမိုင်းစာတင်၊ ရာဇဝင်၌၊ ပေါ်လွင်အမြဲ၊ ဂုဏ်ထူးကဲသည့်၊ မြေထဲမြို့မှန်၊ မြို့အောင်လံတွင်၊ ပြိုင်စံကင်းပေ၊ ကျက်သရေဖြင့်၊ လက်ဝေတင့်ဆန်း၊ တက်သစ်စန်းသို့၊ ရွှေပန်းတောတိုက်၊ ဂုဏ်သိုက်မြိုက်၍၊ မကိုဋ်ရှိန်ဝါ၊ ထိန်ထိန်သာသည့်၊ ဇိမ်ရွာဂါမ၊ မြတ်ဌာနဝယ်၊ တေဇလျှံမြူး၊ ဦးစံထူးနှင့်၊ ရည်စူးမိဋ္ဌာန်၊ ပြည်နိဗ္ဗာန်ကို၊ စိတ်သန်မြော်တွေး၊ ဒေါ်ဒေါ်ဆေးမှ၊ တွက်ရေးကောဇာ၊ ထောင့်နှစ်ရာနှင့်၊ စွန်းလာခြောက်ဆယ်၊ လေးခုဝယ်လျှင်၊ (၁၂၆၄) တင့်တယ်လှဆန်း၊ ပုန်းညက်ပန်းတို့၊ ပွင့်လန်းဝင်းစို၊ သာယာပိုသည့်၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့တွင်၊ ချမ်းမြေ့သာယာ၊ ဖွားမြင်လာ၍၊ ငယ်ကာနုနယ်၊ ကျောင်းသားရွယ်၌၊ သင်ဖွယ်ကိစ္စ၊ မြတ်သိပ္ပကို၊ ခဏာသိမြင်၊ တတ်အောင်သင်၍၊ ရွယ်လျှင်တွက်စစ်၊ ဆယ့်သုံးနှစ်တွင်၊ ဘုန်းသစ်ကျော်မော်၊ ဘထွေးတော်ဟု၊ နိုင်ငံကျော်လှ၊ ဓမ္မကထိက၊ ဦးကုဏ္ဍလနှင့်၊ တကွလိုက်ပါ၊ မန်းမြို့မှာလျှင်၊ မဟာဝိသုဒ္ဓါရုံ၊ တိုက်ရွှေဘုံသို့၊ ခိုလှုံနေစဉ်၊ ပညာသင်၍၊ စည်ရှင်ဘုန်းလှိုင်၊ သာသနာပိုင်က၊ ကိုယ်တိုင်စောင့်ရှောက်၊ ခရီးရောက်အောင်၊ ချီးမြှောက်စာဝါ၊ ပို့ချကာဖြင့်၊ ပဗ္ဗဇ္ဇာမှု၊ ရှင်သာမဏေပြုလျက်၊ သုံးလူ့ထွဋ်ထား၊ မြတ်ဘုရား၏၊ ညီဘွားမှန်စွာ၊ ရှင်အာနန္ဒာသို့၊ ဉာဏ်မှာသိမြင်၊ ပညာရှင်မို့၊ ရှင်အာနန္ဒ၊ ပဏ္ဍိတဟု၊ ဘွဲ့သမည်တွင်၊ မြတ်ထေရ်ရှင်သည်၊ **ပြေခွင်တိုင်းရပ် . . အောင်ခဲ့ပြီဘုရား။**

**ပြောင်ရှန်းစန္ဒာ၊** ။ လစကြာသို့၊ ဗာရာဏသီ၊ မဟာထေရ်ကား၊ မြင့်ရှည်သာသနာ၊ ထွန်းစိမ့်ငှာလျှင်၊ သက်မှာနှစ်ဆယ်၊ ပြည့်ဖြိုးကြွယ်၍၊ ထက်ဝယ်နေသွင်၊ သရေလွင်သည့်၊ ရွှေကျင်ဂိုဏ်းချုပ်၊ ပြည်လုံးအုပ်သည့်၊ ဝိသုဒ္ဓါရုံ၊ မန်းရွှေဘုံတွင်၊ မြတ်ဂုဏ်ကျော်သင်း၊ ဒီပဲယင်းကို၊ ထံရင်းကပ်ရှု၊ ဥပဇ္ဈာယ်ပြုလျက်၊ သုံးလူ့မြတ်စွာ၊ သာသနာဝယ်၊ ရောင်ဝါထွန်းသစ်၊ ရဟန်းဖြစ်ခဲ့၊ ရှင်ချစ်သာသနာ၊

ထွန်းစေငှာလျှင်၊ သုံးဖြာပိဋကတ်၊ ပရိယတ်တွင်၊ ကျမ်းတတ်ထင်ပေါ်၊ အစိုးရပထမကျော်နှင့်၊ မဟော်ပဏ္ဍိတ်၊ ညဏ်ရောင်ဖိတ်၍၊ အောင်တံဆိပ်ကျော်မော်၊ ကျော်လေးကျော်ဖြင့်၊ စာတော်ပြန်ပွဲ၊ တစ်ကစွဲသား၊ ထူးကဲအနုဋ္ဌ၊ သကျသီဟ၊ အဘိဝံသလျှင်၊ ထိပ်က အောင်ပန်း၊ ဆွတ်ယူလှမ်း၏၊ ရဟန်း(၉)ဝါ၊ ရောက်သောခါဝယ်၊ ဆရာသခင်၊ ကျေးဇူးရှင်ဟု၊ စည်ရှင်ထေရ်မြတ်၊ စေလွှတ်လတ်၍၊ ဝိုင်းပတ်တောင်ညို၊ စိမ်းလန်းစို၍၊ ရာဇဂြိုလ်သို့၊ အသရေကြို့သည့်၊ မေမြို့ဝိသုဒ္ဓါရုံ၊ ပြောင်းရွှေ့လုံ့ကာ၊ သုံးပုံသတ်မှတ်၊ ပိဋကတ်ကို၊ မပြတ်နေ့စဉ်၊ ပို့ချသင်၍၊ ရွှေကျင်သမိုက်၊ စာသင်တိုက်ကို၊ သိုက်မြိုက်တည်မူ၊ သာသနာပြုစဉ်၊ နှစ်ခုစွန်းလာ၊ ထောင့်သုံးရာ (၁၃၀၂)တွင်၊ ပညာတော်သင်၊ ပညာရှင်ကို၊ စီစဉ်ရွေးကြ၊ အရိယဓမ္မ၊ အဖွဲ့ကြီးမှလျှင်၊ သက္ကဋ္ဌ,ဟိန္ဒီ၊ ခေတ်နှင့်မှီအောင်၊ စုံညီသင်ရန်၊ ရွေးချယ်ပြန်၍၊ နိုင်ငံရပ်ခြား၊ အိန္ဒိယားသို့၊ ကြွသွားခိုမှီ၊ ဗာရာဏသီ၌၊ ယူနီဗာစီတီ၊ ဟိန္ဒီ,သက္ကဋ္ဌ,ကောလိပ်၊ အောင်တံဆိပ်ဖြင့်၊ ပဏ္ဍိတ်ဘွဲ့ရ၊ ဂုဏ်ပေါင်းခ၍၊ ကမ္ဘာ့ပြေခွင်၊ မြတ်ထေရ်ရှင်သည်။ **။နေသွင်နှိုင်းအပ်ပြောင်ခဲ့ပြီဘုရား။ ။**

**အောင်ကွန်းစံရာ။** ။ ပြည်မြန်မာသို့၊ ပြန်လာခဲဖြစ်၊ ဂျပန်စစ်ကြောင့်၊ (၆)နှစ်ခါညီ၊ ဗာရာဏသီ၌၊ ခိုမှီသမှု၊ သာသနာပြုလျှက်၊ သုံးလူ့မြတ်စွာ၊ သာသနာ၏၊ ကမ္ဘာပြန့်ရေး၊ လွှန်အားပေးခဲ့၊ စစ်အေးသောခါ၊ ပြည်မြန်မာသို့၊ ပြန်လာနေစဉ်၊ မြတ်စည်ရှင်က၊ မည်တွင်ခေါ်ဝေါ်၊ ဗာရာဏသီဆရာတော်ဟု၊ ခေါ်ဝေါ်ပညတ်၊ ကင်ပွန်းတပ်ခဲ့၊ ထေရ်မြတ်စည်ရှင်၊ နတ်ပြည်ခွင်သို့၊ စံဝင်သောခါ၊ ဂိုဏ်းသံဃာက၊ ပြန်လာဘို့ရန်၊ လျှောက်ထားပြန်၍၊ နိုင်ငံသိမ်းချုပ်၊ ဂိုဏ်းလုံးအုပ်သည့်၊ ဝိသုဒ္ဓါရုံ၊ မြတ်ရွှေဘုံတွင်၊ ခိုလှုံပြီးနောင်၊ ဂိုဏ်းဝန်ဆောင်ဟု၊ ထိပ်ခေါင်ထေရ်များ၊ တင်မြှောက်စားခဲ့၊ ဘုရားသာသနာ၊ ကြီးပွါးလာအောင်၊ သံဃာဥဿျောင်၊ အကျိုးဆောင်၏၊ ထို့နောင်သံဂါယနာ၊ တင်စဉ်ခါလည်း၊ ကျမ်းစာသီးသီး၊ သုတ်သင်ပြီးလျှင်၊ ပွဲကြီးသဘင်၊ အောင်ပွဲဆင်ခဲ့၊ ရွှေကျင်ဂိုဏ်းသား၊ သံဃာများက၊ လေးစားမပျက်၊ ဦးထိပ်ရွက်၍၊ တွဲဖက်ဦးကိုင်၊ သာသနာပိုင်ဟု၊ မဏ္ဍိုင်ရွေးကောက်၊ တင်ကာမြှောက်၏၊ ဘုန်းတောက်နေလ၊ ပြည်မြို့မှလျှင်၊ ဝဏ္ဏကျော်ထင်၊ ဒေါ်သိန်းတင်က၊ စာသင်တိုက်ဖွင့်၊ တောင်းပန်ပင့်၍၊ သုံးဆင့်သာသနာ၊ တည်စေငှါလျှင်၊ ဗာရာဏသီ၊ ကျောင်းတိုက်တည်၍၊ ပွါးစည်သာသနာ၊ ပြုဆဲခါဝယ်၊ ဂုဏ်ဝါသတင်း၊ ကမ္ဘာချဉ်း၍၊ မြတ်မင်းသမ္မတ၊ ဆက်ကပ်ရသည့်၊ အဂ္ဂမဟာ၊ ပဏ္ဍိတာနှင့်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သံဃာဓိပတိ၊ ပြည်ထောင်စုဆရာသခင်၊ ကျေးဇူးရှင်ဟု၊ ပေါ်လွင်ခေါင်ထိပ်၊ အောင်တံဆိပ်ဖြင့်၊ ဂုဏ်ဟိတ်ပွင့်လန်း၊ သော်တာစန်းသို့၊ ဂုဏ်းပန်းဝေလွင်၊ မြတ်ထေရ်ရှင်သည်၊ **ရွှေကျင်ဂိုဏ်းမြတ်. . . ဆောင်ခဲ့ပြီဘုရား။**

**ရေးသားပူဇော်သူ–**

အရှင်ပညာသိရီဘိဝံသ
မင်္ဂလာဗိမာန်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်
မန္တလေး

# ရွှေရတုသဘင်အောင်ပွဲဆင်

**အရှင်အာဒိစ္စဝံသ(ဆားလင်းကြီး)**

** ရွှေရတု မင်္ဂလာ ဤအခါသမယမို့၊
ပြည် မဟာနဂရ သာသနာ့မြေ။
ထေရ်မဟာသမဏ နာယကထေရ်ကို၊
ထာဝရမသွေ ဦးညွှတ်တွား။
အရှင်အာနန္ဒပဏ္ဍိတ ထေရ်မြတ်မဟာ၊
မနသီမြတ်စွာ အထူးတည်ရှိထား။

** ဗာရာဏသီကျောင်းတိုက် မော်ကွန်းမဟာကို၊
ဖော်ညွှန်းစရာ စိုက်ကာထား။
ပေါ်ထွန်းရတနာ တိုက်ကမ္ဘာတစ်လွှားတွင်ဖြင့်၊
အမြိုက်ဓမ္မာတရား ပွင့်လင်းဖြာ။
ပရိယတ်စာပေ ကျမ်းဂန်ချလို့၊
လမ်းမှန်ဓမ္မ ထင်လင်းစေဘို့ရာ။

** သာသနာသုံးရပ် တည်တံ့ကြာအောင်၊
အရှည်ခံ့စရာ စာသင်တိုက်ဟု၊
ကမ္ဘာတစ်ခွင်၌ သာသနာရောင်လင်းဖြာ၊
ထာဝရ ဆောင်ချဉ်းကာ။
ဗာရာဏသီတိုက် ရွှေရတုအခါမှာ၊
ဇေယျတု သဘာ အောင်ပွဲဆင်လို့လေး။

** ကျောင်းအမကြီး(ဒေါ်သိန်းတင်)၏ စေတနာအစဉ်မှာ၊
ပြေကမ္ဘာတခွင် ထင်ရှားပါရဲ့လေး။

** ရွှေရတုနှစ်မှ ရာပြည့်အခါကို၊
ဆရာ တပည့် ဒကာ တက်လှမ်းမည်ပါ့လေး . . .။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)

## ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်

## နှစ် (၅၀) ပြည့် ရွှေရတုပူဇော်ပွဲ

# " သုံးချက်ညီ ထပ်ကွန့် မဟာတေးထပ် "

* ဗာရာဏသီ၊ မြန်မာပြည်၊ စံတင်လောက်၊
ဂန္ထဝင်မြောက်၊ ထေရ်ဘုန်းမော်။
ရာဇဝင်တစ်လျှောက်၊ သက်ဆုံးကျော်သည်၊
နေတစ်နှုန်းနော်၊ လွန်ထင်ရှား။
ပြည်မြန်မာမက၊ ကမ္ဘာကမ္ဘာကျ၊ ဥသျှောင်သံဃာ့ ထေရ်အရှင်ဟာ၊
နေလအသွင်၊ ဖန်ဆင်းတည်ခဲ့လေဘုရား။ ။
* သံဃာသမိုင်းမှာဖြင့်၊ မှန်စွာမဆိုင်းပါလင့်၊ ဉာဏ်အရာတိုင်းကာချင့် ရာဇာဆရာသခင်၊
သံဃာဥကင်၊ မထေရ်တစ်ပါး။
အာနန္ဒာရှင်၊ ထေအလားကဲ့သို့၊
မထေရ်အများထက်၊ ပေါ်ထွန်းဂုဏ်။
ကျော်လေးကျော်ဆရာတော်အရှင်၊ ဘုရင်တစ်ပါးမို့၊
သခင်အများတို့၊ ခစားလို့ဝပ်တွားကုန် ။ ။
* သီလကိုဗဟိုပြု၊ သမာဓိပညာကိုရှု၊ အသက်ပမာတုလို့ တည်ထားပုံရယ်၊
စတုစခမ်းဘုံ၊ အလယ်မဟာကျွန်းအနှံ့။
ဝိဗာရာထွန်းပြန့်၊ ဖူးပွင့်လေပြီ၊
ထူးတင့်ဝေဝေစီ။ ။
* သီသာပါစေကြောင်း၊ ဝိသာခါလေအလောင်း၊
ဝိဗာရာရွှေကျောင်းရဲ့ တိုက်အမဒေါ်သိန်းတင်သခင်ဂုဏ်ရည်ရယ်၊
ရွှေမြ နေလအသွင်တူညီ မြန်းလေပေါ့လေး။ ။
* ဆရာဒကာဆုချွေသည့်၊ သာသနာပြုလေဘိ၊ သံဃာထုနေသည့် ကျောင်းတိုက်တာဘုံ၊
ပြောင်းခိုက်ခါကြုံ ရွှေရတုဆီသို့လေး။ ။
* နှစ်ငါးဆယ်ရတုရွှေဆီမှ မြစ်ဖျားသွယ် သမုဝေစီလှ နှစ်အများရယ်ထိ ဆရာ့သာသနာသည်၊
ကမ္ဘာ့ကမ္ဘာ ရာထောင်မကဆီဘုရာ့လေး။ ။

ရေးသားပူဇော်သူ
အရှင်အမတောဘာသ(တိုက်အုပ်)
ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်တိုက်သစ်
ရန်ကုန်မြို့။



၀၄ရ၀–ခုနှစ်၊ တပိုတွဲလဆန်း(၀၄) ရက်၊ ပြည်မြို့ နဝင်းရပ်
ဝိထုဇ္ဇါရုံဓာရာကျောင်းတိုက် နှစ်(၅၀)မြောက်

# ရွှေရတုမင်္ဂလာရတုပိုဒ်

အရှင်ပညာသိရိဝံသ


**နှိုင်းအပ်နေသွင်။** ။ သရေလွင်သား၊ ထက်ခွင်ပြဟ္မာ၊ နတ်များစွာတို့၊ လောင်းလျာဗုဒ္ဓ၊ တောင်းပန်ကြ၍၊ သုခစုံညီ၊ ဘုံတုသိမှ၊ လူ့ပြည်ရှုမြော်၊ ကြည့်ပြီးသော်လျှင်၊ မယ်တော်မာယာ၊ ဝမ်းတိုက်ကြာတွင်၊ ကိန်းကာစံလစ်။ ခြောက်ဆယ့်ရှစ်ဟု၊ တွက်စစ်ခါကြုံ၊ သမ္ဗာဟုန်ဖြင့်၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့သာယာ၊ ဖွားမြင်လာ၍၊ ငါသာထူးလှ၊ ကြိုးမြတ်စွဟု၊ အဂ္ဂေါဟသို့၊ အစရှိသည့်၊ ပါဠိဒေသနာ၊ ကြေကြေညာလျက်၊ ကေသရာပျံ၊ ဂူထွက်သံသို့၊ ပြိုင်စံမပေါ်၊ ဟစ်ကြွေးကြော်၍၊ ရွှယ်တော်နုသစ်၊ ဆယ့်ခြောက်နှစ်ဝယ်၊ ဖွဲ့ရစ်ကြင်ဖော်၊ မယ်ယသော်နှင့်၊ တူပျော်ရွှင်ပြုံး၊ နန်းမ သုံးဝယ်၊ နှောင်ထုံးလာပြု၊ သားရာဟုကို၊ ဖွားရှုမြင်ထ၊ ဥယျာဉ်ကြွတွင်၊ လေး၀ နိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြို၊ သံဝေပိုလျက်၊ မလိုစည်းစိမ်၊ ဝဋ်နှောင်အိမ်မှ၊ ကြိမ်ကြိမ်လွတ်ရန်၊ သန်းခေါင်ရန်ဝယ်၊ မောင်ဆန်ခေါ်လျက်၊ တောမြိုင်ထွက်၍၊ အသက်ပြုတ်မျှ၊ ဒုက္ကရကို၊ ဗုဒ္ဓလောင်းလျာ၊ ခြောက်နှစ် ကြာအောင်၊ ကျင့်ကာအားသစ်၊ ဘုရားဖြစ်၍၊ သားချစ်ရာဟု၊ ပမာပြုသည့်၊ ဗိုလ်ထုဝေနေ၊ အထွေထွေကို၊ မသေရာမြို့၊ ခေမာသို့လျှင်၊ ကူးတို့ဖောင်ယာဉ်၊ အောင်မဂ္ဂင်ဖြင့်၊ ကယ်တင်ဆောင်ယူ၊ ပို့တော်မူ၍၊ နတ်လူအများ၊ ချမ်းသာပွားဘို့၊ ကိုယ်စားပိဋကတ်၊ ပရိယတ်ကို၊ ထားလတ်ပြည့်စုံ၊ နိဗ္ဗာန်ဘုံသို့၊ ခိုလုံစံဝင်၊ ဘုရားရှင်သည်။ **။နေသွင်ပမာ မှောင်ခဲ့ပြီဘုရား။**

**တိုင်းရပ်မြေပြင်။** ။ ဘုန်းရောင်လွင်သား၊ ထေရ်ကဿပ၊ သံဃိန္ဒကား၊ သုံးဝသာသနာ၊ တည်စေဌါဟု၊ အဇာတသတ်၊ စောနေနတ်နှင့်၊ မြင့်မြတ်သာချို၊ ရာဇဂြိုဟ်ဝယ်၊

တောင်ညိုဌာန၊ ဝေဘာရ၏၊ ပင်လှစရည်း၊ လိုဏ်ဝနီးတွင်၊ ဘုန်းမီးလျှံဖြာ၊ ရဟန္တာဟု၊ ငါးရာစုနှင့်၊ တင်ပြုအစ၊ ခုနှစ်လတည့်၊ တိုင်းမ နေပြည်၊ ဝေသာလီတွင်။ သင်္ဂီမင်္လာ၊ ဒုတိယာကို၊ ကာလာသောက၊ နရိန္ဒလျှင်၊ ယသထေရ်မှူး၊ ပန်လျှောက်ဦး၍၊ ကြည်နူးသံဃာ၊ ခုနှစ်ရာတို့၊ တင်ကာရှစ်လ၊ ကြာကုန်ကြ၏၊ ထိုမှတစ်ဖြာ၊ တတိယာကား၊ ဓမ္မာသောက၊ ရာဇိန္ဒလျှင်၊ မဇ္ဈဘူမိ၊ ပါဋလိဎ်၊ မောဂ္ဂလိပုတ္တာ၊ မြတ်ထေရကို၊ သံဃဦးတွင်၊ အမှူးတင်၍၊ ဂုဏ်အင်ထွန်းပြောင်၊ မြတ်တစ်ထောင်ဖြင့်၊ ရှည်ခေါင်မြင့်ကြွယ်၊ ကိုးလနှယ်တည်း၊ မှတ်ဖွယ်စတုတ္ထာ၊ သီဟိုဠ်မှလျှင်၊ ဝဋ္ဋဂါမဏိ၊ နရာဇိ၏၊ ဘုန်းရှိလက်ထက်၊ ပေစာရွက်တွင်၊ ဓမ္မရက္ခိ၊ ထေရ်မှူးရှိသည့်၊ များဘိငါးရာ၊ မြတ်သံဃာတို့၊ ပြန်ကာညှိနှိုင်း၊ မြန်မာတိုင်းကား၊ သမိုင်းဝေလွင်၊ မန်းမြို့တွင်ဝယ်၊  ဘုရင်မင်းတုန်း၊ သမ္မာဘုန်းဖြင့်၊ ကောင်းဆုံးတင်ဆက်၊ စဉ်မပျက်အောင်၊ သေလက္ခရာ၊ မြတ်ကျောက်စာတည့်၊ မြန်မာဘုန်းသစ်၊ လွတ်လပ်ခေတ်တွင်၊ ရောက်လစ်ပြန်တုံ၊ မြို့ရန်ကုန်တွင်၊ တစ်ဖုံဆဋ္ဌ၊ တင်ကုန်ကြ၏၊ ဗုဒ္ဓဟောမြွက်၊ ဓမ္မစက်ကို၊ တင်ဆက်အောင်မြင်၊ ထေရ်အစဉ်သည်။ ။**ပြေခွင်ကမ္ဘာ ဆောင်ခဲ့ပြီဘုရား. . . .**။

**ဂိုဏ်းမြတ်ရွှေကျင်**။ ။ တက်နေသွင်သို့၊ ထေရ်ရှင်ကဿပ၊ အဦးစ၍၊ မြတ်လှန္ဒယ်မွန်၊ သမ္မာချွန်၍၊ ဘုန်းလွန်တောက်ကြွား၊ ဂုဏ်မြင့်မားလျက်၊ ပေါက်ဖွားထေရ်စဉ်၊ ဂိုဏ်းရွှေကျင်ဟု၊ မည်တွင်သမုတ်၊ ဂုဏ်ထူးပုဒ်ဖြင့်၊ ဝိသုဒ္ဓါရုံ၊ ကျော်လွှမ်းခြုံသား၊ ရွှေဘုံအောင်မြေ၊ ခေါင်ရဝေတည့်၊ သရေခေတ္တရာ၊ ပြည်မြို့မှာလျှင်၊ ဗာရာဏသီ၊ သာယာစည်လျက်၊ နာမည်ကျော်သင်း၊ ကျောင်းတော်တွင်း၌၊ ပွင့်လင်းမြတ်စွာ၊ သာသနာ၏၊ မြင့်ကြာတည်ကြောင်း၊ အရှည်ကောင်းဘို့၊ စုပေါင်းမြိုင်မြိုင်၊ သုံးခရိုင်မှ၊ ဘုန်းလှိုင်သံဃာ၊ ထေရ်မဟာတို့၊ ကြည်သာပြန်နွဲ၊ ဝိနည်းပွဲတွင်၊ ထူးကဲသဒ္ဒါ၊ ဝိသာခါသို့၊ မြန်မာမျိုးတွက်၊ ဂုဏ်တိုးတက်ဘို့၊ ဆောင်ရွက်သယ်ပိုး၊ အမျိုးမျိုးဖြင့်၊ ကိုယ်ကျိုးမငဲ့၊ ခေါင်းဆောင်ခဲ့၍၊ နယ်ချဲ့လက်အောက်၊ ကျွန်သဘောက်မှ၊ လွန်မြောက်မနှေး၊ လွတ်လပ်ရေးကို၊ အားပေးကယ်တင်၊ မော်ကွန်းဝင်သည့်၊ ဂုဏ်အင်ဝင်းပြောင်၊ မြန်ပြည်ထောင်၏၊ ရှေ့ဆောင်သခင်၊ ဒေါ်သိန်းတင်နှင့်၊ ရွှေကျင်ဂဏ၊ နိကာယ၏၊ ဂန္ထဓုရ၊ ပူဇကဟု၊ ဘွဲ့သရေကျော်ဟည်း၊ အသင်းကြီးမှ၊ ဦးစီးညီညာ၊ လှူဒါန်းကာဖြင့်၊ သာသနာပြု၊ ဒကာစုတို့၊ ကောင်းမှုချီးမြှောက်၊ တန်ခွန်ဆောက်ခဲ့၊ ကျရောက်ကောစာ၊ ထောင့်သုံးရာနှင့်၊ စွန်းပါခုနစ်ဆယ့်တစ်(၁၃၇၁)၊ သက္ကရာဇ်တွင်၊ ထွန်းသစ်နေမှု၊ အခြေပြု၍၊ ရွှေရတုအောင်ပွဲ၊ ဆင်ကာနွှဲသည်၊ ပေါက်လဲငုံစီ၊ ကုံရာသီဟု၊ ခါညီ ဆိုမြဲ၊ တပို့တွဲ၏၊ ထူးကဲဆန်းတက်၊ (၁၄)ရက်တွင်၊ နှစ်သက်ရွှင်ပြုံး၊ ပျော်မဆုံးဘဲ၊ အားလုံးကုန်စင်၊ ပြီးအောင်မြင်သည်။ ။ **ရွှေကျင်သမ္မာ၊ ပြောင်ခဲ့ပြီဘုရား**။

အရှင်ပညာသိရီဘိဝံသ
မင်္လာဗိမာန်ကျောင်း
မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မန္တလေး



ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ၊ တွဲဖက်သာသနာပိုင်၊

နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ

ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီဆရာတော်

## ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ ၏

သာသနာပြုမှတ်တမ်း ရှစ်လုံးတွဲ ဓဝီတာသပျို့များ

၁။ တစ်နှစ်ခြောက်လေး ရောက်ရေးကောဇာ
ဝါဆိုလပြည့် ဂဠုန်နေ့မှာ
သုံးနာရီစက် ညဥ့်ဘက်ချိန်ခါ
ဇာနည်ထူး မီးရှူးဖွားမြင်လာ။

၂။ အောင်လံမြို့ကြီး ကျော်ဟည်းဂုဏ်လွင်
ဇိမ့်ရွာဂါမ ဌာနမည်တွင်
ဦးစံထူးတို့ ကြည်နူးပျော်ရွှင်
ဒေါ်ဒေါ်ဆေး ပိုက်ထွေးသားရွှေစင်။

၃။ ဦးသုန္ဒရ ဆရာ့ထံတွင်
ဆယ်နှစ်သားမြတ် ကျောင်းအပ်စာသင်
လောကီသိပ္ပ ထိပ်ကအောင်မြင်
ပညာများ ကြိုးစားတတ်အောင်သင်။

၄။ တစ်ဆယ့်သုံးနှစ် ရောက်သစ်ခါတွင်
ဦးကုဏ္ဍလ ဘွဲ့ရထေရ်ရှင်
ဘထွေးတော်နား လိုက်သွားလို့ပင်
မြို့တော်မန်း ကြွမြန်းပညာသင်။

၅။ ရွှေကျင်ဂိုဏ်းချုပ် ဝိသုဒ္ဓါရုံ
စည်ရှင်ထေရ်မြတ် ဆည်းကပ်ခိုလှုံ၊
ကိုယ်တိုင်ပြသ ပို့ချပြည့်စုံ
ကျမ်းစာများ သင်ကြားအဖုံဖုံ။

၆။ သာမဏေမှု ရှင်ပြုပြီးလျှင်
အာနန္ဒာလား ကြီးမားဉာဏ်ရှင်
ရှင်အာနန္ဒ ပဏ္ဍိတလျှင်
နှုတ်တံဆိပ် ခပ်နှိပ်မြတ်စည်ရှင်။

၇။ တစ်နှစ်ရှစ်လေး မှတ်ရေးကောဇာ
ဝါဆိုလတက် ဆယ့်သုံးရက်မှာ
ကိုးနာရီစက် နေတက်ချိန်ခါ
မြတ်ရဟန်း တက်လှမ်းအောင်မြင်လာ။

၈။ စည်ရှင်ထံပါး သင်ကြားခိုလှုံ
စာတော်ပြန်ပွဲ ဝင်နွှဲဖုံဖုံ
ပထမကျော်တန်း အောင်ပန်းမြတ်ကုံ
ဘိဝံသ ဘွဲ့ရအောင်ပွဲစုံ။

၉။ ကျော်လေးကျော်ရ သာသနာ့ဇာနည်
သကျသီဟ စာချဂုဏ်ရည်
ကမ္ဘာ့ခေါင်ထိပ် အောင်တံဆိပ်စုံညီ
တစ်ဂဏန်း အောင်ပန်းဆင်ခဲ့သည်။

၁၀။ ကိုးဝါအရောက် ချီးမြှောက်စည်ရှင်
အသရေကြို့ မေမြို့မှာပင်
ရွှေကျင်ကျောင်းတိုက် သိုက်မြိုက်တည်ထွင်
မေမြို့ဘုန်း ပြည်လုံးကျော်လို့ပင်။

၁၁။ ထောင့်သုံးရာနှစ် သက္ကရာဇ်တွင်
အရိယဓမ္မ ဖွဲ့မှုစီစဉ်
ပညာသင်ရေး အားပေးမြှင့်တင်
အိန္ဒိယား ကြွသွားပညာသင်။

၁၂။ ဗာရာဏသီ၌ နှစ်ခြိုက်ပျော်ရွှင်
ဟိန္ဒီ သက္ကဋ သိပ္ပစုံလင်
ပညာရပ်များ သင်ကြားအောင်မြင်
ခြောက်နှစ်လုံး နေသုံးမြတ်ထေရ်ရှင်။

၁၃။ စစ်ပြီးခေတ်မှ ပြန်ကြွမြန်ပြည်
စည်ရှင်ထေရ်ဘုန်း မြတ်ဆုံးဂုဏ်ရည်
ဗာရာဏသီဟု ဂုဏ်ပြုဘွဲ့မည်
လွန်ထင်ရှား ကျော်ကြားမြတ်မထေရ်။

၁၄။ ရွှေကျင်ဂိုဏ်းသား အများကော်ရော်
ဥပ-ဥက္ကဋ္ဌ မြှောက်ကြပူဇော်
သာသနာပိုင်တစ်ပါး ထင်ရှားကျော်မော်
ရွှေကျင်ဂိုဏ်း သမိုင်းဂုဏ်ထင်ပေါ်။

၁၅။ ပြည်မြို့အချုပ် ဝိသုဒ္ဓါရုံ
ကျမ်းပြုစာချ ပါကဋဂုဏ်
ကမ္ဘာလွှမ်းသည့် ပညာစွမ်းဟုန်
ပဏ္ဍိတ အဂ္ဂဘွဲ့တော်စုံ။

၁၆။ မဟာသံဃ နာယကတွင်
ဂိုဏ်းပေါင်းစုံကြီး ဖွဲ့စည်းအောင်မြင်
နိုင်ငံတော်ဩဝါဒါစရိယ တင်ကြစုံလင်
မထေရ်ဘုန်း ပြည်လုံးဂုဏ်ရောင်လွင်။

၁၇။ ပြည်မြို့တော်မှ ဝဏ္ဏကျော်ထင်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ထူးတဲ့ဂုဏ်ရှင်
ဒေါ်သိန်းတင်ဟု မည်ပြုပေါ်လွင်
ကျောင်းတိုက်ဆောက် ပင့်လျှောက်မြတ်ထေရ်ရှင်။

၁၈။ တစ်သုံးနှစ်တစ် သက္ကရာဇ်မှီ
နာယကနှင့် စာချစုံညီ
စာသင်တိုက်ဖွင့် အသင့်အောင်ပြီ
ဂုဏ်ရည်ကြို့ ပြည်မြို့ဗာရာဏသီ။

၁၉။ တစ်သုံးငါးငါး ရောက်ပြားကောဇာ
လတပို့တွဲ ထူးကဲချိန်ခါ
လဆုတ်ဆယ့်သုံး ထေရ်ဘုန်းဆရာ
နတ်ရွာကျောင်း ရွှေ့ပြောင်းစံခဲ့ရာ။


၂၀။ တစ်သုံးခုနှစ်တစ် သက္ကရာဇ်ကြုံရာ
ဗာရာဏသီတိုက် သိုက်မြိုက်တေဇာ
ရွှေရတုပွဲ ဆင်နွှဲပျော်ကာ
မြတ်ကောင်းမှု သာခုခေါ်ကြပါ။ ။

**ရေးသားပူဇော်သူ**

အရှင်ပညာသိရီဘိဝံသ

မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်

မန္တလေး



# ပရိယတ်ထုရား အရှိသား

ပုံသိပ်ကြိုး- အရှင်အရိယဝံသ

### ဓမ္မနှင့်ဝိနယ

*    ညီဖွားငဲ့ အာနန္ဒာ၊
     ငါကွယ်လွန်ရှိငြား။
     ဓမ္မဝိနယာတို့၊
     ဆရာယူကေန်မှတ်လို့၊
     လေးမြတ်စေသား။

၁။ ယော ဝေါ, အာနန္ဒ, မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော, သော ဝေါ မမစ္စယေန သတ္ထာ။ (ဒီ၊ ၂၊ ၁၂၆)

### ပရိယတ် ပဓာန

*    သုံးရပ်ကယ် သာသနာ၊
     တည်ပါစေကြောင်း။
     ပရိယတ် ပဓာနလို့၊
     မိန့်ကြစံဟောင်း။

၂။ သာသန ဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ၊ ပဏ္ဍိတော ဟိ တေ ပိဋကံ သုတွာ ဒွေပိ ပူရေတိ။ ( သံ၊ ဌ၊ ၂၊ ၁၈၇)

## သာသနာ ဖျက်သူ

* ပရိယတ် စာခံ၊
နိဗ္ဗာန်နှင့်ဝေး။
ခိုးသူကြီးတူ၊
ပြောဆိုသူ သာသနာဖျက်လို့၊
မိန့်မြွက်ကြသေး။

၃။ ဧဝံ ဝဒန္တော ပနသ သာသနေ ပဟာရံ ဒေတိ၊ ဣမိနာ သဒိသော မဟာစောရော နာမ နတ္ထိ။ (အဘိ၊ ဋ္ဌ၊ ၃၊ ၄၅၇)

## ထူးမြတ်သူ

* ပရိယတ် သင်အံ၊
နိဗ္ဗာန်နှင့် မဝေး။
ပရိယတ်ဆောင်၊
နိဗ္ဗာန်သောင် ခေမာကူးလို့၊
ထူးမြတ်ရလေး။

၄။ နဟိ ပရိယတ္တိဓရော ဒုက္ခတော နမုစ္စတိ။ (အဘိ၊ ဋ္ဌ၊ ၃၊ ၄၅၇)

## လောကဘုရား

* ဘုရားရှင်လုပ်ငန်းမှန်၊

ပြုရန်က လွန်များ။
ပရိယတ်ဆောင်သူတို့၊
စွမ်းအင်ထူ လုပ်ဆောင်ကြတယ်၊
လောကဘုရား။

၅။ သော ဟိ ပရိယတ္တိဓမ္မဿ၊
သတ္ထုကိစ္စကရာ တထာ။
တတ္ထ စဿ ဌိတာ သမ္မာ၊
ဗုဒ္ဓါ နာမာတိ ဘာသိတော။ (ပါထိက၊ ဋီ၊၉၁)

## ဝိနိစ္ဆယ

* ဓမ္မနှင့် အဓမ္မာ၊
ပေါ်လာတဲ့ မှုခင်း။
ပရိယတ် ထေရ်သခင်တို့၊
ဘုရားရှင် ကိုယ်တော်မြတ်နှယ်၊
ဆုံးဖြတ်မယွင်း။

၆။ ဗုဒ္ဓေန သယံ နိသီဒိတွာ ဝိနိစ္ဆိတ သဒိသော ဟောတိ။ (ဝိ၊ ဋ္ဌ၊ ၁၊၂၀၂)

* ပါဠိနှင့် အဋ္ဌကထာ၊
ဓိပ္ပါယ်လာ စုံထပ်။
အင်လေးရပ် သူလိမ္မာ၊
သက်ဝင်ကာ မမေ့လျော့တယ်၊
ယူလော့ ဆုံးဖြတ်။

၇။ ပါဠိ အဋ္ဌကထဉ္စေဝ၊ သာဓိပ္ပါယ မသေသတော။
ဩဂယှ အပ္ပမတ္တေန၊ ကရဏီယော ဝိနိစ္ဆယော။
( ဝိ၊ ဋ္ဌ၊ ၃၄၆)

## ဘုရားကိုယ်စား

* စာချနှင့် စာသင်၊
မြန်ပြည်ခွင် ရှိသား။
ချီးမြှောက်ကြနှော်၊
ကိုယ်စားတော် မြတ်ဗုဒ္ဓလို့၊
ဟောပြစ်ထား။

၈။ ဗဟုဿုတော သုဝါစေန္တော၊
တုမှံ ဘိက္ခု နသာဝကော။
ဧသ စုန္ဒ ဇိနော ဝါတိ၊ အတ္တဌာနေ ဌပေ မုနိ။
(ပါထိက၊ ဋ္ဌ၊ ၉၆)

(ဤဒွေးချိုးကဗျာများဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ပြည်မြို့ ဗာရာဏသီဆရာတော် ဘုရားကြီးအား ပူဇော်ပါ၏။ တပည့် ပုသိမ်ကြီး အရိယဝံသ။)

# ပြည်မြို့ဝိသုဒ္ဓါရုံဗာရာဏသီတိုက် နှစ်(၅၀)ပြည့် ရွှေရတုပွဲတော်ကြီးဘွဲ့(၈၀)ပေါ်တေးတပ်

အရှင်နရသေဋ္ဌ

* ရွှေမန်းဝိသုဒ္ဓါရုံ နွယ်လာအဆက်၊
ပြည်မြို့အတွက် ဗာရာဏသီ။
အဆီအနှစ်ဆက် ပညာပါရမီကို၊
သာသနာပွင့်ပြီ ပိုဆင့်ကဲ။
ဆရာတော်အရှင်အာနန္ဒပဏ္ဍိတသည်၊
ကမ္ဘာသိရန် တိုက်တော်တည်ဆရာတော်ပဲ။

* ထို့နောင်ဒုတိယ ဆရာတော်သည်၊
ဦးဝိစိတ္တ နော် ထေရ်ရှင်ပဲ။
တတိယထုတ်ဖော် ဆရာတော်တွဲတာက၊
ဦးနာဂဝံသ ပဲ ထေရမြတ်အရှင်။
လက်ရှိထက်မြန် သာသနာဖွံ့ဖြိုးစေဖို့၊
မြတ်ပညာမြင့်တိုး ကြိုးစားလို့ထွေထွေသင်။

* မြတ်ဗုဒ္ဓ သာသနာတွင်မှာ၊
ရဟန်းကိုရင် ရာကျော်တို့ဖြင့်
သက္ကတစာဝါဖော် ပါဠိမြတ်အထွေထွေ၊
အားထုတ်တော်မူကြပါပေ-။
နှစ်ငါးဆယ်ပြည့် မြတ်ရတု-ရွှေမှာ၊
နရသေဋ္ဌ ရှာဖွေ ဂုဏ်ပြုပါလို့လေး။

* မူလကျောင်းဒကာကြီး သခင်သင်မည်တွင်၊ သခင်မဒေါ်သိန်းတင် ကျောင်းအမတို့ဗျလေး။

* တစ်သုံးနှစ်တစ် ကျောင်းတိုက်ကြီးတည်ကာ၊ တစ်သုံးခွန်တစ်မှာ နှစ် (၅၀) ရွှေရတု ပွဲ-တော်-ကြီး-ပေ-မို့-လေး ။ ။

အရှင်နရသေဋ္ဌ
(ဝိနယဝိဒူ၊ အဘိဓမ္မဝိဒူ)
ဓမ္မရွှေစည်အုတ်ဖိုတောရ
ညောင်လေးပင်မြို့

# ရွှေရတုတိုင်ဆီ...

အရှင်သောမရံသိ

* ကျောင်းတိုက်တော် ပြည်ဟာရ၊
ထေရ်မှန်သမျှ ဦးတင်။
အဥ္စလီထာဝရ နဖူးပြင်ဝယ်၊
အာရုံတွင်ညွတ်တွား။
သီလ, သမာဓိ ဂုဏ်မြင့်မော်သည်၊
ပညာတော် စွမ်းသည့်ထေရ်များ။

* တိုက်တော်ကြီး ပွင့်သီးဝေ၊
ပင်စည်မြေ စွမ်းအား။
ဟာရာဇာ ထေရ်တစ်ပါးရယ်မို့၊
ပြည်တလွှား ထင်ပေါ်။
သာသနာတော် ခေါင်းဆောင်ထားလို့၊
စွမ်းပကား ရှေ့ဆောင်ဖော်။

* ဂုဏ်ပြုလို့ တံဆိပ်စုံစွာ၊
စံနမူနာ ထားခဲ့ပုံကြောင့်။
သိဿထေရာ တပည့်အများတို့၊
ထိန်းသိမ်းဘို့ သာသနာရှည်။
အနာဂတ်တွက် အားတက်စုံညီ၊
ရောက်ခဲ့ပြီ ရွှေရတုဆီသို့လေး. . . .။

အရှင်သောမရံသိ(စာချ)
ရှစ်မိုင် မစိုးရိမ်ရွှေကျင်တိုက်သစ်
ရန်ကုန်

# အခြေချပြို့ ရွှေရတုမှ တည်မှုဂုဏ်ရောင် နှစ်ငါးထောင်သို့

ဝင်းသစ္စာ (သမ္ဘူလ)

* ထက်လှသဒ္ဓါ၊ သာသနာ၌
"ဝိသာခါ" ခေါ်၊ အမည်တော်သည်
အဟော်ဝတ. . . အံ့ချီးစွ။
ယခုချိန်ထိ. . သူ့ဒါန၊
ဂုဏ်သိရ် ပျံ့သင်း. . ကြိုင်လှိုင်လှ။

* "ဝိသာခါသည်"
ဗုပ္ပါရုံခေါ်၊ ရွှေကျောင်းတော်ကို
ရှင်တော်ဗုဒ္ဓ၊ မုနိန္ဒနှင့်
များလှထေရ်ကျော်၊ သံဃာတော်တို့
ရွှင်ပျော်ပထ၊ လေးလီမျှဖို့
မခ မစ္ဆေ၊ သပြာငွေကို
ကုဋေများစွာ၊ စွန့်ကြကာဖြင့်
သာယာတင့်ဆန်း၊ ဆောက်လှူဒါန်းသို့။

* ပြည်မြို့နဝင်း၊ ရပ်ကွက်တွင်း၌
မီွတင်းပြုံးရွှင်၊ ဂုဏ်စုံလင်သည့်
သခင်ဦးသင်၊ ဒေါ်သိန်းတင်တို့
ရွှင်ကြည်မနော၊ ကုသိုလ်ဇောဖြင့်
ရှင်စောသာသနာ၊ ထွန်းစိမ့်ငှါဟု

သဒ္ဓါရှင်လန်း၊ အားသစ်ဆန်းလျှက်
ရဟန်းသံဃာ၊ ထေရ်မဟာတို့
စံရာတိုက်တော်. . . လှူခဲ့သည်။

* ဝိသုဒ္ဓါရုံ
ဗာရာဏသီ၊ ဂုဏ်ထူးချီလျက်
သညီရွှေးဖြောင့်၊ တစ်ထောင့်သုံးရာ
ကောဇာသက္ကရာဇ်၊ နှစ်ဆယ့်တစ်တွင်
ယှဉ်ဘက်မမှီ၊ မဟာထေရ်မှူး
"ဦးအာနန္ဒ၊ ပဏ္ဍိတ"အား
သွန်ချရေစင်၊ လှူတ်ပွဲဆင်ခဲ့
စည်ပင်ဝေဖြာ၊ သာသနာ၌
ရောင်ဝါဝင့်လို့. . တည်ခဲ့ပြီ။

* မြတ်ဆရာ၏၊
ပညာဂုဏ်နှံ့၊ ပြည်လုံးပြန့်လျက်
သင်းပျံ့မွှေးထုံ၊ ခြေတော်စုံကို
ခိုလှုံနားဝင်၊ ပညာသင်တို့
တိုင်းခွင်သွယ်သွယ်၊ အနယ်နယ်မှ
မိုးနှယ်မစဲ၊ တဖွဲဖွဲတည့်
သင်လည်းသင်ယူ၊ ပို့ချသူတို့
ခွန့်မူ ရှည်ပြု၊ " ရွှေရတု" သို့
သာစု အောင်ဟိတ်. . နွှဲနိုင်ပြီ။

* မြတ်ဆရာ၏
ပညာဖြန့်ရာ၊ တိုက်မဟာသည်
ရှည်ကြာသမျှ၊ "ရွှေရတု" မှ
ဂုဏ်ထုဝေဆာ၊ တိုးတက်ကာဖြင့်
သာသနာ ငါးထောင်၊ မကအောင်၍
ထွန်းပြောင်ဝင်းလက်. . . တည်စေသော်၊
တင့်တယ်ခိုင်ခန့်. . . စည်စေသော်။

ဝင်းသစ္စာ (သမ္ဘူလ)

# အမေ မအိုသေပါဘူး

မောင်သီတလ(ပြင်တော်)

အမေမွေးထား အမေ့သားတို့က
အမေ့အသက် ယခုရောက်ဆဲနှစ်မှာ
လူတို့ဝေါဟာ ရတုပွဲမဟာကို
အမေ့ကိုအကြောင်းပြု ပေါင်းစုလို့
ကျင်းပကြမတဲ့ . . . . . . . . . . . .

သည်အမေကို ခွဲခွါပြီး
အမေ့ထံ အကြောင်းအမျိုးမျိုးပြကာ
တစ်ခေါက်တစ်ခါမှ အရောက်မလာတဲ့ အမေ့သားများ
ရောက်လာသော်လည်း သည်အမေ အိုပြီစိတ်အထင်နဲ့
အမေ့ကိုမပြုစု အလေးဂရုပြုရန် မေ့နေကြသောအမေ့သားများကို
အမေကတော့ အပြစ်မမြင် ချစ်ခင်တွယ်နေလျှက်ပါ. . . . . . .

သည်တစ်ခါ
ညီအကိုတတွေ တွေ့ရင်တော့
အမေ့ရဲ့မေတ္တာ ပန်းဥယျာဉ်မှာ
ပန်းပေါင်းစုံ ပွင့်နေသည့်ပမာ
လာခဲ့ရာလမ်းခရီးမှာ အပန်းရယ်မထင်ဘဲ
ပြုံးရိပ်တွေကိုယ်စီ ရှိနေကြမည့်
သားတို့ရဲ့ပုံရိပ်တွေကို အမေတွေးလို့
ပီတိတွေဖုံး စိတ်ထဲမှာ ကြိတ်ပြုံးလေးတွေ
ပြုံးခဲ့ရတာနေ့စဉ်ရက်ဆက်ပါဘဲ. . . . . . . . .

တခါတလေမှာ
အမေမွေးဖွား အမေ့သားတို့ရဲ့
သားလိမ္မာ-အမေ့မြေးလေးတွေ
အမေ့ထံရောက်လာတော့
သားအချစ် မြေးအနှစ်ဆိုရိုးစကားအတိုင်း
သားတို့ကို အမေတလို့ မြေးလေးတွေကို
အမေ ယုယတွယ်တာခဲ့ရပြန်တယ်. . . . . . . . .

ဒီတစ်ခါ
အမေ့မွေးနေ့မှာ သားတို့ကိုတွေ့ရင်ဖြင့်
သားသက်လျှာ အမေ့မြေးတို့ကို
သည်အမေပြုစုကာ ပြုစုယုယနိုင်သေးကြောင်း
အမေ့လက်မောင်းတုပ်တုပ် သားတို့ကိုထုတ်ပြကာ
မာန်ထည့်ကာ ဟန်အပြည့်ပါတဲ့ စကားတစ်လုံးကို
အမေပြောဖြစ်အောင်ပြောပြလိုက်ပါမယ်
အဲဒီစကားကတော့
အမေမအိုသေးပါဘူးသားတို့ရယ် . . . . . . . . . . . .

(မှတ်ချက်။ ။ဝိ-ဗာ တိုက်ကြီးအား မိခင်ပမာတင်စားဖွဲ့ဆိုပါသည်။)

မောင်သီတလ(ပြင်တော်)
ဗာရာဏသီ

# ရွှေရတုသို့ ဇာန်တော့ပန်း

ငမဲတူ (ရွှေညာမြေ)

အဂ္ဂမဟာ ပဏ္ဍိတာနှင့်
အာနန္ဒာခေါ် ထေရ်အကျော်က
အေးညိမ်းကြည်အောင် နိမိတ်ဆောင်လျက်
နောင်တွင်သာသနာ ထွန်းလင်းခါဖြင့်
ရှည်ပါစေကြောင်း မေတ္တာလောင်း၍
ဝိ-ဗာတိုက်တော် စတင်ပေါ်ခဲ့။

နောင်သောအခါ မြတ်သံဃာတို့
၁။ (အေး)မြပါစေ--ဆုပန်ချွေ၍
၄။ (ညိမ်း)ချမ်းသာယာ ခေတ္တာရာ၌
၂။ (ကြည်)သာရွှင်ပြုံး သီတင်းသုံးလျှက်
၁။ (အောင်)မြေသာသနာ တည်ထောင်လာ၏။

တစ်- သုံး- ခုနှစ်- တစ်
ရောက်လစ်ကောဇာ နှစ်အခါတွင်
ဆူ-ဆူများစွာ မြတ်ဆရာတို့
စုပေါင်းညီညာ လက်တွဲခါဖြင့်
ဒကာအပေါင်း အားဖြည့်(ဖြေ့) လောင်း၍
ကျောင်းတိုက်တည်လာ နှစ်သည်မှာကား
ရွှေရတုသို့ တိုင်ခဲ့ပြီ။ ။ ။

အားလုံးသော ဆရာ့, ဆရာများအား
ဦးညွှတ်လျှက် အန္တေဝါသိက
ငမဲတူ
ရွှေညာမြေ

# ဖြစ်ပေါ်ချိန်ခါ–ရွှေရတုပါ

နေပြည်တော်-မောင်မောင်ဉာဏ်

ပြည်ဗာရာဌာန၊ စာစာပမြိုင်စီ။
ဌာဌာနခိုင်ရှည်အောင်၊ အပိုင်တည် တည်ထား။
နဝင်းနားပွဲချက်ခြာမှာ၊ သရေတက်ခါ ထွန်တောက်မြင့်မား။

စာပေနှင့် ဌာနေတွင်၊ သာစေချင်စိတ်ထား။
ပါကဋေဝင့်ကြွားလို့၊ အရှင်များစံတင်။
ထောင့်သုံးရာနှစ်ဆယ့်တစ်တွင်စလို့မို့၊ ရှေးအရင်ပထမ ပြုကြ ဤတိုက်ပင်။

ယခုပရောက်ဆဲတွင်မှာ၊ မောက်မြစဉ် အခြေပြုတာမို့။
ရွှေရတုတောက်ကြွားလို့ ယခုအခါ၊ ဖောက်ချပြုတာ။
ဗာရာဏသီဆိုမိန့်တာကို၊ ချိုဆိမ့်စွာ မှီဝဲပါလို့လေး. . . ။

နေပြည်တော်---မောင်မောင်ဉာဏ်

# ရှိခိုးပန်ထွာ ဝန္ဒနာ

အရှင်သောမရံသိ(စာချ)

ဘဝအသိ ဘာမရှိလဲ၊
ဆရာရှိသည် သွန်သင်မည်။
ဘဝအတွေး ဘာမပေးလဲ၊
ဆရာပေးသည် သင်ယူမည်။

ဖြူစင်အသိ လိမ္မာရှိဖို့၊
တပည့်ငယ်များ၊ မေတ္တာပွါးကာ၊
ဆုံးမနာယူ၊ ကျင့်သုံးဟူလော့။

စေတနာများ၊ ပီတိစားမို့၊
အော်ကာတမူ၊ ငေါက်ကာတလှဲ့၊
လိုရာလမ်းကြောင်း၊ သွေမပြောင်းဘဲ့၊
လမ်းကောင်းပြညွှန်၊ ဆရာမွန်ကို၊
ကျွန်လျှင်. . . . ရှိခိုးလိုက်ပါသည်။

အရှင်သောမရံသိ(စာချ)
ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ်
ရန်ကုန်



# ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဓမ္မာရာမကျောင်းတိုက်
# ကျောင်းဆရာတော်-ဘဒ္ဒန္တဓမ္မာနန္ဒပဏ္ဍိတာဘိဝံသ
# အဘိဓဇမဟာရဋ္ဌဂုရုတွဲဖက်ရွှေကျင်သာသနာပိုင်
# ထေရုပ္ပတ္တိအကျဉ်း

**မိဘအမည်** ဦးစံထူး+ဒေါ်ဒေါ်ဆေး ဖြစ်သည်။

**မွေးသက္ကရာဇ်** ၁၂၆၄-ခု၊ ဝါဆိုလပြည့်၊ တနင်္ဂနွေနေ့၊ နံနက်-၃-နာရီဖြစ်သည်။

**ငယ်နာမည်** မောင်ကျော်ယုံ(တတိယမြောက်သားရတနာ)ဖြစ်သည်။

**မွေးချင်းများ** ညီ+အကို-၈+ နှမ-၂• ၁၀•ယောက်၊ (ညီတော် ဦးမဟောသဓ ပဏ္ဍိတာဘိဝံသ(၁၂၇၃-၁၃၅၆)၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဓာနနာယက၊ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ မေမြို့ဖြစ်သည်)

**ဇာတိ** မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ဇိန့်ရွာဖြစ်သည်။

**၁၂၇၅-ခုနှစ်** (၁၀)နှစ်သားအရွယ်တွင် ဇိန့်-ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ သုန္ဒရထံတွင် အခြေခံစာပေ များကို သင်ကြားတော်မူပါသည်။

**၁၂၇၇-ခုနှစ်** (၁၃)နှစ်သားအရွယ် ကျောင်းသားသူငယ် မောင်ကျော်ယုံဘဝဖြင့် မန္တလေးမြို့၊ အနောက်ပြင်၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောသလ္လ (တွဲဖက်ရွှေကျင်သာသနာပိုင်)

ထံသို့ ဥူးကြီးတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ (တောင်ငူမြို့ ဝိသုဒ္ဓါရုံ သိမ်ဦးပရိယတ္တိစာသင်တိုက်)၏ အပ်နှံပို့ဆောင်မှုဖြင့် ပညာသင်ရောက်ရှိခဲ့သည်။

**၁၂၈၀-ခုနှစ်** ပထမငယ်တန်း(ကျောင်းသားဘဝဖြင့်)အောင်မြင်သည်။

**၁၂၈၀-ခုနှစ်** ရွှေကျင်နိကာယတတိယသာသနာပိုင် ဒီပဲယင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ နမ္မတူမြို့ ဘာမာမိုင်း ကန်ထရိုက်တာ ဦးအကောင်းရှုတ်+ဒေါ်ဒေါ်သွယ်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ စည်ရှင်ဆရာတော်ဘုရားကြီးမှ **ရှင်အာနန္ဒပဏ္ဍိတ**-ဟု ဘွဲ့အမည် ပေးတော်မူသည်

**၁၂၈၁-ခုနှစ်** ပထမလတ်တန်း (ရှင်သာမဏေဘဝဖြင့်)အောင်မြင်သည်။

**၁၂၈၄-ခုနှစ်** ဝါဆိုလဆန်း(၁၃)ရက်၊ ကြာသပတေးနေ့၊ နံနက်၊ နေ့တက်(၉)နာရီနှင့် ဗီဇနာ(၄၀) အချိန်တွင် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ခဏ္ဍသိမ်တော်တွင် မူလရှင့်ဒကာများဖြစ်ကြသော နမ္မတူမြို့ (ဦးအကောင်းရှုတ်)+ဒေါ်ဒေါ်သွယ် မိသားစု၏ ပစ္စယာနုဂ္ဂဟဖြင့် ဒီပဲယင်းဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

**၁၂၈၅-ခုနှစ်** ဝိသုဒ္ဓါရုံဝံသာလင်္ကာရသဒ္ဓမ္မပါလပဏ္ဍိတဇေ ပထမကျော်

**၁၂၈၅-ခုနှစ်** သာဝတ္ထိမြို့ ပုညဝမ္မနပထမကျော်

**၁၂၈၇-ခုနှစ်** မေမြို့ ဝိနယပထမကျော်

**၁၂၉၅-ခုနှစ်** အစိုးရပထမပြန်-ပထမကျော်

**၁၂၉၅-ခုနှစ်** သကျသီဟပရိယတ္တိသာသနဟိတဓမ္မာစရိ (ဒုတိယအမှတ်များဆုံးဖြင့်အောင်မြင်သည်)

**ပရိယတ္တိသင်ကြားပို့ချခြင်း** အောင်လံမြို့ ဇိန့်ကျောင်းဆရာတော် ဦးသုန္ဒရ၊ တောင်ငူမြို့ လောကုတ္တရာသိမ်ဦးဆရာတော် ဘထွေးတော် လေယာဉ်ပျံ-ဦးကုဏ္ဍလာဘိဝံသ၊ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ဆရာတော်၊ စံကင်းဆရာတော်၊ အဘယာရာမဆရာတော်၊ ဇီးပင်ဆရာတော်၊ ရန်ကင်းချောင်ဆရာတော်၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ဆရာတော်ဦးပညာ၊ ဆရာတော်ဦးသုန္ဒရ၊ ဆရာတော်ဦးနန္ဒဝံသ၊ ဆရာတော်ဦးကောဏ္ဍည စသည်တို့ဖြစ်သည်။

**၁၂၉၃-ခုနှစ်** မေမြို့ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ပဓာနနာယက ဖြစ်တော်မူသည်။
(ယင်း ကျောင်းတိုက်အား ညီတော်အရင်းဖြစ်သူ ဘဒ္ဒန္တမဟောသဓပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)အား လွှဲအပ်တော်မူခဲ့သည်။)။

**၁၃၀၂-ခုနှစ်** သက်တော်(၃၈)နှစ် အရွယ်တွင် ရန်ကုန်မြို့ အရိယဓမ္မပညာတော်သင်အဖွဲ့၏ စေလွှတ်ချက်ဖြင့် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့ ဟိန္ဒူတက္ကသိုလ်-Banaras Hindu University (BHU)သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။

**၁၃၀၄-ခုနှစ်** အဝကျွန်း(ယခု-ဘင်္ဂလားဒေ့ရှ်နိုင်ငံ)၊ သိမ်တောင်ရွာ၌ သိမ်သမုတ်တော်မူသည်။

**၁၃၀၈-ခုနှစ်** အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဟိန္ဒူယူနီဗာစီတီမှ (အာကျရယ)ခေါ် သက္ကတ၊ ဟိန္ဒီဘာသာ မဟာဝိဇ္ဇာဘွဲ့ ရရှိတော်မူသည်။

ထိုသို့ပညာင်သင်ကြားနေစဉ် ဒုတိယကမ္ဘာစစ် ကြီးဖြစ်လာသောကြောင့် ဆက်လက်၍ ပညာသင်ကြားရာ အိန္ဒိယ၌ ၆-နှစ်မျှ ကြာမြင့်ခဲ့သည်။

**၁၃၀၈-ခုနှစ်** ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာပြည်သို့ ပြန်လည် ကြွရောက်လာခဲ့သည်။

**ဗာရာဏသီဆရာတော်** ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် မြန်မာပြည်သို့ ပြန်ရောက်သောအခါ ငယ်ဆရာရင်းဖြစ်သော စည်ရှင်ဆရာတော်ဘုရားက "ဗာရာဏသီဆရာတော်"ဟု မှည့်ခေါ် သည်မှစ၍ **"ဗာရာဏသီ ဆရာတော်"**ဟု ထင်ရှားလာသည်။

**၁၃၁၁-ခုနှစ်** စည်ရှင်ဆရာတော်ဘုရားကြီး ပျံလွန်တော်မူ၍ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ ပြန်လည် သီတင်းသုံးတော်မူသည်။

**၁၃၁၂-ခုနှစ်** ရွှေကျင်ဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီး၌ ရွှေကျင် နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယက အကျိုးတော် ဆောင်အဖြစ် တာဝန်ယူတော်မူသည်။

**၁၃၁၅-ခုနှစ်** သီဟိုလ်ကျွန်း၊ ကိုလံဘိုလ်မြို့၊ မဟာဝိသုဒ္ဓါရာမယ ကျောင်းတိုက်၌ စံကင်းဆရာတော် ဘုရားကြီး၏ အမိန့်တော်ဖြင့် သီဟိုလ်ကျွန်း ရွှေကျင်နိကာယ မဟာနာယက ခန့်အပ်လွှာကို ခန့်အပ်တော်မူသည်။

**၁၃၁၈-ခုနှစ်** ဆဋ္ဌသင်္ဂါယနာတင် ပါဠိပတိဝိသောဓက ကိစ္စများနှင့် ပါဠိတက္ကသိုလ်ကိုယ်စားလှယ် ကိစ္စများကို ဆောင်ရွက်တော်မူခဲ့သည်။

**၁၃၂၀-ခုနှစ်** သခင်မကြီးခေါ်သိန်းတင်(ဝဏ္ဏကျော်ထင်၊ နိုင်ငံဂုဏ်ရည်-ဒုတိယဆင့်၊ လွတ်တော် အမတ်(ပြည်)၊ မော်ကွန်းဝင်-ပထမဆင့်)၏ ပင့်လျှောက်ချက်အရ ပြည်မြို့၊ နဝင်းရပ်ရှိ မူလ ငါးမျက်နှာကျောင်းတိုက်ကို **"ဝိသုဒ္ဓါရုံဗာရာဏသီတိုက်"**ဟူသော အမည်ဖြင့် စာသင်တိုက်ဖွင့်၍ သာသနာပြု ကြွရောက်တော်မူခဲ့သည်။

**၁၃၃၂-ခုနှစ်** ပြည်-သရက်-သာယာဝတီ-သုံးခရိုင်ဆိုင်ရာ ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကြီးကို ဦးဆောင်ကာ စတင်ကျင်းပခဲ့သည်။

**၁၃၃၇-ခုနှစ်** ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယက (မူလပထမ-ပဓာနအကျိုးတော်ဆောင်) အဖြစ်မှ အနားယူတော်မူသည်။

**၁၃၃၇-ခုနှစ်** ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ဝင် ဖြစ်တော်မူသည်။

**ရေးသားပြုစုခဲ့သောကျမ်းစာများ** ပါဠိရဝဒပ္ပဏကျမ်း၊ တေလကဋာဟနိဿယကျမ်း၊ ရွှေကျင်နိကာယ မှတ်တမ်း (ပထမတွဲ၊ ဒုတိယတွဲ၊ တတိယတွဲ၊ စတုတ္ထတွဲ)၊ ဝိသုဒ္ဓါရုံ-ပိဋကအဘိဓာန်

ကျမ်းကြီး၏ ဝိညာပနနိဒါန်း (ပါဠိဘာသာ)နှင့်ပိဋက-ပါဠိ မြန်မာအဘိဓာန် ကျမ်းကြီး၏ ဆိဒ္ဒ-သဒ္ဒါ စပ်ဆက်သော သက္ကတ အဖွင့်ဆိုင်ရာများစသည် တို့ကို ရေးသားပြုစုခဲ့သည်။

**၁၃၄၂-ခုနှစ်** တောင်ငူမြို့ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းတိုက်၊ ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် အစည်းအဝေး ကြီး၌ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ(တွဲဖက်ရွှေကျင် သာသနာပိုင်)အဖြစ် တင်မြှောက်တော် မူခဲ့သည်။

**၁၃၄၂-ခုနှစ်** ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး(၆၆)ပါး၌ ရွှေကျင်ဂိုဏ်းမှ ကိုယ်စားလှယ်(၅)ပါးတွင် တစ်ပါး အပါအဝင်အဖြစ်လည်းကောင်း၊ ပထမအကြိမ်- နိုင်ငံတော်သံဃမဟာ နာယက (ဒုတိယဥက္ကဋ္ဌ) အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူပါသည်။

**၁၃၄၂-ခုနှစ်** အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့ ရရှိတော်မူသည်။

**၁၃၄၃-ခုနှစ်** ထိုင်း၊ မလေးရှား၊ စင်္ကာပူ၊ နီပေါ၊ သီရိလင်္ကာ၊ အိန္ဒိယ-၆-နိုင်ငံသို့(၉၃)ရက်ကြာ သာသနာပြုခရီး ကြွရောက်ခဲ့သည်။

**၁၃၄၅-ခုနှစ်** အောင်လံမြို့၊ ဇာတိ-ဇိနန့်ရွာ၌ ဗာရာဏသီဗိမာန်တော်ကို ဦးဆောင်၍ တည်ဆောက် လှူဒါန်းခဲ့သည်။

**၁၃၄၇-ခုနှစ်** နိုင်ငံတော်သြဝါဒစရိယ-ဖြစ်တော်မူသည်။

**၁၃၅၂-ခုနှစ်** အောင်လံမြို့၊ ဇာတိ-ဇိနန့်ရွာ၌ ဒွေဘာတိကစေတီ (ညီနောင်စေတီ)ကို တည်ထား ကိုးကွယ်ခဲ့သည်။


**၁၃၅၂-ခုနှစ်** အဘိဓဇမဟာရဋ္ဌဂုရု-ဘွဲ့တို့ကို နိုင်ငံတော်အစိုးရမှ ဆက်ကပ်ခဲ့သည်။

**၁၃၅၅-ခုနှစ်** တပို့တွဲလပြည့်ကျော် (၁၃) ရက် (၁၀-၃-၉၄) ကြာသပတေးနေ့ မွန်းလွဲ(၂း၅၀)နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံ တပ်မတော်စစ်ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

**၁၃၅၅-ခုနှစ်** တပေါင်းလဆန်း(၅)ရက် (၁၆-၃-၁၉၉၄)ဗုဒ္ဓဟူးနေ့ မွန်းလွဲ (၁)နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၌ သာခုကီဠနစျာပနသဘင်ကျင်းပ၍ ရန်ကုန်မြို့ ကြံတောသုသာန်တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပတော်မူသည်။

**၁၃၅၅-ခုနှစ်** တပေါင်းလဆန်း(၆)ရက်၊ (၁၇-၃-၁၉၉၄) ကြာသပတေးနေ့၊ နံနက် (၉) နာရီတွင် ရန်ကုန်မြစ်အတွင်း (ဥဒကဝါဟန) အရိုးပြာများကို မျှောခြင်းဖြင့် တစ်ဘဝခန္ဓာ ရုပ်သိမ်းတော်မူသည်။

* * *



## ဝဲခမ်းတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့
## ဝိထုဒ္ဓါရုံဗာရာကာယီတိုက်
# ဆရာတော်အဘွန္တဝိစိတ္တာစာရ ၏
## ထေဝပြစ်တော်စဉ်အကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ အောင်လံမြို့နယ်၊ ရွှေပန်းတောအုပ်စု၊ ရွာသာကုန်းရွာ ခမည်းတော် ဦးစံညွန့်+မယ်တော် ဒေါ်ဝဲကျော် တို့မှ ၁၂၉၁-ခုနှစ်၊ နယုန်လပြည့်ကျော်(၇)ရက်၊ ဗုဒ္ဓဟူးနေ့နံနက်(၁၀)နာရီအချိန်တွင် မိးရှူးသန့်စင်ဖွားမြင်ခဲ့ပါသည်၊ မွေးခြင်း(၇)ယောက်တို့တွင် ပဥ္စမမြောက်သားရတနာဖြစ်၍ မောင်ချစ်သိး ဟုခေါ်တွင်ခဲ့သည်။

### ရှင်-ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၄-နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေပန်းတောအရှေ့ကျောင်း ဦးလေးဘုန်းကြီး ဘဒ္ဒန္တကေလာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်ရောက်ရှိခဲ့ပြီး ရှင်ဝိသုစိတ္တ ဟု ဘွဲ့အမည်ရရှိတော်မူသည်။

ရွှေပန်းတောဈေးရပ်၊ ကုန်သည် ဦးသိန်းအောင်+ဒေါ်မယ်ညှန် သား-ကိုတင်လှိုင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း

(၁၃)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်(၈) နာရီအချိန်တွင် အောင်လံမြို့နယ်၊ ရွှေပန်းတောရွာ၊ အရှေ့ကျောင်း အရှေ့ဘက် ဥဒကုက္ခေပသိမ်၌ အင်းလည်ကျောင်းဆရာတော် ဘဒ္ဒန္တကောဏ္ဍည ကို ဥပဇ္ဈာယ်ပြု၍ ကာရက သံဃာတော် (၃၀)ကျော်တို့ဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူသည်၊ ရှင်အဖြစ်ဘွဲ့တော်ကို ပြောင်းလဲ၍ အရှင်ဝိစိတ္တစာရဟု အသစ်ဘွဲ့အမည်ပြောင်းလဲခဲ့သည်။

## စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်ဘဒ္ဒန္တဝိစိတ္တစာရလောင်းလျာသည် ကျောင်းသားဘဝနှင့်ပင်လောကီပညာ ငါးတန်းအထိ သင်ကြားပြီးလျှင် ရွှေပန်းတော်အရှေ့ကျောင်း ဦးလေးဘုန်းတော်ကြီး ဘဒ္ဒန္တကေလာသ၊ အောင်လံမြို့ မြဝတီကျောင်းဆရာတော် ဘထွေးတော် ဘဒ္ဒန္တပညာနန္ဒ၊ ဘဒ္ဒန္တစန္ဒသိရီ (ဥက္ကဋ္ဌ၊ မြို့နယ်သံဃနာယကအဖွဲ့ အောင်လံမြို့)တို့ထံ သာမဏေဘဝဖြင့် ပရိယတ္တိအခြေခံများသင်ကြားခဲ့ပါသည်။

ထိုမှတစ်ဖန် ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမဟောသဓပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံတွင် ရဟန်းဘဝဖြင့် ပညာသင်ကြားခဲ့ရာ အစိုးရ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

ထို့နောက် မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာနချုပ်မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သက်တော်ရှည် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိဘိဝံသ၊ စည်ရှင်ကျောင်း ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် အသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင် သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ပထမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗာရာဏသီဆရာတော် သက်တော်ရှည် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ (ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ဆရာတော်)၊ ဂန္ဓကာရကဆရာတော် ဘဒ္ဒန္တဓမ္မာဝုဓာဘိဝံသ၊ မစိုးရိမ်တိုက် အာဂမ နယူပဒေသဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ မန္တလေးမြို့ မဟာဝေယံဘုံသာတိုက် ဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)၊ ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်) ရွှေကျင်တိုက်သစ် ဆရာတော် ဘဒ္ဒန္တဝါသဝါဘိဝံသ တို့ထံ စာချတန်းဆိုင်ရာ ကျမ်းစာများသင်ကြား၍ ၁၃၂၄-ခုနှစ်တွင် ဂုဏ်ထူးနှင့်တကွ အောင်မြင်သဖြင့် **သာသနဓဇသိရီပဝရဓမ္မာစရိယ** ဘွဲ့တံဆိပ်တော်ကို ဆွတ်ခူးပန်ဆင် အောင်ပွဲဝင်နိုင်ခဲ့ပါသည်။

## စာပေကျမ်းဂန် သင်ကြားပို့ချ ရေးသားတော်မူခြင်း

စစ်ကိုင်းတောင်ရိုး၊ ပဌာန်းသိပ္ပံဆရာတော် ဘဒ္ဒန္တကန္ဒက(အဂ္ဂမဟာပဏ္ဍိတ)ထံ၌ ပဋ္ဌာန်း၊ ယမိုက်ညဝါ ကျမ်းစာများကို ဆရာဖြစ် နည်းသစ်သင်ကြား မှတ်သားပြီးလျှင် ရဟန်း(၉)ဝါရမှစ၍ ဆရာတော် ဘဒ္ဒန္တဝိစိတ္တစာရ သည် တောင်ငူမြို့ လောကုတ္တရာ ဝိသုဒ္ဓါရုံသိမ်ဦးတိုက်၊ ဝိသုဒ္ဓါရုံမြို့ထောင့်တိုက်များ၌ စာသင်သား တပည့်များကို ပညာများဆင်ပွား ပို့ချသင်ကြားပေးခဲ့ပါသည်။

ထိုမှတစ်ဖန် ကျေးဇူးရှင် ဗာရာဏသီဆရာတော် မန္တလေးမှ ပြည်မြို့သို့ပြောင်းရွှေ့၍ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်သစ်တည်ထောင်ပြီးသည့် ၁၃၂၂-ခုနှစ်မှစ၍ ယနေ့ကျအောင် စာသင်သား(၉၀)ကျော် (၁၀၀)ဝန်းကျင်ရှိ တပည့်တို့အား စစ်ကိုင်း၊ မန္တလေး၊ ရန်ကုန် စာချနည်းတို့ဖြင့် တိုက်အုပ်စာချဘဝမှ ပဓာနနာယက ဆရာတော်ဖြစ်သည်အထိ စာပေပို့ချ သင်ကြားပေခဲ့ပါသည်။

ဆရာတော်သည် အခွင့်သာသည့် ကျမ်းမာရေးကောင်းသည့်အခါများ၌ တပည့်များအတွက်

(၁)ယမကသင်္ခေပကျမ်း၊ (၂)ပဋ္ဌာနသင်္ခေပကျမ်း၊ (၃)ဓမ္မာစရိယ တန်းဆိုင်ရာညဝါနည်းသစ်ကျမ်း၊ (၄)အဂ္ဂါဘိဓဇကျေးဇူးရှင်ဗာရာဏသီဆရာတော် ဘုရားကြီး၏ထေရုပ္ပတ္တိအကျယ်တို့ကို စာမူကြမ်းအဖြစ် ရေးသားထားရှိခဲ့ပါသည်။

ထို့ပြင် ပြည်မြို့၊ တောရတောင်တန်း ယခုလက်ရှိ ဂန္ဓမြိုင်တောရ၊ မဟာဓမ္မိကာရာမတောရ၊ နာဋ္ဌာဂီရိတောရ၊ ယဉ်ပေါင်စာတောရ၊ မိုးကုတ်ရိပ်သာခွဲ သုခါရာမတောရ၊ အောင်လံမြို့၊ ဝိသုဒ္ဓါရုံ သာသနာပြုကျောင်းတိုက်၊ ဓမ္မာလင်္ကာရကျောင်း၊ အောင်လံမြို့နယ် ဖိန့်ရွာကျောင်း၊ ဘရဲရွာကျောင်း၊ ရွှေပန်းတော ရွှေတောင်ပေါ်ကျောင်း၊ ရွာသာကုန်းကျောင်း၊ ကိုးပင်ကျောင်း၊ ဟိုင်းကြီးတိုးကျောင်း၊ မကွေးမြို့ စိန်ပန်းရစ် သာသနာ့ရိပ်သာကျောင်း၊ ဇမ္ဗူဒီပသာသနာ့ရိပ်သာကျောင်း၊ မင်းဘူးမြို့ သာသနာ့အောင်မြေ ကျောင်း၊ ရန်ကုန်မြို့ ကျိုက္ကစံစေတီအရှေ့ဘက် တေဇရံသီကျောင်း၊ မရမ်းကုန်းမြို့ ရှစ်မိုင်မစိုးရိမ်ရွှေကျင် တိုက်သစ်၊ အရာတော်မြို့ သခွတ်ပင်လယ်မြောက်ကျောင်း၊ အရှေ့ကျောင်း တို့၌သီတင်းသုံးနေထိုင်သော တပည့်များကို ဩဝါဒအနုသာသနတို့ဖြင့်စောင့်ရှောက်ခဲ့ပါသည်။

## သာသနာရေးအတွက် ဆောက်ရွက်ချက်များ

ဘဒ္ဒန္တဝိစိတ္တစာရ ဆရာတော်သည် ရွှေကျင်နိကာယဂိုဏ်းလုံးဝန်ဆောင်နာယက၊ ပြည်မြို့ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲ(အကျိုးဆောင်)၊ သာယာဝတီခရိုင် လေးမြို့နယ် ဝိနည်းတော်စာပြန်ပွဲ ဩဝါဒါစရိယ၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အဖွဲ့အစည်းတွင် ပထမအကြိမ် ပဲခူးတိုင်း၊ တိုင်းသံဃနာယကအဖွဲ့ဝင်(ရွှေကျင်)၊ ဒုတိယအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနိစ္ဆယ၊ သီးခြားနိုင်ငံတော် ဝိနိစ္ဆယ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ စာစစ်၊ တတိယအကြိမ် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)၊ စတုတ္ထအကြိမ် တိုင်းသံဃနာယကအဖွဲ့ဝင် (ရွှေကျင်)တို့၌ ပါဝင်ဆောင် ရွက်ပြီးလျှင် ဂိုဏ်းအတွင်း၊ တိုင်းအတွင်း အဓိကရိုဏ်းမှုခင်းများ ဖြေရှင်းပေးပြီး ပြေလည်ငြိမ်းအေးမှု ဖြစ်အောင်ရွက်ဆောင်ပေးနိုင်ခဲ့ခြင်း၊ ထို့ပြင် ပြည်မြို့ပေါ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်၊ မြို့လယ်ကင်းဘုရားကြီး၊ ဆယ်ထပ်ကြီး ဘုရားကြီး၊ ကိုးသောင်းစေတီတော်မြတ်၊ ဖောင်တော်ဦးစေတီတော်မြတ်၊ ရွှေပလ္လင်မှော် စေတီတော်မြတ်ကြီးတို့၌ ဂေါပကများ၏ဩဝါဒါစရိယစသော သာသနာ့တာဝန်နှင့် ပြည်မြို့ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲပြည်မြို့ ပရိယတ္တိဓမ္မာနုဂ္ဂဟအသင်းကြီးတို့၏ ဩဝါဒါစရိယ စသောသာသနာ့တာဝန်တို့ကို အားသွန်ခွန်စိုက်ပါဝင်ဆောင်ရွက်ပေးခဲ့ ပါသည်။

## တိုက်အုပ်အဖြစ်ခန့်အပ်တော်မူခြင်း

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးသည် မိမိ၏လက်ရုံးတစ်ဆူ အားထားရ လောက်သော ဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော ဆရာတော်(ဘဒ္ဒန္တဝိစိတ္တစာရ)ကို ၁၃၂၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်ကြီး၏ တိုက်အုပ်ဆရာတော် တစ်ပါးအဖြစ် ခန့်အပ်တော်မူခဲ့လေသည်။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ-ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်သည် စာပေပရိယတ်ကို အမြဲမပြတ် ပို့ချ၍ ဂန္ထဓုရတာဝန်ကိုဆောင်ရွက်တော်မူခြင်းကြောင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအစိုးရအဖွဲ့က ၁၃၅၄(၁၉၉၃) ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ပဓာန နာယကဆရာတော်ဖြစ်တော်မူခြင်း

ဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး လွန်တော်မူပြီးသည့်နောက် ၁၃၅၅-ခုနှစ်မှစ၍ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ ပဓာနနာယကဆရာတော်အဖြစ် တိုက်တာအကျိုးတို့ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်များ

နေ့စဉ်ည-နံနက် ဝတ်တက်ရွတ်ဖတ် ကမ္မဋ္ဌာန်းထိုင် မပျက်စေခြင်း စာသင်သား တပည့်များ စာအံ စာတက်ကြောင့်ကြစိုက်ခြင်း၊ မည်သည့်ကိစ္စမဆို လုပ်ငန်းကိစ္စမှန်သမျှ ပီပီပြင်ပြင် ထပ်ထပ်နပ်နပ် သေသပ်စွာပြုလုပ်တတ်ခြင်း၊ အခါအားလျော်စွာ တပည့်သံဃာတို့အား ဝတ်ပုံစားပုံ သွားလာပုံနှင့် တည်ငြိမ် လေးနက်စွာ နေတတ် ထိုင်တတ် စားတတ် ဖို့နှင့်တကွ ရှင်,ရဟန်းပုံကျကျ ပုံလှလှ ဣန္ဒြေရရဖြစ်ဖို့ ကိုယ်နှုတ်စိတ်သန့်ရှင်းပြည်စုံဖို့များ အထူးအလေးပေး သင်ပြပြုပြင်လေ့ရှိခြင်း၊

၁။ ရှင်ကျင့်ဝတ်လာ,သေခိယာ,စုဒ္ဒသာနှင့်ညီပါစေ။

၂။ ဝတ်ပုံ စားပုံ,သက်န်းရုံ,အကုန်ညီပါစေ(သေခိယာ)။

၃။ ဖွဲသန်မာန်တင်း,စာအံခြင်း,အလျဉ်းမပျင်းရာ။

၄။ ဆင့်ထက်ဆင့်ကဲ,သိဉာဏ်မြဲ,စိတ်ထဲတည်ကြည်ပါ။

၅။ စစရာရာ,သည်းခံကာ,ညီညာတိုင်ပင်လုပ်။

၆။ ဝိဇာတိုက်တာ,သာသနာ,ညီညာလွန်အားထုတ်။

၇။ လိုပိုမရှိ,စေ့စပ်ဘိ,မှတ်သိသေချာလုပ်-စသောဩဝါဒများဖြင့်သွန်သင်ဆုံးမ တတ်ခြင်း စသည်ဖြစ်ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်သည် အမျိုးဘာသာ သာသနာတော်၏အကျိုး လဇ္ဇီပေသလသိက္ခာကာမ၊ ဝိနယဂရုက၊ ပရိယတ္တိဝိသာရဒ၊ ဂန္ထကာရက စသောဂုဏ်တို့နှင့်ကုံလုံပြည့်ဝတော်မူသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအစိုးရက ၁၃၅၉(၁၉၉၈)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

## တဘဝတာ ခန္ဓာဟောင်း စွန့်ခွါတော်မူခြင်း

ဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားတည်ထောင်မူခဲ့သော ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီဟိုက်ကြီးကို ကိုယ်အား ဉာဏ်အားစွမ်းပကားတို့ဖြင့် သာသနာအကျိုး ဆောင်ရွက်တော်မူပြီးသည့်နောက် ၁၃၆၁-ခုနှစ်၊ တပို့တွဲလပြည်ကျော်(၁၄)ရက် နံနက်အရုဏ်တက်တွင် ခန္ဓာဟောင်း စွန့်ခွါ၍ ဘဝနတ်ကျောင်း ပြောင်းရွှေ့စံမြန်းတော်မူခဲ့လေသတည်း။

သဗ္ဗေသင်္ခါရာ အနိစ္စာ




# ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့
# ဝိထုဋ္ဌါရုံဗဟာရာမတိုက်
# ဆရာတော်ဘဒ္ဒန္တနာဂဝံသ ၏
# ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ အောင်လံမြို့၊ ဗိုလ်ကုန်းရပ်၊ ခမည်းတော် ဦးမောင်ဆိုင်+မယ်တော်ဒေါ်တင် တို့မှ ၁၂၉၅-ခုနှစ်၊ ပြာသိုလဆန်း (၈)ရက်၊ စနေနေ့တွင်ဖွားမြင်တော်မူပါသည်။

### ရှင်-ရဟန်း-ပြုတော်မူခြင်း

၁၂-နှစ်သားအရွယ်တွင်ဈေးကုန်းရပ်၊ ဆရာတော်ဘဒ္ဒန္တဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၃၁၅-ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်နေ့တွင် သုံးထပ်ကျောင်းခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တ ဝေပုလ္လကို ဥပဇ္ဈာယ်ပြုလျက် အောင်လံမြို့၊ ဦးဘသိန်း+ဒေါ်တင်လှတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။



သာသနဓဇဓမ္မာစရိယ၊ (ထ.စ.တ.ဓမ္မာစရိယ)၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊

အဂ္ဂမဟာပဏ္ဍိတ

၂၀၀၉-ခုနှစ်၊ ဓမ္မာစရိယပညာရေးအဖွဲ့ဥက္ကဋ္ဌ

# ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ ၏

## ထေရုပ္ပတ္တိ အကျဉ်းချုပ်

### ၁။ ဖွားမြင်တော်မူခြင်း

ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ-သည် သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ဆင်ကျွန်းကျေးရွာ၊ ခမည်းတော် ဦးမောင်ဟန်+မယ်တော် ဒေါ်ကွန်းနုတို့မှ ၁၃၀၈-ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် (၁)ရက်၊ စနေနေ့၊ နံနက်(၉)နာရီ အချိန်တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူသည်။ ညီအစ်ကိုမောင်နှမ (၆)ယောက်တို့တွင် တတိယမြောက် သားရတနာဖြစ်ပါသည်။ အဘိုးဖြစ်သူ ဦးဖိုးချစ် (ခမည်းတော်၏ဖခင်) က မောင်တင်ထွန်းဟု နာမည်မှည့်ပေးခဲ့ပါသည်။

## ၂။ ရှင်-ရဟန်းပြုတော်မူခြင်း

(၆)နှစ်သားအရွယ် ၁၃၁၄-ခုနှစ်ခန့်တွင် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသထံ-မိဘနှစ်ပါးတို့ကအပ်နှံ၍ ပညာသင်ကြားစေခဲ့ပါသည်။ ထို့နောက် အစိုးရမူလတန်းကျောင်းဖွင့်သောအခါ မူလတန်းကျောင်းသို့ ပြောင်းရွှေ့တက်ရောက်ကာ လေးတန်း အောင်မြင်သည်အထိ ပညာသင်ကြားခဲ့ပါသည်။

လေးတန်းအောင်မြင်သည့် ၁၃၁၉-ခုနှစ်တွင်မိဘနှစ်ပါးပစ္စယာနုဂ္ဂဟဖြင့် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၃၂၈-ခုနှစ်၊ ကဆုန်လဆန်း(၇)ရက်နေ့၌ မြန်အောင်မြို့၊ ရွှေဘုံသာရပ်နေ လမင်းဆီစက်ပိုင်ရှင် ဘကြီးတော်ဦးသန်းမောင်+ ဒေါ်ခင်စိန် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ ကိုပင်ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ရောက်ရှိခဲ့ပါသည်။

## ၃။ စာပေသင်ကြားတော်မူခြင်း

ဆင်ကျွန်းရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ၊ မန္တလေးမြို့၊ အနောက်ပြင် (ယခုမဟာအောင်မြေမြို့နယ်) မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း တွဲဖက်ရွှေကျင် သာနာပိုင် အဂ္ဂမဟာဏ္ဍိတ၊ အသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ၊ ၄င်းကျောင်းတွဲဖက် ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပိုက်ကျုံးဆရာတော် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိဘိဝံသ စသောဆရာတော်များအထံတွင် ပရိယတ္တိစာပေများ သင်ယူခဲ့ပါသည်။

## ၄။ အမြင့်ဆုံးအောင်မြင်ခဲ့သည့် စာမေးပွဲနှင့် ခုနှစ်များ

(က) အစိုးရ "သာသနဓဇဓမ္မာစရိယ" ဘွဲ့ ၁၃၂၉-ခုနှစ်၊

(ခ) "စေတီယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက"ဘွဲ့ ၁၃၃၅-ခုနှစ်၊

(ဂ) "ပရိယတ္တိသာသနဟိတ(သကျသီဟ)ဓမ္မာစရိယ"ဘွဲ့ ၁၃၃၆-ခုနှစ်၊

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်အမည်နှင့် ဆက်ကပ်ခံရသည့်ခုနှစ်

"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့ ၂၀၀၄-ခုနှစ်။

"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့ ၂၀၁၀-ခုနှစ်။

## စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်သည်၊ သရက်တောကျောင်းဆရာတော်ဘဒ္ဒန္တဝေပုလ္လ၊ ကွဲခြံကျောင်းဆရာတော် ဘဒ္ဒန္တမာဃိန္ဒ၊ ပြာသာဒ်ကျောင်းဆရာတော်ဘဒ္ဒန္တဝရုဏ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ စည်ရှင်ကျောင်း အသောကာရုံ ဆရာတော်၊ ပိုက်ကျိုးဆရာတော်၊ ဗာရာဏသီဆရာတော်များ၊ ရန်ကုန်မြို့-မဟာဝိသုဒ္ဓါရုံဆရာတော်၊ မန္တလေးမြို့ ဝေယံဘုံသာဆရာတော် စသောဆရာတော်များထံ စာပေကျမ်းဂန်များကို သင်ယူခဲ့သဖြင့်- အစိုးရဓမ္မာစရိယတန်း-ကျမ်းစာများကို အောင်မြင်တော်မူခဲ့ပါသည်။

## သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်တွင် စာပေများကိုသင်ကြားပို့ချလျက်-ရွှေကျင်နိကာယ ရတ္တညူမဟာနာယက၊ ပြည်မြို့ သုံးခရိုင်ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲ(အကျိုးဆောင်)၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အဖွဲ့အစည်းတွင် ပဲခူးတိုင်း၊ တိုင်းသံဃနာယကအဖွဲ့ဝင်(ရွှေကျင်)၊ မြို့နယ်သံဃ နာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)တို့၌ ပါဝင်ဆောင်ရွက်ပြီးလျှင် ဂိုဏ်းအတွင်း၊ တိုင်းအတွင်း အဓိကရိုဏ်း မှုခင်းများ ဖြေရှင်းပေးပြီး ပြေလည်ငြိမ်းအေးမှု ဖြစ်အောင်ရွက်ဆောင်ပေးနိုင်ခဲ့ခြင်း၊ ထို့ပြင် ပြည်မြို့ပေါ်ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်၊ မြို့လယ် ကင်းဘုရားကြီး၊ ဆယ်ထပ်ကြီးဘုရားကြီး၊ ကိုးသောင်းစေတီတော်မြတ်၊ ဖောင်တော်ဦး စေတီတော်မြတ်၊ ရွှေပလ္လင်မှော်စေတီတော်၊ လောကမဥ္ဇူဘုရားနီ စေတီတော်၊ ရှင်တက် စေတီတော်၊ ကျောင်း/အိုးဆုတောင်းပြည့်စေတီတော်၊ ကျောင်းကုန်းဆုတောင်းပြည့် စေတီတော်၊ ရွှေဘဏ္ဍာစေတီတော်စသောစေတီတော်မြတ်ကြီးတို့၌ ဂေါပကများ၏ ဩဝါဒါစရိယစသော သာသနာ့တာဝန်နှင့် ပြည်မြို့ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန် စာမေးပွဲ၊ ပြည်မြို့ ပရိယတ္တိဓမ္မာနုဂ္ဂဟ အသင်းကြီးတို့၏ ဩဝါဒါစရိယစသော သာသနာ့တာဝန်တို့ကို အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်လျက် ရှိနေပါသည်။

## တိုက်ကြပ်အဖြစ်ခန့်အပ်တော်မူခြင်း

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးသည် မိမိ၏လက်ရုံးတစ်ဆူ အားထားရလောက်သော ဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော ဆရာတော်(ဘဒ္ဒန္တနာဂဝံသ)ကို ၁၃၂၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ကြီး၏ တိုက်ကြပ်ဆရာတော်တစ်ပါးအဖြစ် ခန့်အပ်တော် မူခဲ့လေသည်။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ-ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တနာဂဝံသသည် ၁၃၆၄-ခုနှစ်၊ ၂၀၀၃-ခုနှစ်တွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ တံဆိပ်တော်ကို အလှူခံရရှိခဲ့ပါသည်။

## အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

အမျိုးဘာသာ သာသနာတော်၏အကျိုး လဇ္ဇီပေသလသိက္ခာကာမ၊ ဝိနယဂရုက၊ ပရိယတ္တိဝိသာရဒ၊ ဂန္ထကာရက စသောဂုဏ်တို့နှင့်ကုံလုံပြည့်ဝတော်မူသော ဆရာတော်ဘုရားအား ပြည်ထောင်စု မြန်မာနိုင်ငံ

တော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရက ၁၃၆၉(၂၀၀၇)ခုနှစ်တွင် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

## တိုက်အုပ်ဆရာတော်၊ နာယကဆရာတော်ဖြစ်တော်မူခြင်း

ဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး လွန်တော်မူပြီးသည့်နောက် ၁၃၅၅-ခုနှစ်တွင်တိုက်တာ၏ တိုက်အုပ်အဖြစ် စီမံအုပ်ချုပ်တော်မူလျှက်၊ ၁၃၆၀-ခုနှစ်တွင် ဒုတိယဗာရာဏသီဆရာတော် လွန်တော်မူသောအခါ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ ပဓာနနာယကဆရာတော်အဖြစ် တိုက်တာအကျိုးတို့ကို ဆောင်ရွက် တော်မူခဲ့ပါသည်။

## ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်များ

ဆရာတော်သည် နေ့စဉ်ည-နံနက် ဝတ်တက်ရွတ်ဖတ် ကမ္မဋ္ဌာန်းထိုင်မပျက်စေခြင်း၊ စာသင်သားတပည့်များ စာအံ စာတက်ကြောင့်ကြစိုက်ခြင်း၊ ဂန္ထဓုရ ကျမ်းဂန်ပိဋကတ်တို့ကို မပြတ်လေ့လာ ကြည့်ရှုပို့ချခြင်း၊ သီလသမာဓိ ဝိပဿနာရဟန်းတရားတို့ဖြင့် ကိုယ်နှုတ်စိတ်တို့ကိုထုံလျက် ဝါသဓုရဝန်ကိုမပြတ်ရွက်ဆောင်ပွားများခြင်း၊ ပစ္စည်းလေးပါး ဒကာ+ဒကာမများဖြင့် ဟိတ်ဟန်မထုတ် ဂုဏ်မလုပ်မူ၍ ကုပ်ကုပ်သေစွာ မှိန်မှိန်နေထိုင်ခြင်း၊ ရရှိသောလာဘ်သပ္ပကာကို တွယ်တာဝန်တို သိမ်းဆည်းမရှိ တပည့်သံဃာများနှင့် ဝေငှသုံးဆောင်လေ့ရှိခြင်း၊ ရဟန်း သာမဏေများကို အော်အင်ငေါက်ငမ်း ကြမ်းတမ်းစိတ်တို ဆဲဆိုရိုက်နှက် ပုတ်ခတ်တတ်သော အလေ့ဆိုးကိုပယ်ရှားလျက် ယဉ်ကျေးသော အမူအရာတို့ဖြင့် ဆိုဆုံးမလေ့ရှိခြင်း စသော ဂုဏ်တို့ဖြင့် ရဟန်းရှင်လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံရခြင်းစသော ဂုဏ်တို့ဖြင့် ပြည့်စုံတော်မူလျက် ရှိပါသည်။

ယခုအခါ ဆရာတော်ဘုရားသည် ကျေးဇူးတော်ရှင်ဆရာသမား တည်ထောင် တော်မူခဲ့သော ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၌ သီတင်းသုံး နေထိုင်လျက်၊ ပရိယတ္တိ,ပဋိပတ္တိလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း၊ တပည့်သံဃာ ဒကာ+ဒကာမတို့အား တရားဓမ္မဟောပြောပြသ ဆိုဆုံးမခြင်းတို့ကို ပြုလုပ်လျက် တိုက်တာ၏နှစ်(၅၀)ပြည့်ရွှေရတုသမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ရန် ဦးစီးပြုကာ ဆောင်ရွက် အားထုတ်လျက်ရှိပါသည်။

* * *

## ၅။ သံဃာ့အဖွဲ့ အစည်း တာဝန်နှင့် ခုနှစ်များ

* ပြည်မြို့နယ်၊ သံဃနာယကအဖွဲ့ (ရွှေကျင်) အကျိုးဆောင်အဖြစ် လည်းကောင်း၊
* ၁၉၉၀-ခုနှစ်မှ ယနေ့အထိ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် လည်းကောင်း၊
* ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ်၁၃၃၅-ခုနှစ်နှင့် ၁၃၅၉ ခုနှစ်တို့၌လည်းကောင်း၊
* နိုင်ငံတော် သံဃာ့ဝိနိစ္ဆယအဖွဲ့ အဖွဲ့ဝင်အဖြစ်အကြိမ်များစွာလည်းကောင်း၊
* မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၌ သီတင်းသုံးနေထိုင်စဉ် ဝိသုဒ္ဓါရုံ တိပိဋက ပါဠိ+မြန်မာအဘိဓာန်ကျမ်း ပြုအဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပြီး၊
* ၂၀၀၉-ခုနှစ်၊ ဓမ္မာစရိယစာမေးပွဲ နှင့် ပထမပြန် အထူးအောင် ရွေးချယ်ရေး ပညာရေးဗဟိုအဖွဲ့၏ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊
* ပြည်မြို့၊ နဝင်းရပ်၊ကျောင်းကုန်းရပ်ကွက် ဆုတောင်းပြည့်စေတီတော် နှင့် ဖောင်တော်ဦးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်လျက်ရှိပါသည်။

## ၆။ ကျောင်းတိုက် အုပ်ချုပ်မှုတာဝန်

ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ သည် ကျေးဇူးတော်ရှင် ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်က တိုက်ကြပ်ဆရာတော်အဖြစ်လည်းကောင်း၊ ယခုအခါ တိုက်အုပ်ဆရာတော်အဖြစ် လည်းကောင်း၊ ကျောင်းတိုက်အုပ်ချုပ်ရေးတာဝန်များကို ထမ်းဆောင် လျက်ရှိပါသည်။

* * *



## ပဲခူးတိုင်း(အနောက်ပိုင်း)၊ပြည်မြို့
## ဝိထူဋ္ဌါရုံဓာရာကျောင်းတိုက်
# ဆရာတော်ဘဒ္ဒန္တဓမ္မရသ ၏
## ဘဝဖြစ်တော်စဉ်အကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်း၊ အောင်လံမြို့၊ မြို့မရပ်၊ ခမည်းတော် ဦးမောင်ချစ်ဦး+မယ်တော်ဒေါ်ဒေါ်ဖွားသစ်တို့မှ ၁၂၈၃-ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၁၅)ရက်၊ စနေနေ့တွင် ဖွားမြင်သော သားရတနာတစ်ပါး ဖြစ်တော်မူပါသည်။

**ပထမအကြိမ်ရှင်-ပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၅-ခုနှစ်တွင် အောင်လံမြို့၊ ဆားကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ပထမအကြိမ်ရှင်သာမဏေပြုတော်မူခဲ့လေသည်။

## လောကီစာပေ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်သည် ၁၃၀၀(၁၉၃၈)-ခုနှစ်တွင် အောင်လံမြို့၊ ရွှေယင်းမာကျောင်းမှ တိုင်းရင်းဘာသာ ဒသမတန်းအထိ အောင်မြင်တော်မူခဲ့ပြီး၊ ရွှေယင်းမာဆရာတော်နှင့် ဦးလေးဖြစ်သူ များအကူအညီဖြင့် ရန်ကုန် ကြည့်မြင်တိုင် ဦးညီပု နေ့ာ်မံကျောင်းတွင် အထက်တန်း ဆရာအဖြစ်တက်ရောက်သင်ယူခဲ့ပါသည်။

၁၃၀၁(၁၉၃၉)-ခုနှစ်တွင်ဆရာဖြစ်လက်မှတ်ရရှိတော်မူခဲ့ပြီး၊ ၁၃၀၂-၁၃၀၃(၁၉၄၀-၁၉၄၁)-ခုနှစ်တွင် ဆရာတော်ဦးနန္ဒိယ၏ဆောင်မမှုဖြင့် သရက်မြို့ အစိုးရဟိုက်စကူးကျောင်း ဘော်ဒါတွင်နေ၍ အထက်တန်းစာပေများကိုသင်ကြား ဆည်းပူးတော်မူခဲ့လေသည်။

## ရှင်-ရဟန်း-ပြုတော်မူခြင်း

၁၃၀၆-ခုနှစ်တွင် ဒုတိယအကြိမ်သာမဏေပြုလျက် တန်ဆောင်မုန်းလဆန်း (၁၂) ရက်၌ အောင်လံမြို့၊ ဆားကျောင်း၊ ခဏ္ဍသိမ်၌ ဆားကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် အောင်လံမြို့ ဒေါ်မြကြီး-ဒေါ်အုန်းရှင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူပါသည်။

## စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်သည် ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရစ်ကျောင်းဆရာတော်ကြီးများ၊ ဗောဓိဆရာတော် ဘဒ္ဒန္တကုဝေရ၊ မဟာဝိသုတာရာမအလယ်တိုက် ဆရာတော်ကြီး များနှင့် မဟာဝိဇယာရာမအရှေ့တိုက်ဆရာတော်ကြီးများ၊ မန္တလေးမြို့ ရွှေကျင် နိကာယဗဟိုဌာနချုပ် မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သက်တော်ရှည် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိဘိဝံသ၊ စည်ရှင်ကျောင်း ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက် ရွှေကျင်သာသနာပိုင် အသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ၊ ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ပထမအကြိမ် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဗာရာဏသီဆရာတော် သက်တော်ရှည် ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသ (ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ဆရာတော်)စသော ဆရာ တော်များ အထံတော်တွင် အထက်တန်းဆိုင်ရာစာပေများကိုသင်ယူခဲ့ပြီး ပါဠိဂုဏ်ထူး-မြန်မာဂုဏ်ထူးနှင့်တကွအောင်မြင်သဖြင့် သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ဝိနယ ပါဠိပါရဂူ၊ ဝိသုဒ္ဓါရုံဝံသပါလဓမ္မာစရိယ၊ ဓမ္မာစရိယမကုဋဝိဘင်္ဂရေ(မော်လမြိုင်)၊ ဘီ-အေ(မြန်မာ) စာမေးပွဲများကို ဖြေဆိုအောင်မြင်တော်မူခဲ့ပါသည်။

## သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

အောင်လံမြို့၊ ဝိသုဒ္ဓါရုံသာသနာပြုကျောင်း၊ ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ စ်ကျောင်း၊ ပခုက္ကူမြို့ အရှေ့တိုက် မဟာဝိဇယာရာမနှင့်အလယ်တိုက် မဟာဝိသုတာ

ရာမတိုက်၊ မန္တလေး၊ မဟာဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်းများတွင်ဝါကပ်တော်မူလျက် တပည့်သံဃာများအား စာပေပို့ချခြင်း၊ သင်ယူခြင်း၊ ဒကာ+ဒကာမတို့အားတရားဓမ္မတို့ဖြင့်ဟောပြောပြသခြင်း၊ ပြည်မြို့ သုံးခရိုင်ရွှေကျင်နိကာယဝိနည်းတော်စာပြန်ပွဲကြီး၏နာယက၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးအဖွဲ့အစည်းအဆင့်ဆင့်တွင် ဝိနိစ္ဆယအဖွဲ့ (ဝိနည်းဓိုရ်)၊ မြို့နယ်သံဃနာယကအဖွဲ့ သြဝါဒါစရိယ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ စသောအဖွဲ့အစည်းတို့တွင်ပါဝင်ဆောင်ရွက်လျက် သာသနာရေးဆိုင်ရာ လုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိနေပါသည်။

ဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၏သာသနာပြုရာ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၌ လာရောက်၍ ရံဖန်ရံဖန် စာပေများ လာရောက်ပို့ချခြင်း စသော သာသနာပြုလုပ်ငန်းများကိုလည်းပြုတော်မူခဲ့လေသည်။

ထိုသို့ဆရာတော်သည် အဝေးမှလာရောက်၍ သာသနာပြုခြင်းကို အားမရ၍ ၁၃၃၈-ခုနှစ်ဝါဆိုဦးမှစ၍ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်စည်ရှင်ကျောင်းမှ ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့အပြီးပြောင်းရွှေ့ကာ ဝိ-ဗာသာသနာကို အစဉ်တစိုက်အားသွန် ကျိုးပမ်းဆောင်ရွက်တော်မူလေသည်။

**ရေးသားထုတ်ဝေ ဓမ္မဒါနပြုခဲ့သောကျမ်းစာများ**

၁။ အာနာပါနဘာဝနာ၊
၂။ မေတ္တာဘာဝနာ၊
၃။ အာနာပါနကမ္မဋ္ဌာန်း၊
၄။ ဆောင်းပါးပေါင်းချုပ်၊
၅။ ပထမကျော် အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ၊
၆။ ဂုရုဝဏ္ဏနာဂါထာ(၁၀၀)၊
၇။ ဝိသုံဂါမဝိနိစ္ဆယ၊
၈။ ဝိနိစ္ဆယအမှတ်-၆၉၊
၉။ ပဋ္ဌာန်း ထပ်ဆင့်ပူဇာ၊
၁၀။ ဒါရုက္ခန္ဓောပမ အင်္ဂလိပ်ဘာသာပြန်၊
၁၁။ မဇ္ဈိမဒေသဘုရားဖူးမှတ်တမ်း(၁)၊
၁၂။ မဇ္ဈိမဒေသဘုရားဖူးမှတ်တမ်း(၂)၊
၁၃။ စွယ်စုံကျော်ထင်၊
၁၄။ ဒါရုက္ခန္ဓောပမ မြန်မာပြန်၊
၁၅။ မုနိသုတ္တံ၊
၁၆။ ခရီးသွားမှတ်တမ်း၊
၁၇။ မေတ္တာပွားနည်း၊
၁၈။ လက္ခဏာကျမ်း၊


၁၉။ မေတ္တာရှင်စာအုပ်ထပ်ဆင့်ပူဇော်၊
၂၀။ ရွှေစက်တော်သမိုင်း၊
၂၁။ အလောင်းတော်ကဿပသို့ဓမ္မခရီးစဉ်မှတ်တမ်း-ဟု
စုစုပေါင်း(၂၁)အုပ် ရေးသားထုတ်ဝေ ဓမ္မဒါနပြုခဲ့ပါသည်။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ-ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တဓမ္မရသ မထေရ်အား ၁၃၆၁-ခုနှစ်၊ (၂၀၀၀)ခုနှစ်တွင်ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော-အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ-ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူလေသည်။

ယခုအခါ ဆရာတော်ဘုရားသည် ကျေးဇူးတော်ရှင်ဆရာသမားတည်ထောင်တော်မူခဲ့သော ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၌ သီတင်းသုံးနေထိုင်လျက် ပရိယတ္တိ,ပဋိပတ္တိလုပ်ငန်းတို့ကို ဆောင်ရွက်ခြင်း၊ တပည့်သံဃာ ဒကာ+ဒကာမတို့အား တရားဓမ္မဟောပြောပြသဆိုဆုံးမခြင်းတို့ကိုပြုလုပ်လျက် တိုက်တာ၏ နှစ်(၅၀)ပြည့်ရွှေရတုသမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ရန် ဩဝါဒဆရာတော်တစ်ပါးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

* * *



ပထမ တိုက်အုပ် ဆရာတော်

# ထေရ္ဗန္တဝိသာရဒဝံသာဘိဝံသ (အဝန္တောဝံသာဘိဝံသ) ၏ ထေဝပြဖြစ်တော်စဉ်

မိဘအမည်။ ။ဦးသန့်+ဒေါ်အေးမယ်

မွေးသက္ကရာဇ်။ ။၁၂၈၇-ခု၊ ကဆုန်လပြည့်ကျော် (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၉-နာရီ။

မွေးချင်း။ ။သားဦးရတနာ

ဇာတိ။ ။မကွေးတိုင်း၊အောင်လံမြို့နယ်၊ ကြိုးကြာကုန်းကျေးရွာ

ကျောင်းအပ်။ ။ကြိုးကြာကုန်းကျေးရွာ၊ ရွာဦးကျောင်းဆရာတော်၊

ကျောင်းသားဘဝ။ ။၈-တန်းအောင်

ရှင်ပြုမင်္ဂလာနှင့်ဘွဲ့အမည်။ ။၁၃၀၄-ခု၊ တန်ခူးလဆန်း ၁၅-ရက်၊ ရှင် ဝိသာရဒ

ရှင်ဒါယကာ။ ။ခမည်းတော်နှင့်မယ်တော်နှင့်ဘိုးဘွားများ

ရှင်ဥပဇ္ဈာယ်ဆရာ။ ။ဘရဲကျောင်းဆရာတော်ဘုရားကြီး အရှင်ကုမာရ၊ အောင်လံမြို့နယ်၊ ဘရဲကျေးရွာ

**ရဟန်းခံမင်္ဂလာ။ ။၁၃၀၆-ခု၊တပေါင်းလဆန်း ၈-ရက်၊**

**ရဟန်းဥပဇ္ဈာယ်ဆရာ။ ။ဘဒ္ဒန္တကုမာရ ၊ အောင်လံမြို့နယ်၊ ဘရဲကျေးရွာ**

**ရဟန်းဒါယကာ။ ။ခမည်တော်နှင့်မယ်တော်နှင့်အဘိုးအဘွားများ**

ရဟန်းဖြစ်ရာသိမ်။ ။အောင်လံမြို့ ကြီးကြာကုန်းကျေးရွာ၊ခဏ္ဍာသိမ်

ကျေးဇူးရှင်ဆရာတော်များ။ ။မေမြို့ဆရာတော်ဘုရားကြီး မဟောသဓပဏ္ဍိတာဘိဝံသ၊ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီဆရာတော်ဘုရားကြီး ၊မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ သက်တော်ရှည် စံကင်းဆရာတော် ဘုရားကြီး၊ မြောင်းမြဆရာတော်ဘုရားကြီး၊ ပိုက်ကျိုးဆရာတော် ဘုရားကြီး၊ အသောကာရုံဆရာတော်ဘုရားကြီး၊ မဟာဝေယံ ဘုံသာဆရာတော် ဘဒ္ဒန္တကလျာဏာဘိဝံသ၊ မစိုးရိမ်ဆရာတော် စသည်တို့ဖြစ်ပါသည်။

ရရှိခဲ့သောဘွဲ့။ ။သာသနဓဇ သိရီပဝရအစိုးရဓမ္မာစရိယဘွဲ့

၁၃၂၀-ခု။ ။ဝိ-ဗာတိုက် တိုက်တည်သည်မှစ၍ တိုက်အုပ်အဖြစ် ခန့်အပ်ခြင်းခံ ရသည်။

၁၃၃၁-ခု၊ ။ဝါခေါင်လဆန်း ၆-ရက်၊ အင်္ဂါနေ့ နေ့ ၁-နာရီ ၄၅-မိနစ်အချိန်တွင်။ တောင်ငူမြို့ ဝိသုဒ္ဓါရုံလောကုတ္တရာသိမ်ဦးကျောင်းဆရာတော် သက်တော် (၇၅)ဝါတော်(၅၆)ဝါရ ဦးကုဏ္ဍလာဘိဝံသ(လေယာဉ်ပျံ)သည် ဘဝနတ်ထံ ပျံလွန်တော်မူသဖြင့် ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ အမိန့်ဖြင့် ပဓာနနာယက ဖြစ်တော်မူသည်။

၁၉၉၅-ခု။ ။အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့

၁၉၉၉-ခုနှစ်။ ။အဂ္ဂမဟာပဏ္ဍိတဘွဲ့

သာသနာရေး။ ။တိုင်းဝိနည်းမှုရုံး(ရွှေကျင်)၊ တိုင်းသံဃာ့ဝန်ဆောင်(ရွှေကျင်)၊ တိုင်းသံဃာ့ နာယကအဖွဲ့ဝင်(ရွှေကျင်)၊ ဂိုဏ်းလုံးဝန်ဆောင်နာယက(ရွှေကျင်)၊ တောင်ငူမြို့ ရွှေကျင် ပဝါရဏာအဖွဲ့ ဥက္ကဋ္ဌ၊ တောင်ငူမြို့ ရွှေကျင်နိကာယ ဝိနည်းစာပြန်ပွဲ ဥက္ကဋ္ဌ၊ အုတ်တွင်းမြို့ ဓမ္မာရုံပရိယတ္တိစာသင်တိုက်၊ တောင်ငူမြို့ သပြေစမ်းတောရ ကျောင်းတိုက်၊ ထန်းတပင်မြို့ပုပ္ဖာရုံရွှေကျင် ကျောင်းတိုက်၊ မတ္တရာမြို့ ချမ်းသာကြီး ပရိယတ္တိစာသင်တိုက်၊ အောင်လံမြို့ အင်းလယ်ကျောင်းတိုက်၊ အောင်လံမြို့ ဝိသုဒ္ဓါရုံသာသနာပြုကျောင်းတိုက်၊ မင်းဘူးမြို့ သာသနာ့ အောင်မြေကျောင်းတိုက်၊ ရန်ကုန်မြို့ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ် စသည်တို၏ ဩဝါဒစရိယနှင့်တောင်ငူမြို့ ရွှေဆံတော် ဘုရားကြီး၏ဩဝါဒစရိယ စသည်တို့ဖြစ်ပါသည်။

၁၃၆၆-ခု။ ။ပထမဝါဆိုလဆန်း ၁၄-ရက်၊(၃၀-၆-၂၀၀၄)ဗုဒ္ဓဟူးနေ့၊ နံနက် ၆-နာရီ ၁၀-မိနစ်၊ သက်တော် (၈၁)၊ သိက္ခာတော် (၆၁)နှစ်တွင် ဝိသုဒ္ဓါရုံသိမ်ဦး ပရိယတ္တိစာသင်တိုက်၌ ပျံလွန်တော်မူပါသည်။

၁၃၆၆-ခု။ ။ပထမဝါဆိုလပြည့်ကျော် ၅-ရက်၊(၆-၇-၂၀၀၄)အင်္ဂါနေ့ မွန်းလွဲ ၁-နာရီအချိန်တွင် ဝိသုဒ္ဓါရုံသိမ်ဦး ပရိယတ္တိစာသင်တိုက်၌ အန္တိမစျာပန ကျင်းပတော်မူသည်။

သဗ္ဗေသင်္ခါရာအနိစ္စာ



## မကွေးတိုင်း–အောင်လံမြို့နယ်
## အလယ်ရွာကျောင်းဆရာတော်
# ဘဒ္ဒန္တဇာနေယျ၏
## ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည်မကွေးတိုင်း၊ အောင်လံမြို့နယ်၊အလယ်ရွာ ခမည်းတော်ဦးငွေမှူး+ မယ်တော် ဒေါ်သက်ယုံတို့မှ ၁၂၉၁-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်၊ အင်္ဂါနေ့တွင်မီးရှူးသန့်စင် ဖွားမြင်တော်မူပါသည်။ ဆရာတော်လောင်းလျာ၏ ငယ်နာမည်မှာ **မောင်စောဟန်** ဖြစ်ပါသည်။

### ရှင်-ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၀၈-ခုနှစ်တွင်၊ ထမက်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟခံယူကာ ရှင်အဖြစ်သို့ရောက်တော်မူခဲ့ပါသည်။

၁၃၀၉-ခုနှစ်တွင် တင်းကုတ်ရွာကျောင်းသို့ ပြောင်းရွှေ့၍ အခြေခံ ဝိနည်း၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသော ကျမ်းစာများကိုသင်ကြားဆည်းပူးခဲ့ပါသည်။

၁၃၁၂-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၂)ရက်နေ့တွင် တင်းကုတ်ရွာကျောင်း ခဏ္ဍသိမ်၌ သီးကုန်းဆရာတော် ဘဒ္ဒန္တကုန္ဒက ကိုဥပဇ္ဈာယ်ပြု၍ မောင်းမလှုပ်ရွာ ဦးစိန်ပန်း+ဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့ပါသည်။

## စာပေပရိယတ္တိ-သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၂-ခုနှစ်တွင် ပြင်ဦးလွင်မြို့(မေမြို့)ဝိသုဒ္ဓါရုံ ရွှေကျောင်ဆရာတော် ဘဒ္ဒန္တမဟောသဓ ပဏ္ဍိတာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်ဘုရားအထံတော်၌ ပထမငယ်-ပထမလတ်-ပထမကြီး-ဓမ္မာစရိယ စသောကျမ်းစာများကို သင်ကြားဆည်းပူး တော်မူခဲ့ပါသည်။

၁၃၁၇-ခုနှစ်တွင် မန္တလေးမြို့ ရွှေကျောင်နိကာယဗဟိုဋ္ဌာနချုပ် မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ ရွှေကျောင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျောင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ သက်တော်ရှည် ဘဒ္ဒန္တဇာနေယျဗုဒ္ဓိဘိဝံသ၊ စည်ရှင် ကျောင်း ရွှေကျောင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျောင်သာသနာပိုင် အသောကာရုံ ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ စသောဆရာတော်များအထံတော်၌ ဓမ္မာစရိယ စသောအထက်တန်း ကျမ်းစာများကို သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

## သာသနာပြုတော်မူခြင်း

၁၃၂၄-ခုနှစ်တွင် ရွှေကျောင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျောင်သာသနာပိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရား၏အမိန့်ဖြင့် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ပြောင်းရွှေ့ကာ ဆရာတော်ဘုရားကြီး၏ ဝိ-ဗာသာသနာကို တစ်ဖက်တစ်လမ်းမှပံ့ပိုးကူညီလျက် စာပေပို့ချခြင်းစသော သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်တော် မူခဲ့ပါသည်။

## တိုက်ကြပ် အဖြစ်ခန့်အပ်တော်မူခြင်း

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးသည် မိမိ၏လက်ရုံးတစ်ဆူ အားထားရလောက် သော ဂုဏ်တို့ဖြင့် ပြည့်စုံတော်မူသော ဆရာတော်(ဘဒ္ဒန္တဇာနေယျ)ကို ၁၃၂၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ တိုက်ကြပ်ဆရာတော် အဖြစ် ခန့်အပ်တော်မူခဲ့လေသည်။

## ကျေးရွာသာသနာ ပြုဖို့ခွါ

၁၃၃၂-ခုနှစ်တွင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ကျေးဇူးတော်ရှင် ဗာရာဏသီဆရာ တော် အထံတော်မှ ခွင့်ပြုချက်ယူ၍ ရပ်ရွာဆရာရင်းဖြစ်တော်မူသော မကွေးတိုင်း၊ အောင်လံမြို့နယ်၊ အလယ်ရွာကျောင်းဆရာတော်၊ ရေပြည့်ရွှေကျောင်ကျောင်းဆရာ တော်များ အထံတော်တို့တွင် သီတင်းသုံးနေထိုင်လျက် ရပ်ရွာ ဒါယကာ+ဒါယိကာမ တို့အား တရားဓမ္မဟောပြောပြသ ဆိုဆုံးမခြင်း၊ ဂိုဏ်းစုရွာကျောင်း၌ သီတင်းသုံးလျက် ရပ်ရွာ ဒါယကာ+ဒါယိကာမတို့အား တရားဓမ္မဟောပြောပြသဆိုဆုံးမခြင်းစသော သာသနာပြု လုပ်ငန်းများပြုများကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့နောင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး အဖွဲ့အစည်းအဆင့်ဆင့်တွင် အောင်လံမြို့နယ် ဝိနိစ္ဆယ(ဝိနည်းမှုခိုရ်)အဖွဲ့၊ မြို့နယ်သံဃနာယကအဖွဲ့-ဥက္ကဋ္ဌ အဖြစ်ပါဝင်


ဆောင်ရွက်ခဲ့ပြီး ဂိုဏ်းအတွင်း၊ တိုင်းအတွင်း အဓိကရုဏ်းမှုခင်းများ ဖြေရှင်းပေးပြီး ပြေလည်ငြိမ်းအေးမှုဖြစ်အောင်ရွက်ဆောင်ပေးနိုင်ခဲ့ပါသည်။

## ဂိုဏ်းအတွင်း အဖွဲ့အစည်းတို့၌ပါဝင်တော်မူခြင်း

မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာနချုပ်နာယကဆရာတော်ကြီးများမှ ဆရာတော်အား ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင်နာယကအဖြစ်၊ ရတ္တညူမဟာနာယက အဖြစ်တင်မြှောက်ခဲ့၍ ဂိုဏ်းအတွင်းကိစ္စများကို ပါဝင်ဆောင်ရွက်ခြင်း၊ အောင်လံမြို့နယ် ရွှေကျင်နိကာယဂိုဏ်းချုပ်ဆရာတော်၊ ပဲခူးတိုင်း ပြည်-သရက်-သာယာဝတီအခြေခံဒေသ သုံးခရိုင် ရွှေကျင်နိကာဝိနည်းတော်စာပြန်ပွဲတွင်လည်း ယခုအခါ ဥက္ကဋ္ဌဆရာတော်အဖြစ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ နှစ်(၅၀)ပြည့် ရွှေရတုပွဲတွင် ဩဝါဒါစရိယတစ်ပါးအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါဆရာတော်သည် တရားဓမ္မဟောပြောပြသဆိုဆုံးမခြင်း၊ ပဋိပတ် လုပ်ငန်းတို့ဖြင့် ကျင့်သုံးနေထိုင်ခြင်းဖြင့် သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက် မိမိငယ်ဆရာရင်းဖြစ်သော မကွေးတိုင်း၊ အောင်လံမြို့နယ်၊ အလယ်ရွာကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိပါသည်။

* * *



ဝိသုဒ္ဓါရုံဓာရာကာသီကျောင်းတိုက်၊ တောနေသာလာကျောင်းဆောင်

# ဆရာတော်ဘဒ္ဒန္တညာဏသ ၏

## ထေရုပ္ပတ္တိအကျဉ်း

**၁။ ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည်၊ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ မင်းတည်ကုန်းရွာ၊ ခမည်းတော် ဦးချစ်လှ+မယ်တော် ဒေါ်အေးဆယ် တို့မှ-၁၂၉၆-ခုနှစ် တန်ခူးလပြည့်ကျော်(၁၁)ရက်၊ တနင်္ဂနွေနေ့၌ မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

**၂။ ရှင်-ရဟန်းအဖြစ်သို့ရောက်တော်မူခြင်း**

၁၃၁၆-ခု၊ဝါဆိုလဆန်း(၄)ရက်၊ ဒီပဲယင်းမြို့နယ်၊ မဏိရတနာပုံကံဖြူကျောင်း ခဏ္ဍသိမ်တော်၌ ဆရာတော်ဘဒ္ဒန္တသုဗောဓ ဉာဏကို ဥပဇ္ဈာယ်ပြုလျက် မင်းတည်ကုန်းရွာနေ၊ ဦးညွန့်+ဒေါ်အေးချိန် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

## ၃။ စာပေသင်ယူတော်မူခြင်း

ဒီပဲယင်းမြို့နယ်၊ မင်းတည်ကုန်းရွာ၊ မဏိရတနာပုံကံဖြူကျောင်း ဆရာတော် ဘဒ္ဒန္တသုဗောဓဉာဏ၊ ဘဒ္ဒန္တနန္ဒသီရိ၊ အမရပူရမြို့၊ ဝိသုဒ္ဓါရုံကျောင်း တိုက် ဆရာတော်ဘဒ္ဒန္တပဏ္ဍိတ၊ ဘဒ္ဒန္တဉာဏရံသီ ဘဒ္ဒန္တစေတောပရိယာဘိဝံသ၊ မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၊ ပိုက်ကျိုးဆရာတော်၊ အာသောကဆရာတော်၊ ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ဆရာတော်၊ စာချ-ဘဒ္ဒန္တကေသရိန္ဒာ ဘိဝံသ၊ ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ စသောဆရာတော်ကြီးများအထံ၌ ပရိယတ္တိစာပေများကိုသင်ယူခဲ့ပါသည်။

## ၄။ အောင်မြင်ခဲ့သောစာမေးပွဲများ

အစိုးရ ပထမကြီးတန်းစာမေးပွဲကျမ်းစာများကိုဖြေဆိုပြီးနောက် ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးအထံတော်ထွင် အထက်တန်း အဋ္ဌကထာ ဋီကာစာများကို ကျမ်းရိုးပေါက်သင်ယူ တတ်မြောက်ခဲ့ပါသည်။

## ၄။ သာသနာပြုလိုက်ပါတော်မူခြင်း

ဆရာတော်သည် ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရား ပြည်မြို့၌ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် စတင်တည်ထောင်သော ၁၃၂၁-နှစ်တွင် ဆရာတော်၏ သာသနာပြုလုပ်ငန်းများလုပ်ဆောင်နိုင်ရန် မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်းမှ လိုက်ပါတော်မူခဲ့လေသည်။

## ၅။ သာသနာရေးဆောင်ရွက်ချက်များ

ဆရာတော်သည် နွေရာသီကျောင်းပိတ်ရက်များတွင် တစ်နှစ်လျှင် သင်တန်းသား/သူ(၂၀၀)ကျော်တို့အား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများ သင်ကြားပို့ချခြင်း၊ ရေအလွန်ရှားပါးသောမင်းတည်ကုန်းရွာ တွင် မိမိ၏ နဝကမ္မအလှူဖြင့် ရေတွင်းရေကန်များ တူးဖော်လှူဒါန်းခြင်း၊ ဒီပဲယင်းမြို့ မဏိရတနာပုံကံဖြူကျောင်းတိုက်တွင် သာသနိကအဆောက် အဦးများ ဆောက်လုပ်လှူဒါန်းခြင်း၊ နှစ်စဉ်နှစ်တိုင်းရှင်ပြု-ရဟန်းခံပွဲများ ပြုလုပ်ပေးခြင်း၊ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းဘုရားကြီးအား ဦးဆောင်ဦးရွက်ပြုပြင်ခြင်း၊ နိုင်ငံတော် သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ် သံဃနာယက၊ ဝိနည်းဓိုရ် စသောအဖွဲ့အစည်းတို့၌ ပါဝင်၍သာသနာရေးဆိုင်ရာ ကိစ္စများကို

ဆောင်ရွက်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ သံဃာတော်များအတွက် ဆွမ်းကိစ္စစသော ကိစ္စအထွေထွေတို့ကို ပြုလုပ်ဆောင်ရွက်ခြင်းစသော သာသနာပြု လုပ်ငန်းများကို အားသွန်ခွန်စိုက် စွမ်းစွမ်းတမံဆောင်ရွက်တော်မူခဲ့ပါသည်။

## ၆။ ဆွမ်းစားကျောင်းအုပ်အဖြစ်ခန့်အပ်တော်မူခြင်း

ကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီးသည် မိမိ၏သာသနာပြုရာတိုက် တာအား တစ်ဘက်တစ်လမ်းမှ အားထားရလောက်သော ဂုဏ်တို့ဖြင်ပြည့်စုံတော် မူသော ဆရာတော်ဘဒ္ဒန္တသြဘာသကို ၁၃၂၉-ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ ဆွမ်းစားကျောင်းအုပ်ဆရာတော် အဖြစ်ခန့်အပ် တော်မူခဲ့လေသည်။

## ၇။ မဟာသဒ္ဓမ္မဇောတိကဓဇ-ဘွဲ့တံဆိပ်တော်အလ-ခံရရှိတော်မူခြင်း

ဆရာတော်သည် ထိုသို့အမျိုးဘာသာ သာသနာအကျိုးတို့ကို စွမ်းစွမ်း တမံ ဆောင်ရွက်တော်မူသောကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၇)ဖြင့်-၁၃၅၄ (၁၉၉၃)-ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လ-ဒါန်းခဲ့ပါသည်။

## ၈။ ကြည်ညိုဖွယ်ရာ ထူးခြားသောဂုဏ်များ

ဆရာတော်သည် နေ့စဉ်ည-နံနက် ဝတ်တက် ရွတ်ဖတ် ကမ္မဋ္ဌာန်းထိုင် မပျက်စေခြင်း၊ သံဃာများ၏ဆွမ်းကိစ္စ တာဝန်ကိုနေ့မနား ညမအား မညီးမညူ ဆောင်ရွက်တော်မူခြင်း၊ သာနာတော်ကို ချစ်မြတ်နိုးတော်မူခြင်း၊ သာသနာပြု လုပ်ငန်းများဆောင်ရွက်ရာ၌ ဇွဲလုံ့လ ဝီရိယကြီးမားစွာဖြင့် ဆောင်ရွက်တော်မူခြင်း၊ ပရဟိတဂုဏ်၊ ခမာ ဇာဂရိယဂုဏ်တို့နှင့်ပြည့်စုံတော်မူခြင်းကြောင့် ရဟန်းရှင်လူ တို့၏ ကြည်ညိုလေးစားမှုကိုခံယူရရှိတော်မူပါသည်။

## ၉။ တဘဝတာ ခန္ဓာဟောင်း စွန့်ခွါတော်မူခြင်း


ဆရာတော်သည် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားတည်ထောင်မူခဲ့သော ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီးကို ကိုယ်အား ဉာဏ်အား စွမ်းပကားတို့ဖြင့် သာသနာ အကျိုးဆောင်ရွက်တော်မူပြီးသည့်နောက် ၁၃၇၀-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၄) ရက် နေ့လည်(၁၂)နာရီအချိန်တွင် ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံမြန်းတော်မူခဲ့ လေသတည်း။

သဗ္ဗေသင်္ခါရာ အနိစ္စာ

## ၁၃၄၇–ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့
## ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၈၃)နှစ်ပြည့်
## မွေးနေ့မင်္ဂလာအခမ်းအနား အမှတ်တရပုံရိပ်များ



၁၃၄၇-ခုနှစ်၊ ပထမဝါဆိုလပြည့်
သက်တော်(၈၃)နှစ်ပြည့်မွေးနေ့
အခမ်းအနားသို့ ကြွရောက်၍
သီလပေးရန် ဓမ္မာရုံအတွင်းသင်္ခါနီး
လေ့ခါးထိပ်၌ ရိုက်ကူးလိုက်သော
ဗာရာဏသီဆရာတော်ဘုရားကြီး



သက်တော်(၈၃)နှစ်ပြည့်မွေးနေ့ပွဲတွင် တရားဟောကြားနေသောသီတဂူဆရာတော်

## ၁၃၄၇ – ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၈၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနား အမှတ်တရပုံရိပ်များ



သက်တော်(၈၃)နှစ်ပြည့်မွေးနေ့ပွဲတွင် ရေစက်ချနေသည့် ဒုတိယတိုက်အစ်မဒေါ်အမာ



သက်တော်(၈၃)နှစ်ပြည့်မွေးနေ့ပွဲတွင် ဆွမ်းဘုန်းပေးနေကြသည့်သံဃာတော်များ



ဆွမ်းအလှူရှင် အောင်လံမြို့ ရွှေပန်းတောရွာ
အရှေ့ကျောင်းဆရာတော်၊ ရွှေတောင်ပေါ်ဆရာတော်တို့နှင့်တပည့်ဒါယကာ ဒါယိကာမများ

## ၁၃၄၇–ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၈၃)နှစ်ပြည့် မွေးနေ့မင်္ဂလာအခမ်းအနား အမှတ်တရပုံရိပ်များ



(ဝဲမှယာ)
၁။ ရွှေတောင်မြို့ ရွှေကြာတင်ဆရာတော်
၂။ မင်းလှမြို့ စံကျောင်းဆရာတော်
၃။ လက်ပံတန်းမြို့ ရွှေတောင်ဆရာတော်
၄။ ဗာရာဏသီဆရာတော်
၅။ မင်းလှမြို့ ဝေဠုဝန်ဆရာတော်
၆။ သုံးဆယ်မြို့ မောင်းထောင်ဆရာတော်
၇။ ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံဆရာတော်


(ရှေ့တန်း-ဝဲမှယာ)
၁။ ရွှေတောင်ပေါ်ဆရာတော်
၂။ အင်တောသာဆရာတော်
၃။ မြို့မိဆရာတော်
၄။ ဗာရာဏသီဆရာတော်
၅။ ဇိနိ့ကျောင်းဆရာတော်
၆။ အရှေ့ကျောင်းဆရာတော်
၇။ ဟိုင်းကြီးတိုးဆရာတော်
(နောက်တန်း)ဆရာတော်ကြီး၏တပည့် ကျောင်းတိုင်ဆရာတော်များဖြစ်သည်။






ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်အတူ ရန်ကုန်မြို့ ဗဟန်း၊ သက္ကနိမ္မိတာရုံ ဆရာကြီး ဆရာလေးများ

## ၁၉၅၇-ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့
## ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၈၃)နှစ်ပြည့်
## မွေးနေ့မင်္ဂလာအခမ်းအနား အမှတ်တရပုံရိပ်များ



ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်
အတူဖူးတွေ့ရသော တိုက်တည်စဉ်က
မန္တလေးမှ ပြည်သို့ အတူပါလာကြသည့်
ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂဝံသ
ဆွမ်းစားကျောင်းဘုန်းတော်ကြီး ဘဒ္ဒန္တသြဘာသ




ဝဲမှယာ
၁။ ဦးထေရပ္ပိယ
၂။ ဦးနန္ဒောဘာသာဘိဝံသ
၃။ ဦးဓမ္မရသ
၄။ ဗာရာဏသီဆရာတော်
၅။ ဦးသြဘာသ
၆။ ဦးနာဂဝံသ
၇။ ဦးပဝိတြသိရိ
၈။ ဦးပဏ္ဍိတာဝရ



ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်
ဦးခမာစာရ(ရှစ်မိုင်-မစိုးရိမ် စာချ)
ဦးသုခိန္ဒ(အောင်လံ-ရွာထောင်)

# ၁၃၅၇–ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့
# ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၈၃)နှစ်ပြည့်
# မွေးနေ့မင်္ဂလာအခမ်းအနား အမှတ်တရပုံရိပ်များ



ဆရာတော်ဘုရားကြီး၏ သက်တော်(၈၃)နှစ်ပြည့်မွေးနေ့၌ တပည့်ကြီးများအမှတ်တရ

နောက်တန်း(ဝဲမှယာ)

ဆွမ်းကျောင်းဘဒ္ဒန္တသြဘာသ၊ တိုက်ကြပ်ဘဒ္ဒန္တနာဂဝံသ အလယ်ရွာဆရာတော် ဘဒ္ဒန္တဇာနေယျ၊

အလယ်တန်း(ဝဲမှယာ)

မြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တမဝံသ၊ မုံရွာ အသောကာရုံဆရာတော် ဘဒ္ဒန္တအဂ္ဂပဏ္ဍိတ၊
ရေပြည့်ဆရာတော် ဘဒ္ဒန္တသုန္ဒရာနန္ဒ၊ ဝိသုဒ္ဓါရုံသိမ်ဦးဆရာတော် ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ၊
တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တစာရ

ရှေ့တန်း(ဝဲမှယာ)

မကွေးမြို့ သိရီစန္ဒာရုံသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ကလျာဏီ၊
ပဓာနနာယိကာ ဓမ္မာစရိယ ဒေါ်စန္ဒသိရီ၊ ဇိန့်ရွာဇာတိ ဝိ-ဗာဆရာတော်ကြီး၏မြေးမ

## ဝိထုဇ္ဇါရုံစာရာဏာထီတိုက်အတွင်းရှိ ဆုတောင်းပြည့်စေတီတော်မြတ်အား ပြန်လည်ပြုပြင်ခြင်း၊ ထီးတော်တင်လှူခြင်းအခမ်းအနားအမှတ်တရဓာတ်ပုံရိပ်များ



မှော်ရုံကြီးမဆောက်မီမြင်တွေ့ရသည့် ဆုတောင်းပြည့်စေတီနှင့်မှော်စရိယကျောင်း




တိုက်အုပ် ဘဒ္ဒန္တဝိစိတ္တာစာရ



အလယ်တွင်ရပ်နေသူနှစ်ဦးမှာ ဦးခင်မောင်မြင့်နှင့်ဦးစိုးပင်းတို့ဖြစ်သည်။








ဆုတောင်းပြည့်စေတီတော် အသစ်ပြန်လည် တည်ဆောက်ပြီးနောက် ထီးတော်သစ်နှင့်အတူ ပာရာဇာသီ ဆရာတော်ဘုရားကြီး ဝဲဘက်မှ စိန်ဖူးဒါယကာ ရန်ကုန်မြို့ ရွှေဘုံသာလမ်းနေ ဦးရဲ ဖြစ်သည်။

# ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)၏ (၇၅)နှစ်ပြည့်မွေးနေ့မင်္ဂလာမှတ်တမ်းဓာတ်ပုံများ

## ၁၀-၁-၂၀၀၉




မွေးနေ့အလှူတော်မင်္ဂလာအခမ်းအနား



သိက္ခာထပ်နေသည့် ပဓာနနာယကဆရာတော်



မွေးနေ့ရှင် ပဓာနနာယကဆရာတော်



ဝိ-ဗာတိုက် စာချဆရာတော်ဦးထေရပ္ပိယ



ဦးအမတောဘာသ(ရှစ်မိုင်-မစိုးရိမ် တိုက်အုပ်)အား
အလှူရှင် ဦးမောင်မောင်ရွှေ+ဒေါ်အေးအေးသန်း မိသားစုတို့မှ
သိမ်ဆင်းလောင်းလှူနေစဉ်

ဝိ-ဗာတိုက် ပဓာနနာယကဆရာတော်၊ တိုက်အုပ်ဆရာတော်၊ စာချဆရာတော်တို့အား
လာရောက်ဖူးမျှော်နေကြသည့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် (၂၈-၆-၂၀၀၉)



ဗာရာဏသီဆရာတော်ဘုရားကြီးအား နှစ်ပေါင်းများစွာ အနီးကပ်ပြုစုလုပ်ကျွေးခဲ့သော
ဝိ-ဗာတိုက်စာချဆရာတော်အရှင်ထေရပ္ပိယ(ဂန္ထဝါစကပဏ္ဍိတ)မှ
ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှမင်း၊ ဒု-ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့အား
ဗာရာဏသီဆရာတော်ဘုရားကြီးဖြစ်တော်စဉ်ကို ရှင်းပြနေစဉ်။ (၂၈-၆-၂၀၀၉)






ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကို အင်တာနက်ပေါ်တွင်တွေ့မြင်ရသည့်ပုံဖြစ်သည်။
(၁၂-၁၂-၂၀၀၉)



# ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၏ နောက်ခံအကြမ်းထည် ရုပ်ပုံလွှာများနှင့်ယခုမျက်မှောက် မြင်ကွင်းများ

ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)

ဤကဏ္ဍနှင့်စပ်ဆက်၍ နောက်ခံအကြမ်းထည်ရုပ်ပုံလွှာနှင့် ယခုမျက်မှောက်မြင်ကွင်းများ-ဟု နှစ်ပိုင်းခွဲ၍ တင်ပြလိုသည်။ ပထမတစ်ပိုင်းသည် ဝိ-ဗာတိုက်မတည်ခင် အနေအထားဖြစ်ပြီး ဒုတိယပိုင်းသည် ဝိ-ဗာ တိုက်တည်ပြီးနောက် ယနေ့တိုင် တိုးတက်လာသော အခြေအနေတို့ကို ရည်ရွယ်ပါသည်။

**ပထမပိုင်းကိုလေ့လာခြင်း**

ဤပထမပိုင်းတွင် ဝိ-ဗာ တိုက်မတည်ခင် မူလ အစ ရှိခဲ့ပြီးသော ကျောင်းအဆောက်အဦးများကို အောက်ပါအတိုင်းတွေ့ရှိရမည်ဖြစ်ပေသည်။

၁။ ကျောင်း၏အလယ်တွင် ခန့်ငြားစွာ ဆောက်လုပ် လှူဒါန်းထားသော ရှေးတစ်သိန်းတန် ၂-ထပ်တိုက်ကြီး "၁၃၁၉-ခုနှစ်၊ သီတင်းကျွတ်လ၊ သခင်သင်+သခင်မဒေါ်သိန်းတင်နှင့် ဆေးလိပ်ရုံတပည့်များကောင်းမှု" ဟုကမ္ပည်းထိုးထားလေသည်။(ယင်းတိုက်ကြီးအား ၁၃၃၅-ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက်နေ့တွင် မြောင်းမြဆရာတော်ဘုရားကြီး ဦးဆောင်၍ သိမ်သမုတ်တော်မူသည်။)

၂။ ယင်းအလယ်တိုက်ကြီး၏မြောက်ဘက်တွင် ၅-ပင်ပတ်လည် ၂-ထပ်သစ်သားကျောင်းကြီး ရှိလေသည်။ ထိုကျောင်း၏ အောက်ထပ်တွင် ဆွမ်းစား၍အပေါ်ထပ်၌ ခန်းစည်းဖြင့် စာချ-၂ပါး သီတင်းသုံးလေသည်။ ခန်းမကြီးမှာမူ စာချ၊စာတက် စာအံ၊ စာသင်မှုများ ပြုလုပ်ကြသည်။

၃။ ယင်းအလယ်တိုက်၏တောင်ဘက်တွင် ၄-ပင်၊ ၅-ပင်၊ ၂-ထပ် မနောရမ္မသစ်သားကျောင်းကြီး ရှိလေသည်။ ထိုကျောင်းကြီးတွင် ထက်အောက်စာသင်သား သံဃာများထားလျက်၊ ယင်းကျောင်းတောင်ဘက် အဂ္ဂိဒေါင့်တွင်ကား ၃-ခန်းတွဲသစ်သားကုဋီ ရှိလေသည်။

၄။ ယင်းအလယ်တိုက်ကြီး၏ ရာဟုဒေါင့်တွင် ရှေးနှစ်ပေါင်း ၆၂-နှစ်ကြာက ဆောက်လုပ်လှူဒါန်းထားသော ၁၈-ပေပတ်လည် ၂-ထပ်အုပ်တိုက်ကလေး (သစ်သား၊ သံဇကာတပ်၊ ဝရံတာနှင့် လှေခါးဆောင်ပါ ၁၄-ပေခန့်ရှိ တိုက်ကျောင်းကလေး) တစ်လုံးရှိလေသည်။


၅။ ယင်း အလယ်တိုက်ကြီး၏ အဂ္ဂိဒေါင့်တွင် တစ်ထပ်သိမ်တိုက်ကလေး တစ်လုံးရှိသည်။ ထိုတိုက်ကလေးအား တိုက်အစ်မကြီးနှင့် တပည့်များက ပြုပြင်လှူဒါန်းခဲ့ပြီး ယခုတိုင်ရှိနေဆဲဖြစ်သည်။

၆။ ယင်း အလယ်တိုက်ကြီး၏ စနေဒေါင့်တွင် ရေတွင်းတစ်တွင်း၊ မြောက်ဘက်တွင် ရေတွင်းတစ်တွင်း၊ အဂ္ဂိဒေါင့်တွင် ရေတွင်းတစ်တွင်းနှင့်အနောက်ဘက်တွင် ငါးမျက်နှာစေတီတော်မြတ်ကြီးနှင့် နောင်တော်ကြီးစေတီငယ်တစ်ဆူ ရှိလေသည်။

၇။ ယခု ဗကုလကျောင်းတိုက်၏ လှေကားရင်းတွင် ဉာဏ်တော် (၇)ပေခန့်ရှိအုတ်သရိုးရုပ်ပွါးတော် တစ်ဆူရှိပြီး ယခု ဓမ္မာရုံကြီးအနောက်ဘက်တွင် စေတီတော်တစ်ဆူရှိရာ ထိုစေတီတော်ပြိုပျက်ပြီးနောက် ဘုရားငုတ်တိုမျှရှိသည်တွင် ၁၃၄၉-ခုနှစ်တွင် ပြန်လည်ပြုပြင်ပြီးဖြစ်၍ ဆုတောင်း ပြည့်စေတီတော်ဟု သမုတ်ထားလေသည်။



ဆုတောင်းပြည့်ဘုရား မပြုပြင်မီ



ဆုတောင်းပြည့်ဘုရား ပြုပြင်ပြီး

၈။ ငါးမျက်နှာစေတီတော်မြတ်ကြီးအနီး နောင်တော်ကြီးစေတီတော် ပြိုပျက်သွားသဖြင့် ထိုပြိုပျက်စေတီတော်၏ အောက်ပစ္စယံကို မွမ်းမံပြင်ဆင်ကာ ပလ္လင်တော်ပုံ ပြုလုပ်၍ လှေကားရင်းမှ အုပ်သရိုးကိုင်ထားသည်။ ထိုနောက်(၇)ပေခန့် ရုပ်ပွားတော်မြတ်ကို ၁၃၂၃-ခု၊ နတ်တော်လပြည့်ကျော်၉-ရက်၊ တနင်္ဂနွေနေ့၊ နံနက်၉-နာရီ ၄၅မိနစ်အချိန်တွင် မန္တလေးမြို့ပန်းရံဆရာကြီး ဦးအောင်ရနှင့် တပည့်များက သံလမ်းစက်ကိရိယာ ကြိုးများဖြင့် နောင်တော်ကြီးစေတီငုတ်ပလ္လင်ပေါ် ဆွဲငင်ပင့်ဆောင်ကြသည်။ နံနက် ၁၁-နာရီချိန်တွင် သီတင်းသုံးရာဌာနမှ၅-တောင်မျှကြွတော်မူပြီး ညနေ၄-နာရီခွဲအချိန် တွင်စေတီငုတ် ပလ္လင်ပေါ်သို့ ကြွချီရောက်ရှိလေသည်။ ယခုအခါ သီးသန့် ဂန္ဓကုဋီတိုက်ဖြင့် တိုက်အမကြီး ဒေါ်သိန်းတင် ကုသိုလ်-ဟုတည်ရှိလေသည်။

၉။ သာသနာတော်နှစ် ၄၃၃-ခုနှစ်မှ ၄၈၄-ခုနှစ်အတွင်းက ကြက်ခေါင်းစား ငါ့တပါးဘုရင်မင်းမြတ် တည်ထားပူဇော်အပ်သော ဝိ-ဗာ တိုက်တွင်းရှိ ငါးမျက်နှာစေတီတော်မြတ်ကြီးအား ၁၃၃၃-ခု၊ တပေါင်းလတွင်ထီးတော်၌ ရွှေသင်္ကန်းနှင့် လုံးပတ်တော်၌ မှန်သင်္ကန်းကို ကပ်လှူ၍လည်းကောင်း၊ ၁၃၃၄-ခုတပေါင်းလတွင်ပင် အောက်ပစ္စယံ၌မှန်သင်္ကန်းကို ကပ်လှူ၍လည်းကောင်းကုသိုလ်ပြုလုပ်ခဲ့သည်။ (၁၃၆၂-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့တွင် နှစ်ဘက် မိဘများဖြစ်ကြသော ပြည်မြို့၊ ဦးတင်ငွေ+ဒေါ်လှသွင် (ဘယဆေးနှင့် မြန်မာ့ ဆေးမျိုးစုံရောင်းဝယ်ရေး)နှင့် ရန်ကုန်မြို့ ဦးမောင်မောင်ခိုင်(ပါမောက္ခ-ငြိမ်း)+ ဒေါ်နှင်းနှင်းကြိုင် တို့အား အမှူးထား၍ ဦးမျိုးခင်+ဒေါ်သူဇာမင်း၊ သားကြီး မောင်အောင်ကျော်ခိုင်၊ သားငယ် မောင်မျိုးကျော်ခိုင် (ခိုင်ဆုသူ ကုမ္ပဏီနှင့် ရွှေမိုးဦး-စိန်ရွှေရတနာ) မိသားစုတို့က ထပ်မံ၍ ပြုပြင်လှူဒါန်းခဲ့သည်။


ဤကဏ္ဍတွင် ကျောင်းလွှတ်ပူဇော်ပွဲ ကျင်းပသည့်တိုင်ဖြစ်သည်။ ထိုကျောင်းလွှတ် ပူဇော်ပွဲကို ၁၃၂၁-ခုနှစ်၊ နတ္တော်လပြည့်နေ့တွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**<u>ဒုတိယပိုင်းကိုလေ့လာခြင်း</u>**

ဤဒုတိယပိုင်း၌ ယခုအခါတွင် ယခင်နှင့်မတူတော့ဘဲ လုံးဝပြောင်းလဲလာခဲ့သော အနေအထားတင်ပြထားသည်။

၁။ အလယ်သိမ်တိုက်ကြီး၏ တနင်္ဂနွေဒေါင့်တွင်





သံဃာတော်များ ရေချိုးရန် အုဋ်ကန်ကြီးနှင့် စာချဘုန်းကြီးများ ရေချိုးရန် သီးသန့်ခန်း၊ အဝီစိတွင်းနှင့် ရေမှုတ်စက် တွဲလျက် ရေတိုင်ကီ စင်မြင့်ကြီး ရှိလေသည်။ ၁၃၂၂-ခု၊ တန်ဆောင်မုန်းလ - တိုက်အမ - သခင်မကြီး ဒေါ်သိန်းတင်နှင့် တပည့်များကုသိုလ်-ဟု ကမ္ပည်းထိုးလျက် ရှိသည်။

၂။ ၁၃၂၅-ခုနှစ်တွင် အလယ်သိမ်တိုက်ကြီး၏ အရှေ့ဘက်တွင် ရေချိုးခန်း၊ ရေလောင်းကုဋ္ဌိ၊ လသာခန်း၊ ဝရတာသံပန်းများနှင့် သီးသန့်ကျိန်းစက်ခန်းပါ စုံလင်စွာဖြင့် တိုက်အမကြီး ဒေါ်သိန်းတင်နှင့် တပည့်များ၊ တောင်ကြီးမြို့၊ ကုန်သည်သူဌေး - ဆရာခွေး၊ မြင်းခြံမြို့၊ ကုန်သည် စက်ပိုင် ကျောင်းအစ်မ ရဟန်း မယ်တော် ဒေါ်ဒေါ်သိန်းတို့က-ဆောက်လုပ် လှူဒါန်းသော သိရီထေရဗိမာန သုံးထပ်ကျောင်းဆောင်ကြီးရှိလေသည်။ ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးသည် ပထမ သီတင်းသုံးတော်မူရာ တစ်သိန်းတန် အလယ်သိမ်တိုက်ကြီးမှ ၁၃၂၅-ခုနှစ်၊ ဝါဆိုလဆုတ် (၁၄)ရက်နေ့တွင် ထိုသုံးထပ်တိုက်ကြီး (သိရီထေရဗိမာန်) ၏ အလယ်ထပ်သို့ရွှေ့ပြောင်း သီတင်းသုံးတော်မူပါသည်။ အထက်အပေါ်ထပ်တွင် အာဂန္တုကမထေရ်ကြီးများ ကြွလာသည့်အခါ သီတင်းသုံးရန်နှင့် ပိဋကတ်စာတိုက် ဘီရိုကြီးများထားရှိကာ စာချဘုန်းတော်ကြီး ဘဒ္ဒန္တ ဓမ္မရသ (ဓမ္မစရိယ၊ ပါဠိပါရဂူ၊ ဘီအေ) တစ်ပါးတည်း ယနေ့တိုင် သီတင်းသုံးစာချလျက် ရှိလေသည်။ အောက်ဆုံးထပ်မှာကား စာသင် သားသံဃာတော်များထားရှိလေသည်။

၃။ ယင်းသုံးထပ်တိုက်ကြီး(သိရိထေရဗိမာန်) တောင်ဘက်ကပ်လျက်တွင် တရားနာ ပရိသတ် (၁၀၀၀)ခန့် ဆံ့သောအလျားပေ(၁၂၀)၊ အနံ(၄၈)ပေရှိ ထက်အောက် ဘုရားခန်း ကျောင်းဆောင်နှင့် ကျက်သရေခန်း၊ ထက်အောက်မျက်နှာသစ် ကြွေခွက်များ တပ်ဆင်ထားသော ရေချိုးခန်းနှင့် ကုဋ္ဌိခန်းများဖြင့် ကြီးကျယ်ခန်းနား၍ ရှုမြင်ရသူများ အံ့အားသင့်လောက်မျှ (၁၈)သိန်းကျော်တန် (၂)ထပ်တိုက် ဓမ္မာရုံတော်ကြီးကိုလည်း တိုက်အမကြီး ဒေါ်သိန်းတင်နှင့် တပည့်များက လှူဒါန်းထားလေသည်။ ဓမ္မာရုံကြီးကမ္ပည်းမှာ“မနောရဇ္ဇိတ ဓမ္မသာလာ” ဟုဖြစ်ပေသည်။ ထိုဓမ္မာရုံကြီး အတွင်း ရွှေရောင်တဝင်းဝင်းနှင့် သုံးသောင်း (၃၀,၀၀၀) ကျပ်တန် သီဟာသနရွှေပလ္လင်တော်ကြီးမှာ တိုက်အမကြီးဒေါ်သိန်းတင်



ဓမ္မာရုံမဆောက်မီမြင်တွေ့ရသည့်မူလကျောင်း

၏ တူအရင်း မန်နေဂျာ-ဦးတင်ညွန့်+ဒေါ် နီနီဦး၊ ညီမ ဒေါ်ခင်အေးတို့၏ ကောင်းမှုဖြစ်ပေသည်။

၄။ ယင်းဓမ္မာရုံကြီးတောင်ဘက်ကပ်လျက် အမှတ်(၂)တွင် ပြခဲ့သော ၅-ပင်ပတ်လည်နှစ်ထပ်သစ်သား ပျဉ်ထောင်ပျဉ်စီ ဆွမ်းစားကျောင်းကြီးကို ကာလတန်ဖိုး (၁)သောင်းကျော်ကုန်ကျခံကာ မူမပျက်ရွှေ့ ပြောင်းခဲ့ သည်။ ၁၃၂၇-ခုနှစ်တွင် ပြင်ဆင်မွမ်းမံ၍ သစ်လွင်စေကာ တိုက်အစ်မကြီး ဒေါ်သိန်းတင်နှင့် တပည့်များကပင် လှူဒါန်းကာပထမမူလရှိပုံစံအတိုင်း ရွှေပြောင်းလှူဒါန်းသော ကျောင်းဖြစ်၍'မူလကျောင်း'-ဟု ဆရာတော်ဘုရားကိုယ်တိုင်အမည်ပေးထားလေသည်။ (ယခုဤရွှေရတုနှစ်တွင် အားလုံးဖြိုဖျက်ပြီး အသစ်တည်ဆောက်ရန် မ,တည်ငွေ လှူဒါန်းထားပြီး ဖြစ်သည်။)

၅။ ယင်းမူလကျောင်းကြီး၏အနောက်ဘက်တွင် ကပ်လျက် တိုက်အစ်မကြီးဒေါ်သိန်းတင်နှင့် တပည့်များသည် ၁၃၂၅-ခုနှစ်၊ သီတင်းကျွတ်လတွင် (၄)ပင် (၅)ပင် (၂)ထပ်ပတ်ကား တိုက်ကျောင်းကိုလည်း ဆောက်လုပ်လှူဒါန်းသည်။ ဆရာတော်ဘုရားကြီးက 'ဓမ္မာစရိယ'ကျောင်းဟု အမည်ပေးထားလေသည်။

၆။ ယင်း(၂)ထပ်ပတ်ကားတိုက် ဓမ္မာစရိယကျောင်း အနောက်ဘက်တွင် အားလုံးသောသံဃာများ အသုံးပြုရန် ကြွေအိုးတပ်၊ ကြွေပြားခင်း၊ ရေစက်တိုင်များနှင့် တကွမီးပွင့်များတပ်ဆင် လျက် (၆)လုံးတွဲ သံဃာကုဋီကိုလည်း ၁၃၂၈-ခုနှစ်၊ နယုန်လဆုတ်(၉)ရက်အပြီး တိုက်အမ ကြီးဒေါ်သိန်းတင်တပည့်များက ဆောက်လုပ် လှူဒါန်းလေသည်။ (ယခုအခါ သံဃာတော်များ များပြားလာသည့်အလျောက် ဓမ္မာရုံကြီး၏ တောင်ဘက်ဓမ္မာစရိယကျောင်းဆောင်၏ ခေါင်းဘက်တွင်(၆)လုံးတွဲ သံဃာကုဋီကိုလည်း ဆောက်လုပ်ပြီးဖြစ်သည်။)

၇။ ယင်း(၆)လုံးတွဲ သံဃာကုဋီမှ (၁)သိန်းတန်အလယ်သိမ်တိုက်ကြီးအထိ(၃၀၀၀)ကျော်တန်အုတ်လမ်းကြီးကား ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး၏ နဝကမ္မ ကပ္ပိယဝတ္ထုငွေဖြင့်ခင်းကျင်းလှူဒါန်းထားခြင်းဖြစ်လေသည်။

၈။ အလယ်တိုက်ကြီးတောင်ဘက် အမှတ်(၃)တွင် ပြခဲ့သော (၄)ပင်၊ (၅)ပင်၊ (၂)ထပ် ပျဉ်ထောင်ပျဉ်စီ သစ်သားကျောင်းကြီးသည် ဆွေးမြေ့ယိုယွင်း အိုမင်းဟောင်းနွမ်းနေသဖြင့် အားလုံးကို ဖျက်ဆီးခဲ့သည်။ ထို့နောက် တိုက်အစ်မကြီး



ဓမ္မာရုံဆောက်ပြီးမြင်တွေ့ရသည့်မူလကျောင်း



ဒေါ်သိန်းတင်နှင့်တပည့်များ၊ တောင်ကြီးမြို့၊ ကုန်သည်သူဌေး ဆရာခွေး၊ မြင်းခြံမြို့၊ ကုန်သည်စက်ပိုင် ကျောင်းအစ်မ ရဟန်းမယ်တော် ဒေါ်ဒေါ်သိန်းတို့က ထက်အောက် စာချဘုန်းကြီးအခန်းများနှင့် ရေလောင်းကုဋီများ၊ အောက်ထပ်တွင် အခန်းအသီးသီးဖြင့် ၂-ထပ်တိုက်တျောင်း ကို ၁၃၃၃-ခုနှစ်၊ နတ်တော်လအပြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဆရာတော်ဘုရားကြီးကိုယ်တိုင် တိုက်၏အနီးခရေပင်ကြီးကို အစွဲပြု၍ မဟာဗကုလ-တိုက်ကျောင်းဟု ကင်ပွန်းတပ် အမည်ပေးလေသည်။

၉။ ရှေးတစ်သိန်းတန် ၂-ထပ်အုဋ်တိုက်ကြီး၏ ရာဟုဒေါင့်ရှိ မှတ်ချက် (၄)တွင်ပြခဲ့သော အမှတ်(၄) တိုက်ကျောင်းကလေး ကိုခရစ်နှစ် ၁၉၁၀-ခုနှစ်တွင် တည်ဆောက်ခဲ့သဖြင့် ၁၉၇၂-ခုနှစ် (ကောဇာ ၁၂၄၃-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂-ရက်) တွင်တိုက်သက် (၆၂)နှစ်ကြာညောင်းခဲ့ပြီးဖြစ်သည်။ ဟောင်းနွမ်းပြိုပျက်အက်ကွဲနေပြီဖြစ်သော ထိုကျောင်းကလေးကို အားလုံးဖြိုဖျက်ခဲ့သည်။ ထို့နောက် တိုက်အမကြီးဒေါ်သိန်းတင်၏ တူမအရင်း ကောမာရဖြဟ္မစာရိနီ-ဒေါ်ဒေါ်မာ၏ ကုသိုလ်ဖြင့် ၁၃၃၄-ခုနှစ်၊ နတ်တော်လအပြီး ရှစ်သောင်း (၈၀၀၀၀) ကျော်တန် ထက်အောက်ကျက်သရေခန်း၊ လသာခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ ရေလောင်း ကုဋီ အပြည့်အစုံခေတ်နှင့်အညီ နှစ်ထပ်တိုက် ဆောက်လုပ်လှူဒါန်းလေသည်။ မဟာထေရ် ကိုယ်တိုင် ကောမာရဗြဟ္မစာရိနီ ဒေါ်အမာ ကုသိုလ်-ဟုအမည်ပေး၍ ယခုတိုင် ကမ္ပည်းထိုး လျက်ရှိလေသည်။

၁၀။ အလယ်သိမ်အုဋ်တိုက်ကြီးမြောက်ဘက် အမှတ် (၂)တွင်ပြခဲ့သော (၅)ပင်ပတ်လည်(၂)ထပ် သစ်သားကျောင်းကြီး ကိုအလယ်တိုက်ကြီး မြောက်ဘက်သို့ မူမပျက်ရွှေ့ပြောင်းလျက် ယင်းကွက်လပ်တွင် ထက်အောက်၌ သံဃာ (၅၀၀)ခန့် ဆွမ်းကပ်နိုင်သော ကျက်သရေခန်း၊ စကြံခန်း၊ မီးဖိုခန်း၊ ပန်ကန်ဆေးခန်း၊ ရေစက်တိုင်၊ ရေချိုးခန်း၊ ရေလောင်းကုဋီနှင့် အိပ်ခန်းများတွဲလျက် ကြီးကျယ်ထည်ဝါ ခန်းနားသပ်ယပ်စွာ နှစ်ထပ်ဆွမ်းစားတိုက်ကြီးကို တည်ဆောက်ခဲ့သည်။ ထိုတိုက်ကြီးအား တိုက်အစ်မဒေါ်သိန်းတင်နှင့်တပည့်များ၊ တောင်ကြီးမြို့၊ ကုန်သည်သူဌေး ဆရာခွေး၊ မြင်းခြံမြို့၊ ကုန်သည်စက်ပိုင်၊ ကျောင်းအစ်မ ရဟန်းမယ်တော် ဒေါ်ဒေါ်သိန်းတို့က လူနတ်နိဗ္ဗာန် သုံးတန်မျှော်မှန်း၍ လှူဒါန်းခဲ့ပါသည်။ မဟာဘောဇနသာလာ ၁၃၃၀-ခု၊ တန်ဆောင်မုန်းလ-ဟုကမ္ပည်းထိုလျက်ရှိလေပြီ။ (၁၃၆၈-ခုနှစ်၊ ပြာသိုလ်လပြည့်ကျော် ၇-ရက်နေ့တွင် အလှူရှင်ဦးအောင်ကြည်+ဒေါ်စောလှမြင့်





(မျိုးအောင်ဖိနပ်တိုက်)လမ်းမတော်၊ ပြည်မြို့တို့က တိုးချဲ့ ဆွမ်းစားဆောင်ကိုလှူဒါန်းခဲ့သည်။ ထို့အပြင် ၁၃၆၈-ခုနှစ်၊ ကဆုန်လတွင် ဦးကြည်အားရည်စူး၍ ဒေါ်ခင်စန်းဝင်း၊သား ဦးမိုးဇင်+ဒေါ်တင်မာကြူ မြေး-ဒေါက်တာမြင့်သိန်းနိုင်၊ ညီမ-မဇင်မိုကျော် (ပစ်တိုင်းထောင်ဆေးလိပ်ရုံ) ပြည်မြို့-တို့က လှေကားဆောင်ကို ပြန်လည်ပြုပြင်ပြီး စတီးသောက်ရေကန်များကိုလည်း လှူဒါန်းခဲ့သည်။ မိခင်ဒေါ်အုန်းမေ-အားအမှူးထားပြီး ဦးအောင်ခင်(ခရိုင်အုပ်ချုပ်ရေးမှူး)+ဒေါ်ဝင်းဝင်းခိုင် (အ-ထ-က ၃-ပြည်)၊ သား-ကိုငြိမ်းဝင်းအောင်+မချိုသက်မွန်၊ သမီး-မနှင်းပွင့်ခိုင်-မိသားစုတို့မှ ဆွမ်းစားကျောင်းဆောင်အနီးတွင် အဝီစိတွင်း၊ ရေစုပ်စက်၊ ရေကန်တို့ကိုလှူဒါန်းခဲ့သည်။ ဆွမ်းချက်ဆောင်ကိုကား ပြည်မြို့၊ ဆင်ဖြူတော်ပွဲရုံ၊ ဦးမောင်ညဏ်+ဒေါ်ရှုယဉ် ကျောင်းကြီးအိုးတန်းရပ်၊ ဆုတောင်းပြည့်ဘုရားအနီး မိသားစုတို့မှ လှူဒါန်းထားပါသည်။


၁၁။ ယင်း(၂)ထပ်အုဋ်တိုက် မဟာဘောဇနသာလာ ဆွမ်းစားကျောင်းကြီး၏အနီး အနောက်မြောက်ဘက်တွင် တိုက်အစ်မ ကြီးဒေါ်သိန်းတင်နှင့် တပည့်များက ရေချိုးခန်း၊ ရေလောင်းကုဋ္ဌိ (အိမ်သာ)တွဲလျက် ဝရံတာ လသာခန်းဖြင့် (၂)ထပ်အုဋ်ပတ်ကားတိုက် ဇရပ်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းလေသည်။

၁၂။ ထိုတိုက်ဇရပ် တောင်ဘက်ကပ်လျက်တွင် ရေလောင်းကုဋ္ဌိ(အိမ်သာ-၄-လုံး)နှင့် ရေချိုးခန်းတွဲလျက် ဒကာ ဒကာမ များရေချိုးတိုက်-ဟု ကမ္ပည်းထိုးကာ ဆောက်လုပ်လှူဒါန်းကြလေသည်။ ထိုဇရပ်အနီးရှိ ရေချိုးခန်းကုဋ္ဌိ(အိမ်သာ)(၄)လုံးမှာ ဧည့်သည်များ၊ ကျောင်းသားများ၊ ဥပုသ်သည်များ အသုံးပြုရန်ဖြစ်ပြီး၊ ဇရပ်မှာ ဥပုသ်သည်များ တိတ်ဆိတ်စွာ ပုတီးစိပ် တရားနှလုံးသွင်းရန်နှင့် ဧည့်သည်အမျိုးသမီးများ လာသည့်အခါအားလျော်စွာ တည်းခိုကြရန် ဖြစ်သည်။

၁၃။ ရှေးအခါက လူသွားလမ်းမျှသာဖြစ်ပြီး ကျောင်းအဝင်အနီးတွင် မိုးတွင်းအခါ၌ ရှောင်လွှဲသွားလာရန် မလွတ်သည့် ရွှံ့ဘွက်ကြီးဖြစ်နေသော ကျောင်းလမ်းကိုလည်း တိုက်အမကြီးနှင့်တပည့်များက အလွန်သာယာပြေပြစ်သော ကွန်ကရစ်လမ်းမကြီးအဖြစ် ပြုလုပ်၍လည်းကောင်း၊ ကျောင်းဝိုင်းအတွင်း အချို့နေရာတို့၌လည်း သာယာဖြန့်ဖြူးကြည်နူးဖွယ်ရာ အုဋ်များစီခင်း၍ လည်းကောင်း လှူဒါန်းထားလေသည်။

၁၄။ ထို့ပြင်တစ်ပါး ရှေးအခါက မရှိဘူးသော ကျောင်းတိုက်၏ ဘေးရန်ကာဆီးမဟာတံတိုင်း





ကြီးများကိုလည်း ဘုရားရှင်ခွင့်ပြုသော သုံးခုသော (အုဋ်၊ ကျောက်၊ သစ်သား) တံတိုင်းများတို့တွင် အုဋ်တံတိုင်းကြီးများကိုလည်း တိုက်အမကြီး ဒေါ်သိန်းတင်-တပည့်များနှင့် စေတနာရှင်များက ထည်ဝါခန့်ငြားသားသားနားနားကာရံထား ပြီးဖြစ်နေပေပြီ။


၁၅။ အဝီစိတွင်မှ ရေမှုတ်စက်နှင့်တင်၍ သံဃာတော်များအတွက် ၁၃၂၂-ခုနှစ်တွင် ရေချိုးကန်ကြီးတစ်ခု၊ ကျောင်းဆောင်များအားလုံး ရေပေးဝေနိုင်ရန် ကွန်ကရစ်ရေကန်တစ်ခု၊ မြစ်ရေသုံးလို သော သံဃာများအတွက် သီးသန့်ရေကန် ကြီးတစ်ခုတို့ကို လှူဒါန်းခဲ့သည်။ (ဒုတိယ တိုက်အမလက်ထက်တွင် ကျောင်းဆောင်များ ရေပေးဝေရန်ကွန်ကရစ်ကန်ကြီးအား ၁၉၉၂-ခုနှစ်၊ ဇွန်လတွင် ပြန်လည်အသစ်တည်ဆောက်ခဲ့သည်။) ဖော်ပြပါ ဤအဆောက်အဦးများသည် တိုက်အမကြီး ဒေါ်သိန်းတင်ခေတ်တွင် ပြီးစီးသော တိုက်တာအဆောက်အဦးများ-ဟုဆိုနိုင်ပေသည်။

၁၆။ ဒုတိယ တိုက်အစ်မလက်ထက် ၁၃၄၇-ခုနှစ်တွင် "မဟာထေရဝိမာန" ကိုတည်ဆောက်ပြီးလေသည်။ ၁၃၄၈-ခုနှစ်၊ ဝါဆိုလတွင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် သီရိထေရဝိမာန မှ မဟာထေရဝိမာန-သို့ ပျံလွန်တော်မူသည့်တိုင်အောင် ပြောင်းလဲနေထိုင် သီတင်းသုံးခဲ့လေသည်။

၁၇။ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ဝင်ရာအစတွင် အနောက်ဘက်၌မုခ်ဦးဝကြီးကို ထီးထီးမားမား ရှေးဦးစွာ တွေ့မြင်နိုင် ကြပေသည်။ အလယ်မှ တံခါးမကြီးသည် သေသပ်လှပသော သံတံခါး သံပန်းများဖြင့် တန်ဆာဆင်ထားကာ လက်ဝဲလက်ျာတွင် လူဝင်သာရုံမျှတံခါးပေါက်သေး ၂-ခုမှာလည်း သံပန်းတံခါးတို့ဖြင့် ပြုလုပ်မွမ်းမံထားလျက်ရှိပေသည်။ မုခ်ဝကြီးအလှူရှင်မှာ-မန္တလေးတိုင်း၊ မြင်းခြံမြို့၊ကုန်သည်စက်ပိုင်၊ ဘုရားအစ်မ ကျောင်းအစ်မရဟန်းမယ်တော်ကြီးဒေါ်ဒေါ်သိန်းမိသားတစ်စု တို့ဖြစ်သည်။ ကာလတန်ဖိုးအားဖြင့် (၂၇၀၀၀)နှစ်သောင်းခုနှစ်ထောင်ကျော်တန်ဖြစ်ပေ သည်။ ထို့ကြောင့် မုခ်ဦးထိပ်ကျောက်ပြားတွင် မြန်မာ+ပါဠိ ဘာသာနှစ်မျိုးဖြင့် ကမ္ပည်းထိုးထားသည်မှာ-

(မြန်မာ) မြင်းခြံမြို့၊ သပြေပင်ရပ်၊ အမိဒေါ်ဖွားကို အမှူးထား၍ သား-ကိုတင်မောင်၊ သမီး မသိန်းနှင့် သားသမီးများ ကုသိုလ်၊ သာသနာ ၂၅၀၄-ခု၊ ကောဇာ ၁၃၂၂-ခု၊ ကဆုန်လပြည့်။

(ပါဠိ) မြင်းခြံနဂရေ၊ ဇမ္ဗုပဒေသေ၊ ဒေါ်ဖွားနာမ မာတုပ္ပမုခါတိ၊ ကိုတင်မောင်+မသိန်းနာမ ပုတ္တမာတူဟိ ဒိန္နောယံ ဒါရကောဋ္ဌတော။ ဗုဒ္ဓဝဿော-၂၅၀၄၊ သကေ- ၁၃၂၂၊ ဝေသာခ- ပုဏ္ဏမိယံ-ဟုဖြစ်ပေသည်။



၁၈။ ထို့အပြင် သက်တော်ကြီးလာသည့်ဖြစ်သည့် ဆရာတော်ဘုရားကြီးအား သက်တောင့်သက်သာ ခရီးသွားနိုင်ရန် တိုက်အစ်မကြီး၏ရည်မှန်းချက်ဖြစ်သော (၃၇၀၀၀၀)သုံးသိန်းခုနှစ်သောင်းတန် တိုယိုတာစပရင်တာ (TOYOTA sprinter)ကို ဒုတိယ တိုက်အမက ၁၃၄၈-ခုနှစ်တွင် ဝယ်၍လှူဒါန်းလေသည်။ (သို့သော် ထိုကားမရှိသည့်နောက်တွင် အဘိဓဇ ရရှိစဉ် နိုင်ငံတော်အစိုးရမှ လှူဒါန်းသော တိုယိုတာကိုရိုလာကား ကိုအသုံးပြုခဲ့သည်။ ယခုအခါ လိုက်ထရိုက် ကားပါရှိနေပြီးဖြစ်၍ စာချဆရာတော်များသာမက သံဃာတော်များပါ ချမ်းချမ်းသာသာ သွားလာနိုင်ပြီဖြစ်သည်။ နံနက်ဆွမ်းခံရာ၌ ဆွမ်းလောင်းသင်း အလွန်ဝေးသောနေ့များတွင် ကားကြီးဖြင့် သံဃာများအား ပို့စေလျက် ဆွမ်းခံကြွစေခြင်း၊ အာဂန္တုဆရာတော်များအား ကားများဖြင့် အကြိုအပို့ပြုလုပ်စေခြင်း၊ နှစ်စဉ် ရွှေတောင်မြို့သို့ ဆွမ်းဆန်ခံကြွရောက်ပါကလည်း ကားကြီးများဖြင့် လိုက်ပါပို့ဆောင်စေခြင်း စသည်ဖြင့် ယာနဒါနကိုလည်း တိုက်တည်သည်မှ ဒုတိယတိုက်အမ လက်ထက်တိုင်အောင် လှူဒါန်းပံ့ပိုးခဲ့ပါသည်။

၁၉။ ဒုတိယတိုက်အမ ဒေါ်ဒေါ်မာကွယ်လွန်ပြီးနောက်တွင် ၁၃၆၅-ခုနှစ်တွင် အာဂန္တုက ကျောင်းဆောင်အဖြစ်(ဦးဝင်းအောင်)+ဒေါ်ချို၊ သမီး-နန္ဒာစိုး၊ နှင်းစန္ဒာစိုးတို့က-မနောရမ္မ တစ်ထပ်တိုက်ကလေးကို လှူဒါန်းလေသည်။

ဤကား-တိုက်တာအဆောက်အဦးများကို ဖေါ်ထုတ်ပြခြင်းဖြစ်၏။ သို့သော် အုဋ္ဌတိုက်ကျောင်းတိုက်ကြီးကိုသာ ပြုပြင် မွမ်းမံဆောက်လုပ်လှူဒါန်းသည်မဟုတ်သေး၊ ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးပစ္စည်းလေးပါးတို့တွင် အခြားသုံးမျိုးဖြစ်သော ဆွမ်း, သင်္ကန်း, ဆေးတို့ကိုလည်း လှူဒါန်းထားသည်ကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။

၁။ ဝိ-ဗာ တိုက်တည်စ ၁၃၂၁-ခုနှစ်တွင် ကျောင်း၌ ပရိဘောဂအသုံးအဆောင် လိုအပ်ချက်များကိုသာ ပြုပြင်မွမ်းမံ စေရေးအတွက် သခင်မ-ဒေါ်သိန်းတင်သည် မိမိ၏တိုက်မှာ ရှိသမျှ ကြောင်အိမ်, ဘီရို, စာပွဲ, ကုလားထိုင်, ဖွန်း, ခရင်း, သင်ဖြူး, ခေါင်းအုံး, ကော်ဇော, စောင်, ခြင်ထောင် စသည်များနှင့် ဒယ်အိုး, ဒန်အိုး, ပြုတ်စုံ, ပန်းကန်, ယောက်မ, သားလှီးဓား မှအစ ကျောင်းကိုပို့လှူစေခဲ့ပါသည်။

၂။ သံဃာများ ဆွမ်းအာဟာရပြည့်စုံရေးအတွက် အသား(၂)ပိဿာ၊ ဟင်းသီးဟင်းရွက်-တောင်းကြီးတစ်လုံး၊ နေ့စဉ် နံနက်တိုင်း (ကျောင်းတည်သည်မှ ဒုတိယတိုက်အမလက်ထက်တိုင်) တိုက်အမကြီးတပည့်မ အဝယ်တော် ဒေါ်ခင်သိန်း ကဝယ်ခြမ်း၍ပို့လှူရလေသည်။ (ယခုအခါ ပြည်မြို့၊ ဦးသန်းဦး+ဒေါ်ခင်ညွန့်၊ သမီး



ခင်ဒေါ်သန်းကြည်(ခရိုင်အင်ဂျင်နီယာအရာရှိ) တို့မှ တစ်နေ့လျှင်ကျပ်ငွေ(၁၅၀၀)ကျပ်ကို လှူဒါန်းလျက် သာသနာကိုချီးမြှောက်လျက်ရှိပေသည်)

၃။ သက်န်းဆိုရာမှာလည်း ဝိသုဒ္ဓါရုံဗာရာဏသီတိုက် တည်ထောင်သော ၁၃၂၁-ခုနှစ်မှစ၍ ဒုတိယတိုက်အစ်မလက်ထက် တိုင်အောင် ဝါဆိုသံဃာစာရင်းအလိုက် ဆရာတော်ကြီးမှ ကိုရင်လေးအထိ ပါဝင်စေလျက် ဝါဝင်တစ်စုံ၊ ဝါကျွတ်တစ်စုံစီ လှူဒါန်းပြီး ဝါကျွတ်တွင် ဖိနပ်တစ်ရံစီကိုပါ ထည့်စွက်၍လှူဒါန်းလေသည်။ ထို့အပြင် သာသနာ့အညွန့် အညှောက် အတက်ကလေးများဖြစ်သည့် လောကုတ္တရာပညာသင် ကျောင်းသားကလေးများအားလည်း (၁၀-ယောက်နှင့် ၄၀-ယောက် အတွင်း ပုံမှန်ရှိတတ်သည်။) အင်္ကျီ, ပုဆိုး, တစ်စုံစီနှင့် မုန့်ဘိုးစသည်တို့ကို ဝါကျွတ်သည့် အခါနှစ်စဉ် တိုက်အစ်မကြီးလက်ထက်မှ ဒုတိယတိုက်အမလက်ထက်တိုင်အောင် ပေးလှူ ဒါန်းလေသည်။

၄။ ဝိ-ဗာကျောင်းတွင်းရှိ ရှင့်ဒါယကာမရှိသေးသော ကျောင်းသားကလေးများအား ကိုယ်တိုင် ရှင့်အမပြုလုပ်၍လည်းကောင်း၊ ရဟန်းဒါယကာ မရှိသေးသောရှင်သာမဏေများအား ကိုယ်တိုင် ရဟန်းအမပြုလုပ်၍လည်းကောင်း၊ ရှင့်ဒကာ ရဟန်းဒကာပြုလုပ်၍ လှူဒါန်းပွဲပိုး ခဲ့သည်။ ကျောင်းတွင်းရှိယခင်တိုက်အုပ်-ဦးဝိသာရဒပဏ္ဍိက(အဂ္ဂမဟာပဏ္ဍိတ)၊ ယခင်ဥပတိုက်အုပ်- ဦးဝိစိတ္တစာရ (အဂ္ဂမဟာပဏ္ဍိတ)၊ ယခင်တိုက်ကြပ်-ဦးဇာနေယျ (ယခင်ဂိုဏ်းစု၊ ယခုအလယ်ရွာဆရာတော်) ယခင်ဥပတိုက်ကြပ်-ဦးနာဂဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်များအား ပုနောပသမ္ပဒါသိမ်ထပ်မင်္ဂလာကိုလည်းပြုလုပ်ခဲ့ပါသည်။ သို့ဖြစ်၍ ကျောင်းတွင်းရှိကျောင်းသားကလေးများနှင့် ရှင်သာမဏေများအတွက် ရှင့်အစ်မ၊ ရဟန်းအစ်မ ပူပင်ရန်မလိုအပ်ပေ။ သို့သော် အခြားလက်တွဲဖေါ်များ၊ လုပ်ဖေါ်ကိုင်ဖက်များနှင့် ဆေးလိပ်ရုံရှိ မန်နေဂျာမှစ၍ တပည့်တပန်းများတိုင်အောင် ကုသိုလ်ဖြစ်စေရန် တိုက်တွန်းလျက် ရှင်သာမဏေပြုခြင်းအမှု ရဟန်းခံခြင်းအမှုစသည် တို့၌ကုသိုလ် ပါဝင်စေခဲ့သည်။ ယင်းတို့မှာ-ဒုတိယတိုက်အမ ဒေါ်ဒေါ်မာက ဦးပဝိတြရ သိရီ(ဝိ-ဗာ-စာချ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၊ မြင်းခြံ ဒေါ်ဒေါ်သိန်းက ဦးထေရပ္ပိယ (ဝိ-ဗာ-စာချ၊ ဂန္ထဝါစကပဏ္ဍိတ)၊ တောင်ကြီးဆရာ ခွေးက ဦးဥစ္စာနန္ဒ၊ ပခုန နာယက၊ လယ်ဝေးမြို့၊ စာရေးကြီးဦးရွှေက ဦးအမတောဘာသ (တိုက်အုပ်၊ ဂန္ထဝါစကပဏ္ဍိတ) ရှစ်မိုင်





ဆွမ်းစားကျောင်း၏ နောက်နားတွင် လှမ်းမြင်ရသော ဆောက်လက်စအဆောက်အဦမှာ တိုက်ကလေးဖြစ်သည်။

မစိုးရမ် ရွှေကျင်တိုက်သစ်၊ ရန်ကုန်မြို့။ ကမ္ဘာ့ဒေါ်သိန်းက ဦးဂုရုပ္ပိယ ပဓာနနာယက၊ မြင်းဖြူအင်းကျောင်း၊ တောင်ငူမြို့၊ ဒေါ်စိန်ပုက ဦးဝိလာသဉာဏ (နောင်လူထွက်)၊ ဒေါ်တင်မြက ဦးဉာဏာလောက၊ ပဓာနနာယက၊ တေဇရုံသီကျောင်း၊ ကျိုက္ကစံ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် ဦးဝဇီရပါဏိ၊ ပဓာနနာယက၊ မဟာစည်ရိပ်သာ၊ အတ္ထရံမြို့သစ်၊ ကျိုက်မရောမြို့။ ဦးအေး+ဒေါ်ညွန့် လေးက ဦးသုဇနပ္ပိယ ပဓာနနာယက၊ မေတ္တာဝိဟာရကျောင်းတိုက်၊ ပီနန်မြို့၊ မလေးရှားနိုင်ငံ၊ ဒေါ်အေးညိုက ဦးသီတလာစာရ(ဝိ-ဗာ စာချ၊ သာသနဇောတိကမ္ဘာ စရိယ) အသီးသီးတို့အား ရဟန်းဒကာ ရဟန်းအမခံယူစေခဲ့ပါသည်။

၅။ **ဆေးပစ္စည်းဘက်ကလည်း** ဆရာတော်ဘုရား**ကြီး သီတင်းသုံးရာကျောင်းဆောင်ပေါ်တွင် မတ်တပ်ရပ်ဘီရိုကြီးဖြင့်** တိုင်းရင်းမြန်မာ ဆေးများ၊ နိုင်ငံခြားဆေးများဖြင့် လှူဒါန်းကာ သာမန်ရောဂါဖြစ်ပေါ်လာပါက ဆရာတော်ဘုရားကြီး၏ လက်ထောက်လက်လွှဲ ဦးပဇင်းကိုရင်များက ဆေးတိုက်ကျွေး ကုသပေးလေသည်။ ကြီးကျယ်သောဝေဒနာရှင်များကိုမူ တိုက်အမကြီး၏ကားဖြင့် အပြင်ဆေးခန်းသို့ ကျန်းမာလာသည်အထိ ကုသပေးခြင်း၊ ဆေးရုံတက်ကုသပေးရသည့်ဝေဒနာရှင်များကိုကား ဆေးဝါးဓာတ်စာ၊ ကော်ဖီ၊ နွားနို့၊ ယာဂု စသည်တို့ဖြင့်ပြုစုခြင်း၊ ရန်ကုန်သို့ တက်ရောက်ကုသရပါက လည်းအဝေးမှလိုလေသေးမရှိ ထောက်ပံ့လျက် လှူဒါန်းခဲ့လေသည်။

၆။ အထူးသဖြင့်သက်တော်ရှည်ဆရာတော် ဘုရားကြီးအတွက် သပ္ပါယမျှလောက်သော အရက်နှင့် နေ့ဆွမ်း ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာတို့အပြင် ညနေပိုင်း ဖျော်ရည်ယမကာများကို ပုံမှန်လှူဒါန်းခဲ့လေသည်။ (ဆရာတော်ဘုရားကြီးမှလည်း တိုက်အမကြီးလက်ထက်မှ ဒုတိယတိုက်အမ လက်ထက်တိုင်အောင် နေ့စဉ်ညနေပိုင်း အဖျော်ယမကာ ဘုန်းပေးပြီးတိုင်း တိုက်အမများအတွက် ကျန်းမာချမ်းသာ သာသနာပြုနိုင်ရန်ရည်ရွယ်၍ ပရိတ်ရေများကို ရွတ်ဖတ်သရဇ္ဈာယ်ပေး မြဲဖြစ်သည်။)

၇။ ကျောင်းတိုက်တွင်လည်း လျှပ်စစ်မီးများဖြင့် ထိန်ထိန်လင်းလင်းစေလျက် လစဉ်မီးကြေးနှင့် တယ်လီဖုန်း ကုန်ကျစရိတ်တို့ကိုလည်း တိုက်အမကြီးလက်ထက်မှ ဒုတိယတိုက်အမ လက်ထက်တိုင်အောင် လှူဒါန်းခဲ့လေသည်။

၈။ ၁၃၃၂-ခုနှစ်မှ ဝိ-ဗာကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သော ပြည်-သရက်-သာယာဝတီ သုံးခရိုင် ဝိနည်းစာတော်ပြန် ပွဲကြီးကို ဆပ်ကော်မတီအဖွဲ့အစည်း အသီးသီးဖွဲ့စည်းလျက် အရေးပါသောအခန်းကဏ္ဍမှ ဦးစီးဦးဆောင်ပြုကာပါဝင်ခဲ့သည်။





၉။ ၁၃၂၁-ခုနှစ်မှစတင်၍ ဝိ-ဗာကျောင်းတိုက် ဝါတွင်း ဥပုသ်အသင်းကို ဖွဲ့စည်းလာခဲ့ရာ ဤဝါတွင်း ဥပုသ်အသင်း သည်လည်း တိုက်တည်သက်နှင့်အတူရွှေရတုသို့ တိုင်ခဲ့ပြီဖြစ်သည်။ ဝိ-ဗာတိုက်ရှိသံဃာတော်များနှင့် ကျောင်းသားများသည် နှစ်စဉ်နှစ်တိုင်း ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့တိုင်အောင် ဝါတွင်းသုံးလပတ်လုံး ဥပုသ်နေ့တိုင်းတွင် ဧကသနိက်ဓုတင်ကို စောင့်ထိန်းကြရသည်။ ထိုဧကသနိက် ဓုတင်ကိုဆောက်တည်သောနေ့များ၌ တစ်ထပ်တည်းသော နေ့ဆွမ်းကိုသာ ဘုန်းပေးကြရသဖြင့် ထိုနေ့များတွင် ဆွမ်း-ဆွမ်းဟင်း အချိုပွဲစသည် ဆက်ကပ်ကြရာ၌ အထူးစီမံပြုလုပ်ထားသည်။ အလှူရှင်သီးသန့်ရှိပါက အလှူရှင်များအားလှူဒါန်းစေပြီး အကယ်၍မရှိလျှင် အသင်း၏ ကောက်ခံရရှိငွေမှ လည်းကောင်း၊ အသင်းကြီးအားယနေ့တိုင်အောင် စောင့်ရှောက်ထိန်းသိမ်းလာခဲ့သော နာယကကြီးနှင့် သားသမီးများကလည်းကောင်း လှူဒါန်းခဲ့သည်။ ဤ၌ နာယကကြီး ဦးထွန်းညို နှင့်ဇနီးဒေါ်တင်ကြည် သားသမီးများဖြစ်ကြသော မသန်းမြင့်၊ မဝင်းမြင့်၊ ကိုမြင့်ဆွေ၊ မတင်လှ၊ မတင်အေး၊ မခင်အေး၊ မလှဲလှဲဝင်း-မိသားစုတို့၏ ဘဝတစိတ်တဒေသကို ဖော်ပြလိုသည်။ ဤမိသားစုသည် တိုက်အမကြီးနှင့် လက်ပွန်းတတီးရှိခဲ့ပြီး- ငါမရှိလျှင် ငါ့ကျောင်းကို နင်တို့စောင့်ရှောက်ကြရမည်-ဟုမှာကြားခံရသူများလည်းဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ အာရုံဆွမ်း+နေ့ဆွမ်းတို့ကိုလည်းကောင်း၊ ပျံလွန် တော်မူသော ပဓာနနာယကဆရာတော် ဦးဝိစိတ္တ စာရ၏ အာရုံဆွမ်းကိုလည်းကောင်း၊ စာချဆရာတော်များအတွက် နေ့ဆွမ်းဟင်းတို့ကိုလည်းကောင်း၊ ရံခါ အာဂန္တုကမထေရ်ကြီးများ ကြွရောက်လာခိုက် ဆွမ်းဟင်းစသည်တို့ကိုလည်းကောင်း၊ ဧကသနိက်ဓုတင်နေ့များ၌ အလှူရှင်မရှိသောနေ့ရက်များတွင် သားသမီးများအား နေ့ဆွမ်းအလှူရှင် အဖြစ် အလှည့်ကျတာဝန်ကို ယူစေ၍လည်းကောင်း၊ ယနေ့တိုင် ကဆုန်လပြည့်နေ့တိုင်းတွင် ကျောင်းရှိသံဃာတော်များအား ဆွမ်းကပ်ခြင်းဖြင့်လည်းကောင်း လှူဒါန်းမှုအစုစုကို ပြုစုနေသူများဖြစ်ပေသည်။ သို့ဖြစ်၍ ကျောင်းတိုက်တည်သည်မှ စတင်၍ ယနေ့ရွှေရတုနှစ်တိုင်ကျောင်းတိုက်ရှိ သံဃာတော်များအား စောင့်ရှောက်လှူဒါန်းခဲ့သော ဤအသင်းကြီး၏ ကျေးဇူးနှင့် ဤမိသားစု၏ ကျေးဇူးကိုလည်း မှတ်တမ်းပြု ဂုဏ်ပြုအပ်ပေသည်။

သို့ဖြစ်၍ နောက်ခံအကြမ်းထည်ရုပ်ပုံလွှာနှင့် ယခုမျက်မှောက်မြင်ကွင်းများ-ဟု ဆောင်းပါးကို နှစ်ပိုင်းခွဲ၍တင်ပြထားသော်လည်း မစုစည်းမိသောအခြားသော ကျန်ရှိနေသေးသည့် အချက်အလက်များ မုချရှိနေဦးမည်ဖြစ်ပေသည်။ သို့သော် ထိုအချက်အလက်များကို မထည့်သွင်းခြင်းသည် စုစည်းမှုအားနည်း၍သော်လည်းကောင်း၊ စာမျက်နှာကိုငဲ့ကွက်သော အားဖြင့်သော်လည်းကောင်း ဤကဏ္ဍကို နိဂုံးသတ်လိုက်ရခြင်းဖြစ်ပေသည်။

ဘဒ္ဒန္တနာဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)
ပဓာနနာယကဆရာတော်
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ နဝင်းရပ်၊ ပြည်မြို့။

## ဆွမ်းစားကျောင်းလှေခါး/ခန်းမမျက်နှာကျက်အလှူရှင်



ဒေါ်ခင်စန်းဝင်း၊ သား ဦးမိုးဇင်+ဒေါ်တင်မာကြူ မြေး-ဒေါက်တာမြင့်သိန်းနိုင်၊
ညီမ-မဇင်မိုးကျော် ပစ်တိုင်းထောင်ဆေးလိပ်ခုံ၊ ပန်းဆိုးတန်းလမ်း၊ ပြည်မြို့။

## ဆွမ်းစားကျောင်းတိုးချဲ့ဆောင်အလှူရှင်



(ဦးအောင်ကြည်)+ဒေါ်စောလှမြင့် မိသားစု၊
မျိုးဆောင်ဖိနပ်တိုက်၊ လမ်းမတော်လမ်း၊ ပြည်မြို့။

## 'မနောရမ' အာဂန္တုကျောင်းဆောင်အလှူရှင်



(ဦးဝင်းအောင်)+ဒေါ်ချို၊ သမီး-နန္ဒာစိုး၊ နှင်းစန္ဒာစိုး



# မေတ္တာ ပေါင်းစု ရွှေရတု

(တိပိဋက ယောသရာတော်)

* အမှန်ကြည့်ရှု၊ ပေါင်းစုနေမှု၊ ခံယူချက်ပြည့်၊ စည်းကမ်းရှိကာ၊ ပေးကမ်းကာ၊ ပညာပြည့်စုံရ။
* နောက်နည်းတစ်တန်၊ သည်းခံသနား၊ ဝမ်းမြောက်ငြား၊ ပွါးများမေတ္တာခြံုတတ်ရ။
* ၄-မျိုးရှိက၊ လုပ်သမျှမှာ၊ အောင်မြင်ကာ၊ ဝမ်းသာရွှင်လန်းအားတက်ရ။
* ဘေးရန်ကင်းကာ၊ ငြိမ်းအေးပါ၊ ချမ်းသာတိုးတက်ကြ။
* မေတ္တာပေါင်းစု၊ ရွှေရတု၊ ကောင်းမှုတိုး၍၊ အေးချမ်းရ။

လူသည် တစ်ယောက်တည်း ချည်း နေ၍မဖြစ်၊ ၂-ယောက်ကစ အများ နှင့်လည်း စုပေါင်းနေရသည်။ အများနှင့် အတူနေရလျှင် ခန္တီ မေတ္တာအခြေခံဖြင့် စုပေါင်းအားတည်ဆောက်ရသည်။ သည်း ခံခွင့်လွှတ် အနစ်နာခံမှု အားကောင်းမှ မေတ္တာအားကို လွယ်ကူစွာဖေါ်ထုတ် နိုင်မည်ဖြစ်သည်။ ဥပေက္ခာ အားကောင်း မှလည်း မေတ္တာ စင်ကြယ်နိုင်သည်။ အများနှင့်စုပေါင်းနေရသူတိုင်း ခန္တီ ဥပေက္ခာ မွှမ်းထုံထားသည့် မေတ္တာဖြင့် လွှမ်းခြုံပေးနိုင်မှ စုပေါင်းအားကို ရနိုင်မည် ဖြစ်သည်။ သတိ, ဉာဏ်ဦးဆောင်မှလည်း စုပေါင်းအား စေ့စပ်သေချာခိုင်မာနိုင်သည်။

အများနှင့် စုပေါင်းနေရလျှင် ယင်ကောင်များကဲ့သို့ မရှုပ်ထွေးစေဘဲ ပျားကောင်များကဲ့သို့ ဖွဲ့စည်းပုံစနစ်ဖြင့် ဖြောင့်မတ်သန့်ရှင်းစွာ ပေါင်းစုနေ တတ်ရ မည်။ ဖွဲ့စည်းပေါင်းစုပုံစနစ် ၄-ချက်ရှိ သည်။

(၁) အမျိုးဘာသာ သာသနာအတွက်
ခံယူဦးတည်ချက်ရှိရမည်၊ အမျိုးနှင့်

သာသနာကို နည်းမှန် လမ်းမှန် ချစ်တတ်ရမည်။ ဘဝအနှစ်ဖြစ်သည့် ကောင်းမှုတရားကို ပန်းတိုင် အဖြစ်ထားရမည်၊ နာမည်ကောင်းကို ထိန်းထား နိုင်ရမည်။

(၂) စည်းကမ်းရှိရမည်၊ စည်းစနစ်ကောင်းရမည်၊ အများယုံကြည်စိတ်ချရလောက်အောင် စည်း ကမ်းကိုလိုက် နာတတ်ရမည်။ အချင်းချင်း သစ္စာ ရှိရမည်။

(၃) အနစ်နာခံ စွန့်လွှတ်နိုင်ရမည်၊ ရှိသမျှ ရသမျှ ခွဲဝေအသုံးချတတ်ရမည်။ မိသားစုစိတ်ဓာတ် ရှိရမည်။ အများအကျိုးကို လိုလားရမည်။ အချင်းချင်း အပြန်အလှန်ပေးကမ်း, ပြောကြား, ကူညီတတ် ရမည်။

(၄) စဉ်းစားနိုင်းချိန် သုံးသပ်ဆုံးဖြတ်နိုင်သည့် ပညာရှိ ရမည်။

ဤ ၄-မျိုးကို ဖွဲ့စည်းပုံစနစ် ၄-ချက်ဟုလည်း ခေါ်သည်၊ ညီညွတ်ရေးလမ်းစဉ် ၄-ချက်ဟုလည်း ခေါ်သည်။ ဤ၄-မျိုးမရှိဘဲ ပေါင်းစုနေလျှင် ဆီနှင့်ရေ ရောနှောသကဲ့သို့ဖြစ်သွားမည်။ ဆီနှင့်ရေတစ်သား တည်းရော၍မရ၊ ဆီကသာ ရေ၏ အပေါ်ကနေ သည်။ ၎င်း ၄-မျိုးမရှိလျှင်လည်း တစ်သားတည်း ညီညွတ်အောင် ပေါင်းစု၍မရ၊ ကိုယ်ကချည်း အပေါ် စီးနေလိုသဖြင့် ကမောက်ကမ ဖြစ်တတ်သည်။ ကွဲအက်လာတတ်သည်။ ကြာကြာလည်းမခံတတ်၊ ၎င်း ၄-မျိုးရှိလျှင် နို့နှင့်ရေ ခွဲမရအောင်ရောထားသကဲ့သို့ ချစ်ခင်ညီညွတ်စွာ တစ်သားတည်း ပေါင်းစုနေနိုင်ကြ သည်။ လုပ်သမျှလည်း အစစအရာရာ အောင်မြင်ကြ သည်။

၎င်း ၄-မျိုးရှိလျှင် ပျားကောင်များနှင့် တူသည်ဟုဆိုရမည်။ ပျားကောင်များသည် ၎င်း ၄-ချက်အတိုင်းပင် စုပေါင်းနေကြသည်။ ပျားအုံကြီးသည် ပျားကောင်များ၏ မိသားစုစိတ်ဓာတ်ပြည့်ဝသည့် ညီညွတ်ရေးကို သက်သေပြထားခြင်းဖြစ်သည်။ အလွန်ချိုမြိန်ကောင်းမြတ်သည့် ဆေးဖက်ဝင် ပျားရေ သည် ပျားကောင်များ၏ မျိုးချစ်စိတ်ကို သက် သေခံထားသည့်အရာဖြစ်သည်။ စုပေါင်းနေထိုင်ရာ ဖြစ်သည့် ကျောင်းတိုက်နှင့်နေရာများသည် သံဃာ့ ပျားအုံ လူ့ပျား အုံသာဖြစ်ရမည်။ တိုးတက်အောင်မြင် အောင် ကြိုးစားနေသည့် မေတ္တာစသည့် ကောင်းမှု တရားကိုစ္စပျားရေသည်လည်း သံဃာများ လူသား များ၏ မျိုးချစ်စိတ်၊ တရားချစ်စိတ်ကို သက်သေပြ နေခြင်းသာ ဖြစ်ရမည်။

ထို့မှတစ်ပါး ငြိမ်းချမ်းပျော်ရွှင်အေးမြစွာ အတူလက်တွဲ၍နေလိုလျှင်-

(၁) အချင်းချင်းနှင့် အများအပေါ် သည်းခံခွင့်လွှတ် အနစ်နာခံသဘောထားကြီးတတ်ရမည်။

(၂) သနားကြင်နာ ကိုယ်ချင်းစာတတ်ရမည်။ စာနာ ထောက်ထား ညှာတာတတ်ရမည်။


(၃) သူတစ်ပါး၏ ကြီးပွါးတိုးတက်အောင်မြင်မှုကို မြင်တွေ့ကြားသိရလျှင် ဝမ်းမြောက်ဝမ်းသာ ရှိ တတ်ရမည်။

(၄) အချင်းချင်းနှင့် အများအပေါ် အကျိုးလိုလား သည့် မေတ္တာထ ားတက်ရမည်။

ဤ ၄-မျိုးကို သူတော်ကောင်းလမ်းစဉ် ၄-ချက်ဟု ခေါ်သည်။ လူသားငြိမ်းချမ်းရေးလမ်းစဉ်, ကမ္ဘာ့ ငြိမ်းချမ်းရေးလမ်း စဉ်ဟုလည်းခေါ်နိုင်သည်။ ၎င်း ၄-မျိုးရှိလျှင် ဘေးရန်အပူလည်းကင်းဝေးသည်။ နှလုံး စိတ်ဝမ်းအမြဲအေးချမ်းရသည်။ ဘဝအနှစ်ကောင်း မှုလည်း အမြဲတိုးပွါးရသည်။ လုပ်ကိုင်ဆောင်ရွက်သမျှ လည်းအောင်မြင်သည်။

မေတ္တာ သိက္ခာ ပြည့်ဝတော်မူလှသည့် ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီး တည်ထောင်တော် မူခဲ့သည့် ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာ ဏသီကျောင်းတိုက်ကြီးသည် ၎င်းလမ်းစဉ်များ အတိုင်းကြိုးစားလာခဲ့ကြသဖြင့် စည်ပင်ဖွံ့ဖြိုးတိုးတက် နေခဲ့ခြင်းဖြစ်ပါသည်။ အဓွန့်ရှည်ကြာ တည်တံ့ပါစေ သတည်း။

တိပိဋကဓရ ယောဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။



# အကျွန်ုပ်၏ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးနှင့်စပ်၍ မှတ်သားမိသောရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများ

ဓမ္မရသ(ဝိ-ဟာစာချ)

၁၃၆၈-ခုနှစ်၊ တပို့တွဲလဆန်း (၁၁)ရက်၊ တနင်္ဂနွေနေ့တွင် အကျွန်ုပ်နှင့်အတူတကွ ဗာရာဏသီ ပဓာနနာယကဆရာတော် ဦးနာဂဝံသ၊ ဦးထေရပ္ပိယ၊ ဦးသီတလာစာရတို့အပါအဝင် ကားဆရာ ကိုခင်မောင်မြင့်က ကားကိုမောင်းလျက် ရွှေကျင်ဂူ အသံမစဲမဟာပဋ္ဌာန်းပွဲမှအပြန် ညနေ (၅)နာရီခန့်တွင် အောင်လံမြို့သို့ ဆိုက်ရောက်ပါသည်။ ထို့နောက် ဒေါက်တာ သန့်ဇင်ဦး တို့အိမ်တွင် ကျန်းမာရေး စစ်ဆေးပြီး အကျွန်ုပ်နှင့် ပဓာနဆရာတော်တို့ မိုရိယာမင့် အားဆေးထိုးကြ ပါသည်။ ဤခရီးသည် အကျွန်ုပ်၏ ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော် ဘုရားကြီးနှင့် စပ်၍ ရှေးဖြစ်ဟောင်းအကြောင်းများစွာကို အကျွန်ုပ်အား သတိတရ အမှတ်တရ ဖြစ်စေခဲ့ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း(၁၂)နှစ်ခန့် ၁၃၅၅-ခုနှစ်ကလည်း ဤခရီးမျိုး ပင်ဖြစ်သည်။ ထိုစဉ်ကလည်း ရွှေကျင်ဂူ အသံမစဲမဟာပဋ္ဌာန်းပွဲ ၄-ကြိမ်မြောက် ဆင်နွှဲ၍မပြီးခင် ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးသည် ရန်ကုန်၊ မင်္ဂလာဒုံ စစ်ဆေးရုံတွင် ပျံလွန်တော်မူကြောင်း ဖုန်းလာပါသည်။ ထိုအခါ ရှေးဦးစွာ ရေပြည့်ဆရာတော်နှင့် သိမ်ဦးဆရာတော်တို့က မင်းလှမှ လက်မှတ်ဖြတ်ပြီးသားကားဖြင့် လိုက်ပါသွားကြပါသည်။ အကျွန်ုပ်မှာမူ ပဋ္ဌနဂိုရ်မှ ဗိုလ်ကြီး အမိန့်ဖြင့် မိကျောင်းရဲမှထွက်မည့် express တွင် တစ်နေရာရသောကြောင့် ထိုဗိုလ်ကြီး ကပင် သူ၏ကားဖြင့် လိုက်ပါပို့ဆောင်၍

ရန်ကုန်သို့လိုက်ပါခွင့် ရခဲ့ပါ သည်။

ခရီးရှည်တောက်လျှောက် ရန်ကုန်ထိ ဖြစ်ပါသည်။ ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ကို ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းကျောင်းတိုက်တွင် ပြင်ဆင်ထားသည်ကို ဖူးတွေ့ရပါသည်။ အကျွန်ုပ်မှာကား ထိုအချိန်တွင် ဆီးကျိတ်ရောဂါဖြစ်နေ၍ ဇီဝိတဒါနသံဃာ့ ဆေးရုံသို့ အရေးတကြီး သွားရောက်ရပါသည်။ ဗာရာဏသီ ဆရာတော်ဘုရားကြီး မှာကြားခဲ့သည် ကို အမှတ်ရပါသည်။ ဗာရာဏသီ ဆရာတော် ဘုရားကြီးက "ဆီးကျိတ်ကိုမခွဲနဲ့၊ ခြစ်ပစ်"ဟု မိန့်ထားခဲ့ပါသည်။ ဇီဝိတဒါနသံဃာ့ဆေးရုံမှာ operation ခန်းဝင်နေ၍ ကျေးဇူးရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်ဈာပနကျင်းပသော ကြံတောသုသာန်သို့ သယ်ဆောင်ပြီး မီးသဂြိုဟ်ရာတွင် လိုက်ပါပို့ဆောင်ခွင့် မရခဲ့ပါ။ သံလျက်စွန်းမှာ အရိုးပြာများကို ဥဒကဝါဟန ရေချသောအခမ်းအနားတွင်လည်း မပါဝင်နိုင်ခဲ့ပါ။ အကျွန်ုပ်၏ ဘဝတစ်သက်တာတွင် ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားနှင့်သာ အများဆုံး ဆုံဆည်းလာခဲ့ရာ ဤနောက်ဆုံးအကြိမ်မှ ဆုံဆည်းခွင့်၊ တွေ့ဆုံဖူးမျှော်ခွင့် မရသည်မှာ အလွန်ပင် ယူကျုံးမရ ဖြစ်ရပါသည်။

ဗာရာဏသီဆရာတော်ဘုရားကြီး၏ အဂ္ဂိဈာပန၊ ဥဒကဝါဟန မမှီသော်ငြားလည်း သက်တော်ထင်ရှားရှိသေးသော မင်္ဂလာဒုံစစ်ဆေးရုံတက်နေစဉ်အခါ၊ ဦးကျော်နှင့်အာရုံကြောဆေးရုံတွင် တက်နေစဉ်အခါတို့၌ မိမိတွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို ရေးသားပါဦးမည်။ တစ်ကြိမ်တွင် စစ်ဆေးရုံ(၅) ထပ်ဆောင်မှာ ဆရာတော်ဘုရားကြီး မျက်စိခွဲပြီးခါစ အချိန်ဖြစ်သည်။ တိုက်အုပ်ဆရာတော် ဉူးဝိစိတ္တစာရ၊ မင်းလှ ဝေဠုဝန်ဆရာတော် ဉူးကုဏ္ဍလာဘိဝံသတို့နှင့်အတူ ၃-ပါး ယှဉ်ထိုင်နေကြစဉ် အကျွန်ုပ်သည် ဆရာတော်ဘုရားကြီး၏ မျက်စိအကြည်ဓာတ်ကို သိလို၍ အကျွန်ုပ်က တိုက်အုပ်ဘယ်မှာလဲဘုရားဟု မေးလျှောက်သောအခါ ဆရာတော်ဘုရားကြီးက တိုက်အုပ်ဖက်သို့ မျက်နှာလှည့်၍ လက်ညှိုးထိုးပြပါသည်။ ဆရာတော်ဘုရားကား မျက်စိအခွဲခံရသည်ကို ဆရာတော်ဘုရား၏ စိတ်ထဲတွင် နှီးဖျားဖြင့် ခြစ်တာလောက်သာ အောက်မေ့ဟန်တူပါသည်။ သာသနာရေး ညွှန်ကြားရေးမှူးချုပ်ဟောင်း (ယခုနိုင်ငံတော် အကြံပေးအရာရှိ) ဦးအုံ့မောင်က အကျွန်ုပ်ကိုပြောသည်မှာ "ဆရာတော် သက်တော်ကြီးပါပြီ။ ဘာ့ကြောင့်များမျက်စိခွဲပါလိမ့်"ဟု ဖြစ်ပါသည်။ စိတ်ဆေးရုံ အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သန်းရင်သည် အလွန်နှိုင်းနှိုင်းချိန်ချိန် ဆောင်ရွက်တတ်သော ဆရာဝန်ကြီးဖြစ်ပါသည်။ သူကလည်း အကျွန်ုပ်ကိုပြောသည်မှာ "ဆရာတော်ကြီးက ခွဲတာစိတ်တာမှာ ရဲတင်းလွန်းတယ်"ဟု ဖြစ်ပါသည်။ မှန်ပါသည်။ ဆရာတော်ဘုရားကြီးသည် ရန်ကုန်တွင် ဆရာဝန်ကြီး ဦးကြည်နှင့်တစ်ကြိမ်၊ မကွေးဆေးရုံတွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ဆီးအိပ်ကို ခွဲခဲ့ပါသေးသည်။

အကျွန်ုပ်သည် တစ်ကြိမ်တွင် ဆရာတော်ဘုရားကြီး တက်ရောက်ကုသနေသော ရန်ကုန်ရှိ ဦးကျော်နှင့်အာရုံကြောဆေးရုံသို့ ပြည်မှ စာပို့ရထားနှင့် လိုက်ပါသွားခဲ့ပါသည်။ စာပို့ရထားသည် ပြည်မှ နံနက် ၅-နာရီခွဲတွင် ထွက်ပါသည်။ ရန်ကုန်၊ ကြည့်မြင်တိုင်ဘူတာသို့ ရောက်သောအခါ နေဝင်မိုးချုပ်နေပြီဖြစ်သည်။ ငယ်စဉ်(၁၆)နှစ်သားတွင် ဆရာကြီး ဦးညီဘု၏ နောမံကျောင်းသို့ တက်ရောက်စဉ်က ဤနေရာဒေသသို့ သွားလာဘူးပါသည်။ ကြည့်မြင်တိုင်ဘူတာမှထွက်၍ လင်းစဒေါင်းကားစီးပြီး မစ်ရှင်လမ်းမှာ ကားပြောင်းစီးကာ ဆရာတော်



ဘုရားကြီး တက်ရောက်ကုသနေသော ဗိုလ်ချုပ်လမ်းရှိ ဆေးရုံကြီးနှင့်မျက်စောင်းထိုး ဦးကျော်နှင့်အာရုံကြောဆေးရုံသို့ ရောက်ရှိပါသည်။

ဆရာတော်ဘုရားကြီးမှာ ဆေးရုံတစ်ခုမှ ဆေးမှား၍ ၁၄-ရက်၊ ၁၅-ရက်ခန့် သတိမေ့နေပါသည်။ ပထမတွင် ဇီဝိတဒါနသံဃာ့ဆေးရုံတွင်တက်ရောက်ကုသသည်။ သို့သော် နောက်ပိုင်းတွင် ဦးကျော်နှင့်အာရုံကြောဆေးရုံသို့ ပြောင်းရွှေ့၍ ကုသပါသည်။ အကျွန်ုပ်မှာ ထိုစဉ်အခါက ခရီးရှည်ကားစီးရလျှင် မူးနောက်တတ်ပါသည်။ သို့ဖြစ်၍ ထိုနေ့တွင် တစ်နေ့တာ စာပို့ရထားခရီးကို စီးရသောကြောင့် မူးနောက်သောရောဂါက ဖြစ်ပေါ်လာပါသည်။ သို့ဖြစ်ရာ ဦးကျော်နှင့်အာရုံကြောဆေးရုံသို့ ရောက်လျှင်ရောက်ခြင်း သတိမေ့နေသော ဆရာတော်ဘုရားကြီးကို ဦးချရှိခိုးပြီးနောက် တပည့်များက အဆင်သင့် ပြင်ပေးထားသော ခေါက်ကုတင်တွင် အိပ်ရာဝင်ရပါသည်။ စောစောအိပ်စောစောထတတ်သော အကျွန်ုပ်၏ ညဉ်အတိုင်း ည ၁၂-နာရီသာသာတွင် နိုးလာပြီးနောက် ဆရာတော်ဘုရားကြီး ထံသွား၍ ကြည့်ရှုရာ သတိလစ်မြဲကိုပင် တွေ့မြင်ရပါသည်။ ဆရာတော်ဘုရားကြီး၏ ကုတင်ဘေးတွင် ကုလားထိုင်နှစ်လုံးပေါ်၌ သူနာပြုဆရာမ ထောမုနာနှင့် အခြားသူနာပြုဆရာမ တစ်ယောက်က မအိပ်ပဲစောင့်ရှောက်နေသည်ကို တွေ့ရပါသည်။ ထိုအချိန်တွင် နေ့ဂျူတီမှာ သူနာပြု မငွေတင်ဖြစ်ပြီး ညဂျူတီမှာ သူနာပြုဆရာမ ထောမုနာဖြစ်ပါသည်။ ဆရာဝန်ကြီး များကလည်း ဆရာတော်ဘုရားကြီးနှင့် နောက်ပါ တပည့်များအတွက် နောက်ထပ်အခန်းတစ်ခန်း သီးသန့်စီစဉ်ပေးထားပါသည်။

ဤတွင် သူနာပြုဆရာမလေး ငွေတောင်သူ (လှိုင်ကော်သူ)ရှမ်းမလေး မငွေတင်၏ အကြောင်းကို ဆက်လက်တင်ပြလိုသည်။ သူသည် ဆရာတော်ဘုရားကြီးကို ပြုစုသည်မှစ၍ သူမကိုးကွယ်သော မူရင်းဘာသာမှ ဗုဒ္ဓဘာသာသို့ ပြောင်းရွှေ့လာသူဖြစ်သည်။ ဆရာတော်ဘုရားကြီး၏ မွေးရပ်မြေသို့ပင် ရောက်ရှိပြီး ဆရာတော်ဘုရားကြီး၏ တပည့်သံဃာ



<u>၁၃၅၂-ခုနှစ်၊ နယုန်လ၊ ရန်ကုန်မြို့၊ ဦးကျော်နှင့်အာရုံကြောဆေးရုံတွင်၊ ဗာရာဏသီဆရာတော်နှင့်အတူ၊ ရှင်သာမဏေဘဝမှစ၍ ဆရာတော်ကြီးဘုရားကြီးအား အနီးကပ်ပြုစု လုပ်ကျွေးဆည်းကပ်နေသော အရှင်ထေရပ္ပိယနှင့် သူနာပြုဆရာမ မငွေတင်</u>

တော်များနှင့် ဒကာဒကာမများက “ငါတို့ဆရာတော်ဘုရားကြီးကို ပြုစုသူ”ဟု ကျေးဇူးတင်မဆုံးဘဲ ယနေ့တိုင် အမှတ်ရလျက် ရှိနေကြပါသည်။ ကရင်မ ဆရာမလေး ထောမုနာသည်လည်း မက်ဒစ်ကယ် ပရိဖက်ရှင်းအရ ဖြစ်စေကာမူ ဆရာတော်ဘုရားကြီးအား ကြီးမားသော မေတ္တာ၊ ပရဟိတစေတနာတို့ဖြင့်ပြုစုဖော်ရသဖြင့် အမှတ်ရ သတိတရရှိကြောင်းကို မှတ်တမ်းတင်ပါသည်။ ရန်ကုန် ရှစ်မိုင်-မစိုးရိမ် ရွှေကျင်တိုက်သစ်၌ ကျင်းပပြုလုပ်သော



ရန်ကုန်မြို့၊ ဦးဈေးကျော်နှင့်အာရုံကြော ဆေးရုံကြီးမှဆင်း၍ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ် ဗာရာဏသီကျောင်းဆောင်၌ နားယူပြီးလျှင် ၁၉၅၂-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂-ရက်နေ့ ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ပြန်ခါနီးတွင်"ကြော့"ဓာတ်ပုံတိုက်မှ ကူသိုလ်ဖြစ်ရိုက်ကူးထားသောပုံ

ဆရာတော်ဘုရားကြီး၏ အဘိဓေ ပူဇော်ပွဲသို့ သူတို့နှစ်ယောက်လုံး တက်ရောက်ကြသကဲ့သို့ သူနာပြု ဆရာမလေး မငွေတင်မှာ ဆရာတော် ဘုရားကြီးအား ပျံလွန်တော်မူသည့်တိုင် အနီးကပ်ပြုစု သောသူ ဖြစ်ခဲ့ပါသည်။

တစ်ကြိမ်တွင် မကွေးမြို့၊ သီရိစန္ဒာရုံသီလရှင် စာသင်တိုက် ပဓာနနာယိကာဆရာကြီး တပည့်မ ဒေါ်စန္ဒသိရီ (အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ)သည် ဆရာတော် ဘုရားကြီးအား ဆွမ်းဆက်ကပ်ပါသည်။ (ဒေါ်စန္ဒသိရီ ဟူသည် မေမြို့ဘုန်းကြီး ဦးဓမ္မာစာရ ထံမှ ပထမကြီးတန်း အောင်၍ ဝေဠုဘုံသာ ဦးကလျာဏထံမှ စာချတန်း အောင်မြင်ပါသည်။) ထိုတစ်ကြိမ်တွင် မည်သည့် အစားအစာကို ဘုန်းပေးမိသောကြောင့် မသိရ။ (ဆရာတော်ဘုရားနှစ်သက်တော်မူသော မှိုဟင်းကို ဆက်ကပ်ရာ "ထိုမှိုဟင်းကို ဘုန်းပေး မိသော ကြောင့်"ဟု အများက ယူဆကြသည်။) ဆရာတော်ဘုရားကြီး ကျန်းမာရေးအဆင်မသင့် ဖြစ်ရာ မကွေးမှ ပြည်၊ ပြည်မှ ရန်ကုန်သို့ တောက် လျှောက် ပို့ဆောင်ရပါသည်။ ပြည်တွင် ခေတ္တခဏ အနားယူစဉ် နေရာကျောင်းဆောင်ပြောင်းပြန် ဦးဆောက်ဖြစ်သွားတယ်-ဟု အကျွန်ုပ်အား မိန့်ကြား ပါသည်။


ထိုအချိန်တွင် ဆရာတော်ဘုရားကြီး၏ ညီတော် မေမြို့ဆရာတော်သည် နောင်တော် ဗာရာဏသီဆရာတော် ဘုရားကြီး သီတင်းသုံးရာ မဟာထေရဝိမာန အဆောင်တွင် သီတင်းသုံးလျက်ရှိ နေပါသည်။ ညီတော် ဆရာတော်သည် နောင်တော် ဆရာတော်ဘုရားကြီးအား လူနာတင်ကပ်ဖြင့် ကားပေါ်သို့ ထမ်း၍တင်ကြစဉ် နောင်တော်ကြီး ဘုရား အပြစ်ကြီးအပြစ်ငယ်များရှိလျှင် ညီတော်အား ခွင့်လွှတ်တော်မူပါဘုရား-ဟု လျှောက်ထားလျက် သံသရာကြွေး၊ ဝဋ်ကြွေးများကင်းလွတ်စေရန် ကျောင်းလှေကားအထိ လိုက်ပို့တော်မူပါသည်။ ရန်ကုန်သို့ ပို့ဆောင်သောအခါ အကျွန်ုပ်လည်း လိုက်ပါပို့ဆောင်ပါသည်။ ရန်ကုန် ရှစ်မိုင်-မစိုးရိမ်မှ မင်္ဂလာဒုံသို့ ပို့ဆောင်သောအခါ သာသနာရေး အရာရှိ ဗိုလ်မှူးဒေါ်ခင်လှသီကိုယ်တိုင် လိုက်ပါ ပို့ဆောင်ပါသည်။ ထိုစဉ်က မင်္ဂလာဒုံ စစ်ဆေးရုံ ဇေတဝန်ဆောင်တွင် နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌ ပဲခူးမြို့မဆရာတော်ဘုရားကြီးလည်း ဆေး ကုသမှုခံယူနေပါသည်။

တစ်ကြိမ်တွင် ဆရာတော်ဘုရားကြီး မင်္ဂလာဒုံ စစ်ဆေးရုံ ငါးထပ်ဆောင်တွင် တက် ရောက်ကုသနေစဉ်ကပင်ဖြစ်ပါသည်။ ဘဝနတ်ထံ

ပျံလွန်တော်မမူမီ တစ်နှစ်အလိုလောက် သက်တော် (၉၀)အရတွင်ဟု ထင်သည်။ ကုတင်ပေါ်တွင် လဲလျောင်းနေသော ဆရာတော်ဘုရားကြီးအား ကြည့်ကာ အကျွန်ုပ် အလွန်ဝမ်းနည်းစွာ ဖြစ်ရပါသည်။ ဆရာတော်ဘုရားသည် ၈၉-နှစ် အဘိဓဇ ဘွဲ့ရရှိစဉ်က ခရီးသွားနိုင်ပါသေးသည်။ အောင်လံမြို့သူ မြို့သားများ ကုသိုလ်ရစေဘို့ မြို့ကို လှည့်လည်ပါသေးသည်။ ၇၉-နှစ် အဂ္ဂဘွဲ့ရစဉ်ကလည်း ထိုနည်းတူစွာပင် ဖြစ်ပါသည်။ ဆရာတော်ဘုရားသည် အဂ္ဂဘွဲ့ရသည်မှာ လွန်စွာနောက်ကျမှ ရပါသည်။ ထို့ထက် အဘိဓဇ-ဘွဲ့မှာ ၁၀-နှစ်တောင် ခြားပြီးမှ ရပါသည်။

တစ်ကြိမ်တွင် အကျွန်ုပ်သည် ပြည် ဝိ-ဗာ ဝိနည်းစာပြန်ပွဲမှ တရားဟောပြီး၍ ရန်ကုန်သို့ပြန်ကြွသော တိပိဋကဓရ ယောဆရာတော်ကားနှင့်အတူ လိုက်ပါခွင့်ရပါသည်။ သုံးဆယ်မြို့ ဒကာဦးကံသိန်း အိမ်တွင် နေ့ဆွမ်းဆက်ကပ်ပြီး ဆက်လက်ကြွလာကြရာ မင်္ဂလာဒုံစစ်ဆေးရုံ၌ အကျွန်ုပ်က ဆင်း၍ နေရစ်ခဲ့ပါ သည်။ ထိုစဉ်က ဆရာတော်သည် ၅-ထပ်တိုက်၊ တတိယထပ်တွင် သီတင်းသုံး၍ ဆေးကုသနေချိန်ဖြစ်ပါသည်။ အကျွန်ုပ်လည်း ရန်ကုန်မင်္ဂလာဒုံစစ်ဆေးရုံတွင် ဆရာတော်ဘုရားကြီးနှင့်တွေ့ဆုံပြီးနောက် ၈-မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ်သို့ ကြွသွားပြီး တောင်ငူ သိမ်ဦးဆရာတော်နှင့်အတူ မူလပထမရွှေကျောင်းဆရာတော်ဘုရားကြီး၏ ရာပြည့်ပူဇော်ပွဲကျင်းပရာ မန္တလေးသို့ ကြွရောက်ကြပါသည်။ ဤအကြိမ်တွေ့ဆုံခြင်းသည် ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် တွေ့ဆုံရခြင်း နောက်ဆုံးအကြိမ်ဖြစ်လိမ့်မည်ဟုကား အကျွန်ုပ် ထင်မှတ်မထားခဲ့ပါ။ ထိုရာပြည့်ပွဲမှအပြန်တွင် ရေပြည့်ဆရာတော်၊ သိမ်ဦးဆရာတော်တို့နှင့်အတူ ပြည်-ဝိဗာတိုက်ထွက် အရှင်ပညာတပ (သာသနဓဇဓမ္မာစရိယ၊ ဉဘတော ဝိဘင်္ဂဓရ) သီတင်းသုံးရာ မိချောင်းရဲမြို့၊ ပဋ္ဌနဂိုရ်၊ ရွှေကျောင်ဂူတောရတွင် ကျင်းပသော အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲသို့ ကြွရောက်ကြပါသည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း တပို့တွဲလပြည့်ကျော် ၁၃-ရက်နေ့တွင် ပဋ္ဌာန်းရွတ်နေစဉ် ရန်ကုန်မှဖုန်းလာသည်မှာ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း ဟူ၍ပင်ဖြစ်ပါသည်။ တစ်ဖန် ရေပြည့်ဆရာတော် သိမ်ဦးဆရာတော်တို့နှင့်အတူ ခရီးပြင်းနှင်၍ ရန်ကုန်သို့ရောက်ရပြန်ပါသည်။ ဤအကြိမ်တွေ့ဆုံဖူးမျှော်ရခြင်းသည်ကား အကျွန်ုပ်အတွက် ဘဝတစ်သက်တာတွင် အစားထိုး၍ မရနိုင်သော ရုပ်ကလာပ်ထဲတွင် ကိန်းအောင်းလဲလျောင်းနေသည့် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ သက်မဲ့ခန္ဓာကိုယ်တော်သာ ဖြစ်ပါတော့သည်။ ဆရာတော်ဘုရားကြီး တည်ထောင် ဖန်ဆင်းတော်မူသော ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ရွှေရတုနှစ်ငါးဆယ်ပြည့် ပွဲတော်တွင် ငွေရတုနှစ်ဆယ့်ငါးနှစ်ပြည့် ပွဲကျင်းပစဉ်က ဆရာတော်ဘုရားကြီး၏ သက်တော်ထင်ရှားလှုပ်ရှားမှု ပုံရိပ်များသည် အကျွန်ုပ်အား ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ရာများအဖြစ် မြင်နေရသည်ဟု ဆိုလျှင်------

**ဓမ္မရသ(ဝိ-ဗာစာချ)**



# ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များသို့ ဝန်ကြားလွှာ

သီတဂူဆရာတော်

မြတ်စွာဘုရားသည် သူ၏ မြောက်များစွာသော နေ့စဉ်လုပ်ငန်းစဉ် တို့တွင် သတ္တလောကကြီး၏ အခြေအနေကို တစ်နေ့နှင့် တစ် ညဉ့်လျှင် ခြောက်ကြိမ်မြောက်ကြည့်ရှုတော်မူခြင်းသည် အလွန်အရေးပါသော လုပ်ငန်းကြီးတစ်ရပ် အဖြစ်ပါဝင်ပါသည်။ သတ္တလောကကြီး၏ အခြေအနေသည် သို့မဟုတ် ဒေသတစ်ခု၊ သတ္တဝါတစ်စုစု၏ အခြေအနေသည် ကာမရာဂလွန်ကဲ သောင်းကြမ်းသည်ဟု မြင်တော်မူလျှင် ထိုကာမရာဂကို ငြိမ်းအောင်ထိမ်းသိမ်းဖို့ သမာဓိကျင့်စဉ်ကို ညွှန်ပြတော်မူသည်။

ရံခါ ဒေသတစ်ခု သတ္တဝါတစ်စုစုမှာ သို့မဟုတ် မင်းစိုးရာဇာတို့လောကမှာ အာဃာတမက်မောမှုတည်းဟူသော အကြောင်းကြောင့် သတ်ဖြတ်နှိပ်စက်ခြင်းများသည်ကို မြင်တော်မူလျှင် ဒေါသကိုနှိမ်နှင်းဖို့မေတ္တာလမ်းစဉ်ကို ညွှန်ကြားတော်မူသည်။

ရသေ့ ရဟန်း ယောဂီ သမဏဗြာဟ္မဏတို့ လောကၥ ဓမ္မနှင့်အဓမ္မအငြင်းပွါး၍ ငြင်းခုံကွဲပြားကြသည်ကို မြင်တော်မူလျှင်

ထိုသမဏဗြာဟ္မဏတို့အား ပညာလမ်းစဉ်ကို လိုက်နာကျင့်သုံးကြဖို့ ဟောကြားတော်မူပါသည်။

ဤသို့မြတ်စွာဘုရားသည် သတ္တဝါလောကကြီး၏ အခြေအနေကို ရှုမြင်သုံးသပ်၍ အခြေနေအားလျော်စွာ ကျင့်သုံးပုံနည်းစနစ်များကို ဟောကြားညွှန်ပြတော် မူသည်ကို ကျွန်ုပ်တို့ဘာသာရေး ခေါင်းဆောင်များ အတုယူ လိုက်နာ ဆောင်ရွက်ဖို့ ကောင်းပါသည်။ ကျွန်ုပ်တို့ ဘာသာရေး ခေါင်းဆောင်များသည် မျက်စိနှင့်နားကို ကျယ်ကျယ်ဖွင့်၍ လောကကြီး၏ အခြေအနေကို အစဉ်မပြတ် ကြည့်ရှုသုံးသပ်နေ သင့်ပါသည်။

လူလောကကြီး၏ လိုအပ်ချက်အရ အစဉ်မပြတ် ကြည့်ရှုဖြည့်စွက်ပေးဖို့ရန်မှာ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များ၏ တာဝန် တစ်ရပ် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များ၏ ဓမ္မကိုဖြန့်ချိခြင်းသည် လူ့လောကကြီး၏ လိုအပ်ချက်နှင့်ကိုက်ညီဖို့ အရေးကြီးပါသည်။ ဓမ္မနှင့် လူသား တစ်ခြားစီ မဖြစ်ရလေအောင် ဓမ္မနှင့်လူသား တစ်ထပ်တည်းကျအောင် ဖြန့်ချိနိုင်ပါမှ လူ့လောကကြီး၏ လိုအပ်ချက်ပြည့် စုံမည်ဖြစ်ပါသည်။

သို့မှသာ လူသားအများစုတို့က ဘာသာရေးခေါင်းဆောင်တို့သည် လူလောကကြီးအတွက် မရှိမဖြစ်လိုအပ်သောပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ယုံကြည်စိတ်ချ ကျေးဇူးတင်လာကြမည်ဖြစ်ပါသည်။ သိပ္ပံနှင့်နည်းပညာတစ်ဟုန်ထိုးတိုးတက်ထွန်းကားလာသော ယနေ့ခေတ်၌ လူ့လောကကြီး၏ လိုအပ်ချက် မဖြည့်နိုင်သော လောကနှင့်ဓမ္မကို တစ်သားတည်းကျအောင် ဦးမဆောင်နိုင်သော ဘာသာရေးခေါင်းဆောင်တို့ကို လူသားတို့က တစ်နေ့တခြား လူ့ လောကကြီး၏ အပိုအလျှံများသဖွယ် မြင်လာနေကြပြီဖြစ်သည်။

ယနေ့လူငယ်အချို့က ဆိုလျှင် ဘာသာရေးမှ ရုန်းထွက်ဖို့ပင် ကြိုးစားနေကြပြီး သိပ္ပံနှင့်နည်းပညာသည်သာလျှင် လောကကို ကောင်းကျိုးပြုသည်ဟု တစ်ဖက် သတ်မြင်လာ နေကြပေပြီ။ သို့သော် ထိုသိပ္ပံနှင့်နည်း ပညာသည် လောကကောင်းကျိုးကို ပြုပင်ပြုငြား သော်လည်း လူ လောကကြီးကို လူညွန့်တုံးအောင် သတ်ဖြတ်နိုပ် စက်သည်မှာလည်း ယင်းတို့ပင် ဖြစ်ကြသည်ကို သတိပြုရန် လိုအပ်လှပါသည်။ တက်ထရာဆိုက် ကလင်းဆေးသည် အဖျားပျောက်ဆေးတို့တွင် အကောင်းဆုံးပင် ဖြစ်သော်လည်း အစာအိမ်ကို လောင်ကျွမ်းစေကာ ရောဂါတစ်မျိုး ထပ်တိုးစေသည်မှာလည်း ဤဆေးပင်ဖြစ်ပါသည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ၊ ၅-ရက်နေ့တွင် ဂျပန်နိုင်ငံရှိ နာဂါဆာကီနှင့် ဟီရိုရှီးမားမြို့တို့မှာ လူသိန်းပေါင်းများစွာကို သတ်ခဲ့သော အဏုမြူဗုံးသည် သိပ္ပံဆရာများတီထွင်ခဲ့သော လက်နက်ပင်မဟုတ်ပါလော။

ဘာသာရေးတိုင်းသည် လူသားတို့၏ စိတ်နှလုံးကို သူ့နည်းသူ့ဟန်ဖြင့် အသီးသီး ငြိမ်းချမ်းမှုပေးနိုင်ကြပြီး လူသားတို့၏ စိတ်နှလုံးကို ယဉ်ကျေးစေနိုင်သည်ဟု ကျွန်ုပ်တို့ ယုံကြည်မျှော်လင့်ပါသည်။ ယနေ့မျက်မှောက်ခေတ်၌ ကျွန်ုပ်တို့ဘာသာရေးခေါင်းဆောင်အားလုံးသည် လူ့လောကကြီး၏ မရှိမဖြစ်လိုအပ်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း လူသားအများစု နားလည်ခံယူလာအောင် ကျွန်ုပ်တို့အားထုတ်ရမည်ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ လက်ထက်တော်ကာလက ကုရုတိုင်း၊ ထုလ္လကောဋ္ဌိကမြို့သို့ မြတ်စွာဘုရား ရောက်သွားသောအခါ မြတ်ဗုဒ္ဓ၏ ဓမ္မကို နာကြားရသဖြင့် ဘီလျံနာသူဌေး ရဋ္ဌပါလ ရဟန်းပြုခဲ့သည်။ ဘီလျံပေါင်းများစွာသော ပစ္စည်းဥစ္စာတို့ကိုစွန့်၍ ရဟန်းပြုခဲ့သော အရှင်ရဋ္ဌပါလကို ကောရဗျမင်းကြီးက အောက်ပါအတိုင်း မေးလျှောက်ပါသည်။

"အရှင်ဘုရားသည် ဤမျှကြီးကျယ်သော ပစ္စည်းဥစ္စာတွေကိုစွန့်ပြီး မည်သည့်ချမ်းသာသုခကို မြင်၍ ရဟန်းပြုခဲ့ပါသနည်း?" အရှင်ရဋ္ဌပါလက ပြန်လှန်၍ မေးခွန်းထုတ်ပါသည်။

"ဒကာတော်မင်းကြီး ရသေ့ ရဟန်းတို့အပေါ်မှာ သင်သည် အဘယ်ကဲ့သို့ မြင်ပါသနည်း?" မင်းကြီးကဆိုပါသည်။

"လူတွေဟာ စီးပွားပျက်

သောကြောင့်ဝင်း၊ ဆွေမျိုးပျက်သောကြောင့်ဝင်း၊ အိုမင်းရင့်ရော်သောကြောင့်ဝင်း၊ စားဝတ်နေရေးအခက်တွေ့တဲ့လူတွေဟာ ဘာသာ ရေးခေါင်းဆောင်ဝင်လုပ်ပြီး စားစရာ ဝတ်စရာ တွေကိုရှာကြတာပဲ"။

တိုင်းပြည်နှင့်လူသားတွေအတွက် ဘာအကျိုးကျေးဇူးမှမပြုသည့်အဓိပ္ပါယ်ကို မင်းကြီးကဆိုလာသည်။ ဘာသာရေးခေါင်းဆောင်တွေဟာ လူပိုတွေ အချောင် သမားတွေလို့မြင်တဲ့အမြင်ရှိသူအချို့ ဗုဒ္ဓရှင်တော်လက်ထက်တော် အခါကပင်ရှိဖူးပါသည်။ ပညာမဲ့သောလူသားတို့ ဤသို့မြင်သည်မှာ အလွန်အရေးမကြီးလှသော်လည်း ကောရဗျမင်းကဲ့သို့ မင်းစိုးရာဇာတို့က ဤအမြင်မျိုး ရှိသည်မှာ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များ သတိပြုစရာပင် ဖြစ်ပါသည်။

အရှင်ရဋ္ဌပါလ၏အဖြေမှာ---

၁။ ဒကာတော်မင်းကြီးသတ္တဝါလောကကြီး တစ်ခုလုံးတလှုပ်လှုပ်ဖြစ်နေသည်။ သတ္တဝါလောကကြီး တစ်ခုလုံးမှာတည်ငြိမ်မှုမရှိဘူး။ ငါသည် ဗုဒ္ဓသာသနာတော်၌ ဘဝ၏တည်ငြိမ်မှုကို တည်ဆောက်ဖို့ဝင်ရောက်လာခြင်းဖြစ်သည်ဟု ဖြေပါသည်။ အရှင်ဘုရား၏ ဘဝတည်ငြိမ်မှုကိုဘာနှင့်တည် ဆောက်သလဲဟု မင်းကြီးကမေး လျှင်---

အရှင်ရဋ္ဌပါလက ငါ့ဘဝရဲ့ တည်ငြိမ်မှုကို ဓမ္မဖြင့် တည် ဆောက်နိုင်ခဲ့သည်ဟု ဖြေကြားလိုက်သည်။

၂။ ဒကာတော်မင်းကြီးသတ္တဝါလောကကြီးတစ်ခုလုံးမှာ မီးဟုန်းဟုန်းတောက်လောင်နေပါသည်။ ငါသည် မြတ်ဗုဒ္ဓ၏သာသနာတော်၌ တဟုန်းဟုန်းတောက်လောင်နေသောမီးကိုငြိမ်းအေးစေဘို့ ဝင်ရောက်လာ



ခြင်းဖြစ်သည်။ ဘဝမီးတောက် မီးလျှံများကို ဓမ္မဖြင့် ငြိမ်းအေးစေခဲ့သည်ဟု ဖြေတော်မူခဲ့ပါသည်။

၃။ ဒကာတော်မင်းကြီး သတ္တဝါလောကကြီးတစ်ခုလုံး အိုနာ သေ သုံးမျိုးတို့ နှိပ်စက်သောအခါ ဘယ်တန်ခိုးရှင်မှ ထိမ်းချုပ်လို့မရဘူး။ ထို့ကြောင့် ထိုဒုက္ခသုံးမျိုးတို့ကိုထိမ်းချုပ်ဖို့ ငါသည် သာသနာတော်သို့ ဝင်ရောက်လာခဲ့သည်။ ထိုဒုက္ခသုံးမျိုးတို့ကို ငါသည် ဓမ္မဖြင့် ထိမ်းချုပ်နိုင်ခဲ့သည်ဟု ဖြေတော်မူခဲ့ပါသည်။

၄။ ဒကာတော်မင်းကြီး သတ္တဝါလောကကြီးတစ်ခုလုံးမှာ ပစ္စည်း ဥစ္စာ ရာထူး အာဏာတွေဆိုတာ တကယ်စင်စစ် ကိုယ်ပိုင်ဥစ္စာအဖြစ် ဘာကိုမှ မပိုင်ဆိုင်ကြဘူး။ ငါ့ဥစ္စာဟု ပြောနေကြသော်လည်း နှစ်ပေါင်းတစ်ရာထက်ပို၍ ပြော ဆိုပိုင်ခွင့်မရှိကြဘူး နှစ်တစ်ရာမပြည့်မီမှာ ထိုပိုင်ဆိုင်မှု အားလုံးတို့ကို စွန့်လွှတ်ရစမြဲဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ဗုဒ္ဓသာသနာတော်၌ ငါသည် ကိုယ်ပိုင် ဥစ္စာရှာဖို့ ဝင်ရောက်လာခဲ့ခြင်း ဖြစ်သည်။ ငါကျင့် ထားသော ဓမ္မအားလုံးတို့ကို ငါပိုင်ခဲ့လေပြီဟု ဖြေတော်မူခဲ့ပါသည်။

၅။ ဒကာတော်မင်းကြီး သတ္တဝါလောကကြီးတစ်ခုလုံးသည် မည်သည့်ဥစ္စာ မည်သည့်ရာထူး အာဏာတို့ မည်မျှပင်ရထားကြစေကာမူ အလိုမပြည့်နိုင်အောင် ဖြစ်နေကြသည်။ အလိုရှိနေသမျှ မည်သို့ပင်ဖြည့်ကြသော်လည်း အလိုကားမပြည့်ကြပေ။ အလိုမပြည့်မီမှာပင် လူသားအားလုံးတို့ သေကြရမည်ဖြစ်သည်။ ထို့ကြောင့် ငါသည် မြတ်ဗုဒ္ဓသာသနာတော်၌ ငါ၏အလိုဆန္ဒတို့ကို ပစ္စည်း ဥစ္စာ ရာထူး အာဏာတို့ဖြင့် မဖြည့်ဘဲ ဓမ္မဖြင့်ဖြည့်ခဲ့လေပြီ။ လိုသည် ဆိုသည့် လောဘ၏နေရာ၌ဓမ္မဖြင့် အစားထိုးနိုင်ခဲ့သဖြင့် ကျွန်ုပ်အလို ပြည့်ခဲ့လေပြီဟု ဖြေတော်မူခဲ့ပါသည်။

၆။ ဒကာတော်မင်းကြီး လူသားတို့သည် "လိုသည်လိုသည်" ဆိုသည့် လိုအပ်ချက်ကို ရှာဖွေဖြည့်စွက်ကြရာ၌ လိုအပ်ချက်တို့ကို အဆုံးမသတ်နိုင်ခဲ့ကြရသည့်အတွက်ကြောင့် တဏှာဘောဘ၏ ကျေးကျွန်များအဖြစ်သာ ဖြစ်ခဲ့ကြရလေသည်။ ငါသည် တဏှာ၏ ကျေးကျွန်အဖြစ်က လွတ်ဖို့ရန်အတွက် ရဟန်းဝတ်ခဲ့သည်ဟု ဖြေတော်မူခဲ့ပါသည်။

ဤသို့လျှင် အရှင်ရဋ္ဌပါလ၏ မွန်မြတ်သော မှန်ကန်သော ရဟန်းပြုခြင်း၏ ရည်ရွယ်ချက်တို့ကို မင်းကြီးကြားသောအခါ အလွန်ပင်ကျေနပ် နှစ်သက်ခဲ့လေသည်။ ကျေနပ်နှစ်သက်ခြင်းကြောင့် သူစွပ်စွဲခဲ့မိသောအပြစ်တို့ကို တောင်းပန်ဝန်ချ ကန်တော့ခဲ့သည်။ ဤနေ့မှစ၍ ရတနာသုံးပါးကို ကိုးကွယ်ပါ၏ဟု လျှောက်ထားခဲ့လေသည်။

သို့ဖြစ်ခြင်းကြောင့် ယနေ့

**ယနေ့ မျက်မှောက်ခေတ်၌ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်အားလုံးသည် လူ့လောကကြီး၏ မရှိမဖြစ် လိုအပ်သော ပုဂ္ဂိုလ်များဖြစ်ကြောင်း လူသားအများစု နားလည်ခံယူလာအောင် ကျွန်ုပ်တို့အားထုတ်ရမည်ဖြစ်ပါသည်။**

နိုင်ငံအသီးသီး လူမျိုးအသီးသီးတို့ စီးပွားရေး အကြပ်အတည်းတို့နှင့် ရင်ဆိုင် ကြုံတွေ့နေကြရသော ကာလ၌ နိုင်ငံအသီးသီးရှိ လူသားတော်တော်များများ အလုပ်လက်မဲ့ ဖြစ်၍ စားဝတ်နေရေး အခက်အခဲ တွေ့နေကြရသည်ကို ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်အားလုံး မြင်တွေ့နေကြရပြီးဖြစ်ပါသည်။ စီးပွားရေးအကြပ်အတည်း၊ နိုင်ငံရေးအကြပ်အတည်း၊ ဘာသာရေးအကြပ်အတည်း ဤသုံးခုတို့သည် တခြားစီမနေကြဘဲ အပြန်အလှန် မှီတွယ်၍ နေတတ်ကြပေသည်။ နိုင်ငံရေး စီးပွားရေးအကြပ်အတည်းကြောင့် လူအများစု အလုပ်လက်မဲ့ဖြစ်နေကြရသည်ကို ကြည့်၍ ကျွန်ုပ်တို့ခေါင်းဆောင်များ ဘာသာရေးအလုပ်လက်မဲ့ မဖြစ်ရလေအောင် အထူးသတိပြုကြရမည်ဖြစ်ပေသည်။

ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ မိမိလုပ်ဆောင်ကြရမည့် လူမှုရေး အကျိုးပြုလုပ်ငန်းများ ပိဋကတ် သင်ကြားပို့ချရေးလုပ်ငန်းများ ကမ္မဋ္ဌာန်းကျင့်ကြံအားထုတ်ရေး လုပ်ငန်းများကို ယနေ့ခေတ်၌ နှစ်ဆတိုးကြိုးစား၍ လုပ်ဆောင် ကြရမည်ဖြစ်သည်။ အရှင်ရဋ္ဌပါလကို ကောရဗျမင်းကြီးစွပ်စွဲသလို အစွပ်စွဲမခံကြရလေအောင် ကြိုးစားကြရမည် ဖြစ်ပေသည်။ ကောရဗျမင်းကြီးကဲ့သို့ ဘာသာရေး ခေါင်းဆောင်တို့အပေါ် အထင်အမြင် သေးကြသည့် လူတို့၏စိတ်နှလုံးကို ကျေနပ်နှစ်သိမ့်မှုရအောင် အရှင်ရဋ္ဌပါလကဲ့သို့ အားထုတ်ကြရမည် ဖြစ်သည်။ ထို့ပြင် လှုပ်ရှားနေသော ကမ္ဘာ ကိုတည်ငြိမ်မှုရှိအောင် ကြိုးစားဖို့မှာ ကျွန်ုပ်တို့၏ တာဝန်ပင် ဖြစ်ပေသည်။ ကမ္ဘာကို တုန်လှုပ်နေသော လူတွေထဲမှာ ကျွန်ုပ် ဘာသာရေး ခေါင်းဆောင်

**သိပ္ပံနှင့်နည်းပညာ တစ်ဟုန်ထိုးတိုးတက် ထွန်းကားလာသော ယနေ့ ခေတ်၌ လူ့လောကကြီး၏ လိုအပ်ချက် မဖြည့်နိုင်သော၊ လောကနှင့်ဓမ္မကို တစ်သားတည်းကျအောင် ဦးမဆောင်နိုင်သော ဘာသာရေးခေါင်းဆောင်တို့ကို လူသားတို့က တစ်နေ့တခြား လူ့လောကကြီး၏ အပိုအလျှံများ သဖွယ် မြင်လာနေကြပြီဖြစ်သည်။**

များ ပါဝင်ဖို့ အရေးကြီးပါသည်။ လူ့လောကကြီး၏ လိုအပ်ချက်တို့ကို ကျွန်ုပ်တို့ ဝိုင်းဝန်းဖြည့်စွက်ပေးနိုင်ကြဖို့ အားထုတ်ကြရမည် ဖြစ်ပါသည်။ လိုအပ်ချက်ဆိုသည်မှာ စိတ်ဓာတ် ရေးရာလိုအပ်ချက်ကိုဆိုလိုပါသည်။ သို့မှသာ ကမ္ဘာ့လူသား အများစုက ဘာသာရေး ခေါင်းဆောင်တို့သည် ကမ္ဘာ့လူသားအားလုံးတို့အတွက် ကျေးဇူးပြုတတ်သော အထူးအားကိုးထိုက်သော ပုဂ္ဂိုလ်များဖြစ်သည်ဟု သိမြင်လာကြမည်ဖြစ်ပါသည်။

ဤသည်ကား ကျွန်ုပ်၏ တောင်းဆိုမှုပင်ဖြစ်ပါသတည်း။ ပူလောင်နေသော ကမ္ဘာမှာ ကျွန်ုပ်တို့သည် မီးသတ်သမားများသဘွယ် ကိလေသာမီး သောကမီး စစ်မီးတို့ကို ငြိမ်းသတ်နိုင်သော ပုဂ္ဂိုလ်များအဖြစ် ကမ္ဘာ့ရေးရာမှာ ပါဝင်ကြရမည်ဖြစ် ပါသည်။ ကမ္ဘာလောကကို မီးဝိုင်းရှို့သော လူတွေထဲမှာ ကျွန်ုပ်တို့ မပါဝင်နိုင်ပေ။ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များသည် လူသားတို့အထံမှ ဘာကိုမျှမတောင်းဆိုကြပါ။ သို့သော် ``Jealousy ကို Joy သို့ပြောင်းကြပါ။ Evilကို Good သို့ ပြောင်းကြပါ။ အဝိဇ္ဇာမှ ဝိဇ္ဇာသို့ ပြောင်းကြပါ" ဟူသော Change ကို တကယ်ပဲ တောင်းဆိုလိုပါသည်။

သီတဂူဆရာတော်
15/03/09/ 8:55 am sunday



# ဆရာတော်ရေးခဲ့သော "ဝိသုဒ္ဓါရုံဗာရာဏသီတိုက်" သမိုင်း

အရှင်အာဒိစ္စဝံသ(ဆာလင်းကြီး)

ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကို မြန်မာသက္ကရာဇ်(၁၃၂၁) ခုနှစ်တွင် စတင်တည် ထောင်ဖွင့်လှစ်ခဲ့ရာ မြန်မာသက္ကရာဇ် (၁၃၇၁) ခုနှစ်တွင် နှစ်(၅၀)ပြည့်ခဲ့ပါသည်။ ဝိသုဒ္ဓါရုံဗာရာဏသီ တိုက် စတင်ဖွင့်လှစ်သော သမိုင်းကို ဗာရာဏသီဆရာ တော်ဘုရားကြီး ကိုယ်တော်တိုင်ရေးသားခဲ့သော သမိုင်းမှတ်တမ်းကို တင်ပြလိုပါသည်။ ဗာရာဏသီ ဆရာတော်ဘုရားကြီးသည် "ရွှေကျင်နိကာယမှတ် တမ်း"စာအုပ်ကြီး(၃)တွဲကို ရေးသားပြုစု တော်မူခဲ့ပါ သည်။ ရွှေကျင်နိကာယမှတ်တမ်းကား ရွှေကျင်ဂိုဏ်း သမိုင်းအတွက် အားထားရသည့် မှတ်တမ်းစာအုပ်ကြီး များဖြစ်ပါသည်။ ထိုမှတ်တမ်းတွင် ရွှေကျင်နိကာယ ဥက္ကဋ္ဌ မဟာနာယကဓမ္မသေနာပတိ ဆရာတော်ကြီးများ၊ ဥပဥက္ကဋ္ဌ မဟာနာယက ဆရာတော်ကြီးများ၏ ထေရုပ္ပတ္တိများ ရတ္တညူမဟတ္တ မဟာနာယက ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ခွန်းတော်များကို မှတ်တမ်းတင်ရေးသားထား သောကြောင့်ဖြစ်သည်။ ရွှေကျင်နိကာယမှတ်တမ်း ပထမအုပ် နိဒါန်းတွင် ဆရာတော်က ဤသို့ရေးသား ထားသည်. . .

ဆက်ကပ်သော မီးရထားလက်မှတ်များဖြင့် မန္တလေးမြို့မှ နံနက် ဒဂုံလွင် မီးရထားကို စီးနင်းလိုက်ပါ ပြည်မြို့၌ သာသနာပြုရန် ကြွရပါသည်။

ထိုနေ့ည ရန်ကုန်ဘူတာကြီးသို့ ရောက်ကြ၍ တည်းခိုတာမျှ သံဃာအားလုံး အတွက်(၆၅၁)ကျပ် နှုန်းဖြင့် အသင့်ငှားထားနှင့်သော ရန်ကုန်ဘူတာ ဟော်တယ်တွင် ၎င်းညခို့တည်းခိုကြပြီးလျှင် နောက် တနေ့နံနက်(၄)နာရီထွက် ခေတ္တရာ အမြန်ရထားနှင့် ဆက်လိုက်ကြရာ ညနေဘက်မှာ သီတင်းသုံးရန် ကျောင်းတိုက်သို့ သိုက်မြိုက်ဖွယ်ရာ ဆိုက်ရောက်ကြပါ သည်။ ယင်းမြို့၌ ရောက်ရာ ဝိသုဒ္ဓါရုံဗာရာဏသီ တိုက်အမည်ဖြင့် ရွှေကျင်နိကာယ စာသင်တိုက်သစ် ထူထောင်ရပြန်သည့်အခါ တိုက်တာဗလိဗောဓ စသည် ဝင်လာပါသဖြင့် ရွှေကျင်နိကာယမှတ်တမ်း ပြုစုရေးမှာ ဖင့်နွှေးကြန့်ကြာသွားခဲ့ပါသည်။

ဤကား ဗာရာဏသီဆရာတော်ကိုယ်တိုင် ရေးသားတော်မူခဲ့သော ဝိသုဒ္ဓါရုံဗာရာဏသီတိုက် တည် သမိုင်းမှတ်တမ်းပင်ဖြစ်သည်။ ဤမှတ်တမ်း အရ-ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကို မြန်မာသက္ကရာဇ် (၁၃၂၁)ခုနှစ်၊ ဝါဆိုလဆန်း (၁၃)ရက်နေ့တွင် စတင် တည်ထောင်ခဲ့သည် ဟုဆိုရပေမည်။ ယင်းသို့ဖြစ်ရာ (၁၃၇၁)ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်နေ့တွင် နှစ် (၅၀)ပြည့်ခဲ့သည်၊ ယနေ့မျက်မှောက် ခေတ်တွင် ကျင်းပနေသော အစဉ်အလာအရ “ရွှေရတုနှစ်” ဖြစ်သည်။

ဗာရာဏသီဆရာတော် မန္တလေးမြို့ မဟာ ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ သီတင်းသုံး နေချိန်က စာရေးသူလည်း မဟာဝိသုဒ္ဓါရုံတိုက် သရက်တော ဝါးတန်းကျောင်းမှာနေထိုင်ရာ ဆရာ တော်ထံ မကြာခဏရောက်ရပါသည်။ ထိုအချိန်က ပါဠိတက္ကသိုလ်များဖွင့်လှစ်ကာ မဟာဝိသုဒ္ဓါရုံတိုက် သည်လည်း “မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်”ဖြစ်သည်။ ဆရာတော်သည် ပါဠိတက္ကသိုလ်ကိုယ်စားလှယ်ဖြစ် သည်။ ပါဠိတက္ကသိုလ် ကထိကဆရာတော်များ အတွက် နဝကမ္မ (ဆွမ်းဆန်တော်)များ လှူဒါန်း

ဤရွှေကျင်နိကာယမှတ်တမ်းကို ရေးသား နေဆဲမှာပင် မမြှော်လင့်ဘဲ ပြည်မြို့၊ ကျီးငှက်ဆေးလိပ် ရုံပိုင်ရှင် တိုက်အမ ဒေါ်သိန်းတင်၏ စီစဉ်ပင့် လျှောက်ချက်အရ သာသနာပြုကိစ္စ တစ်ခု ပေါ်ပေါက်လာသည့်အတွက် ၁၃၂၁-ခု၊ ဝါဆိုလဆန်း(၁၂)ရက် နေ့တွင် နောက်ပါသံဃာ စာချဘုန်းကြီး (၂)ပါး စာသင်သား(၂၄)ပါး ကျောင်း သား(၅)ယောက်နှင့် ပင့်ဆောင် ရန်လာ သော ဒကာရွှေ ဒကာတင်မောင်တို့ နှင့်အတူ တိုက်အမက တာဝန်ယူ

ဝိ-ဗာတိုက် ဖွင့်လှစ်စဉ်က
မန်းမှပြည်သို့ ဆရာတော်ဘုရားကြီးနှင့်အတူ
စာချဆရာတော်အဖြစ်လိုက်ပါလာသော
ဦးကေသရိန္ဒာဘိဝံသ





<u>ကောဇာ-၁၃၂၁-ခု၊ ဝါဆိုလဆန်း ၁၂-ရက်က နောက်ပါ စာချ/စာသင် ရဟန်း/ရှင် ၂၅-ပါးနှင့် တပည့်ကျောင်းသား ၅-ယောက်တို့နှင့်တကွ ခေတ္တရာအမြန်ရထားမှ အဆင်းတွင်စာသင်တိုက်ဖွင့်လှစ်ရန် ကြွလာတော်မူသော ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတ အရှင်မြတ်ကို နဝင်းရပ် ဒေါ်သိန်းတင် ကျောင်းတိုက်သို့ ပင့်ဆောင်ရန်စောင့်ကြိုကြသော ဥပါသကာများနှင့်အတူတွေ့မြင်ရပုံ</u>

ထောက်ပံ့သည်။ စာမေးပွဲကိစ္စ ပါဠိတက္ကသိုလ် ထောက်ပံ့သော နဝကမ္မများပေးရန်ကိစ္စ ရှိပါက ဆရာတော်က စာတိုလေးရေး၍ စာရေးသူအား ခေါ်ပါသည်။ ဝါးတန်းကျောင်းမှ စာမေးပွဲကိစ္စ စသည်ကို စာရေးသူက ဆောင်ရွက်နေသောကြောင့် ဖြစ်သည်။

ဗာရာဏသီဆရာတော်သည် နာယကဆရာတော်တစ်ပါးဖြစ်သော်လည်း ညဉ့်ဘုရားဝတ်တက် နံနက်ဘုရား ဝတ်တက်တို့ကို လေးလေး စားစား လိုက်တော်မူသည်။ သာသနာ ရေးကိစ္စဖြင့် ခရီးသွားသောအခါ အချိန်မှီသောအခါ ဘုရားဝတ်တက် အပျက်မခံခဲ့ပေ။ ညဉ့်ပြန်ရောက်လျှင် နံနက်ဘုရား ဝတ်တက်ကြွလာသည်။ ခရီးသွားလျှင်လည်း သက်နိုးရုံ၍သာ ကြွတော်မူသည်။ ဝိသုဒ္ဓါရုံနာယက ကျောင်းဘုန်းကြီးများ ကျောင်းတစ်ကျောင်းတွင် စုဝေး၍လွှက်ရည်ဘုန်းပေးကြရာ စကားပြောကြသော်လည်း ဗာရာဏသီဆရာတော် ထိုလွှက်ရည်ဝိုင်းသို့ကြွသည်ကို မတွေ့ခဲ့ရပေ၊ ဆရာတော်ကား သမာဓိကြီးတော်မူလှသည်။ ဆရာတော်သည် မေမြို့၌လည်း ဝိသုဒ္ဓါရုံတိုက်တည်၍ သာသနာပြုတော်မူပြီး ညီတော် ဆရာတော်

ဤသို့ ရွှေကျင်နိကာယစာပေ ပြန့်ပွါးရေးကိုလည်း အလေးအနက်ထား၍ ဆောင်ရွက်တော်မူခဲ့ပါသည်။ ဆရာတော်သည် စာပေရေးသားရာ၌လည်း မြန်မာစာပေအရေးအသားကို ဦးစားပေးရေးသားတော်မူသည်။ ဆရာတော်၏ စာရေးဖတ်ကို ကြည့်လျှင် သိနိုင်ပါသည်။ မျက်မှောက်ခေတ် စာရေးဖတ်များ ရိုက်နှိပ်ရာ၌ နာမည် ဘွဲ့တို့ကိုရှေ့ထား၍ ရေးသားရိုက်နှိပ်ကြသည်။ မြန်မာမှုမြန်မာဟန် မဟုတ်ပါပေ။ ဆရာတော်၏ စာရေးဖတ် လိပ်စာ တပ်ပုံမှာ-

ပြည်မြို့ နဝင်းရပ်
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
ဗာရာဏသီဆရာတော်-မှ ----------

မြန်မာစာရေးဟန်အတိုင်း ရိုက်နှိပ်ထားပါသည်။ ရက်စွဲရေးထိုးရာ၌လည်း ဂေါစာ- ၁၃------ခု----- ----လ၊ ရက်တို့ကိုရေးထိုးထားပါသည်။ ဆရာတော် စာပြန်ရန်ရှိကလည်း ငယ်သူများထံသို့လည်း ဂရုတစိုက်ပြန်ကြားတော်မူပါသည်။ စာရေးသူထံ ဆရာတော်၏ လက်ရေးဖြင့် ပြန်စာတစ်စောင်ရှိပါသည်။ အတ္တုက္ကံသန ဖြစ်မည်ကြောင့် မတင်ပြတော့ပါ။ ဤ ဆောင်းပါးဖြင့် ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏ သီလ သမာဓိ ပညာဂုဏ်တို့ကို ဦးညွှတ်ရှိခိုးပြီး ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၏ ရွှေရတုကို ဂုဏ်ပြုအပ်ပါသတည်း။

အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး)

ဦးမဟောသဓပဏ္ဍိတာဘိဝံသ ကို လွှဲအပ်သာသနာပြုတော်မူသည်။ တောင်ငူမြို့ မြို့ထောင့်ဝိသုဒ္ဓါရုံ ဆရာတော်ကြီးလွန်တော်မူသောအခါ ကြွရောက်၍ သာသနာပြုတော်မူခဲ့သည်။ ပြည်မြို့ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၌ကား ကိုယ် တော်တိုင်ကြွရောက်သီတင်းသုံး၍ သာသနာပြုတော်မူသည်။ ဆရာတော်၏ သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် သာသနာပြု စွမ်းရည်တို့ကြောင့် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သည် ပြည်မြို့တွင် ထင်ရှားသော ပရိယတ္တိစာသင်တိုက် ဖြစ်လာသည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သည် ရှုပ်ပိုင်း သာသနိကအဆောက်အအုံများဖြင့် တိုးတက်လာသလို အလုပ်ပိုင်းဖြစ်သော ပရိယတ္တိ ပဋိပတ္တိလုပ်ငန်းတို့ဖြင့် တိုးတက်အောင်မြင်နေရာ နှစ်ငါးဆယ် ပြည့်ရွှေရတုခရီးကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပေပြီ၊ ပရိယတ် ပဋိပတ်စွယ်စုံတိုးတက်သော ကျောင်းတိုက်ဖြစ်ရာ ရွှေရတုသဘင်ကို အောင်မြင်စွာကျင်းပခြင်းဟု ဆိုထိုက်လှပါသည်။ ဆရာတော်သည် ရွှေကျင်နိကာယ စာပေပြန့်ပွါးရေးကိုလည်း အလေးအနက်ထား၍ ဆောင်ရွက်တော်မူခဲ့ပါသည်။ ရှားပါးနေသော ဝိသုဒ္ဓါရုံအဆုံးအဖြတ်ကိုလည်း တတိယအကြိမ်အဖြစ် (၁၃၁၉) ခုနှစ်တွင် မန္တလေးမြို့ သမ္ဘတစာပုံနှိပ်တိုက်တွင် စာနေစာထား ရှင်းအောင်ပြင်ဆင်ရိုက်နှိပ် စေခဲ့သည်။ ဝိသုဒ္ဓါရုံ သင်္ဂြိုဟ်နိဿယကိုလည်း ရိုက်နှိပ်ထုတ်ဝေခဲ့သည်။



# မှတ်စုမှတ်ရာများမှ ဈေးဗူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏ အဝဖြစ်စဉ်မှတ်စုများ

မှူးဦးကျောင်းဆရာတော် (စိန်)

၁။ ဗာရာဏသီဆရာတော်ဘုရားကြီး၏ မွေးချင်းများ ၁။ ဦးသာအက်၊ ၂။ ဦးပျော်ပုံ၊ ၃။ ဦးကျော်ယုံ (ဗာရာဏသီမဟာထေရ်)၊ ၄။ ဦးတင်ညွှန့်၊ ၅။ ဦးမောင်ကြီး၊ ၆။ ဦးမောင်ငယ်၊ ၇။ ဦးညီရင် (မေမြို့ ဝိသုဒ္ဓါရုံရွှေကျောင်တိုက်ဆရာတော် ဦးမဟောသဓပဏ္ဍိတာဘိဝံသ)၊ ၈။ ဒေါ်ညီမကြီး၊ ၉။ ဒေါ်ညီမငယ်၊ ၁၀။ ဦးညီထွေး။

၂။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ကျောင်းသားဘဝဖြင့် စာမေးပွဲအောင်မြင်ခဲ့သူများ

၁။ မောင်ငွေးလွင် (မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသလောင်းလျာ)-ပထမငယ်တန်း၊ ပထမလတ်တန်း၊ ၂။ မောင်ကျော်ယုံ (ဗာရာဏသီဆရာတော် အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ လောင်းလျာ)-ပထမငယ်တန်း။

၃။ အောင်လံမြို့ သကျသီဟဘွဲ့တံဆိပ်တော်ရ ဆရာတော်များ

၁။ ဦးအာနန္ဒပဏ္ဍိတာဘိဝံသ (နောင်တော်)၊ ၂။ ဦးမဟောသဓပဏ္ဍိတာဘိဝံသ (ညီတော်)။

၄။ အိန္ဒိယနိုင်ငံသို့ အရိယဓမ္မပညာတော်သင် အသင်းမှ ပညာသင်စေလွှတ်ခံရသော သံဃာတော်များ

၁။ ဦးအာနန္ဒပဏ္ဍိတာဘိဝံသ၊ ဝိသုဒ္ဓါရုံ ရွှေကျင်ကျောင်းတိုက်၊ မေမြို့။ ၂။ ဦးကေသရ၊ ဓမ္မပိယကျောင်းသစ်၊ သရက်တောကျောင်းတိုက်၊ ရန်ကုန်မြို့၊ ၃။ ဦးသူရိယာဘိဝံသ၊ ပုပ္ပါရုံ- ဘိတ်ကျောင်း၊ သရက်တောတိုက်၊ ရန်ကုန်မြို့၊ ၄။ ဦးဇနိန္ဒာဘိဝံသ၊ ခေတ္တ-သင်္ဂဇာကျောင်း၊ ဘင်္ဂလားတိုက်၊ ဗဟန်းရပ်၊ ရန်ကုန်မြို့ ၅။ ဦးဇယန္တာဘိဝံသ၊ မဟာအောင်မြေဘုံစံကျောင်းတိုက်၊ ဗဟန်းရပ်၊ ရန်ကုန်မြို့ ၆။ ဦးကုဏ္ဍလ၊ ဘုရားနှစ်ဆူတောင်၊ ဇင်းကျိုက် စာသင်တိုက်၊ သထုံဒီစတြိတ်။

၅။ စည်ရှင်ကျောင်း အုပ်ချုပ်ရေးအဖွဲ့

၁။ ဦးကောဝိဒ (စည်ရှင်ဘုန်းကြီး) (ဝိသုဒ္ဓါရုံ ပိဋကတ်တိုက်နှင့်အခြားကိစ္စများ)၊ ၂။ ဦးဇာနေယျဗုဒ္ဓိ (စာချဘုန်းကြီး) (ပါဠိတက္ကသိုလ်ကိုယ်စားလှယ်အဖြစ်နှင့်ဝိနိစ္ဆယကိစ္စများ)၊ ၃။ ဦးသုဝဏ္ဏဇောတျာဘိဝံသ (စာချဘုန်းကြီး) (ပထမပြန်စာမေးပွဲ နှင့်သကျသီဟစာမေးပွဲကိစ္စများ)၊ ၄။ ဦးအာနန္ဒပဏ္ဍိတာဘိဝံသ (စာချဘုန်းကြီး) (ရွှေကျင်ဂိုဏ်းဆိုင်ရာကိစ္စများ)။

၆။ ရွှေကျင်နိကာယကမ္မကာရက ဂိုဏ်းလုံးဝန်ဆောင်နာယကအဖွဲ့ (မူလပထမ)၊ (အင္ဂမအကြိမ်၊ ရွှေကျင်နိကာယ အစည်းအဝေးကြီး၊ စစ်ကိုင်းတောင်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ၁၉၅၃-ခု၊ ဖေဖော်ဝါရီလ၊၂၅-၂၆-၂၇၊)

၁။ စံကင်းဆရာတော်ဘုရားကြီး (သဘာပတိ)၊ ၂။ မြောင်းမြဆရာတော်ဘုရားကြီး (အရန်သဘာပတိ)၊ ၃။ ရွှေဟသ်ာဆရာတော် (အဖွဲ့ဝင်)၊ ၄။ အနီးစခမ်းဆရာတော် (အဖွဲ့ဝင်)၊ ၅။ မဟာဂန္ဓာရုံဆရာတော် (အဖွဲ့ဝင်)၊ ၆။ ပိုက်ကျုံးဆရာ တော်(အဖွဲ့ဝင်)၊ ၇။ အသော ကာရုံဆရာတော်(အဖွဲ့ဝင်)၊ ၈။ ဗာရာဏသီဆရာတော် (အကျိုးတော်ဆောင်)၊ ၉။ သံတော်ဆင့်ဆရာတော် ဘုရားကြီး(အဖွဲ့ဝင်)၊ ၁၀။ ဝိဇ္ဇာလင်္ကာရတိုက်ဆရာတော် ဘုရားကြီး (အဖွဲ့ဝင်)၊ ၁၁။ ဝါဆိုဆရာတော် (တွဲဘက်အကျိုးတော်ဆောင်)။

၇။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊ ပါဠိတက္ကသိုလ်ဗဟိုအဖွဲ့

၁။ မြောင်းမြဆရာတော်ဘုရားကြီး ဦးဉာဏာဘိဝံသ (ကျောင်းအုပ်)၊ ၂။ ပိုက်ကျုံးဆရာတော် ဦးဇာနေယျဗုဒ္ဓိ(ကထိက)၊ ၃။ အသောကာရုံဆရာတော် ဦးသုဝဏ္ဏဇောတျာဘိဝံသ (ကထိက)၊ ၄။ ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတာဘိဝံသ (ကထိက)၊ ၅။ သံတော်ဆင့်ဆရာတော် ဦးဝါသဝါဘိဝံသ (ကထိက)၊ ၆။ ဝါးတန်းကျောင်းဆရာတော် ဦးဝဏ္ဏိတာဘိဝံသ (ကထိက)။

၈။ ဗာရာဏသီဆရာတော်ဘုရားကြီး ပဓာနအကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့သော ရွှေကျင်ဂိုဏ်း အစည်းအဝေးများ

၁။ အင္ဂမအကြိမ်(စစ်ကိုင်းတောင်ရိုး၊ မဟာဂန္ဓာရုံကျောင်းတိုက်)၊ ၂။ နဝမအကြိမ် (ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်)၊ ၃။ ဒသမအကြိမ် (မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်)။

၉။ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် အစဉ်အဆက်

၁။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊ ဗာရာဏသီဆရာတော် ဦးအာနန္ဒပဏ္ဍိတာဘိဝံသ၊ ၂။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၊ ဝါဆိုဆရာတော် ဦးအဂ္ဂိယ၊ ၃။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်၊ သူဌေးတန်းဆရာတော် ဦးမာနိတာဘိဝံသ။ (မှတ်ချက်။ ။ ဆရာတော်ဘုရား၏နောက်ပိုင်းတွင် အကျိုးတော်ဆောင်ချုပ်ဟု စတင်သုံးနှုန်းသည်။)

၁၀။ အကျိုးတော်ဆောင်များ-

၁။ ဗာကရားတိုက်ဆရာတော် ဘဒ္ဒန္တနာဂဝံသာဘိဝံသ (ဆဋ္ဌသင်္ဂါယနာအကျိုးတော်ဆောင်-ပထမဆုံး)၊ ၂။ မင်းကွန်း ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ(နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင်-ပထမဆုံး)၊ ၃။ ဗာရာဏသီဆရာတော် (ရွှေကျင်နိကာယ အကျိုးတော်ဆောင်-ပထမဆုံး)။

၁၁။ သီရိလင်္ကာနိုင်ငံတွင် ရွှေကျင်သာသနာပိုင်ခန့်အပ်ခဲ့သော ဆရာတော်များ

၁။ ဗာရာဏသီဆရာတော်-ပြည်မြို့၊ ၂။ သီတဂူဆရာတော် -စစ်ကိုင်းတောင်။

၁၂။ ပြည်မြို့ရွှေဆံတော်ဘုရားကြီး ဩဝါဒစရိယများ (၁၉၉၁-ခု၊ စက်တင်ဘာလ-၉-ရက်တွင်ဖွဲ့စည်း)

၁။ မဟာဓမ္မိကာရာမတောရဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိဇယ၊ ၂။ မဟာမေဃဝန်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဓိပတိ၊ ၃။ ထားဝယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ ၄။ ဗာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ၊ ၅။ ကန်တွင်းဆုတောင်းပြည့်ဆရာ တော် ဘဒ္ဒန္တဓမ္မာဘိဝရ၊ ၆။ ကန်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ၊ ၇။ မဟာသုဒဿနရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ၊ ၈။ ဓမ္မသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ၊ ၉။ ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ ။

၁၃။ ပြည်မြို့၊ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့ရဆရာတော်များ

၁။ ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိက္ခ၊ ၂။ ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ၃။ ထားဝယ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ ၄။ ဗာရာဏသီဆရာတော် ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ၊ ၅။ ကန်တွင်းဆုတောင်းပြည့်ဆရာတော် ဘဒ္ဒန္တဓမ္မာဘိဝရ၊ ၆။ ကန်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇာဂရ၊ ၇။ မဟာသုဒဿနရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုမနာဘိဝံသ၊ ၈။ ဇောတိကာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ၊ ၉။ ဗာရာဏသီတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစိတ္တစာရ၊ ၁၀။ ဇောတိကာရုံတိုက် ဒုတိယ-ပဓာနနာ ယကဆရာတော် ဘဒ္ဒန္တရေဝတ၊ ၁၁။ ဗာရာဏသီတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တနာဂဝံသ ။

၁၄။ ပြည်မြို့၊ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့ရ ဆရာတော်ဘုရားကြီးများ

၁။ ပွင့်လှသိမ်ကုန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တတိက္ခ၊ ၂။ ဗာရာဏသီဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံ သ၊ ၃။ ဇောတိကာရုံကျောင်းတိုက်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုဏ္ဍလဇောတိ။



၁၅။ ဆဌသင်္ဂါယနာ ပါဠိပတိဝိသောဓကအဖွဲ့ဝင် ရွှေကျင်ဂိုဏ်းဝင် ဆရာတော်များ

၁။ ဦးဝိသုဒ္ဓ၊(၃၂-ဝါ) ၊ ဝိဇ္ဇလင်္ကာရကျောင်း၊ စိန်ပန်း၊ မန္တလေး၊ ၂။ ဦးအာနန္ဒပဏ္ဍိတ၊ (၃၂-ဝါ) မဟာဝိသုဒ္ဓါရုံတိုက်၊ အနောက်ပြင်၊ မန္တလေး၊ ၃။ ဦးဝိမလ၊(၂၅-ဝါ)ကန်ကြီး ကျောင်းတိုက်၊ ညောင်ရွှေ၊ ၄။ ဦးပဏ္ဍိတ၊(၄၀-ဝါ) အနီးစခမ်းချောင်၊ စစ်ကိုင်း၊ ၅။ ဦးအာဠာရ၊ (၄၃-ဝါ) ကျောက်ကုန်းတောရ၊ ကံဘဲ၊ ရန်ကင်း၊ ၆။ ဦးဉာဏိန္ဒ၊ (၅၄-ဝါ) သာသန သောဘဏိကာရုံကျောင်းတိုက်၊ ပြွန်တန်ဆာမြို့၊ ပဲခူး၊ ၇။ ဦးဓမ္မာနန္ဒ (၃၇-ဝါ) မြောင်းမြ ကျောင်းတိုက်၊ ပုသိမ်မြို့၊ ၈။ ဦးဝိမလ (၃၂-ဝါ) ရွှေဟင်္သာကျောင်းတိုက်၊ ညောင်တုန်းမြို့၊



ဝဲမှယာ ၁။ ဗာရာဏသီဆရာတော် (နောင်တော်)
၂။ ရွှေကြိုးကြာတောရဆရာတော်
၃။ မေမြို့ဆရာတော် (ညီတော်)

ဗာရာဏသီဆရာတော် မန္တလေးမှမေမြို့သို့ ကျောင်းထိုင်ဆရာတော်အဖြစ် စတင်ကြွရောက် သီတင်းသုံးစဉ်က ၉-ဝါမျှသာ ရှိသေးသည့်အတွက် ၁၀-ပြည့်ပြီးဖြစ်သော ရွှေကြိုးကြာတောရဆရာတော်သည် မေမြို့သို့ လိုက်ပါ၍ ဝါဆိုပေးခဲ့ရသည်။

၉။ ဦးနရပတိ (၂၄-ဝါ) ဓမ္မိကာရုံကျောင်းတိုက်၊ စိန်ပန်း၊ မန္တလေးမြို့၊ ၁၀။ အရှင်ဉာဏဝါသ (၄၀-ဝါ) မဟာဝိသုဒ္ဓါရာမယ၊ ဒေမဒဂေါဒ၊ သီရိလင်္ကာနိုင်ငံ၊ ၁၁။ ဦးဝေပုလ္လ- (၁၉-ဝါ) ပတ္တမြားတိုက်၊ အနောက်ပြင်၊ မန္တလေးမြို့၊ ၁၂။ ဦးသံဝရ (၄၁-ဝါ) စကြာရန်အောင်ကျောင်း တိုက်၊ ဖျာပုံမြို့၊ ၁၃။ ဦးဝါသဝါဘိဝံသ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၊ အနောက်ပြင်၊ မန္တလေးမြို့၊ ၁၄။ ဦးဝရသာမိဘိဝံသ (၃၀-ဝါ) ပါဠိကာရီ သုံးခွကျောင်း၊ စစ်ကိုင်း၊ ၁၅။ ဦးကေသရိန္ဒ၊ ဝိသုဒ္ဓါရုံရွှေကျင်တိုက်၊ မေမြို၊ ၁၆။ ဦးဝေပုလ္လ၊ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ မန္တလေးမြို့၊ ၁၇။ ဦးကုန္ဒက ၊ ပဌာန်းသိပ္ပံကျောင်းတိုက်၊ စစ်ကိုင်း၊ ၁၈။ ဦးဝါသန၊ ဝိဇိတာရုံကျောင်းတိုက်၊ မန္တလေးမြို့၊ ၁၉။ ဦးကုဏ္ဍလ၊ မောင်းထောင်တိုက်၊ ပုသိမ်မြို့၊ ၂၀။ ဦးဉာဏိန္ဒ၊ မြသိန်းတန်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။ ၂၁။ ဦးအာစိဏ္ဏ၊ ဝိဇ္ဇာဒပ္ပဏီချောင်၊ စစ်ကိုင်းတောင်၊ ၂၂။ ဦးသြဘာသ၊ စကြာကျောင်း၊ ရွှေဟင်္သာတောရ၊ ပဲခူး၊ ၂၃။ ဦးရာဇိန္ဒ၊ ရွှေကျင်တိုက်၊ ဗဟန်း၊ ရန်ကုန်၊ ၂၄။ ဦးစရိယ၊ အတိသုဒ္ဓါရုံချောင်၊ စစ်ကိုင်း၊ ၂၅။ ဦးပညာဝန္တ၊ ပါဠိကာရီတိုက်၊ သုံးခွချောင်၊ စစ်ကိုင်း။

၁၆၊ ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့ (ကောဒသမအကြိမ်၊ ရွှေကျင်နိကာယအစည်းအဝေးကြီး၊ ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ ၁၉၇၅-ခု၊ နိုဝင်ဘာလ၊ ၂၂-၂၃-၂၄)

၁။ ပိုက်ကျိုးဆရာတော် - ဥက္ကဋ္ဌ၊ ၂။ ဦးမာနိတ -အကျိုးတော်ဆောင်၊ ၃။ ဗာရာဏသီဆရာတော် - အဖွဲ့ဝင်၊ ၄။ ဦးဇနိယ၊ ဂန္ဓမြိုင်ဆရာတော် (ပြည်)၊ ၅။ ဦးကုသလ၊ ရွှေဟင်္သာတောရ၊ညောင်တုန်း၊ ၆။ ဦးက္ကန္ဒာဝုဓ၊ ရွှေဟင်္သာတောရ၊ ညောင်တုန်း၊ ၇။ ဦးဉာဏိ က၊ ပဒ္ဓေါတာရုံကျောင်းတိုက်၊ မြောင်းမြ၊ ၈။ ဦးတိက္ခိန္ဒြိယ၊ ကျောင်းတော်ရာ သုံးထပ် ကျောင်းဆရာတော်၊ ရန်ကုန်၊ ၉။ ဦးစန္ဒရံသီ၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ရန်ကုန်၊

၁၀။ ဦးဝါ သေဌာဘိဝံသ၊ သပြေကန်-ဓမ္မိကာရာမ ကျောင်းတိုက်၊ ၁၁။ ဦးပညာဇောတ၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူး၊ ၁၂။ ဦးသိရိန္ဒ၊ ကြခတ်ဝိုင်းကျောင်းတိုက်၊ ပဲခူး၊ ၁၃ ဦးဥတ္တမဝံသ၊ မြို့ထောင့်ကျောင်းတိုက်၊ တောင်ငူ၊ ၁၄။ ဦးစန္ဒဇောတိ ၊ သိရီသောမာရုံ ဆရာတော်၊ မလှိုင်မြို့၊ ၁၅။ ဦးအာဒိစ္စဝံသ၊ တောင်ပေါ်ကျောင်းတိုက်၊ ဆားလင်းကြီးမြို့၊ ၁၆။ ဦးတိက္ခာနန္ဒ၊ ကန်တောရကျောင်းတိုက်၊ ဂန့်ဂေါမြို့၊ ၁၇။ ဦးဝရသာမိဘိဝံသ၊ ပါဠိကာရိ သုံးခွဆရာတော်၊ စစ်ကိုင်း၊ ၁၈။ ဦးနန္ဒမာလာ၊ မဟာသုဗောဓာရုံကျောင်းတိုက်၊ စစ်ကိုင်း၊ ၁၉။ ဦးမဟောသဓ၊ ဝေဇယန္တာချောင်၊ စစ်ကိုင်း၊ ၂၀။ ဦးကေသရိန္ဒ၊ တင်းတိမ်ရဲဈေးကျောင်း၊ ရေဦးမြို့၊ ၂၁။ ဦးအရိယဝံသ၊ ဗဟိုမြို့မကျောင်း၊ ပုသိမ်ကြီးမြို့၊ ၂၂။ ဦးဝေပုလ္လ-၊ ပတ္တမြားတိုက်ဆရာတော်၊ မန္တလေးမြို့၊ ၂၃။ ဦးဝိမလ၊ အရှေ့-ဝိသုဒ္ဓါရုံ-ရေလည်ဆရာတော်၊ မန္တလေးမြို့၊ (၂၄) ဦးဝိစာရိန္ဒ၊ ဝိဇိတာရုံကျောင်းတိုက်၊ မန္တလေးမြို့၊ ၂၅။ ဦးသီလာနန္ဒ၊ အဘယာရာမကျောင်းတိုက်၊ မန္တလေးမြို့၊ ၂၆။ ဦးဝိစိန္တာဘိဝံသ၊ ဇမ္ဗူမော်ဆရာတော်၊ မန္တလေးမြို့၊ ၂၇။ ဦးပညာသိရီ ၊ မင်္ဂလာဗိမာန်၊ မန္တလေးမြို့၊ ၂၈။ ဦးအဂ္ဂဉာဏာဘိဝံသ၊ စည်ရှင်ဆရာတော်၊ မန္တလေးမြို့၊ ၂၉။ ဦးသြဒါတသိရီဘိဝံသ၊ ဇယမေဒနီကျောင်း၊ မန္တလေးမြို့။

၁၇။ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ (၁၉၈၁-ခုနှစ်၊ ဇန်နဝါရီလ-၄-ရက်)

၁။ ဘဒ္ဒန္တဉာဏုတ္တရ - သက်တော် (၈၁)၊ သိက္ခာတော် (၆၂)၊ သဒ္ဓမ္မဝံသပေါင်းတည်ကျောင်းတိုက်၊ ပန်တောင်းမြို့၊ ပဲခူး တိုင်း၊ ၂။ ဘဒ္ဒန္တပဒုမာဘိဝံသ - သက်တော် (၈၀)၊ သိက္ခာတော် (၆၀)-မဟာဝိသုတာရာမတိုက်သစ်၊ မကွေး၊ ၃။ ဘဒ္ဒန္တမာနိတ သက်တော် (၈၁)၊ သိက္ခာတော် (၆၂)၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်း၊ ၄။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ သက်တော် (၈၀)၊ သိက္ခာတော် (၆၀) ပုသိမ်ကျောင်း၊ တောင်သမန်ကျောင်းတိုက်၊ မန္တလေးမြို့၊ ၅။ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ သက်တော် (၇၉)- သိက္ခာတော် (၅၉) ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း၊ ၆။ ဘဒ္ဒန္တနာဂသေနာဘိဝံသ သက်တော် (၇၉)၊ သိက္ခာတော် (၅၃) တောင်လေးလုံး ကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၁၈။ အဘိဓဇမဟာရဋ္ဌဂုရု- ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ(၁၉၉၁-ခုနှစ်၊ ဇန်နဝါရီလ ၄-ရက်)

၁။ ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ သက်တော် (၈၉) သိက္ခာတော် (၆၉) ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း၊ ၂။ ဘဒ္ဒန္တ မေဓိယာဘိဝံသ သက်တော် (၈၀) သိက္ခာတော် (၆၀)၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အရှေ့တောင်မြို့နယ်၊ မန္တလေး၊ ၃။ ဘဒ္ဒန္တဝိမလာဘိဝံသ သက်တော် (၇၉) သိက္ခာတော် (၆၀) ကန်ကြီးပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်၊ ၄။ ဘဒ္ဒန္တခမာပုစ သက်တော် (၇၉) သိက္ခာတော် (၆၀)လယ်တီကျောင်း၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း၊ ၅။ သံဃရာဇာ ဆုမ်ဒေ့ဂျ်ဖရညာဏသံဝရ သက်တော် (၇၇) သိက္ခာတော် (၅၇) ဝပ်ဘိုဝိုရ်နိဝေစ်ကျောင်းတိုက်၊ ဘန်ကောက်မြို့ ထိုင်းနိုင်ငံ။

၁၉။ ဂိုဏ်းပေါင်းစုံအစည်းအဝေးကြီးတွင် သံဃာ့ဝန်ဆောင် ၆၆-ပါးတွင် ရွှေကျင်ဂိုဏ်းမှ ကိုယ်စားလှယ်များ(၁၃၄၁-ခု)

၁။ ပိုက်ကျုံးဆရာတော် - မန္တလေး၊ ၂။ ဗာရာဏသီဆရာတော် - ပြည်မြို့၊ ၃။ ညောင်တုန်း-စတုတ္ထစံကျောင်းဆရာတော်၊ ၄။ စစ်ကိုင်း-ပထမဂန္ဓာရုံဆရာတော် ၊ (၅) ညောင်ရွှေ-ကံကြီးဆရာတော် ။

၂၀။ ဒုတိယရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးများ

၁။ အဘယာရာမဆရာတော် အရှင်အဂ္ဂဓမ္မာဘိဝံသ၊ ၂။ ညောင်တုန်း-စံကျောင်းဆရာတော်၊ ၃။ ဝိသုဒ္ဓါရုံ-စည်ရှင်ဆရာတော် အရှင်ကောသလ္လာဘိဝံသ၊ ၄။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ ၅။ အသောကာရုံဆရာတော် အရှင်သုဝဏ္ဏဇောတျာဘိဝံသ၊ ၆။ ပိုက်ကျုံးဆရာတော် အရှင်ဇာနေယျဗုဒ္ဓိ၊ ၇။ ညောင်တုန်း-စတုတ္ထစံကျောင်းဆရာတော် အရှင်ဝိမလ၊ ၈။ ဗာရာဏသီဆရာတော် အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ၊ ၉။ သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသ၊ ၁၀။ စစ်ကိုင်း-ပထမဂန္ဓာရုံဆရာတော် အရှင် သုပညိန္ဒာဘိဝံသ၊ ၁၁။ ရန်ကုန်-သိရီမင်္ဂလစံကျောင်းဆရာတော် အရှင်ရာဇိန္ဒာဘိဝံသ၊ ၁၂။ ပဲခူး-ကြခတ်ဝိုင်းဆရာတော် အရှင်ဇောတိပါလ၊ ၁၃။ စစ်ကိုင်း-သုဗောဓာရုံဆရာတော် အရှင်နာရဒ ။

၂၁။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်ထွက် ရွှေကျင်ဂိုဏ်းသာသနာပိုင်များ

၁။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၊ ၂။ ဗာရာဏသီဆရာတော် ၊ ၃။ ညောင်ရွှေဆရာတော်။

၂၂။ မန္တလေး၊ သကျသီဟအသင်းကြီးမှ နှစ်တစ်ရာ(၁၀၀)အတွင်း သီးခြားစာချ - အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာ တော်ကြီးများ

၁။ အရှင်သူရိယာဘိဝံသ(၁၂၇၀-ခုနှစ်အောင်)၊ မစိုးရိမ်ကျောင်းတိုက်၊ အနောက်ပြင်၊ မန္တလေး မြို့၊ ၂။ အရှင်ယောသိတာဘိဝံသ(၁၂၉၁-ခုနှစ်အောင်)၊ ယောသိတာရာမကျောင်း တိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း၊ ၃။ အရှင်အာနန္ဒပဏ္ဍိတာဘိဝံသ (၁၂၉၁-ခုနှစ် အောင်)၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ ပြည်မြို့၊ ပဲခူးတိုင်း၊ ၄။ အရှင်ဝိစိတ္တသာရာဘိဝံသ (၁၂၉၆-ခုနှစ် အောင်)၊ ဓမ္မနာဒတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်း၊ ၅။ အရှင်မေဓိယာဘိဝံသ(၁၂၉၉-ခုနှစ်အောင်)၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ မန္တလေးမြို့၊ ၆။ အရှင်ဝါသေဋ္ဌာ



၁၃၄၂-ခုနှစ်၊ တန်ဆောင်မုန်းလတွင် တောင်ငူမြို့၊ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်းတိုက်၌ကျင်းပသော ဒွါဒသမအကြိမ် ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ်အစည်းအဝေးကြီးတွင် ကြွရောက်တော်မူသော အရှေ့မဟာဝိသုဒ္ဓါရာမ ဇောတဒသမသာသနာပိုင် ကြေးမြင်ဆရာတော်ဘုရားကြီးအား ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တင်မြှောက်ခံရသော (ဝဲမှယာ) ပြည်မြို့၊ ဗာရာဏသီဆရာတော်နှင့်ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရ ဆရာတော်တို့ ဖူးမြှော်ကန်တော့နေပုံ။

ဘိဝံသ(၁၃၀၀-ခုနှစ်အောင်)၊ သပြေကန်ကျောင်းတိုက်၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့ ၇။ အရှင်နာဂသေနာဘိဝံသ (၁၃၀၀-ခုနှစ်အောင်)၊ တောင်လေးလုံး ကျောင်းတိုက်၊ မော်လမြိုင်မြို့ မွန်ပြည်နယ်၊ ၈။ အရှင်ဝိမလာဘိဝံသ(၁၃၀၂-ခုနှစ်အောင်)၊ ကန်ကြီး ပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်၊ ၉။ အရှင်သုပညိန္ဒာဘိဝံသ (၁၃၁၁-ခုနှစ်အောင်)၊ ပထမဂန္ဓာရုံချောင်၊ စစ်ကိုင်းမြို့၊ ၁၀။ အရှင်ညာဏာဘိဝံသ (၁၃၁၂-ခုနှစ်အောင်)၊ ဝါးတန်းစာချကျောင်း၊ မိုးကောင်းတိုက်၊ မန္တလေးမြို့၊ ၁၁။ အရှင်သူရိယာဘိဝံသ (၁၃၁၅-ခုနှစ်အောင်)၊ စိန်မမ ပါဠိတက္ကသိုလ်၊ မော်လမြိုင်၊ မွန်ပြည်နယ်။

၂၃။ ရွှေကျင်ဂိုဏ်းမှ နိုင်ငံတော်သံဃမဟာနာယက ဒုတိယ-ဥက္ကဋ္ဌ ဆရာတော်များ

၁။ ညောင်တုန်း-စတုတ္ထစံကျောင်း ဆရာတော် (ပထမအကြိမ်)၊ ၂။ ဗာရာဏသီဆရာတော် (ပထမအကြိမ်)၊ ၃။ စစ်ကိုင်း ပထမမဟာဂန္ဓာရုံ ဆရာတော်။

၂၄။ ရွှေကျင်ဂိုဏ်း သာသနာပိုင်ဆရာတော်များနှင့် နိုင်ငံခြားသာသနာပြုခရီး


၁။ ပထမရွှေကျင်ဆရာတော်(၁၂၃၉-ခုနှစ်၊ သီရိလင်္ကာနိုင်ငံ)၊ ၂။ မဟာဝိသုဒ္ဓါရုံ ဆရာတော် (၁၂၆၅-ခုနှစ်၊ အိန္ဒိယနိုင်ငံ)၊ ၃။ အဘယာရာမဆရာတော် (၁၂၇၃-ခုနှစ်၊ အိန္ဒိယနိုင်ငံ၊ ၁၂၈၃-ခုနှစ်-သီရိလင်္ကာနိုင်ငံ)၊ ၄။ စည်ရှင်ဆရာတော် (၁၂၈၈-ခုနှစ်၊ အိန္ဒိယနိုင်ငံ၊ ၁၂၈၉-ခုနှစ်-သီရိလင်္ကာနိုင်ငံ၊ ၁၂၉၄-ခုနှစ်-ထိုင်းနိုင်ငံ)၊ ၅။ ညောင်တုန်း-ရွှေဟင်္သာစံကျောင်း ဆရာတော် (၁၄-ဝါအရ သီရိလင်္ကာနိုင်ငံ)၊ ၆။ ပစ္ဆိမာရုံဆရာတော် (၁၂၇၅-ခုနှစ်-သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ၁၂၉၄-ခုနှစ်၊ ထိုင်းနိုင်ငံ)၊ ၇။ ဗာရာဏသီ ဆရာတော် (၁၃၀၂-ခုနှစ်- အိန္ဒိယနိုင်ငံ၊ ၁၃၁၅-ခုနှစ်- သီရိလင်္ကာနိုင်ငံ၊ ၁၂၇၄-ခုနှစ်-ထိုင်း၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ စင်္ကာပူ၊ နီပေါနိုင်ငံ)၊ ၈။ ရွှေဟင်္သာဆရာတော် (၁၃၄၆-ခုနှစ်-အိန္ဒိယနိုင်ငံ၊ ၁၃၄၈-ခုနှစ်-ထိုင်းနိုင်ငံ၊ ၁၃၅၄-ခုနှစ်-အမေရိကန်နိုင်ငံ)၊ ၉။ ဝါဆိုဆရာတော် (၂၀၀၀-ခုနှစ်၊ အမေရိကန်နိုင်ငံ)၊ ၁၀။ ကြခတ်ဝိုင်းဆရာတော်(ဂျပန်နိုင်ငံ)။

၂၅။ ရွှေကျင်ဂိုဏ်းမှ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ

၁။ စံကင်းဆရာတော်၊ ၂။ စစ်ကိုင်း-ရွှေဟင်္သာဆရာတော်၊ ၃။ ပိုက်ကျိုးဆရာတော်၊ ၄။ ညောင်တုန်း-စတုတ္ထစံကျောင်း ဆရာတော်၊ ၅။ ဗာရာဏသီဆရာတော်၊ ၆။ သပြေကန်ဆရာတော်၊ ၇။ ကန်ကြီးဆရာတော်၊ ၈။ စစ်ကိုင်း-ပထမဂန္ဓာရုံဆရာတော်၊ ၉။ ဝါဆိုဆရာတော်၊ ၁၀။ သီရိမန္တရွှေဟင်္သာစံကျောင်းဆရာတော်၊ ၁၁။ ကြခတ်ဝိုင်းဆရာတော်၊ ၁၂။ အသောကာရုံဆရာတော်။ ၁၃။ သဒ္ဓမ္မရံသီရိပ်သာဆရာတော်၊ ၁၄။ သုဗောဓာရုံဆရာတော်။

**အရှင်ကေသရ (ရွာဦးကျောင်း-ဇိန့်)**

# ပြည်မြို့ စုဋ္ဌတွဲနှင်းသဘင်အခမ်းအနားများတွင်ဖူးတွေ့ရသည့် ဗာရာဏသီဆရာတော်



ကုထားထိုင်ပေါ်၌ ဩဝါဒကထာ
မိန့်ကြားတော်မူနေသောဆရာတော်ကြီးမှာ
ထားဝယ်ကျောင်းကိုက် အဂ္ဂမဟာပဏ္ဍိတ
ထားဝယ်ဆရာတော်ဘုရားကြီး
ဘဒ္ဒန္တ ဉာဏုတ္တရဖြစ်သည်။



၁၉၇၈-ခုနှစ်၊ စုဋ္ဌတွဲနှင်းသဘင်အခမ်းအနား
၁။ ဗာရာဏသီဆရာတော်
၂။ မဟာသုဒဿနာရာမဆရာတော် ဘဒ္ဒန္တသုမန
၃။ ဇောတိကာရုံဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိ




၂၀-၃-၈၃ စုဋ္ဌဘွဲ့နှင်းသဘင်းအခမ်းအနား၌
ဩဝါဒကထာမိန့်ကြားတော်မူနေသော ဗာရာဏသီဆရာတော်ဘုရားကြီး

# ၁၉၄၄–ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅–ရက် ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်(၈၀)ပြည့် မွေးနေ့ မင်္ဂလာအခမ်းအနား



ဆွမ်းတော်ပွဲနှင့်အတူဖူးတွေ့ရသော ဗာရာဏသီဆရာတော်



လှူဘွယ်ပစ္စည်းများနှင့်အတူ
ဖူးတွေ့ရသော ဗာရာဏသီဆရာတော်



ဗာရာဏသီဆရာတော်ဘုရားကြီးက အဂ္ဂမဟာပဏ္ဍိတ ဇေတဝိကာရုံဆရာတော်ဘုရားကြီးအား ရှေ့ဆောင်ပြု၍ ပင့်ဆောင်လာစဉ်။ နောက်မှပါလာသူမှာ ဝိ-ဗာတိုက် စာချနာယကဘုန်းတော်ကြီး ဘဒ္ဒန္တဓမ္မရသဖြစ်သည်။



ဆရာတော်ဘုရားကြီးများအားပူဇော်
ကန်တော့နေသော ဗာရာဏသီဆရာတော်



အဘိဓဇမဟာရဋ္ဌဂုရု ပွင့်လှသိမ်ကုန်းဆရာတော်ကြီးအား
လှူဘွယ်ဝတ္ထုဆက်ကပ်နေသော ဗာရာဏသီဆရာတော်


## ၁၉၂၅–ခုနှစ် မှ ၁၉၄၇–နှစ်တိုင်အောင် (၂၂)နှစ်သီတင်းသုံးတော်မူခဲ့သော သိရီထေရဗိမာနသုံးထပ်တိုက်မှ ၁၉၄၈–ခုနှစ်ဝါဆိုဦးအချိန် မဟာထေရဗိမာနတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခြင်း အခမ်းအနားအမှတ်တရပုံရိပ်များ






သိရီထေရဗိမာနသုံးထပ်တိုက်မှ
မဟာထေရဗိမာနတိုက်သို့
ပြောင်းရွှေ့သီတင်းသုံး ဝါဆိုရန်
စတင်ကြွတော်မူနေသော
ဗာရာဏသီဆရာတော်ဘုရားကြီး





သိရီထေရဗိမာနသုံးထပ်တိုက်မှမဟာထေရဗိမာနတိုက်သို့ ပြောင်းရွှေ့သီတင်းသုံး ဝါဆိုရန် ကြွတော်မူသော ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်ဖူးမျှော်ကြည်ညိုနေကြသည့် တပည့်သံဃာတော်များ

## ၁၉၂၅–ခုနှစ် မှ ၁၉၄၇–နှစ်တိုင်အောင် (၂၂)နှစ်သီတင်းသုံးတော်မူခဲ့သော သီရိထေရဗိမာနသုံးထပ်တိုက်မှ ၁၉၄၈–ခုနှစ်ဝါဆိုဦးအချိန် မဟာထေရဗိမာနတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူခြင်းအခမ်းအနားအမှတ်တရပုံရိပ်များ




မဟာထေရဗိမာနတိုက် အလှူရှင်များဖြစ်ကြသည့်
၁။တိုက်အစ်မကြီးဒေါ်သိန်းတင်၊
၂။ ဒုတိယတိုက်အစ်မ ဒေါ်အမာ၊
၃။တောင်ကြီးမြို့ ဆရာခွေး၊
၄။ မြင်းခြံမြို့ ဒေါ်ဒေါ်သိန်းမိသားစုတို့၏ ကိုယ်စား
ဗာရာဏသီဆရာတော်ဘုရားကြီးအား မဟာထေရဗိမာနတိုက်တွင်
သီတင်းသုံးနိုင်ရန် တခါးကိုဖွင့်ပေနေသော ဦးတင်ညွှန့်နှင့်ဒေါ်နီနီဦး



ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်
ဦတင်ညွှန့်+ဒေါ်နီနီဦး တို့
မဟာထေရဗိမာနတိုက်ပေါ်၌ အမှတ်တရ



မဟာထေရဗိမာနတိုက်ပေါ်တွင်ဖူးမြင်ရသည့်ဆရာတော်များ (ဝဲမှယာ) ဦးဂန္ဓသာရာဘိဝံသ(ထိုင်း)၊
ဦးပဏ္ဍိတဝရ၊ ဦးနန္ဒောဘာသာဘိဝံသ၊ ဦးသြဘာသ၊ ဦးနာဂဝံသ၊ ဦးဝိစိတ္တစာရ၊ ဗာရာဏသီဆရာတော်၊
ဦးဓမ္မရသ၊ ဦးပဝိတြသိရီ၊ ဦးဝေရဇယ၊ ဦးထေရပ္ပိယ



# သာသနာတော်၏ တန်ဖိုး

ကထိကရဟန်း

ဗုဒ္ဓသည် သတ္တလောက၌ ဗုဒ္ဓသာသနာတော် ထွန်းလင်းခွင့် ရရှိရန် မည်မျှလောက်ခဲ ယဉ်းသည်ကို အဆင့် ၃-ဆင့်ခွဲ၍ မိန့်တော်မူသည်။

"ရဟန်းတို့ ဤမြေတစ်ပြင်လုံးသည် (စကြာဝဠာတစ်ခုလုံးသည်) တစ်ခုတည်းသောရေပြင်ကြီးဖြစ် နေရာ၏။ ထိုရေပြင်ကျယ်ကြီး၌ တစ်ဦးသောယောကျ်ားသည် အရှေ့စကြာဝဠာတံတိုင်းမှနေ၍ ထမ်းပိုးတုံးတစ်တုံးကို ပစ်ချရာ၏။ အပေါက်တစ်ပေါက်တည်းသာပါရာ၏။ ထိုထမ်းပိုးတုံးသည် အရှေ့လေလာလျှင် အနောက်အရပ်သို့ လွင့်မျောရာ၏။ အနောက်လေလာလျှင် အရှေ့အရပ်သို့ လွင့်မျောရာ၏။ မြောက်လေ လာလျှင် တောင်အရပ်သို့ လွင့်မျောရာ၏။ တောင်လေလာလျှင် မြောက်အရပ်သို့ လွင့်မျောရာ၏။

ထိုရေပြင်ကျယ်ကြီး၌ လိပ်ကန်းကြီးတစ်ကောင်လည်းရှိရာ၏။ ထိုလိပ်ကန်းကြီးသည် အနှစ်တစ်ရာ အနှစ်တစ်ရာကြာမှ ခေါင်းတစ်ခါ တစ်ခါသာဖော်ရာ၏။ ရဟန်းတို့ အဘယ်သို့ထင်ကုန်သနည်း လိပ်ကန်းကြီးသည် အနှစ်တစ်ရာ အနှစ်တစ်ရာကြာ၍ ခေါင်းဖော်သောအခါ ထိုထမ်းပိုးတုံး အပေါက်၌ လည်ပင်းစွပ်မိရာလော-ဟုမေးတော်မူရာ "အလွန့်အလွန် ခဲယဉ်းလှပါကြောင်း" လျှောက်ထားကြကုန်၏။

ထိုအခါ ဗုဒ္ဓက "ဧဝံ အဓိစ္စမိဒံ ဘိက္ခဝေ ယံ မနုဿတံ လဘတိ၊ ရဟန်းတို့ ဤဥပမာအတူ အကြင်အကြောင်းကြောင့်လူ့အဖြစ်ကိုရ၏။ ထိုလူအဖြစ်ကိုရခြင်းသည် ခဲယဉ်းလှစွာ ရရှိလာခြင်းပေတည်း- ဟု မိန့်တော်မူသည်။

ဤကား လူ့ဘဝရရှိရန် ခဲယဉ်းလှပုံတည်း။ ။

ထို့နောက် ဗုဒ္ဓသည် ဧဝံ အဓိစ္စမိဒံ ဘိက္ခဝေ ယံတထာဂတော လောကေ ဥပ္ပဇ္ဇတိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ- ဟုဗုဒ္ဓပွင့်တော်မူရန် ခဲယဉ်းလှပုံကို မိန့်တော်မူ၏။ ထိုစကားတော်ကို မဟာသီဝ မထေရ်ကြီးက ဤသို့ဖွင့်တော်မူ၏။

"လူတစ်ယောက်သည် တောင်စကြာဝဠာတံတိုင်းမှ နေ၍ ထမ်းပိုးတုံးတစ်တုံးကို ပစ်ချပြန်ရာ၏။ ထိုထမ်းပိုး တုံးနှစ်တုံးသည် ထိုရေပြင်ကြီးအတွင်း၌ ဆုံမိဖို့ရာခဲယဉ်းလှစွာ ဆုံမိကြပြီးအထက်အောက်ဆင့်မိလျက်သားဖြစ်ကာ အပေါက် ၂-ပေါက်လည်း အထက်အောက် တည့်တည့်မတ်မတ် ဖြစ်နေစဉ် လိပ်ကန်းခေါင်းပေါ်သည်နှင့် ကြုံပြီးလည် ပင်းကိုစွပ်မိရာ၏။

ရဟန်းတို့ ဤအတူ ခဲယဉ်းလှစွာ အကြင်အကြောင်းကြောင့် ပူဇော်ကြည်ညိုထူးသော အလှူကို ခံယူတော်မူတတ်သော သစ္စာ၄-တန် လမ်းညွှန် သူမရှိ အကောင်းဆုံးသိတော်မူသော မြတ်စွာဘုရားသည် သတ္တလောက၌ ပွင့်တော်မူ၏။ ဤသို့ ပွင့်တော်မူခြင်းသည် ခဲယဉ်းလှစွာ ပွင့်တော်မူလာရခြင်းပေတည်း- ဟုမိန့်တော်မူ၏။

ဤကား လောက၌ ဗုဒ္ဓ ပွင့်တော်မူရန် ခဲယဉ်းလှပုံတည်း။

ထို့နောက်ဗုဒ္ဓသည် သတ္တလောက၌ ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပခွင့်ရရန်ခဲယဉ်းလှပုံကို "ဧဝံ အဓိစ္စမိဒံ ဘိက္ခဝေ ယံ တထာဂတပ္ပဝေဒိတော ဓမ္မဝိနယော လောကေ ဒိပ္ပတိ" ဟုမိန့်တော်မူ၏။ ထိုမိန့်ဆိုချက်ကို အဋ္ဌကထာ၌ မဟာသီဝမထေရ်ကြီးက ဤသို့မိန့်ဆိုသည်။

**ဗုဒ္ဓမိန့်ဆိုသော လူ့အဖြစ် လူ့ဘဝ သည် သာမညလူ့အဖြစ် လူ့ဘဝမျိုး မဟုတ်။ ယခု ဘဝမှာပင် မဂ်,ဖိုလ်, နိဗ္ဗာန်ရရန် မျှော်မှန်းနိုင်သော လူ့အဖြစ် လူ့ဘဝမျိုးကို မဟာသီဝ မထေရ်ကြီးက ဗုဒ္ဓ၏အာဘော်ကျ ဖွင့်ဆိုပေးသည်။**

လူတစ်ယောက်သည် အနောက်စကြာဝဠာတံတိုင်းမှနေ၍ ထမ်းပိုးတစ်တုံးကို ပစ်ချလိုက်ပြန်၏။ ထိုထမ်းပိုး တုံးသည်လည်း ယခင်ထမ်းပိုးတုံး ၂-တုံးကဲ့သို့ပင် စကြာဝဠာ ရေပြင်ကျယ်ကြီး၌ အထိမ်းအကွပ်မဲ့ လွင့်မျောနေရာ၏၊ တိုသို့ လွင့်မျောနေကြရာမှ အလွန်အံ့ဩဘွယ်ရာ တစ်နေရာတည်း၌ သုံးတုံးဆုံမိကြရာ၏။

ဆုံမိကြရုံမျှမကအထက်အောက် ဆင့်မိလျက်သားဖြစ်နေကြရာ၏။ ဆင့်မိရုံမျှမက အပေါက် ၃-ပေါက်တို့လည်း အထက်အောက် တည့်တည့်မတ်မတ် ဖြစ်နေရာ၏၊ အလွန်အံ့ဩဘွယ်ရာ တိုသို့ဖြစ်နေစဉ်မှာမှ လိပ်ကန်းကြီး ဦးခေါင်း ပေါ်သည်နှင့်ကြုံကာ လည်ပင်း၌စွပ်မိရာ၏။

ဤသို့ဖြစ်ခေါင့်ဖြစ်ခဲ ဖြစ်နေပုံကို ဗုဒ္ဓမိန့်တော် မူလိုရင်း ဖြစ်ကြောင်း အဋ္ဌကထာ၌ ဆိုလေသည်။ ဤဖွင့်ဆို ချက်နှင့်အညီ ဗုဒ္ဓမိန့်ခွန်းတော်မြတ်ကို မြန်မာပြန်ရလျှင် " ရဟန်းတို့ လိပ်ကန်းကြီး ထမ်းပိုးတုံး ၃-တုံးအပေါက်၌ စွပ်မိရန်ခဲယဉ်းလှသည့်နည်းတူ ခဲယဉ်းလှစွာ အကြင်အကြောင်းကြောင့် ဘုရားရှင်တို့သာ ဟောကြားမြဲဖြစ်သော ဓမ္မဝိနယသည် လောကဟူသော လူ နတ် ဗြဟ္မာတို့၏သန္တာန်၌ ထွန်းပခွင့် ရပေသည်" ဟူ၍ဖြစ်သည်။

ဤကား လောက၌ ဗုဒ္ဓသာသနာတော် ထွန်းပခွင့်ရရန် ခဲယဉ်းလှပုံတည်း။ ။

**သာသနာနှင့်တွေ့ရန်ခဲယဉ်းပုံ**

ဗုဒ္ဓသည် လောက၌ သာသနာတော်ထွန်းပခွင့်ရရန် ခဲယဉ်းလှပုံကို ပြဆိုရန်အတွက် ပထမလူ့အဖြစ် လူ့ဘဝ ရခဲပုံကို ဥပမာနှင့် တကွမိန့်ဆိုခဲ့၏။ ဤ၌ ဗုဒ္ဓမိန့်

ဆိုသော လူ့အဖြစ်လူ့ဘဝသည် သာမညလူ့အဖြစ် လူ့ဘဝမျိုး မဟုတ် ယခုဘဝမှာပင် မဂ်,ဖိုလ်, နိဗ္ဗာန်ရရန် မြော်မှန်းနိုင်သော လူ့အဖြစ်လူ့ဘဝမျိုးကို မိန့်ဆိုလိုရင်း ဖြစ်သည်။ ထို့နောက် ခဲယဉ်းလှစွာ ဗုဒ္ဓပွင့်လာရပုံကိုအကျဉ်းချုပ် မိန့်ဆိုသည်။ ထိုမိန့်ဆိုချက်ကို မဟာသီဝမထေရ်ကြီးက ဗုဒ္ဓ၏အာဘော်ကျဖွင့်ဆိုပေးသည်။ ဤသို့ ခဲယဉ်းလှစွာဖြစ်ပေါ်လာရပုံ ၂-မျိုးကို ပြဆိုပြီးမှ သတ္တလောက၌ ဓမ္မဝိနယထွန်းပခွင့် ရပုံကိုမိန့်ဆိုပေသည်။ ဤဗုဒ္ဓ၏မိန့်ဆိုချက်များနှင့် အဋ္ဌကထာ မဟာသီဝမထေရ် တို့ဖွင့်ဆိုချက်တို့ကို လေးလေးနက်နက် စဉ်းစားလေ သာသနာတော်နှင့်တွေ့ရဖို့ ခဲယဉ်းလေဖြစ်ကြောင်းသိနိုင်သည်။

## သာသနာတော်၏တန်ဖိုး

ဤမျှခဲယဉ်းလှစွာ ထွန်းပခွင့်ရနေသော ဗုဒ္ဓသာသနာတော်မြတ်ကြီးနှင့်စပ်၍ အဘိဓမ္မာ ၇-ကျမ်းကိုဖွင့်ဆိုသော အဋ္ဌကထာ ၃-ကျမ်းတွင် ဓာတုကထာကျမ်း, ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း, ပဋ္ဌာန်းကျမ်း-ဟူသော အဘိဓမ္မာ အထက် ၅-ကျမ်းကိုဖွင့်ဆိုသည့် ပဉ္စပကရဏ အဋ္ဌကထာကျမ်း (၃၈)၌---

"သာသနေ ပန ဓရမာနေ အယံကပ္ပဝိနာသော နာမ နတ္ထိ၊ ကပ္ပဝိနာသေ သာသနံ နတ္ထိ" ဟုမိန့်ဆိုသည်။

အဓိပ္ပါယ်မှာ ဗုဒ္ဓ၏ အဆုံးအမ ခေါ်သာသနာတော်သာ လောက၌တည်ရှိနေသည် ဖြစ်အံ့၊ ဤကမ္ဘာကြီးမပျက်စီးနိုင် ကမ္ဘာပျက်ရာအခါမှာကား သာသနာတော်ကကွယ်ပြီးနေပြီ-ဟုဆိုခြင်းဖြစ်သည်။

ဤသည်မှာ သာသနာ၏

**မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာတော်အခြေအနေကို ရှေးယခင်က မဖြစ်ပေါ်ဘူးသော အခြားနိုင်ငံများမှာသာ ဖြစ်ပေါ်လေ့ရှိသော နာဂစ်မုန်တိုင်းလို မုန်တိုင်းမျိုး ဖြစ်ပေါ် ဝင်ရောက်လာခြင်းက သတိပေးညွှန်ပြလျက် ရှိနေပြီ။**

တန်ဖိုးကိုမိန့်ဆိုခြင်းဖြစ်သည်။ ဗုဒ္ဓအဆုံးအမခေါ် သာသနာတော် ၏အာနုဘော်ကား ကမ္ဘာပျက်မည်ကိုပင် တားဆီးနိုင်သည်။ ကမ္ဘာပျက်ရသည်မှာ လောက၌ ဗုဒ္ဓအဆုံးအမ ကင်းနေလို့ဟု ဆိုလိုရင်းဖြစ်သည်။

ဤစကားကို လေးလေးနက်နက် စဉ်းစားရန် လောကကြီးကို မျှော်ကြည့်မည်ဆိုလျှင် ကမ္ဘာ၌ လူဦးရေတိုးနေမှု၊ ထိုတိုးလာသော လူဦးရေ၌မိန်းမဦးရေများလာမှု၊ မိန်းမများ ဖောက်ဖောက်ပြန်ပြန် ဝတ်စားနေမှု၊ ရောဂါအသစ်အဆန်းတွေဖြစ် ပေါ်လာမှု၊ လူ့အသုံးဆောင်ဆန်းတွေ အဆက်မပြတ်ပေါ်လာမှု၊ လူတို့အတွက် အသုံးအဆောင် ရတနာမျိုးစုံနှင့်ရေ၊ ရေနံစသည် တို့ကို သိုမှီးသိမ်းထားရာဖြစ်၍ ဝသုန္ဓရာဟူ၍လည်းကောင်း၊ ဝသုမတီဟူ၍လည်းကောင်း၊ ဝသုဓာဟူ၍လည်းကောင်း အမည်ရထားသည့် မြေကြီးမှရှိသမျှ ရတနာမျိုးစုံတို့ကို အပြိုင်တူး ဖေါ်သုံးဖြုန်းနေမှု၊ စီးပွါးရေး စီးပွါးရေးဟုဆိုပြီး တရားမဲ့စီးပွါးရေး လွှမ်းမိုးလာမှု ခေတ်မှီဆိုသော စကားနှင့် စပ်ဆိုင်သမျှဖြစ်ပေါ် နေမှုတို့ကို တွေ့နေရသည်။ ထိုအခြေအနေတို့သည် ကမ္ဘာကြီး၌ ဗုဒ္ဓ၏အဆုံးအမကင်းနေမှု နောင်အခါ ပိုမိုကင်းလွတ်မည့် အသွင်အပြင်လက္ခဏာများဖြစ်သည်။

မြန်မာနိုင်ငံတော်၌ ဗုဒ္ဓသာသနာတော်၏အခြေအနေကို ရှေးယခင်ကမဖြစ်ပေါ်ဘူးသော အခြားနိုင်ငံများမှာသာ ဖြစ်ပေါ်လေ့ရှိသော နာဂစ်မုန်တိုင်းလို မုန်တိုင်းမျိုး ဖြစ်ပေါ်ဝင်ရောက်လာခြင်းက သတိပေးညွှန်ပြလျက် ရှိနေပြီ။

ထို့ကြောင့် လောကကြီး မပျက်စီးရန်အတွက် လောက၌ ဗုဒ္ဓ၏အဆုံးအမသာသနာ တည်ရှိနေရန်လိုအပ်၏။ ဗုဒ္ဓ၏ အဆုံးအမခေါ် သာသနာတော်တည်ရှိနေရန် ဆိုသည်မှာလည်း ဗုဒ္ဓဟောကြားတော်မူအပ်သော ပိဋ္ဋ

ကတ် သုံးသွယ် နိကာယ် ၅-ရပ်တို့ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းထားရန်လိုအပ်သည်။ ထိုတရားတို့ကို ထိန်းသိမ်း နေကြရုံဖြင့်လည်း မပြီးကြဘဲ လက်တွေ့ကျင့်သုံးကြရန်လည်း လိုအပ်သည်။ ထိုအဓိပ္ပါယ်ကိုညွှန်ပြလို၍

"သာသနေ ပန ဓရမာနေ အယံ ကပ္ပဝိနာသော နာမ နတ္ထိ၊ ကပ္ပဝိနာသေ သာသနံ နတ္ထိ" ဟု မိန့်ဆိုခြင်းဖြစ်သည်။

* ဘုရားသာသနာ၊ တည်ရှိပါက၊ ကမ္ဘာမပျက်၊ ကမ္ဘာပျက်ခါ၊ သာသနာ၊ ကွယ်ကာပြီးလေပြီ။

**သာသနာတည်ရန်**

သာသနာတော်သည် အဆင့် ၃-ဆင့်ရှိ၏ သင်အံ ပို့ချ ဆောင်ထားမှု ပရိယတ္တိအဆင့်၊ ထိုအဆင့်ကို ပရိယတ္တိ သာသနာဟုခေါ်သည်။

လက်တွေ့ လိုက်နာကျင့်သုံးနေထိုင်မှုအဆင့်၊ ထိုအဆင့်ကို ပဋိပတ္တိသာသနာဟုခေါ်သည်။ လက်တွေ့ကျင့်သုံးနေထိုင်မှသာ ရရှိနိုင်သည့် မဂ် ဖိုလ် နိဗ္ဗာန် ဟူသော ပဋိဝေဓ အဆင့်တို့ ဖြစ်ပါသည်။ ထိုအဆင့်ကို ပဋိဝေဓသာသနာ ဟုခေါ်သည်။ ထိုအဆင့် ၃-ဆင့်တွင် ပဋိဝေဓသာသနာသည် နောက်ဆုံးပန်းတိုင် ဖြစ်သည်။

ထိုပန်းတိုင်သို့ရောက်ရှိရန် ပဋိပတ္တိအဆင့်ဖြင့် ကူးတက်ရမည်။ ထိုပဋိပတ္တိ အဆင့်သည်လည်း သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့် ဟူ၍ ၃-ဆင့်ရှိသည်။ ထို ၃-ဆင့်တွင်လည်း သီလအဆင့်ပြည့်စုံမှ သမာဓိအဆင့်သို့ ကူးတက်နိုင်သည်။ သမာဓိအဆင့်သို့ ရောက်မှ ပညာအဆင့်သို့ ရောက်ကာပဋိဝေဓသို့ ကူးတင်နိုင်မည်။

ထိုပဋိပတ္တိ ဆိုသည်မှာ

**ပရိယတ္တိကင်းသော ပဋိပတ္တိ ဟူသည် မရှိစကောင်း၊ ပရိယတ္တိကင်းပါက မည်မျှလောက် လက်တွေ့ကျကျ ကျင့်သုံးပါသည် ဆိုစေကာမူ ပဋိပတ္တိအစစ်မဖြစ်နိုင်၊ ပဋိပတ္တိမဟုတ်သော ကျင့်သုံးမှုသည် ပဋိဝေဓသို့ မဆိုက်ရောက်နိုင်၊ ဆိုက်ရောက်သည်ဟု ဆိုပါကလည်း လိမ်ညာနေခြင်းသာဖြစ် ပေမည်။**

လည်း ပရိယတ္တိကင်း၍ မရနိုင်ပေ၊ ပရိယတ္တိကင်းသော ပဋိပတ္တိ ဟူသည် မရှိစကောင်း၊ ပရိယတ္တိကင်းပါက မည်မျှလောက် လက်တွေ့ကျကျ ကျင့်သုံးပါသည် ဆိုစေကာမူ ပဋိပတ္တိအစစ်မဖြစ်နိုင်၊ ပဋိပတ္တိ မဟုတ်သော ကျင့်သုံးမှုသည် ပဋိဝေဓသို့ မဆိုက်ရောက်နိုင်၊ ဆိုက်ရောက်သည်ဟု ဆိုပါကလည်း လိမ်ညာနေခြင်း သာဖြစ်ပေမည်။ ထို့ကြောင့်လောကဌ် သာသနာတော် ၃-ရပ်တည်တန့်ထွန်းလင်း တောက်ပခွင့်ရရန် အင်္ဂုတ္တရအဋ္ဌကထာ ဆရာတော်က-

"ပရိယတ္တိယာ ဓရမာနာယ သာသနံ အန္တရဟိတံ နာမ နဟောတိ= သင်အံပို့ချ ဆောင်ထားမှုဟု ဆိုအပ်သော ပရိယတ္တိ လုပ်ငန်း တည်ရှိနေပါက သာသနာကွယ်ခြင်း မဖြစ်နိုင်" ဟုမိန့်ဆို ညွှန်ပြထားသည်။

မှန်၏၊ ပရိယတ္တိ သဒ္ဓမ္မ ကွယ်ပျောက်ပါက မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ပျောက်ဆုံးခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ထိုမဂ်၊ ဖိုလ်၊ နိဗ္ဗာန် မပျောက်ဆုံးရန် ဓမ္မက္ခန်များဖြင့် စုစည်းထားသော ပိဋကသုံးပုံ နိကာယ်ကြီး ၅-ရပ်တို့တည်ရှိနေကြရမည်။ ထိုပိဋကတ်၊ နိကာယ်ကြီးများတည်ရှိနေရန်လည်း ထိုပိဋကတ် နိကာယ်ကြီးတို့ကို သင်အံပို့ချဆောင်ထားမှသာ ဖြစ်နိုင်ပေသည်။

* မဂ်၊ ဖိုလ်၊ နိဗ္ဗာန်၊ မပျောက်ရန်၊ ဓမ္မက္ခန် မပျောက်မှ။ ဓမ္မက္ခန်မပျောက်၊ ထွန်းတောက်ရှည်ကြာ၊ တည်စေငှါ၊ လွန်စွာ သင်အံချပို့မှ။ ။

**ကထိကရဟန်း**

၁၃၇၀-ပြည့် နှောင်းတန်ခူးလဆန်း ၄-ရက်



# ဇာတ်လမ်းရှိရင် မှတ်တမ်းရှိရမယ်

ဘဒ္ဒန္တမဏ္ဍာစာရ (မြဘုန်းရှင်)

## မိတ်ဆက်စကား

ကြွရောက်လာကြသော သာသနာ့အနွယ်ဝင်၊ ဗာရာဏသီနွယ်ဝင် ဆရာတော်သံဃာတော်အရှင်သူမြတ်တို့နှင့်တကွ ဒီကနေ့ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်အပေါင်းတို့အား မိတ်ဆက်ပြီးသားလဲဖြစ်၊ ပြောပြီးဆိုပြီးသားလဲဖြစ်လို့ ဘုန်းကြီးတို့က ဗာရာဏသီဆရာတော်ရဲ့တပည့်အရင်းကြီးများဖြစ်ကြပြီးတော့ ယခုအခါ မကွေးမြို့ မဟာမြသလွန်စေတီတော်ရဲ့ အရှေ့မြောက်ဘက်မှာတည်ထားအပ်တဲ့ ဇမ္ဗူအေးသာသနာ့ရိပ်သာမှာ သာသနာတော်ရဲ့ ခုရနှစ်မျိုးရှိတဲ့ အနက် ဝိပဿနာခုရကို ထမ်းဆောင်လျက်ရှိတယ်လို့ ဘုန်းကြီးတို့ပရိသတ်ကို မိတ်ဆက်ပေးပါတယ်။ အခုဖြစ်ပေါ်လာတဲ့ပွဲနဲ့ပတ်သက်လို့ ရှေးကဆရာတော်ဘုရားကြီးများ ဩဝါဒပေး၊ မိမိလုပ်လိုတဲ့ပွဲရဲ့ အစီအစဉ်တွေကို ပြောဆိုသွားပြီးဖြစ်လို့ တော်တော်များများတော့ ပြည့်စုံသလောက်ဖြစ်သွားပြီလို့ ဘုန်းကြီးတို့ ဒီလိုပဲအောက်မေ့ပါတယ်။

## အားကောင်းစေတဲ့အကြောင်းတစ်ရပ်

ဒါပေမယ့် ကြွရောက်လာတဲ့ ဗာရာဏသီအနွယ်ဝင်များဖြစ်ကြတဲ့ သံဃာတော်များကိုယ်စား ဆရာတော်များကို လျှောက်ထားရင်း ဧည့်ပရိသတ်တို့အား ပြောကြားဘို့အတွက် တာဝန်ရောက်လာတဲ့အတွက်ကြောင့် ဘုန်းကြီးတို့ သာသနာတော်မှာ ဒီကနေ့ "အင်ကြင်းခက်ကျိုင်း ရွှေကျင်ဂိုဏ်း"လို့ဆိုတဲ့အတိုင်း ၁၂၂၂-ခုနှစ်မှာ ရွှေကျင်ဂိုဏ်းသာသနာတော်ကြီး ပေါက်ဖွါးလာခဲ့ပြီးတော့ ၁၃၂၀-ခုနှစ်မှာ ဒီတိုက်တည်ခဲ့တာဟာ အနှစ်(၅၀)ပြည့်တဲ့ပွဲ၊ ဒီအနှစ်ငါးဆယ်ပြည့်တဲ့ပွဲမှာ သမိုင်းဦး သမိုင်းတင် သမိုင်းဝင်တွေကို မေ့ပျောက်ပစ်လို့မရပါဘူး။ သမိုင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်ကို အားကောင်းစေတဲ့ အကြောင်းတစ်ရပ်ပဲလို့ ဘုန်းကြီးတို့က ဒီလိုနားလည်ထားတယ်။

## ဆရာတော်ရဲ့စွမ်းဆောင်ချက်

ဒါ့ကြောင့် သမိုင်း ကောင်းရှိထားဖို့လိုတယ်။

အဲဒီသမိုင်းကောင်းရှိဖို့အတွက်က အခု သမိုင်းတည် သမိုင်းဦး ပုဂ္ဂိုလ်ကြီးက ကျေးဇူးတော်ရှင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ရဲ့ ပဓာနနာယက ဆရာတော် ဗာရာဏသီဆရာတော်ဘုရားကြီးက သမိုင်းဦး သမိုင်းတည် ဆရာတော်ဘုရားကြီးဖြစ်ခဲ့ပြီးတော့ ဆရာတော်ကြီးရဲ့ စွမ်းဆောက်ချက်တွေဟာ အံ့ဘွယ်မခန်းရှိခဲ့တာကို ပြည်မြို့တော်သူ မြို့တော်သား အပေါင်းတို့ သိခဲ့ပြီးဖြစ်မယ်လို့ ဘုန်းကြီးတို့ထင်ပါတယ်။ ဆရာတော်ဘုရားဟာ ပါဠိဘာသာစာပေ တင်မက ပါဠိသက္ကဋ္ဌစာပေများစွာတို့ကို ကျွမ်းကျင်စွာ တတ်မြောက်ပြီးတော့ ဆဋ္ဌသင်္ဂါယနာမှာလဲ တမျိုး၊ အခု ၁၉၈၀-ခုနှစ်မှာပေါ်ပေါက်လာတဲ့ သာသနာသန့်ရှင်းတည်တန့်ပြန့်ပွါးရေး အသင်းကြီးကနေစတင်ဖြစ်ပေါ်လာတဲ့ နိုင်ငံတော်သံဃာနာယကမှာတစ်ဖုံ၊ နောက် နိုင်ငံတော်အကြီးအကဲတို့နှင့်တကွ သာသနာမှာ ရာဇာနဲ့ ဆရာနဲ့ဒါယကာနဲ့ လက်တွဲပြီးတော့ တည်ထောင်ခဲ့တဲ့ သာသနာပြုပွဲတွေမှာလဲ အမျိုးမျိုး အဖုံဖုံ၊ ဆရာတော်ရဲ့စွမ်းဆောင်ချက်တွေက အံ့ဘွယ်မခမ်းရှိလှပါတယ်။

## ကောင်းကောင်းလေးရှိမှ

ဘုန်းကြီးတို့ရဲ့ ဆရာတော်ဘုရားကြီးဟာ အမြဲတမ်းပြောလေ့ရှိတဲ့စကားတစ်ခွန်း "သာသနာဆိုတာ သူနိုင်ကိုယ်နိုင် အပြိုင်ကြဲတဲ့ လွှန်ပွဲတော့ မဟုတ်ဘူး။ သာသနာပြုတယ်ဆိုတာ ကောင်းကောင်းလေး ရှိမှ ပိုကောင်းတယ်။ လွှန်ပွဲဆိုတာကတော့ တစ်ဖက်နှင့်တစ်ဖက် ညာသံပေးပြီးဆွဲလေ ပိုကောင်းလေပဲ" လို့ ခဏခဏပြောတယ်။ အဲဒီလိုပြောတဲ့စကားနဲ့ ညီစွာ ဆရာတော်ဘုရားဟာ သူ့တိုက်တာအတွင်းမှာ စည်းကမ်း နည်းလမ်းနဲ့ မညီညွတ်တဲ့၊ ဝိနည်းတော်နဲ့ မညီညွတ်တဲ့ ရဟန်း သာမဏေတွေကို ဘယ်တော့မှ ထားလေ့၊ ဥပေက္ခာရှုလေ့၊ ခွင့်လွှတ်လေ့ မရှိဘူး။ တိုက်တာက နှင်ထုတ်အပ်လောက်တဲ့အပြစ်တွေရှိရင် အားလုံးကို စီစစ်နှင်ထုတ်ပြီးတော့ တိုက်တွင်းမှာ သန့်သန့်ရှင်းရှင်း သာသနာတော်ရဲ့ အလုပ်နှစ်မျိုးကိုပဲ ပဓာနထားပြီးတော့ လုပ်ဆောင်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ အဲဒီသမိုင်းစဉ်လမ်းကြောင်းကလဲ ယခုအထိ အလွန်ပဲ ကောင်းလျက်ရှိနေတာကို တွေ့ရပါတယ်။ ဘုန်းကြီးတို့ရဲ့ ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်နွယ်ဝင်တွေရဲ့ ရောက်လေရာအရပ်၊ ပြုလေရာသာသနာမှာလဲပဲ သမိုင်းလမ်းကြောင်း အလွန်ကောင်းလျက်ရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒီလို တွေ့ရတဲ့အခါမှာ အခု ဆရာဒကာ သာသနာတော်ကြီးရဲ့ သမိုင်းဦး သမိုင်းတည် ပုဂ္ဂိုလ်ကြီးကို ဘုန်းကြီးတို့ မမေ့မလျော့သလို ဆရာတော်တည်ထားခဲ့တဲ့ ဒီကနေ့ သမိုင်းလမ်းကြောင်းဟာ နှစ်ငါးဆယ် ပြည့်သွားပါပြီ၊ ရွှေရတုနှစ်ငါးဆယ်ပြည့်သွားပြီး ဖြစ်တဲ့အတွက်ကြောင့် သမိုင်းအသစ်ကို အားတက်စေဘို့အတွက် ရွှေရတုပွဲကို မဖြစ်မနေဆင်နွှဲကြပါ။ ဘုန်းကြီးတို့တတွေနဲ့ ဘုန်းကြီးတို့ပရိသတ်မှာ တာဝန်တွေ အသီးသီး ဖြစ်ရောက်လာပြီလို့ ဘုန်းကြီးတို့ ဒီလိုပဲ အောက်မေ့ပါတယ်။





### သမိုင်းအစဉ်

နောက်တစ်ချက်က သမိုင်းတည်တဲ့ပုဂ္ဂိုလ်ရဲ့ နောက်မှာ "သမိုင်းအစဉ်"ဆိုတာရှိပါတယ်။ ပထမ ဆရာတော်ဘုရားကြီးက ၁၃၅၅-ခုနှစ်မှာ၊ ဆရာတော် ပျံလွန်တော်မူပြီးတော့ အဲဒီနှစ်မှာ ဒုတိယဆရာတော် က ဆရာတော်အဖြစ်တက်လာပါတယ်။ နောက်တော့ ဒုတိယဆရာတော်က ၁၃၆၀-ခုနှစ်မှာ ပျံလွန်တော်မူ သွားပြန်ပါတယ်။ အခုလက်ရှိ ပရိသတ်ဖူးမြင်နေ ရတာက ဗာရာဏသီတိုက်ရဲ့ တတိယဆရာတော် အဖြစ်ရောက်လာ။ အဲဒါက သမိုင်းစဉ်လို့ ပြောရပါ လိမ့်မယ်။

### မမေ့ကောင်းစရာ

နောက် အဲဒီကနေပြီးတော့ တဆင့်တဆင့် လုပ်ဆောင်ခဲ့တဲ့ လုပ်ငန်းတွေ အသီးသီးရှိပါတယ်။ ပရိယတ္တိလုပ်ငန်းတွေ၊ နောက် အခြားအခြားသာသနာ တော်နဲ့ဆက်စပ်၊ လောကနဲ့ဆက်စပ်တဲ့ လုပ်ငန်းစဉ် တွေ များစွာရှိပါတယ်။ ဒီတိုက်ရဲ့ တစ်ဖက်က သာသနာတော်ဖက်က ခေါင်းဆောင်ခေါင်းရွက်ပြုတဲ့ ဗာရာဏသီဆရာတော်ကြီးရဲ့ အနေအထားကလဲပဲ ထိပ်တန်း၊ တကယ်ကိုမှ ပြည့်စုံတဲ့ပုဂ္ဂိုလ်ဖြစ်သလို ဒီတိုက်ကိုတည်ထောင်ခဲ့တဲ့ တိုက်အစ်မကြီးကလဲ သခင်မကြီးဒေါ်သိန်းတင်ဆိုရင် သမိုင်းတစ်ခွင်မှာ မသိရင်အတော်ညံ့လို့ပဲလို့ပြောရမယ့် အနေအထား မှာရှိပါတယ်။ ဒါ့ကြောင့် ဂုဏ်နဲ့ဂုဏ်ဓား ပမာပေးရလို့ ရှိရင် အလွန်မတန်ကို လိုက်ဖက်တဲ့ ဆရာ ဒကာ ပေါ်ပေါက်လာတာပဲလို့ ဘုန်းကြီးတို့က ဒီလိုပဲ မြင်ပါတယ်။ အဲဒီလို တွေးမြင်ခဲ့တော့ တိုက်အစ်မ ကြီးနဲ့ သာသနာတော်မှာထားခဲ့တဲ့ သာသနာပြုခဲ့ပုံ တွေကလဲ မမေ့ရက်စရာ၊ မမေ့ကောင်းစရာတွေ ဖြစ်တာကို ပြန်တွေ့ရမှာဖြစ် ပါတယ်။

### သမိုင်းဝင်အောင်

အဲဒီလိုပြန်တွေ့ရမယ့်အနေအထားမှာ အခု နှစ်ငါးဆယ်ပြည့်ကိုရောက်လာပြီဆိုရင် အစောက သမိုင်းအစဉ်တွေကို သမိုင်းဝင်အောင် တစ်ခန်းချုပ်ဖို့၊ တစ်ခန်းလုပ်ဖို့ အချိန်ရောက်လာပြီဖြစ်လို့ အခုဘုန်း ကြီးတို့ သံဃာပရိသတ်နှင့်ကျော့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ၊ ဒကာ ဒကာမများ၊ အာဏာပိုင် အဖွဲ့အစည်းမှာရှိကြတဲ့ လူကြီးမင်းများအားလုံးကို ဘုန်းကြီးက မေတ္တာရပ်ခံ ပန်ကြားပါတယ်။ ဒီပွဲကို သမိုင်းဝင်အောင်ဆင်နွှဲကြပါလို့ ဘုန်းကြီးတို့ပရိသတ် ကို ဘုန်းကြီးတို့ပန်ကြားပါတယ်။

### သမိုင်းကိုယ်စီ

နောက်တစ်ခုက လူတစ်ကိုယ်မှာ ဘဝတစ်ခု ကို ရထားရင် သမိုင်းကိုယ်စီရှိကြပါတယ်။ ဒါပေမယ့်၊ သမိုင်းကိုယ်စီရှိကြပေမယ့်၊ ဇာတ်လမ်းရှိပေမယ့် မှတ်တမ်းမရှိလို့ မထင်ပေါ်ခဲ့ရတဲ့၊ တိမ်မြုပ်သွားခဲ့ရတဲ့ သမိုင်းတွေကလဲ များစွာရှိနိုင်ပါတယ်။ တိုင်းပြည် အနေနဲ့ပဲကြည့်ကြည့်၊ လူမျိုးအနေနဲ့ပဲကြည့်ကြည့်၊ ဘာသာအနေနဲ့ပဲ ကြည့်ကြည့် သမိုင်းကြောင်းတွေ ကိုယ်စီကိုယ်စီရှိကြတာကို တွေ့ရပါတယ်။ အဲဒီလို ဇာတ်လမ်းတွေ ကောင်းတာများစွာ ရှိခဲ့ပေမယ့် မှတ်တမ်းမတင်ထားခဲ့တဲ့အတွက်ကြောင့် တိမ်မြုပ်သွား ခဲ့ရတာတွေများစွာရှိပါတယ်။ အဲဒါကြောင့် ဘုန်းကြီး တို့တတွေကတော့ ဇာတ်လမ်းလဲရှိတယ်၊ မှတ်တမ်းလဲ ရှိရမယ်ဆိုတဲ့အနေထားမျိုးနဲ့ ဒီကနေ့ ရွှေရတုပွဲသဘင် ကို မှတ်တမ်းတင်ဘို့ ဘုန်းကြီးတို့ကပြောချင်ပါတယ်။

### ရည်ရွယ်ချက်(၄)ရပ်

နောက်တစ်ခုတိုက်တွန်းချင်တာကတော့ ဒီကနေ့ ဘုန်းကြီးတို့တတွေ ဆရာ ဒကာ သာသနာ တော်ကြီးနဲ့ လက်တွဲပြီးတော့ လူမျိုးရှိရင် ဘာသာ

ရှိရမယ်။ ဘာသာလူမျိုးရဲ့အညွန့်အဖူးဟာ ဘာသာရဲ့ အဆုံးအမအောက်မှာ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ယူ့ဘဝခရီးကို ဆက်လက်ချီတက်နေကြတဲ့ လောကကြီးထဲမှာ ဒီကနေ့ သာသနာနဲ့ ဆရာ ဒကာလက်တွဲပြီးတော့ လာခဲ့ကြတဲ့နှစ် အတော်များစွာရှိကြပါပြီ။ ဒါ့ကြောင့် ဆရာတော်ဘုရား အမိန့်ရှိသွားခဲ့တဲ့အတိုင်း ရွှေရတုပွဲရဲ့ အဓိကရည်ရွယ်ချက် (၄)ရပ်လို့ပြောကြပါစို့။ နံပါတ်(၁)က နှစ်ငါးဆယ်ပြည့် ရွှေရတုမော်ကွန်းကျောက်စာတိုက် ထူထောင်ရေးဆိုတဲ့ကိစ္စတစ်ခု။ နံပါတ်(၂)အချက်က ရွှေရတုစာစောင်ထုတ်ဖို့အချက်တစ်ခု။ နောက်နံပါတ်(၃)အချက်က ကြွရောက်လာကြတဲ့ သံဃာတော်အရှင်သူမြတ် တို့အား လှူဘွယ်ဝတ္ထုအစရှိသည်အားဖြင့် နံပါတ်သုံးအချက်။ နံပါတ်(၄)အချက်က ရွှေရတုမှတ်တိုင်ထူဘို့အတွက် ရွှေရတုကျောင်းဆောင် ယခု တောင်ဘက်မှာလှည့်ကြည့်လိုက်ရင် တွေ့ရမယ့်ပျဉ်ကျောင်းဆောင်ကြီးပါ။ မူလကျောင်းဆောင် နှစ်ခုကို ပေါင်းစပ်ပြီးတော့ကာ ကောင်းမြတ်အောင်ပြုလုပ်ထားသော်လည်း နှစ်ငါးဆယ်ရှည်လျားလို့သွားတဲ့အခါမှာ ရွှေ့လျောပြီးတော့ ဟောင်းမြင်းအိုနွမ်းနေတဲ့သဘောကို တွေ့ရမှာဖြစ်ပါတယ်။ အဲဒါကို မှတ်တိုင်ရတီ စိုက်ထူနိုင်ဘို့အတွက် ရွှေရတုကျောင်းတော်ကြီးကိုလည်း ဆန္ဒရှိထားတာဖြစ်လို့ ဒါကတော့ နံပါတ်လေးအချက် ဘုန်းကြီးတို့က ပြန်ပြီးတော့ တိုက်တွန်းပါတယ်။ အဲဒီလို ဆရာဒကာလက်တွဲပြီးတော့ ဘုန်းကြီးတို့ပရိသတ်၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တတ်စွမ်းလို့များ၊ နိုင်သလောက်များ၊ လှလှပပတင့်တင့်တယ်တယ် အဆင်ပြေအောင် ကူညီကြပါ။ ဆောင်ရွက်ကြပါ။ အားထုတ်ပေးကြပါလို့ ဘုန်းကြီးက ထပ်ပြီးတော့ **တိုက်တွန်း**ပါတယ်။

## မိတ်ဟောင်းဆွေဟောင်း

အားလုံး ဒီမှာတော့ ဘုန်းကြီးက ငြေ့သည်လိုဖြစ်နေပေမယ့် မနက်ကလာတဲ့တိုင်းမှူး ဗိုလ်ချုပ်လှမင်းဆိုရင်လဲ ဘုန်းကြီးတို့တပည့်ပါပဲ။ နောက် ဦးအုန်းဆွေတို့ ဘုန်းကြီးတပည့်ပါပဲ။ ဗိုလ်စိုးနွယ်တို့



ဘုန်းကြီးတပည့်ပါပဲ။နောက် အခုလက်ရှိ အနေအထားမှာလဲ ဘုန်းကြီးတပည့်တွေကပဲ များများနေတာတွေ့ရပါတယ်။ အဲဒီတော့ ဒီမှာတော့ အရောက်အလာနဲနေတော့ တာဝန်ကိစ္စက ဟိုဘက်မှာရှိနေတဲ့အတွက် အတွေ့အထိများစွာ နဲပါတယ်။ ဒါပေမယ့် အခုမှတွေ့ရသော်လည်း ရှေးကတွေ့ခဲ့ဘူးတဲ့ မိတ်ဟောင်းဆွေဟောင်း ဆရာဟောင်းတွေ ဆရာဒကာဟောင်းတွေ ပြန်တွေ့ရသလို အောက်မေ့ပါတယ်။

## ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်

ဒါ့ကြောင့် အားလုံးအသီးသီး သာသနံ ဘဂဝန္တဿ၊ ဘဂဝန္တာဝ လာဘိနော- ဘုန်းကံကြီးမားတဲ့ ဘုရားသာသနာမှာ ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ ဦးစီးခေါင်းဆောင်လုပ်မှ ကြီးပွါးတိုးတက်တယ်-ဆိုတဲ့စကားဟာ သိပ်မှန်ပါတယ်။ ဒါ့ကြောင့် ဘုန်းကံရှိတဲ့ပုဂ္ဂိုလ်တွေ၊ စွမ်းရည်ရှိတဲ့ပုဂ္ဂိုလ်တွေဟာ ဦးစီးခေါင်းဆောင်ပြုပြီးတော့ ဆောင်ရွက်ကြပါလို့ ဘုန်းကြီးကတိုက်တွန်းပါတယ်။

ဘုန်းကြီးတို့ တစ်နေရာမှာ မကွေးမှာ ဘုန်းကြီးတို့ပွဲတွေလုပ်တယ်။ ရေနံချောင်းမှာ ဘုန်းကြီးတို့ ပွဲတွေလုပ်တယ်။ မန္တလေးမှာ ဘုန်းကြီးတို့ ပွဲတွေလုပ်တယ်။ လုပ်တဲ့အခါ ဘုန်းကြီးအတွေ့အကြုံလေးတစ်ခုကို ဘုန်းကြီးတို့ အနည်းငယ် တင်ပြပါ့မယ်။ အခု ဘုန်းကြီးတို့ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနှင့်တကွ သီးခြားအဖွဲ့အစည်းများ ဘုန်းကြီးတို့ ဆွေးနွေးတိုင်ပင်ခဲ့ရတယ်။ နောက်တော့ ကုန်သည်



ကြီးများအသင်းတွေနဲ့ ဆွေးနွေးတိုင်ပင်ခဲ့ရတယ်။ နောက်တော့ ပုဂ္ဂလိကပိုင် ကုမ္ပဏီလီမိတက်တွေနဲ့ တိုင်ပင်ခဲ့ရတယ်။ တစ်ဦးချင်း စွမ်းရည်သတ္တိရှင်တွေဖြစ်ကြတဲ့ သဒ္ဓါတရားရှင်၊ ကုသိုလ်ရှင်တွေနဲ့ ထိတွေ့ခွင့်ရခဲ့ပြီးတော့ အဲဒီလိုနဲ့ကြီးမားတဲ့ ပွဲကြီးတွေကို ဘုန်းကြီးတို့တတွေ သာသနာတော် အတွက် မော်ကွန်းထိုးခဲ့ကြတာဖြစ်ပါတယ်။

အခုလဲပဲ ဒီကနေ့ ပဲခူးတိုင်း အနောက်ခြမ်းမှာရှိတဲ့ ပြည့်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ရဲ့ ရွှေရတုပွဲမတော်ကြီးကိုဖြင့် ဒီမှာရှိကြတဲ့ တကာတကာမတွေအားလုံး ဆောင်ရွက်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ရင်းဖြင့် ဘုန်းကြီးရဲ့စကားကို နိဂုံးချုပ် လိုက်ပါတယ်။ အားလုံးပရိသတ်များသာဓုခေါ်၍ နိဂုံးချုပ်လိုက်ရအောင်။

သာဓု... သာဓု... သာဓု

၂၈-၆-၂၀၀၉(တနင်္ဂနွေနေ)မွန်းလွဲ (၁း၀၀)နာရီတွင် ရွှေရတုပူဇော်ပွဲဖြစ်မြောက်ရေး တတိယအကြိမ် ဆရာဒကာမျက်နှာစုံညီစည်းဝေးပွဲတွင် မကွေးမြို့၊ ဇမ္ဗူအေးသာသနာ့ရိပ်သာ၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မာစာရ (မြဘုန်းရှင်)၏ ဩဝါဒကထာကို မူရင်းအတိုင်း ပြန်လည်ပူဇော်ပါသည်။

**စာတည်းအဖွဲ့**

အလျှော်သုံးဘို့ဆုံးမစာ

*   သာသနိက၊ သုံးဝပစ္စည်း၊
    သုံးနည်းမရ၊ အပါယ်ကျလိမ့်။


*   သံဃာ့ပစ္စည်း၊ အဆိပ်သီးထက်၊
    သုံးနည်းမရ၊ အပါယ်ကျလိမ့်။

*   ငါလျှုငါသုံး၊ တရုံးရုံးနှင့်၊
    သုံးပြုံးပျက်က၊ အပါယ်ကျလိမ့်။

*   ဝန်လည်းမဆောင်၊ လမ်းလည်းမကျင့်၊
    ဖျင်းဖင့်သုံးစား၊ အပါယ်သွားလိမ့်။

*   သုံးခွင့်လည်းပန်၊ သုံးဟန်လည်းရ၊
    သုံးနည်းကျသော်၊ အလျှော်ဖြစ်လိမ့်။

မြဘုန်းရှင်(မကွေး)



# ပန်းတိုင်၏ နောက်ကွယ်မှာ

ဘဒ္ဒန္တဝဇီရပါလ

**တူရိယာတွင် စည်းမယှဉ်က နားဝင်မချို။**

လောကလူသားတို့သည် ဘဝဇာတ်ခုံပေါ်၌ တူရိယာဂီတများ တီးမှုတ်ကြသည့်အခါ စည်းမပါ- စည်းအချိုးမကျ- စည်းဝါးမမှန်ပါက နားသောတ ဆင်ကြသူတို့နားဝင်ချိုမြ ဂီတရသကို မရနိုင်ကြသလို။

“ကန်မို ကန်သင်း မရှိကင်းက ပျက်ယွင်းပမာတဲ့။”

မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ လယ်ယာမြေတို့မှာလည်း ကန်ဘောင်၊ ကန်သင်းရိုးကောင်းကောင်း မွန်မွန်မရှိပါက ရေများ ကြာရှည်စွာ တည်ရှိမနေနိုင်ဘဲ ကုန်ခမ်းပျက်စီး၍ သွားတတ်သောကြောင့် ချောင်းပျက်၊ အိမ်ပျက်၊ လယ်ပျက် ဟု အမည်တွင်ကာ လောက လူသားတို့၏ အမြတ်တနိုးတန်ဘိုးထားမှုကို မခံရဘဲ စွန့်ပယ်ခြင်းကို ခံရလေသည်။

သက်မဲ့အရာဝတ္ထုများ၌ပင် စည်းကမ်းရှိပါမှ တန်ဘိုးရှိပြီး စည်းကမ်းမဲ့ပါက တန်ဘိုးမဲ့ပါသည်ဟုဆိုလျှင်သက်ရှိ လူသားတို့အဘို့ အသို့နည်း?

“လူတို့မှာလည်း၊ ဗလာစည်းကမ်း၊ နေသရမ်း က၊ ကိုယ်နှမ်းစိတ်ရိနောင်ခါသိမည်၊ ဒုက္ခ - ဒုက္ခာ - ဒုက္ခော တည်း။”

လောကလူသားတို့မှာလည်း စည်းမရှိ၊ ကမ်းမရှိ၊ စည်းကမ်းကို မရိုသေ မလေးစားမလိုက် နာကြဘဲ ပရမ်းပတာ၊ သွား၊ လာ၊ နေ၊ ထိုင်၊ ပြောဆို၊ ဝတ်စား နေကြမည်ဆိုလျှင်

ကြီးပွားချမ်းသာခြင်း၊ တိုးတက်အောင်မြင်ခြင်း ဆိုတာတွေဝေးလို့ ဆင်းရဲမျိုးစုံ အဖုံဖုံတို့နှင့်သာ တွေ့ကြုံနေကြရမည်ဖြစ်ပေသည်။

စည်းကမ်းမရှိလျှင် ဆင်းရဲတွင်းမှ လွတ်အောင်ရုန်းမထွက်နိုင်ဟု ဆိုလျှင်ကြီးပွားလိုသူ၊ ချမ်းသာလိုသူ၊ တိုးတက်လိုသူ၊ အောင်မြင်လိုသူ၊ ကျော်ကြားလိုသူ၊ ထင်ပေါ်လိုသူ၊ လူအပေါင်းတို့သည် ဖွဲ့လုံ့လ ဝီရိယရှိစွာဖြင့် သတ်မှတ်ထားသည့် စည်းကမ်းများကို တန်ဘိုးထား တလေးတစားလိုက်နာရမည်သာ ဖြစ်ပါတော့သည်။

လောကတစ်ခွင်တွင် အလှဆင်၍ ကြီးပွားချမ်း သာနေသူ၊ တိုးတက်အောင်မြင်နေသောသူတို့၏ ဘဝတစ်စေ့တစ်စောင်း သမိုင်းကြောင်းကို မျှော်ကြည့်လိုက် ကြပါလျှင် စည်းကမ်းလိုက်နာ ကျင့်သုံးနေသူများဖြစ်သည်ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ထိုသို့ ဖွဲ့လုံ့လ ဝီရိယပြည့်ဝစွာဖြင့် စည်းကမ်းကိုရိုသေလေးစားလိုက်နာ ကျင့်သုံးခြင်းဖြင့် တိုးတက်အောင်မြင်မှု-ကြီးပွားချမ်းသာမှုသို့ ရောက်သွားကြသူတို့တွင် ကျွန်ုပ်တို့ ဆရာသခင်ကျေးဇူးရှင် ဗာရာဏသီဆရာတော် ဘုရားကြီးသည်လည်း တစ်ပါးအပါအဝင်ဖြစ်ပါသည်။

ဗာရာဏသီဆရာတော်ဘုရားကြီးသည် ရွှေကျင်ဂိုဏ်းကြီး၏ အဓိပတိ တွဲဖက် ဥပဥက္ကဋ္ဌ သာသနာပိုင်အဖြစ်သို့တိုင် ကြီးပွားတိုးတက်အောင်မြင်၍ လာရသည်မှာ မြတ်ဗုဒ္ဓ၏ ဝိနည်းစည်းကမ်းတော်များနှင့် ရွှေကျင်ဂိုဏ်းကြီး၏ စည်းကမ်းဥပဒေများကို အသက်တစ်မျှ ရိုသေလေးစားလိုက်နာကျင့်သုံးခြင်းကြောင့်ဖြစ်ပါသည်။

## ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်တည်ခြင်း

ဆရာတော်ဘုရားကြီးသည်မြတ်ဗုဒ္ဓ၏ ဝိနည်းတော်စည်းကမ်းနှင့် ရွှေကျင်ဂိုဏ်းကြီး၏ စည်းမျဉ်းဥပဒေများကို မိမိကိုယ်တိုင်စံပြအနေနဲ့ တစ်သဝေမတိမ်းလိုက်နာကျင့်သုံးသကဲ့သို့ မိမိ၏ တပည့် ဒကာများကိုလည်း လိုက်နာ ကျင့်သုံးစေခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် မန္တလေးမြို့



ဗာရာဏသီဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်များအား တိုက်အစ်မကြီးဒေါ်သိန်းတင်မှ လှူဖွယ်ပစ္စည်းကပ်လှူနေစဉ် (ဝဲမှယာ) ဦးဝဇီရပါဏီ၊ ဦးနန္ဒောဘာသာဘိဝံသ၊ ဦးဝိစိတ္တစာရ၊ ဦးဓမ္မရသ၊ ဗာရာဏသီဆရာတော်၊ ဦးသြဘာသ၊ ဦးနာဂဝံသ၊ ဦးအဂ္ဂဓမ္မ၊ ဦးဇောတိပါလ

မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စည်ရှင်ကျောင်း၌ သီတင်းသုံး၍နေစဉ် ပြည်မြို့၊ နဝင်းရပ်၊ ကျီးငှက်ဆေးလိပ်ရုံ ပိုင်ရှင် ကျောင်းအစ်မ ဒေါ်သိန်းတင်၏ ပင့်လျှောက်ချက်အရ ၁၃၂၁-ခုနှစ်တွင် ပြည်မြို့သို့ ကြွလာကာ ငါးမျက်နှာဘုရားကျောင်းအမည်ဟောင်းကို ဖျောက်၍"ဝိသုဒ္ဓါရုံဗာရာဏသီတိုက်" ဟူသော အမည်သစ်သို့ ရောက်စေကာ ပဋိပတ်မကင်းသော ပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်ခဲ့ပါသည်။

## စည်းကမ်း (၁၀) ချက်

ထိုသို့တည်ထောင်ရာ၌ တိုးတက်အောင်မြင်မှု၊ ကြီးပွားချမ်းသာမှု၊ စည်းလုံးညီညွတ်မှုတို့၏ အခြေမူဖြစ်သော စည်းကမ်းဥပဒေမူ (၁၀) ချက်ကို ချမှတ်ခဲ့ပါသည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၌ နေထိုင်ကြသော ရဟန်း သာမဏေများသည်. . . . .

၁။ မြို့တွင်း/ရွာတွင်းသို့ ဝင်လျှင်ဝိနည်းတော်နှင့် အညီ သင်္ကန်းရုံ၍ သွားရခြင်း။

၂။ ဆရာတော်နှင့်တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းကြီး၊ ဆွမ်းစားကျောင်းဘုန်းကြီးများ၏ အဆုံးအမကို လေးစားလိုက်နာရခြင်း။

၃။ ဂိလာန-အကြောင်းထူးမရှိပဲ ညည့်/နံနက် ဘုရားဝတ်တက်မှန်မှန်လိုက်ရခြင်း။

၄။ မိမိ၏တက်စာဝါနှင့်ကျက်စာများကို သက်ဆိုင်ရာအပ်နှံထားသော စာချဘုန်းကြီးထံ၌ နေ့စဉ်မှန်မှန်စာပြန်ရခြင်း။

၅။ လပြည့်,လကွယ်နေ့တိုင်း သံဃဥပုသ်ကို အလှည့်ကျ ပြုကြရပြီး၊ ဥပုသ်နေ့တိုင်း ညဥ့်တရားဟောရာ ဓမ္မာရုံ၌ ဝါစဉ်အလိုက် အလှည့်ကျ တရားဟော, တရားနာရခြင်း။

၆။ အကြောင်းထူးရှိ၍ ခရီးသွားလိုသော်လည်းကောင်း၊ ပြန်ရောက်သော်လည်းကောင်း ဆရာသမားများထံ လာရောက်လျှောက်ထားရခြင်း။

၇။ ဆေးလိပ်သောက်ခြင်း၊ နေလွဲကွမ်းစား၊ ဆေးဝါးခြင်း၊ နွားလှည်း၊ မြင်းရထား၊ ဆိုက်ကားစီးခြင်းတို့မှလည်းကောင်း၊ ရုပ်ရှင်၊ ဘောပွဲ၊ အငြိမ့်၊ ဇာတ်ပွဲစသည်များကို သွားရောက်ကြည့်ရှုခြင်းများမှ အထူးရှောင်ကြဉ်ရခြင်း။

၈။ သင်္ကန်းများကို အဝန်းညီစွာ ဝတ်ရုံရခြင်း၊ မသင့်လျော်သော သင်္ကန်းရောင်များ၊ ကွင်းကွင်းထားသောသင်းပိုင်များနှင့် အံသကိုင်္ကတို့ကို ဝတ်ရုံခြင်းမှ အထူးရှောင်ကြဉ်ရခြင်း။

၉။ အကြောင်းထူးမရှိပဲ နေ့စဉ် ဆွမ်းခံမှန်မှန် လိုက်ရခြင်း၊ ဆွမ်းစားကျောင်း၌သာ ဆွမ်းဘုဉ်းပေးရခြင်း။


၁၀။ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သားအဖြစ် နေထိုင်လိုသောရဟန်းသာမဏေသည် ဆရာမိဘ စသော အပြင်အာမခံနှင့်တိုက်တွင်း အာမခံထားရှိရခြင်း-

ဟူသော စည်းကမ်းဥပဒေမူ (၁၀)ချက် ချမှတ်ပြီး ပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်လာခဲ့ရာ ယနေ့ဆိုလျှင် နှစ်ငါးဆယ်ပြည့်မြောက်ရွှေရတုသို့ပင် ဆိုက်ရောက်လာခဲ့ချေပြီ။

## အကြွေးမထား သင်ညွှန်ကြား

ဆရာတော်ဘုရားကြီးသည် မိမိချမှတ်ထားသော စည်းကမ်းဥပဒေများနှင့်ပတ်သက်လာပါက နည်းနည်းကလေးမျှ အလျှော့ပေးလေ့မရှိဘဲ ပြောဆိုဆုံးမစရာရှိပါက ချက်ချင်းပင် အဂတိတရားကင်းရှင်းစွာဖြင့် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား ပြောဆိုဆုံးမပါသည်။

ဝိသုဒ္ဓါရုံတိုက်တည်စက ကျောင်းတိုက်၌ သံဃာတော်များများ မရှိသေးမီ စည်းကမ်းချိုးဖေါက်သော တပည့်များပေါ်ပေါက်လာခဲ့ရာ စည်းကမ်းအတိုင်းကျောင်းတိုက်မှ နှင်ဒဏ်ပေးလိုက်ပါတော့သည်။ ထိုအခါသံဃာတော်များကို ကြည်ညိုလိုသော ကျောင်းအစ်မကြီးရောက်လာပြီး တစ်ကြိမ်တစ်ခါမို့ ခွင့်လွှတ်သင့်ပါ ကြောင်းလျှောက်ထားရာ- တိုက်အမ၊ ကျောင်းအမများရဲ့တာဝန်သည် ပစ္စည်း လေးပါးကိုသာ တာဝန်ယူရကြောင်း၊ အုပ်ချုပ်ရေးတာဝန်သည် ဆရာသမားများရဲတာဝန်ဖြစ်ကြောင်း ရှင်းလင်းပြသဆုံးမစကား မိန့်ကြားပါသည်။



ဆရာမပြ၊ ငါးပိဖုတ်မျှ၊ နည်းမကျ-ဆိုစကားကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့အတွက် ဆရာမပြလျှင် မသိနားမလည်သော အချိုးမကျတတ်သော လွယ်မရောင်နဲ့ခက်သော၊ တိမ်မရောင်နဲ့နက်သော အရာတစ်ခုမှာ ရှိခိုးဝပ်ချခြင်းပင်ပါသည်။

ထိုသို့ဝပ်ချရာ၌ အချိုးမကျတွေ့ခဲ့လျှင်လည်း ဆရာတော်ဘုရားကြီးသည် စိတ်ရှည်စွာဖြင့် ရှိးခိုးဝပ်ချပုံကို နဖူးရယ်၊ ဒူးရယ်၊ ဒူးနှစ်ဖက်ရယ်၊ လက်နှစ်ဖက်ရယ်-ပေါင်းငါးမျိုးကို ကြမ်းပြင်နှင့်ထိအောင်ချ ပြီး ဝပ်ချရတယ်ဟု လက်တွေ့သင်ကြားပေးပါသည်။

## ပဋိပတ်မကင်းသော ပရိယတ်

ဆရာတော်ဘုရားကြီးသည် ပရိယတ္တိစာသင်တိုက်ဟု တည်ထောင်ခဲ့သော်လည်း ပဋိပတ်အကျင့်နှင့် ကင်းဝေးမနေခဲ့ပါ။ မောင်ရင် မောင်ပဇင်းတို့ သင်္ကန်း ကိုအဝန်းညီစွာဝတ်ရုံရတယ်။ သင်းပိုင်ကို ခြေသလုံး ကြွက်သား ဖုံးမိအောင် ဝတ်ရတယ်။ ဧကသီကိုတော့ သင်းပိုင်အထက်လက်လေးသစ် လောက်ထားပြီး ရုံရတယ်။ ဧကသီကို ပခုံးပေါ်နေအောင်လည်း မရုံရဘူး။ တစ်တောင်ဆစ်ကို ဖုံးမိအောင် ရုံရတယ်၊ ရေချိုးသွားရာမှာဖြစ်စေ၊ ဝေယျာဝစ္စ ဝတ်နိဗဒ်တွေ ပြုလုပ်ရာမှာဖြစ်စေ၊ ဧကသီမပါသင်္ကန်း ကိုယ်ချွတ် ကြီးနဲ့မသွားရ၊ မနေရဘူး။ တိတ္ထိတက္က ဒွန်းများနှင့် တူနေလို့ပဲ။ အနည်းဆုံးသင်းပိုင်လောက်တော့ရုံ ထားမယ်။

သွားရင်းလာရင်း ဆရာသမားများနှင့် တွေ့တဲ့အခါ ဆရာသမားရှေ့မှာ ဖိနပ်စီးမလာရဘူး။ ဆယ်တောင်လောက်က ဖိနပ်ချွတ်လာရတယ်။ ဒီလိုပြောရတာကလဲ အလေးဂရုပြုခံချင်လို့မဟုတ်ဘူး၊ ဆရာသမားကိုရိုသေတတ်၊ လေးစားတတ်အောင် ပြောရတာပဲ။ မောင်ရင် မောင်ပဇင်းတို့ ဆွမ်းဘုဉ်းပေးတဲ့အခါ တိုးတိုး တိတ်တိတ် ဣန္ဒြေရရ ငြိမ်ငြိမ်သက်သက် ဘုဉ်းပေးရတယ်။ ဆွမ်းစားရင်း စကားမပြောရဘူး၊ ဖွန်းသံ၊ ပန်းကန်သံ မမြည် စေရဘူး၊ ပါးစပ်က တပြွတ်ပြွတ်မမြည်ရဘူး၊ ဟင်းခွက်တွေကို လက်နှင့် မနှိုက်ရဘူး၊ လက်ကိုလည်း လျာနဲ့မလျက်ရဘူး၊ ဟင်းရည်သောက်ရင်လည်း ရှူးရှူးရှဲရှဲ အသံမမြည်ရဘူး၊ ဆွမ်းလုပ်ကို သပ်သပ် ရပ်ရပ်ပြင်ပြီးမှ ဘုဉ်း ပေးရတယ်။ (ဒို့ကတော့ဗျာ နံနက်ဆွမ်းကို ငါးလုပ်နဲ့ နေ့ဆွမ်းကို ဆယ်လုပ်ပဲ ဘုဉ်းပေးတာပဲ) တချို့က မိမိနေ့စဉ်စားသုံးနေတဲ့ သပိတ်ကို ပေါ့ပေါ့ လျှော့လျှော့ မလေးမစား အိုးနခမ်း ကဆွဲကိုင်ပြီး လာတတ်တယ်၊ အိုးတိုလက်စွဲ ဘုန်းစား နဲ့သို့ဆိုတာလို သူဖုန်းစားများ ကိုင်သလို မကိုင်ရဘူး၊ မိမိသပိတ်ကို ရိုရိုသေသေပွေ့ ပိုက်ပြီး ကိုင်ရတယ်။

မောင်ရင် မောင်ပဇင်းတို့ ဆိုင်ရာဧည့်သည်များလာလို့-စောင်၊ ခြင်ထောင်၊ ခေါင်းအုံးများယူပေးတဲ့ အခါ မိမိ(ရဟန်း သာမဏေ)၏ အမိ အဖ နှစ်ဦး အတွက်သာကိုယ်တိုင် ယူပေးကောင်းတယ်၊ လုပ်ပေး ကောင်းတယ်။ အခြားညီ အစ်ကိုမောင်နှမ ဆွေမျိုးများ အတွက် ယူမပေးကောင်းဘူး၊ ကျောင်းသားများကို ခေါ်ပြီး ခိုင်းရတယ်၊ ရဟန်း-သာမဏေဆိုတာ လူတို့ရဲ့ အခိုင်းအစေအနေနဲ့ မလုပ်ကောင်းဘူး။

ဒကာ ဒကာမတွေနဲ့ စကားပြောတဲ့အခါ မောင်ရင် မောင်ပဇင်းများ အနေနဲ့ ကျွန်တော် ကျွန်တော်နဲ့ မပြောရဘူး၊ ကျွန်တော်ဆိုတဲ့စကားကိုက အခိုင်းအစေသံပါနေလို့ပဲ၊ ဒါကြောင့် ဆရာတော်က, ဦးပဇင်း က, ကိုရင်ကလို့ပြောရတယ်။

မိမိတို့ သီတင်းသုံးဖော် အချင်းချင်းစကားပြောကြရာမှာလဲ-တစ်ချို့က "ဟေ့ကောင်"လို့ခေါ်တတ်ကြတယ်၊ အဲဒီအကောင်ဆိုတဲ့စကားကိုလဲ မောင်ရင် မောင်ပဇင်းများ မသုံးကောင်းဘူး၊ အကောင်ဆိုတာ တိရစ္ဆာန်တွေကို ရေတွက်ရာမှာ တစ်ကောင်၊ နှစ်ကောင်စသည်ဖြင့် ရေတွက်တဲ့ အသုံးအနှုန်းဖြစ်လို့ မယဉ်ကျေးဘူး၊ ရိုင်းစိုင်းတဲ့ ကျေးတောသားစကားဖြစ်နေလို့ပဲ၊ ဒီတော့အချင်းချင်း

တစ်ပါးနှင့်တစ်ပါး ခေါ်ပြောတဲ့အခါ ကိုရင်ဩဒါတ၊ ဦးဩ ဘာသလို့ရှေ့က ကိုရင်တို့ ဦးတို့ ထည့်ပြီးခေါ်ရတယ်၊ အရှင်ဘုရား တပည့်တော်နဲ့လဲပြောရတယ်- စသည်ဖြင့် ဝတ်ရာ၊ ရုံရာ၊ သွားရာ၊ လာရာ၊ စားရာ၊ သောက်ရာ၊ နေရာ၊ ထိုင်ရာ၊ ပြောရာ၊ ဆိုရာတို့၌ ပြုကျင့်လိုက်နာ ရမည့် ဝတ္တရားများကို သင်ကြား ညွှန်ကြားပေးပါသည်။

## ဝိနည်းထုံး

ဆရာတော်ဘုရားကြီးသည် ညဥ့် နံနက် ဘုရားဝတ်တက်ကို မပျက်မကွက် အတိအကျလိုက် နာကျင့်သုံးခဲ့သော်လည်း ဝတ်တက်ချိန်နာရီကိုတော့ မူသေသတ်မှတ်မထားပါဘူး။ မြတ်ဗုဒ္ဓ၏ဝိနည်းကမ်း တော်နှင့် အညီအရုဏ်တက်၊ နေထွက်နေဝင်ချိန် များနှင့်ညှိ၍ ရာသီဥတုပြောင်းလဲမှုအလိုက် နွေရာသီ နေ့တာရှည်ပြီး ညတာတိုချိန်၊ ဆောင်းရာသီနေ့ တာတိုပြီး ညတာရှည်ချိန်တို့ကိုကြည့်ပြီး ညဥ့်အချိန်ကို ငါးနာခွဲမှခုနှစ်နာရီအတွင်း နံနက်ကိုသုံးနာရီ ခွဲမှ လေးနာရီခွဲအတွင်းတုံးခေါက်ချိန်ကို အတိုးလျှော့ပြု လုပ်ပေးပါသည်။

လောကလူသားတို့ အများနားလည်နေ ကြသည်မှာ နံနက်စောစောတုံးခေါက်ပါက လေးနာရီ တုံးခေါက်ပြီဟု နားလည်နေကြပါသည်။ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၏ နံနက်စောစောတုံးမှာမူ အချိန် ရာသီမရွေး လေးနာရီထိုးလျှင် ခေါက်ရသောတုံးမျိုး မဟုတ်ဘဲ မြတ်ဗုဒ္ဓ၏ဝိနည်းစည်းကမ်းတော်များနှင့် အညီ နံနက်မိုးသောက် အရုဏ်သို့ မရောက်မီ တစ်နာရီ ကြိုတင်၍ အိပ်ရာမှ ထရပြီး ဘုရားဝတ် တက်ခြင်းစသည် လုပ်ငန်းခွင်သို့ဝင်ကြရန် ခေါက် သောတုံးဖြစ်ပါသည်။ ထိုသို့တုံးခေါက်ရာ၌လည်း "မောင်ရင်တို့ မောင်ပဇင်းတို့ တုံးခေါက်တော့မည်ဆို လျှင် အချက်ကလေး အသိကလေးပေးရတယ်။ အချက်မပေး အသိမပေးပဲ ဗြုန်းကနဲခေါက်လိုက်ပါက အမူမဲ့ အမှတ်မဲ့ကြားရသူတို့ အထိတ်တလန့်ဖြစ်သွား တတ်တယ်။ ဒါကြောင့် ပထမတုံးကို အသံသေးသေး လေးနဲ့၊ ဒုတိယတုံးကိုတော့ သူ့ထက်အသံလေး ပိုပြီးကျယ်ပေး၊ တတိယ တုံးကိုတော့ သူတို့ထက်ပိုလို့ ကျယ်ကျယ်လေးခေါက် ပေးပြီးမှ သတ်မှတ်ထားသည့် အတိုင်းသံဃာတော်များ ကြားလောက်အောင် (၅)ချက်တို့ (၆)ချက်တို့ ခေါက်ရတယ်။ အဲဒီလို အသိပေးရာမှာလဲ "တုံ၊ တုံ၊ တုံ"လို့ သုံးချက်လောက်ဆို တော်ပါပြီ"ဟု တုံးခေါက် သည်ကိုပင် စည်းစနစ်တကျ အဓိပ္ပါယ်ရှိရှိ နားလည်ကြဘို့ရာ ညွှန်ကြားသင်ပြပေး တော်မူပါသည်။

## ဘုရားဝတ်တက်

" ညဥ့်ရော နံနက်၊ ရက်မပျက်၊ ဝတ်တက် အမှန် လိုက်ရပါသည်ဘုရား" ရွှေကျင်ဂိုဏ်းသား မှန်သမျှ ကျောင်းသားများပင် မကျန်ရအောင် လိုက်နာကျင့်သုံးရသော စည်းကမ်းဥပဒေသကို ဆရာတော်ကြီးသည် အသက်တမျှအလေးဂရုပြု လိုက်နာကျင့်သုံးတော်မူပြီး မိမိ၏တပည့်များ ကိုလည်း. . . . "မောင်ရင်တို့ မောင်ပဇင်းတို့ နေ့စဉ် ဘုရားဝတ်တက်မှုကို မပျင်းရဘူး၊ ဘုန်းကြီးချင်ရင် ဘုရားများများရှိခိုးရတယ်၊ ဘုန်းကြီးလေ ဘုရား များများရှိခိုးရလေလုပ်ရတယ်။ ဒါမှ မိမိရဲ့ ဘုန်းဒဏ်



ကို ခံနိုင်တယ်၊ သို့မဟုတ်ပါက ဘုန်းဒဏ် မခံနိုင်ပဲ ဘုန်းကြီးလို့သက်မရှေ(ရှည်) ဆိုတာမျိုးဖြစ်တတ်တယ်။ ဒါ့ကြောင့်-မပျင်းကြပါနဲ့၊ ပ-စောက်နဲ့ ဖ-ဦးထုပ်ဟာ အနီးကလေးရယ်၊ အဲ. . . ပျင်းရင်-ဖျင်းတော့မယ်သာမှတ်ပေတော့" ဟူသောဩဝါဒစကားတော်ဖြင့် အတိအကျ လိုက်နာကျင့်သုံးစေခဲ့ပါတယ်။

စည်းကမ်းနှင့် ဖွဲ့လုံ့လ ဝီရိယ ကြီးမားတော်မူသော ဆရာတော်ဘုရားကြီးသည် တုံးခေါက်အပြီး မကြာမီ ဦးစွာပထမ ဘုရားဝတ်တက်ရာ ဓမ္မာရုံပေါ်သို့ ကြွရောက်တော်မူပြီး သံဃာတော်များနှင့်အတူ-ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်များ-ပရိတ်ကြီး၊ ဘိက္ခုပါတိမောက်၊ ညဥ့်ရွတ်စဉ်၊ နံနက်ရွတ်စဉ်၊ (၃၂)ကောဋ္ဌာသ အသုဘ, ဘာဝနာ၊ မေတ္တာ ဘာဝနာများပွါးများ ဆုတောင်းအမျှဝေပြီး နိသေဇ်ဓုတင်ဆောက်တည်ပြီး တရားထိုင်ရပါသည်။

တရားရှုမှတ်အပြီး အရုဏ်တက်သည့်နှင့် တပြိုင်နက် နံနက်အရုဏ်ဆွမ်းခံကြွခြင်း၊ ဆွမ်းဘုဉ်းပေးခြင်း၊ သတ်မှတ်ထားသော အချိန်နာရီများအတိုင်း စာချ၊ စာသင်ပရိယတ္တိလုပ်ငန်းခွင်သို့ ဝင်ရောက်ကြရပါတော့သည်။

သို့ဝင်ရောက်ကြရာတွင်လည်း-စာချ-စာသင်ခြင်း ပရိယတ္တိတမျိုးထည်းသာ မဖြစ်စေဘဲ၊ မိမိ၏ တပည့်ကြီးငယ်တို့ ပဋိပတ္တိအနေနဲ့ ဓုတင်များဆောက်တည်တတ်စေဘို့ရာ နိသေဇ်ဓုတင်ကို နေ့တိုင်း ဆောက်တည်စေခြင်း။ ဧကသနိက်ဓုတင်ကို ဝါတွင်း (၃)လဥပုသ်နေ့တိုင်းဆောက်တည်စေခြင်း၊ တိစီဝရိတ်ဓုတင်ကိုတော့ ဝါမရသေးသောရဟန်းသစ်များ ဝါတွင်း(၃)လတိတိ ကျင့်သုံးဆောက်တည်စေခဲ့ပါသည်။

တစ်ဖန်ဆရာတော်ဘုရားကြီးသည် ဘဝသံသရာခရီးသည်တို့အတွက် မရှိမဖြစ်လိုအပ်လှပါသော ဒါနကုသိုလ်ကိုပြုလုပ်တတ်၊ မွေ့လျော်တတ်၊ ပျော်ပိုက်တတ်ပြီး ဒါနာဘိရတပုဂ္ဂိုလ်များ ဖြစ်ရလေအောင် သံဃာတစ်ပါးအား ဗုဒ္ဓုပဋ္ဌာက (ဘုရားဂေါပက) အမည်ပေးအပ်ပြီး နေ့စဉ်နေ့တိုင်း ဘုရားခန်းအား သန့်ရှင်းရေးပြုလုပ်စေခြင်း၊ ဗုဒ္ဓမြတ်စွာအား ရေချမ်းတော်,ပန်းတော်များကပ်လှူစေခြင်း၊ အခြားသံဃာတော်များအားလည်း နေ့စဉ်ဖြစ်စေ၊ သို့မဟုတ် မိမိတို့စွမ်းနိုင်သလောက် တစ်လလျှင် အကြိမ်မည်၍ မည်မျှရေချမ်းတော် ပန်းတော်များကိုကပ်လှူပါမည်ဟု အဓိဋ္ဌာန်မှု ကိုပြုစေ၍ ကပ်လှူစေခြင်းစသည်ဖြင့် ဝတ်-နိဗဒ်များကို တာဝန်ကိုယ်စီပြုလုပ် ဆောင်ရွက်စေခဲ့ပါသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် ဗာရာဏသီဆရာတော်ဘုရားကြီးသည် တပည့်သံဃာ, ဒါယကာ, ဒါယိကာမ အပေါင်းတို့အား ပရိယတ္တိစာပေ တစ်မျိုးတည်းကိုသာသင်ကြားပို့ချနေခြင်းမျိုးမဟုတ်ပါဘဲ အပြောအဆို, အသွားအလာ, အနေအထိုင်, အဝတ်အရုံ, အစားအသောက် စသောယဉ်ကျေးမှုကျင့်စဉ်များနှင့် ဝိနည်းတော်ကို ရိုသေလေးစားတတ် အောင် စည်းကမ်းကိုရိုသေလေစားတတ်အောင် ကျင့်နည်းမျိုးစုံကို တတ်သိနားလည်အောင် ညွှန်ကြား သင်ပြခဲ့သော ဆရာတော်ဘုရားကြီးဆိုတာကို မြင်တွေ့ကြရမှာဖြစ်ပါသည်။

သို့ဆိုလျှင်. . .

သီဟမည်ခေါ်၊ ခြသေ့်သော်လည်း၊ အိပ်ပျော်လျှက်သာ၊ နေတုံပါမူ၊ ဘယ်မှာစားဘွယ်၊ ခံတွင်းလယ်သို့၊ သားငယ်သမင်၊ လာ၍ဝင်အံ့. . . . . ဆိုစကားအတိုင်း ကြီးပွါးချမ်းသာလိုသူ၊ တိုးတက်အောင်မြင်လိုသူ၊ နောက်ဆုံးနိဗ္ဗာန်ချမ်းသာဆိုတဲ့ ပန်းတိုင်ထိအောင် ရောက်လိုကြသူ ရဟန်း,ရှင်,လူ အပေါင်းတို့၏ ပန်းတိုင်၏နောက်ကွယ်မှာ မူကား. . . . . . .

**ဘဒ္ဒန္တဝဇိရပါဏိ**
အတ္ထရံမဟာစည်ရိပ်သာ
ကျိုက်မရောမြို့၊ မွန်ပြည်နယ်။



# အာသီသ


ဓမ္မရသ(ပီ–ဗာစာချ)

ဗာရာဏသီတိုက်ကြီးကို လက်မွန်မစွ တည်ထောင်တော်မူသော အာဒိမာပကဗာရာဏသီတိုက်တည် ကျေးဇူးရှင် ဗာရာဏသီဆရာတော်ကြီးသည် လောကဥ္စ မိဘ၏အာဏာသည် သားကောင်း သမီးကောင်းတို့၏ အပေါ်၌သာ တည်ရှိသကဲ့သို့ ထို့အတူ ဗာရာဏသီဆရာတော်ကြီး၏ လက်ထက်တော်မှစ၍ ယခုအချိန်ကျအောင် သားကောင်းရတနာဝင်တို့ တိမ်းစောင်းသွေဖီခြင်းမရှိဘဲ လိုက်နာကြစေရန် စည်းကမ်းထုတ်ကာ အုပ်ချုပ်ခဲ့သဖြင့် ယခုရွှေရတုတိုင်လစ် နှစ်(၅၀)ကျော်ရှိသွားပါပြီ။

နောက်နောက်ညီတော်အပေါင်းလည်း တစ်ကြောင်းတည်း လိုက်နာရစ်စေလိုသဖြင့် "ဝိနည်းပိဋက အရပ်ရပ်၌ ပညတ်ထုတ်ဖော် သိက္ခာပုဒ်သီလတော်ကို မကျိုးပေါက်စေရန် ဩဝါဒပေးခါ ပညတ်ထုတ်ဖော် ဩဝါဒတော်မှ မိန့်တော်မူချက်များကို ဦးထိပ်ရွက်၍ မပျက်စီးစေဘဲ စောင့်စည်းခြင်း ဉာန်ယှဉ်လျက် သွားကြလျက် ဗာရာဏသီတိုက်ကြီးသည်လည်း ရွှေရတုစ၍ စိန်ရတုခေါ် နှစ်(၇၅)၊ ပတ္တမြားရတုခေါ် နှစ်ပေါင်း (၇၀)၊ ထိုမှဆက်လက်ချီတက်ပြီး ရာပြည့်ပူဇော်ပွဲတွေ ဥပမာ-မန်းရာပြည့်၊ ဝိသုဒ္ဓါရုံရာပြည့်၊ မဟာဝိသုတာရာမ ပခုက္ကူရာပြည့်၊ ညောင်တုံးရွှေဟင်္သာတောရ ရာပြည့်၊ ရွှေကျင်တိုက်မ ရာပြည့်၊ အင်ကျင်းခက်ကြိုင်း ရွှေကျင်ဂိုဏ်း-ဟု (၁၂၂၂-၁၃၂၂)လွန်လေပြီးသော ရာပြည့်၊ အုတ်ကျစ်ကျော်အေး မန္တလေး-ဟု (၁၂၂၀-၁၃၂၀) လွန်လေပြီး သောရာပြည့် စသည် အလီလီသော ရာပြည့်စာရင်း ဝင်ပြီးသကာလ ရာပြည့်မှသည် ရာထက်ဝက်(၁၂၂၂-၁၃၇၂) ရွှေကျင်ဂိုဏ်း (၁၅၀)ပြည့်များသို့ တာဆူနေပြန်၍ ဥတုသုံးလီ နာရီစက်ဝန်းတို့ မရပ်မနားရွေ့လျှား၍ ရက်လနှစ်တို့ ပတ်ပတ်ရစ်ကာ သူ့အချိန်ကျလျှင် သူ့ရတု၌ဘောင်ဝင်ပြီးပူဇော်ပွဲများ မရပ်မနား ဆက်ခါဆက်ခါ သွားကြဖို့ အောက်ပါဂါထာကို မပြတ်ရွတ်ဖတ်သရဇ္ဈာယ် ပွားများကြပါစို့ဟု ဆန္ဒပြုလိုက်ရပါတော့သတည်း။

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ၊**
**ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ၊**

* * *



# “ငါးမျက်နှာစေတီသမိုင်း” အကျဉ်း

ဦးကျော်ဒင်ဟန် (ရွှေဘုန်းပွင့်)

ငါးမျက်နှာစေတီတော်မြတ်သည် ပြည်မြို့၊ နဝင်းရပ်ကွက်ရှိ ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက် အတွင်းတည်ရှိသည့် သရေခေတ္တရာခေတ်သမိုင်းဝင် စေတီတော်တစ်ဆူဖြစ်ပါသည်။ သရေခေတ္တရာသမိုင်းဝင်ဖြစ်သည့်နှင့်အညီ သရေခေတ္တရာမြို့တည်သမိုင်း ကို တစ်ခန်းဖွင့်ဆိုရပါပေမည်။

**“ဗျာဒိတ်တော်နှင့်အညီ ဒွတ္တပေါင်မင်း သရေခေတ္တရာပြည် တည်ထောင်ခြင်း”**

ဖိုးဦးတောင်ဖျား၌ ထားတော်မူခဲ့သော ဗုဒ္ဓဘုရားရှင်၏ဗျာဒိတ်တော်တွင် “ဤပွေးငယ်သည် မျက်စိသုံးခု၊ အတုမဲ့ခေါင် ဒွတ္တပေါင်” ဟူသော အမည်ကိုခံယူ၍ မင်းပြုလတ္တံ့၊ “ထိုမင်းလက်ထက်ငါ၏သာသနာတော်သည် ထင်ရှားဖြစ်လတ္တံ့” ဟူ၍ ဘုရားရှင် ဗျာဒိတ်ထားတော်မူသည်နှင့်အညီ၊ သာသနာတော်နှစ် (၁၀၁) ခုနှစ်၊

တန်ခူးလဆန်း(၁) ရက်၊ တနင်္ဂနွေနေ့၊ ဘီစီ (၄၄၃) ခုနှစ်တွင် မဟာသမ္မတ၊ စူဠသမ္မတနှင့် ပေဒါရီတို့မှ မွေးဖွားသော "ဒွတ္တပေါင်"သည် သရေခေတ္တရာပြည်ကြီးကို တည်ထောင်တော်မူသည်။

ထိုသို့ မြို့တည်ရာတွင် ဂဝံပတေ့၊ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသုရာ ဤသူမြတ်ခုနှစ်ယောက်သည် ဗုဒ္ဓဘုရားရှင် ဗျာဒိတ်တော်ရှိသည်နှင့်အညီ မြို့တည်အံ့သောအကြောင်းကို စုရုံးတိုင်ပင်ညီညွှတ်ကြ၍ သာယာညီညွတ်လှစွာသော မြေအပြင်ဝယ် သိကြားမင်းသည်စက်တိုင်၌ ရပ်နေပြီးလျှင် နဂါးကိုစက်ကြိုးပြု၍ လှည့်လည်တော်မူ၏။ ဤသို့ နဂါးစက်ကြိုးဖြင့် ရစ်လည်သောအရပ်၌ အချင်းအားဖြင့်တစ်ယူဇနာ၊ အဝန်းအာဖြင့် သုံးယူဇနာရှိသော တံခါးကြီးတံခါးငယ်သုံးဆယ့်နှစ်တံခါး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုး စသော မြို့၏အင်္ဂါခုနှစ်ပါးနှင့်ထူးဆန်းတင့်တယ် လှပစွာသော သိကြားနေရာသုဒဿနမြို့ကဲ့သို့ မြတ်သောအသရေကိုဆောင်သော သရေခေတ္တရာရွှေမြို့တော်ကိုတည်၏။ (သရေခေတ္တရာပြည်ကြီး ထူထောင်စဉ်က သိကြားမင်းစက်ကြိုးကိုင်ရပ်သည့် နေရာတွင် "စက်တိုင်ဘုရား" ဟုတည်ထားခဲ့သည်။ မှော်ဇာ ကျောက်ကာ သိမ်ကုန်းကျောင်းတိုက် အနီးတွင် ယနေ့တိုင် ဖူးတွေ့နိုင်ပေသည်။)

မင်းကြီးနှင့်ထိုက်သော ဂိမှာနဥတု၊ ဝဿာနဥတု၊ ဟေမန္တဥတု သုံးပါး၌ မွေ့လျော်ပျော်ပါးစေခြင်းငှါ ဘုံခုနှစ်ဆင့်ရှိသော ပြာသဒ်၊ ဘုံကိုးဆင့်ရှိသော ပြာသဒ်၊ ဘုံဆယ့်တစ်ဆင့်ရှိသောပြာသဒ် ဤသို့သောပြာသဒ်နန်းသုံးဆောင်တို့ကိုလည်း နတ်တို့ပြုလုပ် သည့်မြို့နှင့်တကွ ခုနှစ်ရက်အတွင်းတွင်ပြီး၏။ ထိုသို့မြို့၏ ကိရိယာ၊ နန်းမှုကိရိယာ အပြည့်အစုံပြီးလျှင် ဒွတ္တပေါင် မင်းကြီးအား သိကြားမင်းသည် လက်တော်ကိုမလျက် ရွှေနန်းတင်တော်မူ၏။ ရာဇာဘိသေကခံတော်မူ၏။ထိုမင်း၏မိဖုရားကား ပျူမိဖုရား၏ သမီးတော် စန္ဒာဒေဝီကိုတောင်နန်းစံထား၏။ ပျူမိဖုရား၏ မောင်တော် ကန္ဒဒေဝအမည်ရှိသော ပျူမင်းသား၏ သမီးတော် ဥမ္မာဒေဝီ မြောက်နန်းထား၏။ ရောပတ္တ နဂါးမင်း၏ သမီးတော်ဘေစန္ဒီကို အနောက်နန်းထားတော်မူလေသည်။

သိကြားမင်းလည်း သီလဝံသခါးအစရှိသော မင်းမြောက်တန်ဆာငါးပါးတို့ကိုလည်းကောင်း၊ ဧကရာဇ်မင်းတို့နှင့်ထိုက်တန်သော မင်းဆောင်မင်းယောင် မင်းခမ်းမင်းနားတို့ကိုလည်းကောင်း၊ ရန်သူအပေါင်းတို့ကို နှိမ်နင်းစေခြင်းငှါ အရိန္ဒမာ လှံအစရှိသော ခေါင်းလောင်းစည်ကြီးတို့ကိုလည်း ကောင်း၊ မင်းကြီးအတွက်သုံးဆောင်ရန် အရပ်အားဖြင့် တစ်ဆယ့်ငါးတောင်၊ အလျားအားဖြင့်အတောင်နှစ်ဆယ်ရှိသော နာဠာဂီရိဆင်နှင့်တကွ ဝလာဟာက မြင်းတို့ကိုလည်းကောင်း၊ မင်းကြီး၌ မပြတ်စောင့်ရှောက်စေခြင်းငှါ နတ်သူရဲ တစ်ကျိပ် ခုနှစ်ယောက်တို့ကိုလည်းကောင်း၊ သံတမန်စေခြင်း၌ လိမ္မာသော ဘုန်းပညာရှစ်ပါး နှင့်ပြည့်စုံသော အမတ်ငနီပါး၊ ငရဲကျား၊ ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့ကို လည်းကောင်း၊ အတွင်းပင်လယ်အပြင်ပင်လယ်တို့ကို လည်းကောင်း၊ ဒွတ္တပေါင်မင်းကြီးအား သိကြားမင်း ဆောင်နှင်းပေး၏။ (မှန်နန်းရာဇဝင်တော်ကြီးနှင့် ဦးကုလားမဟာရာဇဝင် တော်ကြီးတို့တွင် ဒွတ္တပေါင် မင်းကြီးနှင့်ပတ်သက်၍ ဤသို့ဖော်ပြထားခြင်းဖြစ်ပေသည်။)

## "ဒွတ္တပေါင်မင်းကြီး၏ဘဝနိဂုံး"

အခါတပါး၌ ဒွတ္တပေါင်မင်းကြီးသည် မိမိ၏အမိန့်ဖြင့် ရှေ့တော်မှောက်သို့ ရောက်ရှိလာကြကုန်သောပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့အား "ဟယ်အမတ်တို့ ငါ၏နိုင်ငံဖြစ်သော ဇမ္ဗူဒီပါကျွန်း၌ရှိသောမင်းတို့သည် ဆက်မြဲဖြစ်ကုန်သော အခွန်ဘဏ္ဍာကိုမဆက်ကြလေ။ ထို့ကြောင့် သင်တို့သည် သွားရောက်တောင်းခံကြချေ" ဟုမိန့်တော်မူ၏။

ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့သည် နောက်လိုက်နောက်ပါ အလုံးအရင်းနှင့် ခုနှစ်နှစ်ပတ်လုံး အခွန်တောင်း၍ ဆက်တော်မူ၏။ ကာလရှည်လတ်သော် မင်းကြီးသည် ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့ကို ယုံကြည်တော်မမူ၍ ဥပါယ်တံမျဉ်ဖြင့် ကွက်မျက်တော်မူ၏။ ထိုသို့ ကွက်မျက်တော်မူပြီးနောက် အခွန်ကောက်ခံမည်သူ

မရှိဖြစ်၍ မင်းကြီးကိုယ်တိုင် အခွန်ကောက်ခံတော်မူလေသော် ပန်ထွာပြည်သို့ ရောက်တော်မူလေ၏။

ထိုအခါပန်ထွာမိဖုရားသည် မကောင်းသောသဘောထားဖြင့် မသန့်သောအဝတ်ကို သန့်ရှင်းနူးညံ့စွာပြုလုပ်ပြီးလျှင် ဒွတ္တပေါင်မင်းကြီး ဆက်လေ၏။ မင်းကြီးသည် ဆင်ခြင်တော်မမူဘဲ မျက်နှာသုတ်မိလေသော်၊ နတ်မျက်စိမှဲ့ရှင်သည် လျှင်မြန်စွာ ကွယ်လေ၏။ မင်းကြီးသည် စိတ်မချမ်းသာရှိစွာဖြင့် နေပြည် တော်ပြန်ခဲ့၏။ နေပြည်တော်သို့ရောက်သော် အကျိုးဆောင်နတ်စစ်သည်တို့သည် နတ်ပြည်သို့ ပြန်သွားကြလေ၏။ နာဋ္ဌာဂီရိဆင်ပျံ၊ ဂီရိမေခလာဆင်ပျံတို့သည်ဆဒ္ဒန်အိုင်သို့ပြန်သွားကြလေ၏။ မြင်းပျံလေးစီးတို့သည် ဟိမဝန္တာသို့ပြန်သွားကြလေ၏။ ဘေစန္ဒီမိဖုရားလည်း ခုနှစ်ရာသောနဂါးမတို့နှင့်တကွ နဂါးပြည်သို့ ပြန်သွားလေ၏။

တစ်နေ့သောအခါ ဒွတ္တပေါင်မင်းကြီးသည် "နာဂရူပ"ဖေါင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာတွင် မင်းကြီးသည်ထွေးခံ၌ ထွေးမြဲဖြစ်သောတံထွေးကို ထွေးတော်မမူဘဲ မဟာသမုဒ္ဒရာ၌ထွေးတော်မူမိလေ၏။ ထိုအခါ၌ ကုသိုလ်ကံသည် ကုန်ခြင်းသို့ ရောက်တော်မူသည်ဖြစ်၍ နဂါးတို့သည် ဒေါသအမျက် ခြောင်းခြောင်းထွက်ကာ နဂါးကြောလှေနှင့်တကွ နဂါးပြည်သို့ ယူဆောင်လေသည်။ (ဤကဲ့သို့မှန်နန်း ရာဇဝင်တော်ကြီးတွင် ဖေါ်ပြထားသည်။) (ဦးဘသန်း၏ မြန်မာရာဇဝင်၌ မော်တင်စွန်း အနီးတွင် သင်္ဘောနစ်၍ အနိစ္စရောက်သည်ဟုဆိုသည်) (စေတီယကထာရာဇဝင်၌ စည်းစိမ်ခုနှစ်ဆယ်တွင် ရေသဘင်ကစားရာ လေကျလာပြီး ဖောင်တော်နှင့်အတူ နစ်မြုပ်၍ အလောင်းမရဟုဆို၏။)

### " ဒွတ္တပေါင်မင်း နောက်ထူးခြားချက်ရှိသောမင်း"

သရေခေတ္တရာပြည်ကြီး၌ သာသနာတော်နှစ် (၁၀၁)နှစ်တွင် စတင်စိုးစံခဲ့သည့် ဒွတ္တပေါင်မင်းကြီးသည် အိမ်နိမ့်(၃၅)နှစ်၊ နန်းစည်းစိမ် (၇၀) နန်းစံလွန်ပြီးနောက်၊ ၎င်း၏အနွယ်တော်ဖွားဆက်ခံစိုးစံခဲ့ကြရာ၊ သာသနာတော်နှစ်(၄၂၄)တွင် သီရိရာဇ်မင်း နန်းတက်၏။ ထိုမင်းလက်ထက်တွင် သားတော်အဆက်အခံမရှိသဖြင့်၊ တစ်ပါးသောအမျိုးသားကို သမီးတော်နှင့်ထိမ်းမြား၍ အိမ်ရှေ့အရာထား၏။ ထိုမင်းလက်ထက်တွင် သက္ကရာဇ်ဖြို၏။ မပြိုချေ။

သာသနာတော်နှစ် (၄၃၃)တွင် သီရိရာဇ်မင်းနတ်ရွာစံတော်မူသဖြင့် သမက်တော်နန်းတက်သည်၊ တစ်ပါးသောအမျိုးသားက မင်းဖြစ်သောကြောင့် နောင်တွင်"တေပါးမင်း"ဟုတွင်၏။"တေပါးမင်းအကြောင်း" (၄၃၃-၄၈၄)

သာသနာတော်နှစ်(၄၃၃)ခုနှစ်ရောက်သောအခါ တေပါးမင်းဖြစ်တော်မူ၏။ တေပါးမင်းအကြောင်းကား ဤသို့တည်း၊ ထိုပြည်တွင်နေသူတစ်ယောက်သည် မိမိသားကို ဆရာရဟန်းထံအပ်၍ ငယ်ကသာမဏေပြုစေ၏။ ဆရာလည်းသနားတော်မူသည်ဖြစ်၍ ပိဋကတ်၊ ဗေဒင်တို့ကိုလည်းတတ်အောင်သင်ပေး၏။ ထိုသာမဏေလည်းဆရာအားသိမ်မွေ့စွာလုပ်ကျွေးမွေးမြူ၏။ တစ်ရံရောအခါ ဆရာမွေးသောကြက်ဖသည် အခါခပ်သိမ်းတွန်တွန်သမျှ "ငါးဦးခေါင်းစားတေပါးမင်းဖြစ်လတ္တံ့" ဟူ၍သာ တွန်စမှတ်ပြု၏။ ဆရာသည် သင်းတိရစ္ဆာန်ဖြစ်လျက် ဤသို့အခြင်းအရာတို့ကိုတွန်သည်ဟူ၍ နှလုံးထားပြီးသော်၊ ရှင်သူငယ်ကိုခေါ်၍ ဤသို့ဆို၏။ "မောင်ရှင်ငယ်---- ဤကြက်ဖသည် အထူးထူးအပြားပြားသော အခြင်းအရာတို့ကို တွန်သည်ဖြစ်သောကြောင့် ဤကြက်ဖကို ပံ့သကူပြု၍ ငါ့ကိုကပ်ဘိလော့" ဟုမိန့် တော်မူ၏။ မောင်ရှင်ငယ်သည် ဆရာဆိုတိုင်း ပံ့သကူပြု၍ချက်ပြုတ်လေ၏။ ထိုသို့ချက်ပြုတ်ပြီးသောအခါ ကြက်ကိုအိုးမှဆယ်သောအခါတွင် ကြက်ဦးခေါင်းပြုတ်၍စဖို၌ကျလေ၏။ ရှင်သူငယ်လည်း မသန့်ပြီဟူ၍ ကြက်ဦးခေါင်းကို ဆေးကြော၍ စားလေ၏။ ဆရာလည်း ကြက်ဦးခေါင်းမပါ၍ မေးလတ်သော် "ဆယ်ရာတွင်ကျ၍ မသန့်သောကြောင့် မထည့်ဘဲ ကျွန်ုပ်စားပေသည်" ဟုဆိုလျှင် ဆရာလည်းယင်းတိရစ္ဆာန်တွန်သည်မှန်၊ မမှန်ကို သည်တွင်သိရတော့မည်ဟူ၍ မောင်ရှင်ငယ်ကို အထူးထူးသော ဓမ္မဝတ်၊ လောကဝတ်၊ ရာဇဝတ်တို့ကို သွန်သင်ပြီးမှ သူပြုစေ၍၊ အမတ်စစ်သူကြီးထံ အပ်၏။ အမတ် စစ်သူကြီးလည်း ထိုသူငယ်ကို သားပြုလေ၏။ ထိုသူငယ်သည် အရောင်အဆင်း ဘုန်းပညာလက္ခဏာကြီးငယ်နှင့်

ပြည့်စုံသောသူဖြစ်၍ ထိုသူနှင့် ထိုက်တန်သော တန်ဆာတို့ကို ဆင်လေ၏။ သွားလေရာရာခေါ်၍ မပြတ်သွား လေ၏။

တစ်ရံရောအခါ မင်း၏နန်းတော်သို့ ခေါ်၍ သွားလေ၏။ မင်းကြီးလည်းထိုသူငယ် အမူအကျင့် ကျစ်လျစ်၍မင်းခွင်စိုးရာနှင့် ပြည့်စုံသည်ကို မြင်တော်မူလေသော်၊ အလွန်နှစ်သက်သည်ဖြစ်၍ သားတော်မရှိသည်နှင့် အမတ်ကိုတောင်း၍သားတော်ပြုလေ၏။ ထိုအမတ်ကြီးကိုလည်း အထိန်းအချီအဖြစ်မစလေ၏။ ထိုသူငယ်လည်း မင်းတကာတို့ကျင့်စရာသော တရားတို့ကိုလည်းကောင်း၊ ပြည်ထဲအရေး၌ ကွပ်ညှပ်စီရင်သော အမှုကိုလည်းကောင်း၊ အလွန်ပင်တတ်လိမ္မာစွာ၏။ ခမည်းတော်မင်းကြီး အလွန်ခယရိုသေစွာ လုပ်ကျွေးမွေးမြူ၏။ တရား၌လည်း စိစစ်မွေးမြူခြင်းနှင့်လည်း ပြည့်စုံ၏။ မင်းစသောအမတ်ဗိုလ်ပါ ပြည်သူရဟန်းတို့ကိုလည်း လွန်စွာချစ်နှစ်လိုကုန်၏။ မင်းကြီးသည်ထိုသူအား နန်းလျာထား၏။

## "တေပါးမင်း ဖြစ်တော်မူခြင်း"

အိမ်ရှေ့ပေး၍ အသက်တစ်ဆယ့်ငါးနှစ်ရှိသောအခါ၊ ခမည်းတော်လွန်၍ ခမည်းတော်အရာ မင်းဖြစ်လေ၏ထိုမင်းကား ရတနာသုံးပါး၌ ရိုသေ၏။ ပညာရှိရဟန်းပုဏ္ဏားတို့နှင့်ပေါင်းဖက်၍ ပဥ္စသီ၊ အဋ္ဌသီ၊ ဒသသီ သီတင်းကိုလည်းမပြတ်ဆောက်တည်တော်မူ၏။ မင်း၏တရားဆယ်ပါး၊ မင်း၏ သင်္ဂြိုဟ်ခြင်းတရားလေးပါးနှင့်ပြည့်စုံတော်မူ၏။ ပြည်သူလူတကာတို့ကိုလည်း ဝမ်းထွက်သားကဲ့သို့ သနားကြင်နာလေးမြတ်တော်မူ၏။ ရဟန္တာမြတ်ငါးရာတို့ကိုလည်းဆရာပြု၏။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ဟိရီ၊ ဩတ္တပ္ပ၊ ပညာ-တည်းဟူသော သူတော်ကောင်းတို့၏ တရားခုနှစ်ပါးနှင့် လည်းပြည့်စုံတော်မူ၏။

ထိုမင်းလက်ထက်တွင် "ရတနာမိုး" ခုနှစ်ကြိမ်ရွာ၏။ ဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူမည့် ဘုရားရှင်ငါးဆူတို့ကို ရည်မှန်းကာ မုခ်ငါးမုခ်ပါစေတီ (ငါးမျက်နှာစေတီ) နှင့်တကွစေတီ (တစ်ဆယ့်နှစ်ဆူ)ကိုလည်း သိကြားမင်းကြပ်မတ်၍တည်တော်မူ၏။ ထိုသို့စေတီတော်များတည်ခြင်းကို သာသနာတော်နှစ်(၄၄၈) ခုနှစ်တွင် ဆောင်ရွက်တော်မူသည်။ စေတီတော်များ တည်ပြီး၍ အနေကဇာတင်ပြီး ကောင်မှုကုသိုလ်တို့ကို သာဓုခေါ်သောအခါ "မြေကြီးလှုပ်၏" ဒွတ္တပေါင်မင်းရိုးမဟုတ်၊ ထိုမင်းကား တစ်ပါးကမင်းဖြစ်သောကြောင့် တေပါးမင်းဟူ၍ နောက်မှတွင်၏။ တေပါးမင်းနန်းတက်၍နန်းသက် (တစ်ဆယ့်ခုနှစ်) ရှိသောအခါ သိန်းယိုကျွန်းကိုမင်းပြုသော ဝဋ္ဋဂါမဏီမင်းလက်ထက် သာသနာတော်နှစ်(လေးရာငါးဆယ်)တွင်ရဟန္တာမြတ်ငါးရာတို့သည် ဘုရားရှင်မုက္ခပါဌ်တော် ပိဋကတ်သုံးပုံကို အရှည်နုတ်တက်မဆောင်နိုင်မည်ကိုရည်ရွယ်၍ ပေထက်အက္ခရာတင်၍ အထပ်တစ်ရာတည်း၍ထားကုန်၏။

## "ငါးမျက်နှာစေတီတော်"

ငါးမျက်နှာစေတီတော်သည် နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက် ပရိဝုဏ်အတွင်း တည်ထားသော သရေခေတ္တရာခေတ်ရှေးဟောင်း သမိုင်းဝင် စေတီတော်တစ်ဆူဖြစ်ပေသည်။

ပထမဦးစွာတည်သော ဘုရားဒါယကာမှာ ဒွတ္တပေါင်မင်းမှ စတင်ရေတွက်သော် (ဒသမမြောက်မင်း) တေပါးမင်းကြီးက သာသနာတော်နှစ် (၄၄၈) နှစ်တွင် ဘဒ္ဒကမ္ဘာတွင်ပွင့်တော်မူမည့်ဘုရားရှင်ငါးဆူတို့ကိုရည်မှန်းကာ၊ မုခ်ငါးမုခ်ပါ လှိုင်ခံစေတီတော်ကို ဉာဏ်တော်အမြင့်(၇၃) တောင်ရှိစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ပါသည်။ နောက်ပိုင်းတွင် ခေတ်အဆက်ဆက်မင်းများက ပြုပြင်မွမ်းမံခဲ့ကြသည်။ ယင်းသို့မွမ်းမံပြုပြင်ကြသည့်မင်းများတွင် ပြည်မင်း ပြုပြင် မွမ်းမံခဲ့ကြောင်းတွေ့ရှိရသည်။

## "ပြည်ဘုရင်မျက်နှာရှည်မင်း" (၇၄၇-၇၅၀)

ပြည်ဘုရင်မင်းကြီး မျက်နှာရှည်သည် ပြည်မြို့တွင် သက္ကရာဇ်(၇၄၇-၇၅၀)ခုနှစ်အထိ စိုးစံခဲ့သည်။ ထိုသို့ပြည်ထီးနန်းကို စိုးစံစဉ် မင်းကြီး မျက်နှာရှည်သည် မိမိ၏မယ်တော်နှင့်အတူ ပြည်မြို့ရှိ သမိုင်းဝင်စေတီများကို ပြုပြင်မွမ်းမံရာတွင် "ငါးမျက်နှာစေတီ"ကိုလည်း မူလပုံမပျက်တည် ဆောက်မွမ်းမံခဲ့သည့်အပြင် ရေတွင်းရေကန်များကို လည်းပြုပြင်ခြင်း၊ အသစ်တူးဖော်ခြင်းများကို ကုသိုလ်အမှုပြုခဲ့သည်။

## "ဒုတိယ ကမ္ဘာစစ်အတွင်း စေတီတော်ကြီး ပုံး ဒဏ်ခံခြင်း"

သက္ကရာဇ် ၁၃၀၆-ခုနှစ်၊ ဝါခေါင်လဆန်း (၁၃) ရက်၊ အင်္ဂါနေ့၊ ခရစ်နှစ် ၁၉၄၄-ခု၊ ဩဂုတ်လ (၁)ရက်နေ့တွင်အင်္ဂလိပ်လေတပ်မှ တိုက်လေယာဉ်ပျံများ ခြံရံလျက် ဗုံးကြဲလေယာဉ်ပျံ အုပ်စုတစ်စုသည် ပြည်မြို့တွင် မြင်မြင်ကရာကိုစက်သေနတ်၊ စက်အမြောက်တို့ဖြင့် ပစ်ခတ်ခြင်း၊ ပါလာသမျှဗုံးများ အရမ်းမဲ့ကြဲချခြင်းကြောင့် "ငါးမျက်နှာစေတီ" ရာဟုထောင့်တွင် ဗုံးဒဏ်ခံခဲ့ရသော အဖြစ်ဆိုးနှင့်ကြုံတွေ့ခဲ့ရသည်။ ထိုကဲ့သို့မရှုမလှ ဖြစ်နေသော ပြည်မြို့ပျက်ကြီးနှင့်ငါးမျက်နှာစေတီတော် ပရိဝုဏ်အတွင်း မဖူးဝံ့ မမြင်ဝံ့ အတုံးအရုံးဖရိုဖရဲ သေကြေပြိုကွဲ ပျက်စီးနေသောမြင်ကွင်းကိုတွေ့မြင်ဖူးမြော်ရသူအပေါင်းမှာ ယူကြုံးမရ၊ လှိုက်လှဲဝမ်းနည်း ကြေကွဲ၍မဆုံးအောင် ဖြစ်ခဲ့ရပေသည်။

## "ဒုတိယကမ္ဘာစစ်ကြီးအပြီး၊ စေတီတော်ပြန်လည် တည်ဆောက်ခြင်း"

ပြည်မြို့သည် ဒုတိယကမ္ဘာစစ်ကြီး၏ ဒဏ်ရာဒဏ်ချက်ကြောင့် မြို့ကြီးတစ်မြို့လုံး ပြာပုံဘဝရောက်ရှိခဲ့ရသလို စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများလည်း ပျက်စီးဆုံးရှုံးရသည့်အနက်၊ အင်္ဂလိပ်တို့၏ စစ်လေယာဉ်ပျံမှကြဲချခဲ့သည့် ဗုံးလက်နက်ကြောင့်၊ ဗုံးဒဏ်ခံခဲ့ရသည့် "ငါးမျက်နှာစေတီတော်"ကို "ငါးမျက်နှာကျောင်းတိုက် ဆရာတော်ဦးဥက္ကံသကို အမှူးထား၍ နဝင်းရပ် ပြည်သူများကို သခင်မကြီး ဒေါ်သိန်းတင်နှင့် စောင်း ဦးမောင်ကလေးတို့က ဦးဆောင်ကာ ဖိုးခေါင် ရွာ၊ ပန်းရံဆရာကြီး ဦးပန်းညွန့်က၊ ခေတ်အဆက်ဆက်မင်းများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့သည့် ငါးမျက်နှာစေတီတော်မြတ်ကြီးကို သရေခေတ္တရာခေတ် မူလလက်ရာမပျက်၊ မူလပုံတော်မုခ်ငါးမုခ်ပါ-သပ်စီအုတ်ဂုံးလှိုင်ခံ စေတီကို အောင်မြင်စွာပြုပြင်မွမ်းမံ တည်ဆောက်နိုင်ခဲ့ကြပေသည်။ သရေခေတ္တရာခေတ် ကုသိုလ်တော်ရှေးဟောင်းစေတီကို နဝင်းသားတို့က ဆက်လက် ထိန်းသိမ်းနိုင်ခဲ့ပေသည်။

## "ယနေ့ စေတီတော်မြတ်ကြီး ပြုပြင်မွမ်းမံမှု"

ငါးမျက်နှာစေတီတော်မြတ်ကြီးကို ပထမ-မူလဒါယကာ-ငတပါးမင်းကြီးမှစ၍ မင်းအဆက်ဆက်က၊သရေ ခေတ္တရာခေတ် မူလပုံစံမပျက်တည်ဆောက်ပြုပြင် မွမ်းမံခဲ့သည့်နည်းတူ- ယခုလည်း ပြည်မြို့ဘယဆေးကုန်သည်ကြီး ဦးတင်ငွေ+ ဒေါ်လှသွင် တို့က၊ ငါးမျက်နှာစေတီတော်မြတ်ကြီး၏ ဘုရားဒါယကာ+ဒါယိကာမများအဖြစ်ခံယူကာစေတီတော်မြတ်ကြီးကို အောင်မြင်စွာပြုပြင်မွမ်းမံ တည်ဆောက်ပြီးစီးသည့် ကုသိုလ်တော်ပွဲကြီးကိုလည်း စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပအောင်ပွဲခံနိုင်ခဲ့သလို၊ မော်ကွန်းကမ္ပည်းကျောက်စာကို ရေးထိုးစိုက်ထူနိုင်ခဲ့ပေသည်။

**ဦးကျော်ဒင်ဟန် (ရွှေဘုန်းပွင့်)**
B.A, Dip.Ed.


### ကျမ်းကိုး


၁။ ဦးကုလား မဟာရာဇဝင်တော်ကြီး (ပ)တွဲ။
၂။ ဦးကျော်ထွန်း (ဓနုဖြူ) ပကိဏ္ဏကဒီပနီ (၁၂၃၄-ခုနှစ်)။
၃။ မှန်နန်းရာဇဝင်တော်ကြီး (ပ-တွဲ)။
၄။ ဦးကျော်ဒင်ဟန်-ရွှေဆံတော်စေတီတော်မြတ်ကြီး သမိုင်းသစ်။
၅။ ပြည်-ကြားတောရ ဆရာတော်-ပြည်ရာဇဝင်ချုပ်သမိုင်း (၁၃၁၄)ခုနှစ်။
၆။ ဦးဘသန်း ကျောင်းသုံးမြန်မာရာဇဝင် (၁၉၃၉-ခု၊ မေလ)။
၇။ နတ်မောက်ဘုန်းကျော်- အင်္ဂလိပ်မြန်မာစစ်ပွဲသမိုင်း။

# ဗာရာဏသီဆရာတော်ဘုရားကြီးနှင့် ထံကြီးဆရာတော်ဘုရားကြီးတို့ အမှတ်တရပုံရိပ်များ



ညောင်ရွှေမြို့ ကံကြီးဆရာတော်၏ ပင့်လျှောက်ချက်အရ
လွှပ်လပ်ရေးစာချုပ်ချုပ်ဆိုခဲ့သော ပင်လုံမြို့သို့ကြွရောက်နေသော
ဗာရာဏသီဆရာတော်ဘုရားကြီး



ဝမ်းမြောက်ဝမ်းသာ ဖူးမျှော်နေကြသည့် ရှမ်းပြည်နယ် ဒကာ ဒကာမများ



# လေးစားပူဇော်ဆရာ့ဂုဏ်တော်

ဦးအဇ္ဈပါစာရ

ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ရွှေရတုနှစ်ငါးဆယ်ပြည့်ပူဇော်ပွဲ အထိမ်းအမှတ်အဖြစ်ဖြင့် ဤစာတမ်းကိုရေး၍ ဂုဏ်ပြုပူဇော်ပါသည်။ ဂုဏ်ပြုစကားဆိုပါသည်။

**ကွန်းခိုဝင်ရာ ပြည်ဗာရာ**

စာရေးသူသည် ၁၃၂၅-ခု၊ နယုန်လဆန်းပိုင်းတွင် စာပေသင်ကြားရန် ဆရာဘုန်းကြီး၏ လမ်းညွှန် ပို့ဆောင်မှုဖြင့် ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ရောက်ရှိခဲ့ပါသည်။ ရောက်ရှိခဲ့စဉ်က စာရေးသူအပါဝင် သာမဏေ(၃)ပါးဖြစ်ပါသည်။ ထိုစဉ်က တိုက်သံဃာ(၅၀)ကျော်မျှသာရှိပါသည်။ ဓမ္မာစရိယကျောင်းဆောင် ဆောက်လုပ်ရန် မြေပြုပြင်နေဆဲကာလ ဖြစ်ပါသည်။

ကျောင်းတိုက်သို့ ရောက်ရှိပြီးနောက် ကျောင်းတိုက်စည်းကမ်းကို အထူးလိုက်နာလျက် ညဥ့်နံနက် ဝတ်တက်ဝတ်ကပ် မပျက်ကွက်ခြင်း၊ စာပေသင်ကြားမှု၌ ကြောင့်ကြစိုက်ခြင်းဖြင့် နေထိုင်ခဲ့သည်။ အနေကြာလာသည်နှင့်အမျှ စာပေသင်ကြားမှုအဆင့်သည်လည်း တိုးတက်မြင့်မားခဲ့သည်။ ရှင်သာမဏေဘဝမှ ရဟန်းဘဝသို့ရောက် ရှိပြီး ငယ်, လတ်, ကြီး အတန်းတို့ကိုလည်း အောင်မြင်ခဲ့သည်။

**သင်ပုံကျင့်ပုံ နည်းမျိုးစုံ**

ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီးသည် သာဓ္ဓေယျမာယာကင်းစင်လျက် ကိုယ်တိုင်ကျင့်သုံးသကဲ့သို့ တပည့်သံဃာတော်များကိုလည်း မခြားအတူကျင့်စေခဲ့သည်။ ဥဇုပ္ပဋိပန္နဂုဏ် ပြောသလိုလုပ် လုပ်သလိုပြောဆိုသော ဝါဒကိုလည်း စွဲမြဲစွာ ကျင့်သုံးလျက်နေတော်မူပါသည်။

**ပရိယတ်မှသည် ပဋိပတ်သို့**

ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာတော်ကို ကြိုးပမ်းအားထုတ်ရာ၌ စာပေထူးချွန်သော ပုဂ္ဂိုလ်များကို **"ဂန္ထဓုရပူဇော"**အသင်းကြီးဖွဲ့စည်းပြီး စာအောင်သံဃာတော်များအား နှစ်စဉ်ပူဇော်ပွဲသဘင် ကျင်းပစေလျက် ချီးမြှောက်ခဲ့ပါသည်။

ပဋိပတ်ဘက်၌လည်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ညဥ့်နံနက်ဝတ်တက်ဝတ်ကပ် မပျက်

ကွက်ခြင်း၊ အထူးအားဖြင့် **"ဗုဒ္ဓ၊ မေတ္တာ၊ အသုဘ၊ မရဏ"** စတုရာရက္ခကမ္မဋ္ဌာန်းကို နှလုံးသွင်းရှုမှတ် ပွါးများခြင်းပြုတော်မူပါသည်။ ထို့ပြင် ဝတ်တက် ဝတ်ကပ် ပြုရာ၌ ရှေးဦးစွာရောက်ရှိသော ရဟန်းသာမဏေများကို **"အဟံ ပဌမံ"**ဟု ချီးမြှောက်၍ သံဃာအလယ်မှာ မိန့်ကြားတော်မူပါသည်။

ထို့ပြင် ဝါဆိုသံဃာတော်များသည် ဝါတွင်း သုံးလပတ်လုံး ဥပုသ်နေ့တိုင်း၌ ကောသနိသ်ဓုတင်ကို ဆောက်တည်ကြရခြင်း၊ ရဟန်းဖြစ်စဉ်၌ **"ဝိနည်း တိစိဝရိတ်ဓုတင်"**ဆောက်တည်ကြရခြင်း၊ နေ့စဉ် ဝတ်တက်ဝတ်ကပ်အပြီး **"နိသဇ္ဇိဓုတင်"** ဆောက်တည်ကြရခြင်း၊ ၁၅-မိနစ်ခန့်မျှ အာနာပါန ကမ္မဋ္ဌာန်းကို နှလုံးသွင်းရှုမှတ် ပွါးများခြင်းများကိုလည်း ပြုတော် မူကြရပါသည်။


## ပြည်ဗာရာနှင့်ကင်းကွာချိန်

စာရေးသူသည် အကြီးတန်းဖြေဆိုပြီး၍ ဇာတိရွာသို့အနားယူရန် ခေတ္တပြန်သွားစဉ် စာမေးပွဲ အောင်ဂေဇက်စာရင်း၌ စာရေးသူ၏နာမည် ပါရှိလာပါသည်။ ဆရာတော်ဘုရားကြီးမှ စာရေးသူထံသို့ "အကြီးတန်းအောင်မြင်ကြောင်း၊ ပ-ဝိ-ဗာသို့ ပြန်လာစေလိုကြောင်း၊ ပြန်လာပါက **'မောင်ပဥ္စင်း'**ကို အခွင့်ထူးပေးမည်ဖြစ်ကြောင်း" အဝေးမှ စာတစ်စောင်ရေး၍ စာရေးသူကို ချီးမြှောက်တော်မူပါသည်။ ဇာတိရွာကျောင်းတွင် ကျောင်းဘုန်းကြီး လစ်လပ်ချိန်နှင့် တိုက်ဆိုင်၍ ပညာရေးကို အရှုံးခံကာ မလွှဲမရှောင်သာဖြင့် သာသနာပြုတာဝန်ကို ဆက်လက်ယူလိုက်ရပါသည်။

## နောက်ဆုံးဖူးတွေ့ချိန်

၁၃၅၅-ခုနှစ်၊ ကဆုန်လဆန်းပိုင်းက ဖြစ်ပါသည်။ စာရေးသူမှာ တပည့်ရဟန်းခံကိစ္စနှင့် ရန်ကုန်သို့ ရောက်ရှိနေခိုက် ကျေးဇူးရှင်ဆရာတော် ဘုရားကြီးသည် တပ်မတော်ဆေးရုံတွင် ဆေးကုသမှု ခံယူနေသည်ဟု ကြားသိရပါသည်။ ဆရာတော်ဘုရားအား ဖူးတွေ့ရန် ဒကာတစ်ဦး၏ လမ်းညွှန်မှုဖြင့် ဆေးရုံသို့ ရောက်သွားပါသည်။ စာရေးသူနှင့် ဆရာတော်ဘုရားကြီးတို့ ကင်းကွာခဲ့သည်မှာ (၂၂)နှစ်မျှ ကြာခဲ့ပြီဖြစ်သည်။ စာရေးသူ ဆေးရုံပေါ် ရောက်သွားချိန်တွင် ဆရာတော်ဘုရားကြီးအား စောင့်ရှောက်နေသော ကိုရင်တစ်ပါးကိုတွေ့ရပြီး ဆရာတော် ဘုရားကြီးသည် ကုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းလျက်ရှိပါသည်။ ဆရာတော်ဘုရားကြီး၏ အနီးအနားသို့ ချဉ်းကပ်လျက် ရှိခိုးကန်တော့ပြီး ဆရာ





**၁၃၂၇-ခု၊ တန်ဆောင်မုန်းလဆန်း ၈-ရက်နေ့**
**ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် "ကထိန်အလှူတော်မင်္ဂလာ"အခမ်းအနား**
ဗာရာဏသီဆရာတော်နှင့် ဝဲ-ယာမှ စာချ-ဦးဝိသာရဒပဏ္ဍိတ၊ စာချ-ဦးဝိစိတ္တာစာရ
ထိုင်လျက်-ဝဲမှယာ ဆွမ်းဘုန်းကြီး-ဦးသြဘာသ၊ ရဟန်းသစ် ဦးအဇ္ဈဝါစာရ၊ ရှင်သစ်- ရှင်စန္ဒာတပ(ရှင်ကျော်သင်း)

တော်ဘုရားကြီး၏ လက်တော်အစုံကို ဆုပ်ကိုင် လျက် "ဆရာတော် ကျန်းမာတော်မူပါရဲ့လားဘုရား" ဟု နှုတ်မှလည်း လျှောက်ထားလိုက်ပါသည်။ ဆရာတော်သည် မျက်လွှာအစုံဖွင့်၍ ပြုံးရောင်သမ်းကာ **'မောင်အင်ဂျဝါ**လား'ဟု ပဋိသန္ထာရစကား ပြုတော်မူပါသည်။

စာရေးသူသည် ဆရာတော်ကြီးအား ဖူးတွေ့ခွင့်ကို မရသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ဖူးတွေ့ရပြန်တော့လည်း ဆေးရုံပေါ်တွင် ဖူးတွေ့ရ၍ ဝမ်းနည်းဝမ်းသာဖြစ်လျက်ရှိပြီး လွန်ခဲ့သောအတိတ်ဆီမှ ပုံရိပ်များ စိတ်အစဉ်တွင် ထင်ဟပ်လျက် ပေါ်လာပါသည်။

## ဆရာတော်ဘုရားကြီးဝိနည်းတော်၌လေးစားပုံ

စာရေးသူရဟန်းဖြစ်ပြီး မကြာမြင့်မီ မူလကျောင်းအထက်ထပ်အခန်းတွင် နေခွင့်ရသည်။ အုံမောင်းခေါက်တာဝန်ယူသော ဦးဇင်းတစ်ပါးသည် ဇာတိရွာကို ပြန်သွားခိုက်ဖြစ်၍ ၎င်းတာဝန်ကို စာရေးသူ တာဝန်ယူထမ်းဆောင်ရသည်။ တစ်နေ့သောနံနက်အချိန်တွင် တာဝန်ထမ်းဆောင်ရန် နံနက်စောစောထပြီး ကိုယ်လက်သုတ်သင်ကာ နေရာထိုင်ပခုံးပေါ်တင်ပြီးနောက် အုံမောင်းရှိရာသို့သွား၍ ထိုးတန်ကိုကိုင်ကာ နေရာယူပါသည်။ ဆရာတော်မှ လျှစ်စစ်ဘဲခေါင်းလောင်း အချက်ပေးသည့်အခါ တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်တိုင်အောင်စောင့်ဆိုင်း၍ သုံးကြိမ်ပြည့်ပြီးသည့်အခါ ထိုးတန်ကို စွဲမြဲစွာကိုင်လျက် အရှိန်ပြင်းစွာ ထိုးပါသည်။ အုံမောင်းထိုးပြီးသည့်အချိန်တွင် ကျောင်းတိုက်ရှိသံဃာတော်များအားလုံး အိပ်ရာမှထ၍ အလယ်တိုက်သို့ကြွကာ ဘုရားဝတ်ပြုကြပါသည်။ နံနက်ချိန်တိုင်း အုံမောင်းထိုး၊ အုံမောင်းခေါက်ခြင်း၊ ဘုရားဝတ်တက် ဝတ်ကပ်နှင့် ဆွမ်းခံထွက်ခြင်းအလုပ်သည် နေ့စဉ်ဆောင်ရွက်ရသော အလုပ်ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည်လည်း နေ့စဉ်ဆောက်ရွက်နေကြအတိုင်း ဘုရားဝတ်ပြုမှအစ ပြုဘွယ် ကိစ္စများကို အကွက်ကျအောင် ဆောက်ရွက်တော်မူပါသည်။ သံဃာတော်များ ဘုရားဝတ်ပြုအပြီး ဆွမ်းခံထွက်ကြရသည်။ ဆွမ်းခံအပြန်တွင် အနည်းငယ် အနားယူကြပြီးနောက် ဆွမ်းစားကျောင်း၌ ဆွမ်းဘုန်းပေးကြရသည်။ ဆွမ်းဘုန်းပေးအပြီး အလင်းရောင်လာသည်အထိ သူ့ကျောင်းကိုယ့်ကျောင်း စာဖတ်စာအံပြုလုပ်ကြရသည်။

တစ်နေ့တွင် ဆရာတော်ဘုရားကြီးသည် ဆွမ်းစားကျောင်းမှအပြန် မိမိကျောင်းသို့ရောက်ရှိ၍ နာရီကိုကြည့်မိလျှင် အရုဏ်မတက်သေးဘဲ ဆွမ်းစားပြီးခဲ့သည်ကို သိရှိတော်မူသည်။ ထိုအခါ တစ်တိုက်လုံး သံဃာတော်များ ဝိကာလဘောဇနသိက္ခာပုဒ်အာပတ်သင့်ကြသည်ကို သိရှိတော်မူပြီး တိုက်အမနေအိမ်မှ ကားကိုမှာကြားကာ ပြည်-ဓမ္မိကတောရကျောင်းသို့ ကိုယ်တိုင်ကြွရောက်၍ ဒေသနာ ဝုဋ္ဌာနကံ ပြုတော်မူပါသည်။ ထို့နောက် ကျောင်းသို့ ပြန်လည်ရောက်ရှိသည့်အခါတွင် တစ်တိုက်တာလုံးရှိ ရဟန်းတော်များအား သီလစင်ကြယ်အောင် ဒေသနာကြားစေတော်မူပါသည်။ ဆရာတော်သည် ဤသို့ အနည်းငယ်မျှသော အပြစ်ကိုလည်း လျစ်လျူမပြု ဂရုဂါရဝပြု၍ ဝိနည်းတော်၌ လေးစားတော်မူပါသည်။

ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားကို ဆက်လက်၍ဆိုချင်ပါသည်။ စာရေးသူသည် ငယ်ရွယ် စဉ်အခါ သင်ပုန်းကြီးစာကိုသင်ရသည်။ **"ကကြီး ကသတ်ကက်"** အသံထွက်ကို နားမလည်နိုင်၍ မျက်ရည်ဖြိုင်ဖြိုင် ကျခဲ့ဖူးသည်။ ယခုလို အထက်တန်း စာပေများကို သင်ကြားရသည့်အခါ "ပါဠိဘာသာမှအစ သဒ္ဒါအနက်များကိုလည်း သိရှိနားလည်ခွင့် ရရှိခဲ့သည်။ စာပေမှ အသိဉာဏ် ရရှိသဖြင့် လောကအလယ်တွင် ရပ်တည်နိုင်သည့် လူတစ်လုံး သူတစ်လုံးဖြစ်ရပေသည်"ဟု ဝမ်းမြောက်လျက် ဆရာတော်ဘုရား၏ဂုဏ်ကို တသသ အောက်မေ့ကာ ကျေးဇူးတင်မဆုံး ဖြစ်ရပါသည်။

ထိုမှတစ်ပါး စာရေးသူသည် (၅)ဝါအရတွင် မယောင်မလည်ကျောင်းထိုင်ဘဝဖြင့်ကျင်လည်ခဲ့ရသည်။ လောကတွင် မှီခိုရာ"သပ္ပုရိသူပသံသေဝ" သူတော်ကောင်းအမှီ ရရှိဘို့ရန်လွန်စွာအရေးကြီးပါသည်။ မှီခိုရာ ကွန်းခိုရာရရှိမှသာလျှင် အစစအရာရာ ပြေလည်နိုင်ပေသည်။ စာရေးသူမှာ ဆရာတော်ဘုရားကြီး၏ သင်နည်းစနစ် ကျင့်နည်းစနစ်တွေ ရခဲ့သည်။ "ဤဟာပြုကျင့် ဤဟာမပြုကျင့်နှင့်"ဟု ဆုံးမစကားတော် တွေကိုလည်း အဖန်ဖန်အခါခါ ကြားနာခဲ့ရဖူးသည်။ ထို့ကြောင့် ယခုထက်တိုင် မပျက်မစီးဘဲ သာသနာတော် မှာ ရပ်တည်နိုင်ခြင်းသည် ဆရာတော်ဘုရားကြီး၏ ကျေးဇူးတရားဟု ဆိုချင်ပါသည်။

### လေးစားပူဇော်ဆရာ့ဂုဏ်တော်

တစ်လုပ်ထမင်း တစ်ရှုပ်ဟင်းကိုမျှ သုံးဆောင်ရဖူးသူသည် ကျေးဇူးပြုသောသူအား ကျေးဇူးတရားကို ရှာဖွေ၍ ပြန်လည်ကျေးဇူးတင်ရမည်ဖြစ်သည်။ စာရေးသူသည် ဆရာတော်ဘုရားကြီး၏ ကျေးဇူးဂုဏ်ကို မရှိသည်ကို အရှိလုပ်ပြီး ရှာဖွေရေးသားခြင်းမျိုး မဟုတ်။ ဆရာတော်ဘုရားကြီး မျက်မှောက်ထင်ရှားရှိစဉ် သာသနာရေးကြီးပမ်း ဆောင်ရွက်ချက်ကျေးဇူးဂုဏ်ကိုဧင်း၊ ဆရာတော်ဘုရားကြီး၏ သီလ သမာဓိ ပညာဂုဏ်ကိုဧင်း ပူဇော်သောအားဖြင့် ကိုယ်တိုင်တွေ့သမျှ ဉာဏ်မှီသမျှ ရေးသားပူဇော်ခြင်းဖြစ်သည်။ ဆရာတော်ဘုရားကြီး စိုက်ထူခဲ့သော သာသနာတော်သည် ယခုအခါနှစ်(၅၀)တိုင်မြောက်ခဲ့ပြီ။ ဆရာတော် ဘုရားကြီးသည်လည်း ရုပ်နာမ်ဓမ္မသင်္ခါရ သဘောအရ ဘဝနတ်ထံ စံလွန်တော်မူခဲ့ပြီးဖြစ်သည်။ သို့ပါသော်လည်း ဆရာတော်ဘုရားကြီး စိုက်ထူခဲ့သော သာသနာတော်သည် နှစ်(၅၀)မှသည် နှစ်(၁၀၀)တိုင်အောင် တည်တံ့နေလိမ့်မည်ဟု ယုံကြည်ဘိသကဲ့သို့ တည်တံ့ပါစေကြောင်းကိုလည်း ဆုပတ္ထနာပြုအပ်ပါသတည်း။

**ဦးအဂ္ဂဝံသ**
မြို့နယ်သံဃာ့နာယကအဖွဲ့ဝင်
လုံဟောကျောင်း၊ လုံဟောရွာ၊ ဂန့်ဂေါမြို့။

# ရွှေရတု ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်

မောင်အုံ့ (မဟာဝိဇ္ဇာ–ဘုံဘော)

ယခုအချိန်တွင် ပြည်မြို့၊ နဝင်းရပ်ရှိ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်ကြီးသည် အနှစ်ငါးဆယ် ကာလ ပြည့်မြောက်ပြီဖြစ်၍ ရွှေရတု အထိမ်းအမှတ်ပွဲ တော် ကျင်းပနေခြင်း ဖြစ်ပေသည်။

ကျောင်းတိုက်အမည်မှာ မူလကငါးမျက်နှာ ကျောင်းတိုက်ဟုအမည်တွင်ခဲ့သည် နောက်ပိုင်းတွင် ရွှေကျင်နိကာယ ဗဟိုဌာန မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်ခွဲဖြစ်၍ ဝိသုဒ္ဓါရုံဟူသောဂုဏ်ပုဒ်အသစ်တစ်ခု ရရှိလာခဲ့သည်။

ကျောင်းတိုက်ကြီးကို ဗာရာဏသီဆရာတော်ကြီး စိမ်ကြီးကြပ်အုပ်ချုပ် သီတင်းသုံးရန်လှူအပ် လှူဒါန်းခဲ့ခြင်းဖြစ်သောကြောင့် ဗာရာဏသီကျောင်းတိုက်ဟု အမည်တွင်လာခဲ့သည်။ ဂုဏ်ထူးဝိသေသ နှစ်ရပ်ကို ပူးတွဲပေါင်းစပ်၍ "ဝိသုဒ္ဓါရုံဗာရာဏသီ" ကျောင်းတိုက်ဟူ၍အမည်တွင်လာခဲ့သည်။

၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း(၁၃)ရက်နေ့တွင် ဗာရာဏသီဆရာတော်ကြွရောက် သီတင်းသုံးတော်မူခဲ့၍ ထိုနှစ်မှာပင် ငါးမျက်နှာကျောင်းတိုက်ဟူသော အမည်ဟောင်းမှ "ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်" ဟူသောအမည်သစ်သို့ ပြောင်းလွဲခဲ့သဖြင့် နှစ်ပေါင်း (၅၀)ပြည့်လာပြီဖြစ်၍ မော်ကွန်းကျောက်စာတိုင်၌ ရွှေရတုသမိုင်းကျောက်စာမှတ်တမ်းတင်ရေးထိုးပြီး ဖြစ်ပေသည်။

ဤကျောင်းတိုက်ကြီး၏ကျောင်းအမကြီးမှာ မြန်မာနိုင်ငံလုံးထင်ရှားကျော်ကြားသော အမျိုးသမီး နိုင်ငံရေးသူရဲကောင်းသခင်မကြီး ဒေါ်သိန်းတင် ဖြစ်ပေသည်။ ဒါယိကာမကြီးဒေါ်သိန်းတင်သည် အလွန်နုနယ်ငယ်ရွယ်သေးသည့်၁၆-နှစ်အရွယ်တွင် အမျိုးသမီးများဖွဲ့စည်းတည်ထောင်ပြီး လွပ်လပ်ရေးအတွက် စွန့်စွန့်စားစား ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။ ရေနံမြေသပိတ်ကြီး ရန်ကုန်မြို့သို့ချီတက်ရာ၌ သခင်မကြီးဒေါ်သိန်းတင်သည် ရွှေတိဂုံဘုရား ခြေရင်းရောက်သည့်အထိ ရေနံမြေသပိတ်တပ်ကြီးကို ပြုစုစောင့်ရှောက် ကျွေးမွေးဧည့်ခံ၍ လိုက်ပါချီတက်ခဲ့သည်။ လွပ်လပ်ရေးရသည့်အထိ မြန်မာနိုင်ငံရေးကို ရှေ့တန်းမှတက်တက်ကြွကြွ လှုပ်ရှားပါဝင်ဆောင်ရွက်ခဲ့သောကြောင့် မြန်မာ့နိုင်ငံရေး လေ့လာသူတိုင်း သခင်မကြီးဒေါ်သိန်းတင်ကို မသိသူမရှိချေ။

သခင်မကြီးဒေါ်သိန်းတင်သည် နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခဲ့မှုကြောင့် သားသေလင်ဆုံး မုဆိုးမ တစ်ကောင်ကြွက်ဘဝဖြစ်ခဲ့သော်လည်း လောကဓံကိုအရှုံးမပေးဘဲ နဝင်း

ကျီးငှက်ဆေးလိပ်ရုံကိုတည်ထောင်ပြီး စီးပွါးရေးလုပ်ငန်းဘက်ဦးတည်း၍ လုပ်ဆောင်ခဲ့ရာ ဆေးလိပ်ရုံပိုင်ရှင် သူဌေးမ ကြီးဒေါ်သိန်းတင်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ အသက် (၄၂)နှစ်အရွယ်တွင် သခင်မကြီးဒေါ်သိန်းတင်သည် ဘာသာရေး သာသနာရေး ဘက်သို့ဦးတည်လာပြီး နဝင်းရပ်ရှိ ငါးမျက်နှာကျောင်းတိုက်ကြီး အတွင်း၌ တစ်ထပ်ကျောင်း,နှစ်ထပ်ကျောင်း, သုံးထပ် ကျောင်းများ၊ ရေတွင်း၊ ရေကန်၊ ဇရပ်များ၊ နတ်လမ်းများ၊ ပြည့်ပြည့်စုံစုံ တစ်ဦးတည်း တည်ဆောက်လှူဒါန်းခဲ့ရုံသာမက ကျောင်းတိုက်သံဃာများအတွက် နေ့စဉ်ဆွမ်းနှင့် ဆွမ်းဟင်းများ ပင်မဒါယကာပြု၍ လှူဒါန်းခဲ့သည်။

သခင်မကြီးဒေါ်သိန်းတင်အဖြစ်မှ ဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၏ ကျောင်းအမကြီးအဖြစ် ပြည်သူလူထုနှင့်ရဟန်းသံဃာများကြားတွင် ထင်ရှား ကျော်ကြားခဲ့သည်။ ကျောင်းအမကြီးဒေါ်သိန်းတင်သည် အသက်(၇၉)နှစ်တွင် ၁၃၄၅-နှစ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

တဖန် ဤကျောင်းတိုက်ကြီးကို အစကနဦးတည်ထောင်သော ဗာရာဏသီဆရာတော်ကြီးအကြောင်းကို အကျဉ်းချုပ်တင်ပြရန် လိုပေသေးသည်။ ဗာရာဏသီဆရာတော်ကြီးသည် ၁၂၆၄-ခုနှစ်တွင် မွေးဖွားတော်မူခဲ့၍ ၁၂၈၀-ခုနှစ်တွင် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ရာ စည်ရှင်ဆရာတော်ကြီးက ရှင်အာနန္ဒပဏ္ဍိတ ဟုဘွဲ့အမည်ပေးတော်မူသည်။ ရှင်အာနန္ဒပဏ္ဍိတသည် ၁၂၈၄-ခုနှစ်၊ ဝါဆိုလဆန်း (၁၁)ရက်နေ့တွင် မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် ခဏ္ဍသိမ်တော်တွင် ရွှေကျင်သာသနာပိုင် ဒီပဲရင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ရောက်တော်မူခဲ့သည်။ ၁၃၅၅-ခုနှစ်၊ သက်တော် (၉၁) နှစ် အရွယ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ကြီးသည် ထိုအချိန်က ပရိယတ္တိစာပေပညာအရာ၌ အမြင့်ဆုံးဖြစ်သော ပထမကျော်ဘွဲ့ကို ၁၂၉၅-ခုနှစ်ကရရှိတော်မူခဲ့၍ ထိုနှစ်မှာပင် မန္တလေး မြို့ သကျသီဟစာချတန်းစာမေးပွဲ၌ ပရိယတ္တိသာသနဟိတဓမ္မာစရိယဘွဲ့ကိုဒုတိယ အမှတ်အများဆုံးအဖြစ် အောင်မြင်တော်မူခဲ့သည်။

ထို့နောက် ၁၃၀၂-ခုနှစ်၊ သက်တော် (၃၈) နှစ်အရွယ်တွင် အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့သို့ ကြွရောက်၍ ဟိန္ဒူတက္ကသိုလ်၌သက္ကတစာနှင့် ဟိန္ဒီစာပေများ လေ့လာသင်ယူခဲ့ရာ အာကျာဒယ (အာစရိယ)တန်း အောင်မြင်၍ မဟာဝိဇ္ဇာဘွဲ့ကိုရရှိခဲ့ပေသည်။

ဒုတိယ-ကမ္ဘာစစ်နှင့်ကြုံဆုံနေရသဖြင့် ဒုတိယကမ္ဘာစစ်ပြီးသည်အထိ ဗာရာဏသီမြို့၌ (၆)နှစ်ကြာအောင်နေထိုင်ပြီး ပညာသင်ယူခဲ့လေသည်။ ၁၃၀၈-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ရောက်မှဲ့လေသည်။ ဆရာတော်ဘုရားကြီးသည် ဗာရာဏသီမြို့၌ အနေကြာသောကြောင့်လည်းကောင်း၊ ပါဠိစာပေများကို အသံထွက်ဖတ်ရာ၌ အိန္ဒိယအသံထွက်ဖြင့်ရွတ်ဖတ်လေ့ရှိသည်။ ကထိန်ခင်း၊ ရဟန်းခံစသောသံဃာ့ကံများကိုပြုလုပ်ရာတွင်လည်း ကမ္မဝါရွက်ဖတ်ရာတွင် အိန္ဒိယအသံထွက် (ဗာရာဏသီ အသံထွက်) ဖြင့် ရွတ်ဖတ်လေ့ရှိသောကြောင့် အတူနေသီတင်းသုံး



ပြင်ဦးလွင်မြို့၊ ဝိသုဒ္ဓါရုံရွှေကျင်
ကျောင်းတိုက်အတွင်း
ဦးသိန်းမောင်+ဒေါ်အမဝတို့
ဆောက်လုပ်လှူဒါန်းသော
တိုက်မျက်နှာစာရှေ့တွင်ဖူးတွေ့ရသော
ဗာရာဏသီဆရာတော်

ဖေါ်များကလည်းကောင်း၊ ငယ်ဆရာဖြစ်သော စည်ရှင်ဆရာတော်ကြီးကလည်းကောင်း ဦးအာနန္ဒ ပဏ္ဍိတကို ဗာရာဏသီဆရာတော်ဟု ခေါ်ဆိုလေ့ရှိကြသည်။

ဗာရာဏသီဆရာတော်သည် ၁၂၉၃-ခုနှစ်တွင် ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၌ ပဓာနနာယက ဆရာတော်အဖြစ် သီတင်းသုံးအုပ်ချုပ်တော်မူခဲ့သည်။ ၁၃၁၁-ခုနှစ်တွင် ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ အမိန့်အရ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းတွင် နာယကဆရာတော်တစ်ပါးအဖြစ် အုပ်ချုပ်တော်မူရသည်၊ ယင်းကဲ့သို့ စည်ရှင်ကျောင်းနာယကအဖြစ် သီတင်းသုံးစဉ်က မဟာဝိသုဒ္ဓါရုံတိုက်သစ် ဒေါင်းရိုးအုတ်ကျောင်း၌ သီတင်းသုံးတော်မူခဲ့သည်။


ထို့နောက် ၁၃၂၀-ခုနှစ်တွင် ဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းမှ ပြည်မြို့ ငါးမျက်နှာကျောင်းအမည်ရှိသောဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်သို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့သည်။ ဝိသုဒ္ဓါရုံ ဗာရာဏသီကျောင်းတိုက်၌ သီတင်းသုံးနေစဉ် ၁၃၄၂-ခု၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ဖြစ်မြောက်ရေး (၆၆)ပါးဝန်ဆောင်အဖွဲ့၌အဖွဲ့ဝင်တစ်ပါးအဖြစ် ဆောင်ရွက်တော်မူခဲ့သည်၊ ထို့နောက် ပထမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ ဒုတိယဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တော်မူခဲ့သည်။ ၁၃၄၂-ခုနှစ်မှာပင် ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ(တွဲဖက်ရွှေကျင် သာသနာပိုင်)အဖြစ် တင်မြှောက်ခြင်းခံရသည်။ ထိုနှစ်မှာပင် "အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်" အလှူခံရရှိတော်မူခဲ့သည်။

ထို့နောက် နိုင်ငံတော်ဩဝါဒစရိယ ဆရာတော်အဖြစ်ဆောင်ရွက်နေစဉ်မှာပင် ၁၃၅၂-ခုနှစ်၌ အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့၍ ၁၃၅၅-ခုနှစ်တွင် သက်တော်(၉၁)နှစ်အရွယ်၌ ဆရာတော်ဘုရားကြီးသည်ဘဝနတ်ထံစံလွန်တော်မူလေသည်။

ပြည်မြို့-ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကြီးကို တည်ဆောက်လှူဒါန်းသော ကျောင်းအမကြီးဒေါ်သိန်းတင်သည်လည်း မြန်မာ့သမိုင်းနှင့် သာသနာ့သမိုင်းတွင် အလွန်ထူးခြားကျော်ကြားသည်၊ ယင်းကျောင်းတိုက်ကြီးကို စတင်တည်ထောင်သည့် ဗာရာဏသီဆရာတော်ဘုရားကြီးသည်လည်း အလွန်ထူးခြားကျော်ကြားသည်။ ဗာရာဏသီဆရာတော်ဘုရားကြီးသည် စိတ်ရှည်ခြင်း၊ သည်းခံခြင်းခမာဂုဏ်၊ ခန္တီဂုဏ်နှင့်ပြည့်စုံတော်မူသည်။ တဖက်ပုဂ္ဂိုလ်က ဒေါနှင့်မာန်နှင့် ဟစ်အော်ပြောဆိုနေသော်လည်း ဗာရာဏသီဆရာတော်ဘုရားကြီးသည် ဒေါသသံမပါ၊ အေးအေးဆေးဆေးအကြောင်းသင့် အကျိုးသင့် ပြန်လည်ပြောဆိုတတ်သည်ကို အံ့ဩဘွယ်ရာတွေ့ရှိရပေသည်။ မောက်မာသောအသံ၊ မာဆတ်ဆတ်အသံဖြင့် ပြောကြားသည်ကို မကြားဘူး မတွေ့ဘူးပေ။

ကျွန်တော်သည် မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ စာပေသင်ယူနေချိန်ကလည်း ဗာရာဏသီဆရာတော်ကြီး၏ဩဝါဒကို နာယူခဲ့ဘူးရပါသည်၊ လေသံပျော့ပျော့ဖြင့် အေးအေးဆေးဆေး တပည့်များ နားလည်အောင်လက်ခံလိုက်နာအောင် ပြောဆို ဆုံးမလေ့ရှိသည်ကို တွေ့ရပေသည်။ တဖန် (၆၆)ပါး သံဃာ့ဝန်ဆောင်အဖွဲ့ဝင် အဖြစ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ်ဖြင့်လည်းကောင်း သီတင်းသုံး နေထိုင်စဉ်ကလည်းကျွန်တော်သည် ဥပထမ္ဘက ဝန်ထမ်းတစ်ဦးအဖြစ်ဖြင့် ဆရာတော်ဘုရားကြီးအား အနီးကပ်ဆည်းကပ်ခဲ့ဘူးပါသည်။ တစ်ကြိမ်တစ်ခါမျှ အသံမာမာတင်းတင်း၊ ဒေါသသံဖြင့် ပြောဆိုခြင်းမရှိဘဲ မေတ္တာသံ,ကရုဏာသံဖြင့်သာလျှင် ပြောဆိုသည်ကို တွေ့ရှိကြားနာမှတ်သားမိပါသည်။ ထို့ကြောင့် ကျွန်တော်အနီးကပ်ဆည်းကပ်ဘူးသော ဆရာတော်များ အနက်ဗာရာဏသီဆရာတော်ဘုရားကြီးကို မေတ္တာရှင်၊ ကရုဏာရှင် အဖြစ်ဖြင့် အကျွန်ုပ်၏နှလုံးသား မှန်အတွင်း၌ ပုံရိပ်ထင်လျက် ရှိပါသေးကြောင်း ဖေါ်ပြအပ်ပါသတည်း။

**မောင်အံ့ (မဟာဝိဇ္ဇာ-ဘုံဘော)**



# ဖျေးလူးရှင်ဆရာတော်ဘုရားအား ဘဝကျွန့်ဝံသာကြောင့်ကြည်ညိုမြတ်နိုးခဲ့သနည်း

အရှင်ပဝိတြသိရီ

စာရေးသူသည် ၁၃၂၄-ခု၊ နတ်တော်လဆန်း(၇)ရက်၊ တနင်္လာနေ့ နံနက်(၁၀)နာရီခန့်တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ရောက်ရှိခဲ့ပါသည်။ ပို့ဆောင်ပေးသူမှာ ဤအရှင်၏ ဘထွေးတော်စပ်သူ ထိုစဉ်အခါက ဝက်ထီးကန်မြို့၊ ကန်ဖျားတောရကျောင်းတွင် ခန်းနေအဖြစ်သီတင်းသုံးနေထိုင်သော ဘဒ္ဒန္တကုက္ကုစ္စရိယ မထေရ်ဖြစ်ပါသည်။ နောင်သောအခါ ပေါက်တောအိုင်ကျောင်းတွင် ပျံလွန်တော်မူသည့်တိုင် သီတင်းသုံးနေထိုင်သွားခဲ့ပါသည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ရောက်သောအချိန်တွင် ဆရာတော်ဘုရား၏သက်တော်မှာ (၅၉) နှစ်သာ ရှိပါသေးသည်။ စာရေးသူတို့အား ဆရာတော်ဘုရားမှ "ဘယ်ကလဲဒီကျောင်းသား"ဟု မေးပါသည်။ "ဘရဲရွာကပါဘုရား"ဟု လိုက်ပို့သော ဘထွေးတော်ဘုန်းကြီးမှ လျှောက်ထားလိုက်သည်။ ထိုစဉ်ဆရာတော်မှ "အေး-ဘရဲရွာကဆိုဘုန်းကြီးဖြစ် ခဲသည်။ ဖြစ်လိုဖြစ်ညားထားကြည့်သေးတာပေါ့"ဟု ပြောပါသည်။ ကျောင်းသားကို အပ်နှံပြီးနောက် ဆရာတော်မှ ရွှေကတိုင်ပေးပါသည်။ "အရှင်ဘုရား- ဤ ကျောင်းသားကို ဆရာတော်ဘုရားအား အပ်နှံပါသည်။ ဆရာတော်သည် အလိုရှိသလို ပြောဆိုဆုံးမ တော်မူပါ" ဟူ၍ ဖြစ်ပါသည်။

ဝိ-ဗာ ကျောင်းသားဖြစ်သွားပြီးနောက် လိုက်ပါပို့ဆောင်ပေးသော ဦးပဥ္စင်းကြီးသည် ကျောင်းတွင် တစ်ရက်တာနေပြီး နောက်တစ်နေ့တွင် ပြန်ကြွသွားခဲ့ပါသည်။ (ဂုင်းနေ့ ဝိ-ဗာတိုက်တွင် အငယ်တန်း အောင်မြင်ကြသော ရှင်ဥစ္စပဏ္ဍိတ (နောင်လူထွက် - အောင်လံ၊ အင်းလည်)၊ ရှင်ကုသရိယ (နောင်လူထွက်-ထီးလင်း၊ အင်းနားရွာ) ဉးအဂ္ဂဉာန၊



ဥုးအဘယလင်္ကာရ (ယခု-အင်္ဂလန်) စသူတို့သည် ပေါင်မုန့်အုန်းနို့ဆမ်း ဆက်ကပ်လှူဒါန်းကြပါသည်။)

စတင်ရောက်ရှိသည့်နေ့တွင် စာမကျက်ရသေးပါ။ နောက်တစ်နေ့တွင်လည်း ဥပုသ်နေ့ဖြစ်သောကြောင့် စာမကျက်ရသေးပါ။ နတ်တော်လဆန်း(၉)ရက်တွင် စတင်စာကျက်ရပါသည်။ ဆရာတော် ဘုရားကိုယ်တိုင် စာကိုသြကာသမှစ၍ သင်ပေးပါသည်။ ဆရာတော်ဘုရားထံမှာပင် စာပြန်ရပါသည်။ ၁၃၂၅-ခု၊ နတ်တော်လဆန်းအချိန်လောက်မှစ၍ ယခုပျံလွန်တော်မူသွားပြီဖြစ်သော ထိုစဉ်က စာချဘုန်းကြီးဦးဝိစိတ္တစာရထံတွင် ဆရာတော်ဘုရားမှ ရုပ်တွက်စေပါသည်။ ပြန်စာကိုတော့ ဆရာတော်ဘုရားထံမှာပင် ပြန်ဆိုစေပါသည်။ စာချဆရာတော်သည် စည်းကမ်းတိကျသောပုဂ္ဂိုလ်ဖြစ်သည့်အားလျော်စွာ နေ့လည်(၁)နာရီထိုးသံ-ဒေါင်-ဟု မြည်သည်နှင့် တစ်ပြိုင်နက် ကျောင်းပေါ်သို့ ရောက်အောင်သွားရသည်။ နာရီသံပြီးဆုံးသည်ဆိုသည်နှင့်တစ်ပြိုက်နက် ရုပ်ကို စတင်ကာ တွက်ရပါသည်။ ညနေတွင်မူ မိမိနေရာမှာပင်မိမိ ရုပ်တွက်ရပါသည်။ ယခု ကျိုက်မရောတွင် ကျောင်းထိုင်သီတင်းသုံးနေသော ဦးဝဇီရပါဏိသည် ဤအရှင်၏ ရုပ်တွက်ဖော်ပင် ဖြစ်ပါသည်။ ညစဉ်ဘုရားဝတ်တက်အပြီး မီးမှောင်ချကာ ပို့ချခဲ့ပြီးသော ရုပ်များကို ပြန်တွက်ရပါသည်။ စာချဆရာတော်သည် တစ်ပါးချင်းအလိုက် မေးမြန်းပါသည်။ တပည့်များက ရုပ်တွက်ကို ပိုင်ပိုင်နိုင်နိုင် တွက်နိုင်လျှင် ပျော်နေပါသည်။ မရလျှင်တော့ အော်ဟစ်ငေါက်ငန်းပါတော့သည်။

စာရေးသူသည် စာချဆရာတော်၏ ကျေးဇူးကြောင့်ပင် အလတ်တန်း/အကြီးတန်းသို့ တက်ရောက်နေသော အခြားကျောင်းသားများနှင့် ယှဉ်ပြိုင်ကာ ရုပ်တွက်နိုင်သည့်အဆင့်သို့ ရောက်ရှိလာပါသည်။ ကံ/ကတ္တား သေချာကျနစွာ ခွဲပေးသကဲ့သို့ စာစပ်ကိုလည်း နားလည်သည့်တိုင်အောင် ရှင်းပြပေးပါသည်။ ၁၃၂၆-ခုနှစ်တွင် စာချဆရာတော်သည် တောင်ငူမြို့၊ မြို့ထောင့်ကျောင်းတွင် ဝါဆိုပါသည်။ ထိုစဉ် ဆရာတော်ဘုရားမှ "မောင်ပဝိတြ- ယခုဘာစာဝါတွေ တက်နေသလဲ" ဟု မေးမြန်းသောအခါ စာရေးသူမှ "သင်္ဂဟ- လိုက်နေပါတယ်ဘုရား"ဟု လျှောက်ထားသောအခါ "ဒီနှစ် စာမေးပွဲဝင်ဖြေရမယ်၊ လက်မှတ်ထိုးဘို့ ခတ်ပုံယူခဲ့" ဟု မိန့်တော်မူပါသည်။ စာရေးသူသည် ထိုနှစ်တွင် စာမေးပွဲကို ဝင် ရောက်ဖြေဆိုရာ ပထမငယ်တန်းကို အောင်မြင်ခဲ့ပါသည်။ ၁၃၂၉-ခုနှစ်တွင် အလတ်တန်းကို အောင်မြင်ပါသည်။ ၁၃၃၂-ခုနှစ်တွင် အကြီးတန်းကို အောင်မြင်ပါသည်။ စာရေးသူသည် အကြီးတန်းကို မအောင်မြင်သေးသော်လည်း ဆရာတော်ဘုရား၏ ညွှန်ကြားမှုဖြင့် စာသင်သားများအား အခြေပြုသဒ္ဒါကို စတင်သင်ကြားပေးခွင့် ရခဲ့ပါသည်။

ဆရာတော်ဘုရား၏အထံတွင် စာပေသင်ကြားခွင့်ရသည့်အတွက် ဆရာတော်ဘုရားနှင့်လည်း ရင်းနှီးခွင့်ရခဲ့သည်။ စကားပြောဆိုခွင့် လေ့လာခွင့်များရခဲ့ပါသည်။ ၁၉၇၉-ခုနှစ်ခန့်က ဆရာတော်ဘုရား ကြီး၏ညီတော်ဖြစ်သူ ဦးတင်ညွှန့်သည် လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့ပါသည်။ မစန်းမြင့်၊ ညီမဖြစ်သူ မတင်စန်း (ယခု- သီလရင်ဆရာလေး၊

ထိုစဉ်က ပုသိမ်-ဒီဂရီကောလိပ်တွင် တက်ရောက်ပညာသင်ကြားနေသည်)နှင့် ညီအစ်မများသည် အဖေမရှိသည့်နောက်တွင် ဆရာတော်ဘုရားကြီးထံသို့ အစစအရာရာကို လာရောက်တိုင်ပင်လေ့ရှိပါသည်။ တစ်နေ့သောအခါက(၁၀)နာရီလောက်တွင် တူမဖြစ်သူတစ်ယောက်သည် ဆရာတော်ဘုရားထံသို့ ရောက်ရှိလာပါသည်။ လမ်းဘေးရှိ ရေချိုးကန်တွင် ရေချိုးနေကြသော ကိုရင်များက ထိုတူမဖြစ်သူအား နောက်ပြောင်ကြပါသည်။

ထိုအခါ တူမဖြစ်သူက မဟုတ်မခံစိတ်ဖြင့် ဆရာတော်ဘုရားထံ သွားရောက်ပြီး- ဘကြီးတော်ကျောင်းက ကိုရင်များ- တပည့်တော်အား နောက်ပြောင်ပါသည်-ဟု လျှောက်ထားပါသည်။ ဆရာတော်ဘုရားသည် (၃)ရက်တိုင်တိုင် ထိုအကြောင်းအရာကို မမိန့်ဆိုသေးဘဲ အဖိတ်နေ့၊ ညပိုင်း ဘုရားဝတ်တက်အပြီးတွင် အောက်ပါအတိုင်း ဩဝါဒပေးပါသည်။ “မောင်ရင်တို့ မောင်ပဉ္စင်းတို့ ကိုယ်လုပ်ကျွေးနိုင်လျှင် မည်သူဘဲဖြစ်ဖြစ် ဒို့-တားမြစ်ဖို့ မလိုပါ။ ဒါပေမယ့် မနောက်ကြနဲ့၊ မပြောင်ကြနဲ့”ဟု ရယ်ရယ်မောမောဖြင့် ဩဝါဒပေးတော်မူပါသည်။ စာရေးသူသည် နံနက်တိုင်း ဘုရားဝတ်တက်အပြီး ဓမ္မာရုံမှ ဆရာတော်ဘုရားကျောင်းသို့ လိုက်ပို့မြဲဖြစ်ပါသည်။ ဆရာတော်ဘုရားက စာရေးသူအား “ကျောင်းက မောင်ရင်တွေ၊ မောင်ပဉ္စင်းတွေက ဒို့-တူမတောင် ချမ်းသာမပေးဘူး”ဟု ပြုံးပြုံးဖြင့် အမိန့်ရှိပါသည်။

နိုးကြားမှုနှင့်ပတ်သက်၍လည်း ဆရာတော်ဘုရားသည် စံပြဖြစ်သည်ကို စာရေးသူတို့ အသိပင်ဖြစ်ပါသည်။ ပြည်မြို့တွင် ၁၂-လလုံးလုံး အရုဏ်ဆွမ်းလောင်းသင်းများ ရှိပါသည်။ ညပိုင်း ဘုရားဝတ်တက်ပြီးသည့်နောက် အမြဲတမ်း - အရုဏ်ဆွမ်းလောင်းသင်း ဘယ်နေရာမှာလဲ- ဟု မေးလေ့ရှိပါသည်။ ဆရာတော်ဘုရားသည် နံနက်ပိုင်း သစ်စည်ခေါက်ရန် အသိပေးသည့်အခါ ရှံခါ ဘဲခေါင်းလောင်းဖြင့် အသံမပေးပါ။ ယခု-ဦးထေရပွဲယနေသော သုံးထပ်တိုက်ရှေ့တွင် မီးနှစ်လုံး ရှိပါသည်။ မြောက်ဘက်တွင်ရှိသော မီးကို အသုံးမပြုပါ။ သို့သော် နံနက်ပိုင်း သစ်စည်ခေါက်ရန် တာဝန်ယူရသော ရဟန်းသည် တောင်ဘက်တွင်ရှိသော မီးကိုဖွင့်ပြီဆိုပါက သစ်စည်ခေါက်ပေးရပါသည်။ မီးဖွင့်သူမှာ ဆရာတော်ကိုယ်တိုင်ပင် ဖြစ်ပါသည်။ ဆရာတော်သည် စာအံခြင်းကို ရပ်နားသော သံချောင်းခေါက်သံအား “ရှေ့အချက်နှင့်နောက်အချက် ညီအောင်ခေါက်သည်လား”ဆိုသည်ကို နားစိုက်၍ ထောင်ပါသည်။ အကယ်၍ ရှေ့နောက် မညီမညာဖြစ်နေခဲ့သော် သံချောင်းခေါက်သော ကိုရင်-ကျောင်းသားအား ဒဏ်ပေးပြီးနောက် ထိုသို့မခေါက်ရန်နှင့် အကယ်၍ မခေါက်တတ်ပါက မခေါက်ရန်ကိုလည်း သတိပေး ဆုံးမလေ့ရှိပါသည်။

ထကြွမှုနှင့်ပတ်သက်၍ စာရေးသူတို့သည် ဆရာတော်ဘုရားအား လိုက်ပါကျင့်သုံးရန် မှီနိုင်အံ့မထင်ပါ။ နံနက်ပိုင်း သစ်စည်ခေါက်ချိန်ကို (၄)နာရီစသည် သတ်မှတ်ပေးထားပါသည်။ သို့သော် ဆရာတော်ဘုရားသည် သစ်စည်

**ဆရာတော်သည် စာအံခြင်းကို ရပ်နားသော သံချောင်းခေါက်သံအား “ရှေ့အချက်နှင့်နောက်အချက်ညီအောင် ခေါက်သည်လား”ဆိုသည်ကို နားစိုက်၍ ထောင်ပါသည်။ အကယ်၍ ရှေ့နောက်မညီမညာဖြစ်နေခဲ့သော် သံချောင်းခေါက်သော ကိုရင်-ကျောင်းသားအား ဒဏ်ပေးပြီးနောက် ထိုသို့မခေါက်ရန်နှင့် အကယ်၍ မခေါက်တတ်ပါက မခေါက်ရန်ကိုလည်း သတိပေးဆုံးမလေ့ရှိပါသည်။**

မခေါက်မီ (၄)နာရီမတ်တင်းတွင် အိပ်ယာ မှနိုးထတော်မူပြီးနောက် မျက်နှာသစ်တော်မူပါသည်။ ကိုယ်လက်သန့်စင်မှုများ ပြုလုပ်ပြီးလျှင်ပြီးချင်း အမွှေးတိုင်(၅)တိုင်ကို အဆင်သင့်ဖြစ်စေရန် ဆရာတော်ဘုရား၏ ကုလားထိုင်ဘေးတွင် ချထားလိုက်ပါသည်။ ထို့နောက် ဆရာတော်ဘုရားကိုယ်တိုင် သစ်စည်ခေါက်ဘို့ရန် အချက်ပေး ဘဲလ်ကို တီးပါသည်။ သစ်စည်ခေါက်ခြင်း ပြီးဆုံးသည်နှင့် တပြိုင်နက် ဆိုသလိုပင် ဓမ္မာရုံ၏ လှေခါးသို့ ရောက်ရှိနေပါသည်။ ကျောင်းပေါ်ရောက်ရောက်ချင်း ဘုရားရှင်အား အမွှေးတိုင်ဖြင့် ပူဇော်ပြီး "တံ မေ သ ဒီ"ဟု ရွတ်ဆိုကာ ဘုရားဝတ်ပြုပါသည်။ ထိုသို့ ဆရာတော်ဘုရား ဝတ်တက်သည့်အချိန်တိုင်အောင် ဘုန်းတော်ကြီး ဦးဓမ္မရသနှင့် ဤအရှင်မှတစ်ပါး အခြားမည်သူမျှ မရောက်ရှိသေးပေ။

ဘုရားဝတ်တက်ပြီးနောက် သံဃာတော်များ ဆွမ်းခံကြွသွားသည့်အချိန်တွင် ဆရာတော်ဘုရားသည် ဆရာတော်ဘုရား၏ကျောင်းပေါ်တွင် ပုတီးစိပ် ပရိတ်ရွတ်လျက် သီတင်းသုံးနေပါသည်။ သို့သော် သံဃာတော်များ ဆွမ်းခံမှုကြွလာဘို့ရာ (၁၀)မိနစ်အလိုတွင်မူ ဆွမ်းကျောင်းပေါ်သို့ ကြိုတင်ပြီး ရောက်ရှိနေပါသည်။ ထိုသို့ ဆွမ်းကျောင်းပေါ်သို့ ကြိုတင်ရောက်ရှိနေခြင်း၏ ရည်ရွယ်ချက်မှာ သံဃာတော်များ ပြန်ရောက်ရှိလာပါက ဆူဆူညံညံ အသံများ မဖြစ်ပေါ်စေရန်လည်းကောင်း၊ ကျောင်းရှိ ဆွမ်းစားဘုန်းကြီးများသည် ဆွမ်းကိစ္စများ စီမံရာတွင် ဝိနည်းတော်နှင့်အညီ အပ်အပ်စပ်စပ်ဖြင့် လုပ်ကိုင်စေရန်လည်းကောင်း၊ ရောက်ရှိနေခြင်း ဖြစ်ပါသည်။ ဆွမ်းစားပြီးသည့်နောက် ကျောင်းဝိုင်းအတွင်း ယခင်က မရောက်ဖြစ်သည်မှာ (၃-၄)ရက်ရှိပြီဖြစ်သောနေရာများသို့ လိုက်လံကြည့်ရှုပါသည်။ ညပိုင်းဘုရားဝတ်တက်ပြီးလျှင် "မည်သည့် နေရာတွင် အမှိုက်များရှုပ်ပွနေသည်"စသည်ဖြင့် ဩဝါဒပေးလေ့ရှိပါသည်။ မိမိသီတင်းသုံးရာကျောင်းပေါ်တွင် သီတင်းသုံးနေသည် ဖြစ်သော်လည်း -ဘယ်ကျောင်းက ဘယ်ကိုရင် စာကျက်သလား၊ စာမကျက်ဘူးလား ဆိုသည်ကို ကျောင်းသား (သို့မဟုတ်) ကိုရင်ဖြင့် ထောက်လှမ်းလျက် စာမကျက်ပါက ဆရာတော်၏ ထံပါးမှာခေါ်ကာ စာကျက်စေလေ့ရှိပါသည်။

ဝေဘန်မှုနှင့်စပ်ဆက်ကာ တင်ပြလိုပါသေးသည်။ နံနက်(၁၀)နာရီ စာအံစာတက်အတွက် ရပ်နားခြင်း အချက်ပေးသံချောင်းခေါက်၍ မကြာမြင့်မီ ဆရာတော်ဘုရားကျောင်းမှ ခေါင်းလောင်းတစ်ချက်ခေါက်ကာ ကျောင်းသားတစ်ယောက်ကို ခေါ်ပါသည်။ ကျောင်းပေါ်ရှိ ဘီရိုထဲတွင် ရှိနေသော ငှက်ပျောသီးစသည် စားစရာတစ်ခုခုကို သံဃာတော်များ ဘုန်းပေးရန် ကပ်၍ဖြစ်/မဖြစ်ကို ကြည့်ရှုခိုင်းပါသည်။ ကပ်၍ဖြစ်လျှင် ဆရာတော်ဘုရားထံ ပြရပါသည်။ ပြီးလျှင် ဘယ်နှစ်ပိုင်းပိုင်း၍ ကပ်ရန် ပြောကြားပြီး ကျောင်းသားအတွက် ချန်လောက်ပါက လည်း "ဘယ်လောက်ချန်ထား"စသည်ဖြင့် ဆွမ်းစားကျောင်းဘုန်းကြီးအား ညွှန်ကြားလျှောက်ထားစေပါသည်။ ထိုသို့ အကပ်ခိုင်းခြင်းသည် ဆရာတော်ဘုရားကျောင်းမှာရှိနေစဉ် ပုံမှန်ဖြစ်ပါသည်။ သာရေး/နာရေး ပစ္စည်းလာဘ်/လာဘနှင့် ပတ်သက်၍

---

**ဆွမ်းကျောင်းပေါ်သို့ ကြိုတင်ရောက်ရှိနေခြင်း၏ ရည်ရွယ်ချက်မှာ သံဃာတော်များ ပြန်ရောက်ရှိလာပါက ဆူဆူညံညံအသံများ မဖြစ်ပေါ်စေရန်လည်းကောင်း၊ ကျောင်းရှိဆွမ်းစားဘုန်းကြီးများသည် ဆွမ်းကိစ္စများစီမံရာတွင် ဝိနည်းတော်နှင့်အညီ အပ်အပ်စပ်စပ်ဖြင့် လုပ်ကိုင်စေရန်လည်းကောင်း၊ ရောက်ရှိနေခြင်းဖြစ်ပါသည်။**

---



၁၃၃၀-ခုနှစ်၊ နယုန်လပြည့်ကျော် ၂-ရက်နေ့တွင် ရခိုင်ပြည်နယ် လေဘေးဒုက္ခသည်များအား ထောက်ပံ့ရန် ပစ္စည်းများကို ပေးပို့ခါနီး၌ ရိုက်ကူးထားသော ဝိသုဒ္ဓါရုံဗာရာဏသီတိုက် သံဃာတော်နှင့်ကျောင်းသားများ

ဆရာတော်ဘုရားရှိစဉ်က ကျောင်းသား (၂၅-၃၀) ခန့် အမြဲမပြတ်ရှိနေသည့်အတွက် (၁၀)ကျပ်တန်ရလျှင် (၁)ကျပ်တန်ကို ကျောင်းသားအတွက် စွန့်ကြဲရပါသည်။ (၅)ကျပ်တန်ဟုဆိုလျှင် (၅၀)ပြားကို စွန့်ကြဲရပါသည်။ ရံခါ ကျောင်းသားများအား ချက်ချင်းပေးပြီး ရံခါတွင် ဆရာတော်ထံပါးတွင် စုဆောင်းထားရှိပါသည်။ကျောင်းအတွက်မဟုတ်ဘဲ ကျောင်းသားများ အတွက်သာ ဖြစ်သည့်အတွက် ထိုစု၍ရရှိသော ငွေများထဲမှ ကျောင်းသားများ အတွက် ပုဆိုး/အင်္ကျီ စသည်ဖြင့် သင့်တော်သလို ကပ္ပိဝယ်ပေးပါသည်။ လွန်ခဲ့သော ရခိုင်လေဘေး မုန်တိုင်းခံရစဉ်ကဆိုလျှင် ထိုကျောင်းသားများစုငွေမှပင် လှူဒါန်းနိုင်ခဲ့ပါသေးသည်။ ကျောင်းသံဃာသို့လည်း အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းနိုင်အောင် စီမံပေးခဲ့ပါသည်။

တပည့်များကိုကြည့်ရှုရာဝယ် အရုဏ်ဆွမ်း (သို့မဟုတ်) နေ့ဆွမ်းကို ဘုန်းပေးသုံးဆောင်စဉ် တိုက်အစ်မအိမ်မှ ဆရာတော်ဘုရားအတွက် လှူဒါန်းဆက်ကပ်သော ငါးပိချက်-ငါးကြော်စသည်ကို ဆရာတော်ဘုရားသည် သူတစ်ပါးတည်း ဘုန်းပေးလေ့မရှိပါ။ အနားရှိကျေးဇူးများသော စာချဝိုင်း (သို့မဟုတ်) အခြားသင့်တော်သော ဆွမ်းဝိုင်းတစ်ခုခုသို့ ခွဲဝေပို့ပြီးမှသာ ဘုန်းပေးတော်မူလေ့ရှိပါသည်။ ဤအရှင်ကိုယ်တိုင် ကိုယ်ရင်ဝတ်မှစ၍ ဆရာတော်ဘုရားပေးပို့သော ဆွမ်းဟင်းခွက်ကို ဘုန်းပေးစားသောက်ခဲ့ဖူးသည်မှာ အကြိမ်များစွာပင် ဖြစ်ပါသည်။ အဝေးရောက်နေသောတပည့်များအား သတင်းစာကို လိုအပ်သူများအတွက် သတင်းစာကို ပို့ပေးပြီး အချို့သော ဗဟုသုတလေ့လာလိုက်စားသူ ပုဂ္ဂိုလ်များအတွက် သူတို့နှင့်ထိုက်တန်သော စာအုပ်စာတန်းများ၊ အချို့သောပုဂ္ဂိုလ်များအတွက် မုန့်ထုပ်နို့ဆီစသည်များကို သင့်တော်သလို ပေးကမ်းချီးမြှင့်လေ့ ရှိပါသည်။ ယခုအခါ ပျံလွန်တော်မူသွားပြီးဖြစ်သော အောင်လံ၊ ရေပြည့်ဆရာတော်သည် ဆရာတော်ဘုရားကြီးအား သံယောဇဉ်ကြီးမားသည့်အလျောက် "ဒါလေးက-ငါ့ဆရာတော်က ငါ့ကို

**စာရေးသူသည် တစ်ရေးနိုးကြည့်လိုက်သောအခါတွင်လည်း ဆရာတော်ဘုရားသည် ကုလားထိုင်ပေါ်တွင်ပင် ရှိနေပါသေးသည်။ ထိုအချိန်မှသာလျှင် စာရေးသူသည် သဟသေယျသိက္ခာပုဒ်ကို စဉ်းစားမိပါတော့သည်။**

ပို့ပေးလိုက်တာ"ဟု ပေးပို့ သောမည်သည့် အရာဖြစ်စေ တန်ဖိုးထား ပြောဆို၍မဆုံး တော့ပါ။ ဦးအရိယဉာဏ၊ ဦးဩမာဝီရာဘိဝံသ စသည် မန္တလေး၊ စည်ရှင်ဆရာတော်များထံသို့လည်းကောင်း၊ မုံရွာ၊ အရာတော်နယ်မှ ဦးကောဏ္ဍည၊ ဦးရာဇိန္ဒတို့ ထံသို့လည်းကောင်း လှူကြဲရှိလျှင် လှူကြဲရှိသည့်အလျောက် ထိုက်သင့်သော ပစ္စည်းများကို ပေးကမ်းချီးမြှင့်ခြင်းဖြင့် သာသနာတော်အတွက် ကြည့်ရှုခဲ့ပါသည်။

၁၃၄၉-ခုနှစ်၊ နတ်တော်လတွင် စာရေးသူ အားခေါ်၍ ဆရာတော်ဘုရားမှ "မောင်-ပဝိတြသိရီ-ပုသိမ် ရောက်ဖူးသလား"ဟု မေးပါသည်။ စာရေးသူမှ မရောက်ဖူးကြောင်းကို လျှောက်ထားသော အခါ "အဲဒီလိုဆို ဒို့-ဘယ်နေ့ ပုသိမ်သွားမှာ လိုက်ချင်လိုက်ခဲ့ပေါ့။ ဒါပေမယ့် ရန်ကုန်၊ ဗဟန်း၊ ဝိသုဒ္ဓါရုံမှာ အရှင်သိရီကဋ္ဌနရဲ့ ပူဇော်ပွဲရှိတယ်။ အဲဒီကပြီးမှ ဒို့သွားနိုင်မယ်"ဟု အမိန့်ရှိပါသည်။ ပြည်မှ ဆရာတော်ဘုရား၏ကားဖြင့် ရန်ကုန်သို့ ကြွရောက်ကြပါသည်။ ဗဟန်း၊ ဝိသုဒ္ဓါရုံတိုက်သို့ရောက်သောအခါ ဆရာတော်ဘုရားက ဝိသုဒ္ဓါရုံတိုက်တွင် ဆင်းနေခဲ့ပြီး ဤအရှင် နှင့်ကားသမားတို့ကို ရှစ်မိုင်-မစိုးရိမ်သို့ သွားရောက်စေပါသည်။

အခမ်းအနားပြီးစီးသည့် နောက် တစ်နေ့ ညနေ(၃)နာရီခန့်တွင် သင်္ဘောဆိပ်သို့ ဆင်းခါနီး တွင် ပစ္စည်းများကားပေါ်သို့တင်နေစဉ် ဆရာတော်ဘုရားက "မောင်ပဝိတြသိရီ - ဒို့-ထိုင်တဲ့ ကုလားထိုင်လေး ကားပေါ်တင်လာခဲ့" ဟု မိန့်ပါသည်။ စာရေးသူမှာ အဘယ်အတွက်ကြောင့် တင်ခိုင်းခြင်းဖြစ်သည်ကို သဘောမပေါက်သေးပါ။ ရှစ်မိုင်-မစိုးရိမ်ဆရာတော်ဘုရားကပါ "ဟုတ်တယ်။ တင်သွား"ဟု မိန့်ပါ သည်။ သင်္ဘောဆိပ်သို့ရောက်သောအခါ ဗန္ဓုကသင်္ဘောမှ အရာရှိက အသင့်စောင့်ကြိုနေပါသည်။

သင်္ဘောပေါ်သို့ ရောက်သည်ဟု ဆိုလျှင် ယူဆောင်လာခဲ့သော ကုလားထိုင်ကို ထိုင်နိုင်ရန် အသင့်ထားစေပါသည်။ ဤအရှင်မှာ သင်္ဘောဖြင့် ခရီးမသွားဘူးသေးသောကြောင့် ကမ်းဘက်သို့ သည်ဘက်ဟိုဘက် လမ်းလျှောက်၍ ကြည့်ရှုနေပါသည်။

ည(၇း၃၀)ခန့်ရှိသောအခါ အပြင်ဘက်တွင် လေကတိုက်သဖြင့် အေးစိမ့်စိမ့်ဖြစ်လာသောကြောင့် စာရေးသူသည် အခန်းထဲသို့ ဝင်လာခဲ့ပါသည်။ ဆရာတော်ဘုရားသည် ကုလားထိုင်ပေါ်တွင်ပင် ရှိပြီး ကုဋင်ပေါ်သို့ မတက်သေးပါ။ ညပိုင်း (၁၀)နာရီခန့် အခန်းတွင်းသို့ဝင်၍ ကြည့်ရှုသောအခါတွင်လည်း ဆရာတော်ဘုရားသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက်ပင် ရှိပါသေးသည်။ ထိုစဉ်က ဤအရှင်မှာ လွန်ခဲ့သော(၂)လလောက်က အဆုတ်ရောဂါအတွက် ဆေးကုထားရသည်။ ထို့ကြောင့် ဆရာတော်ဘုရားက "မောင်ပဝိတြ- မင်းက ရောဂါသည်။ အဲဒီကုဋင်ပေါ် တက်အိပ်"ဟု အမိန့်ရှိပါသည်။ စာရေးသူသည် တစ်ရေးနိုးကြည့်လိုက်သောအခါတွင်လည်း ဆရာတော်ဘုရားသည် ကုလားထိုင်ပေါ်တွင်ပင် ရှိနေပါသေးသည်။ ထိုအချိန်မှသာလျှင် စာရေးသူသည် သဟသေယျသိက္ခာပုဒ်ကို စဉ်းစားမိပါတော့သည်။

မှန်ပါသည်။ ဆရာတော်ဘုရားသည် အပြင်ဘက်တွင် ဒကာဒကာမများ ရှိနေသည့်အတွက် မည်သို့မျှ အိပ်လိမ့်မည်မဟုတ်ပါ။ စာရေးသူသည် ထိုညတွင် မတ်တတ်ရပ်အညောင်းဖြေနေသော ဆရာတော် ဘုရား၏ အသွင်သဏ္ဍာန်ကို ယနေ့တိုင် မမေ့နိုင် သေးပါ။

ဝိနည်းနှင့်ပတ်သက်၍ ဆရာတော်ဘုရား နှင့်ကျောင်းသားတို့အကြား ရယ်ရွှင်ဘွယ်ရာလေး တစ်ခုအဖြစ် စာရေးသူ၏ကိုယ်တွေ့တစ်ခုကို တင်ပြ လိုပါသေးသည်။ ရဟန်းတော်များအား ဘုရားရှင် ပညတ်ထားသော စားဘွယ်သောက်ဘွယ်ကို မသိုမှီး မသိမ်းဆည်းရခြင်းနှင့်ပတ်သက်သည့် သန္နိဓိသိက္ခာ ပုဒ်ဟူသည်ရှိပါသည်။ တစ်နေ့တွင် ဆရာတော်ဘုရား ဘုန်းပေးပြီးနောက် ပိုနေသော မုန့်တစ်မျိုးကို ဆရာတော်ဘုရားက "ဟဲ့-ကျောင်းသား၊ ဒီမုန့် မင်းကို စွန့်လိုက်တယ်၊ ယူသွား"ဟု ပြောကြားလိုက်ပါသည်။ ထိုအခါ ကျောင်းသားက ၎င်းမုန့်ကို မစားဘဲ ဘီရိုထဲတွင် သိမ်းထားလိုက်ပါသည်။ နောက်တစ်နေ့ ၌ ဆရာတော်ဘုရားကျောင်းပေါ်တွင် လမ်းလျှောက် ရာ ဘီရိုထဲတွင် ၎င်းမုန့်ကိုမြင်နေသည်။ ကျောင်းသား ခေါ်ပြီး "မင်းမနေ့ကမုန့် မစားရသေး ဘူးလား" "မစားရသေးပါဘုရား" ဒီလိုဆိုရင် အဲဒီမုန့်က မင်းကို အပြီးစွန့်လိုက်တာ မင်းကိုယ်ပိုင်မုန့်ဖြစ်သွားပြီ။ ဆရာတော်ထံတွင် မပြည့်စုံသည့် ကျောင်းသားများ ရောက်လာခဲ့သော် ပေးရန်အတွက် အင်္ကျီပုဆိုးအပို တွေ အမြဲရှိနေသည်။ ဒါဆိုရင် "ဒို့မှာ အင်္ကျီတစ်ထည် ရှိတယ်။ အဲဒီမုန့်နဲ့ ဒို့အင်္ကျီနဲ့လဲရအောင်"ဟု ကျောင်း သားအားပြောပါသည်။ ကျောင်းသားက "တပည့် တော် အပြီးပေးတာဆိုရင် ဆရာတော်အင်္ကျီ မလိုချင် ပါဘုရား။ တပည့်တော်မုန့်ပဲ တပည့်တော်စားပါတော့ မယ်"ဟု ပြန်လျှောက်ပြီး သူ့မုန့်သူစားပစ်လိုက်ပါ သတဲ့။ ညဘုရားဝတ်တက်ပြီး သံဃာတောထဲအမိန့်ရှိ ရယ်စရာပြောကာ "သူ့မုန့် အင်္ကျီနဲ့တောင် မလဲနိုင်ဘူး တဲ့ဗျာ"ဟု ပြောပါသည်။

ဆရာတော် သက်တော်(၈၅)နှစ်ပြည့်သွား ပြီ။ ရှေ့အခါက ရပ်ရွာထဲမှ ဆွမ်းစားကွမ်းစားပင့် လျှင် ဤအရှင်ထံ အရင်ဝင်ရောက်လာ သည်ကများသည်။ ရောက်လာသော ဒကာ/ဒကာမများအား ဒီလိုလျှောက် ဒီလို ပြော သင်ပေးလိုက်သည်။ ဆရာတော် ဘုရားလိုက်မည်ဆိုလျှင် ပြန်ပြော လိုက်မည်ဆိုလျှင် ဘာဟင်းချက်၊ နေဘို့ ထိုင်ဘို့ အခင်းအကျင်းမှစ၍ သင်ပေးလိုက် သည်။ ဒကာ/ဒကာမများက ညွှန်ကြား လိုက်သည့်အတိုင်း လုပ်ကိုင်ပါသည်။ အဓိကက ဒကာ/ဒကာမများသဒ္ဓါတရား ဖြစ်ဘို့ ဆရာတော် စိတ်ချမ်းသာဘို့ဖြစ် ပါသည်။ (၈၅)နှစ်ပြည့်သောအခါ မောင် ပဝိတြ "ဒို့ဆွမ်းစားတွေ မထည့်နဲ့တော့၊ အသက်ကြီးလာတော့ လူတောထဲနေရ ထိုင်ရ စားရ သောက်ရတာ မကောင်း တော့ဘူး။ တစ်ခါတစ်လေ စားရင်း သောက်ရင်းနဲ့ နှာရည်တို့ မျက်ရည်တို့ ကျလာတတ်တယ်။ သူများတွေမြင်သွားရင် ရွံစရာကြီး ဖြစ်နေမယ်။ ဘယ်မှမထည့်ပါနဲ့ တော့"ဟုပြောပါသည်။ နောင်လာ နောက် သားများအတွက်လဲ ဆင်ခြင်ဘွယ်ရာဖြစ် ပါသည်။

---

**(၈၅)နှစ်ပြည့်သောအခါ မောင်ပဝိတြ "ဒို့ဆွမ်းစားတွေ မထည့်နဲ့တော့၊ အသက်ကြီး လာတော့ လူတောထဲ နေရထိုင်ရ စားရ သောက်ရ တာ မကောင်းတော့ဘူး။ တစ်ခါတစ်လေ စားရင်းသောက်ရင်းနဲ့ နှာရည်တို့ မျက်ရည်တို့ ကျလာတတ်တယ်။ သူများတွေမြင်သွားရင် ရွံစရာကြီး ဖြစ်နေမယ်။ ဘယ်မှ မထည့်ပါနဲ့ တော့"ဟု ပြောပါသည်။**

---


ရွှေဆံတော်စေတီတော်ကြီးစည်း ဝေးပွဲပင်ဖြစ်သည်။ ဒကာကြီးနှစ်ယောက် ဘူးစိမ်းကြီးဦးဘဦးနှင့် ကရဝိက်ဦးလှမြင့် တို့ဖြစ်သည်။ အသက်(၆၀)ပြည့်ပြီဖြစ်၍ ဂေါပကအဖွဲ့မှ အနားယူမည်ဖြစ်ကြောင်း ဩဝါဒါစရိယဆရာတော်ကြီးများပင့်၍ လျှောက်ထားခြင်းဖြစ်သည်။ ကျန်ဆရာတော်များဘာမျှမပြောကြပါ။ ဆရာတော်ဘုရားကြီးမှ "ဘုန်းကြီးပြောပါရစေ။ အသက်(၆၀)ပြည့်လို့ အနားယူကြစတမ်းဆိုလျှင် ဒကာကြီးနေလိုက်ဦး ဟောဒီဘုန်းကြီးက အသက်(၈၀)ကျော်ပြီဖြစ်တဲ့အတွက် ဘုန်းကြီးက အရင်နားမယ်။ နောက်မှ ဒကာကြီးများက နားကြပါ"ဟု ပြောလိုက်သောအခါ ဒကာကြီးများက "ဆရာတော်နားလို့ ဘယ်ဖြစ်မှာလဲဘုရား"ဟု လျှောက်ထားကြသည်။ ဒီတော့မှ ဆရာတော်က သာသနံ ပုညဝဍ္ဎဿ အစရှိ သောဂါထာဖြင့် "သာသနာဆိုတာ ဘုန်းကံရှိ/ပစ္စည်းရှိတဲ့သူမှ ပြုနိုင်တာ။ ယခုဒကာကြီးများ ပစ္စည်းလည်းရှိပြီး ဘုန်းကံလည်းရှိပြီးဖြစ်တဲ့အတွက် အသက်ပင်ကြီးသော်လည်း ဆက်လက်ပြီး သာသနာပြုနိုင်ရန်အတွက် ဒီဂေါပကအဖွဲ့ထဲမှမထွက်ဘဲ သာသနာပြုဘို့ရာ ဘုန်းကြီးက တိုက်တွန်းပါတယ်"ဟု ဩဝါဒပေးသောကြောင့် ၎င်းဒကာကြီးများ ဂေါပကအဖွဲ့မှ မထွက်ဘဲ ဆက်လက် သာသနာပြုသွားကြပါသည်။

ဤသို့စသည်ဖြင့် ဆရာတော်ဘုရားသည် သာသနာ ကျောင်းတိုက်နာယကဆရာတော်ဖြစ်သည့်အားလျော်စွာ နာယကဂုဏ်(၆)ပါးနှင့်အညီ နေထိုင်ကာ သာသနာပြုသွားပုံ တစ်စိတ်တစ်ဒေသကို မှန်းဆတမ်းတ၍ ဆရာတော်ဘုရားကြီး၏ ပေးဆပ်မကုန်နိုင်သော ဂုဏ်ကျေးဇူးတို့အား ရည်မှန်းပူဇော်လိုက်ရပါသတည်း။

**ဆရာတော်ဘုရားကြီးမှ "ဘုန်းကြီးပြောပါရစေ။ အသက်(၆၀)ပြည့်လို့ အနားယူကြစတမ်းဆိုလျှင် ဒကာကြီးနေလိုက်ဦး ဟောဒီဘုန်းကြီးက အသက်(၈၀) ကျော်ပြီဖြစ်တဲ့အတွက် ဘုန်းကြီးက အရင်နားမယ်။ နောက်မှ ဒကာကြီးများက နားကြပါ"ဟု ပြောလိုက်သောအခါ--**

ရွှေဆံတော် စေတီတော်ကြီးအနောက် တောင်ထောင့်ဘက်မှ တောင်တော်ပြုပြီးလို့ထင်ပါသည်။ တောင်တော်ပြင်ဆင်ဘို့ရာအတွက် ဩဝါဒါစရိယဆရာတော်များအားပင့်ဖိတ်၍ ဩဝါဒခံယူသည်။ ဆရာတော်ဘုရားလည်း ဩဝါဒါစရိယဖြစ်သောကြောင့် ကြွရပါသည်။ ဤအရှင်စာချနေသောကြောင့် ဆရာတော်ဘုရားကြီးကြွသွားသည်ကို မသိလိုက်ပါ။ ပြန်ရောက်သောအခါ ဤအရှင်အား "ကျောင်းသား မောင်ကျော်ထွန်း(ဇိန့်)က လာခေါ်ပါသည်။ ရောက်သွားသောအခါ သက်န်းရုံပင် မဖျက်သေး။ ကုလားထိုင်ကြီးပေါ် စိတ်ပျက်လက်ပျက်ဖြင့် ထိုင်နေပါသည်။ "ဆရာတော်ဘာများဖြစ်ပါသလဲဘုရား"ဟု လျှောက်ထားပါသည်။ "ဘာမှတော့ မဟုတ်ပါဘူး။ ခင်ဗျားကို ကျုပ်ပြောထားမလို့။ ဒီနေ့ဘုရားကြီးပေါ်မှာ စည်းဝေးပွဲရှိလို့သွားတာ စိတ်ထဲ မကောင်းလိုက်တာ"။ "ဘာများပါလဲ"လို့ လျှောက်ထားတော့ မဟာဇေယျဆရာတော်ကြီးပေါ့၊ လေဖြတ်ထားတာ ခြေထောက်ကမမြောက်နိုင် မလှမ်းနိုင် ဟိုဘက်ဒီဘက် ဒကာနှစ်ယောက်တွဲပြီ စည်းဝေးပွဲ တက်လာတယ်။ အကယ်၍များ ကျုပ်တို့အဲသည်လို များဖြစ်ခဲ့ရင် ဘယ်မှမထည့်ပါနှင့်"ဟု ပြောပါသည်။

**အရှင်ပဝိတြသိရီ**
(မဟာဂန္ထဝါစကပဏ္ဍိတ)
ပ-ဝိ-ဗာ စာချနာယက



# "သာသနာပိုင်မှတ်တမ်း" လာ ရွှေကျင်သာသနာပိုင်ကန်ကြီးဆရာတော်ဘုရားကြီး၏ စာပေအမြင်

မြဝင်း(ဒဿန)

(၁)

ဤဆောင်းပါး၌ "သာသနာပိုင်မှတ်တမ်း"လာ ရွှေကျင်သာသနာပိုင်ကန်ကြီးဆရာတော်ဘုရားကြီး၏ စာပေအမြင်ကိုတင်ပြမည်ဖြစ်ပါသည်။

(၂)

တစ်ချိန်က ရွှေကျင်သာသနာပိုင် ကန်ကြီးဆရာတော်ဘုရားသည် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးက ကြီးမှူးကျင်းပအပ်သော သကျသီဟစာမေးပွဲ ဖြေဆိုရန် မန္တလေးမြို့ အနောက်ပြင်ရှိ မိုးကောင်းကျောင်းတိုက်၌ သီတင်းသုံး၍ သကျသီဟစာမေးပွဲဆိုင်ရာ ပိဋကတ်များကိုလေ့လာ ဆည်းပူးနေခဲ့ပါသည်။

ထိုသို့လေ့လာဆည်းပူးနေစဉ် မန္တလေးမြို့ အရှေ့ပြင် သာသနာပိုင်တိုက်တော်တွင်သီတင်းသုံးနေထိုင်သော အောက်မြန်မာပြည်က ဦးဓမ္မဝံသ ဆရာတော်ကြီး ပျံတော်မူသဖြင့် ကန်ကြီးဆရာတော်ဘုရားသည် ရမည်းသင်းကျောင်းဆရာတော်ဦးဉာဏဝံသနှင့်အတူသွား ရောက်၍အကျိုးအကြောင်းမေးမြန်းခဲ့ပါသည်။

ထိုသို့သွားရောက်မေးမြန်းစဉ် စကုတိုက်မှ ရွှေမန်းတင်မောင်၏ ဆရာတော်ဦးကေသရနှင့် တွေ့ရာ ဆရာတော်ဦးကေသရက 'ဦးဇဉ်းဘယ်ကျောင်းတိုက်မှာနေသလဲ'ဟု မေးခဲ့ပါသည်။ထိုအခါ ကန်ကြီးဆရာတော်ဘုရားကြီးက"တပည့်တော် မိုးကောင်းကျောင်းတိုက် ညောင်းရမ်းဆရာတော်ကျောင်း နေပါသည်"ဘုရားဟုပြန်လည်လျှောက်ထားခဲ့ပါသည်။ ထိုအခါ ဆရာတော်ဦးကေသရ-က "ညောင်ရမ်းဆရာတော်ကြီးဟာ သိပ်စာတတ်တာပဲ။ သို့သော် လောကီရေးရာမှာ ဘာမှမသိဘူး"ဟုမိန့်ပါသည်။

ကန်ကြီးဆရာတော်ဘုရာကြီးသည် ဆရာတော်ဦးကေသရ၏မိန့်ကြားချက်ကို ကြားရသည့်အချိန်မှ၍ ပိဋကတ်စာပေများကိုသာမက လောကရေးရာ၊ ဓမ္မရေးရာ၊ ရာဇဝင်သမိုင်း၊ မော်ကွန်းကျောက်စာ အဖြာဖြာတို့ကိုကြည့်ရှုလေ့လာ၍ မှတ်ဖွယ်မှတ်ရာများကို ဒိုင်ယာရီစာအုပ်များ၌ ရေးမှတ်ခဲ့လေသည်။

( ၃ )

ညောင်ရွှေမြို့၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၌ ကျင်းပပြုလုပ်သော ပဉ္စရသမအကြိမ် ရွှေကျင်နိကာယ ဂိုဏ်းလုံးဆိုင်ရာ သံဃာအစည်းဝေးကြီးပြီးဆုံးသောအခါ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော် အရှင်ဉာဏိဿရက ကန်ကြီးဆရာတော်ဘုရားကြီးအား ထိုဒိုင်ယာရီစာအုပ်များ၌ ရေးမှတ်ထားသောစာများကို စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေခွင့်ပြုရန် လျှောက်ထားလေသည်။

ကန်ကြီးဆရာတော်ဘုရားကြီးကလည်း နောင်လာနောက်သားများ ဗဟုသုတတိုးပွါးရန် ဗာဟုသစ္စမင်္ဂလာအကျိုးငှါ ဝမ်းမြောက်ဝမ်းသာခွင့်ပြုတော်မူပါသည်။

ကန်ကြီးဆရာတော်ဆရာတော်ဘုရားကြီး အထံမှ ခွင့်ပြုချက်ရသောအခါ သီတဂူဆရာတော် အရှင်ဉာဏိဿရသည် ထိုဒိုင်ယာရီစာအုပ်များကို ယူဆောင်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနအဖွဲ့သို့ ဒိုင်ယာရီစာအုပ်များကို လွှဲအပ်ပြီးလျှင် ဒိုင်ယာရီများ၌ ရေးမှတ်ထားသောစာများကို စာအုပ်အဖြစ် ရိုက်နှိပ်ရန် တာဝန်ပေးခဲ့ခဲ့သည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သုတေသနနှင့် ကျမ်းပြုဌာနအဖွဲ့သည် ထိုဒိုင်ယာရီများ၌ ရေးမှတ်ထားသော စာများကို စေ့စပ်စွာဖတ်ခြင်း ရွေးချယ်စိစစ်ခြင်း စုဆောင်းစီစဉ်ခြင်း စာအုပ်ပုံပေါ်လာသည်အထိ ကွန်ပျူတာ၌စီစဉ်ခြင်းအခန်းခွဲခြင်း မာတိကာအကျွရာဝလိ စီစဉ်ခြင်း နိဒါန်း၏ ရှေးပြေးစာရေးခြင်း စာအုပ်မျက်နှာဖုံးပုံဆွဲခြင်း အမှားအမှန်စိစစ်ခြင်း သတ်ပုံသတ်ညွှန်းစိစစ်ခြင်း စသည်တို့ကို လုပ်ဆောင်၍ စာအုပ်ရိုက်နှိပ်ခဲ့လေသည်။

သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သုတေသနနှင့် ကျမ်းပြုဌာနအဖွဲ့၏ စိတ်အားထက်သန်စွာ လုပ်ဆောင်မှုကြောင့် သာသနာ ၂၅၄၆၊ ကောဇာ ၁၃၆၄-တွင် "သာသနာပိုင်မှတ်တမ်း"စာအုပ်ကြီး ထွက်ပေါ်လာခဲ့လေသည်။ စာအုပ်အရွယ်အစားသည် ၂၀×၁၇ စင်တီမီတာဖြစ်၍ စာမျက်နှာ ၅၆၈ မျက်နှာပါရှိလေသည်။

ကဏ္ဍအားဖြင့်

၁။ ဝိနည်းရေးရာကဏ္ဍ၊
၂။ ဓမ္မရေးရာကဏ္ဍ၊
၃။ ဝိနိစ္ဆယရေးရာကဏ္ဍ၊
၄။ ကမ္ဘာ့ရာဇဝင်ကဏ္ဍ၊
၅။ နိုင်ငံရေးကဏ္ဍ၊
၆။ ကမ္ဘာရေးရာကဏ္ဍ၊
၇။ ရာဇဝင်ကဏ္ဍ၊
၈။ သာသနာရေးကဏ္ဍ၊
၉။ သာသနာဝင်ကဏ္ဍ၊
၁၀။ စာပေးရေးရာကဏ္ဍ၊
၁၁။ ရွှေကျင်ရေးရာကဏ္ဍ၊
၁၂။ အခြားဂိုဏ်းရေးရာကဏ္ဍ၊
၁၃။ ပုဂ္ဂိုလ်ရေးရာကဏ္ဍ၊
၁၄။ အထွေထွေကဏ္ဍ၊
၁၅။ နောက်ဆက်တွဲကဏ္ဍ-ဟူ၍

ကဏ္ဍ ၁၅-ခုပါရှိပါသည်။

ထိုကဏ္ဍများက ကန်ကြီးဆရာတော်ဘုရားကြီးသည် လောကရေးရာ၊ ဓမ္မရေးရာ အဖြာဖြာတို့ကို အဘယ်မျှ ကြည့်ရှုလေ့လာခဲ့သည်ကို ဖော်ပြနေပါသည်။

( ၄ )

ပညာရှင်အသီးသီးသည် "သာသနာပိုင်မှတ်တမ်း"နှင့် စပ်လျဉ်း၍ နှလုံးသွင်းဖွယ်ရာ အချက်များကို တင်ပြခဲ့ကြပြီးဖြစ်ပါသည်။

"သာသနာပိုင်မှတ်တမ်း"စာအုပ်၌ပင် အရှင်အာဒိစ္စဝံသ (ဆားလင်းကြီး) သည်"မြန်မာစာပေ၏ ကွက်လပ်ကို ဖြည့်ဆည်းလိုက်ခြင်း" ဟူသော စာတမ်းဖြင့်လည်းကောင်း၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သုတေသနနှင့်ကျမ်းပြု အဖွဲ့သည်"ကန်းကြီးဆရာတော်(သို့) ခေတ်သစ်မဟိန္ဒ"ဟူသော စာတမ်းဖြင့်လည်းကောင်း သီတဂူဆရာတော် အရှင်ဉာဏိဿရ သည် သာသနာပိုင်မှတ်တမ်း(သို့)သာသ

နာဟင်းလေးအိုး(သို့)ဗဟုသုတစွယ်စုံကျမ်း ဟူသော စာတမ်းဖြင့်လည်းကောင်း တင်ပြခဲ့ကြပြီးဖြစ်သည်။

ထို့ပြင် သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရသည် "သာသနာပိုင်မှတ်တမ်းစာတမ်း" ဟူ၍ သီးခြားစာတမ်းရေး၍ ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်အပ်သော သောဠသမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်နိကာယဂိုဏ်းလုံး သံဃာ့အစည်းအဝေးကြီးတွင် တင်သွင်းဖတ်ကြားခဲ့ပါသည်။

ဤသို့လျှင် ပညာရှင်အသီးသီးသည် "သာသနာပိုင်မှတ်တမ်း" နှင့်စပ်လျဉ်း၍ နှလုံးသွင်းဖွယ်ရာအချက်များကို တင်ပြခဲ့ပြီးဖြစ်သော်လည်း "သာသနာပိုင်မှတ်တမ်း" သည်ဗဟုသုတစွယ်စုံကျမ်းကြီးဖြစ်လေရာ တင်ပြစရာ အချက်များစွာ ကျန်ရှိနေပါသေးသည်။

ယခုကျွန်တော်သည် ကျန်ရှိနေသောအချက်များထဲမှ ကန်ကြီးဆရာတော်ဘုရားကြီး၏ စာပေအမြင်နှင့် စပ်လျဉ်းသော နှလုံးသွင်းဖွယ်ရာအချက်အချို့ကိုတင်ပြမည်ဖြစ်သည်။

( ၅ )

သာသနာပိုင်မှတ်တမ်း၌ ဆရာတော်ဘုရားကြီးရေးမှတ်ထားသော ကလေးကဗျာ ၂-ပုဒ်နှင့် ထိုကလေးကဗျာ ၂-ပုဒ်နှင့်စပ်လျဉ်းသော ဆရာတော်ဘုရားကြီး၏ အမြင်များကိုတွေ့ရပါသည်။

ဆရာတော်ဘုရားကြီးရေးမှတ်ထားသော ကလေးကဗျာ ၂-ပုဒ်အနက် ပထမကလေးကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

" တစ်နှစ် ဆို့ရှယ်လစ်
သုံးလေး လုပ်အားပေး
ငါးခြောက် အရင်းရှင်ပြောက်
ခုနှစ်ရှစ် လူ့ဘောင်သစ်
ကိုးတစ်ဆယ် လှမ်းစို့ကွယ် "

ထိုကလေးကဗျာနှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီးက ကဗျာ၏ အောက်ခြေတွင် "၄င်းကဗျာ ကလေးနှင့် မလျော်ဘူး" ဟူသော သူ့အမြင်ကို ရေးခဲ့ပါသည်။

ဒုတိယကလေးကဗျာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ သစ်ပင်ကလေး တစ်ပင်မှာ
အပိုင်း လေးပိုင်းပါ
တစ်ပိုင်းမှာ အမြစ်တဲ့
မှတ်ယူကြစို့ကွဲ ။

၂။ အမြစ်ကလေး တဖွာဖွာ
မြေထဲ တိုးဝှေ့ကာ
အစာရှာ ရေမြေဓာတ်
ပင်စည်မားမားရပ် ။

၃။ နောက်တစ်ပိုင်းက ပင်စည်ပါ
မာကျော လုံးကျစ်စွာ
သယ္တာဝန်က ဆက်သွယ်ရေး
အစာပို့တယ်လေး ။

၄။ မြစိမ်းဖန့်ဖန့် အရွက်ဖြာ
လေကို ရှူရှိုက်ကာ
ကိုင်းအညှာ ရွက်ကိုထိန်း
လေတိုက်ဘယ်ညာယိမ်း ။

ထိုကလေးကဗျာနှင့် စပ်လျဉ်း၍ဆရာတော်ဘုရားကြီးကထိုကလေးကဗျာ၏အောက်ခြေတွင် "ဤဟာလျော်၏" ဟူသော သူ့အမြင်ကို ရေးခဲ့ပါသည်။

(သာသနာပိုင်မှတ်တမ်း။ စာ-၃၀၅)

ကဗျာနှစ်ပုဒ်အနက် ပထမကလေးကဗျာသည် ကဗျာငွေ့ကဗျာဓာတ်မပါဘဲ အချက်အလက်များကို ကာရန်ဖြင့် ချိတ်ဆက်ထားဖြင်းမျှသာဖြစ်ပါသည်။ အခြောက်တိုက်သဘောဆန်သည်ဟု ဆိုနိုင်ပါသည်။ ကလေးတို့သည် ထိုကဗျာကို သံပြိုင်ဆို၍ နှုတ်တက်အရဆောင်ခဲ့ကြသော်လည်း ထိုကဗျာသည် ကလေးတို့၏ရင်ထဲ၌ စွဲထင်၍ မကျန်ရစ်ခဲ့ပါ။

ဒုတိယကလေးကဗျာသည် ကဗျာငွေ့ ကဗျာဓာတ်ပါသောကဗျာဖြစ်၍ ပထမကဗျာကဲ့သို့ အခြောက်တိုက်သဘောမဆန်ဘဲ စိုစိုပြည်ပြည်ရှိ

သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် ထိုကဗျာသည် ကလေးတို့၏ရင်ထဲ၌ စွဲထင်၍ ကျန်ရစ်နိုင်ပါသည်။

ဆရာတော်ဘုရားကြီး၌ ထိုကလေးကဗျာ ၂-ပုဒ်နှင့် စပ်လျဉ်း၍ ပြောမည်ဆိုလျှင် ပြောစရာ အများကြီးရှိမည်ဟု ထင်ပါသည်။ သို့တစေ ဆရာတော်ဘုရားကြီးသည် ထိုကိစ္စကိုသူ့ကိစ္စမဟုတ်ဟူ၍ ယူဆခဲ့လေသလော မပြောတတ်ပါ။ အထူးအထွေ ပြောမနေတော့ဘဲ နောင်လာနောက်သားတို့ သတိမူမိကြစေရန် ပထမကလေးကဗျာနှင့်စပ်လျဉ်း၍ 'ငှင်းကဗျာကလေးနှင့်မလျော်ဘူး'' ဟူသော မှတ်ချက်နှင့် ဒုတိယကလေးကဗျာနှင့်စပ်လျဉ်း၍ "ဤဟာလျော်၏" ဟူသော မှတ်ချက်များကိုသာပေးခဲ့ပါသည်။

ထိုမှတ်ချက်များသည် တိုပင်တိုငြားသော်လည်း ထိုမှတ်ချက်များ၏နောက်ကွယ် အဓိပ္ပါယ်များစွာ ခိုအောင်းနေသည်ဟု ဆိုနိုင်ပါသည်။ ထိုခိုအောင်းနေသော အဓိပ္ပါယ်များကို စာပေဝေဖန်ရေးဆရာတို့က ဖော်ထုတ်ကြရန်ဖြစ်သည်။

နိဂုံးချုပ်အားဖြင့် နောင်လာနောက်သားတို့ ဗဟုသုတတိုးပွားရန်အလို့ငှါ မှတ်ဖွယ်မှတ်ရာများကို ဒိုင်ယာရီများ၌ ဝီရိယထက်သန်စွာ ရေးမှတ်တော်မူခဲ့သော ရွှေကျင်သာသနာပိုင် ကန်ကြီးဆရာတော်ဘုရားကြီးအားလည်းကောင်း၊ ထိုဆရာတော်ဘုရားကြီးရေးမှတ်တော်မူခဲ့သော ဒိုင်ယာရီများကို "သာသနာပိုင်မှတ်တမ်း" ဟူသော စာအုပ်ကြီးအဖြစ်သို့ ရောက်အောင်အကျိုးဆောင်တော်မူခဲ့သော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိဆရာတော် အရှင်ဉာဏိဿရအား ဤဆောင်းပါးဖြင့် ရိုသေစွာ ရှိခိုးကန်တော့ပါ၏။

**မြဝင်း(ဒဿန)**

ဦးမြဝင်း ပါမောက္ခချုပ် (ငြိမ်း)
ဂေါပက၊ ရွှေဆံတော်စေတီတော်
ပြည်မြို့

## ရွှေရတုမှ ရတုအဆက်ဆက်သို့

* တို့များဆရာ စေတနာနှင့်
မေတ္တာ,ကရုဏာ ကျင့်သိက္ခာကို
နွေမှာပွင့်လန်း ပိတောက်ပန်းနှင့်
တင့်ဆန်းပုံလို မနှိုင်းဆိုဘူး
ထိုပန်း နေထိနွမ်းသောကြောင့်

* တို့များဆရာ စေတနာနှင့်
မေတ္တာ,ကရုဏာ ကျင့်သိက္ခာကို
မိုးမှာပွင့်လန်း ယင်းမာပန်းနှင့်
တင့်ဆန်းပုံလို မနှိုင်းဆိုဘူး
ထိုပန်း ကြွေရိနွမ်းသောကြောင့်

* တို့များဆရာ စေတနာနှင့်
မေတ္တာ,ကရုဏာ ကျင့်သိက္ခာကို
ဆောင်းမှာပွင့်လန်း ခွါညိုပန်းနှင့်
တင့်ဆန်းပုံလို မနှိုင်းဆိုဘူး
ထိုပန်း နေထိကြွမ်းသောကြောင့်

* ဆရာ့စေတနာ ကရုဏာနှင့်
မေတ္တာရင်းပြု ပေးဆပ်မှုကို
ရတုများစွာ ခွန့်ရှည်ကြာဘို့
ညီညာလက်တွဲ ရှေ့သို့ နွဲကာ
တို့ မြဲ ဒိဋ္ဌာန်ပြုကြစို့

မောင်အေးချမ်း(ပြင်တော်)
ဗာရာဏသီ

အကျွန်ုပ်ပါဝင်ခဲ့သော သိမ်မာသမုတိကံတို့တွင် အချို့မှာ မဟာဝိသုဒ္ဓါရုံဇဟိုဌာနမှ သံဃာတော်များချည်း သန့်သန့်ဖြစ်၏။ အချို့မှာ စည်ရှင်ဆရာ တော်များနှင့်မင်းကွန်းမှ သံဃာတော်များ ပေါင်းစပ်၍ ဖြစ်၏။ အချို့မှာ ဝိသုဒ္ဓါရုံတိုက်သံဃာတော်များနှင့် စစ်ကိုင်းမှ သံဃာတော်များဖြစ်၏။ အချို့မှာ ညောင်တုန်း ရွှေဟင်္သာတောရတိုက် သံဃာတော်များချည်းဖြစ်၏။ အချို့မှာ မြောင်းမြဆရာတော်ဦးဆောင်သော ရန်ကင်း မဟာဗောဓိတိုက် သံဃာတော်များချည်းဖြစ်၏။ ထို့မှတပါး များစွာသော သိမ်မာသမုတိကံ တို့မှာ ဂိုဏ်းပေါင်းစုံမှ သံဃာတော်များ ပေါင်းစပ်၍ ဖြစ်၏။ ထိုကံများစွာတို့တွင် ဤ၌ မှတ်သားမိသောကံများကို တင်ပြပါမည်။

တစ်ကြိမ်တွင် မြောင်းမြဆရာတော်ဦးဆောင်သော သံဃာတော်များနှင့် သမုတ်သော သိမ်ဖြစ်ပါသည်။ သိမ်သမုတ်ရာဌာနမှာ ပလိပ်မြို့ ဖြစ်ပါသည်။ သိမ်သမုတ်ရာအချိန် ကာလကား ည(၁၀)နာရီခန့် ဖြစ်ပါသည်။ ဗာရာဏသီဆရာတော် မှာ နိမိတ်စောင့်ဖြစ်၍ မြောင်းမြ ဆရာတော်ဘုရား ကြီးက ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ - ဟု မေးပါသည်။ ပါသာဏော ဘန္တေ-ဟု ဗာရာဏသီက ဖြေဆိုပါသည်။ ထိုအခါ မြောင်းမြ ဆရာတော်ဘုရား ကြီးက ဧသော ပါသာဏော နိမိတ္တံ-ဟု ဗာရာဏသီ

## ဆရာတော်ဘုရားများနှင့်အတူ သိမ်သမုတ်ခြင်းနှင့် ကံဆောင်ခြင်းများပါဝင်ခဲ့စဉ်က မှတ်သားမိသော ဆရာတော်ဘုရားများ၏ နျုဗ္ဗဒေသများ

မမ္မရသ(ပိ–ဗာစာချ)



**မြောင်းမြ ဆရာတော်ဘုရားသည် ဓာတ်ကြိုးကို ဖြုတ်သင့်/မဖြုတ်သင့်နှင့် ပတ်သက်၍ မိန့်ကြားထားသည်မှာ ဓာတ်ကြိုးမှာ ဘုမိဂတိဖြစ်၍ မဖြုတ်သော်လည်း အပ်သည်သာဖြစ်၏။ ကံပြုကောင်း၏-ဟု ဖြစ်ပါသည်။**

အသံထွက်နှင့် လိုက်ဖက်ညီအောင် ပြန်၍ နိဂုံးအုပ်ပါသည်။ ဤအကြိမ်၌ အကျွန်ုပ် မှတ်သားမိလိုက် သည်ကား ဆရာတော်ဘုရားကြီး နှစ်ပါး၏ တစ်ပါး အပေါ်တစ်ပါးနားလည်မှုပင် ဖြစ်ပါသည်။

တစ်ကြိမ်တွင် စစ်ကိုင်း မင်းကွန်းဆရာတော် ဦးကေသရိန္ဒ၏ အဘယရွှေဂူချောင်တွင် သမုတ်စဉ် အခါကဖြစ်ပါသည်။ အခမ်းအနားမှူး ဖြစ်သော မင်းကွန်းတိပိဋကရေဆရာ တော်က သုံးပါးတစ်တွဲ ဖတ်ကြားရန် သံဃာများအား ကြေညာပါသည်။ ထိုအခါ ဗာရာဏသီဆရာတော်၊ အကျွန်ုပ်နှင့် မတ္တရာဆရာတော် ဦးကုန္ဒာစက္ကတို့က တစ်တွဲ ဖြစ်ပါသည်။ လလိတဝိတ္ထာရ (မဟာယာနဗုဒ္ဓဝင်) ကျမ်းပြု ဝိဇ္ဇာလင်္ကာရဆရာတော်၊ မင်းကွန်း ဦးသုန္ဒရာဘိဝံသ ဆရာ တော်ကြီးမှ စာရေးသူကို ကမ္မဝါဆိုင်း သုံးပါးက ဆုဏာတု မေ-စသော အသံဖြင့် ပြုလုပ်မည်ဖြစ်ကြောင်းကို သံဃာအား ကြိုတင်အသိပေးပါသည်။ ဝိဇ္ဇာလင်္ကာရ ဆရာတော် အသိပေးသည့်အတိုင်း စာရေးသူတို့က ဆုဏာတု မေ-ဖြင့် သီမာသမုတိကံကို ဖတ်ကြပါ သည်။ ကံပြီးဆုံး၍ သိမ်မှထွက်ကြသောအခါ စာရေး သူသည် ဆရာတော်ကြီးများကို နတ်လမ်းဆင်းမှ စောင့်ကြိုပြီး ထိုင်လျက်လက်အုပ်ချီထားပါသည်။ သံဃာတော်များ တစ်ပါးစီကြွကြရာ ရှေးဦးစွာ ရန်ကင်းချောင် ဆရာတော်၊ ပတ္တမြားဆရာတော်၊ ဆရာတော်ဦးသုန္ဒရာဘိဝံသ စသည်များ၊ ၎င်းနောက်မှ ပိုက်ကျုံးဆရာတော်၊ အသောကဆရာတော်၊ ဗာရာဏသီဆရာတော် စသည်များ၊ ထို့မှနောက်၌ မင်းကွန်းတိပိဋကဆရာ တော်များ ဖြစ်၏။ မင်းကွန်း တိပိဋကရေဆရာတော်ဘုရားက စာရေးသူရှေ့ ရောက်သောအခါ "သည်လို စုံစုံမှပေါ့"ဟု မှတ်ချက်ပြု မိန့်တော်မူပါသည်။ ဆရာတော်ဘုရားသည် စာရေးသူတို့၏ ဆုဏာတု မေ-ဟူသော မာဂဓသံကို ရည်ရွယ်ရင်းဖြစ်ပါသည်။ ဤအကြိမ်တွင်လည်း ဆရာတော်ဘုရားကြီးများ၏ တစ်ပါးအပေါ်တစ်ပါး ရိုသေလေးစား နားလည်ခွင့်လွှတ်မှုကို မျက်မြင် ကိုယ်တွေ့ သိရှိကြည်ညိုခဲ့ရပါ သည်။

တစ်ကြိမ်တွင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီ တိုက်၌ သမုတ်သောသိမ်ဖြစ်ပါသည်။ မြောင်းမြ ဆရာတော်ဘုရားကြီး ဦးဆောင်တော်မူပါသည်။ ဤတွင် ဝိနယာလင်္ကာရ၌ ပါရှိသော "ဒို့တော့ မဏ္ဍပ်အောက်သို့ ခြေချပြီး သိမ်နုတ်သိမ်သမုတ် မပြုလုပ်ရလျှင် မလိုက်လို"ဟူသောဝါဒကို စာရေးသူ သည် နှစ်သက်သဘောကျပါသည်။ သို့ဖြင့် ဥမင်ဖြစ်စေ နသော ပေါင်းကူးအုဌ် လှေခါးခုံကို ခက်ခက်ခဲခဲ ခြေတစ်ချောင်းကိုထားကာ ကမ္မဝါရွတ်ဆိုခဲ့ရသည်ကို သတိရလျက်ရှိပါသည်။ ထို့အပြင် မြောင်းမြ ဆရာ တော်ဘုရားသည် ဓာတ်ကြိုးကို ဖြုတ်သင့်/မဖြုတ်သင့် နှင့် ပတ်သက်၍ မိန့်ကြားထားသည်မှာ ဓာတ်ကြိုးမှာ ဘုမိဂတိဖြစ်၍ မဖြုတ်သော် လည်း အပ်သည်သာ ဖြစ်၏။ ကံပြုကောင်း၏-ဟု ဖြစ်ပါသည်။

တစ်ကြိမ်တွင် အိမ်မဲမြို့ သုံးပန်လှ၊ ဓမ္မာစ ရိယ-ဦးသီရိသုမန၏ ကျောင်းတိုက်ရှိ သိမ်သမုတ်စဉ်

အခါကဖြစ်ပါသည်။ ပဌမစံကျောင်းဆရာတော် ဘုရား ဦးဆောင်၍ ညောင်တုန်း၊ ရွှေဟသ်ာတောရ သံဃာတော်များနှင့်တကွ သမုတ်ကြပါသည်။ သိမ်သမုတ်ကျောင်းသံဃာတော်များက အပြင်ဘက်(သီမန္တရိတ် အပြင်ဘက်)မှာ နေရာယူထားသည်ကို မြင်သောအခါ စာရေးသူက ဆရာတော်ကို ဦးဣန္ဒာဝုဓာဘိဝံသအား သူတို့က ကံမပျက်ဖူးလား-ဟု မေးလျှောက်ပါသည်။ ထိုအခါ ဆရာတော်ဘုရားက ဘာပြုလို့ပျက်ရမှာလဲ ဒါက(ဤသိမ်သမုတ် မြေကွက်က) ဝိသုံဂါမရပြီးသား ပဲ-ဟု မိန့်ကြားပါသည်။

တစ်ကြိမ်တွင် -----မြို့၊ ဓမ္မစကြာရိပ်သာ ဆရာတော်(အဂ္ဂမဟာကမ္မာနာစရိယ)သည် ဆရာတော်ဘုရား၏ တပည့်ရင်းတစ်ပါးဖြစ်ပါသည်။ ၎င်းကျောင်းတိုက် သိမ်သမုတ်ပွဲသို့ မိမိအား ပင့်လျှောက်ပါသည်။ ထိုသိမ်သမုတ်ပွဲတွင် ရမည်းသင်း ဆရာတော် (ပျံလွန်တော်မူသော ဆရာတော် ဦးဉာဏဝံသ)အရှေ့ပြင်မှ ဆရာတော်တစ်ပါးက နိမိတ်ကြားပါသည်။ စာရေးသူနိမိတ် ကြားအလှည့်ရောက်သောအခါ အရှေ့အရပ်၌ အဘယ်နိမိတ်နည်း-ဟု ပါဠိလျှောက် အနက်ဖြင့်ပင်မေး၍ အယံ ပါသာဏော-ဤကျောက်သည်၊ နိမိတ္တံ-နိမိတ်တည်း-ဟု ပခုက္ကူ ဆရာတော် ဘုရားများသည် "တည်း"ကို ခပ်ပြင်းပြင်း ရွတ်ဆိုသည့်အတိုင်း စာရေးသူလည်း "တည်း"ကို ခပ်ပြင်းပြင်းရွက်ဆိုခဲ့ပါသည်။ (ဤနည်းကို ဆရာတော်နန်သည် နှစ်သက်သဘောကျတော်မူသည်)။

တစ်ကြိမ်တွင် ရန်ကင်း၊ မဟာဗောဓိကျောင်း ဦးမောင်မောင်+ဒေါ်မေမေသီတို့၏ တိုက်ကို သိမ်သမုတ်စဉ်က ဖြစ်ပါသည်။ မြောင်းမြဆရာတော်ဘုရားကြီး ဦးဆောင်၍ တိုက်သား သံဃာတော်များသာ ပါဝင်ကြပါ သည်။ စာရေးသူလည်း များစွာသော သိမ်တို့တွင် ကံပြုတိုင်း



ဂေါစာ ၁၃၃၂-ခုနှစ်၊ နှောင်းတန်ခူးလပြည့်က ဥပသမ္ပဒါကံဆောင်နေစဉ်

၁။ မဟာဘောဇနသာလာဘုန်းကြီး ဦးသြဘာသ၊ ၂။ မဟာဓမ္မိကတောရ ဆရာတော်ဗရားကြီး၊ ၃။ ဗာရာဏသီဆရာတော် ရဟန်းခံရက်ချုပ်ရေးနေသည်၊ ၄။ ရန်ကုန်မြို့၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်ဆရာတော်၊ ကျောပေးနေသော ၂-ပါးတွင် ဝဲဘက်မှ တိုက်ကလေးဘုန်းကြီး ဦးဝိစိတ္တစာရ (ရဟန်းလောင်းဆုံးမနေသည်)၊ ယာဘက်မှ ရဟန်းလောင်း ရှင်ထေရပ္ပိယ

**ဤ၌ တင်ပြလိုသည်မှာ သိမ်ဝင်သံဃာအရေ အတွက်နှင့်ပတ်သက်၍ သိမ်ထွက်တွင် ဒကာဒကာမများက လှူဒါန်းနိုင်သည့် အရေအတွက်ကို ပဓာနမထားသင့်ပါ။ အကယ်၍ လှူဒါန်းပါကလည်း သူတို့လှူဒါန်းနိုင်သည့် အရေအတွက်ကိုသာ လှူဒါန်းစေလိုက်ရန်ဖြစ်ပါသည်။**

ကမ္မဝါဖတ်ခွင့်ရခဲ့သည့်အတွက် ဝမ်းသာကြည်နူးပီတိဖြစ်ရပါသည်။ စာရေးသူအား ရင်းနှီးသော အချို့သောမိတ်ဆွေများက စာရေးသူနှင့် အလားသဏ္ဌာန်တူနေ၍ ပြော ဆိုကြသည်မှာ "တပည့်တော်တို့လဲ ကမ္မဝါ ကြမ်းပိုးတွေဖြစ်ကုန်ပြီ"ဟုပင် ဖြစ်ပါ သည်။

စာရေးသူတို့ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရား၏ သတ္တိထူးတစ်ခုမှာ နယ်မရွေးသောသတ္တိပင် ဖြစ်ပါသည်။ တစ်ခုသောနွေရာသီတွင် မကွေးမြို့၊ စိန်ပန်းရစ်ရိပ်သာ၌ ဒုလ္လဘရဟန်းခံပွဲကြီး တစ်ခု ကျင်းပကြပါသည်။ မြို့ပေါ်မှ ဓမ္မိကတိုက်၊ မဟာဝိသုတာရာမတိုက်၊ ဈေးနားတိုက်၊ ဂုဏ်တောတိုက် စသည့် တိုက်ကြီးများမှ ဆရာတော်ကြီးများပါ ပင့်သည့်အထိ ကျယ်ပြန့်ပါသည်။ ကမ္မဝါဖတ်သောအခါ ဆရာတော်တစ်ပါးက အဟံ နာဂံ အနုသာ သေယျံ-ဟု မရွတ်ဆိုဘဲ ပရော သမ္မနိတဗ္ဗော အရ (ဦးကောသလ္လ-ကိုလွှဲသည်ဟုဆိုကြပါစို့) "ကော သလ္လော သမ္မနေယျံ" ဟု ရွတ်ဆိုပါသည်။ ထိုအခါ ဗာရာဏသီဆရာတော်ဘုရားက "သမ္မနေယျ"ဟု ရွတ်ဆိုရန် မိန့်သောအခါ ကမ္မဝါကိုင်သော ဆရာ တော်က သတိလက်လွတ် ဖြစ်သွားသဖြင့် သူ၏ အမှားကို မေးသောအခါ စာရေးသူ ကပင် ပုရိသ်များကြောင်းကို ဝင်ရောက်ဖြေ ဆိုခဲ့ပါသည်။

တစ်ကြိမ်တွင် ရန်ကုန်၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ်တွင် ဗာရာဏသီဆရာတော်ဘုရား သီတင်းသုံးနေစဉ်က ဖြစ်ပါသည်။ ၁၃၅၂-ခုနှစ်၊ နယုန်လဆန်း(၃)ရက်၊ စနေနေ့ နံနက်(၇)နာရီအချိန် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရား၏ ပုနောပသမ္ပဒါဖြစ်ပါသည်။ ဗာရာဏသီဆရာတော်ဘုရားကြီး ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ် ဆရာတော်ဘုရားကြီးများ နှင့်တကွပင့်သံဃာ(၁၀)ပါး ပင့်ထားရာ စာရေးသူလည်း ကျောင်းရှိရဟန်းအားလုံး ပါဝင်သည်ထင်၍ သိမ်ထဲတွင် ရောက်ရှိနေသည်။ သို့ဖြစ်၍ စာရေးသူ အပါအဝင်(၁၁)ပါး ပါဝင်နေကြောင်း သိမ်ဆင်းလောင်းလှူမည့် ဒကာဒကာမများအား အားနာရပါသည်။ ဤ၌ တင်ပြလိုသည်မှာ သိမ်ဝင်သံဃာအရေ အတွက်နှင့်ပတ်သက်၍ သိမ်ထွက်တွင် ဒကာဒကာမများက လှူဒါန်းနိုင်သည့် အရေအတွက် ကို ပဓာနမထားသင့်ပါ။ အကယ်၍ လှူဒါန်းပါက လည်း သူတို့ လှူဒါန်းနိုင်သည့် အရေအတွက်ကိုသာ လှူဒါန်းစေလိုက်ရန်ဖြစ်ပါသည်။ သိမ်သည် ကျောင်းတိုက်ထဲတွင်ရှိသည့် သိမ်ဖြစ်ပါက ကျောင်းတိုက်ရှိ ရဟန်းတော်အားလုံး ပါဝင်စေသင့်ပါသည်။ ဤဝါဒကို ဆရာတော်များ(အထူးသဖြင့် မြောင်းမြဆရာတော်ဘုရားကြီး)က ပို၍ နှစ်သက်ပါသည်။

ဤကား သိမ်သမုတ်ရာ၌လည်းကောင်း၊ ကံဆောင်ရာ၌လည်းကောင်း မိမိချစ်မြတ်နိုးလှသော ဆရာသမားများထံမှ ရသောနည်းနာနိဿျများကို တစ်ဆင့်ဖောက်သည်ချလိုက်ခြင်းဖြစ်ပါသတည်း။

**ဓမ္မရသ(ဝိ-ဗာစာချ)**



# နှစ်(၅၀)ရွှေကြိမ်လုံးအရှင်များအား လွမ်းမိပါသည်

ဘဒ္ဒန္တဥတ္တမာနန္ဒ

ရန်ကုန်မြို့၊ ရှစ်မိုင် မစိုးရိမ်ရွှေကျောင်တိုက်သစ်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအမတာဘာသ (ဂန္ထဝါစကပဏ္ဍိတ)ထံမှ စာတစ်စောင်ရောက်ရှိလာပါသည်။ စာကိုသေချာစွာဖတ်ကြည့်လိုက်သောအခါ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်နှစ်(၅၀)ပြည့် ရွှေရတု သဘင်ကျင်းပရန် ဒုတိယအကြိမ်အကြိုညှိနှိုင်းပွဲ အစည်းအဝေးသို့ကြွရောက်ရန် ပင့်စာဖြစ်နေပေသည်။

အော်. . . . တစ်ချိန်တစ်ခါက ငါတို့နေခဲ့သော ဗာရာဏသီတိုက်ကြီးဟာ နှစ်(၅၀)ပင်ပြည့်နေပါပေါ့လား ဟုသတိဝင်ကာ လုပ်လက်စအလုပ်များရပ်နားပြီး ပြည်သို့ကြွသွားပါသည်။

၁၃၇၁-ခု၊ ကဆုန်လပြည့်ကျော်(၈)ရက်၊ (၁၆-၅-၂၀၀၉)စနေနေ့နေ့လည်(၁)နာရီအချိန်တွင် အစည်းအဝေးစတင်ပါသည်။ ပဓာနနာယဆရာတော် ဘဒ္ဒန္တနာဂဝံသ(အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ) သဘာပတိဆရာတော်မှ အဖွင့်ဩဝါဒ ကထာမိန့်ကြားပါသည်။ ယခုလိုဗာရာဏသီတိုက်သားသံဃာများ စုံစုံညီညီနဲ့ကြွရောက်လာကြတဲ့အတွက် ဝမ်းနည်းဝမ်းသာနှစ်မျိုးစလုံးကို ခံစားမိပါကြောင်း၊ ဝမ်းနည်းရခြင်းဆိုသည်မှာ ဆရာတော်ဘုရားကြီးရဲ့တပည့်သားသံဃာများ စုံစုံညီညီနဲ့ ယခုလိုကြွရောက်လာကြတာကို



ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်စာချဆရာတော်များ (ဝဲမှယာ) ဦးဝဇီရပါဏိ၊ ဦးနန္ဒောဘာသာဘိဝံသ၊ ဦးဝိစိတ္တစာရ၊ ဦးဓမ္မရသ၊ ဗာရာဏသီဆရာတော်၊ ဦးသြဘာသ၊ ဦးနာဂဝံသ၊ ဦးအဂ္ဂဓမ္မ၊ ဦးဇောတိပါလ (၃၉-၀၄-၁၄)

မျက်မှောက်ထင်ရှား ကိုယ်တော်တိုင်တွေ့မြင်သွားရပါလျှင်ဘယ်လောက် များကောင်းလိမ့်မလဲဟု သတိရပြီး ဝမ်းနည်းမိပါကြောင်း။ ဝမ်းသာရခြင်းဆိုသည်မှာ ယခုလိုပူပြင်းတဲ့ နွေရာသီကာလမှာ ခရီးအနီးအဝေးပင်ပန်းမှုကို ပမာနမထားဘဲ ကျိုးကျိုးစားစားနဲ့ ကြွရောက်ပြီး ရွှေရတု သဘင်ဖြစ်မြောက်ရေးဟာ ငါတို့တာဝန်ဘဲလို့ တာဝန်သိသိဖြင့် ကြွရောက်လာကြတဲ့အတွက် ဝမ်းသာမိပါကြောင်း စသည်ဖြင့်သြဝါဒပေးတော်မူပါသည်။

ဆက်လက်၍ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒော ဘာသာဘိဝံသ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မှလည်း "တပည့်တော်တို့ ဗာရာဏသီတိုက်သားမှန်သမျှ တိုက်တွင်းတိုက်ပြင်မခွဲခြား ဂိုဏ်းဂဏမခွဲခြားဘဲ ညီညီညွတ်ညွတ်နဲ့ ညီရင်းအစ်ကိုတွေလို မေတ္တာသက်ဝင်ပြီး စုပေါင်းကာပြုလုပ်ဆောင်ရွက်ကြမယ်ဆိုရင် ရွှေရတုသဘင်ပွဲကြီးဟာအောင်အောင်မြင်မြင်နဲ့ ကျင်းပနိုင်လိမ့်မည်" ဟုယုံကြည်မိပါကြောင်း သြဝါဒပေးတော်မူပါသည်။

"တန်ဖိုးကြီးမား နီမြန်းသော ပတ္တမြားတို့ထွက်ရာတွင်းမှ တန်ဖိုးနည်းပါး အညံ့စားဖလ်ကျောက် မျိုးထွက်ပေါ်ရိုးမရှိ" ။ (ဟိတောပဒေသ)

မှန်ပါသည် ပတ္တမြားတွင်းမှ ဖလ်ကျောက်မျိုးဘယ်တော့အခါမှ ထွက်ပေါ်ရိုးထုံးစံမရှိပါ အစုအစဉ်ဆင့်ကာဆင့်ကာ ပတ္တမြားရတနာများသာ ထွက်ပေါ်လာကြပါသည်။ လူသားတို့မြတ်မြတ်နိုးနိုး ဝတ်ဆင်ကြသောရတနာများသည် မြေကိုသာအမှီပြု၍ဖြစ်ပေါ်လာရသကဲ့သို့ ဖဘုရားလေးစားမြတ်နိုးရသောသားကောင်းရဟန်းတော်များလည်း ဤဗာရာဏသီတိုက်ကြီးကိုသာအမှီပြု၍ ဖြစ်ပေါ်လာကြသည်ဆိုလျှင် (ရာနှုန်းပြည့်မဟုတ်စေကာမူ) လက်ခံကြိုဆို ကြည်ဖြူရမည့်ကားအမှန်ပင်ဖြစ်ပါသည်။

ဘဝတစ်ခု ရှင်သန်ကြီးထွား ရပ်တည်နိုင်ရန်သွားလာ လှုပ်ရှားနေရသော လူ့လောကတွင်နီးလျက်နှင့်ဝေးနေကြသူများရှိသကဲ့သို့၊ ပဋ္ဌာန်းပစ္စည်းဆက်သွယ်နည်းဖြင့် ဆုံဆည်းကြရသူများလည်းရှိကြပေသည်။ သပ္ပုရိသူပနိဿယဘက်ရှိရာ၍ကျောင်းတိုက်ကြီးသို့ ၁၃၂၄-ခု၊ ကျောင်းသားဘဝဖြင့်ရောက်လာပါသည်။ အဘွားကိုယ်တိုင်လိုက်ပါပို့


ဆောင်ပါသည်။အဘွားပြန်တော့ ပြန်၍လိုက်ချင်ပါသည်။ ဒီအကြောင်းကို တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိသာရဒပဏ္ဍိတ(နောင်အခါတွင်တောင်ငူမြို့ ဝိသုဒ္ဓါရုံသိမ်ဦးကျောင်းတိုက်) အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ-ဟုထင်ရှားသော ဆရာတော်က လက်ကိုဆွဲ၍ သုံးချက်ရိုက်ပြီး "မိဘဆိုတာ မကောင်းတဲ့နေရာကို ဘယ်တော့မှမပို့ဘူး မင်းရှေ့ရေးအတွက်ကောင်းစားဘို့ပို့တာ ပျော်အောင်နေမှပေါ့ကွ"ဟုဆုံးမပါသည်။ ထိုအချိန်တွင် သတိနှင့် အသိကလေးကပ်ပြီး ဝင်သွားပါသည် ငါမပြန်တော့ဟု။

နောက်နေ့ ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီးက ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့် စာအုပ်ပေးပြီး ဖတ်ခိုင်းပါသည်။ ဖတ်ပြီး မင်းတိုက်အုပ်ဘုန်းကြီးထံ အမြဲစာတက်ပေတော့ဟု အပ်နှံလိုက်ပါသည်။

ဝဏ္ဏကျော်ထင် (နိုင်ငံဂုဏ်ရည် ဒုတိယဆင့်) ကျောင်းအစ်မ-သခင်မကြီးဒေါ်သိန်းတင်ကလည်း ကျောင်းသားဝတ်စုံ ပုဆိုး အင်္ကျီများလာပေးပြီး ပျော်အောင်နေဘို့ ဆုံးမပါသည် ကျေးဇူးကြီးလေစွ။

တစ်နေ့ဦးဇင်းတစ်ပါး နေမကောင်း၍ နဝင်းရပ်ထဲရှိ ဆိုင်တစ်ဆိုင်သို့ လွှက်ရည် သွားဝယ်ပေးပါသည်၊ အပြန်တွင်ဥပတိုက်အုပ် ဘဒ္ဒန္တဝိစိတ္တစာရ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က မြင်သွားပါသည်။ ခေါ်ပြီး မင်းဘယ်က ပြန်လာတာလဲ ဘယ်သူ့လျှောက်သွားသလဲဟုမေးပါသည်။ လွှက်ရည် ဝယ်ပေးတာ ဘယ်သူ့မှလျှောက်မသွားကြောင်း အမှန်အတိုင်းဖြေဆိုလိုက်ပါသည်။ နှစ်ချက်ရိုက်ပြီး ရွှေကျင်ကျောင်းသားဆိုတာ သွားတာ လာတာ ပြောတာ ဆိုတာကအစ ယဉ်ကျေးပြီး စည်းကမ်းရှိရတယ်။ "စည်းကမ်းသည်လူ၏တန်ဖိုး စာရိတ္တသည်လူ၏ တန်ခိုး" စည်းကမ်းရှိ စာရိတ္တကောင်းတဲ့ပုဂ္ဂိုလ်ဟာ အလိုလိုတန်ခိုးကြီးလာတာဘဲ၊ မြေလျှိုးမိုးပျံတာမှ တန်ခိုးမဟုတ်ဘူး နောက်ဘယ်သွားသွားလျှောက်သွားရတယ်ဟု ဆုံးမလိုက်ပါသည်။

ကျောင်းတိုက်တည်ကာစ အချိန်တုန်းက သံဃာတော်များဆွမ်းခံထိုင်အိမ်မကြွပါ တန်းဆွမ်းဘဲကြွကြပါသည်။ သံဃာတော်များဘေးမှ ကျောင်းသားနှစ်ယောက်က ဗျက်ဆိုင်းထမ်း၍လိုက်ရပါသည်။ လင်ဗန်းအကြီးထဲတွင် သံဇလုံလေးတွေထည့် ဖုံများမဝင်နိုင်အောင် သံအုပ်ဆောင်းကြီးအုပ်ထား




၁၃၃၂-ခုနှစ်၊ ဂန္ထဝိုရ်ပူဇကအဖွဲ့ စတင်ဖွဲ့စည်းစဉ်က နိုင်ငံတော်အစိုးရ ပထမပြန်စာမေးပွဲတွင် အတန်းအသီးသီးမှ အောင်မြင်တော်မူသောအရှင်မြတ်များ

ရှေ့တန်း(ဝဲမှယာ)-ဦးသုဘဝံသ၊ ရှင်သုဝီရိယ၊ ရှင်ထေရပ္ပိယ၊ ဦးသာသနောဒယ၊ ဦးမဟိဒ္ဓိက၊ ဦးဂုရုပ္ပိယ

နောက်တန်း(ဝဲမှယာ)-ရှင်သုဝီရာစာရ၊ ဦးဇောတိပါလ၊ ဦးသုရာနာထ၊ ဦးဥစ္စာနန္ဒ၊ ဦးဓမ္မာနတ၊ ဦးဉာဏိန္ဒြိယ

ပါသည်။ ဆွမ်းဟင်းလောင်းလှူလိုသော ဒါယကာ ဒါယိကာမများ လောင်းလှူရန်ဖြစ်ပါသည်။ ထိုအနားမှ ဒါယကာကြီး ဦးထွန်းရ (ဆေးလိပ်ခုံစာရေးကြီး) က လိုက်ပါသည်။ အလွန်အပြောအဟောကောင်းသော ပုဂ္ဂိုလ်ကြီးဖြစ်ပြီး သံဃာ့ဝေယျာဝစ္စပြုလုပ်ရာတွင် ကျေးဇူးများသောပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။

တစ်နေ့ ဤအရှင်အပါအဝင် ပုဂံများဆေးရင်း ကျောင်းသားအချင်းချင်း ပုဂံများဖြင့်ပစ်ပေါက်၍ ဆော့ကစားနေကြပါသည်။ ဆူညံနေသဖြင့် ဆွမ်းဘုန်းကြီးဘဒ္ဒန္တဩဘာသ (မဟာသဒ္ဓမ္မဇောတိကဓဇ)ရောက်လာကာ တစ်ယောက်တစ်ချက်စီရိုက်ပြီး မင်းတို့ သံဃိကပစ္စည်းဆိုတာ ဒီလိုမလုပ်ရဘူး အပြစ်ကြီးတယ် သံဃိကပစ္စည်းအဆိပ်သီးတဲ့-ဟု ဆုံးမပါသည်။

ပညာရှိပေါင်း၊ သူတော်ကောင်းနှင့်၊ အကြောင်းသင့်မျှ ပေါင်းမိကြ၍၊ သဒ္ဓမ္မသဝန၊ ကြားနာရမှု၊ ဝါဒသမ္မာ၊ တည်နိုင်စွာရှင့်။ (မဃဒေဝ-၃၂၀)

စာသင်သား သံဃာတော်တို့သည်ကား ငယ်ရွယ် နုပျိုသူများဖြစ်ကြ၏၊ မရင့်ကျက်သေးသူများ ဖြစ်ကြ၏။ ထိုအရွယ်တို့သည် ပတ်ဝန်းကျင် အနေအထားအလိုက် ပြောင်းလဲတတ်သော အရွယ်များပင်ဖြစ်ပါသည်။ ထိုသို့သော စရိုက်အခြေနေ ကောင်းစွာသဘောပေါက်သော ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးသည် တပည့်သား သံဃာတော်တို့အား စာသင်ရာ၌ သမာဓိရ၍ စိတ်တည်ငြိမ်စေရန်နှင့် မာန်မာနများယုတ်လျော့စေရန် ရည်ရွယ်ကာ ညဉ့်နံနက် ဘုရားဝတ်တက် မှန်မှန် ပြုလုပ်စေပါသည်။

နံနက်စောစော အိပ်ရာမှထချိန်တွင် မေတ္တာပို့ခြင်း တရားဘာဝနာများ ရှု့မှတ်ပွါးခြင်း အလုပ် မလုပ်မနေရ စည်းကမ်းအဖြစ်(ဝါ)နေ့စဉ်ပြုလုပ်ရမည်ဟု စည်းကမ်းအဖြစ် သတ်မှတ်ပေးတော်မူခဲ့ပြီး အဖိတ်နေ့တိုင်းလည်း အမြဲဩဝါဒပေးလေ့ရှိပါသည်။


ဩဝါဒပေးပြီး တစ်နေ့ မောင်ဥစ္စာနန္ဒနဲ့ မောင်ဆေကောဒယ (မောင်တင်စိန်) လူပျံတော်တို့ နှစ်ပါးအား မူလကျောင်းမှ အလယ်တိုက်ကြီးပေါ်သို့ ပြောင်းရွှေ့နေပါဟု အမိန့်ရှိတော်မူပါသည်။ ဤအရှင်တို့ကား မူလကျောင်းတွင်နေထိုင်နေကြဖြစ်၍ မပြောင်းလိုကြောင်း သွား၍လျှောက်ထားရာ "ဆရာသမား ခိုင်းတာဘာဖြစ်လို့ မပြောင်းရတာလဲ"ဟု ပြောကာ တစ်ယောက်နှစ်ချက်စီရိုက်ပါသည်။ နောက်တစ်နေ့ အလယ်တိုက်ကြီးပေါ်သို့ ပြောင်းရွှေ့ပြီး ကြောင်းနှင့် တပည့်တော်တို့ ဆရာတော်စကားနားမထောင်တာ အပြစ်ရှိပါတယ်၊ အပြစ်ပေးတော်မူပါဟု သွားရောက်လျှောက်ထားရာ အို. . . မောင်ရင်တို့မှာ အပြစ်မရှိပါဘူး၊ ဒို့ဆုံးမရတယ်ဆိုတာ ယခုလိုအသိတရားလေးတွေ ဝင်လာအောင်ဆုံးမရတာအပြစ်မရှိပါဘူး သွား သွား စာကျက်ကြဟုပြောလိုက်ရာ နှစ်ယောက်သား စကားမပြောနိုင်ဘဲ ရင်ထဲတွင် ဆို့နစ်၍နေပါတော့သည်။

ရွှေကြိမ်လုံးအရှင်တို့၏ ဂုဏ်ကျေးဇူးကား နှစ်(၅၀)ပင် တိုင်ခဲ့ငြားသော်လည်းမေ့ပျောက်၍မရ လွမ်းဆွတ်သတိရတမ်းတ၍နေရဆဲပါဟု။

နောင်မျိုးဆက်သစ်များ မှင်တစ်စက်ဖြင့် အစဉ်အဆက်မှတ်သားရလေအောင် တင်ဆက်လိုက်ရပါတော့သည်။

ငါးထောင်သာသနာ ပြည်ဗာရာ။
ရှည်ကြာတည်တံ့ ပါစေသောဝ်။

**ဘဒ္ဒန္တဥစ္စာနန္ဒ**
နေပြည်တော်၊ လယ်ဝေး



# “ဗာရာဏသီ...ရွှေရတုဆီ” (သို့) (သည်–ယုန်–မြင်–လို့––ဒီ–မြုံ–ထွင်) ရော့လားဘုရား

ဗာရာဏသီနှင့်ရွှေကျင်ဝူ

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီးက. . . ဘယ်ကလည်း?၊ ဘာကိစ္စရှိလို့လည်း? ဘာကြောင့် ဒီကိုလာရတာလည်း? ဤသို့ မေးခွန်းသုံးခု ဆင့်ကာဆင့်ကာ မေးသောအခါ၊ စာရေးသူအဖို့ အတော်ပင် အဖြေရ ကြပ်သွားပါသည်။ ဆိုင်းမဆင့် ဗုံမဆင့်နှင့် လာခဲ့ရသော မိမိအဖို့ အရဲစွန့်၍စိတ်ကိုထိန်းကာ သတိထား၍ ဖြေဆိုရပါသည်။

**မောင်ရင်ကြီး**။ ။မိကျောင်းရဲကပါ. . . အရှင်ဘုရား။ ဒီကျောင်းတိုက်နေချင်လို့ လာလျှောက်တာပါဘုရား။

**ဆရာတော်ကြီး**။ ။နေချင်တာဟုတ်ပါပြီ၊ ဒီကျောင်းတိုက်က စည်းကမ်းကြီးစွာထားတယ်။ နေနိုင်ပ့ါမလား? ဘယ်နေရာတွေမျာ:နေဘူးသေးလဲ? အသက်ကောဘယ်လောက်ရှိပြီးလဲ? ဘာစာတွေ သင်ဘူးသလဲ? စာရေးသူကို စေ့စေ့စပ်စပ်ကြည့်၍ အကဲခတ်ကာ၊ ဤသို့ နောက်ထပ်မေးခွန်းများ ဆင့်ကာဆင့်ကာ မေးလာပြန်ရာ မိမိစိတ်ကြိုက်အဖြေများနှင့်အဆင်သင့်ရှိနေ၍လည်းကောင်း၊ ဖြေဆိုရန် ဝန်မလေးတော့၍လည်းကောင်း ကောင်းမွန်စွာ ဖြေဆိုလိုက်ပါသည်။

**မောင်ရင်ကြီး**။ ။စည်းကမ်းများ လိုက်နာပါမည်ဘုရား။ ဘယ်ကျောင်းတိုက်မှာမှ မနေဘူးပါဘုရား။ အသက်(၁၈)နှစ် ပြည့်ပါပြီဘုရား။ သဒ္ဒါ၊ သဂြိုဟ် အနည်းအကျဉ်း သင်ဘူးပါတယ်ဘုရား။

**ဆရာတော်ကြီး**။ ။ကဲ. . . ရှိပါစေ။ မောင်ရင်ကြီးက အသက်နဲနဲကြီးနေပြီ- ဒီမှာလက်ခံတာက. . . ၁၄/၁၅ နှစ်အရွယ်လောက်ပဲ လက်ခံတယ်။ မောင်ရင်ကြီးတို့ အရွယ်တွေက အဆုံးအမပေးရတာ အခက်အခဲရှိတယ်။ များသောအားဖြင့် ပြောစကား ဆိုစကားသိပ်ပြီးနားမထောင်ချင်ကြဘူး၊ အဲဒီတော့. . . မောင်ရင်ကြီးအနေနဲ့ စိတ်ဆန္ဒ ပြင်းပြင်းထန်ထန် ရှိ မရှိ သိချင်တယ်။ ဘယ်လိုလဲ? မိမိကား ပြည်

ပွင့်လှသိမ်ကုန်ကျောင်းမှာ ၆-လမျှနေခဲ့ဘူးသည်။ စည်းကမ်းကြီးသည့် ကျောင်းတိုက်ကိုပဲ စာရေးသူကနေချင်သည်။ ဆရာတော်ကြီးလည်းဒီအချက်ကို အလေးထားမေးမြန်းနေပြန်တော့ ရဲရဲဝံ့ဝံ့ ဖြေလိုက်ပါသည်။

**မောင်ရင်ကြီး**။ ။"စည်းကမ်းကြီးတဲ့ ကျောင်းတိုက်ဖြစ်လို့ လာရောက် လျှောက်ထားခြင်းပါ"ဘုရား။ ဆရာတော်ကြီး သဘောကျသွားပုံရသည်။ မျက်နှာလည်းပြုံးရွှင်လာသည်။ စကားသံလည်းချိုသာလာသည်။

**ဆရာတော်ကြီး**။ ။အေး. . . ဒီလိုဆိုနေလို့ရပြီ။

**မယ်တော်ကြီး**။ ။ကိုရင်ကတောမှာ စာမသင်ရလို့ မြို့မှာ စာသင်ချင်တယ်ဆိုလို့ တပည့်တော်မများ လိုက်ပို့ရတာပါဘုရား။ ကိုရင်ကို မလိမ္မာတာရှိရင် ရိုက်ပုတ်ဆုံးမတော်မူပါ။ မကျိုး မပဲ့ ပြီးတာပါပဲဘုရား။

**ဆရာတော်ကြီး**။ ။ဆုံးမရမှာပေါ့။ ရိုက်ပုတ်ဆုံးမတာမျိုး . . . ဒီမှာမရှိပါဘူး။ သဲဒဏ်၊ရေဒဏ်ပေးပြီး ဆုံးမတာပဲရှိပါတယ်။ ဆုံးမလို့မရလည်း နှင်ထုတ်လိုက်ရုံပေါ့။ အဆုံးအမမခံနိုင်လည်း ပြေးရုံပေါ့။ မောင်ရင်ကြီး ဘယ့်နှယ့်တုံး?

**မောင်ရင်ကြီး**။ ။မှန်ပါ့ အရှင်ဘုရား။ ပေးသောဒဏ်ကို ထမ်းဆောင်ပါ့မည်အရှင်ဘုရား။

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီးဘွဲ့ ဘယ်လိုခေါ်သလဲ?

**မောင်ရင်ကြီး**။ ။ပညောဘာသပါအရှင်ဘုရား။

**ဆရာတော်ကြီး**။ ။အင်း. . . ဒီဘွဲ့ . . . တွေက မြန်မာပြည်မှာ အလွန်ပေါတယ်၊ ဘွဲ့တူတွေများတယ်၊ ဘွဲ့တူမရှိစေဖို့ ဒီဘွဲ့နဲ့ အနက်အဓိပ္ပါယ် တစ်ထပ်တည်းကျတဲ့ ဘွဲ့ပေးမယ်။ သဘောတူရဲ့လား?

**မောင်ရင်ကြီး**။ ။မှန်ပါ့ အရှင်ဘုရား။

ဤသို့သော အခြေခံသဘောတရားများဖြင့် ဆရာတော်ကြီး လက်ခံတော်မူခဲ့ပါသည်။

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး 'မူလ'ကျောင်းကို သွားနေပေတော့။

**မောင်ရင်ကြီး**။ ။မှန်ပါ့ အရှင်ဘုရား။ ထိုအချိန်မှစ၍ ဆရာတော်ကြီးမိန့်သော 'မူလ' ကျောင်းသို့ သွားခဲ့ပါသည်။ နေရာလေးတစ်နေရာရကာ တိုက်သားအဖြစ်သို့ ရောက်ရှိသွားပါတော့သည်။

**မယ်တော်ကြီး**။ ။ကိုရင် . . . ပျော်အောင်နေနော်။ စာလည်းတတ်အောင်ကြိုးစား။ ဒီလိုကျောင်းတိုက်မျိုး အဆက်အသွယ်မရှိပဲနဲ့ နေရဖို့မလွယ်ဘူး။ မယ်တော်ကြီးမှာ ဝမ်းသာမျက်ရည်များပင် လည်၍ နေသည်။ မယ်တော်ကြီးနှင့်ဦးရီးတော်တို့ စာရေးသူအား ဦးချ၍ပြန်သွားပါတော့သည်။

စာရေးသူလည်း ပါလာသော ဒိုင်ယာရီစာအုပ်ကိုထုတ်၍ ရေးခြစ်နေပါတော့သည်။ "ဗာရာဏသီတိုက်သို့ . . . ၁၃၃၂ ခုနှစ်၊ ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့) ရောက်ရှိ။ ဝမ်းသာဘိခြင်း၊ ငါ့အဖို့ 'ထီ'ပေါက်တာပဲ၊ ငါသင်ချင်တဲ့ စာတွေ သင်ရတော့မယ်။ ငါကြိုက်တဲ့စည်းကမ်းတွေကိုလည်း လက်တွေ့ လိုက်နာရတော့မည်။ ငါလိုလူ ဇမ္ဗူမှာ ရှိတော့အုံးမလား၊ . .။ ရောက်တတ်ရာရာတွေ ရေးခြစ်နေပါတော့သည်။

## ဘွဲ့တော်အသစ်ပြောင်းရစ်စေခြင်း

**ဆရာတော်ကြီး**။ ။ဒီနေ့ . . . ရောက်လာတဲ့ မောင်ရင်ကြီး 'ဘွဲ့' ပြောင်းရမယ်။ သူ့ဘွဲ့က "ပညောဘာသ" တဲ့။ ဒီဘွဲ့က အတူတွေပေါတယ်။ ဘွဲ့ထပ်မှုတွေရှိတယ်။

ဒီတော့ . . . ဒီဘွဲ့ကို ဒီလိုပြောင်းကြစို့။ "အထော-ဘာသော-ပကာသောစာ၊ လောကော ဇောတာ တပါသမာ" ဟူသော အဘိဓာန်ပါဠ်ကို ရွတ်ဆို၍ ပါဠိပရိယာယ် ပုဒ်ခြင်းဖလှယ်ကာ "ပညာတပ" လို့ပြောင်းလိုက်ပါတော့သည်။

ပညာတပ= ပညာ အာတပ - ပညာ . . . အရောင်အလင်းရှိသောသူ၊ ပညာတပ= ပညာ-တပ-ပညာနဲ့တောက်ပသူ (ဆရာတော်ဦးဩဒါတသိရီ ဘိဝံသ၏အလို) ဆရာတော်ကြီး။ ။ ကဲ . . . မောင်ရင်ကြီး ကြိုက်ရဲ့လား၊ မှတ်မိပြီလား။ ဝမ်းသာလုံးဆို့နေသော စာရေးသူသည် အားရပါးရ လျှောက်ထားလိုက်ပါတော့သည်။

**မောင်ရင်ကြီး**။ ။ကြိုက်ပါတယ်ဘုရား။ မှတ်မိပါပြီဘုရား။


## ရွှေစာတော်ပြန်မေးလို့

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး. . . ရော့ . . . ဒီစာကိုယူသွား။တိုက်အုပ်ဘုန်းကြီးဆီမှာ စာတက်၊ စာကျက်လုပ်။ ဆရာ့စကားကို နားထောင်။

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။ ဆရာတော်ကြီး၏ အပ်နှံစာကို တိုက်အုပ်ဘုန်းကြီးထံ ဆက်ကပ်လိုက်သည်။ ထိုအခါ စာရေးသူလည်း တိုက်အုပ်ဘုန်းကြီး၏ တပည့်ဖြစ်သွားတော့သည်။ တိုက်အုပ်ဘုန်းကြီးထံ စာတက်၊ စာကျက်လုပ်နေသူများ၊ တိုက်အုပ်ဘုန်းကြီးရန်ကုန် ကြွသွားချိန်မှာ ဆရာတော်ကြီးက သူ့ထံစာတက်၊ စာကျက်လာဖို့ အမိန့်ရှိသဖြင့် ဆရာတော်ကြီးထံ စာတက်ရပြန်သည်။ စာရေးသူမှာ ရွာမှ သင်အံ့ပြီးစာတွေ အလွယ်တကူနဲ့ရ၊ စာလောဘကြီးပြီး တအား ကျက်၊ တအားပြန်နှင့် ဖြစ်နေရာ ဆရာတော်ကြီးကဤသို့မိန့်တော်မူပါသည်။

**ဆရာတော်ကြီး**။ ။ မောင်ရင်ကြီး စာလောဘမကြီးနဲ့. . . မှန်မှန်လုပ်။ ရပြီးသားစာ ပြန်မမေ့မှ ကောင်းတယ်၊ ပြန်မေ့ရင် စာမကျက်တဲ့သူနဲ့အတူတူဖြစ်သွားတယ်။ အတူတူဖြစ်ရင် 'အမော' ပဲအဖတ်တင်တယ်။ ဒါကြောင့် . . . စာကို ကြေညက်အောင်ကျက်။ ထပ်ကာ ထပ်ကာအလွတ်ပြန် . . . မမေ့အောင် လုပ်. . ကြားလား။

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။ စာရေးသူ စာအမြန်တတ်ချင်လို့ စာလောဘကြီးတာကို ဆရာတော်ကြီး ရိပ်စားမိ ကိုယ်ရှိန်သတ်ရတော့သည်။ မကြာခင် တိုက်အုပ် ဘုန်းကြီး ရန်ကုန်ကပြန်ရောက်ပေမဲ့ ဆရာတော်ကြီးသည်စာရေးသူကို တိုက်အုပ် ဘုန်ကြီးထံပြန်မလွှတ်တော့၊ သူ့ဆီမှာပဲစာတက်ဖို့ အမိန့်ရှိတော့၏။ စာကြီးစာတာကိုပဲ သဘောကျသလား၊ နှုတ်ရှင်း၊ အာရှင်း၊ လျှာရှင်းနဲ့စာပြန်တာကိုပဲ



၁၃၃၂-ခု၊ နှောင်းတန်ခူးလပြည့်နေ့၌
ရှင်ထေရပ္ပိယ အားဥပသမ္ပဒါကံပြုစဉ်
ရဟန်းဖြစ်ရက်ချုပ်ရေးနေသော
၄၉-ဝါ ဗာရာဏသီဆရာတော်

သဘောကျသလား၊ ဆရာတော်ကြီးက အရေးတယူ လက်ခံတော့ ဝမ်းသာဘိခြင်း။ တစ်နေ့. . . ငါးရှံ့မင်း ပရိတ်ဂါထာကို ပြန်ဆိုနေစဉ် ထစ်ကနဲဖြစ်ပြီး ရှေ့မဆက်နိုင်ဘဲဖြစ်နေရာ ထောက်မပေးဘဲ အော်ပါတော့သည်။

**ဆရာတော်ကြီး**။ ။မောင်ရင် စာတွေအများကြီးမတက်နဲ့၊ နဲနဲတက်၊ ကျေအောင်ကျက်လို့ ပြောတာမရဘူး။ ခု. . . မေ့သွားပြီ။ စာရပြီး. . . မေ့သွား. . . ဘာလုပ်မှာလဲ။ သွား. . . ပြန်ကျက်. . .။ ရှက်ရှက်နှင့်ဆင်းပြေးခဲ့ရသည်။ အဲဒီလိုဖြစ်ရပ်မျိုးတွေ တစ်ခါမဟုတ် သုံးလေးကြိမ် ဖြစ်ခဲ့ဘူးတော့ နောက်အကြိမ်တွေမှာ ဒီလိုမဖြစ်အောင် သတိထားပြီး စာတက်. . . နောက်တော့လည်း ချောသွားပါတော့သည်။

**ဆရာတော်ကြီး**။ ။ကစ္စည်း. . . သုတ်နက်သမားတွေ. . . နက်ဖန် ကြာသပတေးနေ့ဖြစ်တယ်၊ နေ့ကောင်းတယ်. . .။ အားလုံးကျုပ်ဆီလာကြ၊ ရုပ်တွက်ကြရမယ်။

**မောင်ရင်ကြီး**။ ။ဝမ်းသာဘိခြင်း။ "သဒ္ဒါရုပ်တွက်တဲ့" "သဒ္ဒါမြင်မှ စာမြင်သတဲ့" "သဒ္ဒါတတ်မှ စာတတ်သတဲ့" စာတတ်ချင်တဲ့သူ သဒ္ဒါရုပ်တွက်နဲ့ထိပ်တိုက်တွေ့တော့ ဝမ်းသာလိုက်တာ မပြောနဲ့၊ စာတတ်ချင်ဇောက မိုးမမြင်၊ လေမမြင်ပါပဲ။

**ဆရာတော်ကြီး**။ ။ဟို. . . မောင်ရင်ကြီးရှေ့ကိုလာ။ မောင်ရင်ကြီးကို ဦးစားပေးသင်နေတယ်။ ကြိုးစားပြီးသင်။ ကျုပ်. . . ဒီစာတွေကို စာချဘုန်းကြီးတွေနဲ့လွှဲထားတာကြာပြီ။

ဩော်. . . လက်စသတ်တော့ ဆရာတော်ကြီးက ငါ့ကိုအရေးတယူ သင်ပေးနေတာပါလား။ နေနည်းထိုင်နည်း တွေလည်းသင်ပေးတယ်။ ပြောပုံဆိုပုံတွေကို သင်ပေးတယ်။ အဲဒီလို သိနားလည်လိုက်ရတော့ ဆရာတော်ကြီးကို မိဘလိုပဲ အားကိုးမိပါသည်။ အာချာတ်ရုပ်. . . တွက်ချိန်တစ်ခုမှာ ဆရာတော်ကြီးသည် "မောက္ခန္တိမာရဗန္ဓနာ"ပါဌ်ကို ရွတ်ပြပါသည်။

**ဆရာတော်ကြီး**။ ။ကဲ. . . မောင်ရင်ကြီး. . အာချာတ်ရုပ် ကျေ-မကျေ သိချင်တယ်။ မောက္ခန္တိ ရုပ်တွက်စမ်း။

**မောင်ရင်ကြီး**။ ။မောက္ခန္တိကား. . မုစ-တည်၊ မုစ. . မုစသဒ္ဒါသည် မောစနေ(လွတ်ခြင်း)၌ ဝတ္တတိဖြစ်၏။ စသည်ဖြင့် ရုပ်တွက်ပြရာ ဆရာတော်ကြီးမှာ ပြုံးပြုံးနှင့် နားထောင်

နေ၏။ ပြီးလည်းပြီးရော. .

**ဆရာတော်ကြီး**။ ။အေး. . . စာတတ်တယ်ဆိုတာ ရုပ်ပြီးရင် စာတတ်တာပဲ။ ဆရာတော်ကြီး မိန့်ဆိုပြီးချိန်တွင် စားရေးသူမှာ ဘယ်လိုခံစားမှုမျိုးမှန်း မသိအောင် ဖြစ်သွားတော့၏။ နံနက်(၈)နာရီ ဆရာတော်ကြီးထံ ပုံမှန်စာတက် စာကျက်ပြ ရပြီးသားတွေ ပြန်ပြီး အချောသတ်နဲ့ ကြိုးစားခဲ့လေရာ ပထမငယ်တန်း ဝင်နိုင်တဲ့ အခြေအနေသို့ ရောက်လာခဲ့သည်။

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး ဒီနှစ် စာမေးပွဲ ဝင်မလား?

**မောင်ရင်ကြီး**။ ။မှန်ပါ. . . အရှင်ဘုရား၊ ဝင်ရောက်နိုင်ဖို့ ကြိုးစားနေပါတယ်ဘုရား။

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး ဒီနေ့ကစပြီး ဆွမ်းစားကျောင်းမှာ ဆွမ်းချက်ကိုရင်ကြီးဘဝက ကျွတ်လေပြီ။ ဆွမ်းမချက်နဲ့တော့။

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။

ဗာရာဏသီ တိုက်ရဲ့ ထုံးစံတစ်ခုက စားမေးပွဲမဝင်နိုင်သေးရင် ကိုရင်ကြီးများ အလှည့်ကျ (၂/၃) ပါးတစ်တွဲ တစ်လတစ်ခါ ဆွမ်းချက်တာဝန်ကို ထမ်းဆောင်ရလေသည်။

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး . . . စာကိုကြိုးစားနော်၊ စာမေးပွဲနီးလာပြီ။ မောင်ရင်ကြီး မကျစေနဲ့။ အဓိကက ရပြီးသားစာတွေကို ထပ်ခါတလဲလဲပြန်။ အာဂုံရှိမှ အာဂလူဖြစ်မှာ. . . ကြားရဲ့လား?

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။ ကြိုးစားပါ့မယ်ဘုရား။

ဆရာတော်ကြီးသည် မိမိအတွက် ပထမငယ်တန်း ကျရှုံးမှုကို အလိုရှိပုံမရ စိတ်မချတဲ့အနေနှင့် ထပ်ခါထပ်ခါ သတိပေးနေပါသည်။ စာရရင်အောင်ပါတယ်၊ အောင်အောင်ဖြေဟုလည်း အားပေးပါသည်။ ၁၃၃၃-ခုနှစ်၊ ပထမငယ်တန်းမှာ ဝင်ရောက်ဖြေဆိုသူဦးရေ (၂၅)ပါးရှိရာ၊ (၁၉)ပါးအောင်မြင်ခဲ့ပါသည်။ အောင်ချက်စံချိန်အကောင်းဆုံးဟု ဆိုရမည်ဖြစ်ပါသည်။ ဆရာတော်ကြီးသည် သူကိုင်သောအတန်း စာမေးပွဲအောင်ချက်ကောင်းတဲ့အတွက် ဝမ်းသာနေပါသည်။ အဲဒီထဲ စာရေးသူ အပါအဝင်ဖြစ်၏။

**မောင်ရင်ကြီး**။ ။ဆရာတော်ဘုရား. . . ပထမလတ်အတွက် ဘာစာဝါများ ဆက်၍ကျက်ရပါမလဲဘုရား?

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး. . . ဝိနည်းဘာသာဘက်က ဘိက္ခုနီပါတိမောက် ကျက်ရမယ်။ ကစ္စည်း၊ ရူပသိဒ္ဓိ၊ ဋီကာကျော်တွေကိုတော့ ဆိုင်ရာစာချဘုန်းကြီးများထံမှာ စာလိုက်။

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။

### ရဟန်းဘဝ အစနေ့များ

ဆရာတော်ကြီးခေါ်၍ သွားရသည်။ ရောက်သောအခါ. . .

**ဆရာတော်ကြီး**။ ။မောင်ရင်ကြီး အသက်ဘယ်လောက်ရှိပြီလဲ? သိရဲ့လား?

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား၊ (၁၉) နှစ်ပြည့်လို့ (၃)လစွန်းသွားပါပြီဘုရား။

**ဆရာတော်ကြီး**။ ။ဒါဆို. . . ရဟန်းခံလို့ရပြီ၊ ရဟန်းခံမဲ့ ဒကာကော ရှိရဲ့လား?

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။ မူလက ရှင်ဒကာ, ဒကာမများက ရဟန်းဒကာ အဖြစ် ခံယူကြမှာပါဘုရား။

**ဆရာတော်ကြီး**။ ။ကဲ. . . ဒါဖြင့် အကြောင်းကြားလိုက်၊ ယခုနှစ်ဝါမဆိုခင် ပထမဝါဆို လပြည့်ကျော်(၈)ရက်နေ့မှာ ရဟန်းခံပေးမယ်။

**မောင်ရင်ကြီး**။ ။မှန်ပါ့. . . အရှင်ဘုရား။

မူလ ရှင်ဒကာများဖြစ်ကြသော ဦးဉာဏ်ကြီး+ဒေါ်မယ်ခင်နှင့် မိဘများဖြစ်ကြသော ဦးဖိုးရှန်+ဒေါ်စိန်မြိုင်တို့ ရောက်ရှိလာကြပါသည်။ ဆရာတော်ကြီး၏ အစီအမံဖြင့် ဆရာတော် ကြီးကို ဥပဇ္ဈာယ်ပြုပြီး တိုက်အုပ်၊ တိုက်ကြပ်၊ စာချဘုန်းတော်ကြီးများ ကမ္မဝါစာရွတ်ဖတ်ပေး ၍ ကံဆောင်ကြသဖြင့် စာရေးသူ ရဟန်းဘဝသို့ ရောက်ရှိသွားပါတော့သည်။

**ဆရာတော်ကြီး**။ ။ရဟန်းသစ်တွေ ကျောင်းတိုက်ရဲ့ သတ်မှတ်ထားတဲ့စည်းကမ်းအတိုင်း ဝါတွင်းကာလမှာ ရှိသမျှပရိက္ခရာ ပစ္စည်းတွေကို စွန့်ကြ၊ တိစိဝရိတ်ဓူတင် ဆောင်ကြရမယ်။ ဧကသနိက်ဓူတင်ဆောက်တည်ကြရမယ်။ နိသဇ်ဓူတင်ဆောင်ကြရမယ်။ ကြားရဲ့လား?

**ရဟန်းသစ်များ**။ ။မှန်ပါ့. . . အရှင်ဘုရား။

ရဟန်းဖြစ်စ ဝါတွင်းကာလမှာ ဓူတင်(၃)ပါး ဆောင်ကြရလို့ ရဟန်းသစ်တွေမှာပျော် ရွှင်နေကြပါသည်။ (အရတော်စွ-ဒို့ဘဝ) ပါတကား။ ဗာရာဏသီတိုက်တွင် ဝါတွင်းကာလသို့ရောက်လျှင် ရဟန်းသစ်များ အပါအဝင် ရဟန်းသံဃာများ အလှည့်ကျ ဥပုသ်နေ့(ညများမှာ) တရားဟောကြရပါသည်။ စာရေးသူ၏အလှည့် ညတစ်ညသို့ ရောက်သောအခါ စာရေးသူက အပေါ်ထပ်မှာ ဟောပြောနေစဉ် ဆရာတော်ကြီးက အောက်ထပ်မှာ တရားနားထောင်နေပါသည်။

**ဆရာတော်ကြီး**။ ။ဒီ. . . မောင်ပဥ္စင်း. . . ပါရာဇိကဏ်ပါဠိတော် ဆန္ဒထေရ် ပြဟ္မဒဏ်ပေး ခဏ်းနဲ့ဟောနေတာ. . . "ဘယ်ဆိုးလို့တုံး"။

ဦးစွာပထမ ဆရာတော်ကြီးရဲ့ ချီးမွမ်းသံကြားရတော့ ကိုယ်ကတော့ ပထမဆုံးအကြိမ် ဟောရတာဖြစ်လို့ ကြောက်စိတ်နဲ့ ဘာတွေဟောမိမှန်း မသိပေမဲ့ ဆရာတော်ကြီက ချီးမွမ်းလို့ ဝမ်းသာရတော့သည်။ နောက်တစ်ကြိမ်အလှည့်ကျ လပြည့်ဥပုသ်နေ့မှာ ပါတိမောက်အကျယ် ရွတ်ဆိုပြရပြန်သည်။ အထစ်အငေါ့မရှိ အာလျှာရှင်းရှင်းနဲ့ ပြန်ဆိုနိုင်သဖြင့် ဒုတိယအကြိမ် ချီးမွမ်းသံ ပေါ်ထွက်လာပြန်သည်။ ဥတ်ပါဠိရွတ်တုန်းက အသံခပ်ပြင်းပြင်း ရွတ်ဆိုလိုက်ရာ.

**ဆရာတော်ကြီး**။ ။ပါတိမောက်တော့ ကျေသားပဲ။ အင်း. . . အသံကတော့ ရှေးကျကျ တောဘုန်းကြီး အသံပဲ။ ပါတိမောက်ကျေသားပဲ ဆိုတာကို နားလည်ပေမဲ့ ရှေးကျကျ တောဘုန်းကြီးအသံဆိုတာကိုတော့ ရုတ်တရက် နားမလည်လိုက်။ နောင်အခါမှသာ သဘောပေါက်သွားတော့သည်။ (ရှေးကျကျ တောဘုန်းကြီးများသည် ခေါင်းမှာ နားနေသည့်ခြင်ကောင်၊ ယင်ကောင်ကိုလန့်အောင် ခြောက်လန့်နိုင်သည်ဟု ဆိုသည်)။

**ပရိယတ်စာပေ အညာဆန်ခရီး**

စာရေးသူသည် ပထမလတ်တန်းကို ပါဠိဘာသာဂုဏ်ထူးဖြင့် ဖြေဆိုနိုင်ခဲ့ပါသည်။ ထို့နောက် အောင်မြင်နိုင်သည်ဟု ကြိုတင်တွက်ဆမိသော ပထမကြီးတန်းအတွက် နေရာပြောင်းရွှေ့ရန် စီစဉ်ခဲ့ပါသည်။ ဆရာတော်ကြီးသိသွားလေသည်။ ထိုအခါ ကရုဏာဒေါသဖြင့် ပြောဆိုသံထွက်ပေါ် လာခဲ့သည်။

**ဆရာတော်ကြီး**။ ။စာဖြင့်မတတ်သေးဘူး၊ ဟိုပြောင်းခြင် ဒီပြောင်းခြင်နဲ့။

စာရေးသူ၏စိတ်သည် တုန်လှုပ်ခြောက်ခြားသွားပါတော့သည်။ သို့ပေမဲ့ စိတ်ထဲမှာတထစ်ချ ဆုံးဖြတ်ထားပြီး ဖြစ်၍ ဆရာတော်ကြီးကို လျှောက်ထားရပါတော့သည်။

**မောင်ပဥ္စင်း**။ ဆရာတော်ဘုရား. . . . တပည့်တော်ကို မန္တလေး စာသင်ထွက်ခွင့်ပြုတော်မူပါဘုရား။


**ဆရာတော်ကြီး**။ ။မောင်ပဥ္စင်း . . . . ဘယ်ကျောင်းတိုက်ကို သွားနေမှာလဲ

**မောင်ပဥ္စင်း**။ ။မန္တလေး အနောက်ပြင် မဟာဝိသုဒ္ဓါရုံ ဇယမေဒနီ ဝါဆိုကျောင်းကို သွားနေမှာပါဘုရား။

ဆရာတော်ကြီးသည် စဉ်းစားတွေးတော၍ ဆိတ်ဆိတ်ငြိမ်သက်နေရာမှ. . . .

**ဆရာတော်ကြီး**။ ။အင်း. . . ကွပေါ့။ အားကိုးရမျှား ရမလားအောင့်မေ့တယ်။ ဒီပုတ်ထဲက ဒီပဲလိုပါတကား။ တို့မျှား . . . ဝိသုဒ္ဓါရုံကလွဲလို့ ဘယ်မှမနေခဲ့ပါဘူး။ ပခုက္ကူသွားနေတာလဲ ခဏပါပဲ။ ကိုယ်ကြိုးစားမှ တတ်တာပါ။ ကြိုးစားပေါ့။ ကဲ. . . ကဲ. . . မောင်ပဥ္စင်း. . . သွားတော့. . . သွားတော့

စာရေးသူမှာ ဆရာတော်ကြီးကို ကြည့်ပြီး ဝမ်းနည်းသလိုဖြစ်သွားပါသည်။ သူ့ဆီမှာပဲ အခြေခံ ကောင်းများရအောင် လုပ်စေခြင်သည်။ ဘယ်ကိုမှ မသွားစေချင်သေး။ အခြေခံ ကောင်းများရမှ သူစီစဉ်ပေးမည့် သဘောမျိုးတွေ့ရသည်။ မိမိလည်း စာချဘုန်းကြီး ဦးဟိတေ သကမှတဆင့် ဝါဆိုဆရာတော်ကြီးထံ အကြောင်းဆက်



ထားပြီးဖြစ်၍ စိတ်ကလည်းသွားဘို့ သာ လွန်ကဲနေရာ ဗာရာဏသီကျောင်းတိုက်မှ ထွက်ခွါခဲ့ပါတော့သည်။ စာရေးသူ ပထမလတ် တန်းကို ပါဠိဂုဏ်ထူးဖြင့် အောင်မြင်စဉ်က ရရှိခဲ့သော ဆုနှင့်စာအုပ်စာတန်းများကို ဗာရာဏသီတိုက်သို့ လှူဒါန်းခဲ့ပါသည်။

## ရွှေမန်းမြေသို့

၁၃၃၅-ခုနှစ်၊ နယုန်လပြည့်နေ့တွင် မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်။ "ဒီမောင်ပဥ္စင်းက. . . လုပ်မယ်ဆို တကယ်လုပ်မဲ့မောင်ပဥ္စင်း တားမရမှန်းသိလို့တို့ မတားပါဘူး၊ သူသွားတာ စောလွန်းပါသေးတယ်" ဟူသော ဆရာတော်ကြီး၏ အသံကို မန္တလေးမှ ကြားရပါသည်။

မိမိရဲ့ အဓိကရည်ရွယ်ချက်က မန္တလေးမှာ ပထမကြီးတန်း စာဝါလိုက်မည်။ အချိန် ရသေးရင် " အဘိဓံသ" ဘွဲ့အတွက် သကျသီဟ စာမေးပွဲဝင်ဖြေလိုသည်။ ထို့ကြောင့် ဆရာတော်ကြီးနှင့် ဗာရာဏသီတိုက်ကို ခွဲခွါလာရခြင်းဖြစ်ပေသည်။

မန္တလေးမှာရှိနေစဉ်" မောင်ပဥ္စင်း ကိုယ့်ရည်ရွယ်ချက် မပျောက်ပစ်နဲ့၊ မန္တလေးက အာရုံတွေပေါတယ်။ မပျက်စီးအောင် ဆရာသမား စကားနားထောင်နေ၊ ပရိယတ္တိစာမေးပွဲကို ဝင်နိုင်အောင်ကြိုးစားပါ" ဟူ၍ ဆရာတော်ကြီးထံမှ စာတိုလေးတစ်စောင် ရောက်ရှိလာပါသည်။ ထိုအခါမှ ရင်ထဲအေးသွားတော့သည်။ ဩော်. . . ဆရာတော်ကြီးက ပျက်စီးသွားမှာစိုးလို့ မသွားစေချင်တာကို ဟု သဘော ပေါက်ပါပြီဘုရား။

၁၃၃၉-ခုနှစ်အထိ ဝါဆိုကျောင်းမှာ ၃/၄ နှစ် စာဝါများ သင်ယူပြီး ပထမကြီးတန်းကို ပါဠိဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်တော့ ဆရာတော်ကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ "မောင်ပဥ္စင်း. . . စာချတန်း စာဝါအတွက် အဖွင့်ဋီကာများ စာတိုက်မှ ပေးပို့လိုက်သည်" ဟု ဝိနည်းသာရတ္ထဒီပနီ. . . ဋီကာနှင့်ဒီဃနိကာယ်. . . သုတ်သီလက္ခန်ဋီကာသစ်တို့ကို စာတိုက်မှ မိမိထံ ပေးပို့ပါသည်။ ဆရာတော်ကြီးသည် မိမိနှင့်စာအဆက်အသွယ် မပြတ်တော့ပဲ မေတ္တာကူးစက်လျှက်ရှိသည်။ အဝေးမှ လမ်းညွှန်မှုများ ပေးခဲ့ပါသည်။ အပေါင်းအသင်းမမှားဖို့ ထပ်တလဲလဲ ပါရှိပါသည်။ ထိုအခါမှ ဆရာတော်ကြီး၏ သာသနာတော်အတွက် မိမိအပေါ် လေးနက်စွာ ထားရှိသော စိတ်စေတနာ သဘောထားတွေကိုပို၍ သိရပါတော့သည်။ ထိုအခါ မန္တလေးမှ ဗာရာဏသီသို့ အခါခါ ဦးခိုက်လိုက်ရပါတော့သည်။

ဗာရာဏသီဆရာတော်ကြီးနှင့် ရွှေကျင်ဂူသာသနာ "မောင်ပဥ္စင်း. . . ဒို့မန္တလေး ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်ကြီးရဲ့. ၂၅-နှစ်ငွေရတုပွဲ ကြွမယ်၊ အဲဒီကအပြန် မောင်ပဥ္စင်းတို့ရွာအနီးက နွားလန်တောင် (ယခုအခေါ် ရွှေကျင်ဂူ တောရ)သို့ ဝင်မယ်။ အသင့်စောင့်ပါ"စာတိုလေး တစ်စောင် စာရေးသူထံ ရောက်ရှိလာသည်။ ထိုအချိန်က နွားလန်းတောင်တောရသည် ခြုံနွယ်ပိတ်ပေါင်း ဂူပြို ဂူပျက်၊ရေကန်ပျက်ကြီးနှင့် အနိဋ္ဌမြင်ကွင်းကျယ်ကြီးပေတည်း။ သံဝေဂရဖို့ အလွန်ပင်ကောင်းတော့သည်။ ဆရာတော်ကြီး၏ လင်ရိုဗာကားလေး သွားလို့ဖြစ်အောင် လမ်းရှင်းလမ်းဖောက်ပေးရ သည်။ တောရဆီမရောက်ပဲ ကုန်းမြင့်မြင့်မှာ ကားလေးကို ထားခဲ့၍ ဆရာတော်ကြီး

ခြေလျင်ကြွရသည်။

**ဆရာတော်ကြီး**။ ။မောင်ပဥ္စင်း. . . ဒို့ရဲ့. . ပထမရွှေကျောင်ဆရာတော်ကြီး နေခဲ့တဲ့ နေရာဟောင်းကို ရောက်ရတာ ကျုပ်ဖြင့်အလွန်ပင်စိတ်ချမ်းသာတယ်။ ဒီနေရာ လေး. . . . ဘယ်တော့များ. . . ကျောင်းဘဝ ပြန်ရောက်ပ့ါ။ မောင်ပဥ္စင်း. . . မနေချင်ဘူးလား?

ဆရာတော်ကြီးသည် လူသူကင်းမဲ့ နွားလန်းတောင်တောရဟောင်းကြီးကို ကြည့်၍ သံဝေဂဖြစ်နေပုံရပါသည်။ "ဒီနေရာလေး ဘယ်တော့များ ကျောင်းဘဝ ပြန်ရောက်ပ့ါ" ဟူသော ဆရာတော်ကြီး၏ ကြောင့်ကြစိတ် ဖြစ်သံကို ကြားရစဉ် စာရေးသူမှာ ထိခိုက်ခံစားခဲ့ရပါသည်။ ထိုစဉ်က စာရေးသူမှာ ပရိယတ္တိ စာပေခရီး နောက်ကြောင်း ပြန်မဆုတ်ချင်သည်ကတစ်ကြောင်း၊ သံဝေဂ တကယ်မရှိသေး သည်က တစ်ကြောင်း ဆိုတော့ စကားလမ်းကြောင်းလွဲအောင်သာ ပြန်လျှောက်တင်ခဲ့ ပါသည်။

**မောင်ပဥ္စင်း**။ ။မှန်ပ့ါ. . . ဘုရား။ ရွှေကျောင်ဆရာတော်ကြီးလက်ထက်မှာ ဘုရားတပည့် တော်ရဲ့ အဖိုးတော်သူ ဘကြီး ဦးထွန်းလှ၊ ဒီနေရာမှာ ရွှေကျောင်ဆရာတော်ထံ ကပ္ပိယ သူတော်ဘဝနဲ့ နေဘူးပါတယ်ဘုရား. . .

**ဆရာတော်ကြီး**။ ။ဩော်. . . ဒီလိုဆိုတော့. . . ဘအမွေ၊ ဘိုးအမွေ ခံယူပေ့ါ။ ဒီနေရာက မောင်ပဥ္စင်းနဲ့ ဘယ်စိမ်းမှာလဲ။

လွှဲပစ်သည့်စကားကို ဆရာတော်ကြီးက အလွှဲမခံ ပြန်ကောက်နေ ပြန်သည်။ စာရေးသူမှာ အသာလေးငြိမ်နေလိုက်ရပါတော့သည်။ ဤသို့ဖြင့် စာရေးသူသည် ပထမကြီးအောင်မြင်ပြီး မြောင်းမြသို့၊ မြောင်းမြမှ ပြည်သို့တစ်ကျော့ ပြန်ဝင်၊ ပြည်မှပခုက္ကူသို့ ကျမ်းကြီးဖောက်ထွက်၊ ဓမ္မာစရိယအောင်ပြီး၊ မင်းကွန်း တိပိဋကနိကာယ ကျောင်းတော်ကြီးမှ အစိုးရ ဝိနည်းငါးကျမ်းပြန် ဆိုနေစဉ် မမျှော်လင့်ပဲ (ဂျူးဘုန်းတော်ကြီး) လွန်ခဲ့ပါသည်။ နေသူမရှိ သုညဘဝရောက်လုဆဲမှာ ဆရာတော်ကြီးရဲ့ အမိန့်နှင့်နွားလန်းတောင်တောရ၊ ယခုရွှေကျောင်ဂူတောရမှာ အမိန့်တော်ကို ပန်ဆင်ပြီး နေထိုင်လိုက်ပါတော့သည်။ ဤကဲ့သို့ မိမိဘဝ ဖြစ်စဉ် ဖြစ်ရပ် အသီးသီးကို ပြန်လည်သုံးသပ်လိုက်တော့ဆရာတော်ကြီးသည်" ရွှေကျောင်ဂူ သာသနာ၏ အနာဂတ်ရေးကို မျှော်တွေး၍သိနေရော့သလား" ။ ဆရာတော်ကြီးကို လျှောက်တင်လိုက်ချင်တာက. . . .

"သည်ယုန်မြင်လို့ သည်ခြုံထွင်ရော့လား"ဆရာတော်ဘုရား. . . . . . . .

တပည့်- ရွှေကျောင်ဂူမောင်ပဥ္စင်း (မိကျောင်းရဲ) မကွေး
(၁၃၇၁-ဝါဆိုလ)



# ညီတော်အာနန္ဒာမထေရ်အား သောတာပန်တည်စေသောတရား

လှသန့် (ပြည်)

ပမာတစ်ခု၊ ဉာဏ်ဝင်ရှုလော့
တင့်စွာပြုပြင်၊ ကိုလုလင်နှင့်
ပျိုစင်လုံမ၊ မီးဆင်သသည့်
အလှဖွေရှာ၊ မှန်မျက်နှာဝယ်
ထင်လာမဆိပ်၊ ထိုပုံရိပ်သည်
စွဲမှီဖြစ်တာ၊ လွန်သေခြာသို့
သူငါသတ္တာ၊ ပုဂ္ဂလနှင့်
ပြဟ္မာနတ်လူ၊ များအယူလည်း
မပြောင်းတူစွာ၊ ငါးခန္ဓာမှ
စွဲလာဖြစ်ရ၊ 'သက္ကာယ'တည့်
ခွဲကာပြ၏၊ ရှင်းစေသောဝ်။

အထက်ပါ ဓမ္မကဗျာသည် ညီတော်အာနန္ဒာ မထေရ်အားသောတာပန်တည်စေသည့် တရားအနှစ်ချုပ်ကို ဓမ္မကဗျာတစ်ပုဒ်အဖြစ် စာရေးသူစပ်ဆိုရေးဖွဲ့ထားခြင်း ဖြစ်ပါသည်။ ညီတော်အာနန္ဒာမထေရ်ဟုဆိုလိုက်ပါက ဘုရားရှင်၏တစ်ဝမ်း ကွဲတော်စပ်သည့် ညီတော်အဖြစ်လည်းကောင်း၊ ထိုမှတစ်ပါး အကြားအမြင်များခြင်း၊ သတိကောင်း ခြင်း၊ ဉာဏ်ကောင်းခြင်း၊ လုံးလကြီးခြင်း၊ ဘုရားအလုပ်အကျွေးပြုစုခြင်းစသောအချက်များတွင်အမြင့်ဆုံး၊ အမြတ်ဆုံး ဘွဲ့ထူးရသည့် ဧတဒဂ်ငါးတန်ရှင်အာနန္ဒာအဖြစ်လည်းကောင်း ဗုဒ္ဓဘာသာဝင်တော်တော်များများ သိကြပြီးဖြစ်ပါသည်။ ညီတော်အာနန္ဒာမထေရ်သည် ဘုရားရှင်၏စကားကို သင်ယူသည်ရှိသော် သာသနာတော်၌ ဓမ္မဘဏ္ဍာဂါရိကအရာ၌ သာတည်၍သင်ယူပါသည်။ ထိုမှတပါး ဘုရားရှင်ဟောကြားတော်မူရာ အလုံးစုံသောပုဒ်တို့ကို သိစွမ်းနိုင်သည့်ပညာနှင့် ဘုရားရှင်ဟောကြားတော်မူရာတရားတော်တို့ကိုကြာမြင့်စွာဆောင်ထားနိုင်သဖြင့်မှတ်ဉာဏ် (သတိ) အရာမှာလည်း အခြားသော တပည့်သာဝကတို့ထက် အားကြီးသာလွန်လှပါသည်။ စင်စစ်အရှင်အာနန္ဒာမထေရ် သည် ခြေတစ်လှမ်းအတွင်းခြောက်သောင်းသောပုဒ်တို့ကို မြတ်စွာဘုရားဟောကြားသောနည်းဖြင့် သိနိုင်စွမ်းရှိသော တကယ့်အံ့မခမ်း ပါရမီရှင်သာဖြစ်ပါသည်။ သို့သော် ထိုအရှင်သည် ပထမနိဗ္ဗာန်ခေါ်သောတာ ပန်အဆင့်ကိုရရာတွင် ဘုရားရှင်ဟောကြားတော်မူသောတရားတော်ကို နာယူနှလုံးသွင်း၍ရသည်မဟုတ်ဘဲ တရားဟော

ဓမ္မကထိကအရာတွင် အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးရသည့် မန္တာနီပုဏ္ဏေးမ၏သား ရှင်ပုဏ္ဏမထေရ်၏ အထက်ပါ ဓမ္မကဗျာအဖြစ်ဖွဲ့ဆိုထားရာ တရားကိုနာကြား၍သာ သောတာပန်တည်ခဲ့ခြင်း ဖြစ်ပါသည်။

"ဓမ္မကဗျာ"တရားတော် အနက်အဓိပ္ပါယ်မှာ---

ရေမိုးသန့်စင်ပြီးနောက် တင့်တယ်လှပစေရန် ဖီးလိမ်းပြင်ဆင်လေ့ရှိသော လုလင်ပျိုဖြစ်စေ (သို့မဟုတ်)လုံမပျိုဖြစ်စေ စင်ကြယ်သောမှန်မျက်နှာပြင်၌သော်လည်းကောင်း (သို့မဟုတ်) ကြည်လင်သောရေခွက်၌သော်လည်း မိမိမျက်နှာရိပ်ကို ကြည့်မည်ဆိုပါက ထိုသက်ဆိုင်သူ၏ မျက်နှာပုံရိပ်သည် စင်ကြယ်သောမှန် (သို့မဟုတ်) ကြည်လင်သော ရေမျက်နှာပြင်တို့ကိုစွဲမှီပြီးမှသာ ဖြစ်ပေါ်လာရပါသည်။

ထိုအတူ ပုဂ္ဂိုလ်သတ္တဝါသူငါစသော'သက္ကာယ' ဒိဋ္ဌိအယူသည်လည်း ဖေါက်ပြန်တတ်သောရုပ်၊ ခံစားတတ်သော ဝေဒနာ၊ မှတ်သားတတ်သောသညာ၊ အကောင်းအဆိုး အမျိုးမျိုးသောစိတ် ဖြစ်ပေါ်လာစေရန် စေ့ဆော်တတ်သော သင်္ခါရ၊ အာရုံအပြားပြားကို သိတတ်သောဝိညာဏ် - အစရှိသည့် ခန္ဓာငါးပါးကိုစွဲမှီပြီးမှသာဖြစ်ပေါ်လာရပါသည်။ မုချသဘောအားဖြင့် တစ်နည်းထပ်ဆင့်ဆိုရပါမူ ပုဂ္ဂိုလ်သတ္တဝါသူငါဟူသည့် သက္ကာယဒိဋ္ဌိဆိုသည်မှာ ခန္ဓာ၏သဘော သဘာဝမှန်ကို ဖုံးအုပ်ပိတ်ကွယ်ထားရာ မောဟ (အဝိဇ္ဇာ)ကြောင့် သာလျှင်ဖြစ်ပေါ်လာရသောတရားအစုသာ ဖြစ်ပါသည်။

စင်စစ် 'ဖေါက်ပြန်၊ ခံစား၊ မှတ်သား၊ စေ့ဆော်၊ အာရုံကိုသိ' အစရှိသည့် ခန္ဓာ၏ သဘောသဘာဝလုပ်ငန်း ဆောင်တာများသည် အခေါ်အဝေါ် ပညတ်သဘောသာလျှင်ထိုက်ရာ သက္ကာယဒိဋ္ဌိ (ငါ) အစရှိသောတရားများ ပါဝင် သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ မိမိ၏'ဖေါက်ပြန်မှု၊ ခံစားမှု၊ မှတ်သားမှု၊ စေ့ဆော်မှု၊ အာရုံကိုသိမှုဟူသည့်အလုပ်တို့ကို ဓမ္မသဘာဝအားလျော်စွာ လုပ်စမြဲဆောင်ရွက်စမြဲ သာဖြစ်ပါသည်။ မောဟ(အဝိဇ္ဇာ) ၏အစွမ်းအားဖြင့် 'သက္ကာယ' တရားရောနှောပါဝင်လိုက်သောအခါမှသာ ပင်ကိုယ်ရုပ်တရား သဘာဝဖေါက်ပြန်မှုအား(ငါ)ရုပ်ဖေါက်ပြန်မှုဟူ၍လည်းကောင်း၊ ပင်ကိုယ်ဝေဒနာတရား သဘာဝခံစားမှုအား (ငါ) ဝေဒနာခံစားရမှုဟူ၍လည်းကောင်း၊ အမှန်ရှိသောဟုတ်သော ဖေါက်ပြန်မှု၊ ခံစားမှုပရမတ်တရားများအပေါ်ဝယ် အမှန်မရှိသော မဟုတ်သော (ငါ) အစရှိရာ အဝိဇ္ဇာ မာနပညတ် 'သက္ကာယ' တရားဖြင့် ရောနှောပါဝင်လိုက်ခြင်းသာဖြစ်တော့သည်။

ဓမ္မသဘာဝအမှန်ကို အမှန်အတိုင်းထင်စေရန် သုံးသပ်ရှုမြင်ဆင်ခြင်နိုင်ရာသောအကြောင်းအခြင်းအရာ တစ်ခုမှာ ပမာအားဖြင့်ဗိုက်အောင့် ဗိုက်နာ ရောဂါဝေဒနာကို ရက်တစ်ရက် ခံစားလိုက်ရသည့် ရောဂါသည်တစ်ဦးအဖို့ ဝေဒနာရုတ်တရက် စတင်ခံစားလိုက်ရသည့် ဦးစွာသောအချိန်တွင် ရောဂါဝေဒနာအပေါ်၌ (ငါ) အစရှိရာ 'သက္ကာယ' တရားမရောသေးဘဲ ခံစားနေရမှုကိုသိလိုက်သည့် အသိစိတ်သာဖြစ်ပေါ်နေပါသည်။ (အဘိဓမ္မာ, သဘောအရဆိုရပါမူ အဇ္ဈတ္တကာယပသာဒရုပ်တရားနှင့်စပ်၍ဖြစ်ရာအာရုံကိုသိမှု 'ကာယဝိညာဏ်'၊ အာရုံခံလင့်မှု 'သမ္ပဋိစ္ဆိုင်း'၊ အာရုံကို စုံစမ်းမှု 'သန္တီရဏ'ဟူသည့် ဝီထိစိတ်အစဉ်များ ဖြစ်ကြပါသည်။

ထို့နောင် ပုထုဇဉ်တို့၏

---

**ထိုမှတစ်ပါး**

* **အကြားအမြင်များခြင်း၊**

* **သတိကောင်းခြင်း၊**

* **ဉာဏ်ကောင်းခြင်း၊**

* **လုံ့လကြီးခြင်း၊**

* **ဘုရားအလုပ်အကျွေးပြုစုခြင်း**

**စသောအချက်များတွင် အမြင့်ဆုံး၊ အမြတ်ဆုံးဘွဲ့ထူးရသည့် ဧတဒဂ်ငါးတန်ရှင်အာနန္ဒာအဖြစ်လည်းကောင်း ပုဒ္ဓဘာသာဝင်တော်တော်များများ သိကြပြီးဖြစ်ပါသည်။**

---

သဘာဝခံစားနေရသော ရောဂါဝေဒနာအပေါ်၌ မသင့်မတင့်မှားယွင်းသောအားဖြင့် နှလုံးသွင်းမှတ်သားမှု (အယောနိသောမနသိကာရ)ဝုဋ္ဌောစိတ် ဖြစ်ပေါ်လာသောအခါကျမှသာ (ငါ) ဗိုက်နာသည် (ငါ) ငါဗိုက်အောင့်သည်ဖြင့် 'သက္ကာယ' တရားရောနှောပါဝင် လာရကား ဤနေရာ၌ကား 'ငါ' ပါ၍ခံစားရတာလား၊ သို့တည်းမဟုတ် ဗိုက်နာဗိုက်အောင့်ခံစားရမှုကို 'ငါ' လုပ်တာလားဟူသော မေးခွန်းတွင် 'ခံစားမှု' သည်(ငါ)ဟူသော သက္ကာယတရား ဝင်ရောက် စွက်ဖက်နိုင်ရန်အခွင့်မရမီကပင် ထင်ရှားနေသောတရားဖြစ်၍ ထိုတရားအပေါ်၌ မသင့်မတင့်မှားယွင်းသောအားဖြင့် နှလုံးသွင်းမှတ်သားမှု (အယောနိ သောမနသိကာရ) ဝုဋ္ဌောစိတ်ဖြစ် ပေါ်လာသောအခါကျမှသာ (ငါ) ဟူသည့် သက္ကာယတရား ဝင်ရောက်ရောနှောပါဝင်လာကြောင်း ပေါ်လွင်နေရကား 'ဖေါက်ပြန်၊ ခံစား၊ မှတ်သား၊ စေ့ဆော်၊ အာရုံသိ' အစရှိသည့် ခန္ဓာ၏သဘော သဘာဝ တရားများသည် သက္ကယဒိဋ္ဌိတည်းဟူသော ငါမဟုတ်ဘဲ စင်စစ် သက္ကာယဒိဋ္ဌိ(ငါ)ကသာ ဖောက်ပြန်၊ ခံစား၊မှတ်သား၊စေ့ဆော်၊အာရုံကိုသိ-ဟူသည့် ခန္ဓာ၏ သဘောသဘာဝတရားများ၌ဝင်၍ (ရှုပ်)နေကြောင်းမှာအလွန်သာ ထင်ရှားပါတော့သည်။

**ရေမိုးသန့်စင်ပြီးနောက် တင့်တယ်လှပစေရန် ဖီးလိမ်းပြင်ဆင်လေ့ရှိသော လုလင်ပျိုဖြစ်စေ (သို့မဟုတ်) လုံမပျိုဖြစ်စေ စင်ကြယ်သောမှန်မျက်နာပြင်၌သော်လည်းကောင်း (သို့မဟုတ်) ကြည်လင်သောရေခွက်၌သော်လည်း မိမိမျက်နာရိပ်ကို ကြည့်မည်ဆိုပါက ထိုသက်ဆိုင်သူ၏ မျက်နာပုံရိပ်သည် စင်ကြယ်သောမှန် (သို့မဟုတ်) ကြည်လင်သော ရေမျက်နာပြင်တို့ကိုစွဲမှီပြီးမှသာ ဖြစ်ပေါ်လာရပါသည်။**

လုလင်ပျို (သို့မဟုတ်) လုံမပျို၏ပုံရိပ်ထင်ရာ ဥပမာအကြောင်းအရာ၌ ပုံရိပ်ကိုစွဲမှီ၍ ဖြစ်ပေါ်စေသော စင်ကြယ်သောမှန် (သို့မဟုတ်) ကြည်လင်သော ရေခွက် အစရှိသည်တို့ကို တနေရာသို့ဖယ်ရှားဖယ် ထုတ်ပစ်လိုက်ပါက ပုံရိပ်သည် စင်ကြယ်သောမှန်၊ ကြည်လင်သောရေခွက်တို့မှ ဆိပ်သုဉ်း ပျောက်ကွယ်သွားရသကဲ့သို့ ထိုနည်းတူစွာ မောဟ (အဝိဇ္ဇာ) တရားကိုလည်း အမောဟ(ဝိဇ္ဇာ) ဝိပဿနာဘာဝနာစွမ်းပကားဖြင့် ပုထုဇ္ဇန်၏သန္တာန်မှ ဖယ်ရှားဖယ် ထုတ်ပစ်လိုက်သောအခါတွင် 'အတ္တ' (ငါ)၊ 'အတ္တနိယ' (ငါဥစ္စာ)ဟူသော သက္ကာယဒိဋ္ဌိ ပုံရိပ်တို့၏ ရုပ်သိမ်းချုပ်ငြိမ်းဆိပ်သုဉ်းပျောက်ကွယ်သွားရမှုတို့မှာ ဓမ္မတာသာလျှင်ဖြစ်ပေတော့သည်။

**ဝန်ခံချက်**။ ။ဤအကြောင်းခြင်းရာသည် 'သုတ္တန္တ ပိဋကတ်၊ သံယုတ္တနိကာယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၊ ထေရဝဂ်၊ အာနန္ဒသုတ်' ကို မှီငြမ်းပြုကာရေးသားသော အကြောင်းအခြင်းအရာဖြစ်ပါသည်။ မူလသုတ်တွင် တဏှာ, မာန, ဒိဋ္ဌိ ဟူသည့် (ပပဉ္စ)တရားသုံးပါး စလုံးကိုပါ နီးကပ်သော (ဥပစာရနည်း) သဘောအားဖြင့် ထည့်သွင်းပြဆိုထားပါသည်။ သို့သော် ထိုသုတ်သည်(က) ညီတော်အာနန္ဒာ မထေရ်အား သောတာပန်တည်စေသောသုတ်ဖြစ်ခြင်း။ (ခ) သောတာပန်ဟူသည် တဏှာ, မာန, ဒိဋ္ဌိ (ပပဉ္စ)တရားသုံးပါးတွင် 'ဒိဋ္ဌိ'ကိုသာ အကြွင်းမဲ့ပယ် သတ်နိုင်ခြင်းတို့အပြင်စာရှုသူများ ဤစာကိုဖတ်ချိန်တခဏ၌သော်မျှ သိမှု (ဉာတပရိညာ) သဘောအားဖြင့် 'သက္ကာယ'တရားကို ပယ်ခွါ ထားနိုင်စေခြင်းအကျိုးငှါရည် ရွယ်၍ စာရေးသူမှ 'သက္ကာယ' ကိုသာလျှင် အဓိကပစ်မှတ်ထားကာ ဓမ္မစာပန်းချီအားဖြင့် ရေးဖွဲ့ချယ်မှုန်းတင်ပြ အပ်ပါသည်။

**လှသန့် (ပြည်)**
ဦးလှသန့် (၄၀၆)
လမ်းမတော်၊ ပြည်မြို့



# အညာတြိဂုရ– မှတ်တမ်းလေး

ပဲခွပ်မှုး (အောင်လံ)

၁၃၇၁-ခုနှစ်၊ တပို့တွဲ လဆန်း (၁၄)ရက်နေ့၌-ပြည်မြို့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီစာသင်တိုက်ကြီး၏-တိုက်တည် (၁၃၂၁-၁၃၇၁)နှစ်(၅၀)ပြည့် ရွှေရတုသဘင် ပွဲကြီး ပြုလုပ်ကြပေတော့မည်။

၁၃၆၄-ခုနှစ်၊ ဝါဆို လဆန်း(၅) ရက်၊(၁၄-၇-၂၀၀၂) တနင်္ဂနွေနေ့ကလည်း ဗာရာဏသီတိုက်ကြီး၏ အာဒိကမ္မိက ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ကြီး၏ ဂုဏပူဇာနှစ်တစ်ရာ (ရာပြည့်) ပူဇော်ပွဲကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ကြပေပြီ။

(၁၀၈)နှစ်မျှ-သက်တော်ရှည်ခဲ့ပါလျှင် တပည့်သံဃာ ဒါယကာတို့ ညီညာလက်တွဲ- ဆင်နွှဲပြုလုပ်သည့် ရွှေရတုသဘင်ပွဲကြီးကို ကျေးဇူးတော် ရှင်ဆရာတော်ဘုရားကြီး မျက်ဝါး ထင်ထင်တွေ့မြင် ရမည့်ပွဲတော်ကြီး ဖြစ်ပေမည်။ ယခုကားကြို့တင်၍ ဘဝနေဝင်တော်မူခဲ့ပါလေသတည်း။

ခေါင်းစဉ်ပြောင်း၍ ပွဲကြီးနှစ်ပွဲ ဆင်နွှဲကြသော်လည်း လိုရင်းပဓာနကား ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီး၏ ဂုဏ်တော်ကျေးဇူးတော်များကို ပညာရှင်အသီးသီးတို့ ရှုထောင့်အသီးသီးမှ အမြင်အသီးသီးတို့ဖြင့် ချီးကျူးပူဇော် မှတ်တမ်းတင်ကြခြင်းသာဖြစ်ပေသည်။ မှတ်တမ်းတင်မည်ဆိုကလည်း တင်ထိုက်ပါသည်။ မန္တလေးမြို့မှ ထင်ရှားကျော်ကြားသည့် ဆရာတော်ကြီး

ဆရာတော်ဘုရားကြီး၏ သာသနာရေး၊ ဘာသာရေး ဆောင်ရွက်ချက် မှတ်တမ်းကြီးများကား ကြီးကျယ်ထင်ရှား များပြား လှ၍၊ စာအုပ်စာတမ်း မှတ်တမ်း၊ ကျောက်စာတိုင် မော်ကွန်းမှတ်တမ်းတို့ဖြင့် ထင်ရှားကျော်ကြား-လူသိများလှပါ၏။ ထင်ရှားပါလျက်- မှတ်တမ်းမဝင် သူသိပင် မများလှသည့် အကြောင်းအရာ မှတ်တမ်းလေးတစ်ခုသည်ကား. . . .

**အညတြရ- မှတ်တမ်းလေး. . . .**


၁၃၅၂-ခုနှစ်၊ ပြာသိုလဆန်း(၁၂)ရက်၊ နံနက်(၁၀)နာရီအချိန်။

အဂ္ဂမဟာပဏ္ဍိတ၊ ကျေးဇူးတော်ရှင်-ဗာရာဏသီဆရာတော်ဘုရားကြီး။ ညီတော်ဖြစ်သည့် (မေမြို့) ပြင်ဦးလွင်-ဝိသုဒ္ဓါရုံရွှေကျောင်းကျောင်း ဆရာတော်ကြီး။ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ-သိမ်ဦးကျောင်း ဆရာတော်။ တောင်ငူမြို့၊ ဝိသုဒ္ဓါရုံ-မြို့ထောင့်

တစ်ပါးက "ဗာရာဏသီ ညီနောင်ကလွဲပြီး-အောင်လံသားတွေဖွတ်ချေးချည့်"ဟု-"ချီးကျူး ကဲ့ရဲ့" စကားဆိုခဲ့ဖူးသည့်အတိုင်း ရှေးယခင်မှစ၍ မျက်မှောက်ခေတ်-ယနေ့အချိန်အထိ ရွှေကျင်ဆရာတော်ဘုရားကြီးတို့ ညီအစ်ကို(မေမြို့-ဝိသုဒ္ဓါရုံရွှေကျောင်းကျောင်းဆရာတော်)ထက်-ကျော်လွန်နိုင်သည့် အောင်လံသားများ မရှိကြသေး။ မိမိတို့သက်တမ်း-လက်လှမ်းမီသမျှလည်း ရှိနိုင်မည်မထင်။ မိမိတို့နောက်ကွယ် အနာဂတ်ကာလဝယ်-ထိုဆရာတော်ကြီး၏ "ကဲ့ရဲ့စကား"ချေဖျက်နိုင်သူများ ပေါ်ပေါက်လာပါက ကောင်းလေစွ။ ပေါ်ပေါက်လာ ရစ်ကြပါစေသတည်း။

ဝိ-ဗာဆရာတော်နှင့်မေမြို့ဆရာတော်တို့ မွေးဖွားတော်မူခဲ့ရာ မြေနေရာ





ဝိ-ဗာဆရာတော်ဘုရားကြီးနှင့်မေမြို့ဆရာတော်ကြီးတို့ (ညီနောင်)နှစ်ပါးဦးဆောင်၍ လှူဒါန်းတားတော်မူသော အောင်လံမြို့နယ် ဇာတိ ဇိန့်ရွာ ရွာဦးကျောင်းရှိ"ဗာရာဏသီဗိမာန်တော်"

ကျောင်းဆရာတော်။ ရန်ကုန်မှ-ဇိန့်ရွာဇာတိ ဗိုလ်မှူး စံသိန်း၊ စက်မှု(၁)ညွှန်မှူး(ငြိမ်း)-လောလော လတ်လတ် ဘာသာပြောင်းလာသူအထူးသူနာ ပြုမလေး မငွေတင်-တို့နှင့်တကွ၊ စစ်ကိုင်း၊ မကွေး၊ မင်းဘူး၊ ပြည်၊ ဝက်ထီးကန်၊ ရန်ကုန်မြို့တို့မှဆရာ တော်နှင့်ဆက်သွယ်ရာ တပည့်၊ ဒကာ-ဒကာမများ စုံလင်စွာဖြင့် အောင်လံမြို့၊ ဝိသုဒ္ဓါရုံသာသနာပြု စာသင်တိုက်သို့ ကြွရောက်တော်မူလာကြသည်။

(မှတ်ချက်။ ပြာသိုလဆန်း(၁၂)ရက်နေ့က-ကျေးဇူးတော်ရှင်ဆရာတော်ကြီး အဘိဓဇ-ဘွဲ့တံဆိပ် တော်မရရှိသေးပါ။ ဒွေဘာ တိကစေတီတော်မြတ်ကြီး ထီးတင်ပွဲတော်အပြီး ဇာတိ-ဇိန့်ကျေးရွာတွင် သီတင်း သုံးနေခိုက်-၁၃၅၂-ခုနှစ်၊ ပြာသိုလပြည့်ကျော် (၅) ရက်၊ (၄-၁-၉၁)သောကြာနေ့၊ အမိန့်အမှတ် (၂/၉၁)ဖြင့်-အဘိဓဇ မဟာရဋ္ဌဂုရု-ဘွဲ့တံဆိပ်တော် ရရှိခဲ့ခြင်းဖြစ်သည်။)

**ရောက်လာခြင်းအကြောင်း. . . . .**

ပြာသိုလပြည့်တွင် ကျင်းပပြုလုပ်မည့် "ဒွေဘာတိကစေတီ" "ညီနောင်နှစ်ပါးဘုရားကြီး" "ထီးတော်တင်ပွဲ" "အနေကဇာတင်ပွဲ" အလှူပွဲကြီး များ တည်ရှိရာ အိမ်ခြေ(၁၈၀)ကျော်ရှိ ဇိန့်ကျေးရွာသို့ ကြွကြရန် ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။ ဆွမ်း များဘုဉ်းပေးပြီး ခေတ္တအပန်းဖြေကာ နေ့လယ် (၂)နာရီအချိန်၊ ကုန်တင်ကားကြီး(၂)စီးဖြင့် ဖြည်းဖြည်းသက်သာ ထွက်ခွါခဲ့ကြသည်။ မြန်မြန် မောင်း၍လည်းမဖြစ်ပါ။ အောင်လံ၊ သမ္ဘူလ၊ ရွှေပန်းတော ကားလမ်းအကြောင်း-ထိုပွဲကြီးများ၌ ရေးဖွဲ့ထားသည့် ကဗျာလေးကိုကြည့်က သိနိုင်ပါ၏။

ကုန်းထက်ကြုံးလျက် ရှန်းတက်နိုင်နိုင်၊
ကျောက်ခဲ ချောက်ထဲ လျှောက်ဆွဲမြိုင်မြိုင်၊
လေကြမ်း နေကြမ်း မြေလမ်းလှိုင်လှိုင်၊
ဖုန် မှုန်ခိုး နွမ်းညှိုးသာခွေယိုင်။ ။ ။



ဝိ-ဗာ ဆရာတော်ဘုရားကြီးနှင့်မေမြို့ဆရာတော်ကြီးတို့ မွေးရပ်မြေ၌
တည်ထားကိုးကွယ်အပ်သော "ဒွေဘာတိကစေတီတော်" ထီးတော်တင်ပွဲအခမ်းအနား

ညနေ(၄)နာရီခန့်အချိန်- ရေပြည့်ကျေးရွာ-ရွှေကျင်ကျောင်းသို့ ရောက်ရှိကြသည်။ ၎င်း-ညနေပိုင်းနှင့်၊ (၁၃)ရက်၊နံနက် အချိန်များတွင် ရေပြည့်ရွာတွင်းသို့ သံဃာတော်များကြွရောက် ပရိတ်တရားတော်များ ချီးမြှင့်ကြရသည်။

## "ဇာတိချက်ကြွေ-ဇိန့်ရွာမြေသို့"

(၁၃)ရက်နေ့-နေ့လယ်-ရေပြည့်ကျောင်းမှ ဆက်လက်ထွက်ခွါလာခဲ့ကြရာ-ညနေ(၄)နာရီအချိန်- ဇိန့်ကျေးရွာ ရွာဦးကျောင်းသို့ ရောက်ရှိကြသည်။

လဆန်း(၁၄)ရက်နေ့၊ နေ့လယ်၌ ရတု၊ ကဗျာ၊ လင်္ကာ၊ ဂါထာများရွတ်ဖတ်ပွဲ ကျင်းပသည်။

ပြာသိုလပြည့် နံနက်။ ဒွေဘာတိက စေတီတော်မြတ်ကြီးတည်ရှိရာ ဘုရားကုန်းတော်ပေါ်မှ-ရှေ့နောက်ဝဲယာ၊ လှည့်ပတ်ကာရှုကြည့်မိစဉ်. . . . နှင်းကြွင်းနှင့်--မြူဦးတို့ပေါင်းဆုံထားသဖြင့်---မှုန်ဝါးဝါး---ဟိုး---တောင်ဘက်ဝယ်---မြေနက်တောင်ဘုရား။ အရှေ့တောင်ဘက်. . . . ကြူတောဘုရား(၃)ဆူ။ အရှေ့ဘက်. . . . ရွှေပန်းတောတောင်ပေါ်ဘုရား။ ၎င်းမှကျော်၍. . . ငါးခူတောင်ဗွေဘုရား။ အရှေ့မြောက်ထောင့်. . . ရွှေကြိုးကြာ တောရဘုရား။ မကျီးစင်ဘုရား။ မြောက်ဘက်. . . ဟိုင်းကြီးတိုးဘုရား။ တောင်ဗွေလေးဘုရား. . . တို့ကိုမှုန်ဝါးဝါးဖူးမြင် ဦးတင်လိုက်မိပါသည်။

နံနက်(၇) နာရီတွင် မ. ဝ. တ. ဥက္ကဋ္ဌ ဗိုလ်မှူးထင်အောင်နှင့် နယ်ပိုင်ကြီး ဦးစောမွေးတို့ ရောက်လာကြသည်။ နံနက်(၈)နာရီအချိန်-လက်ဆင့်ကမ်းရွှေထီးတော်တင်လှူ၍(၉)နာရီ၌ ဗုဒ္ဓါဘိသေက-.-အနေကဇာတင်တော်မူကြသည်။

နေ့လယ်ခင်းဝယ်-အနီးအဝေးမှ ပင့်သံဃာတော်(၁၈၆)ပါးတျော်တို့အား တစ်ပါးလျှင် သင်္ကန်းဒွိစုံ၊ လက်ဆွဲသားရေအိတ်၊ ထီး၊ ဖိနပ်၊ ဓာတ်ဘူး-စသည်များလှူဒါန်း၍ ရေစက်ချ အနုမောဒနာတရား ပြင်ဦးလွင်-ဆရာတော်ဘုရားကြီး ချီးမြှင့်သည်။ ဆရာတော်ဘုရားကြီး ညီနောင်နှစ်ပါးတို့၏ အထိမ်းအမှတ် "ဒွေဘာတိက စေတီတော်မြတ်ကြီး"သည်ကား ဇိန့်ကျေးရွာ ရွာဦးကျောင်း၏ အရှေ့ဘက်ကုန်း တော်ပေါ်ဝယ် သပ္ပါယ်စွာတည်ရှိနေပါလေသတည်း။

**ပဲခွပ်မှူး (အောင်လံ)**
(၂၉၊ ၉၊ ၂၀၀၉)

ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့၊ နဝင်းနယ် မြေအတွင်းရှိ၊ ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက်ကြီးကို ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး သည် ပြည်မြို့၊ နဝင်းရပ် ကျိုးငှက်ဆေးလိပ်ရုံပိုင်ရှင် သခင်မကြီး ဒေါ်သိန်းတင်အမှူးပြုသော စေတနာရှင်ပြည်သူတို့၏ ပင့်လျှောက်ချက်ဖြင့် ၁၃၂၁-ခု၊ ဝါဆိုလဆန်း ၁၂-ရက်နေ့တွင် စတင်တည်ထောင်မူခဲ့လေသည်။

၁၃၇၁-ခုတွင် တိုက်တာ၏အသက်သည် နှစ်အားဖြင့်(၅၀)ပြည့်ခဲ့ပေပြီ၊ အမိတိုက်တာ ဆရာကြီး /ငယ် အသွယ်သွယ်တို့၏အထံတော်မှ ပညာရည်နို့ သောက်စို့ခဲ့ကြသော တပည့်ကြီး/ငယ် အသွယ်သွယ်တို့သည် ၁၃၇၀-ခု၊ တပို့တွဲလမှစ၍ ဆရာရှင်များ၏ ကျေးဇူးတော် ဂုဏ်တော်တို့ကို အာရုံပြုလျက် တိုက်တာ ရွှေရတုပွဲတော်ဖြစ်မြောက်ရေးအတွက် အကြိမ်ကြိမ် အကြိုညှိနှိုင်း တိုင်ပင်မှုပြုလုပ်ခဲ့ကြလေသည်။


**အထုပ္ပတ်စုံလင် ရွှေကျမ်းတွင်**

ထိုရွှေရတုစာစောင်၌ ပထမတိုက်တည် ကျေးဇူးတော်ရှင် ဗာရာဏသီ ဆရာတော်ဘုရားကြီးနှင့် ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အခါ လက်ရုံးတစ်ဆူ အားကိုးတော်မူခဲ့သော မထေရ်ကြီးများ၏ ဘဝဖြစ်တော်စဉ်

# တကယ့်ရဟန်း

စာချ–ဦးသီတလာစာရ(ပြင်တော်)





အထုပ္ပတ္တိများကိုလည်း စာတမ်းတစ်ခု အနေဖြင့် ရေးသားပူဇော်ခဲ့၍ ဤရွှေရတုစာစောင်တွင် အထုပ္ပတ်အနေဖြင့် စုံလင်ခဲ့ပေသည်။

တိုက်တာကို ဦးစီးပဓာန တည်ထောင် အုပ်ချုပ်တော်မူခဲ့ကြသော ပဌမတိုက်တည် ဗာရာဏသီဆရာတော်ဘုရားကြီး၏ ဘဝဖြစ်စဉ်မှ သိမှတ်ဖွယ်ရာ ကျင့်ဖွယ်ရာ အတုယူဖွယ်ရာ အဖြာဖြာတို့ကိုလည်း ဤရွှေရတုစာစောင်၌ ထည့်သွင်းရေးသား ပူဇော်ခဲ့ကြလေသည်။

## ဒုတိယ ဝိဗာသာသနာ

ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး လွန်တော်မူပြီးနောက် တိုက်တာ၏ ဂုဏ်အသရေကို ထိမ်းသိမ်းလျက် စောင့်ရှောက်တော်မူခဲ့သော ဒုတိယဗာရာဏသီဆရာတော်၏ ဘဝဖြစ်စဉ်မှ ထူးခြားထွေလာ နည်းယူဖွယ်ရာ အဖြာဖြာတို့ကိုလည်း ဤရွှေရတုစာစောင်၌ တပည့်ကြီး/ငယ် အသွယ်သွယ်တို့က မပါမဖြစ် ထည့်သွင်းပူဇော်လိုလားတော်မူကြလေသည်။

ဤအကြောင်းအရာနှင့်ပတ်သက်၍ တပည့်ကြီး/ငယ်တို့မှ ရွှေရတုစာစောင်၌ လိုအပ်နေသော ကွက်လပ်တစ်ခုကို ဖြည့်စွက်ပေးပါရန် စာရေးသူအား တိုက်တွန်းခဲ့ကြလေသည်။

တပည့်ကြီး/ငယ်တို့၏ လိုအပ်သော ကွက်လပ်တစ်ခုကို စာရေးသူအနေဖြင့် အကုန်ဖြည့်စွက်ပေးနိုင်မည် မဟုတ်သော်လည်း သိသမျှ မှတ်မိသမျှ တင်ပြပူဇော်ခွင့်ပေးလာသဖြင့် ကျေးဇူးတင်ရပေသည်။

## ကျေးဇူးတင်စရာ မြတ်ဆရာ

စာရေးသူသည် ပဌမတိုက်တည် ဘထွေးတော် ဗာရာဏသီဆရာတော်ဘုရားကြီး၏ စေတနာ မေတ္တာရိပ်အောက်၌ ၂၂-နှစ်၊ ၉-လ၊ ၁၂-ရက်၊ ဒုတိယဗာရာဏသီဆရာတော်ဘုရား၏ စေတနာ မေတ္တာရိပ်အောက်၌ ၂၇-နှစ်၊ ၈-လ၊ ၁၃-ရက်မျှ ခိုလှုံခဲ့ရ၏။

ထိုသို့ သက်တော်ထင်ရှားရှိစဉ် ဆရာသမားများ၏ စေတနာ မေတ္တာရိပ်အောက် မိမိနေထိုင်ခဲ့ရသော နှစ်,လ, ရက်တို့ကို ပိုင်းခြား၍သိရခြင်းမှာ ဒုတိယ ဗာရာဏသီဆရာတော်၏ကျေးဇူးတော်ပင် ဖြစ်လေသည်။

စာရေးသူ ဤစာသင်တိုက် ရောက်သည့်အချိန်သည် ၁၂-နှစ်သား လူမမယ် ကျောင်းသားအရွယ်မျှသာဖြစ်၍ ထိုသို့နှစ်,လ,ရက် တို့ကို မှတ်သားလောက်သော အသိဉာဏ်မျိုးမရှိသေးပေ၊ မိမိ၏ ဘဝသမိုင်းမြုပ်ကွက်တစ်ခုကို ဆရာတော်ဖေါ်ပေးခဲ့၍ ကျေးဇူးအထူးတင်ခဲ့ရပေသည်။

ဆရာတော်သည် မိမိ၏ဘဝသမိုင်းသာ မဟုတ် ဤကျောင်းတိုက်တာ ခိုလှုံခဲ့ကြသော တပည့်ကြီး/ငယ် အသွယ်သွယ်တို့၏ ဘဝသမိုင်းများ၊ ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး

သက်တော်ထင်ရှားရှိစဉ် နေ့စဉ် နေ့-ညဥ့် ဘုရားဝတ်ပြုပြီး မိန့်ခွဲသော ဩဝါဒ အနုသာသနများကိုလည်း မှတ်တမ်းတင်လျက် နောင်လာတပည့်များ မှတ်သားစေရန် ဆန္ဒထားရှိခဲ့ပေသည်။

## တံခါးမှူးဟန် စောင့်ရှောက်ပြန်

နိုင်ငံနေပြည်သူတို့ အေးချမ်းရေး သာယာရေးတွင် ပြည်ဝင်-ပြည်ထွက်ပေါက်များ အရေးကြီးသကဲ့သို့ ကျောင်းတိုက်နေတပည့်များ အေးချမ်းစွာပညာသင်ကြားရေးမှာလည်း ကျောင်းတိုက်၏ အဝင်-အထွက်များသည် အရေးကြီး၏။ သို့အတွက် ဆရာတော်သည် ကျောင်းတိုက်အတွင်း ဝင်-ထွက်သွားလာကြသော အာဂန္တုများ၊ တပည့် ဒကာ+ဒကာများကို ခု,လ,ရက်မှတ်တမ်းတင်လျက် အဆိုးအကောင်းရှာဖွေစီစစ်ကာ ကျောင်းတိုက်၏ တပည့်များအတွက် တံခါးမှူးသဖွယ် ဆရာတော်သည် မှတ်တမ်းတင်ဆောင်ရွက်လျက် စောင့်ရှောက်တော်မူခဲ့လေသည်။

## ရတုရေးဘို့ရာ ကြောင်းပေါ်လာ

ဤကျောင်းအတွင်း နှစ်စဉ်စာအောင်ဆုနှင်းပွဲ၊ ဝိနည်းတော်စာပြန်ပွဲများကို ကျင်းပပူဇော်လျက်ရှိ၏။ ထိုပွဲတော် ဆင်ယင်ကျင်းပရာ၌ ဆရာတော်ဘုရားကြီးသည် စာအောင်သံဃာ၊ ဝိနည်းပြန်သံဃာများအား ရတုကဗျာ ဂါထာတို့ဖြင့် နှစ်စဉ်ပူဇော်နိုင်ရန် တပည့်ဖြစ်သူ မိတ္ထီလာ မလှိုင်မြို့ ကာဗျဝိဒူအကျော်ဘဒ္ဒန္တစန္ဒဇောတိ မထေရ်အားရေးသားစေမှု တာဝန်တစ်ခု ပြုခဲ့လေသည်။

ထိုထိုပွဲများနီးသောအခါ ရတု ကဗျာဂါထာတို့ဖြင့်ပူဇော်မှု စဉ်ဆက်မပျက်ရေး စာဖြင့်တစ်တန်,ဖုံးဖြင့်တမျိုး, ဆရာသမား ဗျာများရသည်ကိုတွေ့မြင်ခဲ့ရလေသည်။ ဆရာတော်သည် မိမိကျေးဇူး တော်ရှင်ဆရာသမား၏ လိုအင်ဆန္ဒကိုဖြည့်ပေးလိုသောဆန္ဒဖြစ်ပေါ်မိ၏။ သို့သော် မိမိကိုယ်တိုင် မလျှောက်ဘူးသေးသောလမ်းဖြစ်နေ၍ မဝံ့မရဲ ဖြစ်နေခဲ့ပေသည်။

## နည်းစနစ်လေ့လာ သုံးရက်တာ

တစ်ချိန်တွင် ဝိနည်းပြန်ပွဲ ဥက္ကဋ္ဌဖြစ်သူ စလေသခင်ရှိန် (ခ)ဗိုလ်ကလေးသခင်ရှိန်မှ ဆရာတော်၏ ဆန္ဒကိုဖြစ်ပေါ်စေရန် အားပေးအားမြှောက်ပြုခဲ့လေသည်။ ထိုအခါ ဆရာတော်သည် “က, ချင်ရဲ့လက်တို့” ဆိုစကားပမာ ဆရာသမားအတွက် ဖြည့်ပေးလိုသောဆန္ဒကို ဦးထိပ်ထားကာ မဆုတ်မနစ်သောဇွဲစိတ်တို့ဖြင့် နည်းစနစ်များကိုလေ့လာခဲ့ရာ သုံးရက်မျှဖြင့် နည်းစနစ်တို့ကို ပိုင်နိုင်ကာ ရေးစပ်သီကုံးနိုင်သည်အထိ တတ်မြောက်ခဲ့ပေသည်

ထိုအချိန်မှစ၍ ကျေးဇူးရှင်ဆရာသမားနှင့် စပ်ဆိုင်သော ကျောင်းပွဲ ဘုရားပွဲ ရပ်ပွဲ ရွာပွဲတို့၌ ဆရာတော်၏ လင်္ကာ ရတု ကဗျာ ဂါထာများ ပွဲတိုင်းမှာ လေဟုန်လွင့်၍ လွှမ်းခြုံခဲ့လေသည်။

## နည်းစနစ်ခိုင်မာ ရွှေကျမ်းစာ

တကယ်တော့ ဝိသုဒ္ဓါရုံနွယ်ဖွား ဗာရာဏသီတိုက်သားများ၌ ဖြစ်လိုသောဆန္ဒသာအရေးကြီး၏။ ရတု လင်္ကာ ကဗျာ တို့နှင့်ပတ်သက်သော နည်းစနစ်တို့ကို သင်ယူပြီးသားဖြစ်၏။ ဝိသုဒ္ဓါရုံနွယ်ဖွား ဗာရာဏသီတိုက်သားများ၏လက်စွဲ ကျေးဇူးတော်ရှင် ရွှေကျင်နိကာယမဟာသေနာပတိ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ရေးသားတော်မူခဲ့သော ဝိသုဒ္ဓါရုံဂုဏ်တော်ဖွင့် ရွှေကျမ်းစာသည် ဝိသုဒ္ဓါရုံနွယ်ဖွား ဗာရာဏသီတိုက်သားများ ကျောင်းစာအဖြစ် မသင်မနေရ ကျမ်း

စာဖြစ်၏။ ထိုကျမ်းလာ စာသားများသည် လင်္ကာ ရတု ကဗျာနည်းသွားဟန်တို့ဖြင့် ရေးသားပူဇော်ထားသော ကျမ်းတစ်စောင်ဖြစ်ပေသည်။

ဆရာတော်သည် စာရေးသူတို့အားလည်း ထိုကျမ်းစာကို လက်ညှိုးထိုး ညွှန်ပြကာ ရတု လင်္ကာ ကဗျာအကြောင်းပြောဆိုသင်ပြခဲ့၏၊ သို့အတွက် ဆရာတော်၏ကျေးဇူးကြောင့် ရတု လင်္ကာ ကဗျာများအကြောင်း အတန်သင့်သိကာ စာပြန်ပွဲ-စာအောင်ပွဲများတွင် ရတု လင်္ကာ ကဗျာများကို ဆရာတော်ကိုယ်စား စပ်ဆိုပေးခဲ့ရဖူးလေသည်။

**သမဂ္ဂသံဃာ စုံကြောင်းရှာ**

ဆရာတော်သည် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး အားထားသူဖြစ်သည့်အားလျော်စွာ ကျေးဇူးရှင်ဆရာတော်ဘုရားကြီး ဖြစ်စေလိုသောဆန္ဒရှိပါက ဆရာတော်ဘုရားကြီးဆန္ဒအတိုင်း မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် ဖြစ်ပေါ်လာအောင် အလိုဆန္ဒပြည့်ဝအောင် အားထုတ် လုပ်ကိုင်ခဲ့ပေသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ အလိုဆန္ဒကို ပြည့်စေသောအရာတစ်ခုမှာ ပြည်-သရက်-သာယာဝတီ အခြေခံဒေသသုံးခရိုင်ရွှေကျင် နိကာယ ဝိနည်းတော်စာပြန်ပွဲကြီးလည်း တစ်ခုအပါ အဝင်ဖြစ်၏။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် သမဂ္ဂနွယ်ဝင်သံဃာအချင်းချင်း ဆုံစည်းမှု၊ ရင်းနှီးမှု၊ အကျွမ်းဝင်မှုကို အမြဲလိုလား တောင့်တတော်မူ၏။ ထိုသို့ဖြစ်စေရန် သုံးခရိုင်အခြေခံသော ရွှေကျင် နိကာယ ဝိနည်းတော်စာပြန်ပွဲကြီး ဖြစ်ပေါ်မှသာ ထိုအကြောင်းအရာဖြစ်နိုင်ကြောင်း တွေးမြင်တော်မူခဲ့၏။

**လေ့လာမှတ်သား ထက်-အောက်သွား**

၁၃၃၂-ခုနှစ်တွင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် တပည့်ဖြစ်သူအား ထက်/အောက်ဒေသရှိ ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲများရှိရာဒေသများသို့ ကိုယ်စားစေတော်မူလျက် ဝိနည်းတော်စာပြန်ပြုလုပ်ပုံ နည်းအစုံစုံတို့ကို လေ့လာ မှတ်သားဘို့ရန် လမ်းစရှာစေသည်။

၁၃၃၃-ခုနှစ်တွင် ဆရာတော် ဘုရားကြီးဖြစ်လိုသောဆန္ဒတော်ကို ဖေါ်ဆောင်ရန်အတွက် ယာဉ်ဖြင့်တမျိုး, ခြေဖြင့်တစ်ဖုံ,စာဖြင့်တစ်တန်, နှုတ်ဖြင့် တစ်ဖန် အခြေခံရာဒေသများသို့ကြွ ရောက်၍ စည်းရုံးရေးဆင်းခဲ့လေသည်။ ထိုသို့ကြွရောက်ရာ၌ အချို့အချို့သော မြို့-ရွာ ကျောင်းထိုင်များမှ အားပေးအား မြှောက်ပြု၍ဝမ်းသာခဲ့ရ၏။ အချို့အချို့သောမြို့-ရွာ ကျောင်းထိုင်များမှာ ဆရာတော်၏ စည်းရုံးရေးစွမ်းအားကြောင့်သာ ဝိနည်းတော်ပြန် သမဂ္ဂသံဃာအဖြစ် စိတ်မပါ တပါလက်ခံကြကြောင်း သိရပေသည်။

ဆရာတော်၏ စည်းရုံးရေးအားကြောင့် အခြေခံကောင်းရလာသော ပြည်-သရက်-သာယာ

---

**အပြုသည် ခက်ခဲနက်နဲ၏။ အချိန်ကာလတစ်ခုယူကာ ထူထောင်ရ၏။ သို့အတွက် အလုပ်၏အတိမ်အနက် အခက်အခဲတို့ကို အလုပ်လုပ်ဖူးသူတိုင်း ခက်ခဲမှုကိုသိကြ၏။ အလုပ်လုပ်သူတိုင်း ခွင့်လွှတ်ကြ၏။ ဖေးမတတ်၏။ ပြုပြင်ပေးတတ်၏။ ကဲ့ရဲ့စကားမဆိုတတ်။**

---

ဝတီ သုံးခရိုင်အတွင်းရှိ သမဂ္ဂနွယ်ဝင် သံဃာတော် အခြင်းခြင်း ရင်းနှီးအကျွမ်းတဝင် ညီရင်းနောင်ရင်း ပမာ ကူးလူးယှက်ကာ ယနေ့အထိရှင်သန်ခဲ့သည်မှာ **ဆရာတော်**၏ကျေးဇူး တစ်ရပ်ပင် ဖြစ်ပါသည်။


## အလုပ်လုပ်မှ အဟုတ်ဖြစ်

အပြုသည် ခက်ခဲနက်နဲ၏။ အချိန်ကာလ တစ်ခု ယူကာထူထောင်ရ၏။ သို့အတွက် အလုပ်၏ အတိမ်အနက် အခက်အခဲတို့ကိုအလုပ်လုပ်ဖူးသူ တိုင်း ခက်ခဲမှုကိုသိကြ၏။ အလုပ်လုပ်သူတိုင်း ခွင့်လွှတ်ကြ၏။ ဖေးမတတ်၏။ ပြုပြင် ပေးတတ်၏။ ကဲ့ရဲ့စကားမဆိုတတ်။ မဖြစ်ပေါ်သေးသော လမ်း ကြောင်းတစ်ခုကို တီထွင်ကြံဆခဲ့သော ဆရာတော်၏ အလုပ် ကိစ္စမည်မျှ ခက်ခဲသည်ကို စာနာသိနိုင်ပေ သည်။

ဆရာတော်သည် ကိုယ်ရေးကိုယ် တာကိစ္စ အတွက်ကြောင့်ကြမဖက် သံဃာ ကိစ္စ ဆရာသမားကိစ္စ၊ ကျောင်းကိစ္စ ဂိုဏ်း ဂဏကိစ္စတို့ကို ကြောင့်ကြစိုက်ကာ ရှေ့မှ မားမားမတ်မတ်ရပ်ကာ ဖြေရှင်းပေး လေ့ရှိ ၏။ ကြုံဖူးသူတိုင်းသိကြ၏။ တပည့်တို့ကိုဆို ဆုံးမရာ၌လည်း အလုပ်လုပ်ရန် တိုက်တွန်း စကား အားပေးတော်မူ၏။

ဆရာတော်၏လက်သုံးစကားတစ်ခုမှာ "အလုပ်လုပ်မှ အဟုတ်ဖြစ်မည်။ အလုပ်မလုပ်က အဟုတ်မဖြစ်နိုင်။ အလုပ် လုပ်သူအတွက် အမှားရှိမည်။ အမှားကို အလုပ်ဖြင့်အမှန်ပြင်၊ အလုပ်လုပ်သူကို အလုပ်မလုပ်သူတို့ ကဲ့ရဲ့ပြစ် တင်တတ်ကြ၏။ အကဲ့ရဲ့ကြောက်ကအလုပ်မဖြစ်" ဟူ၏။

ဆရာတော်သည် ထိုသို့နှလုံးသွင်းလျက် အလုပ်တစ်ခုကို ပြုလုပ်ဖို့ရာပေါ်လာပါက မဖြစ်မနေ ဇွဲစိတ်သန်သန်ဖြင့်ပြုလုပ်တတ်၏။ အချိန်နှင့်လုပ်ရ သောအလုပ်ကို အချိန်နှင့်တိကျစွာပြုလုပ်တတ်၏။ မိမိဆုံးဖြတ်ထားသော အလုပ်ကိစ္စတို့၌ နောက်သို့ မတွန့် ရဲရဲတင်းတင်း ပြုလုပ်လေ့ရှိ၏။ ထိုသို့လုပ်ရာ၌



ဆရာတော်၏မူအကျင့်မှာ ထပ်ထပ် နပ်နပ် ပီပီပြင်ပြင် သေသေသပ်သပ် ပြုလုပ်တတ်ခြင်း ပင်ဖြစ်သည်။

## သူတော်ချီးမွမ်း ထိုရဟန်း

ကျောင်းတိုက်၏ အနီးတွင် နေထိုင်သော သူတော်စင်ကြီး ဦးသီလသည် ဆရာတော်အား အလွန် ကြည်ညိုလေးစား၏။ ဓမ္မအကြောင်း အရာများကိုလည်း ဆရာတော်နှင့် ဆွေးနွေးလေ့ မေးမြန်းလေ့ရှိ၏။ ဆရာတော်သည်ဆိုဆုံးမဘို့ရာကိစ္စ များရှိပါကလည်း ဒကာ+ဒကာမ မျက်နှာငဲ့ညှာမထောက် ဓမ္မရေးကို သာ ထောက်၍ ဒိုးဒိုးဒေါက်ဒေါက် ပြောဆိုတတ်သော ဆရာတော်၏ အတွင်းသဘောကိုကောင်းစွာသိ၏။

တစ်ချိန်တွင် သူတော် စင်ကြီးဦးသီလသည် သခင်မကြီး ဒေါ်သိန်းတင်အား " မိသိန်းတင်



ရန်ကုန်မြို့၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ် "အဂ္ဂမဟာပဏ္ဍိတ"ဂုဏ်ပြုပူဇော်ပွဲ၌ ဖူးတွေ့ရသော ဒုတိယမြောက် ဗာရာဏသီဆရာတော် ဘဒ္ဒန္တဝိစိတ္တာစာရ (၁၄-၃-၁၉၉၈)

ဒီဆရာတော်ကပြောစရာရှိလျှင် ဒကာ+ဒကာမ မျက်နှာမထောက် ဓမ္မလမ်းကြောင်းကိုထောက်၍ ဒိုးဒိုး ဒေါက်ဒေါက် ပြောဆိုတတ်တယ်။ ဒါမှတကယ့်ရဟန်း"ဟု ဆရာတော်အား ချီးမွမ်းစကားပြောဆိုကြောင်း တိုက်အမထံမှ တဆင့်စကားကြားသိရသည်ကို မှတ်တမ်းပြုထားသည့် စာတမ်းတစ်ခုတွင် ဖတ်ရှုရ၏။

## သာသနာပြုရာ သူလဲပါ

သခင်မကြီးဒေါ်သိန်းတင်သည် ဘုရားရှင်လက်ထက် ကျောင်းအမကြီးမာတိကာ ဒကာမကြီးကဲ့သို့ ကျောင်းတိုက်နှင့် ကျောင်းနေသံဃာများ၏ လိုအပ်ချက်များ အသွားအလာ အနေအထိုင်များကို အမြဲတစေ အထောက်တော်ထား၍ အခါမလပ်အကဲခတ်ကာ သာသနာပြုခဲ့၏။

## သဘောဆိုးသော်လဲ မနောမဆိုးပါ

အထက်ပါသူတော်စင်၏ စကားကိုကြားရသောအခါ သခင်မကြီးဒေါ်သိန်းတင်သည် မိမိ၏အထောက်တော်တို့အား ခေါ်ဆိုခဲ့၏။

တိုက်တာတွင် ဆရာတော်ဘုရားကြီး ခန့်တော်မူသော တပည့်ကြီး ၂-ပါး၏အရည်အချင်းကို မေးမြန်းသောအခါ အထောက်တော် စာရေးကြီးများကလဲ အထက်ပါသူတော်စဉ် ပြောသည့်အတိုင်း ဆရာတော်သည် အလုပ်တစ်ခုကို စဉ်းစားဝေဖန်ပိုင်းခြားတတ်၏။ ဒကာ+ဒကာမတို့၏အပြော၊ အများတကာတို့၏ အပြောဖြင့်လက်ခံလေ့မရှိ ပွင့်လင်းသောသဘောရှိ၏။ ဒကာ+ဒကာမမျက်နှာ

မထောက် ဓမ္မလမ်းကြောင်းကိုထောက်၍ ဒိုးဒိုး ဒေါက်ဒေါက်ပြောဆိုတတ်၏။ သဘောဆိုးသော်လည်း မနောမဆိုးကြောင်း အထောက်တော် စာရေးကြီး များမှ လျှောက်တင်သည်ကိုလည်း တိုက်အမထံမှပင် တဆင့်စကားကြားသိရသည်ကို မှတ်တမ်းပြုထား သည့် စာတစ်ခုတွင်ပင် ဖတ်ရှုရ၏။

## လက်တွဲဘို့ရာ တပည့်ရှာ

ဆရာတော်ဘုရားကြီး မိမိကိုယ်တိုင် စေတနာ မေတ္တာတို့ဖြင့် အနစ်နာခံပြုစုပျိုးထောင် ထားသော စာသင်တိုက်ကြီးကို လက်လွှဲပြုလျက် နေလိုလှ၏။ ထိုသို့နေရန် စာသင်တိုက်အပေါ် စာသင်သား သံဃာများအပေါ်၌ ကိုယ်ရေးကိစ္စ ဦးစားမပေး ဖေးဖေးမမ စောင့်ရှောက်တတ်သော စိတ်ဆန္ဒရှိသော တပည့်အများထဲမှ

၁။ စိတ်ရှည်ခြင်း၊

၂။ ဇွဲလုံ့လဝီရိယရှိခြင်း၊

၃။ အရာအရာတို့၌ သည်းညည်းခံ ခွင့် လွှတ်ခြင်းတည်းဟူသော အင်္ဂါတို့ဖြင့် ပြည့်စုံသော မထေရ်တစ်ပါးကို စာသင်တိုက် တည်ထောင်ပြီး နှစ်များစွာကြာမှ တွေ့ရှိခဲ့ပေသည်။

ထိုမထေရ်ကား ဆရာတော် (ဘဒ္ဒန္တဝိစိတ္တ စာရ)ပင်ဖြစ်သည်။ အားကိုး အားထားပြုရလောက် သော တပည့်တစ်ပါး တွေ့ရှိပြီးနောက် ဆရာတော် ဘုရားကြီးသည် မိမိတည်ထောင်တော်မူသော သာသနာကိုတစ်ဖက်တစ်လမ်းမှ ပံ့ပိုးတော်မူသော သခင်မကြီးဒေါ်သိန်းတင်-နှင့်တူမ ဒေါ်အမာ တို့အား ၁၃၂၉-ခု၊ ဝါဆိုလဆန်း(၈)ရက်နေ့တွင် ခေါ်လျက် တိုက်အုပ်-တိုက်ကြပ်ဖြင့် ဝိ-ဗာ သာသနာ ပြုတော့မည့်အကြောင်း အသိပေးပြောကြားခဲ့လေ သည်။

ထိုအချိန်တွင် သခင်မကြီးတိုက် အမ ဒေါ်သိန်းတင်မှ ကျန်တပြည့်ကြီးများလဲ ရှိနေသေး သဖြင့် တိုက်အုပ် ၂-ပါး၊ တိုက်ကြပ် ၂-ပါးခန့်အပ် သင့်ကြောင်း တင်ပြလျှောက်ထားခဲ့လေသည်။

## တိုက်အုပ်အဖြစ် တင်မြှောက်နှစ်

၁၃၂၉-ခုနှစ်၊ ဝါဆိုလဆန်း (၁၅)ရက် ညဥ့်ဘုရားဝတ်ပြုပြီး ၈-နာရီ (၁၀) မိနစ်ခန့်တွင် ဆရာတော် ဘုရားကြီးကိုယ်စား စာချဆရာတော် ဘဒ္ဒန္တပညိန္ဒသာရ မှ ဆရာတော် (ဘဒ္ဒန္တဝိစိတ္တစာရ)အား တိုက်အုပ် ၂-ပါးတွင် တစ်ပါးအပါအဝင်အဖြစ် ခန့်အပ်ကြောင်း သံဃာများအလယ် တွင် မိန့်ကြားခဲ့လေသည်။

ဤသည်မှာ ဆရာတော် ဘုရားကြီးသည် တပည့်ဖြစ်သူအပေါ် ယုံကြည် ခြင်းများစွာဖြင့် တိုက်တာ တည်ပြီးနောက် နောက်တနှစ်တွင် ရန်ကုန်မြို့၊ မဟာဝိသုဒ္ဓါရုံတိုက်၌ စာချ/စာသင်အဖြစ် သီတင်းသုံး နေထိုင်သော တပည့်ဖြစ်သူအား အရခေါ်ယူရခြင်း၏ အကြောင်းရင်း ဖြစ်ပေသည်။

---

**ဆရာတော်၏ လက်သုံးစကား တစ်ခုမှာ "အလုပ်လုပ်မှ အဟုတ်ဖြစ်မည်။ အလုပ်မလုပ်က အဟုတ်မဖြစ်နိုင်။ အလုပ် လုပ်သူအတွက် အမှားရှိမည်။ အမှားကို အလုပ်ဖြင့်အမှန်ပြင်၊ အလုပ်လုပ်သူကို အလုပ်မလုပ်သူတို့ ကဲ့ရဲ့ပြစ်တင်တတ်ကြ၏။ အကဲ့ရဲ့ကြောက်က အလုပ်မဖြစ်" ဟူ၏။**

၁၃၂၉-ခုနှစ်၊ ဝါဆိုလဆန်း (၁၅) ရက် ညဥ့်ဘုရားဝတ်ပြုပြီး ဂ-နာရီ (၁၀) မိနစ်ခန့်တွင် ဆရာတော်ဘုရားကြီးကိုယ်စား စာချဆရာတော် ဘဒ္ဒန္တပညိန္ဒသာရမှ ဆရာတော်(ဘဒ္ဒန္တဝိစိတ္တစာရ)အား တိုက်အုပ် ၂-ပါးတွင် တစ်ပါးအပါအဝင်အဖြစ် ခန့်အပ်ကြောင်း သံဃာများအလယ်တွင် မိန့်ကြားခဲ့လေသည်။

**ဆရာသာသနာ ထမ်းပိုးရှာ**

တာဝန်သိက တာဝန်ရှိ၏-ဟူသောစကားရပ်အတိုင်း တာဝန်သိသော ပုဂ္ဂိုလ်တိုင်းသည် မိမိဆရာတာဝန် မလွှဲအပ်သေးသော်လည်း မိမိနေထိုင်ရာ တိုက်တာအကျိုးတိုးတက်ရေးသည် မိမိတို့ အပေါ် တာဝန်များအမြဲရှိနေသည်ကို တွေးထင်မှတ်သား၏။

သို့အတွက် ယခုအခါ ကျေးဇူးရှင် ဆရာတော်ဘုရား ယုံကြည်ခြင်း အလျဉ်းရှိသည်အား လျော်စွာ တာဝန်တစ်ခု အနေဖြင့် ပေးလာသဖြင့် ယခင်ပြုလုပ် နေကြအချိန်ထက်တိုး၍ ဆရာသမား၏ ပြုစုပျိုး ထောင်ရာသာသနာတော်ကို ဆရာတော်သည် ဆရာလက်ထက် မှုမပျက်စေဘဲ တိုက်တာအကျိုးကို ဆထက်တိုးကာ ဆောင်ရွက်တော်မူခဲ့လေသည်။

ထိုသို့ဆရာသမား၏ စေတ နာ ကရုဏာ မေတ္တာတို့ဖြင့်လွှမ်းခြုံ ခဲ့ရာ ဝိ-ဗာသာသနာကို ထမ်းရွက် ဆောင်ရင်း ဆရာတော်သည် ၁၃၆၀-ခု၊တပို့တွဲလပြည်ကျော်(၁၄)ရက် သောကြာနေ့ နံနက်အရုဏ်တက် ဝယ် လောကရဲ့ ဓမ္မတာသဘော ရွှေ့လျောကာ ဘဝနတ်ကျောင်း ရွှေ့ပြောင်းစံတော်မူခဲ့လေသည်။

**မေတ္တာလွှမ်းရာ ပြည်-ဝိဗာ**

ကျေးဇူးတော်ရှင် ပထမတိုက်တည် ဆရာတော်ဘုရားကြီး၏ တပည့်တို့အပေါ် ထားခဲ့သော မေတ္တာပန်းများ၊ ဒုတိယ ဝိ-ဗာသာသနာ ပြုစုတော်မူသောဆရာတော်ဘုရား၏ မေတ္တာပန်းများ၊ တပည့်သံဃာ ဒကာ+ဒကာမတို့၏ မေတ္တာပန်းတို့သည် ဤဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၌ အမြဲတစေ လွှမ်းခြုံနေမည်သာဖြစ်၍ ဝိ-ဗာသာသနာ ဆထက်တိုးကာ လမ်းဆန်း ပွင့်လမ်းနေမည်သာဖြစ်ကြောင်း ဆရာတော်၏ ဘဝဖြစ်တော်စဉ်မှ နည်းယူဖွယ်ရာ အဖြာဖြာကို ရွှေရတုစာတမ်းတစ်ခုဖြင့် မှတ်တမ်းပြုအပ်ပါသည်။

**စာချ-ဦးသီတလာစာရ**
(ပြင်တော်)
ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
နဝင်းရပ်၊ပြည်မြို့




# ရွှေရတုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနား၊ ရွှေရတုကျောက်စာ ဓမ္မတည်အလှူရှင် အရှင်ဂန္ဓသာရာဘိဝံသ(ထိုင်းအမည်–ဖရ မဟာစုမ်ရုတ်)၏ ထေရုပ္ပတ္တိဖြစ်စဉ်အကျဉ်းချုပ်

အရှင်အမတောဘာသ

အရှင်ဂန္ဓသာရာဘိဝံသကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ စမုတ်ပရာကန်မြို့နယ်၊ ၃-ရပ်ကွက်၊ စုခုမ်ဝိတ်လမ်း၊ အိမ် အမှတ်-၉၃၊ ၂၀၇-နေ ခမည်းတော် ဦးနိုင်ကုတ်ခွန်းစဲ့ဟိန်၊ မယ်တော် ဒေါ်မန်းဝမ်စဲ့သန်တို့မှ ၁၉၆၁-ခုနှစ်၊ ဧပြီလ ၂၄-ရက်၊ တနင်္လာနေ့၊ ည -၇-နာရီ၊ ၂၄-မိနစ်အချိန်တွင် ဖွါးမြင်တော်မူပါသည်။ မွေးချင်း ၆-ယောက်အနက် အငယ်ဆုံးသောသား မြတ်ရတနာ ဖြစ်ပါသည်။ ငယ်နာမည်မှာ မောင်စုန်လတ်စုစထာဖွန်ဖြစ်သည်။ အရှင်ဂန္ဓသာရသည် အသက် (၁၂) နှစ်အရွယ် ၁၉၇၃-ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ပတ္တရားမြို့ ဝိထယာ လိုင်းပတ္တရားကျောင်းတိုက်၊ ပဓာနနာယက ဆရာတော် ဖရ (အရှင်) အရိယဝံသာသယန် ပုဏ္ဏာသိရိထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့အမည်မှာ ရှင်ဂန္ဓသာရ ဖြစ်ပါသည်။

၁၉၈၂-ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂-ရက်နေ့တွင် ထိုင်းနိုင်ငံ၊ လန်းပန်းမြို့၊ ဝပ်ထာ့မအိုး (မြန် မာ) ကျောင်းတိုက်၊ ပဓာနနာယက (မြန်မာ) ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ (အဂ္ဂမဟာ ပဏ္ဍိတ၊ ဂုဏ်ထူးဆောင် ဒေါက်တာ) ကို ဥပဇ္ဈာယ်ပြု၍ ထိုင်းနိုင်ငံ၊ လန်းပန်းမြို့၊ ဝပ်ထာ့မအိုးကျောင်းတိုက်၊ ခဏ္ဍသိမ်တော်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူပါသည်။

ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒထံတွင် သဒ္ဒါ၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ အဘိဓမ္မာ၊ ဝိနည်း၊ ရူပသိဒ္ဓိနှင့် မြန်မာစာပေများကို သင်ယူခဲ့ပါသည်။ မြန်မာသက္ကရာဇ် ၁၃၄၃-ခုနှစ်တွင် ထိုင်းနိုင်ငံသို့ ကြွရောက်ကြသော ဗာရာဏသီဆရာတော်ဘုရားကြီးနှင့် သီတဂူဆရာတော်ဘုရားတို့၏ အာရှ (၆) နိုင်ငံခရီးစဉ်၌ ထိုင်းနိုင်ငံ၊ ဝပ်ထာ့မအိုးကျောင်းသို့ ရောက်ရှိခဲ့ပါသည်။ ထိုအခါ ဗာရာဏသီဆရာတော်ဘုရားကြီးအား အရှင်ဂန္ဓသာရ မှ ပါဠိဘာသာစကားဖြင့် မေးမြန်းလျှောက်ထားရာ ဆရာတော်ဘုရားကြီးသည် သဘောကျတော်မူသဖြင့် ဆရာတော် ဘဒ္ဒန္တဓမ္မာနန္ဒ အား “မြန်မာပြည်တွင် ပညာသင်ကြားရန် ဒီ ဦးဇင်းလေး ဒို့ဆီလွှတ်လိုက်”ဟု မိန့်ကြားတော်မူခဲ့ပါသည်။ ထိုမိန့်တော်မူချက်ကို အကြောင်းပြု၍ အရှင်ဂန္ဓသာရသည် ၁၉၈၄-ခုနှစ်တွင် ပညာသင်ကြား ရန် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သို့ ရောက် ရှိခဲ့ပါသည်။ ဗာရာဏသီဆရာတော်ဘုရားကြီးသည် အရှင်ဂန္ဓသာရ အား အစစအရာရာ ကြည့်ရှုစောင့် ရှောက်ခဲ့ပါသည်။ ထို့ပြင် အရှင်ဂန္ဓသာရအား အနီးကပ်ကြီးကြပ်ကွပ်ကဲသူမှာ လက်ရှိ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ(သ-စ-အ-ဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ဖြစ်ပါသည်။ ဝိ-ဗာ တိုက်ရှိ စာချဆရာတော်များ၊ မန္တလေးမြို့၊ ရွှေဘုန်းဝန်ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏာဘိဝံသ စသော ဆရာတော် များသည် အရှင်ဂန္ဓသာရ ၏ ကျေးဇူးတော်ရှင်များပင် ဖြစ်ပါသည်။



အရှင်ခမာစာရ(လုံဟော)၊ အရှင်ဂန္ဓသာရာဘိဝံသ(ထိုင်း)
ဝိ-ဗာတိုက် စာသင်သားဘဝအမှတ်တရ (၁၄-၄-၁၉၈၆)

ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၌ ကျင်းပသောစာမေးပွဲများကို အတန်းစုံအောင်မြင်ခဲ့ပြီး အစိုးရ ငယ်-လတ်-ကြီးအတန်းတို့ကို ပါဠိဘာသာဖြင့်လည်းကောင်း၊ ၁၉၈၆-ခုနှစ်တွင် ပြည်မြို့၌ ကျင်းပသော မြို့နယ်စာမေးပွဲကို တစ်ဂဏန်းမှ လည်းကောင်း၊ ၁၉၈၈-ခုနှစ်တွင် ရန်ကုန်မြို့၊ စေတီယင်ဏပရိယတ္တိအသင်းမှ ကြီးမှူးကျင်းပသော စာမေးပွဲကို ဒုတိယ-အမှတ်အများဆုံးဖြင့်လည်းကောင်း၊ ၁၉၉၂-ခုနှစ်တွင် သာသနဓဇဓမ္မာစရိယဘွဲ့ကိုလည်းကောင်း အောင်မြင် ခဲ့ပါသည်။

ဆရာတော် (အရှင်ဂန္ဓသာရာဘိဝံသ) ရရှိတော်မူသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များမှာ- ၂၀၀၀-ခု နှစ်၊ ဇွန်လ-၂၅-ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ဘုရင်မင်းမြတ်၏ ယုဝဗုဒ္ဓိကအသင်းမှ ကမ္မဋ္ဌာနာစရိယဘွဲ့၊ ၂၀၀၆-ခု နှစ်၊ မေလ ၂-ရက်နေ့တွင် ထိုင်းနိုင်ငံ၊ ပုဂ္ဂလိကလူမှုကယ်ဆယ်ရေးအသင်း(မူလနိထိကျမ်နုန်ထောင်ပစေ့-အသင်း)မှ လူမှုထူးချွန်ဆု၊ ၂၀၀၇-ခုနှစ်တွင် ထိုင်းနိုင်ငံ၊ အိမ်ရှေ့မင်းသမီးကိုယ်တိုင် ဆက်ကပ်လှူဒါန်းသော ဗုဒ္ဓသာသနာကျမ်းပြုဆိုင် ရာဘွဲ့ (စေမာဓမ္မကျတ်ဘွဲ့)



(Outstanding Buddhist Awards) (Semadhammajak Awark) တံဆိပ်တော်နှင့် ထိုင်းနိုင်ငံ၊ ချူလာလောင်ကွန်းတက္ကသိုလ်၊ ပါဠိစာပေဌာနမှ မဟာပဏ္ဍိတဘွဲ့တံဆိပ်တော်တို့ ဖြစ်ပါသည်။

ဆရာတော်သည် ယခုအခါ ထိုင်းနိုင်ငံ၊ လန်းပန်းမြို့၊ ဝပ်ထာ့မအိုးကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ အနီးတွင် သီတင်းသုံးနေထိုင်လျက် စာသင်သားသံဃာတော်များအား စာပေကျမ်းဂန်များ ပို့ချခြင်း၊ ကျောင်းတိုက်အတွင်း ကမ္မဋ္ဌာန်းကျောင်းဆောင်များ ဆောက်လုပ်လျက် ကမ္မဋ္ဌာန်းတရားများကို ပြသခြင်း၊ ထိုင်းနိုင်ငံ၊ ဘုရင်မင်းမြတ်၏ ယုဝဗုဒ္ဓိကအသင်း ဝိပဿနာဌာနတွင် ကမ္မဋ္ဌာန်းတရားများကို ပြသခြင်း၊ ထိုင်းနိုင်ငံ၊ နခွန်ပထုံမြို့၊ ဗုဒ္ဓဃောသ ပါဠိစာပေလေ့လာရေး အသင်းတွင် ဝိပဿနာကမ္မဋ္ဌာန်းတရားများကို ပြသခြင်း၊ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဝပ်ဖိချိုင်ယာကာရာမ်ကျောင်းတိုက်၊ အဘိဓမ္မာပိဋကဌာနတွင် စာပေစိစစ်ရေးအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ခြင်းဖြင့် သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

ဆရာတော်သည် မိမိသင်ယူတတ်မြောက်ထားသော စာပေကျမ်းစာများကို သူတစ်ပါးအားပြန်

ဆရာတော်က "တပည့်တော်ရေးသားထုတ်ဝေတဲ့စာအုပ်တွေကို မရောင်းပါဘူး။ ဓမ္မဒါနအဖြစ်နဲ့လှူတယ်။ အဘယ်သူဖြစ်ဖြစ်လာပြီးအလှူခံနိုင်တယ်။ စာတိုက်ကနေ လှမ်းပြီးအလှူခံတာကိုတော့ မလှူဘူး။ ကိုယ်တိုင်ကြွလာမှပဲလှူတယ်" ဟု အမိန့်ရှိဘူးပါသည်။



အရှင်ဂန္ဓသာရာဘိဝံသဦးဆောင်သော ထိုင်းနိုင်ငံမှ ဒါယကာ, ဒါယိကာမများ ရန်ကုန်မြို့၊ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ် သံဃာတော်(၁၁၀)ပါးတို့အား ကထိန်သင်္ကန်းကပ်လှူပွဲ အခမ်းအနား (၈-၁၁-၂၀၀၈)




အရှင်ဂန္ဓသာရာဘိဝံသမှ ရန်ကုန်မြို့၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ် သံဃာတော်(၁၁၀)ပါးတို့အား စာရေးတံမဲကပ်လှူနေစဉ်။ (၁၅-၁၁-၂၀၀၈)

လည်ပို့ချ ပေးရုံသာမက ကျမ်းစာအုပ်များရေးသား ထုတ်ဝေကာ ဓမ္မဒါနပြုခဲ့သည်။ ဆရာတော်က "တပည့်တော် ရေးသားထုတ်ဝေတဲ့ စာအုပ်တွေကို မရောင်းပါဘူး။ ဓမ္မဒါနအဖြစ်နဲ့ လှူတယ်။ အဘယ်သူ ဖြစ်ဖြစ် လာပြီးအလှူခံနိုင်တယ်။ စာတိုက်ကနေ လှမ်းပြီး အလှူခံတာကိုတော့ မလှူဘူး။ ကိုယ်တိုင် ကြွလာမှပဲလှူတယ်"ဟု အမိန့်ရှိဘူးပါသည်။

မြန်မာနိုင်ငံကြွလာသည့်အခါ စာရေးသူတို့ ရှစ်မိုင်-မစိုးရိမ်မှာပင် ညကျိန်းလေ့ရှိသည်။ သို့သော် စာရေးသူတို့နှင့် စကားအေးအေးဆေးဆေးမပြောနိုင် ကွန်ပျူတာတစ်လုံးနှင့် ကျမ်းစာများကိုသာ အလေးထားရေးသားနေသည်။ ဆရာတော်သည် ထိုင်းဘာသာ၊ မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ၊ သက္ကတဘာသာတို့ကို ကျွမ်းကျင်စွာတတ်မြောက်ထားသည့်အတွက် ယခုဆိုလျှင် သက္ကတဘာသာဖြင့် ရေးသားထားသော ကျမ်းစာများ ကိုပါ ထိုင်းဘာသာသို့ ပြန်ဆိုရေးသားနေသည်ကို တွေ့ရပြန်သည်။

ဆရာတော် ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ သုဗောဓာလင်္ကာရမဉ္စရီ (အလင်္ကာဘာသာပြန်-နှာစုစုပေါင်း-၈၃၅)၊
၂။ ဝုတ္တောဒယမဉ္စရီ(ဆန်းဘာသာပြန်-နှာ-၄၁၄)၊
၃။ ဗာလာဝတာရ (သုခ်သင်တည်းဖြတ်-နှာ-၁၂၈)၊
၄။ ပဒသင်္ဂဟ(သုခ်သင်တည်းဖြတ်-နှာ-၂၆၀)၊
၅။ ပဒရူပသိဒ္ဓိမဉ္စရီ (ရူပသိဒ္ဓိဘာသာပြန်-ပထမတွဲ-နှာ-၁၂၁၈)၊
၆။ သံဝဏ္ဏနာမဉ္စရီနှင့်သံဝဏ္ဏနာနိယံ(နှာ-၁၄၀)၊
၇။ ကစ္စာယနသာရ မဉ္စရီ (ဘာသာပြန်-နှာ-၂၂၄)၊
၈။ ဂန္ထာဘရဏမဉ္စရီ (နှာ-၂၀၀)၊
၉။ ပဒရူပသိဒ္ဓိကျမ်း၏ ခက်ဆစ်ခက်ရာ အမေးအဖြေ (နှာ-၁၇၀)၊
၁၀။ ဝရတ်တရတနာကရ(သက္ကတဘာသာပြန်-နှာ-၇၉)၊
၁၁။ နေတ္တိပါဠိတော် (ဘာသာပြန်-နှာ-၆၆၄)၊
၁၂။ နေတ္တိအဋ္ဌကထာ (ဘာသာပြန်-နှာ-၆၉၀)၊
၁၃။ နေတ္တိဋီကာ (ဘာသာပြန်-နှာ-၄၀၆)၊
၁၄။ အဘိဓမ္မတ္ထသင်္ဂဟနှင့်ပရမတ္ထဒီပနီ (ဘာသာပြန်-နှာ-၉၁၈)၊
၁၅။ အဘိဓမ္မာအရေးတော်ပုံနှင့်သဒ္ဒါကျမ်းများ၏သမိုင်း (နှာ-၁၇၀)၊
၁၆။ သစ္စသင်္ခေပ (ဘာသာပြန်-နှာ-၁၈၄)၊
၁၇။ အဘိဓမ္မာဝတာရ (ဘာသာပြန်-နှာ-၅၁၀)၊
၁၈။ မဟာသတိပဋ္ဌာနသုတ္တ (မဟာစည်ဆရာတော်စာအုပ်မှ ဘာသာပြန်-နှာ-၄၅၄)၊
၁၉။ အာနာပါနဒီပနီ (ဘာသာပြန်-နှာ-၅၈)၊
၂၀။ ဗောဇ္ဈင်တရားတော် (နှာ-၁၈၈)၊
၂၁။ ဓမ္မစကြာတရားတော် (ဘာသာပြန်-နှာ-၄၀၀)၊
၂၂။ လွယ်ကူသောနည်းဖြင့် သတိပဋ္ဌာန်ကျင့်စဉ် (နှာ-၈၄)၊
၂၃။ သတိပဋ္ဌာန်-တစ်ခုတည်းသောလမ်း (အင်္ဂလိပ်ဘာသာမှပြန်-နှာ-၄၂)၊







၂၄။ ရုပ်နာမ်သဘာဝအလင်းပြကျမ်း (နှာ-၇၄)၊
၂၅။ ဝိပဿနာရှုနည်း (ဘာသာပြန်-ပထမတွဲ-နှာ-၃၄၄)၊
၂၆။ ဝိပဿနာရှုနည်း (ဘာသာပြန်-ဒုတိယတွဲ-နှာ-၆၆၂)၊
၂၇။ သတိပဋ္ဌာန်ကျင့်စဉ် (နှာ-၁၁၄)၊
၂၈။ ဒါရုက္ခန္ဓောပမသုတ် (အင်္ဂလိပ်ဘာသာမှပြန်-နှာ-၈၂)၊
၂၉။ နမက္ကာရ+မဟာပဏာမ (ဘာသာပြန်-နှာ-၈၆)၊
၃၀။ မေတ္တာဘာဝနာ (နှာ-၈၀)၊
၃၁။ ပဋ္ဌမစု (ဘာသာပြန်-နှာ-၂၃၅)၊
၃၂။ ပရိတ်ကြီး (ဘာသာပြန်-နှာ-၂၄၀)၊
၃၃။ တေလကဋ္ဌာဟဂါထာ (ဘာသာပြန်-နှာ-၁၇၇)၊
၃၄။ သူတော်ကောင်းတရားနှင့် ပြဟ္မစိုရ်တရားလေးပါး (နှာ-၄၂)-တို့ ဖြစ်ပါသည်။

၂၀၀၀-ခုနှစ်တွင်၊ ဆရာတော်၏ဆရာဖြစ်သူ ဝိ-ဗာတိုက်၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)နှင့် စာရေးသူတို့ကို ထိုင်းနိုင်ငံသို့ ပင့်ဖိတ်ပြီး ထိုင်းနိုင်ငံအနှံ့ဘုရားဖူး လိုက်လံပို့ဆောင်ပေးခဲ့သည်။ ဆရာတော်၏ ကျေးဇူးကြောင့် ချမ်းချမ်းသာသာဖြင့် ထိုင်းနိုင်ငံအနှံ့ ရောက်ရှိခဲ့ရသည်။

ဆရာတော်သည် တပည့်ဒါယကာ, ဒါယိကာများနှင့်အတူ မြန်မာနိုင်ငံသို့ နှစ်စဉ်ကြွရောက်၍ ဘုရားဖူးခြင်း၊ ဆရာသမားများ၊ သီတင်းသုံးဖော်များအားပူဇော်ကန်တော့ခြင်း၊ လှူဒါန်းခြင်းများပြုလုပ်ခဲ့သည်။ စာရေးသူတို့ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ်တွင် အသုံးပြုရန် ကျပ်ငွေ (၇)သိန်းကျော်တန် ကွန်ပြူတာလှူဒါန်းခြင်း၊ ဦးခမာစာရ(စာချ)၏ ကျမ်းမာရေးအတွက် ကျပ်ငွေ(၁)သိန်းနှင့် USA ဒေါ်လာ (၃၀၀) လှူဒါန်းခြင်း၊ (ယခု မွန်းဘိုင်းတွင် ဒေါက်တာဘွဲ့အတွက် ပညာသင်ကြားလျက်ရှိသော) ရှစ်မိုင်-မစိုးရိမ်စာချ ဦးတောသနိယမ္မ သီရိလင်္ကာနိုင်ငံတွင် M.A ဘွဲ့အတွက် သွားရောက်ပညာသင်ကြားခဲ့စဉ်က လစဉ် USA ဒေါ်လာ (၁၀၀)




လှူဒါန်းခြင်း၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ်၊ “အောင်ရတနာခိုင်”သုံးထပ်ဆွမ်းစားကျောင်းတွင် ပေ(၃၀×၁၅)အကျယ်ရှိ ဆရာတော်ဘုရားကြီးများသီတင်းသုံးနိုင်ရန် အထူးအိပ်ခန်းဆောင်(၃)ခန်း ဆောက်လုပ်မှုအတွက် တပည့်ဒါယကာ, ဒါယိကာမများနှင့်အတူ သိန်း(၂၅၀)ကျပ် လှူဒါန်းခြင်း၊ ၂၀၀၈-ခုနှစ်က၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ် သံဃာ(၁၁၀)ပါးတို့အား ကထိန်သင်္ကန်းကပ်လှူခြင်းနှင့် စာရေးတံမဲချ၍ လှူဒါန်းခြင်း၊ ၂၀၀၉-ခုနှစ်တွင်၊ ဝိ-ဗာ ကျောင်းတိုက် သံဃာ(၁၆၀)ပါးတို့အား ကထိန်သင်္ကန်း ကပ်လှူခြင်း၊ ဝိ-ဗာတိုက်၌ ဆောက်လုပ်ဆဲ ရွှေရတုကျောင်းဆောင်အတွက် အလှူငွေကျပ်သိန်း(၉၀)လှူဒါန်းခြင်း၊ အထူးအားဖြင့် ဝိ-ဗာတိုက် ရွှေရတုမဂ္ဂဇင်းနှင့် ရွှေရတုကျောက်စာဖြစ်မြောက်ရေးအတွက် ထိုင်းဘတ်ငွေ ခုနှစ်သိန်း လှူဒါန်းခြင်း၊ ပင့်သံဃာတော်အပါး(၅၀၀)တို့အား ယိုးဒယားလွယ်အိတ်အလုံး(၅၀၀)လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။

ယခုဖော်ပြခဲ့ပြီးသော ဆရာတော်၏ သာသနာပြုလုပ်ငန်းများမှာ စာရေးသူသိသမျှသာ ဖော်ပြခြင်းဖြစ်သည်။ စာရေးသူမသိသေးသော အခြားသာသနာပြုလုပ်ငန်းများ များစွာရှိနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဆရာတော်၏ သာသနပြုလုပ်ငန်းများသည် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံများတွင်သာမက ကမ္ဘာသို့တိုင်ပျံ့နှံ့အောင် မြင်နိုင်ပါစေဟု ဆန္ဒပြုလိုက် ရပါသည်။

**အရှင်အမတောဘာသ**
(မဟာဓမ္မာစရိယ M.A၊ ဂန္ထဝါစကပဏ္ဍိတ)
တိုက်အုပ်ဆရာတော်
ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ်၊
ရန်ကုန်မြို့။



# သရေခေတ္တရာ ဘာသာရေး

ဦးကျော်ဇင်ဟန်

သရေခေတ္တရာပျူမြို့ဟောင်း၌ တူးဖော်တွေ့ရှိရှေးဟောင်းသာသနိကပစ္စည်းများကို ထောက်၍ သရေခေတ္တရာနယ်မြေ၌ ခရစ်နှစ် (၄)ရာစုနှစ်က တည်းကပင် သာသနာစည်ပင်နေပြီဖြစ်ကြောင်း သိရှိရပေသည်။ အစောဆုံးသက်သေအထောက်အထားမှာ"ခင်ဘကုန်း"၌ တူးဖော်တွေ့ရှိသော ရွှေပေ အချပ် (၂၀) ပင်ဖြစ်သည်။ ယင်းရွှေပေတို့ကို ခရစ်နှစ် (၁၉၂၆)ခုနှစ်၌ မြန်မာပြည်ကျောက်စာဝန် "မစ္စတာ ချာလ်ဒူရွိုင်ဆယ်"သည် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းရှိ ရှေးဟောင်းပစ္စည်းများရှာဖွေတူးဖော်ရာ တွင် ပျူအက္ခရာဖြင့် ပိဋကတ်ပါဠိတော် ကောက်နုတ်ချက်များ ရေးထွင်းထားသော ရွှေပေချပ်တစ်ထုပ်ကို မောင်ခင်ဘအမည်ရှိ ပုဂ္ဂိုလ်ပိုင်သည့် ယာမြေပေါ်ရှိ ရှေးဟောင်း ဘုရားပြိုအုတ်ပုံ အတွင်းရှိဌာပနာတိုက်မှ ရရှိခဲ့သည်။ ထို့ကြောင့် ထိုရွှေပေချပ်နှစ်ဆယ်ကို "ခင်ဘရွှေပေ"ဟူ၍ အမည်မှတ်တမ်းတင်ထားပါသည်။

**"ခင်ဘရွှေပေ"**

ထိုရွှေပေချပ်များသည် အလျား ၆-လက်မ×အနံ ၁-လက်မ ရှိသော ရွှေပေအချပ်ရေ (၂၀)ကို အရွယ်အစားတူရွှေပြား (၂)ချပ်တွင်ညှပ်ကာ ပေစာထုပ်ကဲ့သို့ ရွှေနန်းကြိုးဖြင့် စည်းနှောင်ထားပါသည်။ ပျူစာပါရွှေပေ (၂၀)ချပ်နှင့်အဖုံး(၂)ချပ် ပေါင်း(၂၂)ချပ်၏ ရွှေအလေးချိန်မှာ ၂၃ကျပ်၊ ၁၄ပဲ၊ ၂ရွေးသားရှိသည်။

ဤခင်ဘရွှေပေချပ် (၂၀)တွင် အောက်ပါ အကြောင်းအရာရှစ်ခုကို ပိဋကတ်ပါဠိတော်မှ ထုတ်နုတ်ရေးသွင်းထားပါသည်။

ယင်းတို့မှာ

(၁) ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်၊

(၂) ဝိပဿနာ ဉာဏ်(၇)ပါး၊

(၃) ဗောဓိပက္ခိယတရား(၃၇)ပါး၊

(၄) ဝေသာရဇ္ဇသုတ်၊

(၅) ဗုဒ္ဓဉာဏ်တော် (၁၄)ပါး၊

(၆) အားလုံးတွင် အမြတ်ဆုံး(၄)မျိုး၊

(က) လမ်းခရီးအားလုံးတွင် အမြတ်ဆုံး၊

(ခ) သစ္စာအားလုံးတွင် အမြတ်ဆုံး၊

(ဂ) သရေတရားအားလုံးတွင် အမြတ်ဆုံး၊

(ဃ) အခြေနှစ်ချောင်းရှိသော သတ္တဝါအားလုံးတွင် အမြတ်ဆုံး၊

(၇) မြတ်စွာဘုရားသခင်ရဟန္တာတစ် သောင်းနှင့် အတူ ရာဇဂြိုလ်ပြည်သို့ ဝင်တော်မူရာတွင် သိကြားမင်းသည်လုလင်အသွင်ဖန်ဆင်း၍ ဘုရားအမှူးရှိသော ရဟန်းသံဃာ တော်တို့၏ ရှေ့မှ သွားလျက်သီဆိုသောဂါထာနှင့် လူတို့က ဤလုလင်သည် ဘယ်သူ့သားဖြစ်သနည်းဟု ပြောဆိုကြရာတွင် သိကြားမင်းက ပြန်၍သီဆိုသော-----ဂါထာ

(၈) ဗုဒ္ဓဂုဏ်တော် (၉)ပါးတို့ကို ရေးထွင်းထားသည်--ယင်းတို့ကိုလေ့လာရခြင်းဖြင့် သရေခေတ္တရာ ခေတ် သာသနာ တော်တွင် ပါဠိတော်များကို ပျူစာ၊ ပျူအက္ခရာဖြင့် ဘာသာပြန်အသုံးပြုကြောင်း ထေရဝါဒဗုဒ္ဓသာသနာ ခိုင်ခိုင်မြဲမြဲ ထွန်းလင်းတောက်ပခဲ့သော ခေတ်ကြီးဖြစ်ကြောင်း ခိုင်လုံသော အထောက်အထား များကို ကြည်ညိုဖွယ် တွေ့ရှိရပေသည်။ ထို့ပြင် ဤရွှေချပ်များသည် လွန်ခဲ့သော နှစ်-နှစ်ထောင်ကျော်ခန့်က လက်ရေးစာ သာသနာတော်ကြီး ပေတည်းဟု ဓမ္မစေတီအဖြစ် ကြည်ညို သဒ္ဓါပွားကာ ကိုးကွယ်အားထားရာဖြစ်ပါသည်။

သရေခေတ္တရာ မြို့ဟောင်း၌ တွေ့ရှိရသော ရှေးဟောင်းအက္ခရာများသည် အိန္ဒိယတောင်ပိုင်း ကဒမ္ဗမင်းတို့ရေးထိုးခဲ့သော ရှေးဟောင်းအက္ခရာများနှင့်လည်းကောင်း၊ ခေတ်ဦးပိုင်း စာလုကျမင်းတို့ရေးထိုးခဲ့သော ရှေးဟောင်းအက္ခရာများနှင့်လည်းကောင်း၊ ဆင်တူသည်ကိုတွေ့ရသည်။ ခရစ်နှစ် (၃) ရာစုနှစ်တွင် အိန္ဒိယတောင်ပိုင်းရှိ ဣက္ခွာကုမင်းရေးထိုးခဲ့သော ဇဂ္ဂယပေတမြို့ဟောင်း နာဂါရ်ဇုန၊ ကောဏ္ဍမြို့ဟောင်းတို့ရှိ ကမ္ပည်းအက္ခရာနှင့် ဆင်တူကြောင်းတွေ့ရသည်။ ထို့ပြင် သရေခေတ္တရာ ရှေးဟောင်း အက္ခရာများဆင်တူသော ရှေးဟောင်း အက္ခရာကို ကုန္တလနယ်၊ အန္ဒရနယ်များတွင်လည်း တွေ့ရသည်။

သရေခေတ္တရာ ခေတ်ဦးပိုင်းတွင် ပြန့်ပွားနေသော ဗုဒ္ဓဘာသာမှာ အိန္ဒိယပြည်တောင်ပိုင်း အန္ဒရ၊ ကုန္တလ၊ ပလ္လဝစသော ပြည်နယ်တို့နှင့်အကူးအသန်း အဆက်အသွယ်ရှိ၍ရောက်ရှိလာသော ဗုဒ္ဓဘာသာ ဖြစ်သည်။ ထိုစဉ်က အမရဝတီ၊ နာဂါရ်ဇုန၊ ကောဏ္ဍ၊ ဉရာပုရ-စသော မြို့တော်များသည် “ထေရဝါဒ ဗုဒ္ဓဘာသာ”စည်ပင်ထွန်းကားရာမြို့တော်များဖြစ်သည်။

သရေခေတ္တရာခေတ်မတိုင်မီ ခရစ်နှစ် (၁)ရာစုနှင့် (၄)ရာစုနှစ်အတွင်း ထွန်းကားခဲ့သော ဗိဿနိုးမြို့ဟောင်းသို့ပင် အန္ဒရနယ်၊ အမရဝတီ၊ နာဂါရ်ဇုန၊ ကောဏ္ဍမြို့တော်များမှ ဗုဒ္ဓဘာသာ ပြန့်နှံ့ရောက်ရှိခဲ့ကြောင်း အရိပ်အမြွက် အထောက်အထားတွေ့ရှိပြီးဖြစ်သည်။

သရေခေတ္တရာ ခေတ်ဦးပိုင်းတွင် မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည် ထေရဝါဒဂိုဏ်း ဗုဒ္ဓဘာသာနှင့် စင်ပြိုင်ထွန်းကားခဲ့ကြောင်း အထောက်အထားများတွေ့ရှိရသည်။ မဟာယာဉ်ဂိုဏ်းဗုဒ္ဓဘာသာသည် ခရစ်နှစ်(၁)ရာစုတွင် အိန္ဒိယပြည်၌ စတင်ပေါ်ပေါက်သော ဂိုဏ်းဖြစ်သည်။ မဟာယာဉ်ဂိုဏ်း၏ ထူးခြားသောဝါဒမှာ ဘုရားလောင်းဗောဓိသတ္တဝါဒဖြစ်သည်။

မဟာယာဉ်၊ မဟာယာနဂိုဏ်း၏ ထူးခြားသော ဗောဓိသတ္တဝါဒမှာ လူတိုင်းတွင်ဗောဓိသတ္တဘုရားလောင်းဖြစ်နိုင်သော စွမ်းရည်သတ္တိရှိကြောင်းကို ယုံကြည်ခြင်းဖြစ်သည်။ ဂရုဏာ၊ မေတ္တာတရားများကို ရင်ဝယ်ပိုက်လျက် ဗောဓိသတ္တဘုရား လောင်းများသည် လောကတွင်ရှိရှိသမျှ ဝေနေယျသတ္တဝါ

**မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည်လည်း သရေခေတ္တရာတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်အပြိုင် ထွန်းကားလာခဲ့သည်။ သရေခေတ္တရာသို့ ပျံ့နှံ့လာသော မဟာယာဉ်ဂိုဏ်းဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မှ တိုက်ရိုက်လာသည်ဟုလည်း ထင်မြင်ယူဆနိုင်သည်။ သို့မဟုတ် ရခိုင်ဘက်တောင်ကုတ် တောင်ကြားလမ်းမှ တစ်ဆင့်ရောက်ရှိလာသည်ဟု ခန့်မှန်းနိုင်သည်။**

တို့အား နိဗ္ဗာန်သို့ ပို့ ဆောင်ပေးရန် တာဝန်ရှိသည်ဟု ဆို၏။ ယင်းတာဝန် မပြီးမချင်း ဗောဓိသတ္တ ဘုရားလောင်းများသည် လောကကို စောင့်ရှောက်လျက်ရှိသည်ဟု ဆို၏။

သရေခေတ္တရာ၌ တွေ့ရသော မဟာယာဉ် ဂိုဏ်းဆိုင်ရာ အထောက်အထားများအနက် အစောဆုံးအထောက်အထားမှာ ဘုရားကြီးစေတီအနီးမှရသော အရိမေတ္တေယျဘုရားလောင်း ကြေးဆင်းတုပင်ဖြစ်၏။ ယင်းဆင်းတုသည် ကျိုးပဲ့ပျက်စီးနေပြီဖြစ်သည်။ ထိုဘုရားလောင်းဆင်းတုတော်တွင် မြင့်မားသောသျှောင်တော်ရှိ၏။ လက်တော်နှစ်ဖက်အနက် လကျာ်တစ်ဖက်သာလျှင် ကျန်ရှိတော့၏။ ထိုလက်တံမှာ တံတောင်ဆစ်မှကွေးလျက် ရှေ့သို့ဆန့်တန်းကာ လက်ဝါးကိုဖြန့်ထား၏။ လက်ညှိုးနှင့် လက်မတို့ ထိပ်ချင်းဆက် ထား၏။ ဤလက်အနေအထားမှာ သက္ကတဘာသာဖြင့် "ဝိတရမုဒြာ"ခေါ် အချေအတင်ပြောနေသည့် အနေအထားဖြစ်သည်။ ဆင်းတုတော်၏ လက်ဝဲဘက်ပခုံးပေါ်တွင် သက်န်းတော်အနား တွန့်များကို တွေ့ရသည်။ သျှော်တော်သည်ဆံပင်ကို နောက်ဘက်သို့ခေါက်ကာ အရင်း၌ကြိုးဖြင့်စည်းထားသော ပုံစံဖြစ်၏။ သျှောင်ထုံးတော်၌လည်း စေတီငယ်တစ်ဆူကို တွေ့ရသေးသည် ဤအချက် ထောက်၍ ဆင်းတုတော်သည် သက်န်းပင်ရုံထားသော်လည်း ဘုရားရုပ်ပွားတော် မဟုတ်ဘဲ ဘုရားလောင်းရုပ်ပွားတော်ဖြစ်ကြောင်း နားလည်ရပေသည်။

ထို့မှတဖန် မဟာယာဉ်ဂိုဏ်းဆိုင်ရာ ရုပ်တုများတွင် ရွှေပြားဖြင့်သွန်းလုပ်ထားသော အဝလောကိတေသွာရဘုရားရုပ်တု၊ အုပ်ခွက်ဆင်းတုကျောက်ဖြင့်ပြီးသော မဟာယာဉ်ဂိုဏ်းဆိုင်ရာရုပ်တုများကိုလည်း တွေ့ရှိရပါသေးသည်။ အထက်ပါ အချက်အလက်များကို ပေါင်းစပ်လေ့လာလိုက်သောအခါ၊ ပျူတို့သည် ခရစ်နှစ်(၄)ရာစုလောက်တွင် အိန္ဒိယပြည်တောင်ပိုင်း အမရဝတီ၊ နာဂါရ်ဇုန၊ ကောဏ္ဍာ၊ ကဉ္စိပုရ-စသော ထေရဝါဒထွန်းကားရာ ဗုဒ္ဓဘာသာထွန်းကားရာ ဌာနကြီးများနှင့် အဆက်အသွယ်ရှိ၍ ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြောင်း သိရပေသည်။

မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည်လည်း သရေခေတ္တရာတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့် အပြိုင်ထွန်းကားလာခဲ့သည်။ သရေခေတ္တရာသို့ ပျံ့နှံ့လာသော မဟာယာဉ်ဂိုဏ်းဗုဒ္ဓဘာသာသည် အိန္ဒိယပြည်မှ တိုက်ရိုက်လာသည်ဟု လည်းထင်မြင်ယူဆနိုင်သည်။ သို့မဟုတ် ရခိုင်ဘက်တောင်ကုတ် တောင်ကြားလမ်းမှတစ်ဆင့်ရောက်ရှိလာသည်ဟု ခန့်မှန်းနိုင်သည်။

မဟာယာဉ်ဂိုဏ်းသည် ခရစ်နှစ်(၆) ရာစုအတွင်းက ရခိုင်ပြည်နယ်သို့ရောက်ရှိလာပြီဖြစ်ကြောင်းကို ကျောက်တော်မြို့ မဟာမုနိကုန်းပေါ်၌ တွေ့ရှိသောဘုရားလောင်းဗောဓိသတ္တဆင်းတုတော်က သက်သေထူလျက်ရှိပါသည်။

သရေခေတ္တရာနှင့်ရခိုင်တို့ အဆက်အသွယ်မကင်းခဲ့ကြောင်းကို သရေခေတ္တရာ၌ တွေ့ရှိရသော အချို့အက္ခရာများသည် ရခိုင်-ဝေသာလီမြို့

ဟောင်းက အက္ခရာများနှင့်ဆင်တူသော အချက်များကလည်းကောင်း၊ သရေခေတ္တရာ ဒင်္ဂါးများသည် ခရစ်နှစ်(၄)ရာစုနှစ်အတွင်းဟု ခန့်မှန်းရသော ဝေသာလီပြည်၊ စန္ဒြမင်းဆက်ဒင်္ဂါးအချို့နှင့် အခြေခံပုံစံတွင်ဆင်တူသောအချက်သည်လည်းကောင်း ကောင်းစွာသက်သေထူလျက်ရှိသည်။

သရေခေတ္တရာပြည်၏အနီး ဧရာဝတီမြစ်၏အနီး အနောက်ဘက်ကမ်းရှိ ပန်တောင်း တောင်ကုတ်လမ်းသည်ယခုအခါတွင် ရခိုင်တိုင်းသို့ ဆက်သွယ်ကူးသန်းရာလမ်း ဖြစ်သကဲ့သို့ ရှေးခေတ်ဟောင်းအဆက်ဆက်တွင်လည်း အလားတူ ကူးသန်းသွားလာသည့် လမ်းကြောင်းဖြစ်ခဲ့ပေသည်။

ထို့ကြောင့် မဟာယာဉ်ဂိုဏ်း ဗုဒ္ဓဘာသာသည် တောင်ကုတ်တောင်ကြားလမ်းကို အသုံးပြု၍ ရခိုင်ပြည်နယ်မှသရေခေတ္တရာသို့ ရောက်ရှိလာသည်ဟု ယူဆနိုင်ပါသည်။ အလားတူပင် အရှေ့ဘင်္ဂါနယ်က တန္တရအယူဝါဒသည်လည်း ရခိုင်မှတစ်ဆင့် တောင်ကုတ်လမ်းဖြင့် သရေခေတ္တရာသို့ ရောက်ရှိလာခဲ့သည်ဟု ယုံကြည်ရပါသည်။

သို့ပါ၍ သရေခေတ္တရာပျူတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ ပျူမင်းများသည်လည်း ဗုဒ္ဓဘာသာကိုယုံကြည်ကြလေသည်။ ယင်းကဲ့သို့ သက်ဝင်ယုံကြည်သည့်အလျောက်လည်း ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်ကြကြောင်း ယနေ့မြေပေါ်မြေအောက်တွင်တွေ့ရှိရသော ယင်းတို့ ၏ကုသိုလ်တော် အကြွင်းအကျန်များက သက်သေခံနေပါသည်။သရေခေတ္တရာ၌ ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာဉ် ဗုဒ္ဓဘာသာနှစ်ဂိုဏ်းစလုံး ထွန်းကားခဲ့သည်။ ယင်းသို့ ထွန်းကားခဲ့ကြောင်း၊ ဘာသာရေးအဆောက်အအုံများကိုလည်းကောင်း၊ ကျောက်ဆင်းတု၊ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုမှစ၍ ရွှံ့ဖြင့်ပုံသွင်းထားသော အုတ်ခွက်ဆင်းတုများကိုလည်းကောင်း အနှံ့အပြား တွေ့ရသည်။ ခမ္မစေတီခေါ် ပိဋကတ်တော် ကောက်နုတ်ချက်များကို ရွှေပြား၊ ငွေပြား၊ ကျောက်ပြားတို့အပေါ်၌ ရေးထိုးပူဇော်ကြသော အလေ့အလာလည်း ရှိကြပေသည်။

သရေခေတ္တရာပျူတို့သည် မိမိတို့နေထိုင်ရာ၊ နေအိမ်အဆောက်အအုံများကို သစ်၊ ဝါးစသော ပျက်စီးလွယ်သည့်အရာများဖြင့် ဆောက်လုပ်ကြသော်လည်း၊ သာသနိကအဆောက်အအုံများကိုမူ အုတ်ဖြင့်ဆောက်လုပ်တတ်ကြသည်။ သရေခေတ္တရာ ပျူတို့သည် အဆောက်အအုံလုပ်ရာတွင် အတွေ့အကြုံများပြားလာသည့်အလျောက် ဗိသုကာပညာရပ်တွင် အဆင့်အတန်းမြင့်မားလှကြောင်း၊ သာသနိကအဆောက်အအုံများတွင် ပန်းဆွဲ၊ စလစ်၊ တိုင်ကလပ်၊ ဖောင်းတွန့်၊ ဖေါင်းကွတ်-အစရှိသည့် ဗိသုကာ အလင်္ကာသဘောတွင် အထူးကြွယ်ဝနေပြီဖြစ်ကြောင်းနှင့် သရေခေတ္တရာပျူတို့သည် ဗုဒ္ဓဘာသာသာသနာတော်ကို ယုံယုံကြည်ကြည် ဆည်းကပ်ကိုးကွယ်ကြပြီး၊ လူနေမှုအဆင့်အတန်းလည်း ဘက်စုံမြင့်မားတို့တက်နေကြပြီဖြစ်ကြောင်းကို များစွာသောသူတို့၏ ကုသိုလ်တော်အကြွင်းအကျန်များက ပြန်လည်ပြောပြနေသည်မှာလည်း အံ့မခန်း နှစ်သက်ဖွယ်ရာပင် ဖြစ်ပါတော့သည်။

**ဦးကျော်ဒင်ဟန် (ရွှေဘုန်းပွင့် )**
B.A, Dip.Ed.

**ကိုးကားကျမ်း**


(၁) ဒေါ်သန်းဆွေ ပါမောက္ခ၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် (ခင်ဘရွှေပေ)၊

(၂) ဦးကျော်ဒင်ဟန်- ရွှေဆံတော်သမိုင်းသစ်။



# စည်းစနစ်ရှိရမယ်

ဦးခမာစာရ (လုံဟော)

"သာသနာပြင်ပဆရာသည် တစ်ဘဝအ တွက် လောကီပညာကို အခယူ၍ သင်ပေးသည်"။ "သာသနာတွင်းဆရာသည် ဘဝများစွာ အတွက် ပိဋကတ်ပညာကို ဆွမ်း, သင်္ကန်းပေး၍ သင်ပေးသည်။"

အထက်ပါနီတိစကားကို ဗာရာဏသီဆရာ တော်ဘုရားကြီးက တပည့်သံဃာတော်များအား နှုတ်တိုက်ချပေးခဲ့သည်ကို ယနေ့တိုင်မှတ်မိနေဆဲဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် တပည့်များကို စား, ဝတ်, နေရေး, ကျန်းမာရေးတွေ ပြည့်စုံအောင် စီစဉ်ပေးပြီး ဘဝများစွာအတွက် ပိဋကတ်ပညာများကို သင်ပေးခဲ့သည်။ ဝိ-ဗာတိုက်တွင် ပစ္စည်းလေးပါးနှင့် ပတ်သက်ပြီး လိုလေသေးမရှိပါ။ သင်္ကန်းဆိုလျှင် သံဃာတော်များအတွက် တကယ် အသုံးတည့်မည့် သင်္ကန်းများကို တစ်နှစ်လျှင် နှစ်စုံစီ သံဃာပါးစေ့ရအောင် စီစဉ်ပေးသည်။ ဘိနပ်ဆိုလျှင်လည်း မန္တလေး၊ တောင်ငူတို့မှ အော်ဒါမှာ၍ တစ်နှစ်လျှင် တစ်ရံစီ သံဃာအပါးစေ့ရအောင် စီစဉ်ပေးသည်။ တိုက်အစ်မ ကြီး ဒေါ်သိန်းတင်ကလည်း ဆရာတော်ကြီး၏ ဆန္ဒကို အပြည့်အဝ ဖြည့်ဆည်း ပေးခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ဆွမ်းစားခြင်း, ဘိနပ်ချွတ်ခြင်း, သင်္ကန်းဝတ်ခြင်းကိစ္စများနှင့် ပတ်သက်ပြီး တပည့်သံဃာများကို အသေးစိတ် သွန်သင်ဆုံးမတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး သွန်သင်ဆုံးမတော်မူသော ဩဝါဒများသည် ရဟန်း သံဃာတော်များအတွက်သာ မဟုတ်ပါ၊ လူပုဂ္ဂိုလ်များပါ လိုက်နာကျင့်သုံးရမည့် ဆုံးမစကားများ ဖြစ်သည်။


<u>ဆွမ်းစားခြင်းကိစ္စ</u>

"မောင်ရင်တို့၊ မောင်ပဥ္စင်းတို့ ဆွမ်းစားတဲ့အခါ ဆွမ်းလုပ်ကို လက်မနဲ့သေခြာ အနေတော်လေး ပြုပြင်ပြီးမှ ခံတွင်းထဲကို ထည့်ရတယ်။ အပေါ်တစ်ဝက် အောက်တစ်ဝက်ပုံစံမျိုး မဖြစ်စေရဘူး။ ဆွမ်းလုပ်ကို ကိုက်ဖြတ်ပြီး မစားရဘူးဆိုတဲ့ သိက္ခာပုဒ်လဲရှိနေတာပဲ။ ဆွမ်းကိုသာ ကိုက်ဖြတ်ပြီး မစားကောင်းတာ မဟုတ်ဘူး။ မုန့်ဟင်းခါးတို့၊ ခေါက်ဆွဲ တို့ကိုလဲ ကိုက်ဖြတ်ပြီး မစားကောင်းဘူး။ ခေါက်ဆွဲကို ကိုက်ဖြတ်ပြီးစားတော့ နွားတွေကောက်ရိုးစားတာနဲ့ တူနေမှာပေ့ါ။ ခေါက်ဆွဲတွေကို ဇွန်းနဲ့အသံ မမြည်အောင် အသာလေးဖိပြီး ဖြတ်ရတယ်။ ဆွမ်းစားတဲ့ အခါ ဇွန်းသံ၊ ပုဂံသံတွေလဲ မမြည်စေရဘူး။ ဟင်းရည်သောက်တဲ့အခါ ရှူးရှူးဆိုတဲ့ အသံ၊ ပျပ်ပျပ်ဆိုတဲ့ အသံတွေလဲ မမြည်စေရဘူး။ မျောက်တွေလို ပါးကြီးဖောင်းနေအောင် ပါးစောင်ထဲ ထည့်ပြီးတော့လဲ မစားရဘူး။ ဆွမ်းလုပ် ပါးစပ်နား မရောက်ခင် ပါးစပ်ကို ကြိုပြီးတော့ မဟရဘူး။ ပါးစပ်ထဲ ဆွမ်းလုပ်ရှိနေတဲ့အချိန်မှာ စကားမပြောရဘူး။ ထမင်းလုံးတွေ၊ ဟင်းဖတ်တွေ၊ ဟင်းရည်တွေ စားပွဲပေါ်မကျအောင်လဲ သတိထားရမယ်။ ကျခဲ့ရင်လဲ သန့်ရှင်းရေး ချက်ခြင်း လုပ်ပစ်ရတယ်။ သူများရဲ့ သပိတ်ထဲကို ကဲ့ရဲ့လိုတဲ့စိတ်နဲ့ မကြည့်ရဘူး။ ဟင်းခပ်တဲ့ဇွန်းတွေရှိရဲ့သားနဲ့ ဟင်းရည်ဟင်းဖတ်တွေကို လက်နဲ့ မနှိုက်ရဘူး။ ဇွန်း တပါးတစ်ချောင်းစီ ရှိနေရင် ညာဘက်လက်နဲ့ပဲ ဇွန်းကို ကိုင်ရမယ်။ ဆွမ်းစားဝိုင်းထဲမှာ ဇွန်းအလုံအလောက် မရှိခဲ့ရင်တော့ ဘယ်ဖက်လက်နဲ့လဲ ကိုင်နိုင်ပါတယ်။

(ဆရာတော်ဘုရားကြီးသည် ဆွမ်းစားခြင်း၊ ဇွန်းကိုင်ခြင်း ကိစ္စတို့၌ ညာဘက်လက်ကိုသာ အသုံးပြုစေလိုပါသည်။)

ခေတ်အခြေအနေအရ ဇွန်းခက်ရင်းနဲ့ ဘုန်းပေးရရင်လဲ ဆွမ်းစားတဲ့ဇွန်းနဲ့ ဟင်းတွေကို မနှိုက်ရဘူး။ ဟင်းရည်သောက်ဖို့ ဇွန်း သီးခြားရှိနေခဲ့ရင် ဟင်းခပ်တဲ့ဇွန်းနဲ့ ဟင်း ရည်မသောက်ရဘူး။ ဟင်းခွက် တစ်ခုထဲမှာ လက်ဆုံပြီးတော့လဲ မနှိုက်ရဘူး၊ တစ်ပါးနဲ့တစ်ပါး စောင့်ပြီးနှိုက်ရတယ်။ လက်ဆုံပြီးနှိုက်တာကို သူများတွေမြင်ရင် လုစားနေကြတယ်လို့ ထင်မှာပေ့ါ။ ကျောင်းသားကပ္ပိယတွေကို ဆွမ်းလိုက်ပါ၊ ဟင်းလိုက်ပါစသည်ဖြင့် အကျယ်ကြီးအော်မပြောရဘူး။ ဆွမ်း အလှူရှင်တွေကို မေတ္တာပို့ပြီး ဘုန်းပေးရတယ်။

မြန်မာတွေရဲ့ယဉ်ကျေးမှုထဲမှာ "ဦးချတယ်" ဆိုတဲ့ အစဉ်အလာလေးတစ်ခုရှိတယ်။ မိသားတစ်စု ထမင်းစားတော့ မယ်ဆိုရင် အရင်ဆုံး ကိုယ့်ထက်ကြီးတဲ့သူ



တိုက်အစ်မကြီးဒေါ်သိန်းတင်၏ လက်ရေးစာဖြစ်သည်။



သေခိယသိက္ခာပုဒ်နှင့်အညီဆွမ်းလုပ်ကို လက်ဝါးထဲထည့်၍သေချာပြုပြင်ပြီး ဆွမ်းဘုန်းပေးနေသော ဗာရာဏသီဆရာတော်ဘုရားကြီး(ယာ)နှင့်ပိုက်ကျုံးဆရာတော်(အလယ်)၊ ဦးထေရပွဲယ(ဝဲ)

တွေ့ကို သူတို့စားမယ့် ထမင်းပုဂံထဲ စားဦး စားဖျားဟင်း ခပ်ထည့်ပေးတာကို "ဦးချ တယ်"လို့ ခေါ်တယ်။ ရဟန်းသံဃာတွေ မှာလဲ အချင်းချင်း ဟင်းခပ်ထည့်ပေးတဲ့ အလေ့အထရှိတတ်ကြတယ်။ အဲဒီ အစဉ် အလာ အလေ့အထလေးတွေဟာ ယဉ် ကျေးမှုအရကြည့်ရင်တော့ အင်မတန် ကောင်းပါတယ်။

တစ်ခုတော့ရှိတယ်။ ငယ်ရွယ်ချိန်၊ ကျနးမာ ရေးကောင်းနေချိန်မှာ အစားအ သောက်တွေကို ရှောင်စရာမလိုသေးပေ မယ့်။ အသက်အရွယ်ကြီး လာတဲ့အခါ၊ ကျန်းမာရေးအားနည်းလာတဲ့အခါ တွေမှာ တော့ အစားအသောက်တွေကို ဆင်ခြင်သတိထား နေရပြီ။ အဲဒီတော့ ကိုယ်ထည့်ပေးလိုက်တဲ့ ဟင်းဟာ သူ့အတွက်အဆင်ပြေပါ့မလား?ဆိုတာ အရင်စဉ်း စားသင့်တယ်။ ဒါမှမဟုတ် မေးမြန်း ခွင့်တောင်းပြီးမှ ဟင်းတွေကို ခပ်ထည့်ပေးသင့်တယ်။ ဆွမ်းဘုန်းပေး နေစဉ်ကာလမှာလဲ သူမမှီလောက်ဘူး ထင်တဲ့ဟင်း တွေကို ခပ်ထည့်ပေးတာထက်၊ သူနဲ့အနီး ဆုံးဖြစ် အောင် ဟင်းခွက်ကို နေရာရွှေ့ပေးတာ၊ ကမ်းပေးတာ က ပိုပြီးအဆင်ပြေစေပါတယ်။

တစ်ချို့အိမ်တွေမှာ ဆွမ်းဘုန်းပေးပြီးရင် သောက်ဖို့ဆိုပြီး ရေပါတဲ့သောက်ရေခွက်တွေကို ဆွမ်းစား စားပွဲပေါ်မှာ ကြိုတင်ချထားပေးတတ်ကြ တယ်။ ကိုယ်က အဲဒီ သောက်ရေခွက်တွေကို မသောက်သေးဘူး၊ အောက်ချထားဖို့လဲ အဆင် မပြေဘူးဆိုရင် ကိုယ့်ရဲ့ဘယ်ဘက်ဘေးမှာ ရွှေ့ထား ရမယ်။ ကိုယ်တကယ် လှုပ်ရှားတဲ့လက်က ညာဘက် လက်ဆိုတော့ ညာဘက်မှာထားရင် ထိမိခိုက်မိပြီး အလုပ်ရှုပ်ကုန်မှာစိုးလို့ပါ။ ဒါကြောင့် ဆွမ်းစားချိန်မှာ ကိုယ်အသုံးမပြုသေးတဲ့ အရာတွေကို ကိုယ့်ရဲ့ဘယ် ဘက်ဘေးမှာပဲ ထားရတယ်။ အဲဒါမှ ညာဘက်လက်

က လွတ်လွတ်လပ်လပ်လှုပ်ရှားလို့ရမှာပေါ့။ ဆွမ်းကို ဝနေအောင်ကြီး မဘုန်းပေးရဘူး။ လေးငါးလုပ်စာ ချန်ပြီးဘုန်းပေးရတယ်။ ဆိုလိုတာက စားချင်စိတ် မကုန်သေးခင်မှာ ရပ်ထားပြီး ရေသောက်ရတယ်။

ဆွမ်းစားပြီးရင်လဲ ကိုယ်စားတဲ့ သပိတ်ထဲ၊ ပုဂံထဲမှာ ဆွမ်းတွေ ကျန်မနေစေရဘူး။ အစကတည်းက ကိုယ်ဘုန်းပေးနိုင်သလောက်ပဲ တည့်ရတယ်။ တစ်ချို့ဆိုရင် တစ်လုပ်စာလောက် ချန်ထားတတ်ကြတယ်။ အဲဒီလို မချန်ရဘူး။ သပိတ်ထဲ၊ ပုဂံထဲမှာ ဆွမ်းတွေကျန်နေပြီဆိုရင် ဆေးတဲ့ ကြောတဲ့နေရာမှာ အလုပ်ပိုတယ်။ အလေအလွင့်လဲဖြစ်တယ်။

အလှူရှင်တွေရဲ့အိမ်ကို ကြွပြီးဆွမ်းဘုန်းပေးရတဲ့အခါ ကိုယ်တစ်ပါးတည်း နောက်ကျကျန်ခဲ့တာမျိုး မဖြစ်စေရဘူး။ အတတ်နိုင်ဆုံး သူများနဲ့တန်းတူပြီးအောင် ဘုန်းပေးရတယ်။ ဇိမ်ခံသလိုမျိုးအချိန်ဆွဲပြီး မနေရဘူး။ အလှူရှင်တွေမှာ ဘုန်းကြီးတွေပြီးရင် လူဧည့်သည်တွေကို ကျွေးဖို့စတာတွေ စီစဉ်ကြရမှာဆိုတော့ ကိုယ်က အလိုက်သိရတယ်။

လက်ကို ဆပ်ပြာနဲ့စင်ကြယ်အောင်ဆေးပြီးမှ လက်သုတ်ပုဝါနဲ့သုတ်ရတယ်။ ရေနွေးသောက်ရင်း အချိုပွဲဘုန်းပေးတဲ့အခါမှာ "လက်နဲ့ အချိုပွဲကို နှိုက်လိုက် လက်သုတ်ပုဝါကိုသုတ်လိုက်"၊ နောက်တစ်ခါထပ်ပြီး "လက်နဲ့ အချိုပွဲကိုနှိုက်လိုက် လက်သုတ်ပုဝါကိုသုတ်လိုက်" မလုပ်ရဘူး။ လက်သုတ်ပုဝါလဲ ညစ်ပတ်သလို ကျန်းမာရေး ရှုဒေါင့်ကကြည့်ရင်လဲ မကောင်းဘူး။ ဒန္တပေါဏသိက္ခါပုဒ်အရ ကြည့်ရင်လဲ အာပတ်သင့်နိုင်တယ်။

## သပိတ်ဆေးခြင်းကိစ္စ

သပိတ်ဆေးတဲ့အခါမှာ သပိတ်ထဲကို ရေလောင်းပြီးမှ လက်နဲ့မွှေရတယ်။ ဘယ်ပြန်ညာပြန် မမွှေရဘူး။ ဘယ်ပြန်ညာပြန်မွှေရင် ရေသံတွေထွက်နေမှာပေါ့။ မြတ်စွာဘုရားက တိတ်ဆိတ်ငြိမ်သက်မှုကို အင်မတန်မှ လိုလားတော်မူပါတယ်။ ပေနေတဲ့လက်ကို အောက်ကခံပြီး ရေကို သပိတ်ထဲ လောင်းမချရဘူး။ ပေနေတဲ့လက်ကို အောက်ကခံပြီး သပိတ်ထဲကို ရေလောင်းချရင် သပိတ်ဟာ လက်ဆေးခွက်သဘောမျိုး သက်ရောက်သွားတဲ့အတွက် သပိတ်ကို မရိုသေရာ ရောက်တယ်။ သပိတ်ကို စွန်တောင်ဆွဲပြီးတော့လဲ မသွားရဘူး။ မြတ်စွာဘုရားပေးတဲ့ သပိတ်ကို ရိုရိုသေသေကိုင်ရတယ်။

## သွားတိုက်ခြင်းကိစ္စ

ဆွမ်းစားဝိုင်းအနီးအနားမှာ ပလုပ်ကျင်းတာ၊ သွားတိုက်တာ၊ ချွဲဟပ်တာတွေလဲ မလုပ်ရဘူး။ သွားကြားထိုးတာတောင် မလုပ်သင့်ဘူး။ တကယ်လို့ ကျန်းမာရေးအရ သွားကြားထိုးချင်ရင် လက်တစ်ဖက်နဲ့ သွားတွေကို သူများမမြင်အောင် ကာထားပြီးမှ သွားကြားထိုးရတယ်။ သွားတိုက်ရင်း သွားပွတ်တံကို ပါးစပ်ထဲထည့်ပြီးတော့ ရှောက်သွားတာမျိုးလဲ မလုပ်ရဘူး။ တစ်နေရာထဲမှာပဲ လူမမြင်တဲ့ ဖက်လှည့်ပြီး သွားတိုက်ခြင်းကိစ္စကို ပြီးအောင်လုပ်ရတယ်။

---

**ဆွမ်းဘုန်းပေး**
**နေစဉ်ကာလမှာလဲ**
**သူမမှီလောက်ဘူး**
**ထင်တဲ့ဟင်းတွေကို**
**ခပ်ထည့်ပေးတာထက်၊**
**သူနဲ့အနီးဆုံးဖြစ်အောင်**
**ဟင်းခွက်ကို**
**နေရာရွှေ့ပေးတာ၊**
**ကမ်းပေးတာက**
**ပိုပြီးအဆင်ပြေစေပါတယ်။**

---

သွားတိုက်ရင်း
သွားပွတ်တံကို
ပါးစပ်ထဲထည့်ပြီးတော့
ရောက်သွားတာမျိုးလဲ
မလုပ်ရဘူး။
တစ်နေရာထဲမှာပဲ
လူမမြင်တဲ့ဖက်လှည့်ပြီး
သွားတိုက်ခြင်းကိစ္စကို
ပြီးအောင်လုပ်ရတယ်။

ဘိနပ်ညီညီချွတ်

ဘိနပ်ချွတ်တဲ့ကိစ္စကိုလဲ ဆက်ပြောရအုံးမယ်။ ဘိနပ်ချွတ်တဲ့အခါ လူကြီးတွေက သတ်မှတ်ပေးထားတဲ့ နေရာရှိရင် သတ်မှတ်ထားတဲ့နေရာမှာ ချွတ်ရတယ်။ သတ်မှတ်ပေးထားတဲ့နေရာ သီးခြားမရှိဘူးဆိုရင် သင့်တော်တဲ့နေရာမှာ ဘိနပ်ကိုချွတ်ရမယ်။ သင့်တော်တဲ့နေရာဆိုတာက ကိုယ်ချွတ်လိုက်တဲ့ ဘိနပ်ဟာ ခြေသုတ်ခုံပေါ်တို့ အတက်အဆင်းလှေခါးထိပ်တည့်တည့်တို့ မဖြစ်စေရဘူး။ လူတကာ သွားလာမယ့်လမ်းပေါ်မှာလဲ မချွတ်ရဘူး။ အဲဒီလို ချွတ်ထားခဲ့မယ်ဆိုရင် ကိုယ့်ဘိနပ်ကို သူများတွေက နင်းသွားမယ်။ ဘိနပ်လဲညစ်ပတ်သလို သူများအတွက်လဲ အနှောက်အရှက်ဖြစ်တယ်။ အဲဒီတော့ သင့်တော်မယ့်နေရာကိုကြည့်ပြီး နေရာသတ်သတ်မှတ်မှတ်ထားပြီး ဘိနပ်ကိုချွတ်ထားခဲ့ရတယ်။ အဲဒီလို နေရာသတ်သတ်မှတ်မှတ် ချွတ်ထားခဲ့တဲ့အတွက် ညအခါ မီးမရှိရင်တောင် ကိုယ့်ဘိနပ်ကို ချက်ခြင်း စီးနိုင်တယ်။ ဘိနပ်ကိုစီးကြည့်လိုက်တာနဲ့ ကိုယ့်ဘိနပ် ဟုတ်/မဟုတ်ဆိုတာကို သတိထားမိတဲ့ အလေ့ အကျင့်လဲ လုပ်ထားရတယ်။

ဘိနပ်နှစ်ဖက်ကို ထိပ်ခြင်းညီအောင် သေသေ ချာချာသတိထားပြီး ချွတ်ရတယ်။ သူများနဲ့ ရင်ပေါင်တန်းပြီးချွတ်ရတဲ့အခါမှာလဲ ဘိနပ်တစ်ရံနဲ့ တစ်ရံ တန်းနေအောင် ညီညီညာညာချွတ်ရတယ်။ အဲဒီလို ညီနေအောင် ချွတ်ခြင်းအားဖြင့် ကိုယ်အမူအယာ ယဉ်ကျေးသိမ်မွေ့တဲ့သဘော၊ စိတ်ငြိမ်သက်တဲ့ သဘောကိုပြတယ်။ ဘိနပ်ကို မညီမညာ ကိုးယို့ကားယား ဇောက်ထိုးမှောက်ခုံချွတ်ခြင်းအားဖြင့် ကိုယ်အမူအရာ ရိုင်းစိုင်းတဲ့သဘော၊ စိတ်တွေပျံ့လွင့်ပြာယာခတ်နေတဲ့သဘောကိုပြတယ်။

ပြီးတော့ ဘိနပ်စီးတဲ့အခါ ရှပ်ရှပ်၊ ဖတ်ဖတ်ဆိုတဲ့အသံတွေ မမြည်အောင် အသာထိမ်းပြီး စီးရတယ်။ အဲဒီလို ဘိနပ်ကို စီးတတ်၊ ညီညီညာညာချွတ်တတ်မှ ယဉ်ကျေးသိမ်မွေ့တဲ့ မောင်ရင်၊ မောင်ပဥ္စင်းလေးတွေဖြစ်မယ်။ ဒါကြောင့် ဘိနပ်ကို ညီညီညာညာ စည်းစနစ်ကျကျချွတ်ကြပါ။

သင်္ကန်းညီညီဝတ်


'လူမှာအဝတ်၊ တောင်းမှာအကွတ်'ဆိုတဲ့ ဆိုရိုးစကားရှိတယ်။ လူတစ်ယောက်မှာ အဝတ်အစားက အရေးကြီးတယ်။ အရေးကြီးပုံနဲ့ပတ်သက်လို့ ကြားဖူးတာလေးတစ်ခုပြောရအုံးမယ်။ တစ်နေ့သောအခါမှာ မောင်ဖြူဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ အလှူတစ်ခုကဖိတ်ထားလို့သွားတယ်။ အလုပ်လုပ်ရာကနေ သွားတာဆိုတော့ အဝတ်အစားတွေက ညစ်ပတ်၊ ဟောင်းနွမ်းနေတယ်။ ဒီတော့ အလှူမဏ္ဍပ်က သူ့ကို မဏ္ဍပ်ထဲဝင်ခွင့်မပေးဘူး။ ဖိတ်လို့လာတာပါလို့ ပြောပြလဲ မရဘူး။ ဒါနဲ့ အိမ်ပြန် အဝတ်အစားလဲပြီး မဏ္ဍပ်ကို သွားတော့မှ သူ့ကိုကြိုဆိုနေရာပေးပြီး ကျကျနနဧည့်ခံကြတယ်။ အဲဒီတော့ မောင်ဖြူက

သူဝတ်ထားတဲ့ ပုဆိုးနဲ့အင်္ကျီထောင့်စွန်းလေးတွေကို ကိုင်ပြီး 'ဒီအလှူက ငါ့ကိုဖိတ်တာမဟုတ်ဘူး။ မင်းတို့ကိုဖိတ်တာ။ မင်းတို့ပါမှ မဏ္ဍပ်ကလက်ခံတာ ဆိုတော့ ဒီဟင်းတွေ ထမင်းတွေကို မင်းတို့ပဲစားကြ'လို့ ပြောလိုက်သတဲ့။

ဒါ့ကြောင့် လူတစ်ယောက်မှာ အဝတ်အစားက အတော်လေးအရေးကြီးတယ်။ အဝတ်အစား ကောင်းတယ်၊ မကောင်းဘူးဆိုတာထက် သန့်သန့်ရှင်းရှင်းလေးဖြစ်ဖို့လိုတယ်။ သေသေသပ်လေး ဝတ်ဖို့လိုတယ်။ "အင်္ကျီပြဲရင်ဖာပြီးဝတ်၊ အညစ် အကြေးတော့ မတင်စေနဲ့"ဆိုပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကား အတော်လေးမှတ်သားဖို့ကောင်းတယ်။ မောင်ရင်တို့ မောင်ပဉ္စင်းတို့လဲ သင်္ကန်းကို အနံ့အသက်တွေမရှိအောင် လျှော်ဖွတ်ရမယ်။ ဝတ်တဲ့ အခါမှာလဲ ညီညီညာညာဝတ်ရမယ်။ အဝန်း သုံးပါးနဲ့ ညီအောင်ဝတ်ရမယ်။ အဝန်းသုံးပါးဆိုတာ ၁။ သင်းပိုင်းကို ချက်ဖုံးအောင်ဝတ်ရမယ်၊ ၂။ သင်းပိုင်ကို ဒူးအောက်လက်ရှစ်သစ်ချပြီးဝတ်ရမယ်။ ၃။ဧကသီ (အပေါ်ရုံ)ကို ဒူးအောက်လက်လေးသစ် ချပြီးဝတ်ရမယ်။ ဆိုလိုတာကတော့ ခြေသလုံး ကြွက် သားဖုလေး ဖုံးရုံပါပဲ။ သတိထားရမှာက ဧကသီဟာ သင်းပိုင်ကို ဖုံးပြီး မဝတ်ရဘူး။ ထန်းလက်ရပ်ဝန်းလို အလယ်က တွဲကျနေအောင်လဲ မဝတ်ရဘူး။ ငါးကြင်းမြီးလို အစွန်း နှစ်ဖက်ကျအောင်လဲ မဝတ်ရဘူး။ ဘယ်ဘက်ပခုံး ပေါ်နေအောင်လဲ မဝတ်ရဘူး။ အဲဒီလို အဝန်းသုံးပါးနဲ့ ညီအောင်သတိထားပြီး သင်္ကန်းကို ဝတ်ရုံကြရမယ်။ မရှည်လွန်းမတိုလွန်းအောင် သတိကြီးကြီးထားပြီး သင်္ကန်းကို ဝတ်ရုံကြရမယ်။ ဝေယျာဝစ္စလုပ်တဲ့ အခါမျိုးကလွဲလို့ ဧကသီမပါဘဲ ကျောင်းဝိုင်းထဲ ဟိုသွားဒီသွားလဲ မလုပ်ရဘူး။ ရုပ်လှတာ/မလှတာ၊ ဥပဓိရုပ် ကောင်းတာ/မကောင်းတာက သိပ်အရေး မကြီးဘူး။ သင်္ကန်းကို အဝန်းသုံးပါးနဲ့ညီအောင် သေသေသပ်သပ် ဝတ်တတ်ပြီဆိုရင် ရုပ်လှသွားတာ ပါပဲ။ ဥပဓိရုပ်လဲ ခန့်ငြားသွားတာပါပဲ။

<u>နောက်ပြောင်ခြင်းကိစ္စ</u>

ခင်မင်ရင်းနှီးမှုကို အကြောင်းပြုပြီး တစ်ပါးနဲ့တစ်ပါး နောက်တာ ပြောင်တာ၊ ခေါ်တာတွေ ရှိတတ်ကြတယ်။ တစ်ဖက်သား မခံနိုင်အောင်၊ ဂုဏ်သိက္ခာထိခိုက်အောင် နောက်ပြောင်တာမျိုး၊ ခေါ်တာမျိုး မလုပ်ရဘူး။ တစ်ချို့ဆိုရင် ခင်မင်ရင်းနှီးမှုအနေနဲ့ ဒေသကိုအစွဲပြုပြီး နောက်ပြောင် ခေါ်တာတွေရှိတယ်။ ဥပမာပြောရရင် မောင်ခမာစာရ ဆိုပါစို့။ သူက ယောနယ်ဖွား ချင်းလူမျိုးဖြစ်တယ်။ ဒီတော့ သူ့ကို "ယောစုတ်" ၊ "ချင်းစုတ်"ဆိုပြီး ခေါ်လိုက်တယ်။ အဲဒီလိုခေါ်တာကို <u>သူများတွေကကြားရင် အင်မတန်ရိုင်း</u>



အဝန်းညီစွာ
သင်္ကန်းကိုဝတ်ရုံတော်မူလေ့ရှိသော
ဗာရာဏသီဆရာတော်ဘုရားကြီး




စိုင်းတာပဲလို့ အထင်ခံရမယ်။ မောင်ခမာစာရကတော့ သီတင်းသုံးဖော် အချင်းချင်း ရင်းနှီးမှုအနေနဲ့ ခေါ်တယ်ဆိုတာ သိနေတော့ စိတ်ထဲမှာဘယ်လိုမှ မခံစားရပေမယ့်။ အနားမှာရှိတဲ့ ဒေသတူ၊ လူမျိုးတူ တစ်ယောက်ယောက်များ ရှိခဲ့ရင် ဘယ်ခံနိုင်ပါ့မလဲ။ သီတင်းသုံးဖော်အချင်းချင်း ပြဿနာတွေ ဖြစ်ကြရတော့မယ်။ သီတင်းသုံးဖော် အချင်းချင်း နောက်တာ၊ ပြောင်တာတောင် ပြဿနာဖြစ်နိုင်သေးရင် တကယ်ဆဲတာမျိုးဆို ပိုပြီးပြဿနာ ဖြစ်နိုင်သေးတယ်။ ဒါကြောင့်ဒေသနဲ့ လူမျိုးကို အစွဲပြုပြီး နောက်ပြောင်တာမျိုး၊ ရိုင်းစိုင်းတဲ့ အသုံး အနှုန်းနဲ့ ခေါ်ဆိုတာမျိုး မလုပ်ရဘူး။

## တံတွေးထွေးခြင်းကိစ္စ

တစ်ချို့ မောင်ရင်, မောင်ပဥ္စင်းတွေက တံတွေးကို ကြုံသလိုထွေးတတ်ကြတယ်။ လမ်းသွားရင်းလဲ ကတ္တရာပေါ်၊ သမံတလင်းပေါ်မှာ ဗျစ်ကနဲ ထွေးချလိုက်တာပဲ။ အဲဒီလို မထွေးရဘူး။ "မြက်ခင်းပေါ်မှာ တံတွေးမထွေးရဘူး။"ဆိုပြီး သေခိယသိက္ခာပုဒ်မှာလဲ ပါတာပဲ။ လမ်းသွားရင်း တစ်ဖက်ကိုလှည့်ပြီး တံတွေးကို ဗျစ်ကနဲ ထွေးချလိုက်တယ်။ ကိုယ်ကတော့ ဘာရည်ရွယ်ချက်မှမရှိဘဲ ထွေးချလိုက်တာပဲ။ ဒါပေမယ့် ဘေးနားမှာ တစ်ယောက်ယောက်သာ ရှိနေခဲ့ရင် သူ့ကိုစောင်းပြီး တံတွေးထွေးပါတယ်ဆိုပြီး သီတင်းသုံးဖော်အချင်းချင်း ပြဿနာ တက်တော့မယ်။ ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ သီတင်းသုံးဖော် အချင်းချင်း ပြဿနာတွေဖြစ်၊ စိတ်ဝမ်းတွေကွဲကုန်ရင် ညီညွတ်မှုဆိုတဲ့ချမ်းသာကို ဘယ်လိုလို့ရနိုင်တော့မှာလဲ။ ဒါကြောင့် မိမိရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေကို သတိလက်လွတ် မဖြစ်စေဘဲ အမြဲတန်း သတိရှိရှိနဲ့ နေကြပါ"စသည်ဖြင့် ဩဝါဒဆုံးမ စကားများ မိန့်ကြားတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သော ဩဝါဒဆုံးမစကားများကို လိုက်နာကျင့်သုံးခြင်းဖြင့် "ပစ္စုပ္ပန်, သံသရာနှစ်ဖြာကောင်းကျိုး ပွားတိုးနိုင်ကြပါစေ"ဟု ဆန္ဒပြုလိုက်ရပါသည်။

**ဦးခမာစာရ(လုံဟော)**
ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ်
ရန်ကုန်မြို့။



# သရေခေတ္တရာဆီက ပြည်ဗာရာဏသီ၏ သမိုင်းအကျဉ်း

ဘဒ္ဒန္တနန္ဒိယာသရ(သဲကုန်း)

၁၃၂၁-ခုနှစ်တွင် ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီးသည် မန္တလေးမြို့ ရွှေကျင်နိကာယဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်းမှ ပြည်မြို့သို့ နောက်ပါတပည့်စာချ ၂ပါး၊ စာသင်သား ၂၄-ပါး၊ ကျောင်းသား ၅-ယောက်တို့နှင့်အတူကြွရောက်ကာ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ဟူသောသမိုင်းတစ်ခေတ်ကိုစတင်စိုက်ထူတော်မူခဲ့လေသည်။

၁၃၂၂-ခုနှစ်တွင် ကျေးဇူးတော်ရှင်ဆရာတော်ဘုရားတည်ထောင်တော်မူသော ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ အာဒိကမ္မိက သာသနဓဇဓမ္မာစရိယတွဲ့ရအရှင် ပေါ်ထွက်ခဲ့ပါသည်။

၁၃၂၉-ခုနှစ်တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၌ ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီး တိုက်အုပ်-၂-ပါး၊ တိုက်ကြပ် ၂-ပါးခန့်လျက်သာသနာပြုတော်မူခဲ့လေသည်။

၁၃၃၂-ခုနှစ်တွင် ဝိသုဒ္ဓါဗာရာဏသီကျောင်းတိုက် ၌ ဂန္ထဓုရ ဝန်ကိုထမ်းဆောင်တော်မူကြသော သံဃာများ ပစ္စည်းလေးပါးတို့ဖြင့်ထောက်ပံ့ပူဇော်သော ဂန္ထဓုရ ပူဇကအဖွဲ့ ဖွဲ့စည်းတည်ထောင် တော်မူခဲ့လေသည်။

၁၃၃၃-ခုနှစ်တွင် ပြည်-သရက်-သာယာဝတီအခြေခံဒေသသုံးခရိုင်ရွှေကျင်နိကာယ ဝိနည်းတော်စာပြန်ပွဲစတင် ကျင်းပလေသည်။

၁၃၄၂-ခုနှစ်တွင် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးဖြစ်မြောက်ရေးဝန်ဆောင် ၆၆-ပါး၌ဗာရာဏသီ ဆရာတော်တစ်ပါး အပါအဝင်ဖြစ်ခဲ့ပြီး၊ ပထမအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။ ထိုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

၁၃၄၃-ခုနှစ်တွင် ယခုသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိကဗဟုဇနဟိတဓရ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ သဲကုန်းဆရာတော် ဘဒ္ဒန္တဉာဏိဿရ ကိုပဉ္စာသမဏပြုလျက် အာရှ(၆)နိုင်ငံ သာသနာပြုခရီး ကြွရောက် တော်မူခဲ့ပါသည်။

၁၃၅၂-ခုနှစ်တွင် နိုင်ငံတော်အစိုးရမှဆက်ကပ်လှူဒါန်းသောအဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိ တော်မူပါသည်။

၁၃၅၄-ခုနှစ်တွင် ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်တော်မူသော တိုက်အုပ်ဆရာတော်(ဘဒ္ဒန္တဝိစိတ္တစာရ)အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

၁၃၅၅-ခုနှစ်တွင် တပို့တွဲလဆုတ်(၁၃)ရက် ကြာသပတေးနေ့တွင် သာသနာရေး၌ အစဉ်အားပေး စောင့်ရှောက်လျက် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး အာဒိကမ္မိကသာသနာပြုအကျော် ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော် ဘုရားကြီးသည် တစ်ဘဝတာခန္ဓာ ဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့သည်။

၁၃၅၉-ခုနှစ်တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ ဒုတိယဗာရာဏသီဆရာတော်ဘဒ္ဒန္တဝိစိတ္တစာရထေရ် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိတော်မူပါသည်။

၁၃၆၀-ခုနှစ်တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး ကျေးဇူးတော်ရှင် ဒုတိယဗာရာဏသီဆရာတော်ဘုရားသည် တစ်ဘဝတာ ခန္ဓာဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့သည်။

၁၃၆၄-ခုနှစ်တွင် ကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီး၏ တပည့်ရင်းဖြစ်တော်မူသော တတိယ ဗာရာသီဆရာတော် ဘဒ္ဒန္တနာဂဝံသထေရ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူပါသည်။

၁၃၆၉-ခုနှစ်တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ တတိယဗာရာဏသီဆရာတော် ဘဒ္ဒန္တနာဂဝံသထေရ် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိတော်မူပါသည်။

၁၃၇၁-ခုနှစ်တွင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသထေရ် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကိုအလှူခံရရှိတော်မူပါသည်။


ယခုအခါ တတိယ ဗာရာဏသီဆရာတော် ဘဒ္ဒန္တနာဂဝံသ မထေရ်သည် ဘုန်းတော်ကြီး ဦးဓမ္မရသ-သာသနဓဇ သိရီပဝရဓမ္မာစရိယ(ပါဠိပါရဂူ) ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ တိုက်အုပ်ဦးနန္ဒောဘာသာဘိဝံသ (သ. စ. အဓမ္မာစရိယ) နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်များအမှူးပြုသော သံဃာတော်(၁၅၀)ကျော်တို့သည် ဗုဒ္ဓမြတ်စွာသာသနာ၏ ရေသောက်မြစ် သဖွယ်ဖြစ်သော ပရိယတ္တိ လုပ်ငန်းများကို နေ့စဉ် ညဉ့်-နံနက်ဘုရားဝတ်ပြုခြင်းစသော ပဋိပတ္တိလုပ်ငန်းနှင့်တွဲဖက်ကာ သာသနာပြုလုပ်ငန်းများကို ပြုလုပ်လျက် ရှိနေကြပါသည်။


ယခု ၁၃၇၁-ခုနှစ်တွင် အာဒိကမ္မိကကျေးဇူးတော်ရှင်ဗာရာဏသီဆရာတော်ဘုရားကြီးတည်ထောင်တော်မူခဲ့သော ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကြီး၏ သာသနာသည် နှစ်(၅၀)တင်းတင်းပြည့်သည့် ရွှေရတုကာလ တစ်ခုကိုဖြတ်သန်းခဲ့ပြီးဖြစ် ပါသည်။

စိန်ရတုကာလတစ်ခုကိုဖြတ်သန်းရန်တာဆူနေသော သရေခေတ္တရာဆီက ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကြီး၏ အကျွန်ုပ်သိခဲ့သမျှ သမိုင်းအကျဉ်းမျှကိုသာ ဝမ်းမြောက်စွာ တင်ပြရပေသည်။

တပည့်/ဘဒ္ဒန္တနန္ဒိသာရ(သဲကုန်း)
ရွာမထုံးကျောင်း၊
ရွာမထုံးရွာ၊အောင်လံမြို့


ပထမ မူလကျောင်းရှေ့တွင် ဦးနာဂဝံသ (ယခုလက်ရှိ ပဓာနနာယက) အမှူးပြုသော
သံဃာတော်များအမှတ်တရ






ပထမ မူလကျောင်းနှင့်ပုံစံတူ ပြန်လည်ဆောက်လုပ်ထားသည့် (ဓမ္မာရုံမဆောက်မီ မြင်တွေ့ရသော)
မူလကျောင်းဖြစ်သည်။ ယခုအခါ ယင်းမူလကျောင်းကို ဖြိုဖျက်၍
ဝိ-ဗာတိုက်တည် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်ကျောင်းဆောင်ဆောက်လုပ်နေပြီဖြစ်သည်။













# အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ
# ဗာရာဏသီဆရာတော်ဘုရားကြီးအား ဂုဏ်ပြုပူဇော်ပွဲ
# အမှတ်တရပုံရိပ်များ












# အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ
# ဗာရာဏသီဆရာတော်ဘုရားကြီးအား ဂုဏ်ပြုပူဇော်ပွဲ အမှတ်တရပုံရိပ်များ











# ချစ်လွန်းလို့ပါ

အရှင်ကုလသာမိ (ယောလေး)

ဆောင်းအကုန်နွေအကူး လေပြေရူးတွေမြူး၍ ရော်ရွက်ဝါတို့ကြွေကျ မြေခသောအချိန် တစ်ခုသော ခင်တန်းကလေး၏ ခြုံနွယ်တစ်ခုတွင် ရွှေဘုတ်ကလေးသည် သစ်ကိုင်းတစ်ကိုင်းမှ တစ်ကိုင်းသို့ကူး၍ ဝမ်းရေးအတွက် အစာရှာနေစဉ် ခြုံနွယ်ဘေးရှိ သခွပ်ပင်ပေါ်၌ ဟိုဟိုဒီဒီကြည့်၍ အနားယူနေသော ရွှေကျီးတစ်ကောင်ကို မြင်သောအခါ မြင်မြင်ချင်းပဲ နှုတ်ဆက်လိုက်ပါသည်။

ရွှေဘုတ်။ ။ဟလို ကိုရွှေကျီးနေကောင်းတယ်နော်၊ ကိုရွှေကျီးကို မြင်မြင်ချင်းပဲ ချစ်မိတယ်ကွာ၊ အရမ်းလဲလေးစားတယ်။

ရွှေကျီး။ ။ဟေဟုတ်လား ဒီစကားကို ငါကအရင်ပြောရမယ့်စကားပါကွာ။ ငါကဟိုဟိုဒီဒီကြည့်တော့ ကိုရွှေဘုတ်ကို မြင်မြင်ချင်းပဲ လေးစားမိသွားတာ။ တကယ်ပါဗျာ။ ချစ်လွန်းလို့ပါ။ အဲဒါကြောင့်လေ ငါတခြားကို မပြန်ဖြစ်တာ။

ရွှေဘုတ်။ ။ဟာ ဟုတ်မှလဲလုပ်ပါကိုရွှေကျီးရာ။ အရမ်းကာရောကြီးမမြှောက်ပါနဲ့။ သူများမြှောက်တိုင်း ကျုပ်ကမမြှောက်တတ်ဘူး။ ကိုရွှေကျီးကသာ နာမည်ကျော် အဆိုတော်မိုက်ကယ်ဂျက်ဆင်လိုလိုနဲ့ အရမ်းကို ချစ်စရာကောင်းတာ။

ရွှေကျီး။ ။အေးပါအေးပါ စကားပြောတတ်တိုင်းသာ ပြောနေပါ။ ငါ့လို အသားမဲ အာပြဲကိုများ မင်းကချစ်တယ်၊ ခင်မင်တယ်၊ လေးစားတယ်၊ ကြည်ညိုတယ်ဆိုတော့ ငါ့လိုကောင်က ယုံရမှာလား။ လောကမှာ ငါ့လောက် မဲတဲ့အကောင်၊ အရုပ်ဆိုးတဲ့အကောင် ဘယ်ကောင်မှ မရှိပါဘူးကွ။ မြှောက်မနေစမ်းပါနဲ့။ ငါ့ဘဝ ငါ့ကုသိုလ်ကံပဲပေါ့ကွာ။ ကိုရွှေဘုတ်ကတော့ ရုပ်ရေရူပကာယလဲဖြောင့်၊ အသားအရေကလဲ

ဝင်းလို့ဝါလို့ ချစ်စရာကောင်းလိုက်တာ၊ အရမ်းကို ကြည်ညိုသွားပြီဗျာ။ ကြည့်လေ ချောလေ၊ လှလေပါပဲ။

ရွှေဘုတ်။ ။ဝမ်းသာပါတယ်ကွာ။ မင်းနဲ့တွေ့လို့ ဒီစကားမျိုးအပြောခံရတာ။ ကျေနပ်လိုက်တာ။ ကိုရွှေကျီးလို ပုဂ္ဂိုလ်မျိုး များများတွေ့ပါစေလို့ ဆုတောင်းချင်ပါတယ်။

ရွှေကျီး။ ။နေစမ်းပါအုံး ကိုရွှေဘုတ်ရဲ့။ ငါ့လိုအသားမဲ အာဖြဲ ကုလားမဲလေးကို ဘာဖြစ်လို့ ဒီလောက်ကြီးချစ်ပါတယ်၊ ကြိုက်ပါတယ်၊ လေးစားပါတယ်၊ ကြည်ညိုပါတယ်နဲ့ တဖွဖွပြောနေရတာလဲ။ ဟိုမှာ မိန်းမရှိတယ်နော်။ သတိထားလဲပြောအုံး။ ဘေးက တစ်မျိုးထင်နေကြအုံးမယ်။

ရွှေဘုတ်။ ။အေးပါကွာ ငါသိပါတယ်။ ဒီလိုဗျ ကိုရွှေကျီးကို ချစ်ပြီးကြည်ညိုရတာ တခြားကြောင့်မဟုတ်ပါဘူး။ ကိုရွှေကျီးရဲ့ အမွေးအတောင် အမဲရောင် လေးတွေဟာလေ ဒို့ဂေါတမ မြတ်စွာဘုရားရဲ့ သပိတ်တော် အရောင် လေးနဲ့တူလွန်းလို့ ချစ်ရတာပါ၊ ကြည်ညိုရတာပါဗျ။ မိန်းမကိုလဲ ပြောလိုက်အုံးနော။

ရွှေကျီး။ ။အော်ဒီလိုလား။ ဒါဆို ဒို့နှစ်ယောက် အမြင်ခြင်းတူသွားပြီကွ။ ငါကလဲလေ တခြားကြောင့်မဟုတ်ဘူး။ ချစ်တယ်၊ ခင်တယ်၊ လေးစားတယ်၊ ကြည်ညိုတယ်လို့ တဖွဖွပြောခဲ့တာလေ။ ကိုရွှေဘုတ်ရဲ့ အမွေးအတောင် အရောင်အသွေးလေးဟာ ဒို့ဂေါတမမြတ်စွာဘုရားရဲ့ သင်္ကန်းတော်အရောင်နဲ့ တူလွန်းလို့ ကြည်ညိုရတာပါဗျ။ တမျိုးမထင် ပါနဲ့။ မင်းလိုလဲ ငါက မမြှောက်တတ်ပါဘူး။

ရွှေဘုတ်။ ။ဟာဒါဆို အိုကေဖြစ်သွားပြီပေါ့။ ဝမ်းသာလိုက်တာမောင်ရေ။

ရွှေကျီး။ ။ဝမ်းသာလိုက်တာကွယ်-လို့

တစ်ဦးကိုတစ်ဦး အပြစ်မမြင်ကြဘဲ တစ်ဦးရဲ့ဂုဏ်ကို တစ်ဦးက ချီးကျူးလို့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ယုယုယယလေးနဲ့ ဘဝသက်ထက်ဆုံး ပျော်ပျော် ရွှင်ရွှင်နဲ့ နေသွားကြတဲ့ ရွှေဘုတ်နဲ့ ရွှေကျီးတို့ရဲ့ စံနမူနာလေးတွေကိုယူပြီး ဒီ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်ကြီးမှာ ပညာရင်နို့သောက်စို့ နေကြတဲ့ မောင်ရင်တို့ မောင်ပဇင်း တို့လဲ တစ်ဦးကိုတစ်ဦး အပြစ်မမြင်ဘဲ ချစ်ချစ်ခင်ခင်နဲ့ သူ့ဂုဏ်ကို ကိုယ်ကလေးစား၊ သူ့အမှားကို ကိုယ်ကသီးခံလို့ ခန္တီပါရမီလေးနဲ့ နေသွားကြပြီးတော့ မိမိတို့မျှော်မှန်းတဲ့ စာမေးပွဲပန်းတိုင်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ တက်လှမ်းနိုင်ကြ ပါစေ-ဟု ပေးလိုက်သော ဗာရာဏသီဆရာဘုရားကြီး၏ ဩဝါဒသံစဉ်လှိုင်း များသည် မိမိအသက်ရှင်နေသရွေ့ ကာလပတ်လုံး မိမိ၏နှလုံးသားထဲ၌ တဖွားဖွားဖြစ်ပေါ်နေမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ဖြစ်ပေါ်နေသောသံစဉ်လှိုင်းများနဲ့အတူ မိမိအား အာမခံပေးသော ဦးအဂ္ဂဓမ္မ (ဓမ္မာစရိယ)၊ စာသင်စာတက်ဆရာ ဦးပဝိတ္တသိရီ(ဓမ္မာစရိယ)၊ ရံဖန်ရံခါ ဆိုဆုံးမလေ့ရှိသော ဦးထေရပ္ပိယ(ဓမ္မာစရိယ)၊ ဆွမ်းချက်အလှည့် ကျစဉ်က လိမ္မာရေးအသိပညာများ ဆုံးမတတ်သော ဆွမ်းကျောင်းဘုန်းကြီး ဦးဩဘာသ၊ ငယ်လတ်ကြီး စာဝါများကို ပို့ချပေးခဲ့ကြသော (တချိန်က) တိုက်ကြပ်ဘုန်းကြီး ဦးနာဂဝံသနှင့်စာချဆရာများ၊ ဓမ္မာစရိယစာဝါများကို ပို့ချပေးခဲ့ကြသော (တချိန်က)ဗကုလဘုန်းကြီး ဦးနန္ဒောဘာသာဘိဝံသ၊ ဘုန်းတော်ကြီးဦးဓမ္မရသ တို့အား ဦးထိပ်ပန်ဆင်အလေးအမြတ်ပြု၍ နှစ်(၅၀)ပြည့်ရွှေရတုပိုင်ရှင် မိခင်ဗာရာဏသီတိုက်တော်မြတ်ကြီးအား ဂုဏ်မှတ်တရ အဖြစ်ရေးသားပူဇော်အပ်ပါသည်။

အရှင်ကုလသာမိ (ယောလေး)



# သည်ဟင်း ရင်တွင်းလွမ်းမိသည်

မောင်အေးချမ်း (ပြင်တော်)

သည်ကျောင်းတိုက် ဟိုရှေးဆီက ရိုးတံကျဲ ပင်အိုထက်မှာ အလှတွေကြွယ် ပျိုဖြူလေးများသဖွယ် တင့်စားခေါ်ဝေါ်လောက်သည့် နီညိုညိုပွင့်ချပ်ကလေးများကလဲ အခိုင်အခိုင် အညာခြင်းဆိုင်လို့ အလှခြင်း ပြိုင်လို့ နေကြလေပြီ။

သာရကာကျေးငှက် ကိုရွှေဇရက်တို့ကလဲ ဖိုမမောင်နှံ တေးသံအော်မည်ကြူးကာ ပျော်မြူးနေကြ လေရဲ့ပေါ့။

တစ်ချက်တစ်ချက် လေအနှော့မှာ ဖေါ်ကွဲရှာ ကိုဥသြခမျာမှာလဲ ဆွေးသံနှောလို့ တကြော်ကြော်အော် အဖေါ်ကိုခေါ်သံပေးနေတာဖြင့် ဝေးတစ်နေရာ ပညာရှာ ကွဲကွာနေရသူအတွက် လွမ်းစရာသည်စခန်းမှာ နွမ်းစရာတစ်ခုပါပဲ။

ထိုအချိန်မှာ တစ်ချိန်တစ်ခါကနာမည် ကျော်ခဲ့တဲ့ အဆိုတော်သန်းထွန်းလေးရဲ့ အညာအခြေခံ မမေ့သောအညာ လက်ပံပွင့် တေးစာသား သံစဉ်တစ်ပုဒ်က လေအစုန်မှာ လွင့်မျောလို့ ရင်အစုန်ကို ရိုက်ခတ်လိုက်သည့် ဖြစ်ခဲ့ရသည်အကြောင်းတွေ ကြောင့် အတိတ်၏ သမိုင်းပုံရိပ်များ ရေလှိုင်းများကဲ့သို့ တရွေ့ရွေ့ လူးလွန့်ကာ အကျွန်ုပ်၏နှလုံးသားမှာ တရေးနိုးလို့ အတွေးတစ်မျိုးပေါ်ခဲ့ရပြန်ပြီ။

အော်--သည်တဆောင်း လတ ပေါင်းတောင် ကျော်တော့မည်။

သည်ပင်အိုကတော့ ပေးဆပ် မှုအဖုံဖုံ အစွမ်းကုန်ပွင့်ကာ အမိတိုက်တာရဲ့ သည်ဟင်းတစ်ခွက် ရောစွက်ဖို့ အတွက် သူက ဟန်တောင်ပြင်နေပါပကောလား။

စာရေးသူတို့ ကျောင်းသားဘဝ သည်လတွင် သည်အပင် ပွင့်ချိန်တန်ရင်ဖြင့် ကျေးဇူးရှင်ဆရာ တော်ဘုရားကြီးသည် သံဃာတော်များ သပိတ်ကိုယ်စီလွယ်လို့ ဝမ်းတော်အတွက် ဆွမ်းတော်ရှာထွက်သည့် အချိန်မနက်(၈)နာရီ ခေါင်း လောင်း (၃)ချက်ဆင့်၍ ကျောင်းသားများ ဆင့်ခေါ် လိုက်တော့သည်။

"ဂလောင် ဂလောင် ဂလောင်" ၈-နာရီထိုး စာတက်/စာပြန်ပြီးချိန် ဆရာအသီးသီးထံ အပ်နှံ၍ ထားသော ကျောင်းသားများ ဆရာသခင် ကျေးဇူးတော်အရှင်၏ ခေါင်းလောင်းသံ (၃)ချက် နားဘဝင် လေဟပ် ကြားရာအရပ်ဆီသို့ အစီအရီ ညီညီညာညာ ရောက်လာသောအခါ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် တည်ငြိမ် လေးနက်သောအသံဖြင့်

ဆရာတော်။ ။မောင်ကျောင်းသားတို့ ဟိုအရှေ့က လက်ပံပင်ကြီး အပွင့်တွေကြွေနေပြီ၊ အဲဒါ ဆွမ်းကျောင်းဘုန်းကြီးထံ ထည့်စရာအိပ်များနှင့် တောင်းယူပြီး သွားကောက်ကြ ဆော့နေရင်ဒဏ်ပေးခံရမယ်။

ကျောင်းသားများ။ ။တင်ပါ့ဘုရား။

(အထက်ပါခေါင်းလောင်းသံနှင့် ပတ်သက်၍ စာရေးသူတင်ပြလိုပါသည်၊၁-ချက် ခေါက်လျှင် ကျောင်းသား ၁-ယောက်၊၂-ချက်ဆင့်ခေါက်လျှင် ကိုရင် ၁-ပါး၊၃-ချက်ဆင့်ခေါက်လျှင် ကျောင်းသားအားလုံးသွားရောက်ကြရလေသည်)


အကျွန်ုပ်တို့ကျောင်းသားတစ်သိုက် အိတ်ယူသူကယူ၊ တောင်းမသူကမဖြင့် လက်တွဲလို့ ညီညီညာညာ အရှေ့ယာဆီ ပင်အိုအောက်မှာ လေစလို့ မြေခကာ ကြွေကျနေသော ပွင့်ခြောက်လွှာကို ကောက်သူကကောက် လေအဟုန်မှာ ပင်ညာကို ခြေစုန်ပြစ်လို့ လေသယ့်ရာ ယိမ်းနွဲ့ကာကျလာတဲ့ သည်ပန်းတစ်ခုကို ကျောင်းသားတစ်စု ပြေးလုသူ လုခဲ့ရတာလဲမမေ့နိုင်ပါဘဲ။


သည်ကျောင်းမှာ သည်တစ်ဆောင်းကုန် သည်တစ်နွေကူးရင်ဖြင့် ကိန်းအောင်းနေသံဃာတော်တို့အတွက် သည်ပင်အို လက်ပံပွင့်ခြောက်တို့က သာသနာကို တစ်ဖက်တစ်လမ်းက လက်ဆက်ကမ်းဖို့ အဆင်သင့်ဖြစ်ခဲ့ ပါပြီ။

အမိတိုက်တာနေ သံဃာတော်များ သည်ပွင့်ခြောက် ရောစွက်သည့် သည်ဟင်းလေးချက်သည် စာသင်သားတို့ရင်တွင်း ချဉ်ခြင်းတပ်သည့်ပမာ ကြားမြင်ရသူ မက်မော ရတက်ဇောကြွ တပ်မက်မောရသည်အထိ စွဲလန်းခဲ့ရပေသည်။

ဆွမ်းတော်ချက်ကိုရင်များ အပန်းတော်ဖြေဘို့ ရွှေကျောင်းပေါ်သို့ ရောက်သောအခါ ကိုရင်ငယ်များ အထံတော်မှ နောက်တစ်နေ့အရုဏ်အတွက် သည်ဟင်းလေးချက်သည့် ထိုအသံ ရွှေနားတော် လေဆော်လို့ကြားရရင်ဖြင့် နံနက်မိုးသောက်တုန်းခေါက်သည့်ချိန်အခါ ဘုရားကိုအာရုံပြု ဆွမ်းတော်ခံ အလှမ်းဝေးသော်လည်း အပန်းရယ်မထင်ကြဘဲ ခြေလှမ်းတော်

စာရေးသူ- ဦးသီတလာစာရ(ဝိ-ဗာ စာချ)နှင့် ဦးခမာစာရ(ရှစ်မိုင်-မစိုးရိမ် စာချ)တို့ အမှတ်တရ





၁၃၃၅-ခုနှစ်၊ တော်သလင်းလဆန်း ၁၅-ရက်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ကျောင်းသားများ

ကြကြနှင့်ပြန်အလာ သည်ဟင်း တစ်ခွက်နှင့် ရင်တွင်းဖြည့်စွက်ခဲ့ရသည်မှာလဲ စာသင်သားဘဝ တမ်းတစရာတစ်ခုပါပဲ။

ဆွမ်းတော်ကို စီမံအုပ်ချုပ် အလုပ်လုပ်တော်မူခဲ့သော ဆွမ်းစားကျောင်းဆရာတော်ကလဲ စားသုံးသူဘဝင်စွဲအောင် ၁။ ဝက်သား၊ ၂။ လက်ပံခေါင်း၊ ၃။ ပုန်းရည်၊ ၅။ ခရမ်းသီး၊ ၆။ အာလူး၊ ၇။ သရက်သီး ခြောက်တို့ကို ရောနှောကာ အချို အချဉ် အဖန်ဓာတ် အဖုံဖုံကို ရသစုံအောင် ချက်ရသည်မှာလဲ ဆရာတော်၏ စေတနာပင်ဖြစ်ပါသည်။

တိုက်တာနေတပည့်များ အချင်းချင်း ဆုံတွေ့ရသည့်အခါ သည်ဟင်းလေးဓာတ် ဘဝင်ဟတ်ကာ အမွှန်းတင်စာတပ်လို့ စကားတစ်ရပ် မပါမပြီးပြောခဲ့ရသည်မှာလည်း သီတင်းသုံးဖေါ်တို့အတွက် မမောနိုင်ပါဘဲ။

အော်ယခုတော့ သည်ပင်အိုလက်ပံပွင့်ခြောက်ကို ကောက်ယူဖို့ ဟန်ပြင်ခဲ့တဲ့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးနှင့် တိုက်တာမှာအလုပ်လုပ်အုပ်ချုပ်တော်မူခဲ့သော တိုက်အုပ် ဆရာတော်တို့လဲ လွန်ခဲ့ပါပြီ၊ ပြုပြင်ကာ သည်ဟင်းတစ်ခွက်ကို ဆက်ကပ်ဖို့ နေ့-ညမနား အများအကျိုးဆောင်ရှာသူ ဆွမ်းကျောင်းဆောင် ဆရာတော်မှာလဲ လောကရဲ့ မလွန်ဆန်နိုင်တဲ့ သဘောအရ ဘဝနတ်နန်း ကြွမြန်းလို့သွားခဲ့ပါပြီ။ အရှေ့နော် ဟိုအရပ်ဆီကနီညိုညိုပွင့်ရှာတဲ့ ပင်အိုတို့ မှာလဲ ခိုင်မြဲမှု မရှိလို့ ယိုင်လဲလို့မြေသို့ ခဲ့ပါပြီ။

ဘဝင်မှာစွဲလောက်သည့် သည် ဟင်းလေး, ဟင်းလျာတစ်ခွက်ကို မည်သူစီမံလို့ မည်သူချက်ကြွေးကာရောက်လာသူ နောင်-ညီများ၏ ရင်တွင်းမှ ချဉ်ခြင်းကို မည်သူနှစ်သိမ့်ပါတောအံ့. . . .

မောင်အေးချမ်း(ပြင်တော်)
ဗာရာဏသီ



ယုံကြည်ရည်ရွယ်

* လူတို့သမိုင်း မရိုင်းစေရန်
ကိုယ်သန်သမျှ ဟန်မပြဘဲ
လောကထဲဝယ်
အမြဲကောင်းဘို့ အားထုတ်စို့။

* ကိုယ့်တာကိုယ့်ဝန် ကဲချွန်ပြည့်ဝ
နှလုံးလှ၍ ဘဝသမိုင်း
မရိုင်းစေရန်
လောကထဲသို့ အပ်နှံစို့။

* တရားကိုမှန် မှန်တာတရား
အမြဲထားလို့ လူသားလောက
ဘဝအဖော်
အလျှော်ဖြစ်ဖို့ ကျင့်ပွားစို့။

* သက်ရှည်ကျန်းမာ ပြည့်စုံပါသော်
ငါ့ဟာငါဖို့ အားမပျို့ဘဲ
လူတို့ကမ္ဘာ
ချမ်းသာစေဖို့ ဝေမျှစို့။

* ရှေးခါနည်းကောင်း သူတော်ကောင်းတို့
ကိုယ့်ဘို့လည်းကောင်း အများကောင်းဖို့
လမ်းကြောင်းတစ်ခု
အမှီပြုလို့ တုကျင့်စို့။ ။

မြဘုန်းရှင်(မကွေး)

# စာကလေး ၂-စောင်

အထက်ပါခေါင်းစီးဖြင့် မြောင်းမြဆရာတော်မှ ဗာရာဏသီဆရာတော်သို့ ပေးစာ၂-စောင်ဖြစ်ပါသည်။

ပဌမစာ(၁)စောင်

ဆရာတော် ဝိ-ဗာတိုက် ဆရာတော်

ဝိနည်းတရားတော်သည် ဘုရားရှင်ကိုယ်တော်တိုင် ပညတ်တော်မူခဲ့သော ဥပဒေတော်ကြီးဖြစ်သည်။ ရဟန်းတော်များသည် ဝိနည်းဥပဒေတော်ကြီးကို ကျွမ်းကျင်လိမ္မာတတ်မြောက်သိမြင်အောင် အမြဲမပြတ် လေ့လာကြည့်ရှုသင့်သည်။ ဝိနည်းတတ်မြောက် ကျွမ်းကျင်လိမ္မာခဲ့လျှင် ဝိနည်းဓိုရ် ၁-ပါးဖြစ်နိုင်၍ ရဟန်းတော်များ၏ အားကိုးစရာ မှီခိုစရာ ဆရာတစ်ဆူဖြစ်နိုင်သည်။ မသိမလိမ္မာ မကျွမ်းကျင်ခဲ့လျှင် အနေအထိုင် အလုပ်အကိုင် မတတ်၍ နေ့စဉ်နေ့တိုင်း အပြစ်သင့်နိုင်သည်။ အပြစ်မှလွတ်အောင် မရှောင် မတိမ်းနိုင်။ အလဇ္ဇီဖြစ်နိုင်သည်။ အလဇ္ဇီဖြစ်နေခဲ့လျှင် သာသနာပြု မဖြစ်နိုင်။ သာသနာတော်ကို မစောင့်ရှောက် မထိန်းသိမ်းနိုင်။ ထို့ကြောင့် ဆရာတော်များသည် ကိုယ်တိုင်လည်း နက်နက်နဲနဲ လေ့လာကြည့်ရှု အလေးဂရုပြုတော်မူကြကာ တပည့်ရဟန်း သာမဏေများကိုလည်း ဝိနည်းကျင့်ဝတ်နှင့်အညီ စည်းကမ်းတကျ နေတတ်ထိုင်တတ်အောင် စောင့်ရှောက်ထိမ်းသိမ်းတော်မူကြပါ------

ဒုတိယစာ(၁)စောင်

ဆရာတော် ဝိ-ဗာတိုက် ဆရာတော်

ဆရာတော်မှာ အရွယ်ရင့်၍ အနည်းငယ် ကျန်းမာရေးလည်း ချို့တဲ့နေပါသည်။ သို့သော် မပင်ပန်းသည့် အခြေခံစာများကိုသာ အနည်းငယ်ချနိုင်လျှင် ပို့ချပေးပြီး၊ ချပို့ပုံနည်းလမ်းကောင်းများကို ညွှန်ကြားပေးရုံမျှသာ သင့်လျော်ပါတော့သည်ဟု ထင်မြင်ပါသည်။ ပင်ပန်းစွာကိုယ်တိုင်ချပေးနေဖို့ လိုမည်မထင်ပါ။ နည်းပေးညွှန်ပြသည့်အတိုင်း တိုက်အုပ် တိုက်ကြပ် စာချဘုန်းကြီးများက အားကျိုးမာန်တက် ဝီရိယရှိရှိနှင့် လုပ်ကိုင်ဆောက်ရွက်သွားကြပါမူ အားလုံးပင် အဆင်ပြေသွားနိုင်သည်ဟု သဘောရပါ၏။ ပြည် ဝိဗာတိုးတက်မှုသည် နေးကွေးလေးလံသည်ဟု မဆိုနိုင်ပါ။ တော်တော်ပင် အတက်လျှင်မြန်၏။ အုတ်တိုက်ကြီးများ၏ တိုးတက်ကြီးပွားလာပုံမှာ အားရစရာကောင်းလှပါသည်။ ကြိုးစားတော်မူကြပါ။ မရှိခဲ့ဘူးသေးသော ခရိုင်မြို့ကြီး၌ ရွှေကျင်ကျောင်းကြီးကို မြင်ခဲ့ရသဖြင့် အလွန်ပင် အားရကြေနပ်ပါသည်။ ကျောင်းအစ်မကြီးနှင့်သူ့တပည့်များသည်လည်း တိုက်ကြီးကို အစွမ်းကုန် အားပေးအားမြှောက် အထောက်အကူပြုနေသူများ ဖြစ်နေကြပေသည်။ ဆရာနှင့်ဒကာ ညီညီညွတ်ညွတ် ရွက်ဆောင်လုပ်ကိုင်ခဲ့ကြသဖြင့် ဤမျှ ကြီးကျယ်၊ ထယ်ဝါသော ရွှေကျင်တိုက်ကြီးဖြစ်ခဲ့ပေသည်။

**မေတ္တာဖြင့်**

ဘဒ္ဒန္တဓမ္မရသ(B.A)

(ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ နဝင်းရပ်၊ ပြည်မြို့





# ဗာရာဏသီ ယဉ်ကျေးမှု

ယင်းမာလမင်း (အောင်လံ)

ယဉ်ကျေးမှုဟူသည် နိုင်ငံတိုင်းတွင်ရှိ၏။ လူမျိုးတိုင်းတွင်ရှိ၏။ ယဉ်ကျေးမှုနှင့်ကင်းသော နိုင်ငံနှင့်လူမျိုးဟူ၍ မရှိနိုင်ပေ။ ယဉ်ကျေးမှုခြင်း တူညီချင်မှတော့တူညီပေလိမ့်မည်။ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ ရောမ ရောက်ရင် ရောမလိုကျင့် စသော စကားပုံများသည် ယဉ်ကျေးမှုချင်း မတူညီသည်ကို ဖော်ညွှန်းနေသော စကားပုံများပင်ဖြစ်၏။ နိုင်ငံတစ်ခု တည်းမှာပင် ယဉ်ကျေးမှုချင်း မတူညီကြတာရှိသလို လူမျိုးတစ်မျိုးတည်းမှာပင် ယဉ်ကျေးမှုချင်းမတူညီတာရှိ၏။ ထိုကဲ့သို့ မတူညီမှုများပြားလှသော ယဉ်ကျေးမှုတွေထဲမှ ယဉ်ကျေးမှုတစ်ခုအကြောင်း ကိုဖော်ပြလိုပါသည်။ ထိုယဉ်ကျေးမှုသည်ကား “ဗာရာဏသီယဉ်ကျေးမှု” ပင်ဖြစ်ပါသည်။

**ခေါင်းကိုက်တာလေးများ**

ဗာရာဏသီယဉ် ကျေးမှုအဖြစ်ဦးစွာ ဖော်ပြလိုသည်မှာ ဘုရားရှိခိုး ခြင်းပင်ဖြစ်သည်။ ဘုရားရှိခိုးခြင်းသည် ဗာရာဏသီ ယဉ်ကျေးမှုတွင် အလွန် တရာအရေးကြီးလှပါသည်။ ဗာရာဏသီသို့ ပညာသင် ရောက်လာသော စာသင်သားများကို ပထမဆုံးမေး သည့် မေးခွန်းမှာ “မောင်ရှင် ဘုရားရှိခိုး



မှန်မှန်လိုက် နိုင်ပါ့မလား"ဟူ၍ပင်ဖြစ်၏။

မှန်ပါသည်။ ဗာရာဏသီတွင် တစ်နေ့လျှင် နှစ်ကြိမ် ဘုရားရှိခိုးရ၏။ နံနက်လေးနာရီတွင် တစ်ကြိမ်၊ ညနေ ခြောက်နာရီတွင်တစ်ကြိမ် ဘုရား ရှိခိုး ရ၏။ နာမကျန်းဖြစ်နေသော ဂိလာန ပုဂ္ဂိုလ်မှတစ်ပါး တိုက်အုပ်၊ တိုက်ကြပ်၊ စာချ ဆရာတော်များနှင့် ရဟန်းသာ မဏေ ကျောင်းသားများပါမကျန် ဘုရားရှိ ခိုးကြရပါသည်။

ဘုရားရှိခိုးခြင်းသည် သူသူငါငါရှိ ခိုးနေကြသည်ဖြစ်၍ အထူးပြောနေစရာ မလိုဟု ဆိုကောင်းဆိုနိုင်သော်လည်း ဗာရာဏသီတွင်ကား ဘုရားရှိခိုးခြင်း သည် အထူးပင်အရေးကြီးလှပါ၏။ ဘုရား သားတော်ဖြစ်နေပြီး ဘုရားမရှိခိုးတာ လောက် ပြစ်မှုကြီးမားတာမရှိဟု အာဒိ ကမ္မိကတိုက်တည် ပထမဗာရာဏသီ ဆရာတော်ဘုရားကြီးက မိန့်တော်မူဖူး ပါသည်။ ထို့ကြောင့် ဘုရားရှိခိုးမပါလျှင်၊ ဘုရားရှိခိုးလာတာ နောက်ကျလျှင်၊ ဘုရားရှိခိုးရင်း ငိုက်နေလျှင်၊ ကြီးလေးသောပြစ်ဒဏ်များ ပေးတော်မူ ပါသည်။

မှတ်မိနေတာလေးတစ်ခုရှိပါသည်။ အခါ တစ်ပါးမှာ သာမဏေတစ်ပါး ဘုရားရှိခိုးမပါခဲ့ သည်ကို တွေ့ရှိရ၍ ဆရာတော်ကြီးက ခေါ်ယူ မေး မြန်းတော်မူသောအခါ ထိုသာမဏေက ခေါင်းကိုက် နေလို့ပါဘုရားဟု လျှောက်ထား၏။ ထိုအခါဆရာ တော်ကြီးက ခေါင်းကိုက်တာလေးများ ဘုရားရှိခိုး လိုက်ရင် ပျောက်သွားမှာပေါ့မောင်ရင်ရဲ့ဟု မိန့်ကြားတော်မူ ပြီးနောက် ထိုသာမဏေအတွက် သင့်တော်သော ဆေးဝါးများကို ပေးလိုက်တော့သည်။

ဆရာတော်ကြီးကလည်း ဝိသုဒ္ဓါရုံဂုဏ် တော်ဖြင့် ဘုရားရှိခိုးနှင့် ဓမ္မစကြာဒေသနာတော်များကို အချိန်ရသရွေ့ အမြဲတန်းရွတ်ဖတ်သရဇ္ဈာယ်၍ ပူဇော်နေသည်သာဖြစ်ပါ၏။

**အသုံးအနှုန်း**

ဗာရာဏသီယဉ်ကျေးမှုတွင် နောက်ထပ် တွေ့ရှိရမည့် ယဉ်ကျေးမှုမှာ ခေါ်ဝေါ် ပြောဆိုမှုပင် ဖြစ်ပါသည်။ အခေါ် အဝေါ်၊ အပြောအဆိုနှင့် ပတ်သတ်၍ ဗာရာဏသီ၏ ယဉ်ကျေးမှုမှာ ချစ်စရာ ကောင်းသလို အင်မတန်မှလည်း အတုယူဖွယ် ကောင်းလှပါသည်။

ဥပမာ. . . . ကိုယ့်ထက်ကြီး သူများက "ကိုရင့်ဘွဲ့ဘယ်လိုခေါ်သလဲ" ဟုမေးလာပါက "ဘုရားတပည့်တော် ပဏ္ဍိတ ပါဘုရား"ဟု ဖြေဆို လျှောက်ထားရပါသည်။ နာမည်၏ရှေ့တွင် "ဘုရား တပည့်တော်" ဟူသောနာမ်စားနှင့် အစချီပြီး နာမည်၏နောက်တွင် ". . . . ပါ ဘုရား" ဟူသော ကြိယာဖြင့် အဆုံးသတ်၍ လျှောက်ထားပြောဆိုရ ပါသည်။

အာဒိကမ္မိကတိုက်တည် မူလ ပထမ ဆရာ တော်ကြီးကိုယ်တိုင်ကလည်း ရဟန်းတော်များကို "မောင်ပဥ္စင်း"ဟူ၍ လည်းကောင်း၊ သာမဏေများကို "မောင်ရှင်" (မောင်ရင်)ဟူ၍လည်း ကောင်း၊ ကျောင်း

သားများကို "မောင် ကျောင်းသား" ဟူ၍ လည်းကောင်း နူးညံ့ချိုသာစွာ အသက်ထက်ဆုံး ခေါ်ဝေါ် သုံးစွဲသွားတော်မူခဲ့ပါသည်။

သူတစ်ပါးကို "မင်း" ဟူသော အသုံးအနှုန်းဖြင့် မသုံးသလို မိမိကိုယ်ကို လည်း "ငါ" ဟူသော အသုံးအနှုန်းဖြင့် ဘယ်သောအခါမှ သုံးနှုန်းတော်မမူခဲ့ပါချေ။ စိတ်လိုက်မာန်ပါ၊ ဒေါသတကြီး၊ ဝုန်းဒိုင်းကြဲတတ်သော အမူအယာမျိုးကို ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် မပြုလုပ်ခဲ့သလို တပည့်များကိုလည်း မပြုလုပ်ရန် အမြဲတားမြစ်ခဲ့ပါသည်။

## ဒဏ်ပေးသနားတော်မူပါဘုရား

နောက်ထပ် ဗာရာဏသီ၏ ယဉ်ကျေးမှုအဖြစ် အဖိတ်နေ့ညနေတိုင်းတွင် ဒဏ်တောင်းရခြင်းကို ဖော်ပြလိုပါသည်။ ပုထုဇဉ်ဟူသည် ဘယ်သောအခါမှ အပြစ်နှင့် ကင်းလွတ်နိုင်ကြမည်မဟုတ်ပေ။ အပြစ်ဟူသည် ပုထုဇဉ်လူသားတို့ လက်တွဲဖော်မဟာ မိတ်ကဲ့သို့ပင် ဖြစ်နေပါသည်။ စာသင်သားရဟန်းသာမဏေတို့သည်ကား ပုထုဇဉ်ဟူသော ခေါင်းစဉ်အောက်တွင် ရှိနေပါသေး၏။ သို့ဖြစ်ပါ၍ တစ်နေရာရာတွင် တစ်စုံတစ်ခုသော အကြောင်းများနှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ သိက္ခာပုဒ်ဆိုင်ရာ ပြစ်မှုများကို ကျူးလွန်မိကြမည်မှာ မလွဲဧကန်ပင် ဖြစ်ပါ၏။

အပြစ်ကို ကျူးလွန်မိပါလျက် အပြစ်အလျောက် ထိုက်သင့်သော ပြစ်ဒဏ်တစ်ခုခုကို ခံယူရမည်သာဖြစ်၏။ အပြစ် ကိုမခံယူပါပဲ ရှောင်လွှဲ၍ မနေသင့်ပေ။ အပြစ်ဒဏ်ကိုခံယူရာ၌ အပြစ်ဒဏ်ပေးလို့ မလွှဲသာမရှောင်သာ ခံယူခြင်းထက် မိမိကိုယ်တိုင် အပြစ်နှင့်ထိုက်တန်သောဒဏ်ကို ခံယူခြင်းက ပို၍သင့်တော်ပါသည်။ သို့သော်မိမိကိုယ်တိုင် ခံယူသော အပြစ်ဒဏ်သည် ဓမ္မဓိဋ္ဌာန်ကျသည်ဟု တာဝန်ယူနိုင်ရန်ကား ခဲယဉ်းလွန်းလှပါသည်။ ထို့ကြောင့် မိမိနှင့်ထိုက်တန်သော အပြစ်ဒဏ်ကို နာယကအကြီးအကဲများထံ မိမိကိုယ်တိုင်တောင်းယူပြီး အပြစ်ဒဏ်ကိုခံယူခြင်းက ပို၍ဓမ္မဓိဋ္ဌာန်ကျလှပါ၏။

ဤကဲ့သို့သော လောကဓိဋ္ဌာန် ဓမ္မဓိဋ္ဌာန် များကို ရှုငဲ့၍ ဗာရာဏသီကျောင်းတိုက်တွင် အဖိတ်နေ့တိုင်း၊ အဖိတ်နေ့တိုင်း တပည့်သာမဏေများသည် တိုက်အုပ်နာယက ဆရာတော်ထံသို့ သွားရောက်၍ စုပေါင်းညီညာစွာဖြင့်- "ဒဏ္ဍံ မေ ဒေထ- ဒဏ်ပေးသနားတော်မူပါဘုရား"ဟုလျှောက်ထား၍ ဒဏ်တောင်းကြရပါသည်။ မိမိတို့ကျူးလွန်ထားသော ပြစ်မှုများကို မိမိတို့အသိစိတ်ဖြင့် မိမိတို့ဘာသာ အပြစ်ဒဏ်ကိုခံယူပါမည်။ ထိုက်သင့်သော အပြစ်ဒဏ်ကို ပေးတော်မူပါဟူသော အဓိပ္ပါယ်ကို သက်ရောက်စေသော အပြုအမူပင်ဖြစ်ပါ၏။ အဘယ်မျှ အတုယူဘွယ် ကောင်းလိုက်ပါဘိသနည်း. . .။

## ဝတ်ဖြည့်ကြမယ်

ဗာရာဏသီယဉ်ကျေးမှုအဖြစ် မဖြစ်မနေပါဝင်ရမည့် ယဉ်ကျေးမှုတစ်ခုရှိပါသေးသည်။ ထိုယဉ်ကျေးမှုကား ဥပုသ် နေ့ညများတွင် နာယကဆရာများကို နင်းနှိပ်ပေးခြင်းဖြစ်ပါသည်။ ဗာရာဏသီ အသုံးအနှုန်းနှင့် ဆိုရပါလျှင် ဝတ်ဖြည့်ခြင်းပါတည်း။

ဗာရာဏသီတိုက်၌ ဥပုသ်နေ့များတွင် စာကျက်၊ စာတက်၊လုပ်ငန်းများ ပြုလုပ်စရာမလိုပဲ အနားယူခွင့် ရကြပါသည်။ လောကီအတန်းကျောင်းများ၌ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်များပင် ရှိသေး သည် မဟုတ်ပါလော။ စာကျက်၊ စာတက် မပြုလုပ်ရ သော်လည်း ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယ စာမေးပွဲများ အတွက် အတန်းလိုက်လေ့ကျင့်ခန်း စာမေးပွဲများကို တော့ ဖြေဆိုကြရပါသေးသည်။

ထို့နောက် ညဘက်ဖရားဝတ်တက်ပြီးချိန်တွင် စာသင်သားရဟန်းသာမဏေများသည် နာယကဆရာများထံ (မိမိတို့ဘာသာ) သွားရောက်၍ ဝတ်ဖြည့် ပေးကြပါသည်။ ထန်းလျက်ခဲကို ပုရွက်ဆိတ်အုံနေ သကဲ့သို့ ဆရာဖြစ်သူအား တပည့်များက ခြေသလုံး နှိပ်သူကနှိပ်၊ ပေါင်ကိုထောင်းသူကထောင်း၊ ကျောကုန်းကိုနှိပ်သူကနှိပ်၊ ခြေဖဝါးအလယ်က ပထဝီ အကြောဆွဲသူကဆွဲနှင့် အင်မတန်ပီတိဖြစ်စရာ ကောင်းလှပါသည်။

ဝတ်ဖြည့်ပေးရင်း ဆရာသမားဖြစ်သူက

ပြောပြသော အဖိုးတန်စကားလုံးများတွင် ရှေးဟောင်းနှောင်းဖြစ် အကြောင်းအရာများလည်းပါ၏။ ရာဇဝင်ဆိုင်ရာ အကြောင်းအရာများလည်းပါ၏။ သာသနာ့ဝင်ဆိုင်ရာ အကြောင်းအရာများလည်းပါ၏။ ဘဝနှင့်ပတ်သတ်သော ကြီးပွားတိုးတက်ရေးဆိုင်ရာ အကြောင်းအရာများလည်းပါ၏။ အဆိုပါအကြောင်းအရာများသည် ဘဝအတွေ့အကြုံနှင့် စာပေအတွေ့အကြုံနုနယ်သေးသော တပည့်များအတွက် အဖိုးမဖြတ်နိုင်သော ဗဟုသုတရတနာများပင်ဖြစ်ပါ၏။


အတွေ့အကြုံမြင့်မား၍ အထက်တန်းစာပေများ သင်ယူခွင့်ရသောအခါတွင် အချို့အချို့သော အကြောင်းအရာများသည် မိမိတို့ငယ်စဉ်က ဝတ်ဖြည့်ရင်း ဆရာသမားပြောပြသော အကြောင်းအရာများပင် ဖြစ်နေပါလေ၏။ ထိုအခါအခြား သူများခက်ခဲလှပါသည်ဟု ညည်းညူနေရချိန်တွင် မိမိတို့အတွက်မှာတော့ လွယ်ကူချောမွေ့ နေပါတော့သည်။ ခေတ်စကား နှင့်ပြောရပါလျှင် လုံးဝ . . အေးဆေးပေါ့။

**ထူးဆန်းသော စာရင်း**

ကျောင်းတိုက်တစ်တိုက်သည် ရဟန်းသံဃာမည်မျှ၊ ရှင်သာမဏေမည်မျှနှင့် ရဟန်းသာမဏေတစ်ပါးချင်းစီတို့၏ အသက်၊ သိက္ခာ၊ မိဘ၊ နေရပ်၊ လိပ်စာ စသည့်စာရင်းများပြုစုကြရမြဲဖြစ်ပါသည်။ ထို့ပြင် စာဝါစာရင်း၊ တာဝန်ကျဝတ္တရား စာရင်းများလည်းရှိပါသေး၏။ အဆိုပါစာရင်းများသည် ကျောင်းတိုက်တိုင်းကျောင်းတိုက်တိုင်းတွင် မလွဲမသွေရှိကြ



သက်တော်(၆၀)အရွယ် ဗာရာဏသီဆရာတော်




သည်သာဖြစ်၏။

ဗာရာဏသီကျောင်းတိုက်တွင်ကား အထက်ပါစာရင်းများအပြင် သီးခြားစာရင်းတစ်ခု ပြုစုကြရပါသည်။ ထိုစာရင်းကား ရေချမ်းလှူ ပန်းလှူစာရင်းပင်ဖြစ်၏။ တိုက်တွင်းနေစာသင်သားများသည် တစ်လလျှင် မြတ်စွာဘုရားအား သောက်တော်ရေ ဘယ်နှစ်ကြိမ် ကပ်လှူပါမည်။ ပန်းဘယ်နှစ်ကြိမ် ကပ်လှူပါမည်၊ ဆိုသည်ကိုစာရင်းပေးသွင်းကြရပါသည်။ အကြိမ်ရေများများ ကပ်လှူပူဇော်သူများကို ဆရာတော်ကြီးကိုယ်တော်တိုင် နှုတ်ဟမြွက်ဖော် ချီးကျူးတော်မူပြီး အကြိမ်ရေနည်းပါးသူများကို များများကပ်လှူရန် တိုက်တွန်းတော်မူပါသည်။

ပန်းကပ်လှူရာတွင်လည်း ပန်းသည်ထံမှ ဝယ်ယူပြီးကပ်လှူစေသည် မဟုတ်ပါ။ ကျောင်းတိုက်အတွင်း စိုက်ပျိုးထားသောပန်းပင်များမှ ခူးယူ၍ ကောက်ယူ၍ ကပ်လှူစေခြင်းဖြစ်ပါ၏။ နံနက်ခင်း ဆွမ်းခံပြန်လာအပြီး ဆွမ်းကျောင်းမှာ ဆွမ်းဝိုင်းများပြင် ဆင်ချိန်တွင် ပျော်ပျော်ပါးပါး ပန်းခူး ပန်းကောက်ခဲ့ရသည့် မြင်ကွင်းလေးသည် နှလုံးသားထဲတွင် ဘယ်သောအခါမှ ပျောက်ပျက်မသွားနိုင်သော ပုံရိပ်များပင်ဖြစ်ပါ၏။

မြတ်စွာဘုရား ရုပ်ပွားတော် စံတော်မူရာ ဓမ္မာရုံကြီးထက်သို့ တက်လိုက်ပါက ပန်းရနံ့များ သင်းထုံမွှေးပျံ့နေကာ စိတ်နှလုံးဟဒယကို ကြည်လင်လန်းဆန်း နေစေပါတော့သည်။ အရောင်အသွေးစုံ ရနံ့စုံတို့ဖြင့် မွှမ်းထုံနေသော မြတ်စွာဘုရား ရုပ်ပွားတော်ကြီးရှေ့တွင် ဆရာတော်သံဃာတော်တို့ ရွတ်ဖတ်သရဇ္ဈာယ်သော ဓမ္မအသံတို့သည်ကား ကြည်နူး ဆွတ်ပျံ့ ကောင်းလွန်းလှပါပေစွ . . .။

ဤမျှလောက်ဆိုပါလျှင် ဗာရာဏသီယဉ်ကျေးမှုဆိုသည်ကို ပုံဖော်မှန်းဆနိုင်လောက်ပြီဟု ယူဆပါသည်။ ဗာရာဏသီယဉ်ကျေးမှုနှင့်ပတ်သတ်၍တင်ပြစရာများစွာ ရှိနေသေးပါသော်လည်း စာမျက်နှာအနေအထားကိုငဲ့၍ ဝမ်းနည်းစွာဖြင့် ချန်လှပ်ထားခဲ့ရပါသည်။ အမှန်တကယ်တော့ ဗာရာဏသီယဉ်ကျေးမှုနှင့်ပတ်သတ်၍ ကျမ်းတစ်စောင် ပေတစ်ဖွဲ့အနေဖြင့် တင်ပြရေးသားသင့်သည်ဟု စာရေးသူထင်ပါသည်။ ဗာရာဏသီအနွယ်ထက်မြက်ထင်ရှားသော နောင်တော့်နောင်တော်၊ ညီတော့်ညီတော်များက စေ့ငုလေ့လာ၍ ဖော်ထုတ်ပေးကြမည်ဆိုလျှင်ဖြင့် သာသနာအတွက် စာပေလောကအတွက် ရတနာတစ်ပါး မင်္ဂလာတစ်ပါးဖြစ်လာမည်မှာ မလွဲဧကန်ပင်ဟု ယုံကြည်မိပါ၏။

**ယင်းမာလမင်း (အောင်လံ)**
အရှင်စန္ဒာဝရ
ရွှေယင်းမာကျောင်းတိုက်
စမ်းချောင်းရပ်၊ အောင်လံမြို့



# ထေရာနု ထေရောဝါဒ

ဘဒ္ဒန္တာနိမ္မလ (ထီးလင်း)

ရွှေပြုဗ္ဗာ ဥဒေတောင်စွန်းမှ တက်ထွန်း ပေါ်ထွက်လာသော သူရိယခေါ် နေမင်းကြီးသည်ကား သူ့သဘာဝအလျှောက်သူ့တာဝန်ကို ကျေပွန်စွာဖြင့် ဗီဇနာ, စက္ကန့်, မိနစ်, နာရီ အလီလီဖြင့် ရက်မှလ, လမှနှစ် စသည်ဖြင့် အချိန်ရှိသမျှ-နေ့မှာပေါ် ညမှာပျောက်ဖြင့် လောကကြီး အတွက် အလင်းရောင်ပေးသကဲ့သို့ "ကျေးဇူးရှင် ပ-ဝိ-ဗာ ဆရာတော်ကြီးသည်လည်း"၊ နေမင်းကြီးပမာ အရောင်ဖြာလျက် ရောက်လေရာရာ ဘဝတာ၌ ဆက်ကာဆက်ကာ သာသနာကို ကြက်သရေမည်ျိုးတိုးသထက် တိုးအောင် ဆောင်ရွက်ပြီး၊ တာဝန်ယူလျက်ရှိပေလိမ့်မည်ဟု လွန်ခဲ့သော နှစ်(၅၀)ခန့်ကိုမှန်းဆလွမ်းလျှလျှနှင့်တမ်းတမိပါသည်။

ဤစာရေးသူသည် မန္တလေး-မဟာဝိသုဒ္ဓါရုံ စည်ရှည်ကျောင်း၌ နေစဉ်ကာလ ပ-ဝိ-ဗာတိုက် အခြေချသည့် ခါသမယကို တစေ့တစ်စောင်း တင်ပြရပါလျှင်၊ ၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း၌ ပြည်မြို့သို့ ဝိသုဒ္ဓါရုံတိုက်ခွဲအနေဖြင့် သွားကြမည်၊ လိုက်ပါလိုသော ပုဂ္ဂိုလ်များ စာရင်းပေးကြပါ-ဟု ကြေငြာထားရာ အချင်းချင်းလိုက်ကြဘို့ ညှိနှိုင်းတိုင်ပင်ကြရာ ဒီဗာရာဏသီဆရာတော်နောက်ကို လိုက်ကြလျှင်ဖြင့် ညဥ့် ရောနံနက်ပါ ဘုရားဝတ်တက်မှန်မှန်လိုက်ရမှာကွ၊ ဒါကြောင့် ငါတော့ မလိုက်ချင်ဘူး စသည်ဖြင့်ပြောကြပါသည်။

ဟုတ်ပေသည် ပ-ဝိ-ဗာဆရာတော်သည် ကား-ရောက်လေရာရာဌာန၌ မထနိုင် မထိုင်နိုင် ဂိလာနဖြစ်နေမှသာလျှင် ဘုရားဝတ်ပြု ဝတ်တက် မလိုက်ပါ။ ၃-နာရီခွဲလောက်မှာ ဥဋ္ဌာနသညာဖြင့်ထပြီး တုံးခေါက်ခြင်း၊ ဘဲ-နှိုးခြင်းစသည်များပြုလုပ်လျက် ဘုရားကျောင်းသို့ ရှေ့ဦးစွာပင် ရောက်ရှိနေတာကို ဖူးတွေ့ရပါသည်။

၁၃၂၁-ခုနှစ်၊ ဝါဆိုလဆန်း ၁၁-ရက်နေ့ နံနက် ၆-နာရီအချိန်မန်းမှ ရန်ကုန်သို့ ဒဂုံလွင်မီးရထားဖြင့် ဆရာတော်ဘုရားနှင့်တကွ နောက်ပါ ရဟန်းသာမဏေ ၂၇-ပါးဖြင့် ကြွရောက်ခဲ့ကြရာ ရထားထွက်ချိန်မှစ၍ စားဖွယ်သောက်ဖွယ်ချိုချဉ်ရသာ အဖြာဖြာတို့ကို စားသောက်မှီဝဲသုံးဆောင်ကြရပါသည်။ ညနေ ၃-နာရီလောက်ရောက်လျှင် တောင်ငူဘူတာရောက်၍ မြို့ထောင့် ဝိသုဒ္ဓါရုံဆရာတော်လေး ဦးဥတ္တမဝံသနှင့် ဆရာဒကာများက ဘိလပ်ရေ အဖျော်ယမကာတို့ကို တစ်ဝကြီးဆက်ကပ်လှူဒါန်းကြပါသည်။

ည၈-နာရီလောက် ရန်ကုန်ဘူတာကြီး ရောက်ပြီး ၄င်းဘူတာကြီး ဟော်တယ်၌ မအိပ်ဘူးသော ကုဋင် မွေ့ရာတို့၌ပျော်ရွှင်စွာ အိပ်ခဲ့ကြရပြီး နံနက်(၅)နာရီ အချိန်တွင် ပြည်အမြန်ရထားကြီးဖြင့် ဆက်လက်ကာခရီးနှင်ခဲ့ကြရပါသည်။

ရန်ကုန်မြို့ကို ဟော်တယ်ပေါ်မှ သာ ကြည့်ရှုခွင့်ရခဲ့ပါသည်။ ၁၀-နာရီအချိန် မင်းလှ အိုးသည်းကုန်းမြို့တို့မှ နိကာယဝင်ဆရာဒကာတို့က ဆွမ်းထုပ်များကပ်လှူသဖြင့် စားသုံးခဲ့ရပါသည်။

ပေါင်းတည်ဘူတာသို့ရောက်သော် အသားဖြူဖြူ ရုပ်ချောချော ဥပသကာကြီးဦးထွန်းရက-ဟော့ဒီမှာဆရာတော်လာကြပြေ ဝတ်သင်းသူများကိုခေါ်ကာ- လက်အုပ်ချီမိုး ရှိခိုးဦးတင်ကာ "သာသနဿစ လောကဿ ဝုမ္မိ ဘဝတု သဗ္ဗဒါ၊ သာသနမ္ပိစ လောကဥ္စ ဒေဝါရက္ခန္တု သဗ္ဗဒါ"ဟု အသံချိုချို နားဝင်ပိုအောင် ရွတ်ဆိုပူဇော် ဆီးကြိုမူပြုကြပါသည်။

(ဥပါသကာဦးထွန်းရမှာ- စစ်ကိုင်းတောင် မဟာဓမ္မကထိက ဝိဇ္ဇောဒယ-ဆရာတော်၏ တပည့်ဖြစ်ပါသည်၊ ပထမကြီးအောင်ဖြစ်၍ ပါဠိစကားကျွမ်းကျင်ပါသည်။ )

၁၂-နာရီ ၁-နာရီလောက် ပြည်ဘူတာသို့ ရောက်သော် ဆလွန်းကား အစီး ၂၀-ခန့်နှင့် မြို့နေလူထုပရိသတ်များစွာ အဆောင်အရောင်များစွာဖြင့် ပင့်ဆောင်ကြရာ ပ-ဝိ-ဗာကျောင်းတိုက်တာသို့ ကောင်းစွာပင်ရောက်ရှိခဲ့ပါသည်။

ဤကဲ့သို့ရောက်ရှိသည့် အချိန်မှာဘဲ ဗာရာဏသီဆရာတော်က ရှေးဦးစွာနှုတ်ဆက်အမိန့်ရှိသည်မှာ ဥပါသကာကြီးနှင့် ဒကာ ဒကာမ ဝတ်သင်းသူ ဝတ်သင်းသားများတို့ သာသနာတော်ကြီး လောကကြီး တိုးတက်ကြီးပွါး ပါစေ- သာသနာတော်ကြီးလောကကြီးကို နတ် အပေါင်းတို့ကလည်း အချိန်ရှိတိုင်း စောင့်ရှောက် ပါစေလို့--နတ်တွေကို ချည်းလည်း တာဝန်မပေး ကြနှင့်ဦး၊ ငါတို့လည်းစောင့်ရှောက် ပါမယ်လို့- ဆိုကြဦး ဟု အမိန့်ရှိကာ လိုက်ပြီးဆိုကြ သာသနဿစ လောကဿ ဝုမ္မိ ဘဝတု သဗ္ဗဒါ၊ သာသနမ္ပိစ လောကဥ္စ မယာရက္ခန္တု သဗ္ဗဒါ"ဟု ပါဠိအနက် သုံးကြိမ်ချပေးပါသည်။ ဤသည်ပင်လျှင် ဆရာ ဒကာညီညာစွာဖြင့် သာသနာတော်ကြီး, ပ-ဝိ-ဗာတိုက်ကြီး စည်ပင်တိုးပွါး အကျိုးများအောင် ရှေးဦးအစပဘာဝဆောင်ရွက်ပြုလုပ် အားထုတ်ခဲ့ခြင်း ဖြစ်ပေသည်။

ကျောင်းတိုက်အစ်မကြီး သခင်မကြီး ဝဏ္ဏကျော်ထင်ဘွဲ့ နိုင်ငံဂုဏ်ရည်ဘွဲ့-လွတ်တော်အမတ် စသည်ဖြင့်ဂုဏ်ထူးရှင် ဒေါ်သိန်းတင်နှင့် တပည့်အပေါင်းတို့သည်ကား ဝါဆိုသည့်နေ့တွင် သံဃာ တစ်ပါးလျှင် ကုဋင် ခြင်ထောင် သက်န်းဘိနပ် စသည်လှူဒါန်းသည်မှုမက နံနက်ဆွမ်း နေ့ဆွမ်းပွဲမှာ- ကြက်-ဝက်-ငါးစသည် စပါယ်ရှယ်ဟင်းလျာ တို့ကို တိုက်အစ် မကြီး ဒေါ်သိန်းတင်ကိုယ်တိုင် လာရောက်စီမံချက်ပြုတ်ပြီး ကပ်လှူခဲ့ပါသည်။

ဆရာတော်ဘုရားက မောင်ရင်တို့ မောင်ပဥ္စင်းတို့က -တိုက်အစ်မတို့ကို မေတ္တာပို့ကြ-နောက်ဘဝကြလျှင်တိုက်အစ်မရဲ့ဝေါစင်ကို ထမ်းနေကြရလိမ့်မယ်ဟု ဩဝါဒပေးဘူးပါသည်။ တစ်လနှစ်လခန်

ကြာသော်- တိုက်အစ်မ ရေရှည်လုပ်ရမည့် တာဝန်ဖြစ်တယ်- ဟင်းတစ်မျိုးစားလို့ဖြစ်လျှင် တော်ရော့ပေါ့ ဟုအမိန့်ရှိကာမှ တစ်နေ့လျှင် မနက်နေ့ဆွမ်းအတွက် ဟင်းကောင်းတစ်ခွက် စီဖြင့်မျှတရပါသည်။ ဤစာရေးသူသည် ပ-ဝိ-ဗာ ၌ ၆-နှစ်မျှနေခဲ့စဉ်ကဘက်ရည်, ကော်ဖီများ မသောက်ချင်အောင်ဝခဲ့ပါသည်။ ဇီး, မန်ကျီး, ဥသျှစ်အဖျော်တို့ကိုလည်း တစ်မျိုးပြီးတစ်မျိုး သောက်ခဲ့ရသဖြင့် မမြင်ချင်အောင်ဝခဲ့ပါသည်။ ဝါဝင်ဝါကျွတ် သင်္ကန်း ဆပ်ပြာ သွားတိုက်ဆေး မဝယ်ရ- ရတနာပုံသီချင်းထဲက-လိုဘဲ (သုံးမကုန် ဖြုံးမကုန် အလုံးစုံရစ်ဝှမ်း အလှူအတန်းပေးလို့မကုန်) ဖြစ်တဲ့အတွက် သောတုနုနယ် ရှင်ငယ် ရဟန်းငယ်များ ချမ်းသာသုခ ရှိလှပါပေစွ။

ငင်း ပ-ဝိ-ဗာတိုက်ကြီးကို ဖြစ်မြောက်အောင် ဆက်သွယ်ပေးသူကား စစ်ကိုင်းမှ ကျစွာချောင်ဆရာတော်ကြီးပါတည်း။ ရွှေမျက်မှန်ဆရာတော်လို့လည်း ထင်ရှားပါတယ်။ (ဆက်သွယ်ပုံမှာ ရာပြည့်စာစောင်တွင်ကြည့်ပါ။)

ကျစွာချောင်ဆရာတော်ဘုရားကြီးသည်- မိမိဆက်သွယ်အရင်းတည်ခဲ့သော ပ-ဝိ-ဗာတိုက်သို့ ကြည့်ရှုရန် ၁၃၂၁-ခု နတ်တော်လဆန်း ၁၂-ရက်လောက်မှာ ကြွရောက်တော်မူခဲ့ပြီး နတ်တော်လပြည့်နေ့ ညဘုရားဝတ်ပြုပြီးချိန်ဂိုဏ်းဂဏ အစဉ်အလာအရ-ထေရ်ကြီးထေရ်ငယ် သာမဏေ ကျောင်းသား ဥပသကာ ဒါယကာ ဒါယိကာမတို့အား ဩဝါဒစကား မိန့်ကြားခဲ့ပါသည်။

ကျစွာဆရာတော်ကြီးကား အသံဩဇာကောင်းမွန်လှ၍ ရယ်ရွှင်ဖွယ်ရာ အတုယူစရာ၊ အသားပါလှသောအောက် ပါဩဝါဒကိုပေးသနားပါသည်။ "အရှင်ဘုရားတို့ အင်းဝခေတ်တုံးက (၁) စာတတ်ငခုံ၊ (၂) စာကုန်မာန်ကျီးတော၊ (၃) စာပြောသဲအင်း- လို့ ဆရာတော်ကြီးသုံးပါးရှိသတဲ့" (က) ပိဋကတ်ကျမ်းစာဟူသမျှကို တဘက်ကမ်းရောက်အောင်တတ်မြောက်လို့ စာတတ်ငခုံဟုထင်ရှားတယ်။ (ခ) ပိဋကတ်ကျမ်းစာများကို မသင်ဘူးမရှိ ပါဠိ အဋ္ဌကထာ ဋီကာပါမကျန် အလုံးစုံ



၁၃၂၃-ခုနှစ်၊ ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်ဝါဆိုသံဃာတော် (၄၆)ပါး
ရဟန်း(၁၅)ပါး၊ ရှင်သာမဏေ(၃၁)ပါး

ကုန်အောင်သင်ဘူး၍ စာကုန်မကျီးတော့ဟု ထင်ရှားတယ်။ (ဂ) ပိဋကတ်ကျမ်းစာများနှင့် တိုင်ပင် နှီးနှော ပြောဆိုရမည်ဆိုလျှင် လိင် အံ ဝိဘတ် ဓာတ် ပစ္စည်းများကို နှိုက်နှိုက်ချွတ်ချွတ်

ဟောနိုင်ပြောနိုင်ပို့ချနိုင်လို့ စာပြော သဲအင်းလို့ အမည်ရကြတာပေါ့။ ၄င်းဆရာတော်ကြီး သုံးပါးအနက် ငခုံဆရာတော်ကြီးသည်ကား သူ၏တိုက်တာ၌ သီတင်းသုံးနေထိုင်ကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့အား သြဝါဒပေးဆုံးမတော်မူသည်မှာ-

" ကိုယ့်တွက်ကိုယ့်တာ သူတကာ အပူမရှာလေနှင့်၊ ကိုယ့်ကြောင့်သူ့မှာ မသက်သာ ဘယ်ဟာကိုယ်မှုမပြုနှင့်"ဤသို့ ဆုံးမသတဲ့-ဟု ကျစ္စာဆရာတော်ဘုရားကြီးက- ဖေါ်ပြပါဆောင်ပုဒ်ကို-ချ၍-ချ၍အပြီးမှာ "ငခုံဆရာတော်"ဟုထည့်ကာထည့်ကာ ချပေးပါသည်။ မရ,ရအောင်ချပေးပါသည်။ ငခုံဆရာတော်၏ သြဝါဒကိုသူ၏တိုက်တာမှာ-ကြီးပွါးသကဲ့သို့ ဒို့ ပ-ဝိ-ဗာတိုက်သားတို့လည်းပဲ တိုးတက်စည်ကားအောင် အားထုတ်နိုင်ကြပါစေ-

ကျစ္စာဆရာတော်ကြီးက ဆက်လက်ပြီး သြဝါဒပေးပြန်သည်မှာ-ရှေးမင်းတွေလက်ထက်၌-ရာဇဂုရုတံဆိပ်တော်ရ ပုဂ္ဂိုလ်များကို နန်းတော်သို့ပင့်ပြီး ဆွမ်းကပ်လေ့ရှိရာ တနေ့သောအခါ၌ ဖေါ်ပြပါ ဆရာတော်ကြီး(၃)ပါးကို ဆွမ်းကပ်ပြီး ဒီနေ့တော့ ပိဋကတ်သုံးပုံမှာ မပါတဲ့တရားကို ချီးမြှင့်ပါဘုရားဟု-ဘုရင်ကြီးကလျှောက်တင်သတဲ့။

သဲအင်းဆရာတော်-မာန်ကြီးတောဆရာတော်တို့က ငခုံမှပဲတတ်နိုင်မယ်-ငခုံဆရာတော်သာ ချီးမြှင့်ပါဟု လျှောက်ထားကြလေရာ ဒါဆိုရင် ငါပဲဟောရမှာပေါ့ဟုပြောဆိုကာ-ပေပင်ယပ်ကြီးထောင်ပြီး ပိဋကတ်တော်ထဲ မပါတဲ့တရားကတော့---

"အထက်နှင့်အောက် အရိုးမရှိတဲ့ နှစ်ကောင်ဒွိ ကို နိုင်အောင်ဖိက-နိဗ္ဗာန်ရ၏"တဲ့ ဒကာတော်ရေမြေ့ရှင်- ဟုဟောတော်မူကာ-ကြွသွားသတဲ့-ရှင်ဘုရင်နှင့် မှူးကြီးမတ်ရာသေနာပတိစသော နန်းတွင်းသူများလည်း-အူလှိုက်သဲလှိုက်ဝမ်းသာပီတိဖြစ်ကြသတဲ့ --မောင်ရင်တို့ . အထက်အရိုးမရှိတာ သိလား? ပါးစပ်ထဲကရှာ (လျှာ) ပေါ့ဟဲ့၊ အောက်အရိုးမရှိတာက ပေါင်ကြားထဲကဟာ-ပေါ့ဟဲ့-ဟု ရွှင်ရွှင်ပြုံးပြုံး သြဝါဒပေးသွားလေရာ- ရဟန်း သာမဏေ ကျောင်းသားများပါမကျန် ဝမ်းသာရွှင်ပျော် သြဝါဒတော်ကို စိတ်ဝင်စားကာ သာဓုနုမော် ခေါ်ဆိုကြပါ၏။

ဤကဲ့သို့ ကျစ္စာချောင် ဆရာတော်ကြီးကလည်း လောကီ လောကုတ္တရာ သာသနာကြီးပွားအမှတ်တရဖြစ်လောက်အောင် ငခုံဆရာတော်၏ သြဝါဒကို အခြေခံမူထားလျှက် ဆုံးမသွားသည်ကို ထေရာနုထေရာ-အဆက်ဆက်တို့နှစ်သက်မြတ်နိုးကြလိမ့်မည်-ဟု ယုံကြည်ချက်ဖြင့်-----

ထေရာနုထေရောဝါဒ ဟူသောစာတမ်းဖြင့် မှတ်တမ်းတင်ပြသူ-

တချိန်က- ဘဒ္ဒန္တနိမ္မလ
(တိုင်းသံဃနာယကဥက္ကဋ္ဌ)
ယခု ဒကာတော် နိုင်မင်းဦး
ညောင်ကန်ရွာ၊ ထီးလင်းမြို့နယ်
ဂန့်ဂေါခရိုင်၊ မကွေးတိုင်း။

---

ဘဒ္ဒန္တနိမ္မလ(ထီးလင်း)သည် ဝိ-ဗာတိုက် စတင်တည်ထောင်စဉ်က မန္တလေးမှပြည်သို့ ဗာရာဏသီ ဆရာတော်ဘုရားကြီးနှင့်အတူလိုက်ပါခဲ့သည်။ ၁၃၂၁-၂၂-၂၃-ခုနှစ်တို့တွင် ငယ်,လတ်,ကြီးဆက်တိုက် အောင်မြင်ပြီး ၁၃၂၄-ခုနှစ်တွင် ပါရာဇိကဏ်ကျမ်းစွဲဖြင့် ဝိ-ဗာတိုက်အတွက် ဂုဏ်ယူခဲ့သူဖြစ်သည်။

စာတည်းအဖွဲ့

## ၁၃၄၃–ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက်
## ဝိ–ဗာတိုက် မူလကျောင်းဆောင်ထက်/အောက် သံဃာတော်များအမှတ်တရ



နောက်(ဝဲမှယာ) ရှင်-------၊ ရှင်-------၊ ဦးသုဇနပ္ပိယ၊ ရှင်နရာနန္ဒ၊ ရှင်-------၊ ရှင်သနန္တန၊
ရှင်သုမနဓဇ၊ ရှင်ဣန္ဒညာဏ၊ ရှင်ကဝိပ္ပိယ၊ ရှင်ပညာဓဇ
အလယ်(ဝဲမှယာ)ရှင်အမတောဘာသ၊ ရှင်ကုလီနပ္ပိယ၊ ရှင်-------၊ ဦးဇယဇောတ၊ ဦးဣန္ဒာတပ၊
ဦးပညာလာဘီ၊ ရှင်ဝိမလာနန္ဒ၊ ရှင်-------၊ ဦးကိတ္တိဗလ၊ ဦးဒိဝါကရ
ရွှေ့တန်း(ဝဲမှယာ) ရှင်-------၊ ရှင်-------၊ ရှင်သုခိန္ဒ၊ ဦးသီလာနန္ဒ၊ ဦးအဂ္ဂဓမ္မ(စာချ)၊ ဦးနိက္ခမာစာရ
ရှင်ဇဝနဓမ္မ၊ ရှင်-------၊ ရှင်ခမာစာရ

---

၁၃၃၉-ခုနှစ်မှ၁၃၄၅-ခုနှစ်အထိ (၇)နှစ်ဆက်တိုက် မူလကျောင်းဆောင်သံဃာတော်များ စုပေါင်းအမှတ်တရ
ဓာတ်ပုံရိုက်ဖြစ်အောင်စီစဉ်ပေးခဲ့သော ဦးသီလာနန္ဒ(နာဋ္ဌာဂီရိတောရ)အား အထူးကျေးဇူးတင်ရှိပါသည်။
စာမျက်နှာ အခက်ခဲကြောင့် ကျန်ပုံများမဖော်ပြနိုင်သည်ကို သည်းခံခွင့်လွှတ်စေလိုပါသည်။

စာတည်းအဖွဲ့



# အရိပ်


ဦးပညာဝုဓ (ကျွန်းတိုင်း)

အာရုံတစ်ခုပြုမိသည်ကား ယခုရှေ့နောက် ၁၃၇၀-ခုနှစ် ဟိုဘက်ဒီဘက်နှစ်သည်ကား "ရွှေရတုခေတ်" တစ်ခေတ်ဟုဆိုနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ရန်ကုန်မြို့၊ ဗဟန်း ဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ စစ်ကိုင်းမြို့ မဟာသုဗောဓာရုံစာသင်တိုက်၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်စာသင်တိုက်စသည်တို့သည် နှစ်ငါးဆယ်ပြည့် "ရွှေရတု" ပူဇော်ပွဲများ ကျင်းပခဲ့သောကြောင့်ဖြစ်ပါသည်။

စာသင်တိုက်တည် ဆရာတော်များ၏ သာသနာ့သမိုင်းမှတ်တိုင်များဖြစ်ပါသည်။ ကျောင်းတိုက်တို့၏ သာသနာတွက်စွမ်းဆောင်မှုတို့ကို ထုတ်ဖော်ပြသခွင့်ရရာအခါဟုဆိုလျှင်လည်းမှားမည်မထင်ပါ။ ထိုသို့ ပြုလုပ် ကြသည်တွင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်သည်လည်း "ရွှေရတု"ကျင်းပရာအချိန်သို့ ရောက်ရာနှစ်ဖြစ်ပါသည်။ မိမိသည်လည်း ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကြီး၏ ရတုနှစ်ပြိုင်ရဟန်းတစ်ပါး ပင်ဖြစ်ပါသည်။

၁၃၆၄-ခုနှစ်ကလည်း ဗာရာဏသီဆရာတော်ဘုရားကြီး၏ သက်တော်ရာပြည့်ပူဇော်ပွဲ ပြုလုပ်ခဲ့ပါသည်။ မှတ်တမ်းတင် ရာပြည့်စာအုပ်လည်းထုတ်ဝေဖြစ်ပါသည်။ စာအုပ်လည်းရရှိခဲ့ပါသည်။ သို့သော် စာရေးသားပူဇော်ခွင့်မရရှိလိုက်ပါ။ အမှတ်တမဲ့မှ အမှတ်တရဖြစ်ခဲ့၍ ယခုတစ်ခါတွင် အမှတ်တရအဖြစ် ရေးသားပူဇော်လိုက်ရပါသည်။

ဤသို့ အထိမ်းအမှတ်ပူဇော်ပွဲများသည် သာသနာ့နယ်ပယ်တွင်ရှိသလို လောကီနယ်ပယ်ကျောင်းများတွင်လည်း ပူဇော်ပွဲများ ပြုလုပ်နေသည်ကို မြင်ရတွေ့ရ ကြားသိရပါသည်။ ကောင်းသော အစဉ်အလာ အလေ့အထ တစ်ခုပင်ဖြစ်ပါသည်။ သားစဉ်မြေးဆက် ကောင်းသောသမိုင်းစာမျက်နှာများ ဖြစ်သည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရမည်ဖြစ်ပါသည်။



ရွှေရတုစာစောင်ထုတ်မည်ဆိုတော့ ဆရာတပည့်ကြီးငယ်များ သမိုင်းအသီးသီးကို ဖွင့်လှစ်ပြသကြမည် ဖြစ်သည်ဟု ယုံကြည်မိပါသည်။

မိမိအနေဖြင့် ကျောင်းတိုက်နှင့်ဆရာသမားများအရိပ်၌ ခိုလှုံခဲ့ရသောမေတ္တာရိပ်ကိုအရိပ် ပမာပြု၍ ရေးသားတင်ပြလိုပါသည်။ ပူပြင်းခြောက်သွေ့သောကန္တာရခရီးကြမ်းကို ဖြတ်သန်းရသောသူပင်ဖြစ်စေ၊ ပူပြင်းသော နေဒဏ်အောက်မှာထီးစသောအမိုးအကာမပါဘဲ လျှောက်လှမ်းရသူပင်ဖြစ်စေ အေးမြသောအရိပ်အာဝါသကို တမ်းတတတ်ကြသည်မှာ ထုံးစံပင် ဖြစ်ပါသည်။

ထိုအရိပ်ဟူသောနေရာဌာနတို့ကို သတ်မှတ်ချက်အားဖြင့်- လောကနီတိဆရာ မြတ်က. . . .

"သုခါရုက္ခဿ ဆာယာဝ၊ တတော ဉာတိ မာတာ ပိတု။

တတော အာစရိယောရညော၊ တတော ဗုဒ္ဓဿ နေကဓာ-ဂါထာဖြင့် သစ်ပင်၏အရိပ်၊ ဆွေမျိုး၏အရိပ်၊ မိဘ၏အရိပ်၊ ဆရာ၏အရိပ်၊ အစိုးရမင်း၏အရိပ်၊ မြတ်စွာဘုရား၏အရိပ်ဟူ၍ ခြောက်ဌာနအားဖြင့် အဆင့်ဆင့်ချမ်းသာခြင်း ရရှိပုံတို့ကို ပြဆိုထားလေသည်။ ထိုအရိပ်ခြောက်မျိုးတို့ကို လောကလူသားပုဂ္ဂိုလ်သတ္တဝါများသည် သက်ဆိုင်ရာအရိပ်တို့၌ နားခိုခဲ့ဖူးသည်ဖြစ်ကြပါသည်။

ထိုကဲ့သို့အရိပ်ကိုနားခိုကြပါသော်လည်း သူတို့၏စိတ်နေသဘောထားများသည် ပုံစံအမျိုးမျိုး စရိုက်အဖုံဖုံဖြင့် ဝင်ရောက်လာနိုင်လာကြပါသည်။ အချို့သောသူတို့သည်ကား အရိပ်၏ကျေးဇူးကို သိသူ၊ အချို့သောသူတို့သည်ကား အရိပ်၏ကျေးဇူးတရားကို မသိသူ ဟူ၍နှစ်မျိုးနှစ်စားအားဖြင့် ကွဲပြားကြလေသည်။ ကျေးဇူးတရားကိုသိသောသူတို့သည် မိမိတည်းဟူသောအကြောင်းကြောင့် အနှောက်အယှက်မဖြစ်စေရ၊ ဂုဏ်မတက်စေသော်လည်း ဂုဏ်မပျက်စေရန် သတိထား၍အရိပ်ကိုနားခိုကြလေသည်။ ကျေးဇူးတရားမသိသူတို့သည် အရိပ်နေနေအခက်ချိုးချိုး သဘောမျိုးဖြင့် ကျေးဇူးတရားကို ဖျက်ဆီးမိတတ်ပါသည်။ သို့ပါ၍အေးချမ်းစွာဖြင့် နားခိုခြင်းကိုပြု၍ ကျေးဇူးမဲ့မပြုမိစေရန် သတိထားရှောင်ကြဉ်သင့်ပါသည်။

ဤနေရာ၌ အရိပ်ဟုဆိုချင်သည်မှာ ဆရာသမားများ၏ အရိပ်ကိုဆိုလိုပါသည်။ ထိုဆရာသမားအရိပ်ကိုနားခိုရန် ရောက်ရှိလာကြသော ပုဂ္ဂိုလ်များသည် လောကီ လောကုတ္တရာ၊ ပစ္စုပ္ပန် သံသရာ အကျိုးတရားများကိုလိုလားသည် ဖြစ်၍လာရောက်နားခိုကြရပါသည်။ ထိုဌာနသို့ ရောက်လာသော သူတို့အား မျက်နှာကြီးငယ်မလိုက်ဘဲ တပြေးညီစွာ အေးမြချမ်းသာမှုကို ပေးစွမ်းနိုင်သည်သာဖြစ်ပါသည်။

ဆရာသမားများဟူသောအရိပ်သည် ဒေသခရိုင် အသီးသီးမှ ရောက်ရှိလာကြသော တပည့်ရဟန်း, သာမဏေတို့အား စေတနာ ဝါသနာ အနစ်နာ အကြင်နာ ကရုဏာ-ဟူသောတရားတို့ဖြင့် အေးမြသောအရိပ်အာဝါသများကို ပေးဝေနေလျက်ရှိပါသည်။ နောင်အစဉ်အဆက် ဆရာသမားတို့သည်လည်း ဆက်လက်ပေးဝေလျက်ရှိကြပါလိမ့်မည်။

မိမိသည်လည်းဆရာသမားတည်းဟူသော

အရိပ်အောက်နေခဲ့စဉ်က စားဝတ်နေရေး ကျန်းမာရေးစသည်များသည် မတောင့်မတ မကြောင့်မကျ နေလာခဲ့ရပါသည်။ ယခုကဲ့သို့ကျောင်းထိုင် ဘုန်းကြီးဘဝရောက်ရှိလာသောအခါ နေတတ်ထိုင်တတ် သွားတတ် လာတတ် ဝတ်တတ် စားတတ် ဖြစ်ရခြင်းသည် ကျေးဇူးကြီးမား ဆရာသမားတို့၏ အရိပ်အာဝါသ၌ နားခိုခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။ ဤကဲ့သို့ မိမိဘဝကိုမိမိဖန်ဆင်းရာ၌ အခက်အခဲအမျိုးမျိုး တွေ့ကြုံရသောအခါမှ အေးမြသော ဆရာသမားတို့၏ အရိပ်ကိုပိုမို နားလည်ခံစားမိရပါသည်။ ဆရာသမားတို့၏ အေးမြသောအရိပ်၌ ခိုလှုံခဲ့ရသော တပည့်တို့သည်ထိုအရိပ်ဟူသော နေရာဌာနကို ထာဝရ လွမ်းဆွတ်သတိရနေကြမည်မှာ ဧကန်မုချပင်ဖြစ်ပါသည်။ ထိုအရိပ်ဟူသော ဆရာသမားများ၌ ရှိထိုက်ကြသော ဂုဏ်ပုဒ်တို့ကိုလည်း တနည်းအားဖြင်းဆိုရသော် ကလျာဏမိတ္တပုဂ္ဂိုလ်ဝင် သူတော်စဉ်များ ဖြစ်ကြရ၍.......

ကလျာဏမိတ္တပုဂ္ဂိုလ် အဆွေ ခင်ပွန်းကောင်း အရေးကြီးပုံကို သံယုတ္တနိကာယ်၊ ကလျာဏမိတ္တသုတ်မှာ- အရှင်အာနန္ဒာ မထေရ်မြတ်က မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကို အောင်မြင်မှုအားလုံးမှာ ဆရာသမားမိတ်ကောင်းများဟာ ထက်ဝက်မျှ အရေးကြီးတယ်ထင်ပါတယ်ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက “ဒီလိုမဟုတ်ဘူး အာနန္ဒာ၊ ဒီလိုမဟုတ်ဘူး”လို့ ထပ်ဆင့်ကာတားမြစ်တော်မူပြီး၊ “မှတ်ထား အာနန္ဒာ အောင်မြင်မှုမှန်သမျှမှာ ဆရာသမားဆိုတဲ့ ကလျာဏမိတ္တဟာ လုံးဝ (ရာနှုန်းပြည့်) အရေးကြီးတယ်၊အခြားကိုမကြည့်နဲ့ သင်တပည့်သာဝကတွေကိုပဲကြည့်၊ ရဟန္တာဖြစ်နိုင်လောက်အောင်အထိ ဘယ်လောက်ပဲပါရမီ တွေဖြည့်ကျင့်နေနေ ငါဘုရားဆိုတဲ့ ကလျာဏမိတ္တကိုအမှီမရဘူးဆိုရင် မဂ်ဖိုလ်နိဗ္ဗာန် ဆိုတဲ့အေးချမ်းမှု၊ အောင်မြင်မှုတွေကို ဘယ်လိုလုပ်ပြီး အစွမ်းပြနိုင်ကြမလဲ”လို့မိန့်ကြားတော်မူပါတယ်။ သို့အတွက်ကြောင့် တပည့်တို့အတွက် ဆရာသမားတည်းဟူသော ကလျာဏမိတ္တ ပုဂ္ဂိုလ်များဟာ အင်မတန်မှအရေးပါအရာရောက်ကြောင်း သိသာထင်ရှားလှပါသည်။ ဆရာသမားတို့၏ မေတ္တာ စေတနာတို့ကို ဆရာ



(ဝဲမှယာ-နောက်တန်း) ရှင်ကောသလ္လ၊ ရှင်သောဘိတ၊ ဦးအဂ္ဂဉာဏ၊ ဦးစန္ဒသိရီ၊ ဦးဝိစာရ၊ ဦးဝိနယ
(ဝဲမှယာ-ရှေ့တန်း) ဦးကေလာသ၊ ဦးခမာစာရ(ရှစ်မိုင်-မစိုးရိမ် စာချ)၊ ဦးအမတောဘာသ(ရှစ်မိုင်-မစိုးရိမ် တိုက်အုပ်)
ဦးသြဘာသ၊ ဦးဝါယမ ဝိ-ဗာတိုက် သိရီထေရပ်မာနသုံးထပ်တိုက်ရှေ့ အမှတ်တရ (၂၈-၆-၀၉)

ဆရာကြီးများကလည်း ဤသို့အားဖြင့် အသီးသီး ရေးသားခဲ့ကြပါသည်။

နာယကဂုဏ်(၆)ပါးတည်း ဟူသော-

ခမာ-မြေကြီးကဲ့သို့သီးခံခြင်း၊

ဇာဂရိယ-နိုးကြားခြင်း၊သတိရှိခြင်း၊

ဥဋ္ဌာန-ထကြွလုံးလ ဝီရိယရှိခြင်း၊

သံဝိဘာဂ-ဝေဖန်ခွဲခြားနိုင်ခြင်း၊

ဒယာ-သနားချစ်ခင်ကျင်နာခြင်း၊

ဣက္ခဏာ-ပညာရှိတို့ကိုဆွေးနွေးမေးမြန်းခြင်း-စသည့်တစ်မျိုး။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ ဝတ်ငါးဖြာ-ဟူ၍တစ်ဖုံ။ ရှေ့ရှုမေတ္တာ၊ ကရုဏာနှင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ ဝမ်းတွင်မသို၊ ဟုတ်တိုင်းဆို၍၊ ကြိုးလိုစိတ်က၊ ဆုံးမတတ်သူ၊ ဆရာဟူလေ့-ဟူ၍တစ်ဖြာ-စသည်အားဖြင့် ရေးသားသလို၊ လောကီစာရေးဆရာတစ်ဦးက ဤသို့ရေးသားခဲ့ပြန်ပါသေးသည်-

* အကြင်သူသည် အကြီးကျယ်ဆုံးသော ဗိသုကာဖြစ်၏။
* အကြင်သူသည် အမြင့်မြတ်ဆုံးသော ဥယျာဉ်မှူးလည်းဖြစ်၏။
* အကြင်သူသည် အနူးညံ့ဆုံးသော အနုပညာရှင်လည်းဖြစ်၏။
* အကြင်သူသည် အနစ်နာခံနိုင်ဆုံးသော အလုပ်သမားလည် ဖြစ်၏။
* အကြင်သူသည် စေတနာအကောင်းဆုံးသော အလှူရှင်လည်းဖြစ်၏။
* အကြင်သူသည် လှပသော အတွေးအခေါ်လည်းရှိ၏-


သို့သော် ပစ္စည်းဥစ္စာမချမ်းသာ ထိုသူသည် ဆရာသမားများသာတည်း-ဟူ၍ဖြစ်ပါသည်။

ဤသို့ အဆိုရှိသည့်အတိုင်း ဆရာသမားတို့ပြုစုပျိုးထောင်သွန်သင်ခဲ့မှုကြောင့် မိမိတို့တပည့်များအနေဖြင့် ပြောဆို နေထိုင် လုပ်ကိုင်တတ်မှု အစုအစုတို့ဟာ ဘဝတစ်ခုအတွက် ဖြောင့်ဖြူးသောလမ်းကိုလျှောက်လှမ်းနိုင်ရ၍အေးမြချမ်းသာသော အရိပ်အောက်တွင် နားခိုခွင့် ရရှိနိုင်ကြ မည်ဖြစ်ပါသည်။

ယခုလို အရိပ်အောက်နားခိုခွင့်ရရာခဏဝယ် မတွေ့ဖြစ်ကြသော ဆရာတပည့်တို့၏ တွေ့ဆုံသောအချိန်အခါ၌ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုပြီး စိတ်ဓာတ်အဟာရ တိုက်ကျွေးစားသုံးစေသော သက်ရှည်ဆေးတစ်ပါးလည်းဖြစ်ပါသည်။ အိပ်ပျော် နေသောစိတ်အစဉ်တို့ အိပ်ရာမှ နိုးထ ရွှင်လန်းတက် ကြွစေသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

သို့အတွက်ကြောင့် "ရွှေရတုသဘင်" ပူဇော်ပွဲကြီးသည် တိုက်တည်ဆရာ တော်ဘုရားနှင့် ဆရာအသီးသီးတို့၏ ဂုဏ်တော်, ပုံတော်များကို အာရုံပြု ပူဇော်ခွင့်ရခြင်းသည်ကား- မယဒေဝ လင်္ကာသစ်-မန်လည်ဆရာတော်ဘုရား မိန့်ဆိုတော်မူသော "မေတ္တာရှေးဦး၊ ပြုပေးဖူးကို၊ ကျေးဇူးသိမှု၊ ကတညုတည့်၊ ထိုသူ့ထက်ပင်၊ ကျေးဇူးတင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတုံပြီရှင့်" ဆိုသောလင်္ကာနှင့်အညီ ကျေးဇူးဆပ်ခြင်း ပြုကြရ၍ မင်္ဂလာအပေါင်းတွေနှင့် အတူ ရွှေရတုမှသည် ရတုပေါင်းမြောက်များစွာကို ဆင်နွှဲနိုင်ပါစေကြောင်း အေးမြချမ်းသာသော အရိပ်အောက်၌ ပြည့်စုံစွာ ခိုနားနိုင်ကြပါစေကြောင်း ဂုဏ်ပြုပူဇော်လိုက်ရပါသည်။

ဥးပညာဝံ့ (ကျွန်းတိုင်း)
အောင်လံမြို့နယ်
မကွေးတိုင်း



# ကရုဏာရှင်သို့ ကန်တော့ပန်းဆင်

အရှင်အဓိဘူ (ဝိ-ဗာစာချ)

စာရေးသူသည် ကိုစွတစ်ခုဖြင့် ရန်ကုန် ရှစ်မိုင်-မစိုးရိမ်ရွှေကျောင်းတိုက်သစ် ရောက်ခိုက်---စာရေးရန် မဝံ့ရဲသော်လဲ တည်းခိုရာ မစိုးရိမ်တိုက်သစ် သူငယ်ချင်းများရဲ့ ဝိ-ဗာတိုက်တည် နှစ်(၅၀)ပြည့် ရွှေရတုစာစောင်တွင် အမှတ်တရလေးတစ်ခု ရေးထည့်ရန် တိုက်တွန်းကြသဖြင့် ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကို "မေတ္တာရှင် ကရုဏာရှင်" ဟုတင်စားရေးခေါ် ဝေါ်နီဒါန်း အစဖေါ်လိုက်ရပါသည်။

မေတ္တာရှင် ကရုဏာရှင် ဟု တင်စားခေါ် ဝေါ်လောက်သည့် ဗာရာဏသီမည်တွင် ထေရ်အရှင်သည် ပြည်မြို့ နဝင်းရပ်၊ ဝဏ္ဏကျော်ထင် ကျီးငှက်ဆေး လိပ်ခုံပိုင်ရှင် ဒေါ်သိန်းတင်၏ ပင့်လျှောက်ချက်ကို မေတ္တာရှေ့ထား လက်ခံတော်မူပြီး ၁၃၂၀-ခုနှစ်တွင် ငါးမျက်နှာဘုရားအစွဲပြု၍ ငါးမျက်နှာကျောင်းဟူ သောအမည်ဟောင်းကိုဖျောက်ပြီး ထိုနေရာကို

**ငယ်ရွယ်စဉ် ရှင်သာမဏေဘဝ ၁၄-နှစ်သားလောက် နေမကောင်းဖြစ်စဉ် တစ်ညနေ ဆေးခန်းသွားပြရန် လျှောက်ထားရာ ဆရာတော်မှာ မြို့ထဲပရိတ်ရွတ်ကြွရန် ခေါ်ထားသောကားကို ကိုယ်တိုင်မစီးတော့ဘဲ စာရေးသူအား ဆေးခန်းသို့ လိုက်ပို့စေပါသည်။**

**မေတ္တာကရုဏာ ကြီးမားစွာသော ဗာရာဏသီထေရ်အရှင်မှာ ပရိတ်ရွတ်ခြေလျှင်ကြွသွားသည်ကို ယနေ့တိုင် နေ့စဉ်နှင့်အမျှ အမှတ်တရမြင်ယောင် လွမ်းဆွတ်မိပါသည်။**

ဗာရာဏသီကျောင်းဟု အမည်သစ်တပ်ကာ စာသင်တိုက်ကြီးကို စည်းကမ်းကျနစွာ ဖွင့်လှစ်တည်ထောင်ခဲ့သည်မှာ ယခု ၁၃၇၁-ခုနှစ်မှာဖြင့် နှစ်(၅၀) ပြည့် ရွှေရတုသို့တိုင် ရောက်ခဲ့ပါပြီ။

ရွှေရတုပွဲနှစ်သို့ရောက်ပြီမို့ စွမ်းဆောင် နိုင်သည့်ဆရာတော်ဘုရားကြီး၏ တပည့်ကြီးငယ်တို့က ဦးဆောင် ဦးရွက်ပြုကာ ဆရာတော်ဘုရားကြီးရဲ့ မေတ္တာ ကရုဏာ ဂုဏ်ကျေးဇူးတို့ကို အမှတ်ရအောက်မေ့ကာ ရွှေရတုပွဲအတွက် လက်တွဲညီညီ အောင်ပွဲဆီသို့ လျှောက်လှမ်းနေသည်ကို တွေ့ရတော့ မျက်ရည်ကျမတတ် ဝမ်းသာပါသည်။ ဒီရွှေရတုမှသည် နောင်စိန်ရတု, ရာပြည့်ပွဲတိုင် လက်တွဲမဖြုတ် ခိုင်မြဲစွာ ဆောင်ရွက်နိုင်ဘို့ ဦးညွှတ်တွားကာ ဆုတောင်းမိပါသည်။

စာရေးသူသည် ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက် ဖွင့်ပြီး ၁၅-နှစ်လောက်တွင် ဗာရာဏသီဆရာတော်၏ ခြေရင်းသို့ ပညာရည်နို့ သောက်စို့ရန် ကျောင်းသားဘဝဖြင့် ရောက်ရှိခဲ့ပါသည်။ (ရောက်စမှာခိုင်းလျှင်, ရှုပ်ပြာပြာ နိုင်သဖြင့် နာမည်မခေါ်ဘဲ စာရေးသူအား "ရှုပ်တေး" ဟုဆရာတော်မှခေါ်ပါသည်)။

ဆရာတော်သည် တပည့်သားမြေး အဆက်ဆက်အပေါ် ကရုဏာကြီးစွာဖြင့် လိမ္မာယဉ်ကျေးစေဘို့ အခါအားလျော်စွာ သွန်သင်ဆုံးမ စည်းကမ်းများ ချမှတ်လေ့ရှိပါသည်၊ စည်းကမ်းချမှတ်ပြီးလျှင် ကျောသား ရင်သားမခွဲ အဂတိမလိုက်ဘဲ စီမံတတ်ပါသည်။ ကိုယ်တွေ့ဖြစ်ရပ်မှာ၁၃၄၁-ခုနှစ် လောက်က စည်းကမ်းချက်တစ်ခုချ ပါသည်။ ထိုစည်းကမ်းမှာ သံဃာအများစုပေါင်း၍ ဆွမ်းစားရာနေရာ ဆွမ်းကျောင်းပေါ်မှ မိမိနေရာသို့ဆွမ်းယူကာ စားပါက (၃)ကြိမ်ပြည့်လျှင် နှင်ထုတ်မည်ဟူသော စည်းကမ်းချက်ဖြစ်ပါသည်၊ ထိုစည်းကမ်းချက်ကို ပထမအကြိမ်အဖြစ် ကျောင်းသား၏ အမြင်မှားလျှောက်ထားမှုကြောင့် ဝမ်းနည်းမျက်ရည်ဝဲကာ ဆရာတော်ပေးအပ်သော ဒဏ်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသည်။ အမှတ်တမဲ့ ဒုတိယအကြိမ်မြောက် စည်းကမ်းကို ပြစ်ဒဏ်ထုံးစံအတိုင်း ပြည့်မြောက်သွားခဲ့ရပြန်လေသည်။ တတိယအကြိမ် မြောက်ကြပြန်တောလည်း အများခေါ်သဖြင့် အတူဝိုင်းဖွဲ့နေစဉ် (၃)ကြိမ်မြောက်ဖြစ်ကာ ကျောင်းတိုက်မှ နှင်ထုတ်ခြင်းဒဏ်ကို ဝမ်းနည်းကြေကွဲစွာဖြင့် တွေ့ကြုံခံစားခဲ့ရပါသည်။

အစားအသောက်,အသွားအလာ, အနေအထိုင် အစစအရာ လိုလေသေးမရှိရအောင် သွန်သင်ဆုံးမတတ်သည်မှာ--ဆွမ်း ဘုဉ်းပေးရာမှာလဲ ဇွန်းသံ, ပုဂံသံ မမည် မကြားရအောင် ကြပ်မတ်ဆုံးမခြင်း၊ မည်သံကြားလျှင် မည်သူ့ကြောင့် အသံကြားသည်ကို သိအောင်ပြုကာဒဏ်ပေးခြင်း၊ တစ်ကျောင်းနှင့်တစ် ကျောင်းသွားရာ, ရေချိုးသွားရာတို့၌ သမဏသာရုပ်ပမဖြစ်စေသော အပေါ်ရုံ

ဧကသီမပါဘဲ သင်းပိုင် ကိုယ်ပတ်ကိုပတ်လျက် မသွားရဘဲ ဧကသီကို ဝတ်ရုံ၍ သွားလာစေပါသည်။ ဆရာတော် သည်လဲ နွေ မိုး ဆောင်း ဘယ်အချိန်ဖူးဖူး သင်းပိုင်သက်သက်ပတ်၍ နေသည်မရှိ ဧကသီကိုသာ ရုံလျက် အမြဲနေထိုင်သည်မှာ ကြည်ညိုစရာ အလွန်ကောင်းလှပါသည်။

တပည့်များယဉ်ကျေးစေဘို့ရန် ခေါ်ရာ ပြောရာ၌လည်းကောင်း၊ ရယ်ခြင်း၊ သန်းခြင်း၊ ချေခြင်း၌လည်းကောင်း သတိ ထားတတ်ဘို့ရန် "ခေါ် ပြော ရယ် ကျယ် သန်း ချေ ကျယ်၊ ကျယ်ငါးပါးကို ပယ်ရမည်"ဟူသော လက်ာဖြင့် ရွှေရတု နှစ်တဝက်ကျိုးသည့်တိုင်တိုင်ဆုံးမခဲ့ပါသည်။

ဆရာတော်၏ တပည့်ဒါယကာ, ဒါယိကာမ များအပေါ် အယုတ်,အမြတ်မရွေး မေတ္တာကရုဏာ ကြီးမားပုံမှာ အတုယူစံနမူနာထား စာတင်ထား လောက် ပါသည်။ စာရေးသူလက်တွေ့ခံယူဘူးသည်ကို တင်ပြလိုပါသည်. . .

ငယ်ရွယ်စဉ် ရှင်သာမဏေဘဝ ၁၄-နှစ်သား လောက် နေမကောင်းဖြစ်စဉ် တစ်ညနေ ဆေးခန်း သွားပြရန် လျှောက်ထားရာ ဆရာတော်မှာ မြို့ထဲ ပရိတ်ရွတ်ကြွရန် ခေါ်ထားသောကားကို ကိုယ်တိုင် မစီးတော့ဘဲ စာရေးသူအား ဆေးခန်းသို့ လိုက်ပို့စေပါသည်။ မေတ္တာ ကရုဏာ ကြီးမားစွာသော ဗာရာဏသီထေရ်အရှင်မှာ ပရိတ်ရွတ်ခြေလျှင်ကြွသွား သည်ကို ယနေ့တိုင် နေ့စဉ်နှင့်အမျှ အမှတ်တရမြင် ယောင် လွမ်းဆွတ်မိပါသည်။ ဤသို့ဆရာတော် ဘုရား၏ မေတ္တာ,ကရုဏာကို မိမိခံယူဘူးသလို အခြားသော တပည့်များလဲ တစ်ခုမဟုတ် တစ်ခု တော့ခံယူဘူးကြလိမ့်မည်ဟု ယုံကြည်မိပါ၏။ တပည့် ဒါယကာ ဒါယိကာမများအပေါ် မေတ္တာ ကရုဏာ ပိုသော ဆရာတော်ဘုရားကြီးကို မေတ္တာရှင် ကရုဏာ ရှင်ဟု စာတင်စားလျှက် မှန်းမျှော်ကာ ကန်တော့ပန်း ဆင်လိုက်ရပါသည်။

**အရှင်အဓိဘူ (ဝိ-ဗာစာချ)**

## ရွှေရတုမှသည် စိန်ရတုဆီသို့

ဘကြီး(တော်)ဘုရား
တည်ထောင်သွားသည့်
ဒို့များနေရာ
တိုက် ဝိ-ဗာကား
နှစ်မှာငါးဆယ်
အမြစ်တွယ်လို့
ရင်မှာလွမ်းဖြိုး
တပည့်များက
စည်ကားပေါင်းစု
ရွှေရတု (ပွဲ)ကို
ယခုချိန်မှာ
ပြုကြပါသည်
နောင်လာ စိန်ရတု တိုင်စေသော်။ ။

မြေး/တပည့်
ရှုပ်တေး(ခ)မောင်စိုးရ
ဝိ-ဗာ



# အပ်နှစ်စင်းရဲ့ ဒဏ္ဍာရီ

နိုးကြား န.ပ.သ.(ရန်ကုန်)

တစ်နေ့ မိတ်ဆွေတစ်ယောက်ယူလာသော အပ္ပမာဒမဂ္ဂဇင်းစာအုပ်ကိုဖတ်ရှုစဉ် မထင်မှတ်ဘဲ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်အကြောင်း ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်၊ဆောင်းပါးမှာ "မိန်းမသားများစွာထဲက သမိုင်းဝင်မိန်းမသား"ဟူ၏။

တိုက်အမဒေါ်သိန်းတင်အကြောင်း၊ ယင်းနှင့် စပ်လျဉ်း၍ ဗာရာဏသီဆရာတော်ဘုရားကြီးအကြောင်း၊ ထိုမှတဆင့် ဝိသုဒ္ဓါရုံဗာရာဏသီတိုက် စတင်တည် ထောင်ခဲ့ပုံတို့ကို ဆောင်းပါးရှင်ကပြည့်စုံစွာ ရေးသားဖော်ပြထားသည်။

တိတိကျကျဆိုရပါမူ ၁၃၂၁-ခုနှစ်တွင်တိုက်အစ်မ သခင်မကြီးဒေါ်သိန်းတင်က ဗာရာဏသီ ဆရာတော်ဘုရားအား ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ကို ဆောက်လုပ်လှူဒါန်းကာ သာသနာတော်အတွက် အလေးထားလောက်တဲ့ ကျောင်းတိုက်တစ်တိုက် ဖြစ်ထွန်းပေါ်ပေါက်လာပုံကို ဆောင်းပါးမှာ တွေ့ရှိ လိုက်ရပေသည်။

"သတိမမူ ဂူမမြင်" ဆိုစကားကဲ့သို့ အမှတ်တမဲ့ဖြစ်နေတဲ့ အကြောင်းအရာများ ဆောင်းပါးကို ဖတ်ရှုပြီးတဲ့အခါ အောက်မေ့အမှတ်ရစရာတွေ တဖွားဖွားဝင်ရောက်လွှမ်းမိုးလာသည်။ ကမ္မနိယာမကံတရားရဲ့ ဖေးမကူညီမှုကြောင့် ထင်မှတ်မထားတဲ့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ရဲ့ရင်ခွင်ကို ခိုလှုံခွင့်ရခဲ့သည်။ အဲသည်လိုအေးမြတဲ့ ရင်ခွင်ကို ခိုလှုံရင်း လတွေနှစ်တွေရွှေ့လျား ပြက္ခဒိန်ပေါင်းမြောက်များစွာကို ဖြတ်သန်းကျော်လွှားရင်း ဘဝပုံရိပ်တွေ ထင်ကျန်ရစ်ခဲ့သည်။

လွန်ခဲ့သောဆယ်စုနှစ် အချိန်က ပညာရည်နို့သောက်စို့ခဲ့တဲ့ မိခင်ကျောင်းတော်ကြီးဟာ နှစ်ငါးဆယ်ခရီးကို မမောမပန်းလျှောက်လှမ်းလို့ ထုတ်ချင်းပေါက်ခဲ့ပေပြီ။ "ဝမ်းမြောက်ဂုဏ်ယူပါတယ်"

(congratulaion)ဟု ဆရာတော်ဘုရားနှင့်တကွ ဆရာတော် သံဃာတော်များ၊ တိုက်အမဒေါ်သိန်းတင် နှင့်ပြည်မြို့သူ-မြို့သားတို့အားပြောကြားလိုပါ၏။

ယခုဆိုလျှင် နှစ်ငါးဆယ်ခရီးကို အောင်မြင်စွာ လျှောက်လှမ်းခြင်း အထိမ်းအမှတ်အဖြစ် ရွှေရတုသဘင်အခမ်းအနား(Golden jubilee)ကို ခြိမ့်ခြိမ့်သဲ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မှာမို့ ဗာရာဏသီတိုက်သား ဆရာတော်သံဃာတော်များ၊ တပည့်ဒါယကာ+ဒါယိကာမအပေါင်းတို့မှာ ရင်ဝယ်ပီတိဂွမ်းဆီထိသကဲ့သို့ အပြုံးပန်းများ ဝေဆာပွင့်လန်းနေကြပေသည်။ "ပြုလုပ်သင့် ပြုလုပ်ထိုက်သည်ကို မပြုလုပ်ခြင်း၊ မပြုလုပ်သင့် မပြုလုပ်ထိုက်သည်ကို ပြုလုပ်ခြင်းသည် လူတုံးလူအ လူ့ဗာလတို့ရဲ့ အလုပ်ကိစ္စ တာဝန်"ဟုပညာရှိသူတော်မြတ်တို့ ဆိုထားသည်ဖြစ်ရာ လူကြိုက် နတ်ကြိုက် ဘုရားကြိုက်ဖွယ်ရာ အရေးအရာကိစ္စများဖြစ်သဖြင့် ပြုလုပ်သင့် ပြုလုပ်ထိုက်တဲ့ အခမ်းအနားကြီးဆိုရင် မှားမယ် မထင်ပါ။

ဗာရာဏသီဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ်အချိန်က စာရေးသူမှာ ကျောင်းသားအရွယ်ခပ်ငယ်ငယ်မျှသာရှိသေးသည်။ ဆရာတော်ဘုရားကြီးသည် ကျောင်းသားလေးများကို လွန်စွာအလေးထားသည်။ မောင်ကျောင်းသားများမှသည် ရှင်သာမဏေဘဝဆီသို့ ရည်ရွယ်ကာ သာသနာတော်အတွက် အလေးထားတော်မူခြင်းဖြစ်ပါသည်။ စာရေးသူနေထိုင်စဉ်က ကျောင်းသားပေါင်းလေး ဆယ်ခန့်ရှိသည်။ ဟင်းလေးဟင်းနှင့်ပဲပြုတ်ကို အဖော်ပြုရင်း ဗာရာဏသီတိုက်မှာ နေထိုင်ခဲ့တဲ့ ပုံရိပ်ဟောင်းတွေကို ပြန်လည်တွေးမိတိုင်း သတိရနေမိသည်။ ဆရာတော်ဘုရားကြီးသည်ကျောင်းသားလေးများကိုလည်း ရဟန်း သာမဏေများကဲ့သို့ပင် တစ်နေ့နှစ်ကြိမ် ဘုရားရှိခိုးစေသည်။ ဥပုသ်သီတင်းနေ့တိုင်း ဥပုသ်သီလကိုစောင့်ထိန်းစေသည်။ အဖိတ်နေ့ ညနေငါးနာရီခန့်တွင် ဓမ္မစက္ကပဝတ္တနသုတ်ကို တိုက်အုပ်ဆရာတော်(ဒုတိယဗာရာဏသီဆရာတော်) ထံတွင် သံပြိုင်ရွတ်ဆိုရသည်။ ဤသည်မှာ ဗာရာဏသီကျောင်းသားများ၏ ကျင့်ဝတ်စည်းကမ်းများထဲမှ တစ်ခုပင်ဖြစ်ပါသည်။


ငယ်ရွယ်စဉ်ဗာရာဏသီကျောင်းတိုက်မှာနေစဉ်က ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို သေသေချာချာ ဂဃနဏ ကွဲကွဲ ပြားပြား သိရှိခဲ့ခြင်းမရှိသည်ကို ရိုးသားစွာ ဝန်ခံပါရစေ။ ဆရာတော်ဘုရားကြီး၏ မေတ္တာတရားကြီးမားပုံကို ဤသို့ခပ်ဖျန်းဖျန်း အပေါ်ယံမျှလောက်ကိုသာ သိရှိခဲ့ပါသည်။

အထက်တန်း ပိဋကတ်စာပေများ၊ အခြားခြားသော ဘာသန္တရစာပေများ၊ အတွေးအခေါ် အယူအဆ သဘောတရားများ လေ့လာဆည်းပူးရသောအခါ ပုဂ္ဂိုလ်တစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ တန်ဘိုးရှိမှုကို ခွဲခြားဝေဘန်ဆုံးဖြတ်တတ်လာသည်ဟုဆိုချင်သည်။ ဤကဲ့သို့ခွဲခြားဝေဖန်နိုင်တဲ့ဉာဏ် အထိုက်အလျောက်ရှိလာသောအခါဗာရာဏသီ ဆရာတော်ဘုရားကြီးအကြောင်း၊ တိုက်အမကြီး ဒေါ်သိန်းတင်အကြောင်းတို့ကို ရှေးကထက်ပို၍ သိချင်မှုဆန္ဒတွေ ပြင်းပြလာသည်။

ယင်းသို့ဖြစ်နေစဉ် ဗာရာဏသီ ဆရာတော် ဘုရားကြီး၏ တပည့်ကြီး-ငယ်ဆရာတော် သံဃာတော်များ၊ တပည့်ဒါယကာ+ဒါယိကာမ အပေါင်းတို့က

---

**"ပြုလုပ်သင့် ပြုလုပ်ထိုက်သည်ကို မပြုလုပ်ခြင်း၊ မပြုလုပ်သင့် မပြုလုပ်ထိုက်သည်ကို ပြုလုပ်ခြင်းသည် လူတုံးလူအ လူ့ဗာလတို့ရဲ့ အလုပ်ကိစ္စတာဝန်"ဟု ပညာရှိသူတော်မြတ်တို့ ဆိုထားသည်ဖြစ်ရာ-**



၁၃၆၄-ခုနှစ်တွင် နှစ်တစ်ရာပြည့် ဂုဏပူဇာ သဘင်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ထိုရာပြည့်ပွဲသဘင်၌ ဓမ္မဒါန ထုတ်ဝေသော ရာပြည့်ဂုဏပူဇာ စာတမ်းများစာအုပ်ကို ဖတ်ရသောအခါစာရေးသူရဲ့ ဆန္ဒတွေပြည့်ဝလာပါသည်။ စာအုပ်ကို ဖတ်ကြည့်တော့ ဆရာတော်ဘုရားကြီးရဲ့ ပရိယတ္တိပညာကျွမ်းကျင်နိုင်နင်းမှု၊ ဝိနည်းတရား အလေးထားမှု၊ ဘုန်းကံကြီးမားမှု စသည်စသည်တို့ကို ထင်းကနဲလင်းကနဲ ကွက်ကွက်ကွင်းကွင်း သိရှိရသဖြင့် လက်ဆယ်ဖြာ ဦးထိပ်မှာပန်ဆင်၍ ကြည် ညိုမဆုံးဖြစ်မိသည်။ "ရဟန်းကျင့်ဝတ်၊ တစ်ပါးတတ်က၊ လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၏"ဟူသောစကားနှင့်အညီ ဆရာတော်ဘုရားကြီးသည် ကျင့်ဝတ်သိက္ခာတို့ကို အသက်နှင့်ထပ်တူ အလေးထား ကျင့်သုံးတော်မူသည်ဖြစ်ရကား လူနတ်တို့ဦးခိုက် ပူဇော်ထိုက်သည်မှာ မလွဲဧကန်အမှန်စင်စစ်ဖြစ်ပေသည်။ အကြောင်းတိုက်ဆိုင်သဖြင့် ကျေးဇူးတော်ရှင် ဗာရာဏသီဆရာတော်ဘုရားကြီးအကြောင်း ဗဟုသုတဖြစ်ဖွယ်ရေးသားတင်ပြပါမည်။ မကြာမီနှစ်များအတောအတွင်းက ရဟန်းတော်တပါး မန္တလေး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဝင်ခွင့်စာမေးပွဲကို ဝင်ရောက်ဖြေဆိုလေသည်။ ထိုသို့ဖြေဆိုရာ၌ လူတွေ့စစ်ဆေးခန်း အင်တာဗျူးဖြေဆိုခြင်းသည်လည်း တစ်ခုအပါဝင်ဖြစ်သည်။ အင်တာဗျူးဖြေဆိုတဲ့ဦးဇင်းက ဗာရာဏသီဆရာတော်ကြီးနှင့်စပ်လျဉ်း၍ သူ့အတွေ့အကြုံကို ယခုလိုပြောပြပါသည်။ တပည့်တော် အင်တာဗျူးဖြေစဉ် ပါမောက္ခချုပ်ဆရာတော်က မှတ်ပုံတင်ကဒ်ကိုကြည့်ပြီး လက်စသတ်တော့ မောင်ပဉ္စင်းက ဗာရာဏသီဆရာတော်ဘုရားရဲ့ ရွာသားကို အင်း ဆရာတော်ဘုရားကြီးရဲ့ ရွာသားဆိုတော့ ဆရာတော်ဘုရားကြီးရဲ့ ကျင့်ဝတ်သိက္ခာကို မမှီရင်နေပါစေ ဆရာတော်ဘုရားကြီးရဲ့ဂုဏ်သိက္ခာ ညှိုးနွမ်းအောင်တော့ မလုပ်နဲ့-ဟု ဆုံးမစကားမိန့်ကြားလိုက်ပါသည်။ ဆိုလိုသည်က မှတ်ပုံတင်မှာ အောင်လံမြို့နယ်ဇိနံ့ရွာ-ဟုရေးထားသည်ဖြစ်ရာ ဇိနံ့ဆိုလိုက်သည်နှင့် ဗာရာဏသီ ဆရာတော်ဘုရားကြီးကို ချက်ခြင်း သိရှိလာကြခြင်းဖြစ်၏။ "သစ်တပင်ကောင်း၊ ငှက်တစ်သောင်း၊ အပေါင်းကိုယ့်ကြောင့်အေးစေသော်"ဟူသော မစိုးရိမ်ဆရာတော်ဘုရားကြီး မိန့်ဆိုသည့်အားလျော်စွာ ဗာရာဏသီဆရာတော် ဘုရားကြီး၏ အရှိန်အဝါနှင့်မေတ္တာ အေးရိပ်သည်ကား တန်ဘိုးကြီးမားလှပါပေစွ။

ရာပြည့်စာအုပ်ထွက်လာပြီးနောက် ဆရာတော်ဘုရားကြီး ရေးသားထားသော (ပါဠိရဝဒပ္ပဏ) ပါဠိသံကြေးမုံနှင့် တေလကဋာဟ-ဂါထာ စာအုပ်နှစ်အုပ် စာရေးသူလက်ဝယ်သို့ရောက်ရှိလာသည်။ ထိုစာအုပ်နှစ်မျိုးကို နိုင်ငံတော်ပရိယတ္တိသာ

သနှ့ တက္ကသိုလ်(ရန်ကုန်)ရှိ ပိဋကတ်စာကြည့်တိုက်သို့လည်းကောင်း၊ ဝိဇ္ဇာလယကျောင်းဆောင်အသီးသီးရှိ စာကြည့်ခန်းများသို့လည်းကောင်း၊ နယဒေသက ပါမောက္ခ ဌာနမှူးဆရာတော်များထံသို့လည်းကောင်း၊ ကမ္ဘာအေးသာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနရှိ သုတေသနစာကြည့်တိုက်(ResearchLibrary)သို့လည်းကောင်း ပို့ဆောင်လှူဒါန်းခဲ့သည်။

ဤသို့ ပို့ဆောင် လှူဒါန်းခြင်းအားဖြင့် ဆရာတော်ဘုရားကြီးရဲ့ပါဠိစကား၊ ပါဠိအသံ၊ နိုင်ငံတကာပြောဆိုပုံပြောဆိုနည်း (Internati0naI Ianguage0f pALI)ကိုသိရှိကြရမည်ဖြစ်ပါသည်။ ခိဏာသဝ ရဟန္တာဖြစ်တော်မူသော အရှင်ကလျာဏိယ မထေရ်ဟောကြားတော်မူတဲ့တေလကဋ္ဋာဟ-ဂါထာစာအုပ်ကို ဆရာတော်ဘုရားကြီးက အနက်-မြန်မာပြန်ဆိုထားသည်ဖြစ်ရာ စာပေလိုက်စားပညာရှင်များအတွက် တန်ဘိုးမဖြတ် နိုင်သောစာအုပ်တစ်အုပ်ဖြစ်ပေသည်။

တိုက်အမသခင်မကြီးဒေါ်သိန်းတင် ကိုကားစာရေးသူမမှီလိုက်ပေ ဒုတိယတိုက် အမ-ကောမာရိပြဟ္မစာရိနီ-ဒေါ်အမာ လက်ထက်တွင်သာ ဗာရာဏသီတိုက်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဤသို့ပင် မမှီလိုက်သော်လည်း တိုက်အမကြီးဒေါ်သိန်းတင်၏ စေတနာ သဒ္ဓါတရား ကြီးမား ပုံ၊ တိုက်တာအတွက် လိုလေသေး မရှိ ထောက်ပံ့လှူဒါန်းခဲ့ပုံတို့ကိုတ ဆင့်စကား တဆင့်နားဖြင့်ကြားသိခွင့်ရခဲ့သည်။



တိုက်အမကြီးဒေါ်သိန်းတင်သည် ဝိသကြိုနတ်သားဖန်ဆင်းသကဲ့သို့ ရေကန်အသင့် ကြာအသင့် ဥုံဖွဆိုပြီး ကျိုးငှက်ဆေးလိပ်ရုံကြီး ဖြစ်လာခဲ့သည် မဟုတ်ပါ။ ဆေးလိပ်တွေကိုစကောထဲမှာထည့် လမ်းမပေါ် တကြော်ကြော်နဲ့လှည့်လည်ရောင်းချပြီး ဆေးလိပ်ရုံကြီးတခုဖြစ်အောင် ကြိုးစားအားထုတ်ခဲ့သူပါ။

တိုက်အမကြီးဒေါ်သိန်းတင်သည် ဝိသကြိုနတ်သားဖန်ဆင်းသကဲ့သို့ ရေကန်အသင့် ကြာအသင့် ဥုံဖွဆိုပြီး ကျိုးငှက်ဆေးလိပ်ရုံကြီး ဖြစ်လာခဲ့သည် မဟုတ်ပါ။ ဆေးလိပ်တွေကိုစကောထဲမှာထည့် လမ်းမပေါ် တကြော်ကြော်နဲ့လှည့်လည်ရောင်းချပြီး ဆေးလိပ်ရုံကြီးတစ်ခုဖြစ် အောင်ကြိုးစားအားထုတ်ခဲ့သူပါ။ တဖြည်းဖြည်းအရှိန်ရလာတော့ ကျိုးငှက် ဆေးလိပ်ရုံတည်ထောင်ပြီး အနီးအနားရှိမြို့-ရွာအနှံ့ဖြန့်ဝေရောင်းချခဲ့လို့ ပြည်မြို့မှာ

## "လူချင်းတူသော်လည်း ဉာဏ်ချင်းမတူ၊ ဉာဏ်ချင်း တူသော်လည်း ကံချင်းမတူ၊ ကံချင်းတူသော်လည်း ဝိရိယချင်းမတူနိုင်" ဟူသောစကားအရ တိုက်အစ်မသခင်မကြီး ဒေါ်သိန်းတင်သည် အများသူငါနှင့်မတူ တမူထူးခြားစွာ


---

ထင်ရှား ကျော်ကြားလာခဲ့ပါတယ်။ စင်စစ် အားဖြင့် တိုက်အမကြီးဒေါ်သိန်းတင်သည် နိုင်ငံရေးသမားဖြစ်သည်။ နိုင်ငံရေးသမား ဖြစ်သည့်အားလျော်စွာ စိတ်ဓာတ်ခိုင်မာသည်။ အမျှော်အမြင်ကြီးမားသည်။ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသည်။ သူချစ်မြတ်နိုးသော ဘာသာ သာသနာ အတွက် ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ နိုင်ငံရေးလုပ်ခဲ့စဉ်က ထောင်ကျပြီး နယ်လွှဲခံရလို့ မေမြို့တွင်သုံးနှစ်ခန့် နေထိုင်ခဲ့သည်။ မေမြို့မှာနေစဉ် ဗာရာဏသီ ဆရာတော်နှင့်ညီတော် မေမြို့ဆရာတော် နှစ်ပါးကိုဖူးတွေ့ခွင့်ရခဲ့သည်။ ဤသို့အားဖြင့် တိုက်အမကြီး ဒေါ်သိန်းတင်နှင့် ဗာရာဏသီ ဆရာတော်ဘုရားကြီးတို့ စတင်တွေ့ဆုံခဲ့ ကြပေသည်။

"လူချင်းတူသော်လည်း ဉာဏ်ချင်း မတူ၊ ဉာဏ်ချင်းတူသော်လည်း ကံချင်းမတူ၊ ကံချင်းတူ သော်လည်း ဝိရိယချင်းမတူနိုင်" ဟူသောစကားအရ တိုက်အမသခင်မကြီး ဒေါ်သိန်းတင်သည် အများသူငါနှင့်မတူ တမူထူးခြားစွာရဲရဲရင့်ရင့်ပြတ်ပြတ်သားသား စေတနာ-သဒ္ဓါတရားကြီးမားစွာဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ထောက်ပံ့လှူဒါန်းခဲ့သည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ ယခုအချိန်အထိတိုင် တိုက်အစ်မကြီး ဒေါ်သိန်းတင်ကို တိုက်အစ်မ ကြီး ဒေါ်သိန်းတင်, ကျီးငှက်ဆေးလိပ်ရုံပိုင်ရှင် ဒေါ်သိန်းတင်, ဝဏ္ဏကျော်ထင်ဘွဲ့ရ ပြည်သူ့လွှတ် တော်အမတ်ဟောင်း ဒေါ်သိန်းတင်, မော်ကွန်းဝင် (ပထမဆင့်) ဒေါ်သိန်းတင်, နိုင်ငံဂုဏ်ရည် (ဒုတိယဆင့်) ဒေါ်သိန်းတင်-ဟူ၍ အားလုံးက အသိအမှတ်ပြုကြသည်၊ ကျားသေလျှင် သားရေကျန်ရမည်။ လူသေလျှင် နာမည်ကျန်ရမည် စကားကဲ့သို့တိုက်အစ်မကြီး ဒေါ်သိန်းတင်သည်ကား အသက်ဇီဝိန်ကြွေလွင့်သွား သော်လည်း သူ၏နာမည်, သူ၏ဂုဏ်, သူ၏လုပ် ဆောင်ချက်တို့က ကမ္ဘာတည်သရွေ့ တည်ရှိနေမည် ဖြစ်ပါသည်။

မိုးပေါ်က အပ်တစ်စင်းနှင့် မြေကြီးပေါ်က အပ်တစ်စင်း တစ်ခုနှင့်တစ်ခုသွားရောက်တွေ့ဆုံဖို့ခက်ခဲ သလိုဗာရာဏသီဆရာတော်ဘုရားကြီးနှင့် တိုက်အမကြီး ဒေါ်သိန်းတင်တို့သည်လည်း ထိုအပ်နှစ်စင်းကဲ့သို့ တွေ့ကြုံဆုံစည်းဖို့ခက်ခဲပါ လိမ့်မည်။ သို့သော်ဆရာတော်ဘုရားကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်အစွမ်းကြောင့်လည်းကောင်း၊ တိုက်အမကြီး ဒေါ်သိန်းတင်၏စေတနာ-သဒ္ဓါတရား အစွမ်းကြောင့် လည်းကောင်း၊ ပစ္စုပ္ပန်ကံ,အတိတ်ကံ, မြင့်မားမှုတို့ကြောင့်လည်းကောင်း၊ မိုးပေါ်က အပ်တစ်စင်းနှင့် မြေကြီးပေါ်ကအပ်တစ်စင်းတို့ ခဲရာခဲဆစ်သွားရောက်တွေ့ဆုံကြသလို ဗာရာဏသီ ဆရာတော်ဘုရားကြီးနှင့်တိုက်အမကြီး ဒေါ်သိန်းတင် တို့သည်လည်း ထိုအပ်နှစ်စင်းကဲ့သို့ပင် တွေ့ကြုံဆုံစည်းလိုက်သည်ဟု ဆိုချင်လိုက်ပါတော့သည်။

နိုးကြား
န-ပ-သ (ရန်ကုန်)



# လက်ပံပွင့်ခြောက်ကောက်စို့ကွယ်

**တာရာမျိုး**

နွေမှာဥသြ
တွန်သံနှော၍
ခွန်းချိုသံပေး
ဆိုတေးဖွဲ့မြည်
နွေရာသီ

နဝင်းချောင်းဆီမှ ဖြတ်ကျော်လာတဲ့ လေနုအေးအေးက အတွေးများနဲ့အတူ လွင့်ပါးနေ၏။ ဟိုအဝေး---- လက်ပံပင်ကြီးမှာတော့ လက်ပံပွင့်နီရဲရဲများက လေကတော့ထိုးလို့ ငှက်များသဖွယ် လွင့်ပျံနေလေသည်။ ဘယ်ဆီကမှန်းမသိတဲ့ ဥသြငှက်သံက နွေတေးကို လွမ်းမောဖွယ်သီဆိုတွန်ကျူးလေသည်။ အို--- မကြာမီစာမေးပွဲ ဖြေရတော့မှာပါလား၊ ဒီနှစ်ပထမလတ်တန်း အောင်ရင် ဆရာသမားများ၊ ပြီးတော့ အိမ်ကအဖေအမေ မိသားစု ဝမ်းသာကြမဲ့ သူတွေအများကြီးပဲလေ၊ ပြောလို့သာပြောရတာ မိမိကိုယ်တိုင်ကလည်း စာမေးပွဲအရမ်းအောင်ချင်တာကို၊ ဒါကြောင့်လည်း ဆရာသမားတွေပို့ချစဉ်ထဲက မှတ်စုထဲမှာ မေးတတ်သည်များကို မျဉ်းသားထားတာတို့၊ အမှတ်အသားပြုတာတို့ လုပ်ထားတာပေါ့၊ စာမေးပွဲကလည်း နတ်ကြီးတယ်လို့ပြောရမှာပေါ့နော်၊ ပုစ္ဆာကိုမြင်တာနဲ့ ကြောက်ဒူးတုန်ခဲ့ရတာ အကြိမ်ကြိမ်ပဲလေ။ စိတ်ကိုခဏငြိမ်ငြိမ်ထားဂုဏ်တော်တစ်ခုခုကို ရွတ်ဖတ်ပြီး ဖြေလိုက်တော့ အားလုံးအဆင်ပြေခဲ့တာများတယ်လို့ သီတင်းသုံးဖော် သူငယ်ချင်းပြောသလိုမျိုး ဖြေဆိုခဲ့ဖို့ ဆုံးဖြတ်ထားသည်။

စာသင်သားဘဝ ငယ်ငယ် ဝိဗ၁ (ဝိသုဒ္ဓါရုံဗာရာဏသီတိုက်) မိခင်တိုက်မှာ ပညာသင်ကြားတော့ အမှတ်ရစရာရှိသေး။ ဟင်းလေးဟင်း

လို့ခေါ်တဲ့ လက်ပံခေါင်းခြောက်ရယ်၊ သရက်သီးခြောက်၊ ခရမ်းသီးခြောက်နဲ့ အသားတစ်မျိုးမျိုး ရောသမပြီး ချက်ထားတဲ့ဟင်းဖြစ်သည်။ စာသင်သားများစွာ နှစ်သက်သဘောကျတဲ့ ဟင်းတစ်မျိုးပင်ဖြစ်၏။ ဟင်းလေးဟင်းစားပြီးတော့ ပရိယတ္တိစာပေ (ပဋိပတ္တိအခါအားလျော်စွာ) သင်ကြားပြီးတော့ ဘဝကိုဖြတ်သန်းခဲ့ရာမှ အခုတော့ နေရာမျိုးစုံ ကျောင်းတိုက်မျိုးစုံမှာ ရည်ရွယ်ချက်ကိုယ်စီထားလို့ ဖြတ်သန်းခဲ့လေ၏။ မကြာသေးဘူး ထင်ပေမဲ့ကိုယ်နေထိုင်ခဲ့ရာ ဝိဗာတိုက် (ဝိသုဒ္ဓါရုံဗာရာဏသီတိုက်) လည်းတိုက်တည်နှစ်ငါးဆယ် ရွှေရတုသဘင်နှစ်ထဲကို ရောက်ခဲ့လေပြီ။ မိခင်တိုက်မှာ စာသင်ပြီးတော့ နေရာမျိုးစုံ ရည်ရွယ်ချက်မျိုးစုံနဲ့ လှုပ်ရှားရှင်သန်နေတဲ့ တပည့်များလည်းတချို့က ဝေဖူးနေရ။ တချို့လည်းကြွေနေကြပေါ့၊ တစ်လောက အကယ်ဒမီများစွာရသွားတဲ့မြန်မာရုပ်ရှင်ကား တစ်ကားရဲ့ ဇာတ်ဝင်ခန်းတစ်ချို့ကို ကြည့်လိုက်ရ၏။ ဇာတ်ကားနာမည်ကတော့ ကိုးဆယ်ဆသာလိမ့်မယ်တဲ့။ အဲဒီဇာတ်ကားထဲက ဇာတ်ကောင်ဖြစ်သူ (ကျော်ရဲအောင်)က နှမဖြစ်သူ (နန္ဒာလှိုင်) သူ့ချစ်သူနဲ့ အချစ်နယ်လွန်ပြီးတော့ ကိုယ်ဝန်ရတဲ့အခါမှာ ဘယ်သူနဲ့ရတဲ့ကိုယ်ဝန်လဲဆိုတာကို မေးလို့မရတဲ့အခါမှာ ဒေါသထွက်ပြီးတော့ စိတ်လိုက်မာန်ပါ နားရင် (နရင်း) ကိုရိုက်ပစ်လိုက်သည်။ နှမဖြစ်သူလည်း နားစည်ကွဲကာ နားပင်းသွားရရှာ၏။ ကျော်ရဲအောင်လည်း ဘဝရဲ့ဆင်းရဲမှုဒဏ်၊ တခြားလူမှုဒုက္ခကြောက်လန့် သံဝေဂရကာ သာသနာ့ဘောင်ကို ဝင်သွားပါသည်။ ရဟန်းတဖြစ်လဲ (ကျော်ရဲအောင်) ဆွမ်းခံကြွတဲ့အခါမှာ ဆွမ်းခံရာလမ်းမှာရှိတဲ့ လက်ပံပင်မှ လက်ပံပွင့်များကြွေကျလာပါသည်။ လက်ပံပွင့်တချို့က ကျော်ရဲအောင်ရဲ့ သပိတ်ပေါ် တင်ကျံနေလေသည်။ ဆိုချင်တာကတော့ ဝေတာတွေရှိသလိုမျိုး လောကမှာ ကြွေခဲ့တာတွေလည်းများခဲ့ပါပြီ။


လေအသုတ်
ဖြုတ်ကနဲကြွေ
ပွင့်ဖတ်တွေ မြေမှာခ
ပန်းပွင့်တွေရဲ့သဘာဝ----။
ပင်ယံမြင့်
ပွင့်သစ်တို့တစ်ဝေဝေ
အပွင့်တွေဝေဆာကြ
ပန်းပွင့်တွေရဲ့ သဘာဝ----။

သဘာဝတရားရဲ့ နိယာမဝန်းကျင်ထဲမှာ ရှင်သန်ခဲ့ရတဲ့ ဇာတ်ရုပ်များဖြစ်ကြလေသောအခါ၊ ဝေတာလည်းရှိမယ်။ ကြွေတာလည်း ဆက်လက်ရှိနေဦးမှာပါ။ သူငယ်ချင်း ဇင်မင်းထက်ရဲ့ ကဗျာထဲကလိုပေါ့။

သစ်စေ့တိုင်း
အပင်မပေါက်
ပေါက်တိုင်းလည်း အပင်မသန်
သန်တိုင်းလည်း သီးပွင့်မစုံ
သစ်စေ့ပင်ပေါက်
ပေါက်တိုင်းသန်မာ
သန်မာဖွံ့ဖြိုး
သစ်ပင်မျိုးကို
အစိုးရသူဖြစ်ပါစေ-----။

နဝင်းချောင်းတစ်ဖက်ဆီမှာရှိတဲ့ နဝင်းတာရိုးပေါ်မှ လက်ပံပင်ကြီးလည်း အနီရောင်ကတ္တီပါစကို လွှမ်းခြုံထားသလိုမျိုး လက်ပံပွင့်များဝေဝေဆာဆာ ပွင့်နေကြသည်။ လေအဝေ့မှာတော့ လက်ပံပွင့်ချပ်များလည်း လေကတော့ထိုးပျံ့ဝဲနေလေ၏။ သင်္ခါရတရားရဲ့နယ်ပယ်သစ်ဝန်းကျင်မှာ သဘာဝတရားရဲ့ ဇာတ်ကောင်များ လှုပ်ရှားရလေတော့သည်။

**တာရာမျိုး**
အရှင်ကိတ္တိယောသ (တာရာမျိုး)
ဓမ္မရက္ခိတကျောင်း
ကာယ၊ (၁၀)လမ်း၊
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
Ph : 01-638450



# ထိုသူဖြစ်ရာ ဖြည့်ရစ်ရှာသည်...

**အရှင်စန္ဒာဘာသ (အောင်လံ)**

စာရေးသူအနေဖြင့် ခံယူထားသည်မှာလည်း ဂုဏ်ကျေးဇူးကိုထုတ်ဖော်ရာတွင် ပေါ်လွင်ထင်ရှား အောင် ထုတ်ဖော်ချီးကျူးနိုင်မှသာလျှင် ဖတ်ရှုရသူတို့ အနေဖြင့် ထုတ်ဖော်ခြင်းခံရသူ၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့အမှတ် ရပြီး ကုသိုလ်တရားများ ပွားများ နိုင်မည်ဖြစ်ပါသည်။ ယခုတော့ ယင်းတာဝန်က မိမိအပေါ်သို့ ကျရောက်၍လာခဲ့ပေပြီ၊ ထို့ကြောင့် ရေးသားဖို့စဉ်းစားလိုက်တိုင်း ကုန်းဘောင်ခေတ်က ယောအတွင်းဝန်(ယောမင်းကြီး) ဦးဖိုးလှိုင်၏အဖြစ်ကို သွား၍အမှတ်ရပြီး မရေးဖြစ်ခဲ့ပြန်၊ ဖြစ်ပုံမှာ ယောမင်းကြီး ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ချ်ကျမ်းကို ယောမင်းကြီးအိမ်မှ စာမတတ် ပေမတတ်အစေခံ တစ်ယောက်က ယောမင်းကြီးရဲ့ကျမ်းဟာဖြင့် ဘယ်လိုဘယ်ပုံကောင်းကြောင်းစသည်ဖြင့် ချီးမွမ်း နေလို့ ယောမင်းကြီးမှ အဆိုပါကျွန်ကို အသာအယာ ခေါ်ပြီး "မင်း နောက်တစ်ခါ ငါ့ကျမ်းကို ဘယ်တော့မှ မချီးမွမ်းပါနဲ့ကွာ"ဆိုပြီး ပုဆိုးတစ်စုံပေးကာ နှုတ်ပိတ် ခဲ့ဖူးသည့်အဖြစ်ကို သွား၍အမှတ်ရမိပါသည်။ အခုလည်းဆရာတော်ကြီး၏ တပည့်များက" မင်း နောက်ဆိုရင် ဘယ်တော့မှ ဒို့ဆရာတော်အကြောင်း ကို မချီးမွမ်းပါနဲ့ကွာ"ဆိုပြီး သင်္ကန်းတစ်စုံနဲ့များ နှုတ်ပိတ်ခံရမလား ဟူသော စိတ်နှင့်အတူ မဝံ့မရဲစိတ် ဖြင့် ရေးသားလိုက်ရခြင်းသာဖြစ်ပါသည်။

သေလေ သေလေ န မဏိကံ

ဂဇေ ဂဇေ န မုတ္တိကံ။

ဝနေ ဝနေ န စန္ဒနံ၊

ဌာနေ ဌာနေ န ပဏ္ဍိတံ-

(လောကနီ၊ ပဏ္ဍိတကဏ္ဍ)လာ ဂါထာတစ်ခုဖြစ်ပါ သည်။ "တောင်တောင်ဟူသမျှ၌ ပတ္တမြားမရှိ၊ ဆင်ဆင်ဟူသမျှ၌အမြုတေမရှိ၊ တောတောဟူသမျှ၌ စန္ဒကူးမရှိ၊ အရပ်တိုင်းအရပ်တိုင်း၌ ပညာရှိသူခမိန် မရှိ" ဟူ၍ဖြစ်ပါသည်။ မှန်ပါသည်. . . . စာရေးသူ တို့နိုင်ငံတွင် တောင်တန်းများ ရောမတောင်ကြီးများ နေရာတိုင်း၊ ဒေသတိုင်းနီးပါးရှိပါသော်လည်း ပတ္တမြားမရှိ၊ မိုးကုတ်၊ မိုင်းရှူး၊ ဖားကန့်စသော ဒေသများတို့၌သာ အဖိုးတန်သည့် ပတ္တမြား၊ ကျောက် စိမ်းစသည် ထွက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ထို့အတူပင်ဆင်တိုင်းဆင်တိုင်းတို့၌လည်း အမြုတေ မရှိသည်ကိုတွေ့မြင်နိုင်ပါသည်။ ထို့အတူပင် စန္ဒကူး (ယနေ့အခေါ် နံ့သာဖြူ , နံ့သာနီ)တို့သည်လည်း တောထဲတောင်ထဲ၌ တွေ့မြင်ဖို့ရန်ခဲယဉ်းလှပေ သည်။

ပညာရှိသူတော်ကောင်းတို့ကို မူကား နိုင်ငံတိုင်း, နိုင်ငံတိုင်း၊ နယ်တိုင်းဒေသတိုင်းတို့၌ ဖြစ်ထွန်းပေါ်ပေါက်ဖို့ ရန်၊ ရရှိဖို့ရန်ကား သာ၍ပင် ခဲယဉ်းလှပေသည်။ စာရေးသူတို့နယ်ပယ်၌ပင် လူပေါင်းများစွာ ရဟန်းပေါင်းများစွာ ပေါ်ပေါက်ခဲ့ပါသော်လည်း ယခုဗာရာဏသီဆရာတော်လောက် ထင်ရှားသောပုဂ္ဂိုလ်သည်ကား ယနေ့ချိန်ထိ မပေါ်ပေါက်ခဲ့သေးပါ။ ထို့ကြောင့် ဗာရာဏသီဆရာတော်ဘုရားကြီးသည် မထင်မရှားကျေးလက်တောရွာ လေး တစ်ရွာမှယခုကဲ့သို့ တိုင်းသိပြည်သိ ဆရာတော်ကြီးတစ်ပါး အဖြစ်ပေါ်ပေါက်လာခဲ့ခြင်းမှာ “ ကျော်ခြင်းကြောင့် တော်ခြင်းမဟုတ်ဘဲ၊ တော်ခြင်းကြောင့် ကျော်သည့်” ဆရာတော်ကြီးတစ်ပါးပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ကျေးဇူးတော်ရှင် ဆရာတော်ကြီးကို အမှီပြု၍ ဆရာတော်ကြီး ပေါ်ထွန်းရာဒေသနှင့် တပည့်သံဃာ ဒကာ ဒကာမ များအတွက် များစွာပင်ဂုဏ်ယူမဆုံး၊ ကျေနပ်မဆုံးသော ပီတိတို့ဖြင့် ပြုံးပျော်ခဲ့ရပါသည်။

ဆရာတော်ကြီးသည် ပိဋကတ်စာပေဖက်တွင် မြန်မာနိုင်ငံတွင်ကျင်းပသော စာမေးပွဲများ အနက် အဘိဝံသဘွဲ့ရသည့်အထိပင် အောင်မြင်တော်မူခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီသို့ပင် သွားရောက်ပြီး ဟိန္ဒီ၊ သက္ကတစသော ဘာသန္တရ စာပေများကို တဖက်ကမ်းခပ်တတ်မြောက် ကျွမ်းကျင်အောင် လေ့လာသင်ယူတော်မူခဲ့ပါသည်။ ဆရာတော်၏ ယင်းကဲ့သို့ ဗာရာဏသီ၌ ပညာသင်ကြားခြင်းကို အကြောင်းပြု၍ “ဗာရာဏသီဆရာတော်” အမည်ဖြင့် ခေါ်ဝေါ်သတ်မှတ်ဂုဏ်ပြုခြင်းကိုခံခဲ့ရပါသည်။ ဆရာတော်သည် ထိုကဲ့သို့ စာပေပိဋကတ်တို့၌ ကျွမ်းကျင်တတ်မြောက်ပြီးနောက် ငါကားပညာစုံပြီဟူသောစိတ်ဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆဖြင့် မနေမူ၍ ရှင်တော်ဘုရား၏ တပည့်သားပီပီ သာသနာတော်အရှည်ခန့်တည်တန့် စေရန်နှင့် မိမိတတ်သိထားသော ပညာရပ်တို့ကို ဖြန့်ဖြူး၍ အနာဂတ်သာသနာ၏ မျိုးဆက်သစ်များ ပေါ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်မြို့တွင် ကျောင်းအမကြီး ဒေါ်သိန်းတင်လှူဒါန်းအပ်သော မြေနေရာ၌ ဂိုဏ်း၏ အမှတ်အသား မိမိပညာသင် ကြားခဲ့ရာနေရာတို့ကို စွဲ၍“ဝိသုဒ္ဓါရုံဗာရာဏသီတိုက်” ဟူသောအမည်ဖြင့် စာသင်တိုက်တည်ထောင်တော်မူခဲ့ပါသည်။

ဆရာတော်သည် ဗာရာဏသီတိုက်ကို စတင်တည်ထောင်စဉ်အခါမှစ၍ မိမိ၏တပည့်သံဃာများ အေးအေးချမ်းချမ်းဖြင့် ပညာသင်ကြားနိုင်ရေးအတွက် နေရေး၊ ထိုင်ရေး၊ စားရေးသောက်တာမှစ၍ အထူးကြောင့်ကြစိုက်စရာမလို “ ဓမ္မော ဟဝေ ရက္ခတေ ဓမ္မစာရီ” တရားစောင့်သူတို့အတွက် တရားကပြန် လည်၍စောင့်ရှောက်သည်ဟူသော စကားအတိုင်း ဆရာတော်၏ကျော်ကြားမှုတို့ကြောင့် အနယ်နယ်အရပ်ရပ်တို့မှ သံဃာအများအပြား လာရောက်၍ ပညာဆည်းပူးကြခြင်း၊ ကိုးကွယ်သူ ဒကာ ဒကာမများမှ တစတစတိုးပွားများပြား လာခဲ့ရပေသည်။

ထို့ကြောင့် ယခုအခါ ဗာရာဏသီတိုက်တွင် နေထိုင်၍ ပညာသင်ကြားဖူးကြသောဆရာတော်များမှာ မြန်မာပြည်သာမကဘဲ ကမ္ဘာ၌တွင်ပါ ကျောင်းတိုက်ကြီးများတည်ထောင်၍ အသီးသီး စီမံအုပ်ချုပ်လျက် သာသနာပြု နေကြပြီဖြစ်ပါသည်။

အချုပ်အားဖြင့်ပြောရလျှင်မူ ဗာရာဏသီတိုက် ကြီးတည်ရှိနေသရွေ့၊ ရွှေကျင်တိုက်ကြီးတည်ရှိနေသရွေ့၊ မြန်မာပြည်၌ သာသနာတော်ကြီး တည်ရှိနေသရွေ့ ဗာရာဏသီဆရာတော်ဟူသော အမည်နာမတော်သည်လည်း မပျောက်မပျက်မူ၍ “သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုနိုင်” ဟူသောစကားပမာ ဆရာတော်ကြီးတည်းဟူသော သစ်ပင်ကောင်းကို အကြောင်းပြု၍ သောင်းမက, သိန်းမက များပြားလှစွာသောတပည့် သံဃာ, ဒကာ, ဒကာမတို့၏ သန္တာန်၌ ကုသိုလ်ပညာတရားများ ဆထက်တန်ပိုးတိုးပွားရှင် သန်နေဦးမည်သာ ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**အရှင်စန္ဒာတပ (အောင်လံ)**



# အဦးတင်ဖူးမြှင်နေ့ကို အစဉ်စောင့်ကြိုလျက်ပါ

ပိုက်ထွေး''ဖန်ခါးမြေ''

၁။ " မောင်တော်အရှင် မရှိတော့ဘူး "

သိမ့်ကနဲ ရှိုက်သံကြားရတော့ အနီးပါးက ရံရွေတော် အလန့် တကြား ချဉ်းကပ်လာကြသည်။ အရှင်မ ဘာ. . . ဖြစ်လို့လဲဟင်" "သူ. . . . သူ. . . . . "အကျွန့်မှာ တစ်ဆို့မွန်းကြပ်မှုတွေနဲ့ စကားသံတို့ ပြတ်တောက်သွားတော့မှ ရံရွေတော်တွေက သတိထားမိသွားကာ သော,ကနဲ ငိုရှိုက်ကြလို့ပေ့ါ။ ရုတ်တရက်ခဏ ခန္ဓာဝိညာဉ်ကို ဆွဲအနှုတ် ခံလိုက်ရသလိုမျိုး ဆွံ့'အ' မွန်းကြပ်လှိုက်မောမှုတို့က ကြီးစိုးသွားသမို့ တော်တော် နှင့် အကျွန့်မှာ မထူမတ်နိုင်ခဲ့ပါ။

" ဩဘ်. . . . . မောင်တော်ရှင်ရယ်၊ ကျန်ရစ်သူ ကျွန့်နှမကို တော့ မသက်ညှာ ပစ်ပယ်ကာ ထားရော့သလား။ ဘယ်သောအခါများမှ ပြန်ဆုံဖို့ (မျှော်လင့်သလို) မဖြစ်နိုင်တော့တဲ့ လမ်းကိုမှ အရှင့်စိတ်တိုင်းကျ တွေနဲ့ ပိုင်းဖြတ်ကာ ရွေးချယ်ထွက်ခွါ သွားပြီပေ့ါ။

ဒါဟာ စိမ်းပြတ်ခြင်း သက်ေတတဲ့လားကွယ်။

“အို” ဒီလိုလည်း အရှင့်ကို မစွပ်စွဲလိုပါဘူးလေ။ ဒါပေမယ့် ထုထည်ပမာဏက နုနယ်တဲ့ အကျွန့် ခံနိုင်ရည်အားနဲ့ ချိန်စက်ဖွယ် မမျှမတနဲ့မို့ ရင်ကွဲနာ ကျစေလောက်တာ အသေအချာပါ အရှင်ရယ်။ ရုတ်တရက် ထိုးနှက်လှိုက်စားလာတဲ့ ဝေဒနာ၊ ရုပ်လုံးကြွပီပြင်လာတော့မှ ပုထုဇဉ်အနုစားအကျွန့်မှာ ဖြေဆည်ရာ ရှာကြည့်မိပြန်တော့ အရှင့်ကိုယ်ပွါးသားလှရတနာ အပါးမှာ အရှိ၊ သတိနဲ့မို့ ဖြေသိမ့်ရာ ရခဲ့ပါသော်လည်း ဒါက တဒင်္ဂရယ်ပါအရှင်ရယ်။

ဥမမယ်စာမမြောက်သေးတဲ့ သားရတနာ၊ အရှင့်ရဲ့ ရဲရင့်ဖြူစင်ရှင်းသန့်တဲ့ မေတ္တာမွန်တွေနဲ့ ဖြန့်ကျက် စောင့်ထိန်း ကွပ်ကဲဖို့ လိုအပ်ပါသေးသလားလို့ အတွေးသိထင်လိုက်စဉ်မှာတော့ အကျွန့်မှာ ဝေဒနာနှစ်စ၊ သောကအဏ္ဏဝါတွေရဲ့ ဝါးမျိုမှု ဒဏ်ရာများရယ်နဲ့ ဘာသာခံခက်ဖို့ ခဲယဉ်းပါပကောလားအရှင်ရယ်။

၂။ “အင်း. . . . . . အေးလေ အရှင်က ရပ်တစ်ပါးမှာ တမ်းမက်စရာအလှတစ်ပါးရယ်နဲ့ ရင်ခွင်နယ်ချဲ့ ထွက်သွားတာမှ မဟုတ်တာဘဲလေ. . . . ။

“ မရှိခြင်း” ရဲ့ချမ်းသာအစစ်ကို ရှာဖွေဖို့ အနော်မာ တဖက်ကမ်းကို သမဏအသွင် ဖန်ရည်လွှမ်းပြီး ထွက်ခွါသွားတယ်ဆိုတာ သိလိုက်ရတော့. . . အကျွန့်မှာလည်း သံသရာအဆက်အဆက်ရယ်က အရှင့်ဝန်ကို ထမ်းခဲ့လေသမျှ မြန်းကြွလို့ တစ်ဖဝါးမခွါ လှမ်းလိုက်လို့ ပါချင်တာပေါ့အရှင်ရယ်။ ဒါပေမဲ့ အရှင်ရယ်က သွေးသားနုနယ်သမို့ အဖုအထစ်များတဲ့ တောလားခရီးကို အကျွန့်ကိုငဲ့ကာ တကိုယ်ရည်ထဲ မြန်းခဲ့လေရော့သလား။ ဒါမှမဟုတ်. . . အရှင့်ရဲ့ လမ်းအသာမှာ အကျွန့်ကို အရှုတ်ထုတ်၊ အမှိုက်တစ်စ အဖြစ်နဲ့များ ပစ်ပယ်ကာထားသွားရော့သလားအရှင်ရယ်။

အရှင်သိပါတယ် အရှင်ရယ်။

မဒီမယ် ဟိုဘဝတုန်းကများ ဒီလောက်ခေါင်ခေါင်ခိုက်နေတဲ့ တောကြီးမြိုင်ယံမှာ မိန်းမသားတစ်ယောက်နဲ့ မထိုက်မတန်၊ ခက်ခဲကြမ်းတမ်းတဲ့ အကြပ်အတည်းတွေကြားထဲမှာ အရှင့်အလိုကျ ငြိငြင်ရာမထင် အပြုံးများနဲ့ ပြုစုလုပ်ကျွေး ခဲ့တာပဲမဟုတ်လားအရှင်ရယ်။

အရှင့်ရဲ့ကျင့်စရဏ အမြတ်တရားပါရမီဖြည့်ဖို့ ဒိုးတူပေါင်းဖက်၊ အကျွန့်ရဲ့ဖြည့်စွက်ခဲ့ခြင်းဘာများအရှင့်အလိုမကျတာ ပါခဲ့လို့လားအရှင်ရယ်။ ဒီလောက်ကြမ်းတမ်းတဲ့ လောကဓံဆိုးတွေကြားထဲမှာ အရာရာအရှင့်အလိုကျ၊ ပါရမီအကြောင်းကံ ပြည့်ဝဖို့အတွက် အရှင်ရယ်က သားတော်နဲ့ သမီးတော်တို့ကို ဇူဇကာကို လှူလိုက်တုန်းကများ အကျွန့်မှာ ရင်နှင့်လွယ်ဖွားခဲ့ရတဲ့ ရတနာလေးတွေမို့ ဖြေဆည်ရာမဲ့မဲ့ကြားကပဲ သာဓုခေါ်နိုင်အောင် ကြိုးစားပေးခဲ့တာပဲမဟုတ်လား အရှင်ရယ်။ အဲဒီတုန်းကများ ပူလောင်ကျွမ်းမြိုက်တဲ့ဝေဒနာတွေကြားကပဲ အရှင့်အတွက်ပါပဲလေဆိုတဲ့ မနသီနဲ့ ဣန္ဒြေကိုထိန်းပေးခဲ့တာတစ်ခုတည်းနဲ့တင် အရှင်ငဲ့ကွက်သင့်ပါတယ်အရှင်ရယ်။ ခုတော့. . . . . . ငဲ့ကွက်မညှာ. . . . . . အို”

ရှိပါစေတော့လေ. . . . . . . . နုနယ်တဲ့အကျွန့်မှာ ထုထည်မမျှတဲ့ အခါးသက်ဆုံးဝေဒနာများနဲ့ အရှင့်ရဲ့ပါရမီတော်အတွက်တဲ့လားကွယ်။ ရင်းခဲ့သမျှ အကြောင်းကံ ပါရမီအတွက်သာလျှင် သစ္စာထိုက်တယ်ဆိုရင်တော့. . . . .

အရှင်ရယ် အကျွန်လေ. . . . .

* မေတ္တာနယ် ဒီမှာဘက်မတော့
အရှင့်မျှော်ကာ တမ်းရှာရတယ်။

* နောက်လှည့်ကာ အရှင်မငဲ့ပေမဲ့
သခင့်နယ် ပျော်စဉ်ကတည်းရယ်က
မုသားကိုပယ်. . . .
သစ္စာကိုရင်ဝယ်ပိုက်၊
အရှင့်နောက်ကောက်ကောက်လိုက်ခဲ့သမျှ
ဗွေဖောက်ခြင်း မဲ့ခဲ့တာ အရှင်အသိရယ်ပါ။

* မဒီမယ် ဟိုဘဝအပါ
သံသရာဘဝများစွာ
အရှင်စစ်လိုကစစ်
သစ္စာအသွင် မလစ်ခဲ့
အပြစ်မဲ့တဲ့ အကျွန့်နှလုံးသားကို
ဗုန်းဗုန်းမြေ ခဝါချစေတော့ရယ်လို့
အရှင်နစ်မွန်းအောင်(တမင်)ဖန်တယ်မမှတ်ပေမဲ့၊
ကျွမ်းမြိုက်ဝန် ရင်ဝယ်ပိသမျှ
ဒဏ်ထိချက်က ပြင်းလွန်းတယ်။

* တင်းလွန်းတကယ် ကြိုးခွေ'သ' လေသမျှ
အကျွန့်မှာ (ကြိတ်ဖြေ) စိတ်အနေခက်ပါပေါ့။
အရှင်ရယ်က. . . . . .
ဝဋ်နှောင်ဆိုး လွတ်ရာလမ်း
ကျွတ်တမ်းရှာ တကိုယ်တည်းသမား
တောကြီးအလယ် မြက်မဲထဲမှာ
ညစာရှောင် မနသီနှလုံးနဲ့
သီလကို လုံအောင်ကျင့်တယ်လို့
ကြားရသူ အကျွန့်ရင်မှာ
နှံ့သာကိုပယ် ၊
ဥပုသ်လွယ်ကာ အရှင့်လမ်းအလိုက်၊
ငြိတွယ်စရာ တပ်မက်မှုများနဲ့မို့
ကျင့်ဝသီ ထုထည်မညီမျှသော်လည်း
အရှင့်ကိုမှီ ဟိုမှာဘက်ကလို
အရာရာ အတူတကွ
အယူမျှချင်ပါတဲ့ အကျွန်
အရှင်ထွန်းပေါ်မဲ့ တစ်နေ့
အဲဒီ. . . . . .
အဲဒီနေ့ကျမှပဲ
အတိုးချ ငိုရှိုက်လို့
အားရအောင်ကန်တော့လိုက်မယ်ပ။

* အခုများမတော့. . . .
မေတ္တာနယ် ဒီမှာဘက်ကပဲ
အရှင့်မျှော်ကာ တမ်းတရင်း
အဦးတင်ဖူးမြင်နေ့ကို
လက်ချိုးစောင့်ပါရစေတော့ အရှင်ရယ်။ ။ ။

ပိုက်ထွေး " ဖန်ခါးမြေ "

---

[အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ၏ ယသော်ဓရာအလွမ်းဖွဲ့ဂါထာ (ရတနာ့ဂုဏ်ရည်)၊ ဆရာချစ်စံဝင်း ရဲ့ (ယသော်ဓရာအလွမ်း)၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း) ရဲ့ အဝေးဆုံးကဗျာတို့ကို မှီငြမ်းခံစားထားပါသည်။]

စာရေးသူ



# ဗာရာဏသီ ဆရာတော်၏ ဈေးရှူး

**ဦးသိန်းအောင် (ဗာရာဏသီ)**

ဗာရာဏသီဆရာတော်သည် ၁၃၀၂-ခုနှစ်၌ ရန်ကုန်မြို့ အရိယဓမ္မ ပညာသင်အဖွဲ့မှ ပညာသင် ရွေးချယ်စေလွှတ်ခြင်းခံရသဖြင့် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့၊ ဟိန္ဒူယူနီဘာစတီ၌ သက္ကတနှင့် ဟိန္ဒီဘာသာရပ်များ သင်ကြားရန် သွားရောက်ခြင်းဖြစ်၏၊ ဒုတိယကမ္ဘာစစ်ကြီးနှင့် တွေ့ကြုံသဖြင့် ဆရာတော် ဦးစန္ဒိမာကျောင်းတွင် နေထိုင်ရလေသည်။ ၆-နှစ်ကြာ၏။

**စည်ရှင်ကျောင်းအုပ်ချုပ်ရေး**

ကျွန်တော်သည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံ ကျောင်းတိုက်သို့ ၁၃၁၂-ခုနှစ် တပေါင်းလတွင် ရောက်ရှိပါသည်။ မှတ်မှတ်ရရ ထိုနှစ်က မန္တလေး တောင် ဦးခန္တီ ဈာပနပွဲခြိမ့်ခြိမ့်သဲကျင်းပနေသော အချိန်ဖြစ်၏။

စည်ရှင်ကျောင်းတွင် စည်ရှင်ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ ကောသလ္လ ပျံလွန်တော်မူပြီး တနှစ်အကြာဖြစ်၏။ စည်ရှင်ကျောင်းတွင် ဆရာတော်လေးပါးအုပ်ချုပ်လျှက်ရှိ၏။ ထိုအချိန်က ပိုက်ကျိုးဆရာတော်၊ အသောကဆရာတော်၊ ဗာရာဏသီဆရာတော်နှင့် ကျောင်းဘုန်းကြီးဆရာတော် ဦးကောဝိဒတို့ဖြစ်၏။ ကျွန်တော်စည်ရှင် ကျောင်းရောက်သည်နှင့် တပြိုင်နက် တုံးငါးချက် ခေါက်သံကြားလိုက်ရ၏၊ ကိုရင်, ကျောင်းသား, ရဟန်းတော်များအားလုံး ပိုက်ကျိုးကျောင်းနှင့် အသောကာရုံကြား ဇည်းဝေးရာနေရာသို့ စုရုံးရောက် လာကြ၏။ စုဝေး၍ ငါးမိနစ်လောက်နေလျှင်ကိုရင် ကျောင်းသား ရဟန်းသံဃာများ၏ အမည်စာရင်းကို ဖတ်၏။ မရှိသော ပုဂ္ဂိုလ်များကို စစ်ဆေးပြီး နှင်ထုတ်တန်လျှင်

**နေ့ဆွမ်းစားပြီး ၁၂-နာရီမှ နေ့၃-နာရီ အတွင်းအိပ်ခွင့်ပေးထား၏။ မအိပ်ချင်လျှင်လည်း အိပ်သူများ အနှောက်အယှက် မဖြစ်စေရန် ငြိမ်သက် စွာနေရ၏။ ထိုအချိန်၌ ရေမချိုးရ၊ သက်န်းမလျှော်ရ၊ စာမအံရ၊ စာမချရ- စကားမပြောရပေ။**

နှင်ထုတ်၏။ ဒဏ်ပေးတန်လျှင် ဒဏ်ပေး၏။ ထိုအခါမှ သံဃာစစ်ကြောင်းသိရ၏။ နေ့အချိန်မှာသာမဟုတ် ညအချိန်တွင်လည်း -ရဟန်း သာမဏေ ကျောင်းသားများကို ဆရာတော်သုံးပါး လိုက်လံစစ်ဆေး၏။

## ဆရာတော်လေးပါး၏ တာဝန်အသီးသီး

ထိုဆရာတော်လေးပါးသည် တာဝန်အသီးသီးယူထားကြ၏။ ပိုက်ကျိုးဆရာတော်က ပါဠိတက္ကသိုလ် ကိုယ်စားလှယ်အဖြစ်နှင့် ဝိနိစ္ဆယကိစ္စအတွက် ဆောင်ရွက်ရ၏။ အသောကာရုံဆရာတော်က ပထမပြန်စာမေးပွဲနှင့်သကျသီဟစာမေးပွဲကိစ္စဆောင်ရွက်၏။ ဗာရာဏသီဆရာတော်က ရွှေကျင်ဂိုဏ်းကိစ္စများကိုဆောင်ရွက်၏။ ရွှေကျင်ဂိုဏ်းနှင့် ပတ်သက်သော စာများကိုလက်ခံ၍ စိစစ်ပြီးလျှင် ကိစ္စအလျှောက်သာသနာပိုင်ဆရာတော်ထံ တင်ပြ၍ စာပြန်ရ၏။ ညွှန်ကြားရ၏။ ကျောင်းဘုန်းကြီးမှာ ဝိသုဒ္ဓါရုံပိဋကတ်တိုက်နှင့် အခြားကိစ္စများ ဆောင်ရွက်ရ၏။ ကိုရင်ကျောင်းသား ရဟန်းတော်များ ကိစ္စရှိ၍မြို့ထဲသွားလျှင် ထိုဆရာတော်လေးပါးတွင် တစ်ပါးပါးထံလျှောက်ပြီး ခွင့်ပြုချက်ရမှသွားရ၏။

စည်ရှင်ကျောင်းရှိ ကျောင်းများတွင် ပိုက်ကျိုးကျောင်းအောက်ထပ်၌ ရဟန်းတော်များအထားများ၏။ ရွှေဂူကျောင်းတွင် ကိုရင်နှင့်ရဟန်းတော်များထား၏။ အသောကာရုံကျောင်းတွင် သကျသီဟစာမေးပွဲဝင် စာသင် စာချပုဂ္ဂိုလ်များကို ထား၏။ ဒေါင်းရိုးကျောင်းတွင် ဗာရာဏသီဆရာတော်သီတင်းသုံး၍ အောက်ထပ်တွင် ကိုရင်များကိုသာထား၏။ ကျွန်တော်လည်း စည်ရှင်ကျောင်းကို ကိုရင်ဘဝ နှင့်ရောက်၍ ဒေါင်းရိုးကျောင်းအောက်ထပ်တွင် နေရဖူးပါသည်။ အခြားသောကျောင်းများတွင် ရဟန်းသာမဏေများရော၍ထား၏။

## ဗာရာဏသီ ဆရာတော်၏ဆန္ဒ

ဆရာတော်သည် နိုင်ငံခြားတိုင်းပြည်တွင် သီတင်းသုံးတော်မူဘူးသဖြင့် နိုင်ငံတကာနှင့် ပါဠိဖတ်အသံထွက်တူရန်ဆန္ဒရှိတော်မူ၏။ သီဟိုဠ်၊ ယိုးဒယား၊ အိန္ဒိယစသောနိုင်ငံများတွင် စ. ကို ကျ၊ ဆ. ကိုချ၊ ဇ. ကို ချ၊ ဈ. ကိုဂျ၊ ဥ. ကိုနိဂ္ဂဟိတ် သံထွက်၏။ သကိုမူ ဆဟုဖတ်၏။ မြန်မာနိုင်ငံမှတပါး အခြားတိုင်းပြည်များတွင် ထိုအသံထွက် အတိုင်းဖတ်၏။ ထို့ကြောင့် ဆရာတော်သည် International pronunciation. အပြည်ပြည်ဆိုင်ရာ အသံထွက်နှင့်ညီစေ လိုသောဆန္ဒအားကြီးတော်မူ၍ ပါဠိရဝဒပ္ပဏကျမ်းကို ပြုစုပြီး ထိုအသံထွက်အတိုင်းပို့ချ၏။

ကျွန်တော်သည် ကိုရင်ဘဝက ဆရာတော်ကျောင်းတွင် နေထိုင်ရ၍ အပြည်ပြည်ဆိုင်ရာ အသံထွက်ဖြင့် ဒွေမာတိကာကို ဆရာတော်ထံ နေ့စဉ်ပြန်ဆိုခဲ့၏။ ၎င်းအသံထွက်အတိုင်း ပြန်ဆိုနိုင်သဖြင့် ထိုအချိန်ကအကောင်းဆုံး၊ ဗန္ဓုလသက်န်း တစ်စုံ ဆုချခံရ၏။

## ရွှေကျင်ဂိုဏ်း၏ စည်းမျဉ်းတစ်ခု

ရွှေကျင်ဂိုဏ်းတွင် နံနက်တစ်ကြိမ်, ညတစ် ကြိမ် နေ့စဉ်တစ်နေ့နှစ်ကြိမ် စုပေါင်းဘုရားဝတ်တက်ရ၏။ ဝိသုဒ္ဓါရုံ

## ဆရာတော်၏ ကြီးပွါးစေလိုသော စေတနာ, မေတ္တာ

တစ်နေ့တွင် ကိုရင်ဩမာနှင့်အတူ ကျွန်တော်အားခေါ်၍ နာဂရီအက္ခရာ ရေးတတ်အောင် သင်ကြားပေး၏။ဆွမ်းစား ပြီး ၁၂-နာရီ မထိုးမီနေ့စဉ် ထိုအချိန်၌ ဒေဝနာဂရီအက္ခရာ အရေးသင်ပေး၏။ နာရီဝက်မျှဖြစ်၏။ သိန္ဓေသိပ္ပံ၊ သိန္ဓေခန်၊ စသည် အတိုင်း အတတ်ပညာကို ဖြေးဖြေးသင်ရာ၏၊ ဥစ္စာကို ဖြေးဖြေးစုဆောင်းရာ၏၊ တောင်ကို ဖြေးဖြေး တက်ရာ၏-ဟူသော လောကနီတိအတိုင်းအက္ခရာ အရေးကို ရှေးဦးစွာ သင်ပေး၏၊ အရေးတတ်သော အခါ ညနေ-၅နာရီခွဲ အချိန် (၅-နာရီတွင် စာအံနား၍ ဝေယျာဝစ္စ အလုပ်ကိစ္စအတွက် သံချောင်းခေါက်၏၊ ထိုအချိန်တွင် ဝေယျာဝစ္စလုပ်ကြရ၏) အလုပ်ပြီးသောအချိန်တွင် နာရီဝက် သက္ကတစာပေ ဖတ်ရ၏၊ ထိုအခြေခံသည် ကျွန်တော်နိုင်ငံခြားရောက်သည်အထိ အကျိုးပေး၏။ ကျေးဇူးများ၏။

## ဗာရာဏသီဆရာတော်၏ကျေးဇူး

ကျွန်တော်သည် ဗုဒ္ဓသာသနာအဖွဲ့ (ယခု သာသနာရေးဦးစီးဌာန)တွင်အလုပ်ဝင်ပြီးနောက် မကြာမီပင် အုပ်ချုပ်ရေးအရာရှိချုပ်က နိုင်ငံခြား သက္ကတပညာသင်လွှတ်ရန် ရွေးချယ်သောအခါတွင် ကျွန်တော်သက္ကတပညာသင်အရွေးချယ်ခံခဲ့ရ၏။ ဆရာတော် ဒေဝနာဂရီ အက္ခရာအရေးအဖတ် သင်ပေးလိုက်သဖြင့် သက္ကတစာလုံးအရေးအဖတ် စစ်ဆေးသောအခါ ရေးတတ်ဖတ်တတ်သောကြောင့် ပင်ဖြစ်၏။ ဘွဲ့ရပြီးဝန်ထမ်းများအကြားတွင် ဘွဲ့မရသေးဆယ်တန်းအောင်မျှဖြစ်သော ကျွန်တော်အားရွေးချယ်ခြင်းဖြစ်၍ ဆရာတော်၏အမြော်အမြင်ကြီးမှု၊ ကျေးဇူးပင်ဖြစ်၏။

## အိန္ဒိယ ဗာရာဏသီရောက်သောအခါတွင်လည်း

၁၉၇၂-ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဗာရာဏသီမြို့သို့ သက္ကတစာပေပညာသင်သွားရ၏။ ကျွန်တော်ရောက်သောအချိန်၌ ကျွန်တော်နေရမည့် ဗာရာဏသီတိုက်လည်း ရွှေကျောင်ဂိုဏ်း၏ ဗဟိုဌာနဖြစ်၍ ဝိသုဒ္ဓါရုံတိုက်တွင် နံနက် ၄/၄း၃၀ နာရီတွင် နံနက်ဘုရားဝတ်တက်ရ၏။ ညနေတွင် ရာသီအလိုက် ၆-နာရီ, ၇-နာရီတွင် ဘုရားဝတ်တက်ရ၏။ နံနက်စောစောထရ၍ နေ့ဆွမ်းစားပြီး ၁၂-နာရီမှ နေ့၁-နာရီ အတွင်း အိပ်ခွင့်ပေးထား၏။ မအိပ်ချင်လျှင်လည်း အိပ်သူများ အနှောက်အယှက်မဖြစ်စေရန် ငြိမ်သက်စွာနေရ၏။ ထိုအချိန်၌ ရေမချိုးရ၊ သက်န်းမလျှော်ရ၊ စာမအံရ၊ စာမချရ- စကားမပြောရပေ။

**ဆရာတော် ဒေဝနာဂရီ အက္ခရာအရေးအဖတ် သင်ပေးလိုက်သဖြင့် သက္ကတစာလုံး အရေးအဖတ် စစ်ဆေးသောအခါ ရေးတတ် ဖတ်တတ်သောကြောင့်ပင်ဖြစ်၏။ ဘွဲ့ရပြီးဝန်ထမ်းများအကြားတွင် ဘွဲ့မရသေးဆယ်တန်းအောင်မျှဖြစ် သောကျွန်တော်အားရွေးချယ်ခြင်း ဖြစ်၍ ဆရာတော်၏အမြော်အမြင် ကြီးမှု၊ ကျေးဇူးပင်ဖြစ်၏။**

သီဆန်စကရစ်တက္ကသိုလ်တွင် ကျောင်းသားများ သပိတ်မှောက်လျက်ရှိ သဖြင့်ကျောင်းပိတ်ထား၏။ ကျောင်းပိတ်ထား၍ ကျောင်းကလက်မခံသဖြင့် ရှုံးကညွှန်ကြားလိုက်သော ဆရာတော်ဦးရေဝတ ကျောင်းတွင်နေထိုင်ရ၏။ ဗာရာဏသီမြို့တွင် မြန်မာဘုန်းတော်ကြီးကျောင်း လေးကျောင်းရှိ၏။ ဆရာတော်ဦးရေဝတကျောင်းနှင့် ဆရာတော် ဦးစန္ဒိမာ ကျောင်းမှာနီး၏၊ မိဂဒါဝုန်-ဦးတိက္ခိန္ဒြိယ ကျောင်းနှင့် ဆရာတော် ဦးကိတ္တိမာကျောင်းတို့ဖြစ်၏။ ဆရာတော်ဦးစန္ဒိမာ ဆရာတော်များထံသွားရောက် ကန်တော့သောအခါ ဆရာတော်ဦးစန္ဒိမာအား တပည့်တော် ဗာရာဏသီဆရာတော် တပည့်ဖြစ် ကြောင်းလျှောက်၏။ ဝမ်းသာအားရ ဗာရာဏသီ ဆရာတော် အကြောင်းမေး၏။


ယခုအခါ ဗာရာဏသီဆရာတော်သည် ၁၃၂၁-ခုနှစ်က ပြည်မြို့ ဝဏ္ဏကျော်ထင် ဒေါ်သိန်းတင် နိုင်ငံဂုဏ်ရည်ဒုတိယဆင့်၏ ပင့်လျှောက်ချက်အရ မန္တလေးမြို့မှပြည်မြို့သို့ ကြွရောက်၍ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက် ဟူသောအမည်ဖြင့် စာသင်တိုက် တည်ထောင်ကာ စာသင်သားတစ်ရာကျော်တို့အား စာပေသင်ကြားပို့ချ ပေးလျှက်ရှိကြောင်းလျှောက် ထားသောအခါ များစွာအားရနှစ်သက်လေသည်။ ဗာရာဏသီဆရာတော်သည် ဝိနည်းလေးစားကြောင်း၊ ဝိနည်းတော်နှင့်အညီနေထိုင်ကြောင်း မြို့ထဲသွားခဲ့ ကြောင်းနှင့် သွားလျှင်လည်း သက်န်းရုံသွားလေ့ ရှိကြောင်းပြောပြလေသည်။ ဆရာတော်၏ မေတ္တာ ကြောင့် ဟိန္ဒူအမျိုးသားများ ဗုဒ္ဓဘာသာသို့ဝင်လာကြ ကြောင်း မိန့်ကြားလေသည်။ အမြဲတန်းဘုရားဝတ် တက်၏။

ဆရာတော်က ဆက်လက်မိန့်ကြားသည်မှာ- အိန္ဒိယမှာကျောင်းသား သပိတ်မှောက်တာ မဆန်း ပါဘူး၊ ဆန္ဒပြမှုဟာ သူတို့နိုင်ငံမှာ လုပ်ရိုးလုပ်စဉ် တစ်ခုလိုပါဘဲ၊ အန္တရာယ်မပြုပါဘူး၊ ကျောင်းပိတ်ထား ရုံလောက်ဘဲရှိပါတယ်၊ ကြောက်မနေပါနှင့်၊ ကျောင်း ပိတ်ထား၍ ကျောင်းမဝင်ရသေးသဖြင့် ပညာသင် စရိတ် ထောက်ပံ့ကြေးမရသေးလျှင် ပူမနေနှင့်၊ ငွေရေး၊ ကြေးရေး အသုံးလိုလျှင် ငါတို့ဆီ လာယူပေါ့၊ အားငယ်မနေနှင့်၊ "ဗာရာ ဏသီဆရာတော်တပည့်ဆိုတော့ ငါတို့ တပည့်ဘဲပေါ့" စသည်ဖြင့် အားပေး စကားပြောပါသည်၊ ငွေလှူပေးပါသည်၊ သို့သော် လုံးဝမဖြစ်မှ ယူမည်ဆိုပြီးမယူ ခဲ့ပါ။ နိုင်ငံရပ်ခြားတွင် ထိုကဲ့သို့ အားပေး စကားပြော၍၊ ချီးမြှောက်သောအခါ များစွာဝမ်းသာအားရပါသည်၊ အားလည်း တက်ပါသည်။ ဤသည်မှာ ဗာရာဏသီ ဆရာတော်၏ ကျေးဇူးပင်ဖြစ်ပါသည်။ ဗာရာဏသီဆရာတော် အခြေခံသက္ကတ စာပေသင်ကြားပေးမှုကြောင့်လည်း သုံးနှစ် သင်တန်းကို နှစ်နှစ်(၂-နှစ်) နှင့်ပြီး ခဲ့၏၊ ဤသည်မှာလည်း ဆရာတော်၏ ကျေးဇူး ပင်ဖြစ်ပါသည်။

ဆရာတော်သည် ဝိနည်းတော် နှင့်အညီ နေထိုင်တော်မူ၍ စာပေတတ် သောကြောင့်သာလျှင် ရွှေကျင်တစ်ဂိုဏ်း လုံး၏ အလေးအမြတ်ထားမှုကို ခံယူရပြီး ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ မဟာနာယက တင်မြှောက်ခြင်းခံရပါသည်။ အဂ္ဂမဟာ ပဏ္ဍိတ၊ အဘိဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်များကို အစိုးရက ဆက်ကပ်ရလေ သည်။

ယခုသော်ကား ဆရာတော်သည် ဘုရား ရဟန္တာတို့သော်မှ မလွန်ဆန်နိုင် သောလမ်းသို့ ကြွမြန်းတော်မူသွားပြီတ ကား။ ကျွန်တော်မှာကား မြင်းမိုရ်တောင် ကြီးပြိုကျသည့်ပမာ ခံစားလိုက်ရပါသည်။ ကျေးဇူးကြီးလှသော ဆရာတော်ဘုရား ကြီးပါတည်း။

**သိန်းအောင် (ဗာရာဏသီ)**

# ဗာရာဏသီဆရာတော်ကြီး၏စာတည်းစုလော်ရည်

ဒေါက်တာရာကျော်မြင့်

ဆရာတော်ကြီးသည် တိုက်အစ်မကြီး ဒေါ်သိန်းတင်၏ ဖျော် ပင့်လျှောက်ချက်အရ စာသင်တိုက် တည်ထောင်တော်မူရန် ၁၃၂၁ခုနှစ် ဝါဆိုလဆန်း (၁၃)ရက်နေ့တွင် မန္တလေးမြို့မှ ပြည်မြို့သို့ စာချ(၂)ပါး၊ စာသင်သား(၂၄)ပါးနှင့် ကျောင်းသား (၅) ယောက်ဖြင့် ဆိုက်ရောက်တော်မူလာခဲ့ပါသည်။ ထိုနှစ် နတ်တော်လပြည့်နေ့တွင် ဆရာတော်ကြီးအား ကျောင်းဆက်ကပ် လှူဒါန်းသော ဝိဟာရမဟာချေကျောင်းလွှတ်တော်အခမ်း အနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင်တိုက်အစ်မကြီး ဒေါ်သိန်းတင်နှင့် တပည့်များက ''ကျေးဇူးတော်ရှင် ရွှေကျင်ဆရာတော် ဗရားကြီး၏သိဿကောဝါဒကထာနှင့်ဩဝါဒကထာများ စာမျက်နှာ(၄၀)ပါ စာအုပ်ငယ်ကို ခမ္မဒါနအမှတ်တရလက်ဆောင် အဖြစ် အုပ်ရေ ၂၀၀၀ ဖြန့်ဝေလှူဒါန်းရာ ပဥ္စာန်းဆက် မှန်စွာဖြင့် စာရေးသူ၏ထံ၌ တစ်အုပ်ရှိနေပါသည်။ ပဥ္စာန်းဆက်မှန်စွာဟု ဆိုရသည်မှာ စာရေးသူကို မမွေးဖွားမီ(၄)လအလိုက ကျင်းပသော အခမ်းအနားတွင် ဝေသောစာအုပ်မို့ဖြစ်ပါသည်။ ထိုစာအုပ်၏ စာမျက်နှာ နံပါတ်(၁)တွင်ပါသော ''ယစ်မသည် ဥအတွက် အသေခံသည်။ စာမရီသားကောင်သည် အမြီးအတွက် အသေခံသည်။ ရဟန်းသည် သီလအတွက် အသေခံ သည်''ဟူသော ဩဝါဒများမှ ရွှေကျင်ဆရာတော် ဗရားကြီးက တပည့်သားသံဃာ အဆက်ဆက်အား ဝိနည်းသီလကို ဂရုစိုက်ပြုရှေ့လိုကြောင်း ထင်ရှားလှပါသည်။ ထို့ကြောင့်ပင် ရွှေကျင်ဂိုဏ်းအတွင်း၌ ဝိနည်းစာတော်ပြန်ပွဲ များကို အနယ်နယ်အရပ်ရပ်မှ ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိ ပါသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ယခုအချိန် ပြည်သူရက် သာယာဝတီအခြေခံဒေသသုံးခရိုင် ရွှေကျင်ဝိနည်းစာတော် ပြန်ပွဲကို ဝိသုဒ္ဓါရုံဗာရာဏသီ စာသင်တိုက်အတွင်းတွင် နှစ်စဉ်နတ်တော်လပြည့်နေ့၌ ကျင်းပဖြစ်နေသည်မှာ ကျောင်းတိုက်တည်ထောင်သည့် နှစ်ပတ်လည်အထိမ်း အမှတ် အခမ်းအနား နှစ်စဉ်ကျင်းပနေသည်နှင့်ပင် တူနေပါတော့သည်။ ယခု ကျောင်းတိုက်တည်ထောင်သည့် နှစ်ငါးဆယ်ပြည့် အထိမ်းအမှတ် အခမ်းအနားကိုကား ပို၍ထူးခြားသွားစေရန် နှစ်စဉ်စာပြန်ပွဲထက် ကြီးကျယ်

ခမ်းနားအောင် ကျင်းပသင့်လှပါသည်။ ယခု အစီအစဉ် တစ်ရပ်အနေဖြင့် နှစ်ငါးဆယ်ပြည့်သမိုင်း မှတ်တမ်းစာစောင် ထုတ်ဝေမည်ဆို၍ များစွာဝမ်းမြောက်လှပါသည်။ ဤတွင် လွန်ခဲ့သောနှစ်ပေါင်း သုံးဆယ်ကျော်က မြန်မာစာပေနှင့် ပတ်သက်၍ ဗာရာဏသီဆရာတော်ကြီး ဘဒ္ဒန္တအာနန္ဒ ပဏ္ဍိတာဘိဝံသ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တစာရနှင့် စာရေးသူတို့ တွေ့ကြုံဆုံခဲ့ရပုံများကို စာဖတ်သူများ ဗဟုသုတရစေရန်နှင့် ဆရာတော်ကြီးအား ပိုမိုကြည်ညိုလေးစားရန်အတွက် ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ် အဖြစ် လွမ်းဆွတ်စွာ မှတ်တမ်းပြုရေးသားလိုက်ရပါသည်။


မြန်မာသက္ကရာဇ် ၁၃၄၀–ပြည့်နှစ်က ဖြစ်ပါသည်။ ကျောင်းတိုက်အသက်(၁၉)နှစ်သာ ရှိသေးသကဲ့သို့ စာရေးသူ၏ အသက်မှာလည်း (၁၉)နှစ်သာ ရှိပါသေးသည်။ စာရေးသူမှာ ပါရမီအလျောက် မြန်မာ ကဗျာလင်္ကာ စပ်ဆိုခြင်းကို ကျွမ်းကျင်၍ (၈)ကြိမ်မြောက် ရွှေကျင်ဝိနည်းစာတော်ပြန်ပွဲကျင်းပခါနီးတွင် ရတုပိုဒ်စုံရေးသားရန် ရွှေကျင်နိကာယဂန္ထဓုရပူဇက အဖွဲ့ဝင် ဦးမိုးညိုက တိုက်တွန်းပါသည်။ ထိုစဉ်က စာရေးသူအရင် ရတုပိုဒ်စုံ ရေးသားနေသူများမှာ သက်ကြီးဝါကြီးများထဲမှ ရတနာဦးတင်မောင်နှင့် အဘသခင်ရှိန်တို့သာရှိပါသည်။ စာပြန်ပွဲမတိုင်မီ နှိုးဆော်လွှာလက်ကမ်းကြော်ငြာများလည်း ဝေငှတတ်၍ ထိုအထဲတွင် အခမ်းအနားအစီအစဉ်၌ ရတုရေးမည့် မိမိနာမည်ပါမည်ကိုလည်း ဂုဏ်ယူမိ သည်။ သို့နှင့် စာရေးသူသည် ရွှေကျင်ဝိနည်းစာတော်ပြန်ပွဲ ဩဘာရတုပိုဒ်စုံကို အောက်ပါအတိုင်း ရေးသားလိုက်ပါသည်။

ရွှေကျင်ဝိနည်းစာတော်ပြန်ပွဲ
ဩဘာရတုပိုဒ်စုံ(၆၃ ပါဒစီအညီ)

နေသွင်လျှံဝါ၊ မြတ်ဗုဒ္ဓါ၏၊ ရွှေကြာနှံ့သင်း၊ အာခံတွင်းက၊ ပဝင်းရှိန်ပြောင်၊ တရားရောင်ကား၊ အမှောင်ပယ်ခွင်း၊ တန်ဆောင်လင်းလျက်၊ ခုတ်ရှင်းမှန်စွာ၊ အဝိဇ္ဇာနှင့်၊ တဏှာလောင်မြိုက်၊ မှောင်အမိုက်ကို၊ ထောင်လိုက်တော်လှန်၊ မြတ်ခမ်ပံ့မို့၊ သုတ္တံအာဒိ၊ အစရှိ၍၊ အဘိဓမ္မာ၊ ဝိနယာဟု၊ သုံးဖြာရှိကြ၊ ပိဋကဝယ်၊ ပဉ္စဂန္ထာ၊ ဝိနယာကား၊ ပါရာဇိက၊ ပါစိတ်ပြလျက်၊ စူဠမဟာ၊ ပရိဝါဟု၊ ငါးဖြာရှိအပ်၊ မည်ပညတ်ဟု၊ သတ်မှတ်ပြုပေ၊ ဥပဒေမို့၊ ခုနေကောန်၊ လိုက်နာမှန်မှ၊ သုံးတန်စဉ်ကာ၊ သာသနာကား၊ ရောင်ဝါရှိန်ဝင်း၊ ထိန်ထိန်လင်းလိမ့်၊ စိန်တွင်းရတီ၊ သွန်းနေခြည်တွင်၊ ငါးမည်ရှိကြ၊ ဝိနယကား၊ တေဇလျှံထိန်၊



၁၃၃၃-ခုနှစ်၊ တပို့တွဲလ သုံးခရိုင်ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲတွင် ဆွမ်းဘုန်းပေးနေသော ဆရာတော်များ (ဝဲမှယာ) မိတ္ထီလာမြို့၊ မန်ကျည်းကုန်းဆရာတော်၊ ပိုက်ကျုံးဆရာတော်၊ ဗာရာဏသီဆရာတော်၊ ကျောပေးနေသော မေမြို့ဆရာတော်၊ ရွှေကြိုးကြာတောရ ဆရာတော်။



ဖန်ရဝိန်သို့၊ အရှိန်ဝင်းပြောင်၊ အလင်းဆောင်၍၊ စိန်ရောင်မဏိ၊ အလျှံငြိကြောင့်၊ ပင္စီသုံးဖြာ၊ သာသနာဝယ်၊ သူသာဘာနု၊ သက်အာယုမို့၊ သမုတိဝင်၊ ထေရ်အရှင်ဟု၊ ရွှေကျင်သံဃာ၊ ပေါင်းများစွာတို့၊ ပြည်မှာဆုံဆည်း၊ ပေါင်းစုစည်းလျက်၊ ဝိနည်းစာပြန်၊ ပွဲကြီးခံ၍၊ ခြိမ့်ညံ သဲသဲ၊ ဆင်ကာနွဲလို့ အောင်ပွဲခါချိန်၊ ရှိုးနှိမ်သည်၊ ရှစ်ကြိမ်တိုင်ခဲ့ပါပြီ ရှင်ဘုရား။

ရွှေကျင်သံဃာ၊ ထေရ်မဟာတို့၊ သေချာကျန၊ ကျင့်ဆောင်ရသည့်၊ နှစ်ရာ့နှစ်ဆယ်၊ ခုနစ်သွယ်ဟု၊ အကျယ်ဖွင့်ထုတ်၊ သိက္ခာပုဒ်ကို၊ သရုပ်တီထွင်၊ လက်ာဆင်၍၊ နားဝင်ချိုမြ၊ ပျားရည်ချသို့၊ ပိယဝါစာ၊ နှုတ်ခွန်းသာအံ့၊ ပါရာဇိကဏ်၊ လေးပါးမှန်လျက်၊ တဖန်ဆက်ကာ၊ ရေတွက်ပါသော်၊ သံဃာဒိသိသ်၊ ဆယ့်သုံးချိတ်၍၊ ပါစိတ်သုဒ္ဓါ၊ ကိုးဆယ်သာဝယ်၊ နှစ်မှာစွန်းထွက်၊ မှန်ပေလျက်တည့်၊ နိဿဂ္ဂိယာ၊ ပါစိတ်မှာကား၊ သုံးခါဆယ်ရှိ၊ အများသိလိမ့်၊ အနိယတ၊ ဒွိနှစ်ဝနှင့်၊ ထိုမှဆက်ကာ၊ သေခိယာကား၊ သုံးခါအစိတ်၊ နံပါတ်ချိတ်၍၊ အတိတ်လာဘိ၊ စာအရှိန်နဲ့၊ ပါဠိဒေသနိ၊ စတုချိ၍၊ အဓိကရဏ၊ သမထကား၊ သတ္တရှိလာ၊ ဝိနယာကို၊ သိကာကေန်၊ အာဂုံပြန်ခဲ့၊ အောင်သံကျူးရင့်၊ ဂုဏ်ထူးတင့်သည်၊ မြူးလွှင့်တံခွန်၊ ပွဲမြတ်မွန်ကို၊ သဝန်ရတု၊ စာစီပြု၍၊ တောင်းဆုသြဘာ၊ ထောမနာဖြင့်၊ ကောဇာခုနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်မျှော်စောင့်၊ ကာရန်ဖြောင့်သော်၊ တစ်ထောင့်သုံးရာ၊ လေးဆယ်သာဝယ်၊ နှင်းလွှာစို့ရွှဲ၊ တပိုတွဲမို့၊ ပေါက်လဲရောင်ရှိန်၊ ဝင်းထိန်ထိန်သည်၊ ရှစ်ကြိမ်လှိုင်တဲ့ရာသီရှင်ဘုရား။

ထေရ်ရှင်စံရာ၊ ကျောင်းတော်သာကား၊ ရှေးခါတိတ်ပဟောင်း၊ ပြည်တကောင်းက၊ ရွှေ့ပြောင်းစုံလာ၊ ညီနောင်သာတည့်၊ မဟာစူဠ၊ သမ္ဘဝ၏၊ သားလှထွတ်ခေါင်၊ ဒွတ္တပေါင်လျှင်၊ တည်ထောင်စိုးလစ်၊ သရေခေတ်ဝယ်၊ ထွန်းသစ်ဒသာ၊ ဆယ်ဆက်မှာလျှင်၊ ရာဇာမင်းဖျား၊ တေပါး၏၊ တည်ထားသာကြည်၊ နိဗ္ဗာန်ရည်သည့်၊ စေတီဗုဒ္ဓါ ဒ္ဓါဒသတွင်၊ တဝဝင်ပါ၊ ငါးမျက်နှာဟု၊ သညာဘွဲ့ရ၊ ဥဒ္ဒိဿ၏၊ ဌာနတည်ရာ၊ နာမ်ဝေါဟာဖြင့်၊ ဝိဗာတွင်မည်၊ ရွှေဘွဲ့ချည်လျက်၊ ရွှေပြည်မြို့တွင်း၊ တေဇာလင်းသည့်၊ နဝင်းရပ်ဌာန်၊ ဘူမိယံဝယ်၊ ရောင်ပျံဖြိုးမောက်၊ တန်ခိုးတောက်၍၊ မိုးအောက်တခွင်၊ ပြုပြင့်စင်မျှ၊ ရွှေကျင်မြတ်ဂိုဏ်း၊ တည်ထောင် ပိုင်း၍၊ မဆိုင်းကေန်၊ စိတ်အကြံဖြင့်၊ ဓိဋ္ဌာန်မပျက်၊ ပြဋ္ဌာန်းချက်ကို၊ သရက်ဒေသာ၊ ခေတ္တရာနှင့်၊ သာယာဝတီ၊ နာမာချီသည့်၊ တူညီနှုန်းပြိုင်၊ သုံးခရိုင်မှ၊ ဘုန်းလှိုင်တေဇ၊ သမဏတို့၊ တကွစုံလင်၊ ထေရ်သဘင်ဖြင့်၊ ပြည်တွင်ဆုံဆည်း၊ ပေါင်းစုစည်း လျက်၊ ဝိနည်းစာပြန်၊ ပွဲကြီးခံ၍၊ ဝင်းလျှံထိန်ဝါ၊ သာသနာလည်း၊ နှစ်ကြာမြင့်ရှည်၊ ငါးထောင်တည် အောင်၊ အောင်စည်ဗေဟိန်၊ ရိုက်ကာချိန်သည်၊ ရှစ်ကြိမ်မြိုင်တဲ့ဌာနီရှင်ဘုရား။

စာဖတ်သူများသည် စာရေးသူရေးသော ရတုပိုဒ်စုံကို အဓိပ္ပာယ်နားလည်အောင် သေသေ ချာချာ ဖတ်ရှုပြီးသော် မြန်မာဘာသာနှင့်ပတ်သက်၍ သော်လည်းကောင်း၊ ပါဠိဘာသာနှင့်ပတ်သက်၍ သော်လည်းကောင်း၊ ကဗျာလင်္ကာနှင့်ပတ်သက်၍ သော်လည်းကောင်း မဆီမလျော် မတော်မတည့်သည်များ တစ်စိုတစ်စတွေမြင်

မိပါသလော။ သာမန်ဉာဏ် အမြင် ရှိသူများအဖို့ လုံးဝမတွေ့မြင်နိုင်ပါ။ထူးကဲ သောဉာဏ်အမြင်ရှိသူ များမှသာ တွေ့မြင်နိုင်ပါလိမ့်မည်။

စာရေးသူသည် ရတုပိုဒ်စုံရေးသားပြီး သောအခါ ဦးမိုးညွှန့်အတူ ဝိသုဒ္ဓါရုံ ဗာရာဏသီ စာသင်တိုက်သို့သွား၍ တိုက်အုပ်ဆရာတော်ထံ ဆက်ကပ်ပါသည်။ တိုက်အုပ်ဆရာတော်က ရတုပိုဒ်စုံကို သေသေချာချာဖတ်ကြည့်ပြီး နောက်ဆုံး အပိုဒ် (၆၁)ပါဒမြောက်တွင်ပါသော ''အောင်စည်ဗေဟိန်''ကို ဘဝင်မတွေ့ဘဲ ''အောင်စည်ဗေဟိန် ဆိုတော့ အသံပေ့ါနေတာပေ့ါ။ အောင်စည်ဗေဟိန်း ဆိုရင် ပိုကောင်းမယ်နော်။ အော် နောက်ပါဒက ရိုက်ကာချိန်သည်နဲ့လည်း ညီဖို့လိုသေးတာကိုး''ဟု ဗေဟိန် ကို မြည်သံစွဲအလင်္ကာမှတ်၍ မှတ်ချက်ပြုပါသည်။ ကာရန်ငဲ့ခြင်းဟု ဆရာတော်က ထင်မှတ်ပါသည်။ သို့သော် စာရေးသူမှာ ကဗျာရေးသက်တမ်းတစ်လျှောက်လုံးတွင် အနက်အဓိပ္ပာယ်ကို သွေဖောက် ၍ ကာရန်ငဲ့ခြင်းကို လုံးဝမပြုလုပ်ပါ။ ထို့ကြောင့် စာရေးသူက''ဗေဟိန်''ဆိုတာ မြည်သံစွဲ အလင်္ကာ မဟုတ်ဘူးဘုရား။ ကာရန်ငဲ့ထားတာလည်း မဟုတ်ပါဘူး။ ဗေဟိ စည်ကြီးကဲ့သို့ တီးမှမြည်တယ်ဆိုသလို ဣန္ဒနဲ့ ပေါင်းပြီး ဗေဟိန် စည်ကြီးလို့ပဲ ဆိုလိုတာဘုရား'' ဟု ပြန်လျှောက်ပါသည်။ ''အေး ထားခဲ့ ပေ့ါကွာ။ ဆရာတော်ကြီးကို ပြရအုံးမယ်ကွ'' ဟု တိုက်အုပ်ဆရာတော်က မိန့်ပါသည်။



၁၃၇၁-ခုနှစ်၊ (၃၉)ကြိမ်မြောက် သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲတွင် ဘုန်းတော်ကြီးဦးဓမ္မရသ၊ ပဓာနနာယက ဆရာတော်ဦးနာဂဝံသ တို့ ဦးဆောင်ကာ ဆွမ်းခံကြွနေသည့် သံဃာတော်များ

စာရေးသူ နောက်တစ်ခေါက် ကျောင်းတိုက်သို့ရောက်သောအခါ ဗာရာဏသီဆရာတော်ကြီးက စာရေးသူ၏ ရတုပိုဒ်စုံကို လက်ရေးသေသေ သပ်သပ်ဖြင့် ပြင်ဆင်တည်းဖြတ်ထားသည်ကို တိုက်အုပ်ဆရာတော်က ပြပါသည်။နောက်ဆုံးအပိုဒ် (၆၁)ပါဒပါ ''အောင်စည်ဗေဟိန်''ကို ''အောင်စည် ဘေရိန်''ဟု ပြင်ထားသည်ကို တိုက်အုပ်ဆရာတော်က ထောက်ပြရင်း ''ဟုတ်သားပဲကွ။ ဘေရီ စည်ကြီးကို မင်းက ဗေဟိ လို့ပဲ''ဟု မိန့်ပါသည်။ တိုက်အုပ် ဆရာတော်မှာလည်း ဆရာတော်ကြီးပြင်ပေးမှ ဉာဏ်အမြင်ပွင့်သွားပေသည်။ စာရေးသူမှာလည်း ဘေရီပါဠိကို သတိပြုမိသွားပါသည်။

စာရေးသူမှာ လှည်းတန်းဦးလူကလေး ရေးစပ်၍ ဦးဖိုးစိန်ကြီးသီဆိုသော ခေါ်မဟောတည် ထွန်း သီချင်းကို မင်းသားဝင်းဦး ပြန်လည်သီဆိုရာ တွင်ပါဝင်သော ''ရွှေပြည်ပေါ်ဝယ် ဗေဟီဆော်တယ်'' ဟူ၍ လည်းကောင်း၊ ''ရွှေးပြည်ပေါ်ဝယ် ဗေးဟီဆော်တယ်'' ဟူ၍လည်းကောင်း ခြောက်ပေါက်သံကျသီချင်းကို မနိုင်မနင်းဆိုသည်ကို နားထဲစွဲနေ၍ ဗေဟိ စည်ကြီး ကဲ့သို့ တီးမှမြည်တယ်လို့ အမှတ်မှားနေခြင်းဖြစ် ပါသည်။အလွယ်ဆုံးအနေဖြင့် လောကနီတိကို လှန်ကြည့်လျှင်ပင် ''ပဏ္ဍိတော–ပညာရှိသည်၊ အပုဋ္ဌော–သူမမေးမူကား၊ ဘေရီ–စည်ကြီးသဖွယ်၊ ဟောတိ–ဖြစ်၏''ဟု တွေ့နိုင်သည်ကို

လှန်မကြည့် ဖြစ်ပါ။ စာပေမနှံ့စပ်သော အဆိုတော်တို့၏ သီချင်းသံမှာ အားကိုးထိုက်သော အထောက်အထား မဟုတ်သည်ကို သင်ခန်းစာရခဲ့ပါသည်။

ထိုကဲ့သို့ အောင်စည်ဗေဟိန် ကို အောင်စည် ဘေရိန် ဟု ပြင်နိုင်ခြင်းမှာ ထူးကဲသောဉာဏ်အမြင် ရှိသူမို့သာ ပြင်နိုင်ခြင်းဖြစ်ပါသည်။စာရေးသူဆိုလိုသော အာဘော် ကိုလည်းမိအောင်၊ပါဠိဘာသာဖြစ်စေ မြန်မာဘာသာဖြစ်စေ အနက်အဓိပ္ပာယ်လည်း မှန်အောင်၊ ကဗျာမှာလည်း သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရ မပျက်စီးအောင် ညှိ၍ပြင်ရ ခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးမှာ ပါဠိဘာသာကိုသာ အားသန်တော်မူသူမဟုတ်ပါ။အချို့ပါဠိဘာသာနှင့်ရေးထား သော မဆီလျော်မှုကို မြန်မာဘာသာသို့ ပြောင်းစေပါသည်။

ပထမအပိုဒ် (၄၇)ပါဒတွင်ပါသော ''ပဋိသုံး ဖြာ''ကို''တည်ရှိသုံးဖြာ''ဟု ပြင်တော်မူပါသည်။ စာရေးသူ မှာ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူ၍ သာသနာသုံးရပ်ရှိ သည်တွင် ပရိယတ္တိ ကို ပဋိယတ္တိ ဟု ရေးသည်ထင်၍ သုံးရပ်စလုံးတွင်ပါဝင်သော ''ပဋိ''ကို ဘုံထုတ်ပြီး ပဋိသုံး ဖြာဟုရေးသည်ကို ဆရာတော်ကြီး မြင်တော်မူပါသည်။ အမှန်မှာ ပရိယတ္တိဖြစ်၍ ပဋိ ကို ဘုံထုတ်၍မရပါ။ ထို့ကြောင့် တည်ရှိသုံးဖြာ ဟု ပြင်လိုက်ခြင်းဖြစ်ပါသည်။ ထိုအခါမှ စာရေးသူမှာ ပရိယတ္တိရေးထုံးကို သတိပြုမိပါတော့သည်။


ဒုတိယအပိုဒ် (၅၆)ပါဒတွင်ပါသော ''ကာရန် ဖြောင့်သော်''ကို ဆရာတော်ကြီးက ''ဂဏန်းဖြောင့် သော်'' ဟု ပြင်ပါသည်။ ထိုစဉ်က စာရေးသူမှာ ငယ်ရွယ်စဉ်ဖြစ်၍ မိမိ၏အာဘော်ပျက်စီးသည်ဆိုကာ ဆရာတော်ကြီး၏ ဤပြင်ဆင်ချက်ကို မကျေနပ်ခဲ့ပါ။ အသက်အရွယ်အတော်ရ လာမှ ဤပြင်ဆင်ချက်ကို နှစ်သက်လာပါသည်။ ''ကာရန်'' သည်''ဂဏန်း''ထက် သုတိသံသာသော်လည်း အဓိပ္ပာယ် မှာ အက္ခရာ၏ အဆုံးသံဖြစ်၍ ရှေ့ပုဒ်ပါ သက္ကရာဇ်နှင့် မလိုက်ဖက်လှပါ။ သက္ကရာဇ်ကို ဂဏန်းဖြင့်ဖော်ပြရပါသည်။ ထို့ကြောင့် ''ကာရန်ဖြောင့်သော်''မှာ လေးလုံးပုဒ်ပြည့် ရုံသာရှိ၍ ''ဂဏန်းဖြောင့်သော်''ကဲ့သို့ မဆီလျော်လှ ကြောင်းကို အသက်အရွယ်ရမှ ဆင်ခြင်မိပါသည်။

''အောင်စည်ဘေရိန်''တို့ ''တည်ရှိသုံးဖြာ''တို့ကို စာရေးသူ ချက်ချင်းလက်ခံနိုင်ခဲ့သော်လည်း ဤ''ဂဏန်းဖြောင့် သော်''ကို ချက်ချင်းလက်မခံနိုင်ခဲ့ပါ။ စာရေးသူ တော်တော် များများသည် အတ္တမာနဖြင့် မိမိစာကို ပြင်သည်ကို မကြိုက်ကြပေ။ ပြင်စရာမလို၊ မကြိုက်ရင်မသုံးနဲ့ ဟူသော တစ်ဖက်စွန်းသမားများပင် တွေ့ရဖူးပါသည်။ မိမိ၏ အာဘော်ကိုထိလျှင် မချိအောင်နာတတ်ကြသည်။ မိမိအများ ကိုတော့ မမြင်တတ်ကြပေ။ တပည့်တော်မှာ ထိုသူများ လောက် မမိုက်မဲပါဘုရား။ ဆရာတော်ကြီး တပည့်တော်ကို ခွင့်လွှတ်တော်မူပါဘုရား။

ယခုကဲ့သို့ ပြည်မြို့ နဝင်းရပ်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီစာသင်တိုက်တည်ထောင်သည့် နှစ်ငါး ဆယ်ပြည့် အခါသမယတွင် စတင်တည်ထောင် တော်မူသော ဗာရာဏသီဆရာတော်ကြီးနှင့် ဒုတိယမြောက် ဝိသုဒ္ဓါရုံ ဗာရာဏသီ ဆရာတော်တို့သည် ဘဝနတ်ထံ ပျံလွန်တော် မူခဲ့ကြပါပြီ။ စာရေးသူ ရတုပိုဒ်စုံရေးစဉ်က တိုက်အုပ်ဆရာ တော်ဖြစ်၍ နောင်အခါတွင် ဒုတိယမြောက် ဝိသုဒ္ဓါရုံဗာရာဏ သီစာသင်တိုက် ပဓာနနာယကဖြစ်လာသော ဆရာတော်မှာ စာရေးသူမှ ပါဠိမြန်မာကဗျာလင်္ကာ ဆိုင်ရာ အကြောင်း အရာများ မေးလျှောက်ရင်း ဖြေကြားရင်းဖြင့် တရင်းတနှီး ရှိလှပါသည်။ တပည့်တော်သည် ဤဆောင်းပါးဖြင့် ဝိသုဒ္ဓါရုံ ဗာရာဏသီစာသင်တိုက်ကို လက်ဦးမဆွ စတင်တည် ထောင်တော်မူသော ဗာရာဏသီဆရာတော်ကြီး ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတာဘိဝံသ(၁၂၆၄–၁၃၅၅)နှင့် ဒုတိယမြောက် ဝိသုဒ္ဓါရုံဗာရာဏသီစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တ စာရ(၁၂၉၁–၁၃၆၀)တို့အား အမှတ်တရ ရှိခိုးပူဇော်လိုက် သည့်အပြင် တိုက်ဒါယိကာမကြီး သခင်မကြီးဒေါ်သိန်းတင် (၁၂၆၇–၁၃၄၅)အားလည်း ရိုသေစွာ ဂါရဝပြုလိုက်ပါ သည်ခင်ဗျား။

**ဓေတ္တရာမောင်ကျော်မြင့်**

# ဖြည့်–သရက်–သာယာဝတီ သုံးခရိုင်
# ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲအမှတ်တရဓာတ်ပုံရိပ်များ




ဓမ္မာရုံမရှိသေးမီ သုံးခရိုင်ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲကို
မဟာဘောဇနသာလာဆွမ်းစာကျောင်းနှင့်အလယ်သိမ်တိုက်ကြီးအကြား
မဏ္ဍပ်ထိုး၍ အခမ်းအနားကျင်းပရလေသည်။



ဝိနည်းစာတော်ပွဲဝင် ကိုရင်ငယ်တစ်ပါးအား တိုက်အစ်မကြီးဒေါ်သိန်းတင်က မေးမြန်းနေစဉ်။
ယာဘက်မှ ရပ်နေသူမှာ တောင်ကြီးမြို့ ကျောင်းဒကာ ဆရာခွေးဖြစ်သည်။

# ပြည်–သရက်–သာယာဝတီ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲတွင် ဆွမ်းခံကြွရောက်တော်မူနေကြသည့်ဆရာတော်ဘုရားကြီးများ



မြောင်းမြဆရာတော်ဘုရားကြီး



ပိုက်ကျုံးဆရာတော်ဘုရားကြီး




ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်
ကန်ကြီးဆရာတော်ဘုရားကြီး



ရှစ်မိုင်-မစိုးရိမ်ဆရာတော်နှင့်သာသနာပြုဆရာတော်









ဘုန်းတော်ကြီးဦးဓမ္မရသ

# ပြည်–သရက်–သာယာဝတီ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ အမှတ်တရပုံရိပ်များ




၁၃၃၃-ခုနှစ်၊ တပို့တွဲလ ပထမအကြိမ် ဝိနည်းစာတော်ပြန်ပွဲ၌
ဒသမမြောက် ရွှေကျင်သာသနာပိုင် ဝိသုဒ္ဓါရုံမြောင်းမြဆရာတော်ဘုရားကြီး ဩဝါဒကထာမြွက်ကြားနေစဉ်



၁၃၃၃-ခုနှစ်၊ တပို့တွဲလ ပထမအကြိမ် ဝိနည်းစာတော်ပြန်ပွဲ၌
အပူဇော်ခံနေသောဆရာတော်ကြီးများမှာ (ဝဲမှယာ) ၁။ ပြည်ခရိုင်ဥက္ကဋ္ဌ မဟာဓမ္မိကာရာမဆရာတော်၊
၂။ သာယာဝတီခရိုင်ဥက္ကဋ္ဌ မင်းလှဝေဠုဝန်ဆရာတော်၊ ၃။ သရက်ခရိုင်ဥက္ကဋ္ဌ ရွှေကြိုးကြာတောရဆရာတော်

## ၁၉၇၂-ခုနှစ်၊ တပို့တွဲလပြည့်နေ့ ပြည်-သရက်-သာယာဝတီ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ ရေစက်ချအခမ်းအနားအမှတ်တရပုံရိပ်များ



သံဃာတော်များနှင့်အတူအလယ်တည့်တည့် ဝိဇာဆရာတော်ဘုရားကြီး၊
ယာဘက်မှ မေမြို့ဆရာတော် ဘဒ္ဒန္တမဟောသဓပဏ္ဍိတာဘိဝံသ(ညီတော်)ဖြစ်သည်။
နောက်ဆုံးဘုရားခမ်းရှေ့၌ ဝဲမှယာ ဆရာတော်ကြီးများ
မိတ္ထီလာမြို့ မန်ကျည်းကုန်းဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရန်ကုန်မြို့ ရှစ်မိုင်မစိုးရိမ်ဆရာတော်
ဘဒ္ဒန္တဇေယျသေန၊ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတတို့ဖြစ်သည်။



ရေစက်ချအခမ်းအနားသို့ကြွရောက်လာကြသည့်ဉေပါသကာများနှင့်အတူ
အလယ်တည့်တည့်တွင် ဦးထိပ်ပေါ်ခံထုံးထုံးလျက်ထိုင်နေသူမှာတိုက်အစ်မကြီးဒေါ်သိန်းတင်ဖြစ်သည်။

# ပြည်-သရက်-သာယာဝတီ သုံးခရိုင် ရွှေကျင်နိကာယ ဝိနည်းစာတော်ပြန်ပွဲ အမှတ်တရပုံရိပ်များ



(မတ်တပ်ရပ်လျက်) ဆွမ်းကိစ္စစီစဉ်ဆောင်ရွက်နေသော ဦးနန္ဒောဘာသာဘိဝံ(ယခု ဝိ-ဗာတိုက်အုပ်)
ဆွမ်းဘုန်းပေးနေသည့်ဆရာတော်ကြီးများအားကြည့်ညိုနေသည့် တိုက်အစ်မကြီးဒေါ်သိန်းတင်



၁၃၄၄-ခုနှစ်၊ တပို့တွဲလ သုံးခရိုင် ရွှေကျင်နိကာယဝိနည်းစာတော်ပြန်ပွဲတွင်
ဂ-စောင်ပြန် ရှင်အမတောဘာသ (ယခု-ရှစ်မိုင်-မစိုးရိမ် တိုက်အုပ်)အား တိုက်အစ်မကြီးဒေါ်သိန်းတင်မှ
လှူဒါန်းဘွယ်ပစ္စည်းများကပ်လှူနေစဉ်။ ဘေးနားမှကြည့်ညိုနေကြသူများမှာ (ဝဲမှယာ) အတွင်းရေးမှူး ဦးစိုးမင်း၊
တောင်ကြီးမြို့ ဆရာခွေး၊ စာရေးကြီး ဦးရွှေ (ရှင်အမတောဘာသ၏ရဟန်းဒကာ)၊ ဦးတင်ညွန့် တို့ဖြစ်သည်။

## ၁၉၄၉–ခုနှစ်၊ တပေါင်းလ ပြည်စာဖြေဌာန
## အစိုးရ ဝယ်,လတ်,ကြီး,စမ္ဗာစရိယ စာဖြေသံဃာ ၈၀၀–ကျော်အား
## ဝိ–ဇာတိုက်အမကြီးဒေါ်ထိန်းတင်၏
## ကုသိုလ်နေ့ဆွမ်းကို ဝိ–ဇာတိုက်ဆွမ်းကျောင်းထက်/အောက်၊ ထိမ်တိုက်ကြီးအောက်ထပ်၊
## ဆွမ်းကျောင်းနှင့်ထိမ်တိုက်ကြီးကြား မလှော်ထိုး၍ စားပွဲနှင့်ထိုင်ခုံများဖြင့်
## ပြုပြင်ကျွေးမွေးလှူဒါန်းနေမှု အမှတ်တရပုံရိပ်များ



ဒေါ်ထိန်းတင်၊ ဦးထေရပွိယ၊ ဦးညွှာဘာသ



တိုက်အစ်မကြီးဒေါ်ထိန်းတင် ဆွမ်းကပ်လှူနေစဉ် အကပ်ခံနေသောဘုန်းကြီးမှာ ဦးညွှာဘာသဖြစ်သည်။











# ၁၉၄၉–ခုနှစ်၊ တပေါင်းလ ပြည့်စာဖြေဌာန
# အစိုးရ ပထမ်,လတ်,ကြီး,ဓမ္မာစရိယ စာဖြေသံဃာ ၈၀၀–ကျော်အား
# ဝိ–ဗာတိုက်အမကြီးဒေါ်သိန်းတင်၏
# ကုသိုလ်နေ့ဆွမ်းကို ဝိ–ဗာတိုက်ဆွမ်းကျောင်းထက်/အောက်၊ သိမ်တိုက်ကြီးအောက်ထပ်၊
# ဆွမ်းကျောင်းနှင့်သိမ်တိုက်ကြီးကြား မဏ္ဍပ်ထိုး၍ စားပွဲနှင့်ထိုင်ခုံများဖြင့်
# ပြုပြင်ကျွေးမွေးလှူဒါန်းနေမှု အမှတ်တရပုံရိပ်များ



စီစဉ်ညွှန်ကြားနေသည့် ဦးဝိစိတ္တစာရ



ရှင်သုခိန္ဒ ဦးသီတလာနန္ဒ ဦးပဏ္ဍိတဝရ






ဆွမ်းစားကျောင်းနှင့်သိမ်တိုက်ကြီးကြား စာဖြေသံဃာတော်များဆွမ်းဘုန်းပေးနေစဉ်



ဆွမ်းဘုန်းပေးနေသည် စာဖြေသံဃာတော်များ




ဆွမ်းဘုန်းပေးနေသည် စာဖြေသီလရှင်များ

# အမွှမ်းတင်ဆုနှင်းသဘင်အခမ်းအနား အမှတ်တရပုံရိပ်များ




၁၃၃၂-ခုနှစ်၊ ဂန္ထမုရပူဇကအဖွဲ့ စတင်ဖွဲ့စည်းစဉ်က အစိုးရ ပထမပြန်စာမေးပွဲတွင်
အတန်းအသီးသီးမှအောင်မြင်တော်မူသောအရှင်မြတ်များ

ရှေ့တန်း(ဝဲမှယာ)-ဦးသုဘဝန္တ၊ ရှင်သုဝီရိယ၊ ရှင်ထေရပ္ပိယ၊ ဦးသာသနောဒယ၊ ဦးမဟိန္ဒိက၊ ဦးဂုရုပ္ပိယ
နောက်တန်း(ဝဲမှယာ)-ရှင်သုဝီရာစာရ၊ ဦးဇောတိပါလ၊ ဦးသုရာနာထ၊ ဦးဥစ္စာနန္ဒ ဦးဓမ္မောနတ၊ ဦးဉာဏိန္ဒြိယ




၁၃၃၅-ခုနှစ်၊ စတုတ္ထအကြိမ်အမွှမ်းတင်ဆုနှင်းသဘင်

ရှေ့တန်း(ဝဲမှယာ) ရှင်ပဏ္ဍိတာနန္ဒ၊ ရှင်အာသဘာစာရ၊ ဦးအဂ္ဂဓမ္မ၊ ဦးဥစ္စာနန္ဒ၊ ဦးပညာသာမီ၊
နောက်တန်း(ဝဲမှယာ) ရှင်ကဝိပ္ပိယ၊ ဦးဇောတေသက၊ ရှင်ဝိဇ္ဇာတပ၊ ရှင်ဝဏ္ဏသာမီ၊ ရှင်သေဋ္ဌဓမ္မ

# အမွှမ်းတင်ဆုနှင်းသဘင်အခမ်းအနား အမှတ်တရပုံရိပ်များ



၁၃၄၁-ခုနှစ်၊ ၉-ကြိမ်မြောက် အမွှန်းတင်ဆုနှင်းသဘင်အခမ်းအနား၌
စာအောင်သံဃာတော်များနှင့်တိုက်အစ်မကြီးဒေါ်သိန်းတင်တို့အမှတ်တရ
ဝဲမှယာ ၁။ဦးကိတ္တိဗလ ၂။ဦးပဏ္ဍိတဝရ ၃။ရှင်သေဋ္ဌဓမ္မ ၄။ရှင်ဒိနပ္ပတိ ၅။ဦးသုဝီရိယ
၆။ဦးအဂ္ဂဓမ္မ ၇။ရှင်စန္ဒောဘာသ ၈။ရှင်ပဏ္ဍိတပ္ပိယ ၉။--------- ၁၀။ရှင်ကုလသာမိ



၁၃၄၇-ခုနှစ်၊ အမွှန်းတင်ဆုနှင်းသဘင်အခမ်းအနားတွင်တွေ့မြင်ရသော စာအောင်သံဃာတော်များ
ရှေ့တန်း(ဝဲမှယာ) ဦး----------- ဦးမတိရံသီ၊ ဦးဝိပ္ပသန္န၊ ဦးဝိသုတာနန္ဒ၊ ဦးဝိမလဓမ္မ၊ ရှင်ဣန္ဒရံသီ၊ ရှင်ဥတ္တမာနန္ဒ
ရှင်ဇဝနာနန္ဒ၊ ရှင်ခမာစာရ
နောက်တန်း(ဝဲမှယာ) ရှင်ဇာဂရဓမ္မ၊ ရှင်ကုသလဓမ္မ၊ ရှင်ဝိလာသဉာဏ၊ ရှင်ပညာသိဒ္ဓိ၊ ဦးကုလီနဝံသ၊
ရှင်ဥဿုက၊ ရှင်---------

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သမိုင်းတွင် ရွှေကျင်နိကာယ ဂန္ထဓုရပူဇကအဖွဲ့ အကြောင်းလည်း မပါလျှင်မပြီး ဟုထင်ပါသည်။ ၁၃၃၂-ခုနှစ် ဝါဆိုလဆန်းပိုင်းက ဗာရာဏသီ ဆရာတော်ဘုရားကြီးသည် တိုက် အမ နဝင်းဒေါ်သိန်းတင်နှင့် ဒကာ ဒကာမများကိုခေါ်၍ နဝင်းရပ် ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၏ ပရိယတ္တိသာသနာ့ကိစ္စ ဆောင်ရွက် သွားနိုင်ရန် အသင်းအဖွဲ့တစ်ခု တည်ထောင်စေလိုကြောင်း မိန့်ကြား တော်မူပါသည်။ ထိုအတွက် ၁၃၃၂-ခု ဝါဆိုလဆန်း(၁၄)ရက်နေ့၊ မွန်းလွဲ (၁)နာရီအချိန်တွင် ရပ်မိရပ်ဖများ အား ဖိတ်ကြား၍စည်းဝေးတိုင်ပင် ညှိနှိုင်းကြပါသည်။ ၄င်းအစည်း အဝေးတွင် သဘာပတိအဖြစ် သခင်ရှိန်မှ ဆောင်ရွက်၍ အခမ်း အနားမှူးအဖြစ် ဦးစိုးမင်း-မန်နေဂျာ နဝင်း၊ ဒေါ်သိန်းတင်ဆေးလိပ်ခုံမှ ဆောင်ရွက်သွားပါသည်။

နဝင်းရပ်ဝိသုဒ္ဓါရုံ ဗာရာ ဏသီ တိုက်မှ ၁၃၃၁-ခုနှစ်တွင် ကျင်းပပြီးစီးခဲ့သော အစိုးရပါဠိ ပထမပြန် ငယ်,လတ်,ကြီး, ဓမ္မာစရိယ စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင် တော်မူကြသော စာအောင်သံဃာ တော်များအား ယခုနှစ် ၁၃၃၂-ခုနှစ်မှ စ၍ နှစ်စဉ် နှစ်တိုင်း ဆုနှင်းသဘင် ကျင်းပသွားနိုင်ရန် တာဝန်ယူ ဆောင်ရွက်သွားမည့် အဖွဲ့အစည်း တစ်ခု ဖွဲ့စည်းလိုပါကြောင်း ကို အစည်း အဝေးသဘာပတိ သခင်ရှိန်မှ အဆိုပြု တင်သွင်းသွားရာ ရွှေပလ္လင်မှော် ရ.လ.က လူကြီး ဦးထင်ကြီးမှ

# ရွှေကျင်နိကာယ ဂန္ထဓုရပူဇက အဖွဲ့

ဦးခင်မောင်မြင့်





ဂန္ဓဓုရပူဇကအဖွဲ့စတင်ဖွဲ့စည်းစဉ်ကပါဝင်ကြသည့် အမျိုးသားအဖွဲ့

ထောက်ခံခဲ့ပါသည်။ ၎င်းအဆိုကို ကန့်ကွက်မည်သူမရှိ အတည်ပြုလိုက်ပါသည်။ အသင်းတစ်သင်းဖြစ်ပေါ်ရာတွင် အသင်း၏ အမည်နာမမရှိမဖြစ်လိုအပ်လာပါသည်။ ထိုအခါ ဗာရာဏသီဆရာတော်ကြီးအား အသင်းအမည်မှည့် ပေးပါရန်လျှောက်ထားတောင်းပန်ရာ ဆရာတော် ဘုရားကြီးမှ ဤအသင်းကြီးသည် ရွှေကျင်နိကာယ ဂန္ဓဓုရပူဇကအဖွဲ့ဟု မှည့်ခေါ်လျှင်သင့်တော်ကြောင်း မိန့်ကြားတော်မူပါသည်။ သို့အတွက် အမည်နာမအား အစည်းအဝေးကြီးမှ သာဓု သုံးကြိမ်ခေါ်ဆို၍ အတည်ပြုခဲ့ကြပါသည်။ ၎င်းနောက် အဖွဲ့အစည်း၏ နာယကများအဖြစ်. . . . . .

| | |
|---|---|
| ဦးသီလ | (အငြိမ်းစား သစ်တောအရာရှိမင်း) |
| ဦးအောင်သိန်း | (နဝင်း) |
| ဦးအောင်သိန်း | (ဥက္ကဋ္ဌ၊ ရွှေကူ ရ. လ. က) |
| သခင်ရှိန် | (အငြိမ်းစား) |
| ဒေါ်သိန်းတင် | (နဝင်း ကျီးငှက်တံဆိပ်ဆေးလိပ်ရုံ ပိုင်ရှင်) |
| ဦးအေးမောင် | (ရ. လ. က လူကြီး၊ နဝင်း) |
| ဦးဘသိန်း | (ရဲကြပ်စာရေးကြီး) . . . . တို့အား |

တင်မြှောက်ကြပါသည်။

၎င်းနောက် ဥက္ကဋ္ဌအဖြစ် ရွှေပလ္လင်မှော်မှ ဦးထင်ကြီးအား တင်မြှောက်ရန် နဝင်းကျီးငှက်တံဆိပ်ဆေးလိပ်ရုံမှ ဦးစိုးမင်း မှ အဆိုပြုတင်သွင်းရာ နဝင်းမှ သခင်ရှိန်မှ ထောက်ခံပြောဆိုရာ ကန့်ကွက်သူမရှိသဘောတူဆန္ဒပြုကြပါသည်။

ဒုတိယ ဥက္ကဋ္ဌအဖြစ် နဝင်းကျီးငှက်တံဆိပ်ဆေးလိပ်ရုံမှ ဦးတင်ညွှန့်အား ဦးသန်းငွေ(နဝင်း)မှ တင်သွင်းရာ ရွှေကူ ရ. လ. က ဥက္ကဋ္ဌ ဦးသိန်းအောင်မှ ထောက်ခံ၍ ကန့်ကွက်သူမရှိ အတည်ပြုနိုင်ခဲ့ပါသည်။ ၎င်းနောက် အတွင်းရေး မှူးအဖြစ် ဦးသန်းငွေ (နဝင်း)၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးစိုးမင်း(မန်နေဂျာ၊ နဝင်းဆေးလိပ်ရုံ) ဘဏ္ဍာရေးမှူး အဖြစ် ဦးရွှေ၊ ဆော်ဩရေးမှူးအဖြစ် ဦးမောင်မောင် အေး၊ ဒုတိယဆော်ဩရေးမှူးအဖြစ် ဦးလှကြိုင်၊ စာရင်းစစ်ဦးသန်းခင် (အစိုးရဘဏ်)နှင့်

အလုပ်အမှု ဆောင်များအဖြစ်------

ဦးအုန်းမောင် (နဝင်း)
ဦးကြွင်မောင် (နဝင်း)
ဦးသန်း (နဝင်း)
ဦးရွှင် (နဝင်း)
ဦးရွှေ (နဝင်း)
ဦးစိန်လုံ (နဝင်း)
ဦးမောင်စိန် (နဝင်း)
ဦးထွန်းညို (ကျောင်းကုန်း)
ဦးစိန်ကြီး (ကျောင်းကုန်း)
ဦးသန်းမောင် (ကျောင်းကုန်း)
ဦးမောင်ကျောက် (ကျောင်းကုန်း)
ဦးမောင်ထွန်း (ကျောင်းကုန်း)
ဦးစောမောင် (ကျောင်းကုန်း)
ဦးဗိုလ်ကေ (ကျောင်းကုန်း)
ဦးထွန်းရွှေ (ကျောင်းကုန်း)
ဦးထွန်းမြိုင် (နဝင်း ကျီးငှက်ဆေးလိပ်ရုံ)
ဦးမောင်သန်း (နဝင်း ကျီးငှက်ဆေးလိပ်ရုံ)
ဒေါ်သန်းရီစိန် (နဝင်း ကျီးငှက်ဆေးလိပ်ရုံ)
ဒေါ်တင်ရီ (နဝင်း ကျီးငှက်ဆေးလိပ်ရုံ)
ဒေါ်ရှင် (နဝင်း ကျီးငှက်ဆေးလိပ်ရုံ)
ဒေါ်စန်းစန်းရီ(နဝင်း ကျီးငှက်ဆေးလိပ်ရုံ)-

တို့အား တင်မြှောက်၍ ရွှေကျင်နိကာယဂန္ထဓုရပူဇက အဖွဲ့၏ အမှုဆောင်ဦးရေ တိုးချဲ့ခြင်း၊ လျှော့နိုင်ခြင်း ကိစ္စများအတွက် အလုပ်အမှုဆောင်တစ်ဖွဲ့လုံးအား အာဏာအပ် နှင်းပေးပါရန် သခင်ရှိန်မှ အဆို တင်သွင်းသည်ကို ဦးကြီးစိန်မှ ထောက်ခံသဘောတူပြီး ကန့်ကွက်သူမရှိ အတည်ပြုလိုက်ပါသည်။ ၎င်းအစည်း အဝေးကို မွန်းလွဲ ၂-နာရီ ၁၅ မိနစ် အချိန်တွင် အဆုံးသတ်ပြီးစီးသွားပါသည်။

ထိုအစည်းအဝေးတွင် တိုက်အမကြီး ဒေါ်သိန်းတင်မှ ဝမ်းမြောက်ဝမ်းသာ ထောမနာစကား ကိုလည်း အောက်ပါ အတိုင်းလျှောက်ထားပြော ဆိုခဲ့ပါသည်---------

ဂန္ထဓုရပူဇကအဖွဲ့စတင်ဖွဲ့စည်းစဉ်ကပါဝင်ကြသည့် အမျိုးသမီးအဖွဲ့



ယနေ့ကျင်းပတဲ့ အစည်းအဝေပွဲသို့ ဖိတ်ကြားထားသည့်အတိုင်း ဖိတ်ကြားထားသမျှ ပုဂ္ဂိုလ်အားလုံး စုံစုံညီညီ တက်ရောက်၍ သာသနာပြုကုသိုလ်ရေး ဆောင်ရွက်ကြရန်အတွက် ရည်ရွယ်ချက်လုပ်ငန်းစဉ်များ ချမှတ်ပြီးအသင်း တည်ထောင်ပြီးပြီ ဖြစ်ပါသည့်အတိုင်း စုပေါင်းညီညာ အောင်ကြောင်းသာဆိုတဲ့ ရှေးရှေးသူတော်သူမများရဲ့ စကားအရ အသင်း၏အမှုဆောင် လူကြီးမင်းများနှင့် တကွ အသင်းသူအသင်းသားအားလုံး စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နှင့် ဆောင်ရွက်အားထုတ်ကြမယ်ဆိုလျှင် သာသနာပြုကုသိုလ်ရေးကိစ္စကြီးတွေ တစ်ခုပြီးတစ်ခုတစ်ဆင့်ပြီးတစ်ဆင့် ဆိုတာလို အောင်မြင် ထမြောက်သွားတော့မှာကို တွေးမျှော်မှန်းဆ၍ အနှစ်နှစ်အလလက ပြင်းပြင်းပြပြထားခဲ့တဲ့ ကျမရဲ့ ဆန္ဒပြည့်ရတော့မည်ကို မြော်လင့် ယုံကြည်ကာ ဝမ်းသာကြောင်းလောက်သာ အတိုချုပ်ပြောကြားမယ်လို့ ကျမရည်ရွယ်ခဲ့ပါတယ်။

သို့သော် အများရဲ့ဆန္ဒအရ သဘာပတိကြီး၏ တိုက်တွန်းခွင့်ပြုချက်ဖြင့် အနည်းငယ်မျှ ထပ်မံ၍ ပြောကြားရမယ် ဆိုပါလျှင် သာသနာတော်မြတ်သုံးပါးတွင် ပရိယတ္တိသာသနာတော်မြတ်သည် ရေသောက်မြစ်ပမာ အရင်းမူလအချုပ်အခြာ သာသနာတော်ကြီးဖြစ်ကြောင်းနှင့် ထိုပရိယတ္တိ သာသနာ တော်မြတ်တွင်လည်း သုတ် အဘိဓမ္မာ ဝိနည်းတော်ရယ်လို့ ပိဋကတ်သုံးပါးရှိသည့်အနက် ဝိနည်းပိဋကတ်တော်သည် သာသနာတော်၏ အသက်ဖြစ်တဲ့အတွက် ဝိနည်းဒေသနာတော်တည်သမျှကာလပတ်လုံး သာသနာတော်ကြီး တည်တန့်ခိုင်မြဲကြောင်းတို့ကို ဤဝိသုဒ္ဓါရုံဗာရာဏသီတိုက်၏ ဦးစီးနာယက ဖြစ်တော်မူသော ဗာရာဏသီ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် အကြောင်းအားလျှော်စွာ ဟောကြားတော်မူသည်ကိုအကြိမ်ကြိမ် အခါခါ နာယူမှတ်သားခဲ့ရပါသဖြင့် အရအမိ လောက်နီးနီးပင် နှလုံးသွင်းမှု ရှိရင်းစွဲဖြစ်ပါတယ်။

ယခုအစည်းအဝေးတွင် အမှုဆောင်လူကြီးများနှင့် အသင်းဝင်အားလုံးတို့ဟာ--ဆရာတော်ဘုရား၏ တပည့် ဒါယကာ အရင်းများဖြစ်ကြသည့်အတိုင်း အစည်းအဝေးသဘာပတိကြီး၏ သဘာပတိမိန့်ခွန်းတွင်လည်း ဆရာတော်ဘုရား၏ ဩဝါဒနှင့်အညီ သာသနာတော်မြတ်သုံးပါး၏ ရေသောက်မြစ်ပမာ အရင်းမူလအချုပ်အခြာအဆုံးအမ ဒေသနာတော်ဖြစ်တဲ့ ပရိယတ္တိဝန်ဆောင် သံဃာတော်များအား ပစ္စည်းလေးပါးလှူဒါန်းပူဇော်ကြရခြင်းသည် ပရိယတ္တိ သာသနာပြုကုသိုလ်မှုကြီးဖြစ်သကဲ့သို့ ထိုထက်စွမ်းနိုင်ကြပါလျှင် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်အားလုံး ကျင့်သုံးစောင့် ထိန်းကြရမည့် သာသနာတော်၏အသက်ဖြစ်တဲ့ ဝိနည်းစာတော်ပြန်ပွဲကျင်းပ၍ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်းပူဇော်နိုင်ကြမည်ဆိုလျှင် သာသနာတော်၏ အသက်တာကို ရှည်ကြာသည်ထက်ရှည်ကြာအောင် အသက်ဆက်တဲ့ သာသနာပြုကုသိုလ်ထူးကြီးကိုပါ ဆည်းပူးအားထုတ်ရာရောက်မည်ဖြစ်လို့ ကြိုးစား၍ ဆောင်ရွက်ကြ ပါမယ့်အကြောင်း အဓိကထားကာ တိုက်တွန်းပြောကြားသွားသည်ကို စေတနာ သဒ္ဓါတရား တူညီကြတဲ့ဂန္ဓကုဋိရပူဇကအဖွဲ့ အမှုဆောင်လူကြီးများနှင့်တကွ အသင်းသူအသင်းသားအားလုံး စည်းလုံးညီညွတ်စွာနှင့်-

(၁) စာအောင်သံဃာတော်များအား ဆုဆပ်ကပ် ပူဇော်ပွဲကျင်းပရန်။

(၂) လာမည့်နှစ်မှစ၍ ဝိနည်းတော်စာပြန်ပွဲကြီးကျင်းပရန်-

အစရှိတဲ့ ဆုံးဖြတ်ချက်များ ချမှတ်အတည်ပြုကြသည်ကို ကြားရ သိရ ဆန္ဒပြုထောက်ခံရတဲ့အတွက် ရွှင်လန်းအားရ-ဝမ်းမြောက်ဝမ်းသာရှိရပါကြောင်း ပြောကြားအစီရင်ခံခြင်းဖြင့် နိဂုံးချုပ်လိုက်ပါတယ်။ ။

ခင်မောင်မြင့် (အတွင်းရေးမှူး)
ရွှေကျောင်နိကာယ ဂန္ဓကုဋိရပူဇကအဖွဲ့၊ ပြည်မြို့

# အဖိုးနှင့်အဖွားက ပြောပြခဲ့သော သားသမီးများ

တင့်ယဉ်

တာဝန် - တာဝန် ဟူသည် ယူတတ်မှရသလို ယူချင်တိုင်းလည်း ယူလို့မရပါ။ ယူနိုင်သော စွမ်းရည်များ ရှိရမည် ဖြစ်သလို ယူဖို့အခွင့်အရေး ရရှိဖို့ကလည်း ပို၍ အရေးကြီးပေလိမ့်မည်။ ထို့ထက်မူကား ယူချင်သော စေတနာသည် ပို၍ ပို၍ အရေးပါပါ လိမ့်မည်။

"တာဝန်သိသောပုဂ္ဂိုလ်သည် တာဝန်ရှိ၏။ တာဝန်ရှိသော ပုဂ္ဂိုလ်သည် တာဝန်ပိပါစေ" ဤစကားကို မင်းကွန်းဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့၏။ သို့သော် ဤစကား၏လေးနက်မှုနှင့် ဤစကား၏သက်ရောက်မှု သို့မဟုတ် ဤစကားက ပေးအပ်လာသောတာဝန်။ ဤတာဝန်ဆိုသော စကားလုံးသည် အမှန်အားဖြင့် ဖြည့်ဆည်းဖို့ရန် ခက်ခဲပါလိမ့်မည်။

ကျောင်းတိုက်စတည်ကတည်းက ပါလာသော ဤအဖိုး အဖွား။ ယနေ့ အသက် ၈၀-ကျော်ခဲ့ပြီ။ အိုမင်းပြီ။ ဘဝ၏ နေဝင်ဆည်းဆာအချိန်သို့ ရောက် ခဲ့ပြီ။ သူတို့သည် တိုက်အမ အမည်လည်းမရခဲ့ပါ။ သူတို့သည် ကျောင်းအမ အမည်လည်း မပေါက်ခဲ့ပါ။ သို့သော် သူတို့ကို ဗာရာဏသီမြေကတော့ ကောင်းစွာနားလည်နေ ၏။

သူတို့၏ လှူဒါန်းနိုင်မှု သည် တိုက်အမ အမည်ခံနိုင် လောက်အောင်လည်း မပေါ်လွင် ခဲ့။ သို့သော် သူတို့သဒ္ဓါတရားကတော့ ပေါ်လွင်နေ၏။ သူတို့သည် ဤကျောင်းတိုက်ကြီးအနီး အနားမှာပင် ဒီကနေ့အထိ ဘာကြောင့် ရှိနေခဲ့ရသနည်း။ ကျောင်းတိုက်အပေါ်မှာထားရှိသော သူတို့ သံယောဇဉ်။ ဒီသံယောဇဉ်ကြောင့် ဒီနေရာမှ မခွါနိုင်ခြင်းဖြစ်သည်ဟု ဆိုလျှင် "ဖြစ်မှဖြစ်ရလေ"ဟု စုပ်တသတ်သတ် ပြောဆိုကြပေလိမ့်မည်လော။ ထိုသို့ဆိုလျှင် 'သံယော ဇဉ်ဆိုသော အရာသည် ကောင်းပါသလော'-ဟု မေးခွန်းထုတ်လို၏။ ဘာသာရေး အားသန်သူများက ကောင်းသော



သံယောဇဉ် ဟု ဆိုချင်ကြပေလိမ့်မည်။ စီးပွါး ရေးသမားများကတော့ တွက်ခြေမကိုက်ဟု တွက်ကြပေလိမ့်မည်။ လူမှုရေးသမားများကလည်း မမက်လောက်သော ပတ်ဝန်းကျင်တစ်ခု-ဟုသာ မြင်ပေလိမ့်မည်။ ဤကား ဘာသာရေးရှုထောင့်၊ စီးပွါးရေး ရှုထောင့်၊ လူမှုရေးရှုထောင့်က ကြည့်ရှုကြခြင်းဖြစ်ပေ၏။ သို့သော် သူတို့ကတော မည်သည့်ရှုထောင့်က အကဲဖြတ်၍ ဤသံယောဇဉ်ဆိုသော အရာကို မစွန့်လွှတ်နိုင်ခဲ့ကြသနည်း။ ကာယကံရှင်များသည်သာ ဤမေးခွန်း၏အဖြေကို နားလည်ခွင့်လွှတ်စွာ ဖြေဆိုချင်ကြပေလိမ့်မည်။ မည်သို့ဆိုစေ ဒီသံယောဇဉ်ကြောင့် ဒီနေရာမှ မခွဲခွါနိုင်ခဲ့သည်မှာတော့ အမှန်ပင် ဖြစ်၏။ သူတို့အတွက် ဘဝလက်တွဲဖော်ဟူသော စကားသည် ဤကျောင်းတိုက်ကြီးကိုသာ ရည်ညွှန်းနေ၏။ သူတို့သည် ပေးအပ်သော တာဝန်တွေ ကျေခဲ့သလော့။ ဤအဖြေကို ကျောင်းဝင်းအတွင်းရှိ ခရေပင်ကြီးက နားလည်ပေလိမ့်မည်။ ဘာ့ကြောင့်နည်း။ ကျောင်းဆောင်ပေါင်းများစွာ၊ ဆရာတော်သံဃာတော်များစွာတို့ထံသို့ လျှောက်လှမ်းခဲ့သော သူတို့၏ ခြေလှမ်းများစွာတို့သည် ဤခရေပင်ကြီး အောက်မှသာလျှင် နှစ်များစွာ ဖြတ်သန်းခဲ့သောကြောင့် ဖြစ်ပါ၏။ သူသည် (ဤခရေပင်ကြီးသည်) လည်း ကျောင်းတိုက်ကြီးအတွက် သူ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်၍ အေးမြသောအရိပ်ကို ပေးခဲ့ပြီး ဖြစ်၏။ ရနံ့သင်းသော ပန်းတို့ကို ပွင့်ပေးခဲ့ပြီးလည်း ဖြစ်၏။ သို့သော် ဤခရေပင်ကြီးသည် ယနေ့ မရှိတော့။ သူသည် သူ၏ကိုးကွယ်ရာ သို့မဟုတ် သူချစ်သော ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီးနှင့်အတူ မရှေးမနှောင်းမှာပင် ဤမြေပေါ်မှ အပြီးအပိုင်စွန့်ခွါသွားခဲ့၏။ သို့သော် ဗာရာဏသီ မြေပေါ်မှာ



ဦးထွန်းညို+ဒေါ်တင်ကြည်

သူ၏ပင်စည်ကြီး မရှိတော့သည်တိုင် သူ၏အမြစ်တို့သည် ယနေ့တိုင် တွယ်ဆက်နေဆဲ၊ ကြွင်းကျန်ရစ်နေဆဲဖြစ်၏။ သူတို့သည်လည်း နှစ်များမကြာမီမှာ မြေသားအဖြစ်ပြောင်းလဲကြပေတော့မည်။ သို့ကြောင့် သူသည် အကျွန်ုပ်တို့အား အထောက်အထားအဖြစ် သက်သေဘက်က ရပ်တည်မပေးနိုင်တော့။ သို့သော် သူ့ကို ဂုဏ်ပြုအသိအမှတ်ပြုသည့်အနေဖြင့် 'မဟာဗကုလ' တည်းဟူသော ကျောင်းဆောင်ကြီးကတော့ ယနေ့တိုင် ရပ်တည်နေဆဲဖြစ်၏။ ဗကုလ-ဟူသည် ခရေပင်-ဖြစ်၏ဟု ပါဠိတော်များမှာ ဆိုထားကြသည် မဟုတ်ပါလော့။ ထို့ကြောင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီးက ထိုခရေပင်ကြီးကို အစွဲပြု၍ အနီးအနားရှိကျောင်းဆောင်ကြီးအား မဟာဗကုလ-ဟု တင်စားမှည့်ခေါ်ခဲ့ခြင်းဖြစ်၏။ ထိုကျောင်းဆောင်ကြီးကတော မည်ကဲ့သို့ သူတို့၏ကျေးဇူးများမှုကို ရုပ်လုံးဖော်ပေးမည်နည်း။ သက်မဲ့ဖြစ်သော ဤကျောင်းဆောင်သည်လည်း "အကျွန်ုပ်ကောင်းစွာ သိပါတယ်"ဟု သူပြောဆိုလိမ့်မည် မဟုတ်။

ဤသို့ဆိုလျှင် ငါးမျက်နှာဘုရားကြီးကတော့ ကောင်းစွာဖွင့်ဟဖော်ထုတ်နိုင်တန်ရာပါ၏ဟု အကျွန်ုပ်တို့ တွေးထင်ကောင်းထင်နိုင်တန်ရာပါ၏။ အဘယ်ကြောင့်နည်း။ ဤစေတီတော်ကြီးကို သာသနာတော် နှစ်-၄၄၈-ခုနှစ်တွင် ဝေပါးမင်းကတည်ထားကိုးကွယ်ခဲ့၏။ အဖိုးအဖွါးတို့အသက် ထက် နှစ်များစွာစော၍ တည်ရှိခဲ့၏။ ယနေ့တိုင် ထီးထီးမားမားရှိနေခဲ့၏။ ဤစေတီတော်ကြီးသည် ဗာရာဏသီ၏ ဦးတိုက်ရာဖြစ်ခဲ့သလို ဗာရာဏသီ၏ဖြစ်ပျက်မျိုးစုံကို သူသည် ကောင်းစွာသိနေ၏၊ သို့သော်လဲ သူသည် ကောင်းသည်ကိုလည်း

ဝင်မပြောခဲ့။ ဆိုးသည်ကိုလည်း သည်းခံနေ၏။ သူသည် ပြောပိုင်ခွင့်များရှိမည် ဆိုလျှင် သို့မဟုတ် သူသည် ပြောတတ်မည်ဆိုလျှင် ဗာရာဏသီမြေပေါ်မှာ ဖြစ်ပျက်ခဲ့သမျှ သမိုင်းစဉ်တွေကို အစီ အရီ ပြောပြပေလိမ့်မည်။ ဤအဖိုးအဖွါး၏ ကျေးဇူးနှင့်တာဝန်ကို ကောင်းစွာ ရေတွက်ပိုင်း ခြားပြပေလိမ့်မည်။ သို့သော် သူသည်လည်း သက်မဲ့သာဖြစ်၏။ ထို့ကြောင့် အကျွနုပ်တို့အတွက် သူ၏ဖော်ထုတ်ချက်များကို အကျွန်ုပ်တို့ ကိုယ်တိုင် ကြားနာခွင့် ဘယ်သော အခါမှ ရကြလိမ့်မည် မဟုတ်။

ထို့ထက် သိနိုင်သူများကတော့ နှစ်ငါးဆယ်ခရီးအတွင်း ဤကျောင်းတိုက်ကြီးအတွင်း နေထိုင်သီတင်းသုံး ခဲ့ကြသူများသာ ဖြစ်၏။ ဤနှစ်ငါးဆယ်အတွင်း သီးတင်းသုံးခဲ့ကြသူများ ကတော့ သူတို့ပုံရိပ်များကို ကောင်းစွာ သိ၏။ ကောင်းစွာ နားလည်နေ၏။ "သူတို့ဟာ ဗာရာဏသီအတွက် ကျေးဇူးများတယ်"ဤစကားကိုတော့ အားလုံးက အလေးအနက် ပြောခဲ့ကြ၏။ အသိအမှတ်လည်း ပြုခဲ့ကြ၏။

နောက်ထပ်တစ်ဆင့် တက်ပါကမူ သူ၏အသိုင်းအဝိုင်းများ သို့မဟုတ် သူတို့နှင့်အတူ ဝိုင်းဝန်းကူညီခဲ့ကြသော သံသရာ လက်တွဲဖော်များ၊ သို့မဟုတ် ကုသိုလ်ပြုဖက်များ၊ သူတို့ကတော့ ကူညီခဲ့ရသမျှ ဝိုင်းဝန်းခဲ့ရသမျှ ရင်ဖွင့်ပြနိုင်ကြပေလိမ့်မည်။

သို့သော်--သို့သော် ဒီပြောပြချက်များ၊ ရင်ဖွင့်ချက်များသည်လည်း မြင်နိုင်သောလှုပ်ရှားမှုများကိုသာ ရည်ညွှန်းခြင်းဖြစ်၏။ မမြင်နိုင်သော သူတို့၏ရင်တွင်းမှာရှိသည် ဤတိုက်တာပေါ်မှာထားရှိသည် သံယောဇဉ်၊ ဤသံဃာတော်များပေါ်မှာထားသည့် စေတနာ၊ ဆရာတော်ဘုရားကြီးအပေါ်မှာ လေးစားကြည်ညိုမှု ပမာဏ၊ တိုက်အမကြီးအပေါ်ထားရှိခဲ့သော ကတိသစ္စာ၊ ကျောင်းတိုက်အပေါ် ပေးဆပ်ခဲ့ရမှုများကိုတော့ သူတိုသည်သာ ကောင်းစွာ နားလည်သိရှိပေလိမ့်မည်။

သို့သော် သူတို့ကိုယ်တိုင်ကတော့ ဖွင့်ဟ၍မပြောခဲ့။ အသိမပေးခဲ့။ သမိုင်းမှတ်တမ်းများလည်း မတင်ခဲ့။ သူတို့သည် နောက်တန်းကသာ နေခဲ့၏။ ထိုအဖိုးအဖွါးနှင့်ဤဗာရာဏသီ သို့မဟုတ် သူတို့သာမပါခဲ့လျှင် ဗာရာဏသီ၏ သမိုင်းသည် တစ်မျိုးတစ်ဖုံ မပြောင်းလဲခဲ့သည့်တိုင် လှစ်ဟာနေသော အခန်းကဏ္ဍတစ်ခုတော့ ရှိနိုင်တန်ရာ၏။ သူတို့သည် အသိပေး၍ ဖွင့်ဟမဖော်ထုတ်ခဲ့ကြ။ သမိုင်းမှတ်တမ်းများ မရေးခဲ့ကြသော်လည်း သူတို့ ယုံကြည်သော ယုံကြည်ချက်၊ ပေးအပ်လာသောတာဝန်တို့ကိုတော့ ဘဝတာခရီးတစ်ခု မပြီးဆုံးသေးသမျှ ဆက်လက်လျှောက်လှမ်းနေရဦးမည်သာ ဖြစ်၏။

"ဒို့မရှိယင် နင်တို့တာဝန်" ဒီစကားသည် သူတို့၏ အသက် သူတို့၏ဘဝဖြစ်ခဲ့၏။ ဤစကားကို တိုက်အမကြီး ဒေါ်သိန်းတင် ကိုယ်တိုင် ပြောဆိုခဲ့သော စကားဖြစ်၏။ သို့သော်လဲ ဤ စကားသည် သူတို့၏ ဦးထိပ်တည်ရာသာ ဖြစ်ခဲ့၏။ ဤစကား၏ နောက်ကွယ်တွင်ကား သူတို့စေတနာ သူတို့သဒ္ဓါတရား သူတို့သံယောဇဉ်သည်

ပ-ဝိ-ဗာ 'ဝါတွင်းဥပုသ်အသင်း'စတင်ဖွဲ့စဉ်က ပါဝင်သော အသင်းကြီး၏ အဖွဲ့ဝင်များ





အရာတွေကတော့ တာဝန်ဆိုသော စကားလုံးထက်များစွာ ပိုပေလိမ့်မည်။

ဤသို့ဆိုလျှင် ထိုအဖိုးအဖွါးများက တကယ်ပင် ဒီစာရွက် စာတမ်းပေါ်မှာ မှတ်တမ်းတင် ထိုက်ပါသလော-ဟု စောကြောစစ်ဆေးလိုက စစ်ဆေးချင်ကြပေလိမ့်မည်။ အောက်ဖော်ပြပါ ကျေးဇူးပြုမှုများကတော့ အသိသက်သေ ဖြစ်နိုင်တန်ရာပါ၏။

သို့ဆိုလျှင်--

- ကျောင်းတိုက်စတင်တည်ထောင်ခဲ့သည်မှစ၍ စာချဘုန်းကြီးဝိုင်းအတွက် အာရုံဆွမ်း၊ နေ့ဆွမ်းဟင်းများ၊ အာဂန္တုဘုန်းတော်ကြီးများအတွက် ဆွမ်း၊ ဆွမ်းဟင်းများ၊

- ဆရာတော်ဘုရားကြီး သက်တော် ၈၀-ကျော်သည်မှစ၍ ဒုတိယတိုက်အမရှိစဉ်ကပင် ဆရာတော်ဘုရားကြီးအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ၊ ဒုတိယတိုက်အမမရှိသည့်နောက်ပိုင်း ဆရာတော်ဘုရားကြီးအတွက် ပင်မအလှူရှင်အဖြစ် တာဝန်ယူလျက် အာရုံဆွမ်း၊ နေ့ဆွမ်းများ၊

- ဒုတိယတိုက်အမသေဆုံးသည်မှစ၍ တိုက်အုပ်ဆရာတော် (နောင်ဗာရာဏသီ ပဓာနနာယက ဆရာတော်)အတွက် အရုဏ်ဆွမ်းများ၊ ဤသည်တိုင်ကား နေ့စဉ် ဆောင်ရွက်လှူဒါန်းနေရသော တာဝန်ဖြစ်၏။

- ဝါတွင်းကာလဥပုသ်နေ့တိုင်း ဆွမ်းဒကာများ ရှာဖွေလှူဒါန်းခဲ့မှုများ၊ (ဤနေ့၌ ရက်တို့တွင် ကျောင်းရှိသံဃာ တော်များအားလုံး၊ ကျောင်းသားအားလုံး ဧကသနိက်ဓုတင်ကို ဆောက်တည်ကြရ၏။) ရံခါ ဆွမ်းဒကာမရှိသည့်ရက်များတွင် မိသားစုကို ခွဲတမ်းကျစနစ်ဖြင့် တာဝန်ယူစေလျက် ရက်မပြတ်အောင် လှူဒါန်းခဲ့မှုများ၊ ထိုလှူဒါန်းခဲ့မှုများသည် သက်တမ်းအားဖြင့် ရွှေရ တုကာလနှင့်အတူ ရှိခဲ့ပြီးဖြစ်၏။

- ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တိုင်း နှစ်စဉ် မိမိတို့ကိုယ်တိုင် ဆွမ်းကျွေးလှူဒါန်းခဲ့မှုများ။ (ဤနေ့ကတော့ ကျောင်းတိုက်အတွက် ကျေးဇူးများမှုကို အသိအမှတ်ပြုသောအားဖြင့် ကျေးဇူးရှင်ဗာရာဏသီဆရာတော်ဘုရားကြီးက သီးသန့်ကုသိုလ်ပြုစေသောနေ့ဖြစ်ပါ၏။)

- အခြားအခြားသော ကျောင်းတိုက်အတွက် လှူဒါန်းခဲ့မှုများ။ စသည်ဖြင့် နှစ်ငါးဆယ်အတွင်း လှူဒါန်းခဲ့သမျှ ရေတွက်ပြခိုင်းမည်ဆိုပါက ကွန်ပျူတာစက်ပစ္စည်းများမဟုတ်သော ဤအဖိုးအဖွါးများ၏ဦးနှောက်များသည် ယခုထက် ပိုမို၍ အာရုံကြောများ ရှုပ်ထွေးထိခိုက်နိုင်တန်ရာပါ၏။

သို့သော် သူတို့ပြောခဲ့သည့် စကားတစ်ခုကတော့- ဦးဇင်းတွေ ကိုရင်တွေအားလုံးကတော့ ကိုယ့်သားသမီးတွေပါပဲလေ။ ဦးဇင်းတွေ ကိုရင်တွေကိုလည်း ကိုယ့်သားသမီးတွေလို့ပဲ ထင်နေ တော့တယ်-ဟူ၍သာ။ ။

(ကျေးဇူးများသောပုဂ္ဂိုလ်များသို့ ကျေးဇူးစကားဖြင့် ကျေးဇူးတရားကို ရည်ညွှန်းစာဖွဲ့လျက်)

တင့်ယဉ်



မြတ်ဆရာ

ဆရာထံမှာ၊ မြတ်ပညာကို၊
လေ့လာသင်ခိုက်၊ အူသဲလှိုက်မျှ၊
အမိုက်ပိတ်ဖုံး၊ သည်းကြိမ်လုံးနှင့်၊
နှလုံးကြည်သာ၊ မြတ်ဆရာကို၊
ရင်မှာအမုန်း ပွားမိသည်။

ဆရာဝေးကွာ၊ သည်းကြိမ်ခွါ၍၊
ကိုယ့်ရွာကိုယ့်ရပ်၊ နေသည့်ရပ်မှာ၊
ကိုယ့်ဇာတ်ကိုယ်ထောင်၊ ကိုယ်ဦးဆောင်မှ၊
အမှောင်ကင်းကွာ၊ မြတ်ဆရာနှင့်၊
ဆရာလက်သုံး၊ သည်းကြိမ်လုံးကို၊
အမုန်းရင်မှာ ကင်းခဲ့သည်။

ဆရာညွှန်ပြ၊ မြတ်သိပ္ပနှင့်၊
ဆုံးမစကား၊ ရင်ဝယ်ထားလျက်၊
အများလူ့ဘောင်၊ အကျိုးဆောင်ရင်း၊
အမှောင်ဖယ်ခွါ၊ မြတ်ဆရာကို၊
မှန်းကာဦးနှိမ် ချမိသည်။

ဂန္ထဝင်-မောင်ဘုန်း(ပြင်တော်)
ဗာရာဏသီ

# ဝိသုဒ္ဓါရုံသာသနာလျှောက်စာတမ်း

**ဦးခမာစာရ(လုံဟော)**

စာရေးသူတို့ ရှစ်မိုင်မစိုးရိမ်ရွှေကျောင်းတိုက်သစ်တွင် ညစဉ်ညတိုင်းဘုရားရှိခိုးအပြီး အလှည့်ကျ ကိုရင်တစ်ပါးမှ သံဃာတော်များအားလုံးကြားအောင် ဝိသုဒ္ဓါရုံ သာသနာ လျှောက်စာတမ်းကို လျှောက်ထားရ၏။ သာသနာလျှောက်သံကြားတိုင်း ပ-ဝိ-ဗာတိုက်ကို ပြန်သတိရမိ၏။ ဝိ-ဗာတိုက်တွင် နေထိုင်ခဲ့ရစဉ်က စာရေးသူတို့ကိုယ်တိုင် သာသနာ လျှောက်ခဲ့ရသောကြောင့်ဖြစ်၏။ နောင်တော်ဖြစ်သူ ဗာရာဏသီဆရာတော် ဘုရားကြီး၏ ခွင့်ပြုချက်ဖြင့် ညီတော်ဖြစ်သူ မေမြို့ဆရာတော်ဘုရားကြီးက ဤသာသာနာလျှောက် စာတမ်းကို စီစဉ်ခဲ့ခြင်းဖြစ်၏။

ဝိသုဒ္ဓါရုံသာသနာလျှောက်စာတမ်း

ဘုရားတပည့်တော် ( ခမာစာရ ) ရိုသေစွာလျှောက်ထားဝံ့ပါသည် ဆရာတော် သခင် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

သတ္တဝါဟော် ယာဉ်မှူးကျော်လျှင် ဖော်လှော်ငယ်သား နောက်ပါများကို ရေရှားဘေးခ ကန္တာရမှ ခေမမြေငူ ထုတ်ကယ်ယူသို့ ထို့တူတစ်စိ ခဲရင်းဘိသည့် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေငူ ပြည်နိဗ္ဗူသို့ နတ်လူပြဟ္မာ သတ္တဝါကို ဆောင်ကာကယ်တင်တော်မူသော ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးသည့်နောက် ထားတော်မူခဲ့သော သာသနာတော်နှစ် ငါးထောင်မှာ-

၁။ ဝိနယ ပိဋက ဘိက္ခုနီခန္ဓက အဋ္ဌကထာ-လာ
ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်အနှစ်တစ်ထောင်၊
သုက္ခဝိပဿက ရဟန္တာခေတ် အနှစ်တစ်ထောင်၊
အနာဂါမ်ခေတ် အနှစ်တစ်ထောင်၊
သကဒါဂါမ်ခေတ်အနှစ်တစ်ထောင်
သောတာပန်ခေတ် အနှစ်တစ်ထောင်-အားဖြင့်အနှစ်ငါးထောင်။

၂။ ပါထိကဝဂ္ဂ အဋ္ဌကထာ၊ ဧကင်္ဂုတ္တရ အဋ္ဌကထာ-လာ
ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် အနှစ်တစ်ထောင်၊
ဆဠာဘိညရဟန္တာခေတ် အနှစ်တစ်ထောင်၊
တေဝိဇ္ဇ ရဟန္တာခေတ် အနှစ်တစ်ထောင်၊
သုက္ခဝိပဿက ရဟန္တာခေတ် အနှစ်တစ်ထောင်၊
ပါတိမောက္ခခေတ် အနှစ်တစ်ထောင် အားဖြင့် အနှစ်ငါးထောင်။

၃။ သံယုတ္တအဋ္ဌကထာ၌ နှစ်သက်မှတ်ချက်မပါပြအပ်သော
ပဌမဗောဓိ၌ --- ပဋိသမ္ဘိဒါပတ္တ၊
ထို့နောင် ----- ဆဠာဘိညာ၊
ထို့နောင် ----- တေဝိဇ္ဇ၊
ယခုကာလ ----- အာသဝက္ခယမတ္တ၊
နောင် ------ အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ပုထုဇဉ်ခေတ် ပေါင်းစစ်ငါးထောင်ဟု ထိန်ပြောင်လျှံညီး သာသနာတော်မြတ်ကြီးတည်ရှိခဲ့ရာတွင်-

လွန်လေပြီးသော သာသနာတော်နှစ် အရေအတွက်သည်ကား ( ၂၅၅၂ )-ခု ဖြစ်ပါသည် အရှင်ဘုရား။

ယခုရောက်ဆဲ သာသနာတော်နှစ် အရေအတွက်သည်ကား ( ၂၅၅၃)-ခု ဖြစ်ပါသည် အရှင်ဘုရား။

ကြွင်းကျန်သေးသော သာသနာတော်နှစ် အရေအတွက်သည်ကား (၂၄၄၇)-ခု ဖြစ်ပါသည် အရှင်ဘုရား။

ယခုလူတို့ ဝေါဟာ ကောဇာ သက္ကရာဇ် နှစ်အရေ အတွက်သည်ကား (၁၃၇၁-ခု၊ ဟေမန္တ၊ ဆောင်းဥတု၊ တပို့တွဲလဆန်း ၁၄-ရက်၊ ကြာသပတေးနေ့) ဖြစ်ပါသည် အရှင်ဘုရား။

ဤသို့လျှင် နှစ်၊ လ၊ ရက်၊ နေ့တို့သည် တရွေ့ရွေ့ကုန် အလုံးစုံသင်္ခါရ ဖြစ်ပြီးက ပျက်စီးရမလွဲ မမြဲတတ်သော သဘောတရားများကို မနေမှာ တငွေ့ငွေ့ တစေ့စေ့ စဉ်းစား၍ သံဝေဂတရားများ ဖြစ်ပွားတော်မူကြပါရန် အကြောင်းများကို ဘုရားတပည့်တော် ( ခမာစာရ ) ရိုသေစွာလျှောက်ထားဝံ့ပါသည် ဆရာတော်သခင် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

သာဓု သာဓု သာဓု

**သာသနာနှစ်ရေတွက်ပုံ**

ဆောင် = ရောက်ဆဲကောဇာ တည်ပြီးခါမှ ၁၁၈၂ -ပေါင်းစစ်ခါမျှ သာသနာနှစ် စင်စစ်ဖြစ်၏။

| | | | | | |
|---|---|---|---|---|---|
| ရောက်ဆဲကောဇာ | | ၁ | ၃ | ၇ | ၁ |
| | + | ၁ | ၁ | ၈ | ၂ |
| ရောက်ဆဲသာသနာနှစ် | | ၂ | ၅ | ၅ | ၃ |

ယခုရောက်ဆဲ မြန်မာသက္ကရာဇ်ကောစာကို အရင်ဆုံးတည်ထားရပါမည်။ ယင်းမြန်မာ ကောစာသက္ကရာဇ်၏ အောက်တည့်တည့်တွင် ၁၁၈၂-ကိုရေးပြီးပေါင်းရပါမည်။ ပေါင်း၍ရလာသောအဖြေသည် ယခုရောက်ဆဲ သာသနာနှစ်ဖြစ်သည်။

ဦးခမာစာရ (လုံဟော)
Ph - 09 540 9098



# လေကွှရာရေးသုံးပါး+ဥဒါန သံဝေဂကထာ

မောင်ထွန်းအေး


(ဝဲ မှ ယာ)၁။ ပြည်မြို့၊ အောင်မြင်ဗာဟုရွှေကျောင်းတောရဆရာတော် အသျှင်မဟာဝေရဝိဇယ။ ၂။ မင်းလှမြို့၊ ဝေဠုဝန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကုဏ္ဍလ။ ၃။ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိစိတ္တစာရ။ ၄။ ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဂဏဝါစက စာချ ဆရာတော် ဦးသီတလာစာရ ဤအရှင်မြတ်လေးပါးတို့သည် အောင်မြင်ဗာဟုရွှေကျောင်းတောရရှိ ရွှေကျောင်ဂိုဏ်း မော်ကွန်းကျောက်စာတိုင် ရှေ့တွင် အမှတ်တရရိုက်ကူးထားသော သမိုင်းဝင် ပုံတော်ဖြစ်သည်။

ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဆရာတော် ဦးဝိစိတ္တစာရအရှင်မြတ်သည်ကား ရိုက်ကူးသောနေ့မှ ၄၇-ရက် ပြည့်သောနေ့ ၁၃၆၀-ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၄-ရက်၊ သောကြာနေ့၊ နံနက် (၄)နာရီ (၁၀)မိနစ်အချိန်တွင် တစ်ဘဝ တစ်သံသရာ ရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့သည်။

အနိစ္စတရား ဒုက္ခတရား အနတ္တတရား သုံးပါးတို့ကို မည်သူမျှ မတွန်းလှန် နိုင်စွတကား၊ မတော်လှန်နိုင်စွတကား။ မရဏံ မေ ဓုဝံ၊ ဇီဝိတံ မေ အဓုဝံ- ငါ၏ သေခြင်းသည် မြဲ၏။ ငါ၏ အသက်သည် မမြဲချေ။

အစိန္တိတမ္ပိ ဘဝတိ၊ စိန္တိတမ္ပိ ဝိနဿတိ- မလိုလားအပ် မကြံစည်အပ်သော ကိစ္စအားလုံးတွင် မလိုလားအပ်သောကိစ္စကိုဆောက်ရွက်ခဲ့ကြရသော အောင်မြင်ဗာဟု ရွှေကျောင်တောရဆရာတော် အသျှင်မဟာ ဝေရဝိဇယနှင့် မင်းလှမြို့ဝေဠုဝန်စာသင်တိုက် ဆရာတော် အရှင်ကုဏ္ဍလ ဆရာတော်(၂)ပါးတို့သည်ကား ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဆရာတော် အရှင်ဝိစိတ္တစာရ၏ အန္တိမအဂ္ဂိစျာပနပွဲတွင်တွင် ဩဝါဒါစရိယတာဝန်ကို မမျှော်လင့်ပဲ ဆောင်ရွက်ခဲ့ရပေ၏တကား။

မောင်ထွန်းအေး



# ဝိသုဒ္ဓါရုံဗာရာဏသီတိုက် တိုက်အမကြီး ဒေါ်သိန်းတင် ၏ အဝဖြစ်စဉ်

ဘဒ္ဒန္တဝိစိတ္တစာရ

ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဟုဆိုလျှင် ဒေါ်သိန်းတင် ဒေါ်သိန်းတင်-ဟုဆိုလျှင် ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ဤသို့ဖြင့် ဒေါ်သိန်းတင်နှင့် ဝိသုဒ္ဓါရုံဗာရာဏသီတိုက်သည် ခွဲခြားမရဘဲ တသားတည်းဖြစ်လျက်ရှိကြောင်းကို လူအများက အသိအမှတ်ပြုထားကြပြီး ဖြစ်ကြသည်။ သို့ဖြစ်၍ ၁၃၂၁-ခုနှစ်မှ စ၍ ပြည်မြို့တွင် ရွှေကျင်သာသနာကို စတင်တည်ထောင်ခဲ့သူ ဗာရာဏသီမဟာထေရ်နှင့်“ ရထဒ္ဓေ မဂ္ဂယထာ” ရထားသံလမ်းဥပမာ ဆရာဒကာ “ဥဘော အညောညနိဿိတာ” နှစ်မွှာဖြာလျက် သာသနာပြုလာသော ဝိ-ဗာတိုက် အမ-သခင်မကြီး ဒေါ်သိန်းတင်၏ ငယ်စဉ်ကစ ယနေ့ကျအောင် အဖြစ်အပျက် တွေဆက်စကား သခေ်ပအနေအားဖြင့် ဖော်ပြရပေဦးမည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်အမကြီး၊ ဆေးလိပ်ခုံပိုင်ရှင်-နဝင်း-မသိန်းတင်၊ သမိုင်းဝင်သခင် မကြီး-ဒေါ်သိန်းတင်၊ ဝဏ္ဏကျော်ထင်ဘွဲ့ရ-ဒေါ်သိန်းတင်၊ ပြည်သူ့လွှတ်တော်အမတ်ကြီး ဒေါ်သိန်းတင်၊ နိုင်ငံဂုဏ်ရည် (ဒုတိယဆင့်)ဘွဲ့ရ ဒေါ်သိန်းတင် စသည်ဂုဏ်များဖြင့် မြန်မာတစ်ပြည်လုံး ညွှတ်ရိုးထင်ရှားလတ့်သော ဒေါ်သိန်းတင်သည် နရဝါသိက္ကသိ ရသေ့မြို့ခေါ် သီရိခေတ္တရာ-ပြည်မြို့၊ နဝင်းရပ်၊ အဘ-ဦးဖိုးဆိတ်+အမိ-ဒေါ်ရွှေထယ်တို့မှ ၁၂၆၇-ခုနှစ်၊ ကဆုန်လဆုတ်(၂)ရက်၊ သောကြာနေ့၊ နံနက် (၅း၀၀)နာရီ အချိန်တွင် မီးရှူးသန့်စင်ဖွားမြင်၍ သားသမီးရှစ်ယောက်တို့တွင် အငယ်ဆုံး သမီးထူး သမီးရတနာဖြစ်သည်။

ပြည်မြို့၊ ပန်းဘဲတန်း၊ အစိုးရမူလတန်းကျောင်းတွင် ရှေး(၄)တန်းပညာ အောင်မြင်သည်အထိ သင်ကြားခဲ့သည်။ ဆရာတော် ဦးဥတ္တမ (ရန်ကုန်၊ ရွှေတိဂုံအနီး ဦးဥတ္တမ-ပန်းခြံ အထိမ်းအမှတ်ရှိ)၊ ဦးထွန်းရှိန်၊ ဦးဘဖေ၊ ဦးပုတို့ နိုင်ငံရေးစတင်လုပ်ဆောင်သောအချိန်နှင့် တပြိုင်တည်း (၁၂၈၃-ခုနှစ်)၊ ၁၅-၁၆-နှစ်သမီးမျှသာရှိသေးသော မသိန်းတင်သည် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာအမျိုးသမီးအဖွဲ့တွင် အသင်းသူအဖြစ်နှင့် နိုင်ငံရေးလောကသို့ ခြေစုံပစ်၍ စတင်ဝင်ရောက်ခဲ့ပါသည်။

၁၂၈၄-ခုနှစ်တွင် ဝံသာနုအမျိုးသမီးအဖွဲ့၊ နဝင်းနယ်လုံးဆိုင်ရာ သစ္စဝါဒီအဖွဲ့- အသင်းသူ (၅၀၀)ကျော်တွင် မသိန်းတင်က အတွင်းရေးမှူးအဖြစ် နိုးနိုးကြားကြား ထထကြွကြွ ရဲရင့်တည်တံ့စွာ နိုင်ငံရေးများကို ဦးဆောင်လုပ်ကိုင်ခဲ့သည်။ မိဘအမွေအနှစ်များ ကုန်ဆုံးသည့်အပြင် အဝတ်အထည်များကိုပင် ပေါင်နှံရောင်းချလျက် ရဲဘော်ရဲဘက်များအား ထောက်ပံ့ပြုစုပြီး နိုင်ငံရေးကို အထူးဦးစားပေး ပြုလုပ်ခဲ့သည်။

<u>ပြည်နယ်ပြည်မ မခွဲကြရန်</u>

မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုကွန်ဖရင့်ကို သရက်မြို့တွင် ကျင်းပပြုလုပ်စဉ် "ရှမ်းပြည်နှင့် မြန်မာပြည်မ မခွဲကြရန်" အဆိုတစ်ရပ်ကို သခင်မ-မသိန်းတင်က အဆိုတင်သွင်းခဲ့သည်။ ယင်းအဆိုတင်သွင်းချက်ကို အားလုံးထောက်ခံ အတည်ပြုပြီး ညောင်ရွှေစော်ဘွားကြီးနှင့် မဟာဒေဝီတို့ထံ သံကြိုးရိုက်၍ ဆုံးဖြတ်ချက်ကို ပေးပို့လိုက်သည်။

<u>လိပ်ခွံဘီးနှင့် ဗိုလ်ဆံတောက် အကုန်ဖျောက်</u>

နောက်တစ်ကြိမ် ဝံသာနုကွန်ဖရင့်ကို ပေါင်းတည်မြို့တွင် ကျင်းပပြုလုပ်ရာ "အမျိုး သမီးများ ဦးခေါင်းတွင် ခေတ်စားပြီး အသုံးများနေသော ကုန်းကလိပ်, အင်းကလိပ်မှ ပြုလုပ်ရောင်းချသည့် လိပ်ခွံဘီးများကို မင်္ဂလာမရှိသဖြင့် ဦးခေါင်းထက်တွင် မထားရန်"



အဆိုတစ်ရပ်ကို မဂျမ်းက အဆိုတင်သွင်းရာ သခင်မ-မသိန်းတင်က အပြည့်အဝထောက်ခံ အတည်ပြုပြီး ဝတ်ဆင်ထားသော လိပ်ခွံဘီးများကို ချိုးဖဲ့ဖျက်ဆီး၍ ရေလယ်တွင် မျှောပစ်ကြသည်။ အမျိုးသားဝံသာနုများကလည်း ဗိုလ်ဆံတောက်၊ အင်္ဂလိပ်ဆံတောက်များ ဦးထိပ်တွင် မထားကြဘဲ ရိတ်ဖြတ်ပြီး ဆံပင်များကို ရေလယ်မျှော၍ နယ်ချဲ့အင်္ဂလိပ်မုန်းတီးရေးနှင့် နိုင်ငံရေးထကြွ လှုံ့ဆော်မှုများ ပြင်းပြင်းထန်ထန် ထက်ထက် သန်သန် စည်းရုံးလှုံ့ဆော်ခဲ့ကြသည်။



### အခွန်မဆောင်ရေး တင်သွင်းပေး

ဘေးမဲ့ဆရာတော်ကြီး ကြီးမှူးသော "သံဃာ့သာမဂ္ဂီအဖွဲ့ကြီးနှင့် လှိုင်, ပု, ကျော် ဂျီစီဘီအေ (GCBA)အဖွဲ့ကြီး"များ ပူးတွဲသော ဧင်းကွန်ဖရင့်တွင် "လူခွန်တော် မပေးဆောင်ရန်" သစ္စာဝါဒီ အမျိုးသမီးအဖွဲ့ အတွင်းရေးမှူး မသိန်းတင်က အဆိုတင်သွင်းရာ မြင်းခြံ-ဒေါ်ဂျမ်း နှင့် တောင်တွင်းကြီး- အမျိုးသားတစ်ယောက်က အကြွင်းမဲ့ထောက်ခံခဲ့သည်။

ထိုစဉ်တွင် သာယာဝတီ ဦးပုကဧင်း အဆိုကို စောပါသေးသည်။ သို့ဖြစ်၍ ဤကွန် ဖရင့်မှ လက်မခံဘဲ ကန့်ကွက်တင်ပြခဲ့သည်။ ထိုအခါ ဦးဥတ္တမကိုယ်တိုင် စင်မြင့်ပေါ်ကြွလာ၍ "ဟေ့-မောင်ပု- ပင်လယ်သမုဒ္ဒရာ၏ ဒီရေတက် လာချိန်၌ ဒီရေကို မတက်ပါနှင့်ဟု တားထားလျှင် လည်း မင်းအရှုံးပဲ ဖြစ်လိမ့်မယ်။ သူ့ခေတ်နှင့် သူ့အချိန် နိုင်ငံရေးသွေးတက်ပြီး နိုးနိုးကြားကြား ကြိုးကြိုး စားစား ပြုလုပ်နေသည်ကို တားဆီး ကန့်ကွက်ရန် မလို"ဟု အမိန့်ရှိကာ စင်မြင့်မှ ဆင်းသွားခဲ့ပါသည်။ သာယာဝတီဦးပုမှာလည်း စိတ်မကောင်းစွာဖြင့် ငေးငိုင်ကျန်ခဲ့ရပါသည်။ အချိန်ကား ၁၂၆၈ -ခုနှစ်၊ ၂၁-ဦး အဖွဲ့နှင့် ကွဲကြသည့်အချိန်ဖြစ်သည်။

### ဝံသာနုအင်အား လွန်ကြီးမား

ဖော်ပြပါ ကွန်ဖရင့်ကြီးပြီးသည်မှစ၍ နိုင်ငံကျော်ဓမ္မကထိက သာယာဝတီဦးညေယျ၊ ဦးရန်ကုန်၊ နဝင်း - ဦးကေလာသ၊ ပြည်ခရိုင် ဂုံကုန်း- ဦးကေတု၊ မြင်းခြံ-ဒေါ်ဂျမ်း၊ ပြည်-နဝင်း မသိန်းတင်၊ ပြည် -လမ်းရှည် ဒေါ်ဖွားရင်၊ ဒေါ်မြရင်၊ အမျိုးသားဘက်က မသိန်းတင် အစ်ကိုရင်း ရွှေတုံး၊ ဆံတော်ရပ် ဦးမြတ်စံ၊ လမ်းရှည် - ဦးဘခင်။ နဝင်း - ဦးအောင်စော၊ ဦးထွန်းကျော်တို့သည် ပြည်၊ သရက်၊ သာယာဝတီ ခရိုင်များသို့ နယ်လှည့် စည်းရုံးရေး တရားများကို ဟောပြောကြသည်။ ထိုအချိန်ကား ဝံသာနုအင် အား ကြီးထွားပြီး မိမိတို့ဆုံးဖြတ်ချက်အရ လူခွန်တော်များကို မပေးဆောင်ကြသဖြင့် အင်္ဂလိပ် အစိုးရများသည် အစွမ်းကုန် ဖိနှိပ်ချုပ်ချယ်နှိပ် ကွပ်လေတော့သည်။

ဤကဲ့သို့ ဖိနှိပ်ချုပ်ချယ်မှုကို မခံရပ်နိုင်သဖြင့် ဂျွန်-ဆရာစံ ခေါင်းဆောင်၍ အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန် ထကြွသောင်းကျန်းကြလေသည်။" ဂျွန်-ဆရာစံအဖွဲ့က ပုန်ကန်ရခြင်းမှာ နဝင်း- သခင်မ မသိန်းတင် အဆိုတင်သွင်းချက်ကြောင့် ဆရာစံ သူပုန်ထခြင်းဖြစ်သည် "ဟု အများလူထု ယူဆပြောကြလေသည်။

ဂျွန်-ဆရာစံ သူပုန်ထစဉ်အတွင်း စောစောပိုင်းက တရားဝင်ဖွဲ့စည်းထားသော ဝံသာနု အသင်းကို "မတရားအသင်း"ဟု အင်္ဂလိပ် အစိုးရက ကြေငြာပြီး ခေါင်းဆောင်များကို ထိုဝံသာနု အသင်းမှ ထွက်ကြရန် ခြိမ်းခြောက်သည်။ အချို့ အမျိုးသမီး ခေါင်းဆောင်များက လက်မှတ်ရေးထိုးနှုတ်ထွက်၍ နိုင်ငံရေးကျောပေး စွန့်လွှတ်သွားကြသည်။

<u>၁၇-ပုဒ်မ၊ တစ်အရ၊ ထောင်ကျတစ်နှစ်စီ</u>

နိုင်ငံရေးမှထွက်ကြောင်း မကြေငြာသော ဝံသာနုအသင်း ခေါင်းဆောင်ဦးစီးအချို့ကို ပုဒ်မ-၁၇/၁- အရ သံဃာများနှင့် အမျိုးသားများကို ထောင်ဒဏ်တစ်နှစ်စီ၊ အတွင်းရေးမှူး သခင်မ မသိန်းတင်မှာ အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်ခြောက်လ (၁-နှစ် ၆-လ) အပြစ်ပေးခံခဲ့ကြရသည်။

ကိုဘနှင့် မဖွားရင်တို့အား နိုင်ငံရေး တရားစွဲနေခိုက် ပြည်ခရိုင်၊ ဝက်ထီးကန်တိုက်နယ် တရားသူကြီး ဦးစီးက စပါးလာရောင်းရင်း စပါးဒိုင်တွင် နိုင်ငံရေး-ဘုန်းကြီးများ၊ အမျိုးသား၊ အမျိုးသမီးများနှင့် ပတ်သက်၍ ကြိမ်းမောင်းပြောဆိုသဖြင့် တရားသူကြီးပြောဆိုသည့် စကားကို ကြားသိကြသော-ဒေါ်စောရင်၊ ဒေါ်ယုခင်၊ ဒေါ်စောခင်တို့က တရားသူကြီးဦးစီအား "ရှင် ဗမာဟုတ်ရဲ့လား"ဟု ပြောဆိုပြီး ဝိုင်းဝန်း


တိုက်အစ်မကြီးဒေါ်သိန်းတင်နှင့်ဒုတိုက်အစ်မဒေါ်အမာ



ရိုက်နှက်ကြသည်။ ဝိုင်းဝန်းရိုက်နှက်သည့် အမျိုးသမီး(၃)ယောက်လည်း ဆူပူစေမှုဖြင့် ထောင်ဒဏ်တစ်နှစ်နှင့်လေးလစီ (၁-နှစ်နှင့် ၄-လစီ) အပြစ်ပေးခံခဲ့ရသည်။

ထောင်သုံးထောင်သို့ ပြောင်းရွှေ့ပို့

သခင်မ မသိန်းတင်နှင့် ဒေါ်စောရင်၊ ဒေါ်ယုခင်၊ ဒေါ်စောခင် အမျိုးသမီးတို့အား ပြည်ထောင်၊ တောင်ငူထောင်နှင့် မြင်းခြံထောင်များသို့ ပို့ထားပါသည်။ မြင်းခြံထောင်မှ လွတ်လာပြီးနောက် လှိုင်မြစ်ပေါ် ဂျီ-စီ-ဘီ-အေ ပေါ်ထွက်လာပါသည်။ ထိုအချိန်က ခွဲရေး၊ တွဲရေးတွင် သခင်မ မသိန်းတင်က တွဲရေးအတွက် ကြိုးစားလှုံ့ဆော်



သခင်မ မသိန်းတင်
၁၈-နှစ်အရွယ် ထောင်မှထွက်စဉ်
ထောင်ဝတ်စုံဖြင့်အမှတ်တရ

ပါသည်။ မြန်မာပြည်တွင် တွဲရေးဘက်က အင်အားများသော်လည်း ခွဲရေးကိုသာ အနိုင်ပေးခဲ့သည်။ ထိုကိစ္စများ ဖြစ်ပွါးပြီးနောက် မောင်နှင့် အစ်မဖြစ်သူများက သခင်မ မသိန်းတင်အား အနားယူရန် ပြင်ဉူးလွင်(မေမြို့)သို့ ပို့ခဲ့ကြပါသည်။

လွန်ခဲ့သော ၁၃၂၅-ခုနှစ်၊ နတ်တော်လဆန်း (၃-၄-၅-)ရက်၊ (၃)ရက်တိုင်တိုင် ကျင်းပသော ဒသမအကြိမ်-ရွှေကျင်နိကာယ ဂိုဏ်းလုံးကျွတ် အစည်းအဝေးပွဲကြီးတွင် ကြွရောက်လာသော သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းရန် ယူထားသောရက်အမီ မန္တလေးမြို့သို့ သွားခဲ့သည်။ အလှူရှင် ပြည်မြို့ ဝိ-ဗာ တိုက်အမကြီး ဒေါ်သိန်းတင်နှင့်အတူ နောက်ပါ-ဒေါ်စိန်ပု၊ မထွေးကြည်၊ တူဖြစ်သူ - ဦးဘရီ(ယခု-အိုင်ယာလန်)၊ ဦးအောင်သိန်း၊ ဦးစိန်ရွှေ၊ ကိုစိန်ကြီး၊ ကိုစောမောင်၊ ကိုမောင်ကြည်၊ ကိုသန်းလွင်၊ ကိုထွန်းမြင့်၊ တောင်ကြီး-ဆရာခွေး၊ မြင်းခြံ-ဒေါ်သိန်း၊ ပြည်-ကိုထွန်းရွှေ၊ ကိုအုန်းမောင်၊ ကိုကြင်မောင်၊ ကိုညီလေးတို့အဖွဲ့၊ အောင်လံမြို့ ရွှေကြိုးကြာတောရ ဆရာတော်ကြီးနှင့် ဝိ-ဗာ ဉူးဝိစိတ္တစာရ(စာရေးသူ)တို့လည်း ပါဝင်လျက် ၁၃၂၅-ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ သောကြာနေ့ နံနက် (၆)နာရီ ပြည်မှကား(၂)စီးဖြင့် ခရီးထွက် ခဲ့ကြရာ ဂုဏ်းည (၈)နာရီ မြင်းခြံမြို့သို့ ရောက်ကြ သည်။

တိုက်အမကြီးနှင့် ဒေါ်စိန်ပုတို့အဖွဲ့က ဦးတင်မောင်+ဒေါ်သိန်းတို့၏တိုက်၊ ကျန်ဒကာများအဖွဲ့က ကိုမောင်လေးတို့တိုက်၊ အောင်လံ- ရွှေကြိုးကြာတောရဆရာတော်နှင့် ဝိ-ဗာ ဉူးဝိစိတ္တစာရတို့က မြင်းခြံမြို့၊ ရန်အောင်မြေဘုရားဝင်းအတွင်း ပိဋကတ်တိုက်ကျောင်း၊ ဗလုံဆရာတော် ဉူးစန္ဒဝရထံ တည်းခို ကျိန်းစက်ကြသည်။

နောက်တစ်နေ့ နတ်တော်လဆန်း (၁)ရက်နေ့ နံနက်အရုဏ်ဆွမ်းပြီး တိုက်အမကြီးနှင့် တကွ အားလုံးသည် ရဟန္တာဟုကျော်ကြားသော စွန်းလွန်းဂူဆရာတော် ဉူးကဝိ၏ မပုပ်မသိုးသော

အလောင်းကို ကြည့်ရှု့လေ့လာကြပြီး ထိုမှ(၉)နာရီ အချိန် မြင်းခြံအရှေ့ (၄)မိုင်ခန့်အကွာ သင်္ဂဇာ ဆရာတော်၏ တပည့် ဦးပညာ၏ မပုပ်မသိုးသော ရွှေချထားသည့် အလောင်းကို လေ့လာကြသည်။

အပြန်တွင် မြင်းခြံ-ထောင်ကြီး၏ထောင်ပူးဝ၌ ကားရပ်ကာ တိုက်အမကြီးက"၎င်း(၁၆)နှစ် သမီးအရွယ် နိုင်ငံရေးလုပ်၍ ဒီထောင်မှာ (၃)နှစ် တိတိ ကျခံခဲ့ရကြောင်း။ ထောင်ပိုင်ကြီးက သမီး အရွယ် ကလေးဖြစ်သဖြင့် ထောင်မှ လွှတ်လို၍ 'နိုင်ငံရေးမလုပ်ပါ' ဟု လက်မှတ်ရေးထိုးခိုင်း ကြောင်း။ ၃-ကြိမ် ၃-ခါတိုင်တိုင် လက်မှတ်မထိုး သဖြင့် ဆန်နှင့်ဗူးရွက်၊ ချဉ်ပေါင်ရွက် စသည်တို့ဖြင့် ရောကျိုပြီး ဝါးဘိုးဆစ်ပိုင်းထဲထည့်၍ ကျွေးခဲ့ ကြောင်း။ မြင်တာနှင့် အော့အန်ပြီး မစားဘဲ နေခဲ့ရာ(၁၀)ရက် လောက်အကြာ မနေနိုင်တော့ဘဲ ယင်းဝါးပိုးဆစ်ထဲမှ ဆန်,ဗူးရွက်ကျို စားလာခဲ့ရ ကြောင်း"ကို ဖြစ်ကြောင်းကုန်စဉ် နောက်ကြောင်း ရာဇဝင်များ ပြောကြားလျှောက်ထားခဲ့ရာ ယခုတိုင် ကြားယောင်မိသေးသည်။ ယခုအခါ ဖော်ပြပါအဖွဲ့ ထဲမှ အချို့ပုဂ္ဂိုလ်တို့နှင့် ဝိ-ဗာ တိုက်အမကြီးတို့မှာ နာမည်မျှသာ ကျန်ရှိပါတော့သည်။

သခင်မအမည်ခံ နိုင်ငံရေး အားထုတ်ပြန်

၁၂၉၀-ခုနှစ်တွင် တို့ဗမာအစည်းအရုံး စတင်ဖွဲ့စည်းလျှင်ဖွဲ့စည်းချင်း သခင်မအမည်ခံကာ နိုင်ငံရေးကို တစ်ဖန်အားသွန်ခွန်စိုက်လုပ်ကြရာ သခင်မ နဝင်း-မသိန်းတင်၊ သခင်ညီ (ပြည်)၊ သခင် ထွန်းအုပ် (ပုတီးကုန်း)၊ သခင်ဗတင် (ဆင်မြီးဆွဲ)၊ သခင်ထွန်းခင် (ခေါ်) ဗိုလ်မှူးမြင့်ဆွေ (ဆင်မြီးဆွဲ) တို့အား ပုဒ်မ(၁၂၄)အရ အကြည်ညိုပျက်စေမှုဖြင့် ထောင်ဒဏ်ချထားစဉ် ရေနံသပိတ်ကြီး ပေါ်ပေါက် လာပါတော့သည်။

ရေနံမြေသပိတ် ကြိုဆိုဧည့်ခံ

ဒို့ဗမာအစည်းအရုံးဝင်သခင်၊ သခင်မများ နှင့်အတူ (၁၃၀၀) ပြည့်နှစ် ရေနံမြေသပိတ်များကို



ဝိ-ဗာ တိုက်သံဃာတော်များဆွမ်းဆက်ကပ်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်စီမံနေသော တိုက်အစ်မကြီး ဒေါ်သိန်းတင်နှင့်တူမဒေါ်ဒေါ်မာ

ကြိုဆိုဧည့်ခံ ကျွေးမွေးခြင်းများ ပြုလုပ်လျက် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော်ဘုရားကြီးခြေတော် ရင်းအရောက် တာဝန်ယူရှေ့ဆောင်ပြု၍ တပ်ဦးမှ လိုက်ပါလာခဲ့သည်။

ဂန္ဒီကြီးက၊ ချီးကျူးရ၊ မှတ်ကြဒေါ်သိန်းတင်

အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးခေါင်းဆောင် မဟတ္တမဂန္ဒီကြီး မြန်မာပြည်လာရောက်ရာတွင် သခင်မ မသိန်းတင်သည် ဧည့်ခံကော်မတီ၏ အမှုဆောင်အဖြစ်ဖြင့် လက်ပံတန်းမှ ပြည်မြို့ အရောက် ဧည့်ခံပြုစုကြိုဆိုလာခဲ့သည်။ ထိုသို့ ကြိုဆိုရာ၌ ဩဘာစာတမ်းများကိုလည်း သခင်မ မသိန်းတင်ကပင် ဖတ်ကြားဟောပြောခဲ့သည်။ သခင်မ မသိန်းတင်၏ အကြောင်းချင်းရာတို့ကို သိမြင်သွားသော ဂန္ဒီကြီးက " ကျွန်ုပ်တို့ - အိန္ဒိယ ပြည်တွင် ယခုလို အသက်အရွယ် နုနုနယ်နယ် မိန်းမပျိုကလေးမျိုး နိုင်ငံရေး ဆောင်ရွက်ခြင်းနှင့် ထောင်ကျခံရခြင်းမျိုး မရှိ"ဟု ပြောဆိုပြီး မြန်မာ အမျိုးသမီးများ၏ ရဲရဲတင်းတင်း စွမ်းစွမ်းတမံ ရဲရဲတောက်စိတ်ဓာတ်ကို အလွန်သဘောကျ ချီးကျူးစကား ပြောကြားခဲ့သည်။ ထို့နောက် သခင်မ မသိန်းတင် တစ်ဦးတည်းကို မဟတ္တမ ဂန္ဒီကြီးကိုယ်တိုင် ဂုဏ်ပြုပန်းကုံးကြီးစွပ်၍ ချီးမြှင့်ခဲ့ လေသည်။



ဝန်ကြီး ပဏ္ဍိတ်နေရူးနှင့်အတူပါလာသော သမီး-အင်ဒရာဂန္ဒီအား
ကျောင်းအစ်ကြီး ဒေါ်သိန်းတင်နှင့်အတူတွေ့ရစဉ်

<u>နေရူအင်ဒီ၊ မြန်မာပြည်၊ လာသည်ဂုဏ်ပြုခဲ့</u>

အိန္ဒိယနိုင်ငံ၏လွတ်လပ်ရေးအတွက် ခေါင်းဆောင်ပါဝင်ခဲ့သူ ပန်ဒစ်ဂျဝါဟလာနေရူးနှင့် သမီးဖြစ်သူ အင်ဒီရာဂန္ဒီတို့ မြန်မာပြည်သို့ အလည်ရောက်လာရာတွင် အဖွဲ့ပေါင်းစုံဧည့်ခံပွဲ၌ နေရှင်နယ် ကျောင်းအုပ်ကြီး ဦးဘဦးက ဥက္ကဋ္ဌ၊ တို့ဗမာအစည်းအရုံး ကိုယ်စားလှယ် မသိန်းတင်က ဧည့်ခံကော်မတီ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ရသည်။ ၎င်းတို့ လေယာဉ်ပျံပေါ်မှ ဆင်းလျှင်ဆင်းချင်း သခင်မ မသိန်းတင်၏ အတ္ထုပ္ပတ္တိဖြစ်စဉ်ကို ဝတ်လုံတော်ရ ဦးကျော်မြင့်က ထုတ်ဖော်ပြောပြသဖြင့် အိန္ဒိယ ဝန်ကြီးချုပ်နေရူးနှင့် ၎င်း၏သမီး အင်ဒီရာဂန္ဒီတို့က " မြန်မာပြည်၏ လွတ်လပ်ရေးအတွက် စွမ်းစွမ်း တမံ ဖွဲသန်သန်ဖြင့် အာဇာနည်သမီးကောင်း တစ်ယောက်အဖြစ် ရှေ့သို့ ဆထက်ထမ်းပိုးတိုး၍ ထွန်းပေါက် ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ပါစေ"ဟု - ဆုတောင်းမေတ္တာပတ္ထနာပြုကြောင်း ပြောကြားခဲ့သည်။ ထို့နောက် သူတို့နှစ်ဦးစလုံးက ကရာချီဖဲပွင့်ပန်းရောင်ပန်းကုံးတစ်ကုံးကျစီစွပ်၍ သခင်မ မသိန်းတင်အား ဂုဏ်ပြု ချီးမြှင့်ခဲ့ကြသည်။


<u>ပြည်ညီလာခံ အောင်မြင်ရန်</u>

ပြည်ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် အစစအရာရာတွင် ပြည်-သခင်ညီတို့နှင့် လက်ရေတပြင်တည်း ရင်ဘောင်တန်းတာဝန်ယူကာ ဆောင်ရွက်ခဲ့သည့်အတွက် ကြီးကျယ်ခမ်းနား သိုက်မြိုက်စွာ နိုင်ငံရေး သွေးစည်းမှုကို မျှော်မှန်းသည်ထက် ပို၍ရယူနိုင်ခဲ့ကြပါသည်။ ထိုညီလာခံတွင် သခင်မ မသိန်းတင်က သခင်သစ် အင်္ဂလိပ်ကပေးသော ရာထူးများကို လက်မခံရန်အဆိုကို တင်သွင်းလိုက်ရာ အမတ်လောင်းများအဖြစ် တို့ဗမာအစည်းအရုံးမှ ရွေးကောက်တင်မြှောက်ခံရသော သခင်အုံကြီး (ပခုက္ကူ)၊ သခင်မြ (သာယာဝတီ)၊ သခင်လှတင် (ဇလွန်)တို့ကထောက်ခံကာ အင်္ဂလိပ်အစိုးရခန့်အပ်သော ရာထူးများနှင့်လခများကို

လက်မခံ ခဲ့ကြပါ။ ညီလာခံ၌ ပြင်းပြင်းထန်ထန် အငြင်းပွားမှု များ ရှိခဲ့သော်လည်း နောက်ဆုံးတွင် သခင်မ မသိန်းတင် တင်သွင်းသော အဆိုကိုပင် လက်ခံ အတည်ပြုခဲ့ကြပါသည်။

ဒု-ကမ္ဘာစစ်၊ ရိပ်ရောင်ဖြစ်၊ ဖမ်းပစ်နိုင်ငံရေးသမားများ

ပြည်-ညီလာခံကြီးအပြီး ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာရန် စစ်မီးစစ်လျှံ အခိုးအငွေ့ အရိပ်အရောင်များ ဖြစ်ပေါ်လာချိန်တွင် နိုင်ငံရေးသမားများအား တရကြမ်းပိုက်စိပ်တိုက် ရှာဖွေဖမ်းဆီးသဖြင့် ပြည်ခရိုင်မှ သခင်ခေါင်းဆောင်အားလုံး နီးပါးပင် အဖမ်းခံကြရသည်။ သို့သော် သခင်မ မသိန်းတင်မှာမူ စုံထောက်အရာရှိ ဦးသန်းဖေ၏ ကူညီသတင်းပေးချက်နှင့် တိုက်တွန်းချက်အရ



ဒေါ်သိန်းတင်နှင့်ဒဂုန်ခင်ခင်လေး တို့
ဝိ-ဗာတိုက် ဆွမ်းစားကျောင်းပေါ်၌အမှတ်တရ

ပြည်မြို့မြောက်ဘက် (၃)မိုင်အကွာ မြရွာတွင် လျှို့ဝှက်တိမ်းရှောင်နိုင်ခဲ့သဖြင့် ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ခဲ့ရသည်။

ကတိပေးထား၊ ချစ်သူအား၊ ထိမ်းမြားလက်ထပ်သည်

ဂျပန်များ မြန်မာပြည်ကို သိမ်းပိုက်နိုင်ခဲ့ပြီး (၂)လကျော်ခန့်တွင် ဖမ်းဆီးခံထားရသော သခင် ခေါင်းဆောင်များ ပြည်မြို့သို့ ပြန်လည်ရောက်ရှိလာကြသည်။ ထိုအခါ-ပထမ မူလကနဦးက ချစ်မေတ္တာ ပင်လယ်ကြောမှာ ကရုဏာသင်္ဘောကြီးစီးပြီး ချစ်ခင်ကြင်နာခါစက ထားရှိကြသည့် ကတိအတိုင်း“ မြန်မာပြည် လွတ်လပ်ရေးရလျှင် လက်ထပ်မည်”ဟုကတိပေးထားသော သခင်သင်ကို (ဂျပန်က လွတ်လပ် ရေးပေးသဖြင့်) ကတိအတိုင်း ပြည်မြို့အနီး မြရွာတွင် ထိမ်းမြားမင်္ဂလာပွဲဆင်နွှဲ လက်ထပ်ခဲ့ကြသည်။

ရှိပစ္စည်းများ၊ ရောင်းချစား၊ ကုန်သွားမကြာခင်

သခင်သင်နှင့်သခင်မ မသိန်းတင်တို့ လက်ထပ်ပြီးသည့်အခါ မဟာဗမာ့အစည်းအရုံးတွင် စီး ပွားရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ ထိုစဉ်အခါ ပါလာသော ပစ္စည်းများကို သခင်သင်နှင့်အတူတကွ ထုခွဲ ရောင်းချစားသောက်ကြရာ ကုန်ခမ်းပြတ်လပ်သွားသဖြင့် ရန်ကုန်တွင် ဆက်လက်မနေနိုင်တော့ဘဲ သခင်မ မသိန်းတင်က ပြည်မြို့သို့ ပြန်လာခဲ့ရသည်။ ငွေများရှာဖွေစုဆောင်းရန်နှင့် စိတ်မချ၍ လိုက်လာသော သခင်သင်အား သခင်မ မသိန်းတင်က “မြရွာတွင် စီးပွားရေး လုပ်ကိုင်၍ ထောက်ပံ့မည်”ဟု ပြောကာ ရန်ကုန်သို့ ပြန်လွှတ်လိုက်လေသည်။ ဤတွင် ဆေးလိပ်လုပ်ငန်း စတင်လုပ်ကိုင်ရန် စီစဉ်ပါသည်။



သခင်သင်နှင့်သခင်မ မသိန်းတင်

ဆေးလိပ်လုပ်ငန်း၊ စတင်းခန်း၊ ရည်မှန်းစီစဉ် ဒေါ်သိန်းတင်

သခင်မ မသိန်းတင်သည် ဂျပန်ငွေ(၈၀) သာရှိ၍ ဆေးလိပ်လုပ်ငန်း စတင်ပြုလုပ်ရန် မ,တည်ငွေ မလုံလောက်ဘဲဖြစ်နေရာ သူငယ်ချင်း အမျိုးသမီးတစ်ယောက်က ဂျပန်ငွေ (၅၀၀၀)နှင့် ဆေးပို (၂) ပို အကြွေးဝယ်ပေး ကူညီပါသည်။ ရှမ်းဖက်လိပ် မတတ်နိုင်၍ မြရွာအရှေ့၊ ဇရပ်ချောင်းမှ ဘန်းပွေးဖက်နှင့် သစ်သားဆေးရိုး ဝယ်ပြီး ဆေးလိပ်သမ (၅)ယောက်မျှဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ တည်ထောင် အပြီး(၇)ရက်မြောက်တွင် သခင်သင် ရန်ကုန်သို့ ပြန်သွားသဖြင့် သခင်မ မသိန်းတင် ကိုယ်တိုင် ဆေးရိုးလှမ်း၊ ဆေးရိုးလှော်၊ ဆေးချေခြင်းစသည်များ ပင်ပန်းကြီးစွာဖြင့် လုပ်ကိုင်ခဲ့ရသည်။ ရရှိလာသော ဆေးပေါ့လိပ်များကိုလည်း ကိုယ်တိုင်ခေါင်းရွက်ပြီး မိတ်ဆွေများနှင့် ဝယ်လိုသူများထံ လိုက်လံရောင်းချမှု ပြုလုပ်ခဲ့ရသည်။

တော်လှန်ရေးကြီး၊ စတင်ပြီး၊ တနည်းဆောင်ရွက်ရန်

နိုင်ငံရေးလုပ်သည့်သတင်းကို ရရှိကြသော ဂျပန်စစ်သားများသည် မကြာခဏ သခင်မ မသိန်းတင် နေအိမ်သို့ လာရောက်စစ်ဆေးမှုများ ပြုလုပ်ကြသည်။ ထိုစဉ်အတောအတွင်း တော်လှန်ရေးကြီး စတင်ရန် သခင်သင်သည် ရန်ကုန်မှ ပြည်သို့ ရောက်လာပြီး မသိန်းတင်အား တော်လှန်ရေးလုပ်ငန်းစဉ်များကို အသေးစိတ် လျှို့ဝှက်ရှင်းလင်း ပြောပြခဲ့ပါသည်။ နောက်မကြာမီ သခင်ညီက သခင်သင်အား မင်းတုန်းမြို့ရှိ တော်လှန်ရေးဌာနချုပ်သို့ သွားရောက်ဆောင်ရွက်ရန် လူလွှတ်၍ အကြောင်းကြားသဖြင့် သခင်သင်သည် မင်းတုန်းသို့ သွားရောက်ခဲ့ရသည်။ သို့သော် ထိုသို့သွားစဉ် လမ်းခုလတ် စစ်တုန်းရွာတွင် ဂျပန်များနှင့် တွေ့နေသဖြင့် ပြန်ဆုတ်လာကာ ဖိုးဥုးတောင်ပေါ်၌ ပုန်းအောင်နေခဲ့ရသည်။ မကြာမီ ပြည်မြို့သို့ မဟာမိတ် အင်္ဂလိပ်စစ်တပ်များ ဝင်ရောက်လာသည်ကို သိရှိရသဖြင့် သခင်သင်အား ဖိုးဥုးတောင်ပေါ်သို့ သွားရောက်ခေါ်ခဲ့ရလေသည်။ မသိန်းတင်မှာလည်း မြရွာတွင် ဂျပန်များ စုစုရုံးရုံး

ဖြစ်၍နေသဖြင့် ရွာကို မီးမရှို့ရန်အတွက် အဖက်ဖက်မှ ဆောင်ရွက်ခဲ့ရသည်။ ကံကောင်းထောက်မစွာဖြင့်ပင် ကံဆိုးမိုးမှောင် ဘေးဒုက္ခဘောင်မှ လွတ် မြောက်ခဲ့ရပါသည်။

## စစ်မင်းကြီးက၊ ချုပ်ထောင်ချ၊ ပို့ကြမကွေးထောင်

သခင်သင်အိမ်ပြန်ရောက်၍ နောက်တစ်နေ့တွင် သခင်မ မသိန်းတင်အား အင်္ဂလိပ်မဟာမိတ် စစ်တပ်မှ စစ်မင်းကြီးက တွေ့လိုသည်ဟု ဆိုကာ လာခေါ်ကြသည်။ စစ်အရာရှိများက စစ်ဆေးမေးမြန်း လုပ်လိုသည်ကို ရိပ်စားမိသော မသိန်းတင်က ရဲရဲတင်းတင်း ပြင်းပြင်းထန်ထန်ပင် " မိမိတို့-ကျွန်ဘဝတွင် မနေလို။ မည်သည့် လူမျိုးပဲဖြစ်ဖြစ် လက်မခံနိုင်။ ဂျပန်ကို တော်လှန်သလို အင်္ဂလိပ်ကိုလည်း တော်လှန်ပုန်ကန်ရမည်"ဟု ရှင်းရှင်းလင်းလင်း တိုတိုတုတ်တုတ် နှစ်ချုပ်စကားပြောပြခဲ့သည်။ ထိုအခါ စစ်မင်းကြီးနှင့်တကွ စစ်အရာရှိများက"သခင်မကြီးပြောတာ သဘာဝကျပါသည် ခင်ဗျား။ ခဏနေရစ်ပါ "ဟုပြောကာ ပြည်မြို့တွင် တစ်ရက်ဖမ်းချုပ်ထားပါသည်။ နောက် တစ်နေ့တွင် သခင်သင်တို့ပါ ခေါ်ယူစစ်ဆေး၍ (၅)ရက်ကြာမျှ ပြည်မြို့တွင် ချုပ်နှောင်ထားပြီးနောက် မကွေးထောင်သို့ အပို့ခံရလေသည်။

မကွေးထောင်တွင်(၂)လကျော် အကျဉ်းချထားပြီးနောက် ပြည်မြို့သို့ ပြန်ခေါ်ပြီး ပြည်ထောင်တွင် ခဏထားကာ သခင်မ မသိန်းတင်ကို ရှေးဦးပထမလွှတ်၍ နောက်မကြာမီ သခင်သင်ကိုပါ လွှတ်လိုက်လေသည်။ သို့သော် မသိန်းတင်ကို မြို့ရွာတွင် ကိုယ်တိုင်ခြေချုပ်နှင့်ထားပြီး သခင်သင်သည်လည်း (၆)လအပတ်စဉ် ရဲဌာနသို့ လက်မှတ်ရေးထိုးခဲ့ရပါသည်။ ဤကဲ့သို့ ဖမ်းသည့်နေ့မှစ၍ (၄)လ (၅)လကြာ ဆေးလိပ်လုပ်ငန်းများ မလုပ်ရဘဲ ဆိုင်းငံ့ထားရသည်။ ထို့နောက် သက်ဆိုင်ရာများအား ပြောကြားကာ ပြည်မြို့၊ နဝင်းချောင်းဘေးရှိ ဖိုးခေါင်ရွာတွင် ရွှေ့ပြောင်းနေထိုင်လျက် ဆေးပေါ့လိပ် လုပ်ငန်းကို ထပ်မံ၍ စတင်ထူထောင်ရပြန်ပါသည်။

ထိုအချိန်တွင် မတည်ငွေမရှိသဖြင့် ပြည်မြို့ပေါ်ရှိ ပွဲစားများထံ အကြွေးယူ၍ စတင်လုပ်ကိုင်ကြရာ သခင်သင်က ဆေးရိုးလှော်၊ ဒေါ်သိန်းတင်က ဆေးချေ၊ ဆေးစပ်၊ သခင်သင်က အစီခံဖြတ်၊ ဒေါ်သိန်းတင်က ဖက်ရွေး စသည်ဖြင့် ကိုယ့်လုပ်အားနှင့်ကိုယ် စတင်၍ လုပ်ကိုင်စားသောက်ခဲ့ရပါသည်။

## ရွှေ့ပြောင်းနဝင်း၊ လုပ်ကိုင်ရင်း၊ ခိုးခြင်းခံရ အကုန်ပ

ဖိုးခေါင်ရွာမှ တစ်ဖန် ပြည်-နဝင်းရပ်သို့ ပြောင်းရွှေ့နေထိုင် လုပ်ကိုင်နေစဉ် တစ်နေ့တွင် သူခိုး အခိုးခံရ၍ ခါ၀တ်မှအပ ကျန်ပစ္စည်းအားလုံးပါသွားသဖြင့် နံနက်တွင် ဈေးဝယ်ဈေးဖိုးပင် မရှိတော့ပေ။ မိတ်ဆွေများထံ ချေးငှါးစား သောက်ရသည့် ဘဝဆိုးအထိ ဖြစ်ခဲ့ရသည်ကို ထိုစဉ်က အမှုလိုက်ရဲအုပ် - ဦးကျော် အသိပင်ဖြစ်သည်။



**အခိုးခံရပြီးမှ၊ ခြောက်လကျ၊ မီးကလောင်လိုက်ပြန်**

ပစ္စည်းများအခိုးခံရပြီး (၆)လမျှအကြာ ပြည်မြို့မှာ မီးကြီးအကြီးအကျယ်လောင်သဖြင့် ဆေးလိပ်ရုံနှင့် ကိုယ်ပိုင်ပစ္စည်းအားလုံး မီးဘေးတွင် ပါဝင်ဆုံးရှုံးသွားရပြန်ပါသည်။ မီးလောင်ခံရ၍ ပစ္စည်းပစ္စယ ဗလာနတ္တိ မ,တည်ငွေမရှိ ဖြစ်ပြန်သဖြင့် အငြိမ်းစား ငွေတိုက်စာရင်းကိုင်ချုပ် ဦးထွန်းအောင် ထံမှ မ,တည်ငွေ (၇၀၀ိ) ထုတ်ချေးခဲ့ရသည်။ ယင်းချေးငွေဖြင့် အိမ်ပြန်ဆောက်၍ ဆေးလိပ်ခုံအတွက် ပစ္စည်းကရိယာ တန်ဆာပလာများ ဝယ်ယူစုဆောင်းကာ ပွဲရုံမှ အကြွေးစနစ်နှင့် ဆေး၊ ဆေးရိုး၊ မန်ကျည်းသီး၊ ဖက်စသည် ဝယ်၍ တဖန်ဆေးလိပ်ခုံကို ပြန်လည်ထူထောင်ရပြန်သည်။ ထိုစဉ်က ဆေးလိပ်လုပ်သား (၂၀)ခန့် ရှိခဲ့သည်။

**ဒုတိယတစ်ဖန်၊ မီးလောင်ပြန်၊ အမှန်တက်တက်ပြောင်**

ထိုကဲ့သို့ ငြိုငြင်ပင်ပန်းစွာ အလူးအလဲ ဆင်းရဲခံပြီး ထူထောင်၍ အနည်းငယ်တိုးတက်လာချိန်တွင် ဒုတိယတစ်ဖန် ထပ်မံပြီး မီးကြီးအလောင်ခံရပြန်သဖြင့် ဆေးလိပ်လုပ်ငန်း ပစ္စည်းများနှင့် တကွ အိမ်ပါ မီးထဲပြာကျ ဖြစ်ရပြန်ပါသည်။ အိမ်ကို ပြန်လည်မဆောက်နိုင်သေး၍ မီးဘေးဒုက္ခသည် ဘဝအနေဖြင့် ယခင် ငါးမျက်နှာဘုန်းတော်ကြီးကျောင်း (ယခု-ဝိသုဒ္ဓါရုံဗာရာဏသီတိုက်)တွင် နေထိုင်ရင်း မိတ်ဆွေ ဉူးသီလ-ထံမှ ငွေ (၅၀၀ိ) ခန့် ချေးယူကာ ယင်းငွေဖြင့် မ,တည်၍ ဆေးလိပ်ခုံကို အသစ်ပြန်လည် ထူထောင်ရပြန်သည်။

အကြွေးယူထားသော ပစ္စည်းများပါ မီးလောင်ခံရသဖြင့် ဆက်လက်အကြွေးတင် ရှိနေသောကြောင့် အိမ်ပြန်မဆောက်နိုင်ပဲ ဘုန်းတော်ကြီးကျောင်း၏အောက်ရှိ မြေပေါ်တွင် ဖျာခင်း၍ ဆေးလိပ်လုပ်ငန်းလုပ်ကြရသည်။ ၄င်းနောက် မကြာမီပင် အိမ်ပြန်ဆောက်၍ ညပိုင်းတွင် အိမ်သို့ ပြန်၍အိပ်ကာ နေ့ပိုင်းတွင် ကျောင်းဝင်းအတွင်း သွားရောက် အလုပ်လုပ်ရပါသည်။

**သမီးနှင့်သား၊ ခင်ပွန်းကား၊ ဆုံးသွားထိုခါ မယ်ပဋာ**

ဤသို့ ဆေးလိပ်လုပ်ငန်း နေသားတကျ လုပ်ကိုင်နေစဉ် သမီးကြီး-ဂျမ်းကလေး သေဆုံးပျက်စီး၍ (၃)လအကြာ ၁၃၁၁-ခု၊ ကဆုန်လဆန်း (၁၀)ရက်နေ့တွင် ပြည်မြို့ပေါ်၌ ရဲဘော်ဖြူနှင့် အစိုးရတပ်များ ကြမ်းကြမ်းတမ်းတမ်း ပစ်ခတ်တိုက်ခိုက်ကြသည့် လက်နက်ဖြင့် ခင်ပွန်းဖြစ်သူ သခင်သင် ကျဆုံးခဲ့ရပြန်ပါသည်။

သခင်သင် ကျဆုံးအပြီး (၆)လ အကြာတွင် တစ်ဦးတည်း ကျန်ရစ်သော သားဖြစ်သူ ဖိုးထောင် (ခေါ်) မောင်အောင်သိန်းဌေးမှာလည်း ၁၃၁၁-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇)ရက်နေ့တွင် အနိစ္စ ရောက်သွားပြန်သည်။ မယ်ပဋာမြေလူး အရှုံးပမာ မသိန်းတင် တစ်ဦးတည်းသာ ကျန်ရစ်၍ မုဆိုးမ တစ်ကောင် ကြွက်ဘဝနှင့် လုပ်ကိုင်စားသောက်ခဲ့ရသည်။ ထိုသို့လုပ်ကိုင်နေစဉ်မှာပင် တတိယ အကြိမ် မီးလောင်ခံရ ပြန်သည်။

သို့သော် ယခုတစ်ကြိမ် မီးလောင်ရာတွင် မကြာခဏ မီးဘေးနှင့် ကြုံတွေ့ဖူးနေသဖြင့် ကြိုတင်ကာကွယ် ထားခြင်းကြောင့် ရှိသမျှကုန် ဆုံးခြင်း၊ မီးထဲပါခြင်းမရှိဘဲ တစ်ချို့တစ်ဝက်သာ ဆုံးရှုံး၍ သက်သာခွင့်ရခဲ့ပါသည်။

သခင်မ ဒေါ်သိန်းတင်၏ သမီးကြီး-ဂျမ်းကလေး








တိုက်အစ်မကြီးဒေါ်သိန်းတင်၏
ဆေးလိပ်ရုံ သင်္ကေတ
အမှတ်တံဆိပ်ဖြစ်သည့်
ကျေးငှက်ရုပ်

ဈေးဆိုင်ကလေးများတွင် ကြွေးစနစ်ဖြင့် ရောင်းထားသော ပစ္စည်းများအားလုံး ဆုံးရှုံးရပါသည်။ ထိုစဉ်က မီးလောင်မှုကို အကြောင်းပြုလျက် ရုံးတော်မှ ကြွေးဟောင်းများကို တစ်ဝက်ကြေးဖြင့် ကျေနပ်ရန် ဖြန်ဖြေပေးသဖြင့် ပွဲစားကြီး ဦးသစ် - စသော မိတ်ဆွေပွဲစားများအား ကျန်ရှိနေသေးသော ကြွေးမြီးများကို အရစ်ကျဖြင့် ပေးဆပ်ရပါသည်။

ဤသို့ မီးခဏခဏ လောင်သည်က တစ်ကြောင်း၊ ဘုန်းတော်ကြီးကျောင်းကို မှီခိုနေရသည်ကတစ်ဖုံ ဤသည်တို့ကြောင့် ရှမ်းဖက်ကုန်သည် တစ်ဦး၏ တိုက်တွန်းချက်ဖြင့် ရှမ်းဖက်ကြွေးတို့ကို ရက်ရှည်လများဆပ်၍ ပေါ်လာသော ငွေများနှင့် မီးခံတိုက် ဆောက်လိုက်ပါသည်။

နောင်တွင် တိုက်ဖိုးငွေ ပြေလည်သည်နှင့် တပြိုင်နက် ဆေးကုန်သည်၊ ဖက်ကုန်သည်များ၏ အားပေးကူညီမှုကြောင့် ဆေးလိပ်လိပ်ရန်အတွက် မူလတိုက်၏ဘေးတွင် တစ်ထပ်တိုက်တစ်လုံးကို ၄င်းကုန်ဖိုးများမှပင် ထပ်မံတိုးချဲ့ ဆောက်လုပ်ခဲ့ပါသည်။ တိုက်ဆောက်ပြီး၍ ဆေးလိပ်လုပ်သား (၆၀)ခန့် ရှိသည်ကို မလိုလားသူ ဖျက်ဆီးသမားတို့က ဆေးရိုးသိုလှောင်အိုးထဲသို့ ယမ်းတောင့်များ၊ အမြှောက်ဆံများ မသိအောင် လာရောက်ထည့်ထားကြသည်။ ရဲဌာနသို့ တိုင်ကြားသော်လည်း အရေးယူမှု တစ်စုံတစ်ခု မပြုကြပါ။ တတိယအကြိမ် မီးဖို၌ ကျည်ဆံများလာရောက်ထည့်သူကို လက်ပူးလက်ကြပ် တွေ့မိသောအခါတွင် သခင်ညီက ကမကထပြုပြီး ရဲဌာနသို့ တိုင်ကြားမှ ရဲအဖွဲ့က စုံစမ်းစစ်ဆေး အရေးယူကြပါသည်။

ဆေးလိပ်ခုံကို၊ မနာလို၊ နည်းမျိုးစုံဖြင့်ဖြို

သခင်မ နဝင်း-မသိန်းတင် ဆေးလိပ်ခုံကို ပြည်မြို့ရှိ မသမာသည့်ပုဂ္ဂိုလ်အချို့က နည်းမျိုးစုံဖြင့် အစဉ်တစိုက် တိုက်ခိုက်ဖျက်ဆီး ဖြိုခွင်းရန် အားထုတ်ကြသည်မှာ ထင်ရှားသောသာဓကပေါင်းများစွာ ရှိပေသည်။ အိမ်စောင့်အစိုးရခေတ်တွင် ဧည့်သည်မတိုင်မှုဖြင့် ရုံးတော်မှ တရားစွဲ၍ ဒဏ်ငွေ ၁၅/-ကျပ် ဒဏ်ရိုက်ခံရပါသည်။

မြန်မာ့ရာဇဝင်သမိုင်းတွင် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ကို ပဓာနမထားဘဲ ဖြူစင်သော စိတ်ထားဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့စဉ် မိမိ(မသိန်းတင်)၏ လုပ်ဖော်ကိုင်ဖက်များသည် အာဏာများရရှိနေကြပါသည်။ သို့သော် လုပ်ဖော် ကိုင်ဖက်များ၌ ထိုသို့ အာဏာများ ရှိနေပါလျက် မည်သည့်အကူအညီ အခွင့်အရေးကိုမျှ တောင်း ခံခြင်း အခွင့်အရေးယူခြင်းမရှိ။ ဤကဲ့သို့ ကင်းခဲ့သော သခင်မ မသိန်းတင် ဖြစ်သည်။

**အခွန်ဘဏ္ဍာကောက်ယူခြင်းနှင့်ပက်သတ်၍ သက်ဆိုင်ရာ အမှုထမ်းအရာထမ်းများသာလျှင် တာဝန်သိသိ ဝတ္တရားရှိရှိ တရားသဖြင့် ဆောင်ရွက်ပါက "အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ကျန်ပါစေ" ဒေါ်သိန်းတင်အတွက် စည်းကြပ်ကောက်ခံယူလိုသမျှကို စည်းကြပ်ကောက်ယူပါရန် မေတ္တာ ရပ်ခံလက်ယပ်ခေါ်လျက်ရှိပါသည်။**

---

နိုင်ငံရေး၊ လူမျိုးရေးစိတ်ဓာတ်ရှိသဖြင့် အရာရှိ အရာခံများနှင့် ပေါင်းသင်းဆက်ဆံရေးတွင် စီးပွားရေးသမားများ ပေါင်းသင်းဆက်ဆံသကဲ့သို့ မပေါင်းသင်း မဆက်ဆံတတ်ပါ။ နောက်တစ်ကြိမ် (ပြည်ထောင်စု)အစိုးရ ပထမခေတ်တွင်လည်း ဗိုလ်မှူး ဂေါ်ဝေလာထံသို့ မသိန်းတင်သည် မတရားစီးပွားရှာနေကြောင်းဖြင့် မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍ စွပ်စွဲသောပစ်စာများ ပေးပို့ခဲ့ပါသည်။

ယခု တော်လှန်ရေးအစိုးရ လက်ထက်တွင်လည်း အရာရှိဗိုလ်များကို တံစိုးလက်ဆောင် (၅၀၀၀ိ) စီ ပေးသည်ဟူ၍လည်းကောင်း၊ ရွှေမန်း-ဦးကေသရကို ရန်ပုံငွေ (၃၀၀၀ိ) ပေးသည်ဟူ၍လည်းကောင်း ပစ်စာများ ပစ်ခြင်း၊ သတင်းလွှင့်ခြင်းများ ပြုလုပ်သဖြင့် သက်ဆိုင်ရာမှ လာရောက်၍ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ရပါသည်။

ခေတ္တခဏ၊ နေထိုင်ရ၊ များလှကျေးဇူး မမေ့ဘူး

မသိန်းတင်သည် မီးဒုက္ခသည်ဘဝ၌ ယခင် ငါးမျက်နှာကျောင်းတွင် ခေတ္တခဏ မှီခိုနေထိုင် လုပ်ကိုင်စားသောက်ရသောကျေးဇူးကို တုံ့ပြန်ကျေးဇူးဆပ်သောအားဖြင့်လည်းကောင်း၊ ရတနာသုံးရပ်သာသနာတော်မြတ်ကြီးကို မလှုပ်မတုန်သဒ္ဓါဟုန်ဖြင့် ယုံကြည်အားကိုး မြတ်နိုးစိတ်စွဲမှီဝဲဆည်းကပ်နေလိုသောဆန္ဒ ပြင်းပြသောအားဖြင့်လည်းကောင်း ခြိုးခြံချွေတာ စားသောက်ကာဖြင့် ယင်းကျောင်းတိုက်ကို သခင်မ- မသိန်းတင်နှင့်တကွ ကုန်သည်၊ ဖက်ကုန်သည်၊ ဆေးလိပ်သမား၊ ကာယ-ဉာဏ လုပ်သားများစုပေါင်း၍ တဖြည်းဖြည်း ပြုပြင်ဆောက်လုပ်ခဲ့သည်။ ယခုအခါ မန္တလေးမြို့၊ ရွှေကျင်နိကာယ ဗဟိုဌာနချုပ်ကြီးမှ အတန်တန်ပင့်ဆောင်၍ ကြွလာတော်မူကာ သာသနာပြုလျက်ရှိသော ဗာရာဏသီ မဟာထေရ် ဆရာတော်ဘုရားကြီး ဦးစီးအုပ်ချုပ်၍ စာချ စာသင် သံဃာတော်များနှင့်တကွ သာသနာ့အဆွန့်အညှောင့် ကျောင်းသားကလေးများပါ ပရိယတ္တိ သာသနာ့အလုပ်နှင့် ပဋိပတ်ကျင့်စဉ်များကို ကြိုးစားအားထုတ်လျက် ရှိပေသည်။ ယခင် ငါးမျက်နှာကျောင်း-အမည်ပျောက်၍ ယခုအခါ "ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်"ဟု နာမည်သစ်တွင် ပေါ်လွင်လျက် ရှိနေပေသည်။

ဒေါ်သိန်းတင်ဘဝ၊ သုညမှ၊ စ၍ဤဖြစ်ပုံ

ဖော်ပြခဲ့ပြီး ဒေါ်သိန်းတင်၏ ဘဝတစ်ကွေ့ အတွေ့အကြုံများအရ ဒိဋ္ဌမျက်မြင် ယခုအခါတွင် သုညဘဝမှ ကြိုးစား၍ ဆေးပေါ့လိပ် လုပ်ငန်းကို စတင်တည်ထောင်ခဲ့သည်မှာ အလုပ်သမားများ၊ အလုပ်လက်မဲ့ အမျိုးသမီးများ၏ စားဝတ်နေရေးကို တည်ငြိမ်မှုရစေခဲ့ပြီးဖြစ်သည်။ ဆည်းကပ်ကိုးကွယ်ရာ ဆရာတော်သံဃာတော်များနှင့် သာသနာ့အဆွန့်အညှောင့် ဖြစ်လတ့်သော လောကုတ္တရာပညာသင် ကျောင်းသားကလေးများ

ကို ထောက်ပံ့ချီးမြှောက်နိုင်ရေး မျှော်မြင်တွေး၍ ဆက်လက်တည်တံ့ အရှည်ခန့်ဖို့ရန် သဘာဝတွေ့ သမျှကို ကြံ့ကြံ့ခံနိုင်ရည်ရှိ၍ ပြည့်ဝပြီး ဖြစ်နေ ပေပြီ။

<u>အခွန်ဘဏ္ဍာ၊ စည်းကြပ်ရန်၊ လက်ခံကြိုဆိုသည်</u>

သို့ပါ၍ လက်ရှိပစ္စည်း အသီးသီးပမာဏ ကိုလည်း မမက်မောပါ။ အခွန်ဘဏ္ဍာကောက် ယူခြင်း နှင့်ပက်သတ်၍ သက်ဆိုင်ရာ အမှုထမ်း အရာထမ်းများသာလျှင် တာဝန်သိသိ ဝတ္တရားရှိရှိ တရားသဖြင့် ဆောင်ရွက်ပါက“အဝတ်တစ်ထည် ကိုယ်တစ်ခုသာ ကျန်ပါစေ”ဒေါ်သိန်းတင်အတွက် စည်းကြပ်ကောက်ခံယူလိုသမျှကို စည်းကြပ် ကောက်ယူပါရန် မေတ္တာရပ်ခံ လက်ယပ်ခေါ်လျက် ရှိပါသည်။ လက်ရှိပစ္စည်း (၅၀၀,၀၀၀)ငါးသိန်း နီးပါးမျှရှိသည်။

<u>အခွန်စည်းကြပ်ခြင်းသည် တိုင်းပြည်အတွက်</u>

အခွန်စည်းကြပ်ခြင်းသည် လူတစ်စု စားသုံးရန်မဟုတ်။ ယိုယွင်းနေသော တိုင်းပြည်နှင့် လုပ်သားပြည်သူများ၏ တိုးတက်မှုကို ပြုလုပ် ဆောင်ရွက်ရန်ဖြစ်ပါ၍ စည်းကြပ်မည့်အမိန့်ကို လှိုင်လှဲစွာကြိုဆို၍ နာခံရန်အသင့် ဖြစ်နေပါ သည်။

<u>ဂျပန်ပြည်သို့၊ ရဲဘော်တို့၊ လွှတ်ဖို့ကိစ္စ ဆောင်ရွက်ရ</u>

ဂျပန်ပြည်သို့ လျှို့ဝှက်စစ်ပညာသင် ရဲဘော်များ လွှတ်ခြင်းကိစ္စ၌ ပြည်ခရိုင်၊ ပုတီးကုန်း မြို့နယ်၊ တိုက်ကောရွာမှ သခင်ထွန်းအုပ်နှင့် ဆင်မြီးဆွဲမြို့မှ သခင်ထွန်းခင်တို့အား ဂျပန်ပြည် သွားရေးကိစ္စတွင် ငွေရေးကြေးရေးနှင့်တကွ ၎င်းတို့ လွတ်မြောက်စွာ သွားရောက်နိုင်ရေး



ငိုင်သူကားငိုင် မှိုင်သူမှိုင်နှင့် စတိုင်မပျက် စာရွက်ကိုဆွဲ ပြုံးရောင်ခဲလည်း ဝမ်းထဲကတော့မရွှင်ပေ
မြန်မာပြည်တွင်း ဂုဏ်ရောင်လင်းသည့် နဝင်းမည်တွင် ဒေါ်သိန်းတင်၏ အိမ်တွင်ဝိုင်းထား စစ်သည်များနှင့်
များပြားထွေထွေ စာရင်းတွေကို ရှာဖွေယူလစ် သကရာဇ်ကား နှစ်ဆဲ့ငါးခု ရတုဟေမန္တ ပြာသိုလ၏ ဆန်းထမပျက်
စနေနေ့မှာ ညနေခါတွင် **ရာဇဝင်** စာတင်ဘို့ကြံ့ သရုပ်စုံသည် ဖြစ်ပုံအံ့ဘွယ်ပါတကား--- (၂၈-၁၂-၁၉၆၃)

အတွက် အဖက်ဖက်မှ လိုအပ်သော အကူအညီများကို ပြည်ခရိုင်-ခေါင်းဆောင် သခင်များနှင့်အတူ သခင်မ- ဒေါ်သိန်းတင် ဆောင်ရွက်ခဲ့ရပါသည်။

<u>သုံးကျိပ်ရဲဘော်၊ ပြန်ရောက်သော်၊ ခန့်သော်ရာထူး၊ လက်မခံဘူး</u>

ရဲဘော်သုံးကျိပ်တို့ မြန်မာပြည်သို့ ပြန်ရောက်၍ မြန်မာပြည်၌ အကြီးအကဲတစ်ဦးဖြစ်လာသော သခင်ထွန်းအုပ်(ပုတီးကုန်း)ထံမှ စေလွှတ်သော အထူးအရာရှိက ပြည်ခရိုင်အုပ်ချုပ်ရေးအဖွဲ့၌ သခင်မ ဒေါ်သိန်းတင်ကို ရာထူးခန့်အပ်ခဲ့သည်။ သို့ပါသော်လည်း သခင်မ ဒေါ်သိန်းတင်သည် ကိုယ်တိုင် ရာထူးလက်မခံဘဲ ပြည်မြို့မှ မြို့မိမြို့ဖများကို အုပ်ချုပ်ပေးပါရန် လွှဲအပ်လိုက်သည်။ မိမိ (ဒေါ်သိန်းတင်) ကိုယ်တိုင်ကမူ စည်းရုံးရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပါသည်။

* * *

“ထုံးရာဇဝင်တွေ ဆုံးစရာမမြင်အောင်များလှသော်လည်း မတတ်သာ ရပ်ခါနားတော့မကွယ့်” ဆိုသည့်အတိုင်း ဤသို့ဖော်ပြခဲ့ပြီး ၁၅-၁၆-နှစ်သမီးအရွယ်မှစ၍-ဗုဒ္ဓဘာသာအမျိုးသမီးအဖွဲ့၊ ဝံသာနုအမျိုးသမီးအဖွဲ့၊ သစ္စာဝါဒီအမျိုးသမီးအဖွဲ့သူ (၅၀၀)ကျော်တွင် အမျိုးသမီးအတွင်းရေးမှူးအဖြစ် တာဝန်ကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစားဖြင့် “သခင်မျိုးဟေ့ တို့ဗမာ။ အရေးတော်ပုံ အောင်ရမည်”ဟု ကြွေးကြော်လျက် ကျွန်အဖြစ်မှ မြန်မာပြည်လွတ်လပ်ရေးရရှိရန် လုပ်ကိုင်ဆောင်ရွက်ရင်း နိုင်ငံရေးလုပ်သက် ၂၇-၂၈-နှစ်တွင် မျှော်မှန်းချက်အတိုင်း လွတ်လပ်ရေးကြီးရခဲ့သည်။

လွတ်လပ်ရေး ရပြီးသည့်အခါ သခင်မ ဒေါ်သိန်းတင်မှာ-သမီးနှင့်သား ခင်ပွန်းများပါဆုံးပါး ပျက်စီးလျက် သတိစွက် သံဝေဂဖက်ကာ အသက်(၄၂)-နှစ်လောက်မှစ၍ အတ္တမာနစွယ်မြမြကို ပယ်ချစွန့်ခွာကာ ရတနာသုံးရပ် သာသနာဘက် သို့ မျက်နှာမူ ဉူးတည်လာခဲ့သည်။

ဝိသုဒ္ဓါရုံဗာရာဏသီတိုက်တာကြီးကို စွမ်းစွမ်းတမံ ဇွဲသန်သန်ဖြင့် ပရိယတ္တိသာသနာအတွက် နေ့စဉ်မပျက် လှူဒါန်းပေးကမ်းစွန့်ကြဲလျက် အခြားတစ်ဖက်တွင်လည်း “ရုပ်နာမ် ဓမ္မ၊ အနတ္တ၊ ဘာတစ်ခုမျှ စိုးမရ။ ချမ်းသာသုခ၊ နိမြူမျှ၊ သုံးဘုံဘဝ ရှာမရ။ မြင်မြင်သမျှ၊ သင်္ခါရ၊ စိတ်တူနှလုံးသွင်း”ဟူသော တရားဘာဝနာကို လက်ကိုင်ပြုရင်း“ အောင်ခြင်း--ဓမ္မစကြာအဖွဲ့”ကြီး ကို



တိုက်အစ်မကြီးဒေါ်သိန်းတင် ‘နိုင်ငံဂုဏ်ရည်ဒုတိယဆင့်’ဘွဲ့ကို တိုက်အစ်မကြီး၏နေအိမ်၌ လက်ခံရယူစဉ်



တိုက်အစ်မကြီးဒေါ်သိန်းတင် 'နိုင်ငံဂုဏ်ဒုတိယဆင့်'ဘွဲ့ရယူအပြီး အမှတ်တရ

ဖွံ့စည်းတည်ထောင်ခဲ့သည်။ ဤကဲ့သို့ သာသနာ အတွက် အထူးပြုစု လုပ်ကျွေးနေစဉ်-

၁၃၂---ခုနှစ်၊ တော်လှန်ရေးအစိုးရ ခေတ်တွင် "ဝဏ္ဏကျော်ထင် ဒေါ်သိန်းတင်" ဟူသော ရွှေတံဆိပ်ဘွဲ့နှင့် စလွယ်ကိုလည်းကောင်း၊ ၁၃၂၆-ခုနှစ်၊ နယုန်လ (၁၉၆၄-ခုနှစ်၊ ဧပြီလ (၂၈)မှ မေလအထိ) (၇)ရက်ကြာ ချောက်မြို့တွင် ကျင်းပသော "အလုပ်သမားနေ့ အရေးတော်ပုံ သမိုင်းဝင်နေ့" ၌ ဂုဏ်ပြု ဧည့်သည်တော်အဖြစ် တက်ရောက်ခဲ့ပြီး သခင်+သခင်မ(၁၁၂)ဦးတွင် တစ်ဦးလျှင် ရရှိသောဆု(၅၀ဝိ/)ကျပ်ကို လည်း ကောင်း လက်ခံရယူခဲ့သည်။


၁၃၃၅-ခု (၂-၃-၇၄ မှ ၂၆-၃-၇၈) နှစ်တွင် ပြည်မြို့၊ အမှတ်(၂)နယ်မြေ၊ ပြည်သူ့လွှတ်တော်အမတ်အဖြစ် အရွေးခံရကာ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အစိုးရက "နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်" ဘွဲ့နှင့် ချီးမြှင့် ငွေကျပ် (၁၅၀၀ဝိ)ကို ၁၃၄၂-ခုနှစ်၊ပထမဝါဆိုလဆန်း(၄)ရက် (၁၉၈၀-ခု၊ ဇွန်လ ၁၆-ရက်)တွင် ပြည်မြို့နယ် ပြည်သူ့ ကောင်စီရုံးခန်းမ၌ နိုင်ငံတော်အစိုးရကိုယ်စား ပြည်မြို့နယ်၊ ပြည်သူ့ကောင်စီဥက္ကဋ္ဌ- ဦးဘလှက သခင်မကြီး-နဝင်း ဒေါ်သိန်းတင်အား ပေးအပ်သည်။ သို့သော် သခင်မကြီး ဒေါ်သိန်းတင်သည်-

(၁) ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ ဓမ္မရက္ခိတ ကုန်းတော်ပေါ်တွင် တည်ဆောက်ဆဲ မဟာဝိဇယစေတီမြတ်အတွက် ယင်း ၁၅၀၀ဝိ-လုံးကို (သခင်မကြီး ဒေါ် သိန်းတင်)ကိုယ်စား လှူပေးပါရန် ပြည်မြို့နယ် ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ- ဦးဘလှလက်သို့ ၎င်း အခမ်းအနားမှာပင် ပြန်လည်ပေးအပ်ခဲ့သည်။

(၂) လစဉ်ရဆုငွေ ၃၀ဝိ-ကျပ်တွင် ၁၅ဝိ-ကျပ်ကို ရွှေတောင်မြို့နေ ရှေးသခင်မကြီး- ဒေါ်ခင်ခင် သို့လည်းကောင်း၊ ကျန် ၁၅ဝိ-ကျပ်ကို ပြည်မြို့၊ ရွာဘဲနယ်မြေ၊ စံနန်းဦးလမ်း၊ ရှေးသခင်မကြီး-ဒေါ်စောရင် သို့လည်း ကောင်း မြို့နယ်ပြည်သူ့ကောင်စီရုံးခန်းမ၌ပင် လွှဲပြောင်းပေးအပ်ခဲ့သည်။

ဘ၀တစ်သက်လုံး၊ မြန်မာ့ဆံထုံး၊ ဖွံ့ထုံးထိပ်ပေါ်တင်

ယခုမျက်မှောက်ခေတ် မြန်မာတစ်ပြည်လုံး မိန်းမသားများတွင် သခင်မကြီး ဒေါ်သိန်းတင်



တိုက်အစ်မကြီးဒေါ်သိန်းတွင်၏ (၇၅)နှစ်ပြည့်မွေးနေ့တွင်
တိုက်အစ်မကြီး၏ နေအိမ်ရှေ့သို့ ကြွရောက်တော်မူလာကြသည့်
သံဃာတော်များအား ရေးတံမဲများအလှူလှူဒါန်းနေစဉ်



တိုက်အစ်မကြီးဒေါ်သိန်းတွင်၏ (၇၅)နှစ်ပြည့်မွေးနေ့တွင် ငိုက်အစ်မကြီး၏ နေအိမ်ရှေ့သို့
ဆွမ်းနှင့်စာရေးတံမဲများအလှူခံရန် ကြွရောက်တော်မူလာကြသည့် သံဃာတော်များ

သည် မြန်မာ့ဆံထုံးကို ထိပ်ပေါ်ထုံးကာဖြင့် ဆင်ယင်မှုတစ်သက်လုံးပြုသွားသည်မှာ ထူးခြားနေသော ဝိသေသမြင်ကွင်းတစ်ရပ်-ဟု သတိမူ စဉ်းစားမိသူတိုင်း သိမြင်နိုင်ကြပေလိမ့်မည်။

## ဝိသာခါပမာ၊ ဒုတီယာ၊ မည်ရဒါယိကာ

သခင်မ ဝိ-ဗာ တိုက်အမကြီး ဒေါ်သိန်းတင်ကား ရာဇ,လောက,ဓမ္မ-သုံးဝသောအကြောင်းတော်သည်နေရာတွင် မော်ကွန်းတင်လောက်သည့် အပြင် ရတနာသုံးရပ် ဆည်းကပ်သည့်နေရာ၌ တစ်သိန်းမှာ တစ်ယောက် ဆိုရလောက်အောင် ရှားပါးလှပေလိမ့်မည်။ သာသနာပြုရာမှာလည်း စိတ်ပါလက်ပါစွာဖြင့် ဆွမ်းကိုယ်တိုင်ချက်ပြီး နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညနေအဖျော်ယမကာ တို့အတွက် ရံခါ တစ်နေ့ (၃)ခါ လာရုံမျှမက ပစ္စည်းလေးဝ လိုသမျှကို ဖြည့်စွက်လျက် "သမဏာနဉ္စ ဒဿနမင်္ဂလာ"ကို ဖြည့်ဆည်းခဲ့သည်။ အလှူရေစက် လက်နှင့်မကွာ နွေ၊ မိုး၊ ဆောင်း ရာသီတွေ ဘယ်လိုပြောင်းပြောင်း ကောင်းမှုမှန်သမျှ မြဲစွာကျင့်သုံးရင်း သာသနာတော်၏ ဒုတိယဝိသာခါအဖြစ် ခံယူလျက်ရှိနေစဉ်--



အလှူရေစက်လက်နှင့်မကွာသည့်
တိုက်အစ်မကြီးဒေါ်သိန်းတင်

၁၃၄၅-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် (၆)ရက်လောက်မှ စတင်၍ ယခင်ကစွဲကပ်ဘူး၍ ကုသပျောက်ကင်းနေသော ရင်ကြပ်ပန်းနာ၊ နှလုံးရောဂါသည် ပြန်လည်ပေါ်လာသဖြင့် မြို့နယ်ဆရာဝန်ကြီး ပါရဂူ သမားတော်ကြီးများနှင့် အိမ်တွင် ကုသနေရင်း အစားအစာ ဖြတ်လာလေတော့သည်။

## သံဃာငါးပါး၊ ပရိတ်များ၊ ကြွသွားရွတ်ရာ ငါးရက်ကြာ

ထိုအချိန်က ကျေးဇူးရှင် ဗာရာဏသီဆရာတော်ဘုရားကြီးသည် ရန်ကုန်မြို့၊ ကမ္ဘာအေး၊ ဇမ္ဗူဒီပ ကျောင်းဆောင်တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယဥက္ကဋ္ဌ)တာဝန်ဖြင့် သံဃာ့ရေးရာကိစ္စများ ဆောင်ရွက်နေစဉ်ဖြစ်သည်။ ပြည်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်ရှိ တိုက်အုပ်၊ တိုက်ကြပ်၊ ဥပတိုက်ကြပ်၊ စာချ၊ ဆွမ်းဘုန်းကြီး (၅)ပါးပင့်ပြီး တန်ဆောင်မုန်းလဆုတ် (၁၃-၁၄-၁၅)ရက်များနှင့် နတ်တော်လဆန်း (၁-၂)ရက်အထိ (၅)ရက်တိုင် ညနေတိုင်း ပရိတ်တရားနာကြား ဓမ္မသဝနကုသိုလ်မင်္ဂလာပွားများခဲ့သည်။

## ဆေးရုံးပေါ်မှာ၊ ရောက်သောခါ၊ တွေ့ရာခြေနေများ

သခင်မကြီးဒေါ်သိန်းတင်အား အိမ်၌ ပါရဂူသမားတော်ကြီးများဖြင့် အစွမ်းကုန်ကုသပါသော်လည်း ရောဂါသည် တဖြည်းဖြည်းတိုးလာသဖြင့် ဆရာဝန်ကြီးများ၏ ညွှန်ကြားစီစဉ်ပေးချက်အရ နတ်တော်လဆန်း (၇)ရက်နေ့၌ ပြည်-ဆေးရုံသစ်ကြီးသို့ တင်ပို့ကုသကြသည်။ သို့သော် တစ်ပတ်လောက် ကြာသောအခါ သက်သာခွင့်မရ ဖြစ်နေပြန်သဖြင့် ၎င်းနတ်တော်လဆန်း (၁၃)ရက်၊ နံနက်တွင် တောင်ကြီးမြို့-ဆရာခွေး၊ မြင်းခြံမြို့-ဒေါ်ဒေါ်သိန်းတို့က ကားနှင့်သယ်ယူကာ ရန်ကုန်၊ ဆေးရုံကြီး၊ နှလုံးရောဂါ အထူးကုခန်းသို့ပို့၍



သီတဂူဆရာတော်အား (မွေးရပ်မြေ) သဲကုန်းမြို့၊ တပ်ရွာအလယ်ကျောင်း၌
သခင်မကြီးဒေါ်သိန်းတင်၊ တောင်ကြီးမြို့ ဆရာခွေး၊ ဦးစိုးမင်း စသည့်တို့နှင့်အတူ ဖူးတွေ့ရစဉ်။
၁၃၄၀-ခု၊ ဝါဆိုလဆန်း ၉-ရက်၊ (၁၃-၇-၇၈)

ကုသကြသည်။ သို့သော် ရောဂါသည် တိုးလိုက် လျော့လိုက် ဖြစ်နေသည်။

[မှတ်ချက်။ ။ထိုစဉ်က ဝိ-ဗာတိုက် အမကြီးအား ပြည်-ဆေးရုံသို့ တင်ပို့ကုသနေရကြောင်း ကြားသိသဖြင့် ရန်ကုန်၊ ကမ္ဘာအေး၊ ဇမ္ဗူဒီပမှ ကျေးဇူးရှင် ဗာရာဏသီမဟာထေရ်လည်း ခေတ္တပြန်ကြွလာသည်။ တိုက်အမကြီးကို ရန်ကုန်-ဆေးရုံကြီးသို့ ပို့သောနေ့မှာပင် ဗာရာဏသီမဟာထေရ်က ရထားဖြင့် ရန်ကုန်သို့ ကြွလိုက်ဘို့ရာဖြစ်သည်။ သို့သော်လည်း ဆရာတော်ဘုရားကြီး၏ တူတော် ကိုကျော်ဝင်းက အတန်တန်ပင့်ကာ ၎င်းပိုင်ကားဖြင့် အောင်လံမြို့၊ ဇာတိ - ဇီးနဲ့ရွာသို့ ပင့်ဆောင်သွားသဖြင့် နတ်တော်လဆန်း (၁၃)ရက် ညဉ့် ဇီးနဲ့၌ ကျိန်းစက်၍ (၁၄)ရက် ဇီးနဲ့မှ ပြန်ကြွ လာခဲ့သည်။ ပြည်-ဝိ-ဗာသို့ ပြန်ရောက်၍ နောက် တနေ့ (၁၅)ရက် (နတ်တော်လပြည့်) နံနက်တွင် အမြန်ရထားဖြင့် ရန်ကုန်သို့ ကြွခဲ့သည်။ ဘူတာကြီး မှ ဆင်းသက်၍ ဆေးရုံကြီးသို့ ချက်ချင်းကြွကာ တိုက်အမကြီး၏ ကျန်းမာရေး အခြေအနေကို ကြည့်ရှုရာ အောက်ဆီဂျင်ဖြင့် အသက်ရှူ၍ ဂလူးကို့(စ်) ပုလင်းကြီးဖြင့် ဆေးသွင်းထားလေသည်။ ပရိတ်တရား ရွတ်ဖတ် ချီးမြှင့်၍ သီတင်းသုံးရာ ကမ္ဘာအေး၊ ဇမ္ဗူဒီပကျောင်းဆောင်သို့ ကြွခဲ့လေသည်။]

ဇမ္ဗူဒီပါ ၊ ထေရ်ဗာရာ၊ ကြွလာနေ့စဉ်ပါ

မဟာထေရ်သည် ဆေးရုံကြီး သုံးထပ်အပေါ်ဆုံးရှိ တိုက်အမကြီးထံသို့ နတ်တော်လပြည့်နေ့နှင့် ယင်းလဆုတ် (၁-၂-၃-၄) ရက်ထိ ညနေ (၄) နာရီ အချိန်တိုင်း နေ့တိုင်းကြွ၍ ပရိတ်တရား ချီးမြှင့်ခဲ့သည်။ နတ်တော်လဆုတ် (၁)ရက်နေ့ ညနေအချိန် ဗာရာဏသီမဟာထေရ် ဆေးရုံသို့ ကြွလာ

သည်တွင် “ သာသနာ ကြာကြာပြုနိုင်ရန် တပည့်တော်မအား စောင့်ရှောက်ကယ်မပါဦးဘုရား”ဟု ဆရာတော်ဘုရားကြီးအား နောက်ဆုံးစကား လျှောက်ကြားရာ ဆရာတော်ဘုရားကြီးက “ကယ်မည်။ ကယ်မည်”ဟု သက်သာရာရစေသော စကားဖြင့် မိန့်ကြားကာ ပရိတ်တရားချီးမြှင့်သည်။ ထို့နောက် ပြုလုပ်ခဲ့ပြီးသော ဒါန သီလနှင့်တကွ တရားဘာဝနာ၌ မမေ့မလျော့ သတိအမြဲ ကပ်နေရန်ကို မိန့်ကြားခဲ့ပါသည်။ (နောက်ဆုံး လျှောက်ကြားသွားသော ဤစကားကို တိုက် အမကြီး၏ အနီးကပ်လုပ်ကျွေးပြုစုသူ ဒေါ်စိန်ပုမှ စာရေးသူအား လျှောက်ထား၍ သိရှိရခြင်းဖြစ်သည်။) လဆုတ် (၄)ရက်နေ့တွင် လုံးဝစကား မပြောနိုင်တော့သော်လည်း မျက်စိမှိတ်ကာ တရားစိတ်ပေါ် အာရုံရောက်လျက် ပျော်နေပုံရသည်ကား သခင်မကြီး၏မျက်နှာ၌ ထင်ထင်လင်းလင်း တွေ့မြင်ရပေသည်။

(၅)ရက်နေ့ ညနေတွင်ကား မဟာထေရ်နှင့် တပည့်များ ဆေးရုံသို့ရောက်ကြရာတွင် စက်အမျိုးမျိုးတပ်ဆင်ကာ ပါရဂူ သမားတော်ကြီးများလည်း မီးကုန်ယမ်းကုန် နည်းလမ်းစုံဖြင့် အသက်လု၍ အားထုတ်ကုသနေကြသည်ကို တွေ့ရသည်။ တိုက်အမကြီး၏အနေအထားကို မြင်တွေ့နေရခြင်းနှင့် အနားမှ ပြုစုယုယ သူနာပြုမကလေးများ၏ မျက်ရည်စက်လက် ဝမ်းနည်းနေသည့် အချက်ကို မြင်တွေ့ကြရသော ရဟန်းငယ် ဦးပဥ္စင်းတို့မှာလည်း ပုထုဇဉ်သား ရဟန်းများပီပီ သောကဒီလှိုင်းဒီဂရီကို အလီလီ တွန်းလှန် မြိုသိပ် သိမ်းချုပ် ဣန္ဒြေလုပ်ခါ နေကြရသည်။ ထိုစဉ်အခါ တိုက်အမကြီးမှာ သတိရလျက်ပင် ရှိသေး၏။

ထိုအချိန်တွင် အနီး၌ရှိနေသော တိုက်အမကြီး၏မြေး မခင်အေးတင့်၏ခင်ပွန်း ဒေါက်တာသိန်းမြင့်က ဗာရာဏသီမဟာထေရ်ကြီးအနီး ချဉ်းကပ်ပြီး “တိုက်အမကြီး နာရီပိုင်းသာ ရှိပါတော့



တိုက်အစ်မကြီး ဒေါ်သိန်းတင်၏ ရုပ်အလောင်းအား ရွှေဆံတော်ဘုရားကြီးသို့ ဦးတိုက်စဉ်

သည်ဘုရား။ စက်ကရိယာများ၏ အကူအညီဖြင့် ရှူနေသော အသက်သာ ရှိပါတော့သည်။ စက်တွေ ဖြုတ်လိုက်လျှင် ဆုံးပါပြီဘုရား"ဟု လျှောက်သံ ကြားသိရသည်။ သည်စကားကို ကြားကြရသော မြင်းခြံ ဒေါ်သိန်း၊ ဒေါ်နီနီဦး၊ လုပ်ကျွေးပြုစုသူ- ဒေါ်စိန်ပု စသူတို့မှာ မျက်ရည် စို့ရွဲ ငိုပွဲစဉ်ကာ မရှင်သာပဲ ရှိနေစဉ်--

ဗာရာဏသီမဟာထေရ်နှင့် တောင်ငူ၊ ဝိသုဒ္ဓါရုံသိမ်ဦးဆရာတော်၊ ဝိသုဒ္ဓါရုံ မြို့ထောင့် ဆရာတော်၊ ပြည်-ဝိ-ဗာတိုက်အုပ်နှင့် ဦးထေရပ္ပိယ တို့လည်း ကမ္မဋ္ဌာန်းဇော်မှီ ယောဂီမသွေ ကြံမှိုင်တွေ လျက် ဆေးရုံးကြီးပေါ်မှ ဆင်းသက်ပြီး မဟာထေရ်ကြီး သီတင်းသုံးရာ ကမ္ဘာအေး၊ ဇမ္ဗူဒီပသို့ လိုက်ပါသွားကြသည်။ ကိုယ်စီ ကိုယ်င အမောဖြေ၍ ကြားရမည့်သတင်းကို နားစွင့်လျက် မျှော်နေကြစဉ်- ကလင် ကလင်-ဟု တယ်လီဖုန်း မြည်လာ၍ မဟာထေရ်ကိုယ်တိုင် ဖုန်းကိုင်နား ထောင်ရာ- နတ်တော်လဆုတ် (၅)ရက်၊ စနေနေ့ ညနေ (၆)နာရီ (၂၀)မိနစ် (၈၃-၁၂-၂၄)၊ အသက် (၇၉)နှစ်တွင် . . သခင်မကြီး ဒေါ်သိန်း တင်၊ မော်ကွန်းဝင် (ပထမဆင့်)ဒေါ်သိန်းတင်၊ ကျိုးငှက်ဆေးလိပ်ရုံ ပိုင်ရှင် နဝင်း-ဒေါ်သိန်း တင်၊ ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်အမကြီး ဒေါ်သိန်းတင်၊ ဝဏ္ဏကျော်ထင် ဒေါ်သိန်းတင်၊ ပြည်သူ့လွှတ် တော် အမတ်ဟောင်း ဒေါ်သိန်းတင်၊ နိုင်ငံဂုဏ် ရည် (ဒုတိယဆင့်) ဒေါ်သိန်းတင် - ဟူသော ဂုဏ်ထူးပြည့်ဝ ဝိသေသ များစွာရှိသော - "တိုက်အမကြီး ကွယ်လွန်သွား ပါပြီဘုရား" ဟု မြင်းခြံ၊ ဒေါ်ဒေါ်သိန်းက ငိုသံပါနှင့် လျှောက်ထား လေသော အသံသည်---

ထိုနေ့ည ညတွင်းချင်းပင် တောင်ကြီး- ဆရာခွေး၊ မြင်းခြံ-ဒေါ်သိန်း၊ တိုက်အမကြီး



တိုက်အစ်မကြီးဒေါ်သိန်းတင်၏ ရျာပနအခမ်းအနားသို့ ကြွရောက်ကြသောအနယ်နယ်အရပ်ရပ်မှ သံဃာတော်များ

တူအရင်း ဦးတင်ညွန့်၊ ပေါင်းတည် ဦးထင်ကျော်၊ တိုက်အမကြီး၏မြေး ရန်ကုန်-မောင်သိန်းဝင်း၊ မောင်ချစ်ကို တို့က ပြည်မြို့သို့ ကားဖြင့် သယ်ယူသွားကြရာ နေအိမ်တိုက်တာသို့ (၅)ရက်နေ့၊ ညဥ့်သန်းခေါင်ကျော် (၁၂)နာရီခွဲတွင် ပြန်ရောက်ကြလေသည်။

ရန်ကုန်ရောက်နေကြသော တောင်ငူ-သိမ်ဦးဆရာတော်၊ တောင်ငူ-မြို့ထောင့်ဆရာတော်၊ ပြည်-ဝိ-ဗာ တိုက်အုပ် ဦးဝိစိတ္တစာရ၊ စာချ-ဦးထေရပ္ပိယတို့လည်း ကပ္ပိယကျောင်းသားများပါ ထိုနေ့ည ည (၁၀)နာရီ ရထားဖြင့် ပြည်သို့ လိုက်ပါခဲ့ကြသည်။ ဆရာတော်ဘုရားကြီးက လဆုတ်(၆) ရက်နေ့ ညရထားဖြင့် ပြည်သို့ ကြွခဲ့ရာ လဆုတ် (၇)ရက် နံနက်တွင် ပြည်-ဝိ-ဗာသို့ ရောက်လေသည်။

**ရန်ကုန်မြို့မှ လာကြသော ဘီတီဘရားသား-ဦးဘသိန်း၊ စာရင်းစစ်ကြီး-ဦးကိုကို စသော ဒကာဒကာမများက "၎င်းတို့ တစ်သက်တာ လူပုဂ္ဂိုလ်များတွင် ဤမျှလောက်စည်ကားတာ မတွေ့မြင်ဘူး" ဟု လျှောက်သွားကြပြီး "ကမ္ဘာလှည့် သာသနာပြု ရန်ကုန်-မဟာစည်ဆရာတော်ဘုရားကြီး၏ ဈာပနပွဲစည်ကားပုံနှင့် တထေရာတည်း တူလှသည်"ဟု လျှောက်ထားကြသည်။**

<u>ဈာပန အခမ်းအနား မြင်ကွင်းများ</u>

တိုက်အမကြီး၏အလောင်းကို တိုက်အမကြီး၏ တိုက်အောက်ထပ်မှာ ပြင်ဆင်ထားရာ ကျားပျံ ဆေးလိပ်ရုံပိုင်ရှင် ဦးအုန်းမောင်၊ ဒေါ်သန်းစိန်နှင့် တပည့်များက နေ့စဉ်လာကာ အလောင်းကို စံပယ်ပန်းစသော ပန်းများစွာဖြင့် မွမ်းမံပြင်ဆင်၍ ကူညီမှုအပြည့်အဝပေးနေသော မြင်ကွင်းများကိုလည်း နေ့စဉ်တွေ့မြင်ကြရသည်။ ထို့ပြင် ရွှေအုံးပင် ဆေးလိပ်ရုံပိုင်ရှင် ဦးစိန်လှ+ဒေါ်လှမြင့် မိသားစုနှင့်တပည့်များ၊ ဟသ်ာသန်းသန်း နဂါးပျံဆေးလိပ်ရုံပိုင်ရှင် ဦးထွန်းအောင်+ဒေါ်တင်ညွန့်မိသားစုနှင့် တပည့်များ စသော ဆေးလိပ်ရုံပိုင်ရှင်များစွာနှင့်တပည့်များစွာတို့က အဖက်ဖက်မှ ပါဝင်၍ ကူညီဆောင်ရွက်ကြလေသည်။ တိုက်အမကြီး၏ဆေးလိပ်ရုံ တပည့်များကမူကား အလောင်းနားမှ မခွါပဲ အမြဲပြည့်ကြပ်၍ မျက်ရည်နှင့်မျက်ခွက်ပြည့်လျက် ပူဆွေးသောကငိုယိုနေကြသည်ကို တွေ့နေရလေသည်။

ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်မှ သံဃာ (၁၀၀)နီးပါးကလည်း နတ်တော်လဆုတ် (၇-၈-၉)ရက်အထိ (၃)ရက်တိုင်တိုင် နေ့ဆွမ်းပြီး (၁၂)နာရီအချိန်တွင် (၁၅)ပါးတစ်တွဲ(၁၅)ပါး တစ်တွဲဖြင့် အလှည့်ကျစီ ကြွရောက်ခါ အနိစ္စာဝတ သင်္ခါရာ-စသော သံဝေဂဂါထာများဖြင့် အသုဘရှု ဘာဝနာပွားများခဲ့ကြသည်။

<u>ငါးရက်ထားကာ၊ ဂူသွင်းရာ၊ မှတ်ပါကျောက်တိုင်စိုက်</u>

အလောင်းကို (၅)ရက်ထားကာ နတ်တော်လဆုတ်(၉) ရက်နေ့ နံနက်(၉)နာရီခွဲ အချိန်တွင် ဗာရာဏသီမဟာထေရ်ဆရာတော်ဘုရားကြီးနှင့် နောက်ပါ အောင်လံ- ရေပြည့်ဆရာတော်၊ တောင်ငူ-သိမ်ဦးဆရာတော်၊

မြို့ထောင့်ဆရာတော်၊ ဝိ-ဗာ တိုက်အုပ်, တိုက်ကြပ်, စာချများပေါင်း သံဃာ(၁၃)ပါး ပင့်၍ ၎င်းနေအိမ်၌ပင် မြေချဆွမ်း သပိတ်သွတ်ပြီး သရဏဂုံတင်သည်။

ဗာရာဏသီမဟာထေရ်ဘုရားက သရဏဂုံတင်ပြီး၍ တူဖြစ်သူ-ဦးတင်ညွန့်၊ တူမ-ဒေါ်အမာ တို့က "အမျှ အမျှ ယူတော်မူကြပါကုန်လော"ဟု ဝိုင်းသံပါဖြင့် အမျှပေးဝေလိုက်သည်နှင့်တပြိုင်နက် ပရိသတ်များ ဝိုင်းပွဲဆင်နွှဲလိုက်ကြသည်မှာ ဆူညံပွက်လောထသွားတော့သည်။ ထိုတွင် တပည့်ရင်း သမီးကြီးဒေါ်မေရီစန်း တစ်ယောက်မှာ ပူဆွေးသောကလှိုင်းလုံးကြွခါ မေ့မြောမတတ်ဖြစ်သွားခဲ့ရာ နှိပ်နယ်ပြုစု၍ တရားဖြင့်ရှု့စေထားကြရသည်။ ၎င်းနောက် ရန်ကုန်-သခင်သင်းက သခင်သမိုင်းကြောင်းများ ဖတ်ကြား ချီးကျူးပြီး "သခင်မျိုးဟေ့ ဒို့ဗမာ" ဟု သုံးယောက်သံပြိုင်ဖြင့် တက်ကြွသောအားနှင့်မာန်နှင့် မြိုင်မြိုင်ကြီး သီဆိုသွားကြလေသည်။

အလောင်းမှာ ဆေးထိုးထားပြီး အိပ်နေသောအသွင်ထင်ရကား သုသာန်သို့ ပို့ချကာနီးမှ သာလျှင် မှန်ခေါင်းတွင်းသို့ ထည့်သွင်းကြသည်။ စျာပနပို့သည့်အခါ အဖွဲ့ (၁၂)ဖွဲ့က လက်ဆင့်ကမ်း၍ သွားကြသည်မှာ --

၁။ ရှေ့ဆုံးမှရွှေလက်လှဝတ်သင်း၊

၂။ ၎င်းနောက် သံဝေဂရွတ်သော အမျိုးသမီးအဖွဲ့ ကားတစ်စီး၊ ဆက်လက်၍ အစဉ်အတိုင်း --



တိုက်အစ်မကြီးဒေါ်သိန်းတင်၏ စျာပနတွင်ကြည့်ရှုကြသော ပရိသတ်များ



တိုက်အစ်မကြီးဒေါ်သိန်းတင်၏ဈာပနတွင် လွမ်းသူ့ပန်းခွေ ပို့ဆောင်ကြသော အသင်းသူ/အသင်းသားများ

၃။ သံဝေဂရွတ်ပြောရာတွင် လွမ်းဆွေးငေးမှိုင် ဖွယ်ရာ အလွန်ကောင်းလောက်အောင် သံဝေဂများ ရွတ်ပြောနေသော ဒကာကြီး၊

၄။ ဆွမ်းသင်း (၅)သင်းမှ ကြေးစည်ကြီး (၇)ခု ထုလျက်၊

၅။ ဗာရာဏသီဆရာတော်ကြီးနှင့် ဓမ္မိကတောရ ဆရာတော်ကြီးများ၏ ကားတစ်စီး၊

၆။ ခြေကျင်ကြွပို့ သံဃာတော်အပါး(၁၇၀)ကျော်၊

၇။ သီလရှင်ဆရာကြီး, ဆရာလေးများ (၈၀)ကျော်၊

၈။ လွမ်းသူ့ပန်းခွေကိုင် ကျားပုံဆေးလိပ်ရုံ အမျိုး သမီးများ၊

၉။ လွမ်းသူ့ပန်းခွေကိုင် ရွှေအုန်းပင်ဆေးလိပ်ရုံ နှင့်ဟင်္သာသန်းသန်း-နဂါးပုံဆေးလိပ်ရုံ အမျိုး သမီးများ၊

၁၀။ ပစ်တိုင်းထောင်ဆေးလိပ်ရုံ အမျိုးသမီးများ၊

၁၁။ အလောင်းတင် ထမ်းစဉ်၊

၁၂။ သံဝေဂကဗျာလင်္ကာလွမ်းဆွေးရာရွတ်ဖတ် သော တိုက်အမကြီး၏ တပည့်များဖြစ်သော ကျီးငှက် ဆေးလိပ်ရုံ အမျိုးသမီးများ၊

၁၃။ အသုဘပို့ကားအစီး (၅၀)ကျော်၊

၁၄။ အသုဘပို့ (၃)ဘီးကား အစီး (၃၀)ကျော်ဖြစ်ပြီး

စည်ကားသည်မှာ အလောင်း သုသာန်ရောက်နေသည်တိုင် လိုက်ပို့ သူများကား အိမ်မှမပြတ်သေး။ တစ်မြို့ လုံး ကြိတ်ကြိတ်တိုး စည်ကားပုံကား ရန်ကုန်မြို့မှလာကြသော ဘီတီ ဘရား သား-ဦးဘသိန်း၊ စာရင်းစစ်ကြီး- ဦးကိုကို စသော ဒကာဒကာမများက "၎င်းတို့ တစ်သက်တာ လူပုဂ္ဂိုလ်များ တွင် ဤမျှလောက် စည်ကားတာ မတွေ့မြင်ဘူး"ဟု လျှောက်သွားကြပြီး "ကမ္ဘာလှည့် သာသနာပြု ရန်ကုန်- မဟာစည်ဆရာတော်ဘုရားကြီး၏ ဈာ ပနပွဲ စည်ကားပုံနှင့် တထေရာတည်းတူလှ သည်"ဟု လျှောက်ထားကြသည်။

<u>ဈာပနမှာ၊ ပင့်သံဃာ၊ တစ်ရာရှစ်ဆယ့် ခြောက်</u>

တိုက်အမကြီး၏ ဈာပနတွင် သံဃာတော် များနှင့်သီလရှင် ဆရာ

များအားပင့်၍ လှူဒါန်းမင်္ဂလာပြုကြသည်မှာ -

၁။ မြို့တွင်း၊ မြို့ပြင် ပင့်သံဃာအပါး (၈၈)ပါးအား ကာယကံရှင် များမှ လှူတစ်ပါးလျှင်(၁၀ဝိ)စီ၊ ပေါင်းတည်မြို့၊ ကြယ်မင်းညိုညို ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ညိုညို မောင်နှမတစ်စုမှလှူ (၂ဝိ)စီ ပေါင်းတစ်ပါးလျှင် ၁၂ဝိ-စီ၊

(မှတ်ချက်။ ။အောက်၌ အစဉ်အတိုင်း အလှူရှင်နှစ်ဦးတို့မှ အသီးအသီး)

၂။ မန္တလေး၊ တောင်ငူ၊ ရန်ကုန်၊ မင်းဘူး၊ အောင်လံတို့မှ ပင့်သံဃာ (၂၉)ပါး (၁၀ဝိ)စီ + ၁၅ိ-စီ = တစ်ပါးလျှင် ၁၁၅ိ- စီ၊

၃။ ပြည်ဗာရာဏသီရဟန်း (၃၁)ပါး (၁၀ဝိ)စီ + ၁၅ိ-စီ တစ်ပါးလျှင် ၁၁၅ိ-စီ၊

၄။ ပြည်ဗာရာဏသီ ရှင်သာမဏေ(၄၆) ပါး(၅ဝိ)စီ+၁၅ိ-စီ၊ တစ်ပါးလျှင် - ၆၅ိ-စီ၊

၅။ ပြည်ဗာရာဏသီ ကျောင်းသား (၂၅)ယောက် (၁၅ိ)စီ+ ၅ိ-စီ၊ တစ်ယောက်လျှင် ၂ဝိ-စီ၊

အားလုံး = ၂၆၂၅ိ-

၆။ ပြည်သီလရှင်အပါး (၈၀) ၁ဝိ-စီ၊

၇။ မကွေး၊ ရန်ကုန် သီလရှင်ဆရာ(၈) ပါး ၅ဝိ/စီ၊

အားလုံး = ၁၇၈၇၅ိ-

နှစ်ရပ်ပေါင်း = ၂၀၅၀ဝိ-

* * *

<u>၄၅-ခ၊ နတ်တော်လဆုတ် (၁၁)ရက် တိုက်အမကြီး ၇-ရက်လည်ဆွမ်း သပိတ်သွတ်ရာ ပင့်သံဃာ (၈၃)ပါး</u>

ကာယကံရှင်များနှင့် ပေါင်းတည်မြို့၊ ကြယ်မင်းညိုညို- ဆေးလိပ်ရုံ ပိုင်ရှင် ဒေါ်ညိုညိုတို့ မောင်နှမတစုမှ လှူ - အစဉ်အလိုက် (၁) ဝိ-ဗာ ရဟန်း (၃၁)ပါး ၆ဝိ-စီ+ ၁၅ိ-စီ၊ တစ်ပါး-၇၅ိ-စီ၊ (၂) ဝိ-ဗာ ရှင်(၄၆) ပါး ၃ဝိ-စီ+ ၁၅ိ-စီ၊ တစ်ပါး- ၄၅ိ-စီ၊ (၃) ကျောင်းသား(၂၅)ယောက် ၅ိ-စီ+၃ိ-စီ၊ တစ်ယောက်-၈ိ-စီ ဖြစ်သည်။ ထို့ပြင် တောင်ငူ၊ ဝိ-သိမ်ဦးဆရာတော်၊ တောင်ငူ၊ ဝိ-မြို့ထောင့်ဆရာတော်၊ တောင်ငူ၊ မြင်းဖြူအင်း ဦးဂုရုပ္ပိယ၊ သဲကုန်း၊ ဝိသုဒ္ဓါရုံတပ်ကျောင်းဆရာတော်၊

အောင်လံ၊ ရေပြည့်ဆရာတော်၊ အောင်လံ၊ ဂိုဏ်းစုဆရာတော် အသီးသီးတို့အား တစ်ပါးလျှင် ၆ဝိ+၁၅ိ=၇၅ိ-စီ ဖြစ်သည်။ ပေါင်း-၃၇၂၅ိ+ ၁၈၆ဝိ= ၅၅၈၅ိ-ဖြစ်သည်။ ဈာပနနေ့နှင့် ဆွမ်းသွတ်နေ့ စုစုပေါင်း ကုသိုလ်မင်္ဂလာ-(၁) ကာယကံရှင်များမှ-၂၁၆၀ဝိ/ (၂)ဒေါ်ညို ညိုတို့မှ -၄၅၈၅ိ/ ဖြစ်သည်။

<u>ထူးထူးခြားခြား၊ မိုးသိကြား၊ လာသွားသလို</u>

အလွန်ထူးခြားသည်မှာ နတ်တော်လဆုတ် (၈)ရက်ညဦးက အသင့်အတင့် မကြီးမကျယ် မိုးရွာထား၍ ဖုံမထသည့်အပြင် လဆုတ်(၉)ရက် ဈာပနာပို့သည့်နေ့မှာလည်း နေမပူ မိုးမရွာ အုံ့ဆိုင်းကာဖြင့် တိုက်အမကြီးအား အသုဘပို့သူများမှာ ချမ်းသာကြည်လင်စွာ ပို့ကြရသည်။

အသုဘဈာပနာချပို့စဉ် ပြည်၊ လမ်းမတော် ပလက်ဖောင်း ဝဲဘက်၊ ယာဘက် ကြည့်ကြသူများမှာ ပြည့်ကြပ်စီတန်းလျက် အလွန့်အလွန် စည်ကားလေသည်။ အသုဘလွန်သွားသောအခါ နောက်မှ လိုက်ပါလာကြသော လူထုပရိတ်သတ်ကြီးမှာ ကြောက်ဘွယ်ဘနန်း၊ လန့်ခမန်း၊ အံ့မခန်း ပြည့်

ကြပ်ညပ်နေ၍ အသွားအလာအကုန်လုံးရပ်ဆိုင်း ထားရလေသည်။ အချို့လူငယ်လူရွယ်တွေက ဒေါ်သိန်းတင်ကို မမြင်ဘူး၍ဆိုကာ “ မြေပြင်က ဆိုလျှင် ဘယ်နည်းနှင့်မျှ မြင်ရမှာမဟုတ်ဘူး”ဟု အချင်းချင်းပြောကြပြီး သုဿာန်အဝင်ဝ သစ်ပင် ကြီးများပေါ်တက်၍ အားရပါးရ ကြည့်နေကြလေသည်။

ဗာရာဏသီမဟာထေရ်ဆရာတော်ဘုရားကြီးနှင့်မဟာဓမ္မိကတောရဆရာတော်ဘုရား ကြီးများ စီးသောကားမှာ ရှေ့ဆုံးမှ ကျော်တက်ကာ- တစ်ဘဝ တစ်ခန္ဓာမှာ မိမိနှင့်လက်တွဲ၍ သာသနာပြု ပါရမီဖြည့်ဖက် တိုက်အမကြီး၏ အုတ်ဂူကျောက်တိုင်ကို ဒီဘဝဒီခန္ဓာမှာ သံဝေဂယူပွါးများသော နောက်ဆုံးကြည့်သော အကြည့်ဖြင့် ကြည့်ရင်း.. လူထုပရိတ်သတ်ကြပ်ညပ်တိုးနေသဖြင့် ကားကိုတစ်ဘီးချင်းလှိမ့်၍ ဗိုလ်ချုပ်လမ်းအတိုင်း မပြန်နိုင်တော့ဘဲ သံတစ်ချောင်း(ဘေးလမ်း)မှ ပြန်ကြွခဲ့ရလေတော့သည်။



ဤသည်လျှင် ဂုဏ်ထူးစုံလင် တိုက်အမကြီး ဒေါ်သိန်းတင် ၏ တစ်ဘဝသံသရာကို နိဂုံးချုပ်လိုက်ပါတော့သည်။

**ဦးဝိစိတ္တစာရ**
(ဝိ-ဗာ၊ တိုက်အုပ်)
သက္ကရာဇ်-၁၃၄၆၊
ခရစ်နှစ်-၁၉၈၄

---

တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တစာရ (နောင် ဝိ-ဗာတိုက် ဒုတိယမြောက် ပဓာနနာယကဆရာတော်) ရေးသားပြုစုသော “ဗာရာဏသီဆရာတော်ဘုရားကြီး ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ မဟာထေရ်၏ ဘဝဖြစ်တော်စဉ်” စာအုပ်မှ တိုက်အစ်မကြီးဒေါ်သိန်းတင်၏ ဘဝဖြစ်စဉ်ကို ထုတ်နုတ်၍ မူရင်းအတိုင်း ပြန်လည်ပူဇော်သည်။

**စာတည်းအဖွဲ့**

## ၁၃၇၁–ခုနှစ်၊ ပြည်မြို့–နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ဝါဆိုသံဃာတော်(၁၄၃)ပါးစာရင်း

၁။ ဘုန်းတော်ကြီးဦးဓမ္မရသ
၂။ ပဓာနဆရာတော်ဦးနာဂဝံသ
၃။ စာချ/ဦးဟိတေသက
၄။ တိုက်အုပ်/ဦးနန္ဒောဘာသာဘိဝံသ
၅။ စာချ/ဦးပဝိတြသိရီ(ဓမ္မာစရိယ)
၆။ စာချ/ဦးထေရပ္ပိယ
၇။ စာချ/ဦးပဏ္ဍိတဝရ(ဓမ္မာစရိယ)
၈။ စာချ/ဦးသီတလာစာရ(ဓမ္မာစရိယ
၉။ စာချ/ဦးအဓိဘူ(ဓမ္မာစရိယ)
၁၀။ ဦးတေဇောဓန
၁၁။ စာချ၊ဆွမ်း/ဦးက္ကန္ဒက(ဓမ္မာစရိယ)
၁၂။ ဆွမ်း/ဦးအဂ္ဂဉာဏ
၁၃။ ဦးဉာဏုတ္တရ
၁၄။ ဆွမ်း/ဦးစန္ဒ
၁၅။ ဦးစန္ဒာတပ
၁၆။ ဦးဝါသဝိန္ဒ
၁၇။ စာချ၊ဆွမ်း/ဦးက္ကစ္ဆိတ(ဓမ္မာစရိယ)
၁၈။ ဦးကောသလ္လ
၁၉။ ဦးဉာဏဝရ
၂၀။ ဦးဇနာနန္ဒ
၂၁။ ဦးစန္ဒိမာ
၂၂။ ဦးက္ကန္ဒောဘာသ
၂၃။ ဦးတေဇဝန္တ
၂၄။ ဦးသုစိတ္တ
၂၅။ ဦးပညောဘာသ
၂၆။ ဦးဉာဏ
၂၇။ ဦးဓမ္မာဝုဓ
၂၈။ ဦးခေမာစာရ-က
၂၉။ ဦးဝေရောစန
၃၀။ ဦးဝိလာသ
၃၁။ ဦးပဏ္ဍိတ(က)
၃၂။ ဦးမာနိတ
၃၃။ ဦးကောဝိဒ
၃၄။ ဦးကုသလ-က
၃၅။ ဦးသောဘန
၃၆။ ဦးဝါယာမ-က
၃၇။ ဦးဝေပုလ္လ
၃၈။ ဦးသုန္ဒရ
၃၉။ ဦးသြဘာသ-က
၄၀။ ဦးသာသန-က
၄၁။ ဦးသုဇာတ
၄၂။ ဦးကုဝေရ
၄၃။ ဦးသုမင်္ဂလ
၄၄။ ဦးဂုဏာလင်္ကာရ
၄၅။ ဦးကေလာသ-က
၄၆။ ဦးဇောတိပါလ-က
၄၇။ ဦးခေမာစာရ-ခ
၄၈။ ဦးပညာစာရ
၄၉။ ဦးဇောတိပါလ-ခ
၅၀။ ဦးမင်္ဂလသာမိ
၅၁။ ဦးစန္ဒဝရ
၅၂။ ဦးဇိနဝရ
၅၃။ ဦးနန္ဒာစာရ-က
၅၄။ ဦးဉာဏိက
၅၅။ ဦးသီလာနန္ဒ
၅၆။ ဦးနန္ဒောဘာသ
၅၇။ ဦးပညာဒီပ
၅၈။ ဦးတေဇောဘာသ
၅၉။ ဦးဓမ္မိက
၆၀။ ဦးဉာဏဝံသ
၆၁။ ဦးနန္ဒာစာရ-ခ
၆၂။ ဦးဇဝန
၆၃။ ဦးအဂ္ဂဓမ္မ
၆၄။ ဦးဓမ္မသေန
၆၅။ ဦးဓမ္မပါလ
၆၆။ ဦးဇာဂရ
၆၇။ ဦးနန္ဒဝံသ
၆၈။ ဦးကုမာရ
၆၉။ ဦးပညာသီဟ
၇၀။ ဦးဝိစာရ
၇၁။ ဦးခေမာသိဝ
၇၂။ ဦးပညာနန္ဒ

## ၁၃၇၁–ခုနှစ်၊ ပြည်မြို့–နဝင်းရပ်၊ ဝိသုဒ္ဓါရုံမာရာဏသီတိုက်၊ ဝါဆိုသံဃာတော်(၁၄၃)ပါးစာရင်း

၇၃။ ဦးကေလာသ-ခ
၇၄။ ဦးက္ကန္ဒွောဘာသ
၇၅။ ဦးခေမိန္ဒ
၇၆။ ဦးသုမန
၇၇။ ဦးပဏ္ဍိတ-ခ
၇၈။ ဦးစန္ဒသိရီ
၇၉။ ဦးအာလောကဓမ္မ
၈၀။ ဦးပညာဝံသ
၈၁။ ဦးဝဏ္ဏသာမိ
၈၂။ ဦးသောဘိတ
၈၃။ ဦးပဏ္ဍိတ-ဂ
၈၄။ ဦးဝါသဝ
၈၅။ ဦးပညာဝရ
၈၆။ ဦးသာသန-ခ
၈၇။ ဦးပညာသာမိ
၈၈။ ဦးစိန္တာဝရ
၈၉။ ဦးဝါသေဋ္ဌ
၉၀။ ဦးစန္ဒာသိရီ
၉၁။ ဦးဝိနယ
၉၂။ ဦးဉာဏဓဇ
၉၃။ ဦးအဂ္ဂဉာဏ
၉၄။ ဦးကောသလ္လဓမ္မ
၉၅။ ဦးကုသလဓမ္မ
၉၆။ ဦးဝါယာမ-ခ
၉၇။ ဦးခေမာနန္ဒ
၉၈။ ဦးသူရဓဇ
၉၉။ ဦးကုသလ-ခ
၁၀၀။ ဦးတေဇဉာဏ
၁၀၁။ ဦးဥက္ကံသ
၁၀၂။ ဦးဇာနေယျ
၁၀၃။ ဦးကေသရ
၁၀၄။ ဦးသြဘာသ-ခ
၁၀၅။ ဦးသိရီဓမ္မ
၁၀၆။ ဦးကုမာရ
၁၀၇။ ဦးဇောတိပါလ-ဂ
၁၀၈။ ရှင်ကောသလ္လ
၁၀၉။ ရှင်စန္ဒသိရီ
၁၁၀။ ရှင်ကဥ္စန
၁၁၁။ ရှင်ဝိသိဋ္ဌာနန္ဒ
၁၁၂။ ရှင်တေဇိသာရ
၁၁၃။ ရှင်ဝိဒူရ
၁၁၄။ ရှင်ကဝိသီဟ
၁၁၅။ ရှင်ဇဝနဉာဏ
၁၁၆။ ရှင်ဝိဇ္ဇောတ
၁၁၇။ ရှင်သံယမာစာရ
၁၁၈။ ရှင်သောဘာနန္ဒ
၁၁၉။ ရှင်ဉာဏိက
၁၂၀။ ရှင်သုဇာတ
၁၂၁။ ရှင်ဝိမလာနန္ဒ
၁၂၂။ ရှင်ကဝိသေဋ္ဌ
၁၂၃။ ရှင်သုမနာနန္ဒ
၁၂၄။ ရှင်ပညာဗလ
၁၂၅။ ရှင်ကောဝိဒ
၁၂၆။ ရှင်ကောသလ္လ-ခ
၁၂၇။ ရှင်တေဇာနန္ဒ
၁၂၈။ ရှင်ကလျာဏ
၁၂၉။ ရှင်သုစိတ္တာနန္ဒ
၁၃၀။ ရှင်သုဘောဂ
၁၃၁။ ရှင်သုစိတ္တ
၁၃၂။ ရှင်သောဘိတ
၁၃၃။ ရှင်နန္ဒသိရီ
၁၃၄။ ရှင်သုစရိတ
၁၃၅။ ရှင်အဂ္ဂါစာရ
၁၃၆။ ရှင်ကိတ္တိဇယ
၁၃၇။ ရှင်သံဝရ
၁၃၈။ ရှင်ပဏ္ဍိတပ္ပိယ
၁၃၉။ ရှင်ဝဏ္ဏိတ
၁၄၀။ ရှင်ဝိမလဓမ္မ
၁၄၁။ ရှင်ခေမာဝံသ
၁၄၂။ ရှင်ထေရဝံသ
၁၄၃။ ရှင်ဆန္ဒာဓိက

## ၁၃၂၁–ခုနှစ်မှ ၁၃၇၁–ခုနှစ်အထိ ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံမာရာဏသီတိုက်၌ ဝါဆိုဝါကပ်တော်မူကြသောသံဃာတော်များနှင့် ကျောင်းသားစာရင်း

| စဉ် | ခုနှစ် | ရဟန်း | သာမဏေ | စုစုပေါင်း | ကျောင်းသား |
|---|---|---|---|---|---|
| ၁။ | ၁၃၂၁ | ၁၇ | ၁၁ | ၂၈ | ၅ |
| ၂။ | ၁၃၂၂ | ၁၄ | ၂၂ | ၃၆ | ၁၅ |
| ၃။ | ၁၃၂၃ | ၁၅ | ၃၁ | ၄၆ | ၂၀ |
| ၄။ | ၁၃၂၄ | ၁၃ | ၃၄ | ၄၇ | ၂၆ |
| ၅။ | ၁၃၂၅ | ၁၄ | ၄၁ | ၅၅ | ၃၀ |
| ၆။ | ၁၃၂၆ | ၁၆ | ၃၈ | ၅၄ | ၃၆ |
| ၇။ | ၁၃၂၇ | ၁၂ | ၄၁ | ၅၃ | ၂၆ |
| ၈။ | ၁၃၂၈ | ၁၈ | ၃၉ | ၅၇ | ၃၂ |
| ၉။ | ၁၃၂၉ | ၁၈ | ၄၃ | ၆၁ | ၃၉ |
| ၁၀။ | ၁၃၃၀ | ၂၇ | ၄၀ | ၆၇ | ၂၉ |
| ၁၁။ | ၁၃၃၁ | ၂၅ | ၅၂ | ၇၇ | ၃၉ |
| ၁၂။ | ၁၃၃၂ | ၂၆ | ၄၂ | ၆၈ | ၂၆ |
| ၁၃။ | ၁၃၃၃ | ၂၇ | ၄၇ | ၂၄ | ၃၄ |
| ၁၄။ | ၁၃၃၄ | ၉၂ | ၆၅ | ၉၄ | ၄၈ |
| ၁၅။ | ၁၃၃၅ | ၃၃ | ၅၁ | ၈၄ | ၄၀ |
| ၁၆။ | ၁၃၃၆ | ၃၅ | ၅၀ | ၈၅ | ၃၇ |
| ၁၇။ | ၁၃၃၇ | ၂၃ | ၅၇ | ၈၀ | ၃၀ |
| ၁၈။ | ၁၃၃၈ | ၂၇ | ၅၄ | ၈၁ | ၃၃ |
| ၁၉။ | ၁၃၃၉ | ၃၀ | ၆၀ | ၉၀ | ၂၅ |
| ၂၀။ | ၁၃၄၀ | ၂၉ | ၅၀ | ၇၉ | ၂၂ |
| ၂၁။ | ၁၃၄၁ | ၃၈ | ၆၇ | ၁၀၅ | ၃၀ |
| ၂၂။ | ၁၃၄၂ | ၃၉ | ၆၀ | ၉၉ | ၃၄ |
| ၂၃။ | ၁၃၄၃ | ၄၅ | ၇၃ | ၁၁၈ | ၃၇ |
| ၂၄။ | ၁၃၄၄ | ၃၄ | ၆၇ | ၁၀၁ | ၂၀ |
| ၂၅။ | ၁၃၄၅ | ၃၃ | ၅၀ | ၈၃ | ၂၀ |
| ၂၆။ | ၁၃၄၆ | ၃၅ | ၅၅ | ၉၀ | ၁၇ |

## ၁၃၂၀–ခုနှစ်မှ ၁၃၇၀–ခုနှစ်အထိ
## ပြည်မြို့၊ နဝင်းရပ်၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၌
## ဝါဆိုဝါကပ်တော်မူကြသောသံဃာတော်များနှင့်
## ကျောင်းသားစာရင်း

| စဉ် | ခုနှစ် | ရဟန်း | သာမဏေ | စုစုပေါင်း | ကျောင်းသား |
|---|---|---|---|---|---|
| ၂၇။ | ၁၃၄၇ | ၄၀ | ၅၁ | ၉၁ | ၁၆ |
| ၂၈။ | ၁၃၄၈ | ၂၄ | ၄၉ | ၂၃ | ၁၄ |
| ၂၉။ | ၁၃၄၉ | ၃၄ | ၅၅ | ၈၉ | ၁၀ |
| ၃၀။ | ၁၃၅၀ | ၃၃ | ၄၄ | ၇၇ | ၇ |
| ၃၁။ | ၁၃၅၁ | ၃၂ | ၄၄ | ၇၆ | ၂၆ |
| ၃၂။ | ၁၃၅၂ | ၃၃ | ၃၈ | ၇၁ | ၁၇ |
| ၃၃။ | ၁၃၅၃ | ၂၆ | ၃၇ | ၆၃ | ၁၈ |
| ၃၄။ | **၁၃၅၄** | ၂၇ | ၄၄ | ၇၁ | ၈ |
| ၃၅။ | **၁၃၅၅** | ၁၄ | ၂၈ | ၄၁ | ၇ |
| ၃၆။ | **၁၃၅၆** | ၂၄ | ၂၅ | ၄၉ | ၁၀ |
| ၃၇။ | **၁၃၅၇** | ၂၉ | ၃၆ | ၆၈ | ၁၀ |
| ၃၈။ | **၁၃၅၈** | ၃၂ | ၃၆ | ၆၈ | ၈ |
| ၃၉။ | **၁၃၅၉** | ၃၀ | ၄၂ | ၇၂ | ၉ |
| ၄၀။ | ၁၃၆၀ | ၂၉ | ၄၄ | ၇၃ | ၉ |
| ၄၁။ | ၁၃၆၁ | ၂၆ | ၅၀ | ၇၆ | ၉ |
| ၄၂။ | ၁၃၆၂ | ၄၆ | ၅၇ | ၁၀၃ | ၁၀ |
| ၄၃။ | ၁၃၆၃ | ၅၄ | ၇၇ | ၁၃၁ | ၁၂ |
| ၄၄။ | ၁၃၆၄ | ၆၄ | ၉၅ | ၁၅၉ | ၁၈ |
| ၄၅။ | ၁၃၆၅ | ၆၃ | ၉၂ | ၁၅၅ | ၁၀ |
| ၄၆။ | ၁၃၆၆ | ၇၇ | ၈၆ | ၁၆၃ | ၁၀ |
| ၄၇။ | ၁၃၆၇ | ၇၃ | ၇၂ | ၁၄၅ | ၉ |
| ၄၈။ | ၁၃၆၈ | ၇၇ | ၈၂ | ၁၅၉ | ၄ |
| ၄၉။ | ၁၃၆၉ | ၆၆ | ၆၆ | ၁၃၂ | ၆ |
| ၅၀။ | ၁၃၇၀ | ၈၄ | ၃၈ | ၁၂၂ | ၇ |
| ၅၁။ | ၁၃၇၁ | ၁၀၇ | ၃၆ | ၁၄၃ | ၇ |
| | စုစုပေါင်း | ၁၈၁၆ | ၂၅၆၄ | ၄၃၈၀ | ၁၀၂၀ |

# ပြည်မြို့–ဝိသုဒ္ဓါရုံဗာရာဏာသီတိုက် အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ နှစ်(၅၀)ပရိယတ္တိအခြေပြဇယား

| စဉ် | ခုနှစ် | ဓမ္မာစရိယ | | ပထမကြီး | ပထမလတ် | ပထမငယ် | အခြေပြု |
|---|---|---|---|---|---|---|---|
| | | ကျမ်းပြီး | ကျမ်းစွဲ | | | | |
| ၁။ | ၁၃၂၁ (၁၉၆၀) | | ၁ | | ၁ | ၁ | |
| ၂။ | ၁၃၂၂ (၁၉၆၁) | ၁ | | ၁ | ၁ | ၁ | |
| ၃။ | ၁၃၂၃ (၁၉၆၂) | | | ၄ | ၁ | ၁ | |
| ၄။ | ၁၃၂၄ (၁၉၆၃) | ၁ | | | ၂ | ၆ | |
| ၅။ | ၁၃၂၅ (၁၉၆၄) | | ၃ | | ၄ | ၃ | |
| ၆။ | ၁၃၂၆ (၁၉၆၅) | | ၁ | ၂ | ၄ | ၂ | |
| ၇။ | ၁၃၂၇ (၁၉၆၆) | | | | | ၁ | |
| ၈။ | ၁၃၂၈ (၁၉၆၇) | ၁ | ၁ | | | ၄ | |
| ၉။ | ၁၃၂၉ (၁၉၆၈) | ၁ | | ၁ | ၃ | ၁၀ | |
| ၁၀။ | ၁၃၃၀ (၁၉၆၉) | | | | ၅ | ၄ | |
| ၁၁။ | ၁၃၃၁ (၁၉၇၀) | | ၁ | ၁ | ၆ | ၁၀ | |
| ၁၂။ | ၁၃၃၂ (၁၉၇၁) | ၁ | ၁ | ၃ | ၂ | ၄ | |
| ၁၃။ | ၁၃၃၃ (၁၉၇၂) | ၁ | | ၁ | ၄ | ၁၃ | |
| ၁၄။ | ၁၃၃၄ (၁၉၇၃) | | | ၂ | ၃ | ၈ | |
| ၁၅။ | ၁၃၃၅ (၁၉၇၄) | | ၁ | ၂ | ၃ | ၆ | |
| ၁၆။ | ၁၃၃၆ (၁၉၇၅) | | | ၁ | ၁ | ၆ | |
| ၁၇။ | ၁၃၃၇ (၁၉၇၆) | | | | ၁ | ၃ | |
| ၁၈။ | ၁၃၃၈ (၁၉၇၇) | | ၁ | ၁ | ၂ | ၉ | |
| ၁၉။ | ၁၃၃၉ (၁၉၇၈) | ၁ | ၄ | ၄ | ၄ | ၃ | |
| ၂၀။ | ၁၃၄၀ (၁၉၇၉) | ၂ | ၃ | ၂ | ၁၁ | ၆ | |
| ၂၁။ | ၁၃၄၁ (၁၉၈၀) | | | ၇ | ၃ | ၂ | |
| ၂၂။ | ၁၃၄၂ (၁၉၈၁) | ၁ | | | ၁ | ၃ | |
| ၂၃။ | ၁၃၄၃ (၁၉၈၂) | | | ၂ | ၇ | ၁၉ | |
| ၂၄။ | ၁၃၄၄ (၁၉၈၃) | | ၄ | | ၁၇ | ၅ | |
| ၂၅။ | ၁၃၄၅ (၁၉၈၄) | | | | ၁ | ၇ | |
| ၂၆။ | ၁၃၄၆ (၁၉၈၅) | | | | ၂ | ၄ | ၁၀ |
| ၂၇။ | ၁၃၄၇ (၁၉၈၆) | | | | | ၂ | ၁၁ |

# ပြည်မြို့-ဝိသုဒ္ဓါရုံဗာရာဏသီတိုက် အစိုးရ ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ နှစ်(၅၀)ပရိယတ္တိအခြေပြဇယား(အဆက်)

| စဉ် | ခုနှစ် | ဓမ္မာစရိယ | | ပထမကြီး | ပထမလတ် | ပထမငယ် | အခြေပြု |
|---|---|---|---|---|---|---|---|
| | | ကျမ်းပြီး | ကျမ်းစွဲ | | | | |
| ၂၈။ | ၁၃၄၈ (၁၉၈၇) | | | | | ၈ | ၈ |
| ၂၉။ | ၁၃၅၀ (၁၉၈၈) | | | | | ၈ | ၉ |
| ၃၀။ | ၁၃၅၀ (၁၉၈၉) | | | | ၂ | | ၈ |
| ၃၁။ | ၁၃၅၁ (၁၉၉၀) | | | ၁ | ၂ | ၁၃ | ၇ |
| ၃၂။ | ၁၃၅၂ (၁၉၉၁) | | ၁ | ၁ | | ၁ | |
| ၃၃။ | ၁၃၅၃ (၁၉၉၂) | | | | ၃ | ၃ | ၁၀ |
| ၃၄။ | ၁၃၅၄ (၁၉၉၃) | | | | | ၂ | ၁ |
| ၃၅။ | ၁၃၅၅ (၁၉၉၄) | | | | | ၃ | ၃ |
| ၃၆။ | ၁၃၅၆ (၁၉၉၅) | | | | ၄ | ၆ | ၁ |
| ၃၇။ | ၁၃၅၇ (၁၉၉၆) | | | | ၂ | ၁ | ၅ |
| ၃၈။ | ၁၃၅၈ (၁၉၉၇) | ဤနှစ်စာမေးပွဲနားသည် | | | | | |
| ၃၉။ | ၁၃၅၉ (၁၉၉၈) | | | ၂ | ၁ | ၄ | ၁၄ |
| ၄၀။ | ၁၃၆၀ (၁၉၉၉) | | | | ၈ | ၈ | ၃ |
| ၄၁။ | ၁၃၆၁ (၂၀၀၀) | | | ၅ | ၁၄ | ၆ | ၆ |
| ၄၂။ | ၁၃၆၂ (၂၀၀၁) | | | ၁၀ | ၆ | ၈ | ၁၀ |
| ၄၃။ | ၁၃၆၃ (၂၀၀၂) | | ၅ | ၇ | ၉ | ၇ | |
| ၄၄။ | ၁၃၆၄ (၂၀၀၃) | | ၁၀ | ၄ | ၂၆ | | |
| ၄၅။ | ၁၃၆၅ (၂၀၀၄) | | ၁ | ၃ | ၁၄ | ၁၄ | |
| ၄၆။ | ၁၃၆၆ (၂၀၀၅) | ၁ | | ၁၆ | ၁၃ | ၆ | |
| ၄၇။ | ၁၃၆၇ (၂၀၀၆) | ၁ | ၄ | ၁၅ | ၈ | ၁၃ | |
| ၄၈။ | ၁၃၆၈ (၂၀၀၇) | ၂ | | ၁၄ | ၁၅ | ၁၅ | |
| ၄၉။ | ၁၃၆၉ (၂၀၀၈) | ၃ | ၁၅ | ၉ | ၁၄ | ၈ | |
| ၅၀။ | ၁၃၇၀ (၂၀၀၉) | ၂ | ၆ | ၁၁ | ၁၀ | ၃ | |
| ပေါင်း | | ၁၉ | ၅၃ | ၁၃၈ | ၂၁၈ | ၃၀၆ | ၁၀၆ |

နှစ်စဉ်စာအောင်သံယာစာရင်းရရှိစေရန် ဆောင်ရွက်ထားရှိသော ဒုတိယဗာရာဏသီဆရာတော်နှင့်- ဦးအမရိန္ဒ၊ ဦးအဓိဘူ(ဓမ္မာစရိယ)တို့အား အထူးကျေးဇူးတင်ရှိပါသည်။

**စာတည်းအဖွဲ့**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ အဆက်ဆက် ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်မှ ၁၃၂၁–မှ–၁၃၇၁ ခုနှစ်အတွင်း သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် အလှူခံရရှိသော ဆရာတော်များ

| စဉ် | ခုနှစ် | ဘွဲ့တော် | အသက် | သိက္ခာ | ရရှိသောဘွဲ့ |
|---|---|---|---|---|---|
| ၁။ | ၁၃၄၂ (၁၉၈၁) | ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ<br>(ပထမ ဗာရာဏသီဆရာတော်) | ၇၈ | ၅၈ | အဂ္ဂမဟာပဏ္ဍိတ |
| ၂။ | ၁၃၅၂ (၁၉၉၁) | ဘဒ္ဒန္တအာနန္ဒပဏ္ဍိတာဘိဝံသ<br>(ပထမ ဗာရာဏသီဆရာတော်) | ၈၈ | ၆၈ | အဘိဓဇမဟာရဋ္ဌဂုရု |
| ၃။ | ၁၃၅၄ (၁၉၉၃) | ဘဒ္ဒန္တဝိစိတ္တစာရ<br>(ဒုတိယ ဗာရာဏသီဆရာတော်) | ၆၃ | ၄၃ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ |
| ၄။ | ၁၃၅၉ (၁၉၉၈) | ဘဒ္ဒန္တဝိစိတ္တစာရ<br>(ဒုတိယ ဗာရာဏသီဆရာတော်) | ၆၈ | ၄၈ | အဂ္ဂမဟာပဏ္ဍိတ |
| ၅။ | ၁၃၆၁ (၂၀၀၀) | ဘဒ္ဒန္တဓမ္မရသ | ၇၇ | ၅၄ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ |
| ၆။ | ၁၃၆၄ (၂၀၀၃) | ဘဒ္ဒန္တနာဂဝံသ<br>(တတိယ ဗာရာဏသီဆရာတော်) | ၆၉ | ၄၉ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ |
| ၇။ | ၁၃၆၄(၂၀၀၃) | ဘဒ္ဒန္တဟိတေသက | ၆၁ | ၄၁ | အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ |
| ၈။ | ၁၃၆၅ (၂၀၀၄) | ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ<br>(တိုက်အုပ်ဆရာတော်) | ၅၅ | ၃၅ | အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ |
| ၉။ | ၁၃၆၇ (၂၀၀၆) | ဘဒ္ဒန္တပဝိတြသိရီ | ၅၅ | ၃၅ | မဟာဂန္ထဝါစကပဏ္ဍိတ |
| ၁၀။ | ၁၃၆၈ (၂၀၀၇) | ဘဒ္ဒန္တသြဘာသ | ၇၁ | ၅၁ | မဟာသဒ္ဓမ္မဇောတိကဓဇ |
| ၁၁။ | ၁၃၆၉ (၂၀၀၈) | ဘဒ္ဒန္တနာဂဝံသ<br>(တတိယ ဗာရာဏသီဆရာတော်) | ၇၄ | ၅၄ | အဂ္ဂမဟာပဏ္ဍိတ |
| ၁၂။ | ၁၃၆၉ (၂၀၀၈) | ဘဒ္ဒန္တထေရပ္ပိယ | ၅၆ | ၃၆ | ဂန္ထဝါစကပဏ္ဍိတ |
| ၁၃။ | ၁၃၇၁ (၂၀၁၀) | ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ<br>(တိုက်အုပ်ဆရာတော်) | ၆၂ | ၄၂ | အဂ္ဂမဟာပဏ္ဍိတ |

# ပြည်မြို့-ဝိသုဒ္ဓါရုံဗာရာဏသီတိုက်
# နှစ်ငါးဆယ်ပြည့် ရွှေရတုပွဲတော်ဖြစ်မြောက်ရေးအတွက်
# အဖွဲ့အစည်းများဖွဲ့စည်းခြင်း

-----------

(က) ပထမအကြိမ်အကြိုအစည်းအဝေး။ ၁၃၇၀-ခု၊ တပို့တွဲလပြည့်ကျော်(၃)ရက်နေ့၊

(ခ) ဒုတိယအကြိမ်အစည်းအဝေး။ ၁၃၇၁-ခု၊ ကဆုန်လပြည့်ကျော်(၈)ရက်နေ့၊

(ဂ) တတိယအကြိမ်အစည်းအဝေး။ ၁၃၇၁-ခု၊ ဝါဆိုလဆန်း(၅)ရက်နေ့တို့တွင် မိခင်တိုက်တာ၏ "မနောရဋ္ဌိတဓမ္မသာလာ"၌ ပြည်၊ မကွေး၊ အောင်လံ၊ ရန်ကုန်၊ ဥက္ကံ၊ နတ္တလင်း၊ ရွှေတောင်၊ ပေါက်ခေါင်း၊ ရေစကြို၊ စစ်ကိုင်း၊ မန္တလေး၊ ကျိုက်မရော၊ တောင်တွင်းကြီးစသည်ရှိ မြို့နယ် ကျောင်းကုန် တပည့်ပေါင်းစုံများနှင့်တိုင်း-ခရိုင် မြို့နယ် အဆင့်ရှိဌာနဆိုင်ရာများ၊ မြို့ပေါ်ရှိကုန်သည်ပွဲစား မြို့မိ-မြို့ဖများ၊ ဂေါပကလူကြီးများနှင့်စုဝေးဆွေးနွေးကြ၍ အောက်ပါတို့ကို ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

## ဆုံးဖြတ်ချက်

၁။ သံဃာတော်များဆိုင်ရာ လုပ်ငန်းပိုင်း အဖွဲ့အစည်းများဖွဲ့စည်းရန်၊

၂။ လူပုဂ္ဂိုလ်များ အသီးသီးကော်မတီဖွဲ့စည်းရန်၊

၃။ ရွှေရတုပွဲတော်ရက်ကို တပို့တွဲလဆန်း(၁၄)ရက် ဟုအတည်ပြုသတ်မှတ်ရန်၊

၃။ ရွှေရတုပွဲတော်သို့ ဝိ-ဗာဝံသတပည့်များအားလုံး ပင့်ဘိတ်ရန်၊

၄။ ဝိ-ဗာဝံသ တပည့်များစေတနာအလျောက် ဝမ်းမြောက်ရွှင်လန်း အလှူတော်ငွေများထည့်ဝင်လှူဒါန်းကြရန်၊

၅။ ကျောင်းတိုက်ဖြစ်စဉ်သမိုင်းရေးသား၍ ကျောက်စာမော်ကွန်းတိုက်တည်ဆောက်ရန်၊

၆။ ယခင်ရှိ မူလပျဉ်ကျောင်းဟောင်းကိုဖျက်၍ အမှတ်တရရွှေရတုကျောင်းဆောင်သစ်တည်ဆောက်ရန်၊

၇။ နှစ်ငါးဆယ်ရွှေရတုစာစောင် မဂ္ဂဇင်းထုတ်ဝေရန်။

## မှတ်တမ်းတင်ခြင်း

အထက်ပါလုပ်ငန်းစဉ်ကိစ္စရပ်များအပြီးသတ်အောင်မြင်ရန် ထိုင်းနိုင်ငံ၊ လမ်းပန်းမြို့၊ ဝပ်ထမအိုကျောင်း ဘဒ္ဒန္တဂန္ဓသာရာဘိဝံသ(စ-အ၊ ဓမ္မာစရိယ၊ ပါဠိပါရဂူ)က-မ,တည်အလှူငွေ ဘတ်ငွေ (၂) သိန်းကိုလည်းကောင်း၊ ပြည်မြို့ လမ်းရှည်လမ်းနေဦးခင်မောင်အေး+ဒေါ်စန်းကြည်မိသားစုမှရွှေရတုကျောင်းဆောင်ဆောက်လုပ်ရန် မ,တည် အလှူငွေသိန်း (၅၀)ကိုလည်းကောင်း၊ ဆွမ်းအလှူရှင်များကိုလည်းကောင်း ဝမ်းသာရွှင်မြူး ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။

## ၁။ရွှေရတုပွဲ-ဩဝါဒါစရိယဆရာတော်ကြီးများ

၁။ ဘဒ္ဒန္တဓမ္မရသ (သက်တော်ရှည်-ဘုန်းတော်ကြီး)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့

၂။ ဘဒ္ဒန္တနာဂဝံသ(ပဓာနနာယက)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့

၃။ ဘဒ္ဒန္တဇာနေယျ၊ အလယ်ရွာကျောင်း၊ အောင်လံမြို့။

၄။ ဘဒ္ဒန္တကေသရ၊ ဇိန့်ရွှေကျင်ကျောင်း၊ အောင်လံမြို့။

၅။ ဘဒ္ဒန္တက္ကန္ဒောသာသ၊ ဝိသုဒ္ဓါရုံသာသနာပြုကျောင်း၊ အောင်လံမြို့

၆။ ဘဒ္ဒန္တဓမ္မသာရ၊ လှည်းကားယားကျောင်း၊ အောင်လံမြို့။

၇။ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ၊ ရတနာဂုဏ်မြင့်ကျောင်း၊ တောင်ငူမြို့။

၈။ ဘဒ္ဒန္တကောဏ္ဍည၊ သခွတ်ပင်လယ်-တောင်ကျောင်း၊ အရာတော်မြို့။

၉။ ဘဒ္ဒန္တရာဇိန္ဒ၊ သခွတ်ပင်လယ်-မြောက်ကျောင်း၊ အရာတော်မြို့။
၁၀။ ဘဒ္ဒန္တအဘယာလင်္ကာရ၊ တိသရဏဝိဟာရကျောင်း၊ လန်ဒန်မြို့၊ အင်္ဂလန်နိုင်ငံ။
၁၁။ ဘဒ္ဒန္တဇနိန္ဒပ္ပိယ၊ ဗောဓိရိပ်သာကျောင်း၊ ပဲခူးမြို့။
၁၂။ ဘဒ္ဒန္တသီလာနန္ဒ၊ နာဠာဂီရိတောရ၊ ပြည်မြို့။
၁၃။ ဘဒ္ဒန္တဂုရုပ္ပိယ၊ မြင်းဖြူအင်းကျောင်းတိုက်၊ တောင်ငူမြို့။
၁၄။ ဘဒ္ဒန္တဝီရိယဒ္ဓဇ၊ ဗောဓိမဏ္ဍိုင်ပရိယတ္တိစာသင်တိုက်၊ ပခုက္ကူမြို့။
၁၅။ ဘဒ္ဒန္တအာသဘာစာရ၊ မင်္ဂလာရာမဝိဟာရကျောင်း၊ အမေရိကန်နိုင်ငံ
၁၆။ ဘဒ္ဒန္တနန္ဒိယ၊ ရွှေကြာတင်ကျောင်း၊ ရွှေတောင်မြို့။
၁၇။ ဘဒ္ဒန္တသြဘာသ၊ မဟာစည်ရိပ်သာ၊ ရွှေတောင်မြို့။
၁၈။ ဘဒ္ဒန္တစန္ဒောဘာသ၊ စိန်ပန်းရစ်သာသနာ့ရိပ်သာ၊ မကွေးမြို့။
၁၉။ ဘဒ္ဒန္တကုလာနန္ဒ၊ ဓမ္မပီတိတောရ၊ ပြည်မြို့။
၂၀။ ဘဒ္ဒန္တဥစ္စာနန္ဒ၊ တံတားဦးကျောင်း၊ လယ်ဝေးမြို့။
၂၁။ ဘဒ္ဒန္တဉာဏာလောက၊ တေဇရုံသီကျောင်းတိုက်၊ ရန်ကုန်မြို့။
၂၂။ ဘဒ္ဒန္တစန္ဒပ္ပိယ၊ ယင်းတိုက်ကွင်းကျောင်းတိုက်၊ ရွှေတောင်မြို့။
၂၃။ ဘဒ္ဒန္တဝဇီရပါဏိ၊ မဟာစည်ရိပ်သာ၊ အတ္တရံမြို့သစ်၊ ကျိုက်မရောမြို့။
၂၄။ ဘဒ္ဒန္တအဇ္ဇဝိစာရ၊ လုံဟောကျောင်း၊ ဂန့်ဂေါမြို့။
၂၅။ ဘဒ္ဒန္တဉာဏိန္ဒြိယ၊ ဇာဟောတောင်ကျောင်း၊ ဂန့်ဂေါမြို့။
၂၆။ ဘဒ္ဒန္တအမရိန္ဒ၊ ဇာဟောတောင်ကျောင်း၊ ဂန့်ဂေါမြို့။
၂၇။ ဘဒ္ဒန္တပညာဗလ၊ ဆင်ကျွန်းရွာကျောင်း၊ မိုးညို။
၂၈။ ဘဒ္ဒန္တကန္တာစာရ၊ ကံပိုင်မဟာဝိရကျောင်း၊ တောင်ကုတ်မြို့၊
၂၉။ ဘဒ္ဒန္တပဒုမာနန္ဒ၊ ဖားအောက်တောရတိုက်ခွဲ၊ ဘားအံမြို့၊

## ၂။ရွှေရတုပွဲ နာယကဆရာတော်များ။

၁။ ဘဒ္ဒန္တနာဂဝံသ(ပဓာနနာယက)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။
၂။ ဘဒ္ဒန္တဝံသပါလ၊ ကန်ဦးကျောင်း၊ ကံပြားရွာ၊ ဒီပဲယင်းမြို့
၃။ ဘဒ္ဒန္တဥဂ္ဂပဏ္ဍိတ၊ ပန်းပုရွာကျောင်း၊ ဒီပဲယင်းမြို့
၄။ ဘဒ္ဒန္တနန္ဒောဘာသ၊ သိမ္မာရွာကျောင်း၊ ဒီပဲယင်းမြို့
၅။ ဘဒ္ဒန္တကန္တာစာရ၊ ထောက်ကြံ့တိုင်းရွာသစ်၊ အောင်လံမြို့
၆။ ဘဒ္ဒန္တဂန္ဓသာရဘိဝံသ၊ ဝပ်ထမအိုးကျောင်း၊ ထိုင်းနိုင်ငံ။
၇။ ဘဒ္ဒန္တကုလသေဋ္ဌ၊ ရေပြည့်ကျောင်း၊ အောင်လံမြို့
၈။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ဓမ္မာလင်္ကာရကျောင်း၊ အောင်လံမြို့
၉။ ဘဒ္ဒန္တနန္ဒမာလာ၊ စီရွာကျောင်း၊ အောင်လံမြို့
၁၀။ ဘဒ္ဒန္တမာနိတာစာရ ၊ သာသနာ့အောင်မြေကျောင်း၊ မင်းဘူးမြို့။
၁၁။ ဘဒ္ဒန္တတေဇာနန္ဒ၊ ဝိသုဒ္ဓါရုံမြို့ထောင့်ကျောင်း၊ တောင်ငူမြို့။
၁၂။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဝိသုဒ္ဓါရုံသိမ်ဦးကျောင်း၊ တောင်ငူမြို့
၁၃။ ဘဒ္ဒန္တစိန္တာမယ၊ ရွှေလဝင်းကျောင်း၊ ဖူလုံရွာ၊ ရေစကြိုမြို့

## ၃။ရွှေရတုပွဲ တမ္ဗကာရက ဝန်ဆောင်ဆရာတော်များ

| | | |
|---|---|---|
| ၁။ | ဘဒ္ဒန္တနန္ဒောဘာ**သာဘိဝံသ(**တိုက်အုပ်)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။ | ဥက္ကဋ္ဌ |
| ၂။ | ဘဒ္ဒန္တဟိတေသက**(စာချ)၊ ဝိ**သုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။ | ဒု-ဥက္ကဋ္ဌ |
| ၃။ | ဘဒ္ဒန္တပဝိတြသိရီ(စာချ)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။ | ဒု-ဥက္ကဋ္ဌ |
| ၄။ | ဘဒ္ဒန္တထေရပ္ပိယ(စာချ)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။ | အကျိုးတော်ဆောင် |
| ၅။ | ဘဒ္ဒန္တသီတလာစာရ(စာချ)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။ | တွဲဘက်အကျိုးတော်ဆောင် |
| ၆။ | ဘဒ္ဒန္တအမတောဘာသ(တိုက်အုပ်) ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ရန်ကုန်။ | တွဲဘက်အကျိုးတော်ဆောင် |
| ၇။ | ဘဒ္ဒန္တပဏ္ဍိတာနန္ဒ၊ ယဉ်ပေါင်စာတောရ၊ ပြည်မြို့။ | အဖွဲ့ဝင် |
| ၈။ | ဘဒ္ဒန္တဝိသုဒ္ဓါနန္ဒ၊ သုခါရာမကျောင်း၊ ပြည်မြို့။ | အဖွဲ့ဝင် |
| ၉။ | ဘဒ္ဒန္တပညာတပ၊ ရွှေကျင်ဂူတောရ၊ မကွေးမြို့။ | အဖွဲ့ဝင် |
| ၁၀။ | ဘဒ္ဒန္တဓမ္မာစာရ၊ ဇမ္ဗူအေးသာသနာ့ရိပ်သာ၊ မကွေးမြို့။ | အဖွဲ့ဝင် |
| ၁၁။ | ဘဒ္ဒန္တကုန္ဒာတပ၊ ရွှေပန်းတော-တောင်ပေါ်ကျောင်း၊ အောင်လံမြို့။ | အဖွဲ့ဝင် |
| ၁၂။ | ဘဒ္ဒန္တဝေရဇ္ဈ၊ ရွာသာကုန်ကုန်း၊ အောင်လံမြို့။ | အဖွဲ့ဝင် |
| ၁၃။ | ဘဒ္ဒန္တနန္ဒိယသရ၊ ရွာမထုံးကျောင်း၊ အောင်လံမြို့။ | အဖွဲ့ဝင် |
| ၁၄။ | ဘဒ္ဒန္တကိတ္တိဗလ၊ ညောင်နီရွာကျောင်း၊ သုံးခွမြို့။ | အဖွဲ့ဝင် |
| ၁၅။ | ဘဒ္ဒန္တခမာစာရ(စာချ)၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ရန်ကုန်။ | အဖွဲ့ဝင် |

## ၄။မော်ကွန်းကျောက်စာဖြစ်မြောက်ရေးအဖွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ | ဝိသုဒ္ဓါရုံဗာရာဏသီတိုက် | ပြည်မြို့ | ဥက္ကဋ္ဌ |
| ၂။ | ဘဒ္ဒန္တသိရီဟိတေသက | ။ | ။ | အဖွဲ့ဝင် |
| ၃။ | ဘဒ္ဒန္တထေရပ္ပိယ | ။ | ။ | အဖွဲ့ဝင် |
| ၄။ | ဘဒ္ဒန္တသီတလာစာရ | ။ | ။ | အဖွဲ့ဝင် |
| ၅။ | ဘဒ္ဒန္တဂန္ဓသာရာဘိဝံသ၊ ဝပ်ထမအိုကျောင်း၊ လန်းပန်းမြို့၊ ထိုင်းနိုင်ငံ | | | အဖွဲ့ဝင် |
| ၆။ | ဘဒ္ဒန္တအမတောဘာသ၊ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ရန်ကုန်မြို့ | | | အဖွဲ့ဝင် |
| ၇။ | ဘဒ္ဒန္တဝိသုဒ္ဓါနန္ဒ၊ သုခါရာမတောရ၊ ပြည်မြို့ | | | အဖွဲ့ဝင် |

## ၅။ရွှေရတုစာစောင်ဖြစ်မြောက်ရေးအဖွဲ့

| | | | | |
|---|---|---|---|---|
| ၁။ | ဘဒ္ဒန္တနန္ဒောဘာသာဘိဝံသ | ဝိသုဒ္ဓါရုံဗာရာဏသီတိုက် | ပြည်မြို့ | ဥက္ကဋ္ဌ |
| ၂။ | ဘဒ္ဒန္တထေရပ္ပိယ | ။ | ။ | အဖွဲ့ဝင် |
| ၃။ | ဘဒ္ဒန္တသီတလာစာရ | ။ | ။ | အဖွဲ့ဝင် |
| ၄။ | ဘဒ္ဒန္တဂန္ဓသာရာဘိဝံသ ဝပ်ထမအိုကျောင်း၊ လန်းပန်းမြို့၊ ထိုင်းနိုင်ငံ | | | အဖွဲ့ဝင် |
| ၅။ | ဘဒ္ဒန္တအမတောဘာသ ရှစ်မိုင်-မစိုးရိမ်ရွှေကျင်တိုက်သစ်၊ ရန်ကုန်မြို့ | | | အဖွဲ့ဝင် |
| ၆။ | ဘဒ္ဒန္တဇယိဿရ | ။ | ။ | အဖွဲ့ဝင် |
| ၇။ | ဘဒ္ဒန္တသောမရံသီ | ။ | ။ | အဖွဲ့ဝင် |
| ၈။ | ဘဒ္ဒန္တခမာစာရ | ။ | ။ | အဖွဲ့ဝင် |
| ၉။ | ဘဒ္ဒန္တတောသနိယဓမ္မ | ။ | ။ | အဖွဲ့ဝင် |
| ၁၀။ | ဘဒ္ဒန္တခေမသက (န. ပ. သ) မန္တလေးမြို့ | | | အဖွဲ့ဝင် |
| ၁၁။ | ဘဒ္ဒန္တစန္ဒဝရ (န. ပ. သ) ရန်ကုန်မြို့ | | | အဖွဲ့ဝင် |

၁၂။ ဘဒ္ဒန္တနရိန္ဒ (န. ပ. သ) ရန်ကုန်မြို့ အဖွဲ့ဝင်
၁၃။ ဘဒ္ဒန္တရာဇိန္ဒ(ရဝေနွယ်-အင်းမ)၊ ဓမ္မရဝေတောရစ်ကျောင်း၊ သက်နှင်းကျွန်းကြီး အဖွဲ့ဝင်
၁၄။ ဘဒ္ဒန္တကိတ္တိဃောသ(တာရာမျိုး)၊ ဓမ္မရက္ခိတကျောင်း၊ ရန်ကုန်မြို့ အဖွဲ့ဝင်
၁၅။ ဘဒ္ဒန္တစန္ဒဝရ(ကိုကင်း)၊ ငွေတောင်ဦးပရိယတ္တိစာသင်တိုက်၊ ပုသိမ်ကြီးမြို့ အဖွဲ့ဝင်
၁၆။ ဦးသိန်းအောင်၊ ဗာရာဏသီ (ညွန်မှူး-ငြိမ်း)၊ ရန်ကုန်မြို့ အဖွဲ့ဝင်

## ၆။ဘဏ္ဍာရေးအဖွဲ့

၁။ ဘဒ္ဒန္တသိရီဟိတေသက၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက် ပြည်မြို့
၂။ ဘဒ္ဒန္တထေရပ္ပိယ၊ ။ ။
၃။ ဘဒ္ဒန္တသီတလာစာရ၊ ။ ။

## ၇။ရွှေရတုပွဲ ဝန်ဆောင်ဆရာတော်များ

၁။ ဘဒ္ဒန္တသုဇနပ္ပိယ၊ မေတ္တာနန္ဒဝိဟာရကျောင်း၊ ပီနန်မြို့မလေးရှား
၂။ ဘဒ္ဒန္တပဏ္ဍိတဝရ(စာချ)၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ ပြည်မြို့။
၃။ ဘဒ္ဒန္တအဓိဘူ(စာချ)၊ ။ ။
၄။ ဘဒ္ဒန္တကုန္ဒက(စာချ)၊ ။ ။
၅။ ဘဒ္ဒန္တအဂ္ဂဉာဏ(စာချ)၊ ။ ။
၆။ ဘဒ္ဒန္တကုစ္ဆိတ(စာချ)၊ ။ ။
၇။ ဘဒ္ဒန္တစန္ဒ ။ ။
၈။ ဘဒ္ဒန္တသုန္ဒရာဓိပတိ၊ အောင်မြင်ဗာဟုရွှေကျင်တောရ၊ ပြည်မြို့
၉။ ဘဒ္ဒန္တပဏ္ဍိတပ္ပိယ၊ ဂန္ဓမြိုင်တောရ၊ ပြည်မြို့။
၁၀။ ဘဒ္ဒန္တမဟိန္ဒ၊ မဂ္ဂင်တောရ၊ ပြည်မြို့
၁၁။ ဘဒ္ဒခန္တီစာရ(စာချ)၊ ရတနာပါဒကျောင်း၊ ပြည်မြို့။
၁၂။ ဘဒ္ဒန္တဝါယာမာနန္ဒ၊ သံတောင်ကျောင်း၊ ပြည်မြို့
၁၃။ ဘဒ္ဒန္တပဏ္ဍိတ၊ အေးကျောင်း၊ ပြည်မြို့
၁၄။ ဘဒ္ဒန္တပဏ္ဍိတာစာရ၊ မဟာဓမ္မိကာရာမတောရ၊ ပြည်မြို့
၁၅။ ဘဒ္ဒန္တဝဇိရဗုဒ္ဓိ၊ ရွှေလင်ပင်ကျောင်း၊ ပြည်မြို့
၁၆။ ဘဒ္ဒန္တပညာဇောတ၊ ရွှေကျောင်းဦးကျောင်း၊ ပြည်မြို့
၁၇။ ဘဒ္ဒန္တကုသလ၊ ကြောင်ပန်းကျောင်း၊ ပြည်မြို့
၁၈။ ဘဒ္ဒန္တသုစိတ္တ၊ သဒ္ဓမ္မပါလစာသင်တိုက်၊ ရွာဘဲ၊ ပြည်မြို့
၁၉။ ဘဒ္ဒန္တကုန္ဒာသဘ၊ သဒ္ဓမ္မရံသီကျောင်း၊ ပြည်မြို့
၂၀။ ဘဒ္ဒန္တသဇ္ဇန၊ ဇမ္ဗူဒီပသာသနာ့ရိပ်သာ၊ ပြည်မြို့
၂၁။ ဘဒ္ဒန္တလာဘဝန္တ(တိုက်အုပ်)၊ မူလတက္ကသိုလ်၊ ပြည်မြို့
၂၂။ ဘဒ္ဒန္တစန္ဒိမာ၊ မဟာဂန္ဓဝင်ကျောင်း၊ ပြည်မြို့
၂၃။ ဘဒ္ဒန္တမင်္ဂလသာရ၊ ထေရဝါဒတက္ကသိုလ်၊ ရန်ကုန်မြို့
၂၄။ ဘဒ္ဒန္တမင်္ဂလ၊ ချမ်းမြေ့သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့
၂၅။ ဘဒ္ဒန္တကုဿရိယ၊ မဟာစည်ကျောင်းတိုက်၊ ရန်ကုန်မြို့။

၂၆။ ဘဒ္ဒန္တဇယိဿရ၊ (စာချ)မစိုးရိမ်ရွှေကျောင်တိုက်၊ ရန်ကုန်မြို့။
၂၇။ ဘဒ္ဒန္တသောမရံသီ(စာချ)၊မစိုးရိမ်ရွှေကျောင်တိုက်၊ ရန်ကုန်မြို့။
၂၈။ ဘဒ္ဒန္တဉာဏသေဋ္ဌ၊ ရွှေပြည်အေးကျောင်း၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့
၂၉။ ဘဒ္ဒန္တကိတ္တိဃောသ၊ ဓမ္မရက္ခိတကျောင်း၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။
၃၀။ ဘဒ္ဒန္တဝိမလရံသီ၊ ဓမ္မရတနာကျောင်း၊ ရန်ကုန်မြို့။
၃၁။ ဘဒ္ဒန္တခေမိက၊ ခြောက်ထပ်ကြီးကျောင်းတိုက်၊ ဗဟန်း၊ ရန်ကုန်မြို့။
၃၂။ ဘဒ္ဒန္တသီလာစာရ၊ ဇေယျဝတီကျောင်းတိုက်၊ စမ်းချောင်း၊ ရန်ကုန်မြို့။
၃၃။ ဘဒ္ဒန္တဉာဏုတ္တမ၊ ဓမ္မာလင်္ကာရကျောင်း၊ မ/ဥက္ကလာ၊ ရန်ကုန်။
၃၄။ ဘဒ္ဒန္တပညာဇောတ၊ သာသနဝံသကျောင်း၊ ဒေါပုံ၊ရန်ကုန်မြို့
၃၅။ ဘဒ္ဒန္တအာဒိစ္စရံသီ၊ နှစ်ကျိပ်ရှစ်ဆူကျောင်း၊ ရန်ကုန်
၃၆။ ဘဒ္ဒန္တသဒ္ဓမ္မပါလ၊------------ကျောင်း၊ရန်ကုန်
၃၇။ ဘဒ္ဒန္တဝိစိတ္တ၊ အောင်ဗောဓိမိုးကုတ်ဓမ္မရိပ်သာကျောင်း၊ ဒဂုံ-ရွှေ့၊ ရန်ကုန်
၃၈။ ဘဒ္ဒန္တဝဏ္ဏသာမိ၊ အနန္တမေတ္တာကျောင်း၊ ၁၂-၇ပ်ကွက်၊ ဒဂုံ-ရွှေ့၊ ရန်ကုန်
၃၉။ ဘဒ္ဒန္တကုန္ဒဉာဏ၊ ဥယျာဉ်ကျောင်း၊ သုံးခွမြို့
၄၀။ ဘဒ္ဒန္တထေရိန္ဒဓဇ၊ ဘုရားကြီးတိုက်၊ ဥက္ကံမြို့။
၄၁။ ဘဒ္ဒန္တဝိဇ္ဇောဒယ၊ ဝိဇ္ဇောတာရုံကျောင်း၊ ဥက္ကံမြို့။
၄၂။ ဘဒ္ဒန္တဝိသုတာနန္ဒ၊ ကျိုက်ကော်သိမ်ဖိုပ်ကျောင်း၊ ဘီးလင်းမြို့။
၄၃။ ဘဒ္ဒန္တသောဘနာဓိက၊ ရွှေကျင်တောရကျောင်း၊ ဇုတ်သုတ်ရွာ၊ ဘီးလင်းမြို့။
၄၄။ ဘဒ္ဒန္တတိက္ခဉာဏ၊ ဖားအောက်တောရ မုဒုံမြို့
၄၅။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဖားအောက်တောရ၊ မုဒုံမြို့
၄၆။ ဘဒ္ဒန္တကုလာဒီပ၊ မဟာစည်ရိပ်သာ၊ အတ္ထရံမြို့သစ်၊ ကျိုက်မရောမြို့
၄၇။ ဘဒ္ဒန္တပသန္နာစာရ၊ ဝင်တဲကူးကျောင်း၊ လယ်ဝေးမြို့။
၄၈။ ဘဒ္ဒန္တဥတ္တရ၊ သစ်တောကျောင်း၊ လယ်ဝေးမြို့။
၄၉။ ဘဒ္ဒန္တတပေါဓန၊ သာယာစုကျောင်း၊ လယ်ဝေးမြို့။
၅၀။ ဘဒ္ဒန္တနရသေဋ္ဌ၊ ဓမ္မရွှေစည်အုတ်ဖိုတောရ၊ ညောင်လေးပင်မြို့
၅၁။ ဘဒ္ဒန္တသဇ္ဇန၊ မဏ္ဍလာရာမကျောင်း၊ စည်ပင်ရွာ၊ မြို့လှမြို့
၅၂။ ဘဒ္ဒန္တအဂ္ဂဉာဏ(စာချ)၊ ဓမ္မာရုံကျောင်း၊ ကျွဲပွဲမြို့
၅၃။ ဘဒ္ဒန္တကုန္ဒရံသီ၊ သံတောင်မြို့၊ ကရင်ပြည်နယ်
၅၄။ ဘဒ္ဒန္တတိလောက၊ နတ်မှော်ကျောင်း၊ ရွှေတောင်မြို့။
၅၅။ ဘဒ္ဒန္တဒိနပတိ၊ မြသိန်းတန်ကျောင်း၊ တရုပ်မှော်၊ ရွှေတောင်မြို့။
၅၆။ ဘဒ္ဒန္တဝိပ္ပသန္န၊ ကျွန်းတိုင်းရိုးကျောင်း၊ ရွှေတောင်မြို့။
၅၇။ ဘဒ္ဒန္တသောဘိတ၊ ရှမ်းကုန်းကျောင်း၊ ရွှေတောင်မြို့။
၅၈။ ဘဒ္ဒန္တပညာဝံသ၊ ကွင်းလျားကြီး၊ ရွှေတောင်မြို့။
၅၉။ ဘဒ္ဒန္တကုန္ဒာသဘ၊ တောင်ခမောက်ကျောင်း၊ ပေါင်းတည်မြို့
၆၀။ ဘဒ္ဒန္တပဏ္ဍိတာစာရ၊ အုတ်ဖိုစုရွာကျောင်း၊ လက်ပံတန်းမြို့။
၆၁။ ဘဒ္ဒန္တကောသလ္လာစာရ၊ တရော်ကုန်းရွာကျောင်း၊ မင်းလှမြို့
၆၂။ ဘဒ္ဒန္တသီလဝံသ၊ ပေပင်တန်းရွာ၊ စစ်ကွင်း၊ မင်းလှမြို့
၆၃။ ဘဒ္ဒန္တဝိမလ၊ မြို့ဦးကျောင်း၊ မင်းလှမြို့

၆၄။ ဘဒ္ဒန္တဝရရုစိ၊ စံကျောင်း၊ အိုးသည်ကုန်း၊ အုတ်ဖိုမြို့
၆၅။ ဘဒ္ဒန္တနန္ဒောဘာသ၊ ချင်းယုတ်ကွင်းကျောင်း၊ နတ္တလင်းမြို့
၆၆။ ဘဒ္ဒန္တရေဝတ၊ သိမ်ကုန်းကျောင်း၊ မိုးညိုမြို့။
၆၇။ ဘဒ္ဒန္တအနုရောဓ၊---------ကျောင်း၊ သာရဝေါမြို့။
၆၈။ ဘဒ္ဒန္တစန္ဒရုစိ၊ တင်းကုတ်ကျောင်း၊ အောင်လံမြို့။
၆၉။ ဘဒ္ဒန္တဝါသဝါစာရ၊ သမ္ဗုလကျောင်း၊ အောင်လံမြို့
၇၀။ ဘဒ္ဒန္တသေဋ္ဌဓမ္မ၊ အလယ်ရွာကျောင်း၊ အောင်လံမြို့
၇၁။ ဘဒ္ဒန္တအဂ္ဂေသက၊ ဆင်တုပ်ရွာကျောင်း၊ အောင်လံမြို့
၇၂။ ဘဒ္ဒန္တအာလောက၊ လက်ပံလှရွာကျောင်း၊ အောင်လံမြို့
၇၃။ ဘဒ္ဒန္တကုမာရ၊ လက်ပံလှရွာကျောင်း၊ အောင်လံမြို့
၇၄။ ဘဒ္ဒန္တစန္ဒဝရ၊ ပုဏ္ဏားရွာကျောင်း၊ အောင်လံမြို့
၇၅။ ဘဒ္ဒန္တဉာနိန္ဒ၊ ငါးလောက်ရွာ၊ အောင်လံမြို့
၇၆။ ဘဒ္ဒန္တကောသိယာနန္ဒ၊ တောင်ပေါ်ကျောင်း၊ အောင်လံမြို့
၇၇။ ဘဒ္ဒန္တဇနပ္ပိယ၊ ဗောဓိကျောင်း၊ အောင်လံမြို့
၇၈။ ဘဒ္ဒန္တဇယဇောတ၊ မြို့လှ-ချိုင်းစုကျောင်း၊ အောင်လံမြို့
၇၉။ ဘဒ္ဒန္တပညာဝုဓ၊ ကျွန်းတိုင်းကျောင်း၊ အောင်လံမြို့
၈၀။ ဘဒ္ဒန္တသုမင်္ဂလ၊ နထားရွာကျောင်း၊ အောင်လံမြို့
၈၁။ ဘဒ္ဒန္တသောဘာနန္ဒ၊ နတ်မောက်ကျောင်း၊ အောင်လံမြို့
၈၂။ ဘဒ္ဒန္တဒိဝါကရ၊ ကိုးပင်ကျောင်း၊အောင်လံမြို့
၈၃။ ဘဒ္ဒန္တမာနိတ၊ ဘရဲကျောင်း၊ အောင်လံမြို့
၈၄။ ဘဒ္ဒန္တရေဝတ၊ မန်ကျီးစဉ်ကျောင်း၊ အောင်လံမြို့
၈၅။ ဘဒ္ဒန္တဥ္ဇေယျဓမ္မ၊ ဘိုကုန်းကျောင်း၊အောင်လံမြို့
၈၆။ ဘဒ္ဒန္တပညိန္ဒ၊ ရေတွင်းကြီးကျောင်း၊ အောင်လံမြို့
၈၇။ ဘဒ္ဒန္တဇာဂရ၊ လှေတုံးကျောင်း၊ အောင်လံမြို့
၈၈။ ဘဒ္ဒန္တကောဝိဒ၊ မဟာသမယကျောင်း၊ အောင်လံမြို့
၈၉။ ဘဒ္ဒန္တဝိဇယ၊ အောင်သိဒ္ဓိကျောင်း၊ အောင်လံမြို့
၉၀။ ဘဒ္ဒန္တသုနန္ဒာစာရ၊ အောင်မြေမင်္ဂလာကျောင်း၊ အောင်လံမြို့
၉၁။ ဘဒ္ဒန္တသုန္ဒရာစာရ၊ ဥသျှစ်ကုန်းကျောင်း၊ အောင်လံမြို့
၉၂။ ဘဒ္ဒန္တအရိယဓမ္မ၊ ရွှေကြိုးကြာတောရ၊ ရွှေပန်းတော၊ အောင်လံမြို့
၉၃။ ဘဒ္ဒန္တပညာသာရ၊ ကွမ်းလောင်း-ဘာဝနာကုန်းကျောင်း၊ အောင်လံမြို့
၉၄။ ဘဒ္ဒန္တဇင္ဂိလ၊ ရွာသစ်ကြီးကျောင်း၊ သရက်မြို့
၉၅။ ဘဒ္ဒန္တကုဏ္ဍလာနန္ဒ၊ ကေရာဇ်ကျောင်း၊ ဆင်ပေါင်ဝဲမြို့။
၉၆။ ဘဒ္ဒန္တသောဟဇ္ဇ၊ တောင်တီးရွာကျောင်း၊ ကမ္မမြို့
၉၇။ ဘဒ္ဒန္တကောသလ္လ၊ တောင်မြင့်ကျောင်း၊ မင်းတုန်း
၉၈။ ဘဒ္ဒန္တဂါရဝ၊ တောင်ပေါ်ကျောင်း၊ ချောက်ပေါက်ရွာ၊ မင်းတုန်း
၉၉။ ဘဒ္ဒန္တကဝိန္ဒာစာရ၊ သစ်ရာကောက်ကျောင်း၊ မကွေးမြို့
၁၀၀။ ဘဒ္ဒန္တဝိစိတ္တာနန္ဒ၊ သစ်ရာကောက်ကျောင်း၊ မကွေးမြို့
၁၀၁။ ဘဒ္ဒန္တပဉ္ဉောဘာသ၊ ဘုရားကျောင်း၊ သစ်ရာကောက်၊ မကွေးမြို့

၁၀၂။ ဘဒ္ဒန္တဇောတိဿရ၊ ဗောဓိကုန်းကျောင်း၊ ကျောက္ကာရွာ၊ တောင်တွင်းကြီးမြို့

၁၀၃။ ဘဒ္ဒန္တကဝိနန္ဒ၊ စည်ပင်ကျောင်း၊ ဆင်ပေါင်ဝဲမြို့

၁၀၄။ ဘဒ္ဒန္တဝရသာမိ၊ လယ်မရွာကျောင်း၊ ဆင်ပေါင်ဝဲမြို့

**၁၀၅။ ဘဒ္ဒန္တ**သမိတာနန္ဒ၊ စမွကြီးရွာကျောင်း၊ ပေါက်ခေါင်းမြို့

**၁၀၆။ ဘဒ္ဒန္တ**ဇာနေယျ၊ ရွှေမုဋ္ဌောကျောင်း၊ မှိုက်ပစ်ကုန်းရွာ၊ ပခုက္ကူမြို့

**၁၀၇။ ဘဒ္ဒန္တဝံ**သပ္ပိယ၊---------ကျောင်း၊ ပခုက္ကူမြို့

**၁၀၈။ ဘဒ္ဒန္တ**နိသာကရ၊ သခွတ်ပင်လယ်ရွာ၊ အရှေ့ကျောင်း၊ အရာတော်မြို့

**၁၀၉။ ဘဒ္ဒန္တ**ကုမာရ၊ နွားမသင်းရွာကျောင်း၊ အရာတော်မြို့

**၁၁၀။** ဘဒ္ဒန္တသာသနောဘာသ၊ ရွှေသမားဘ/ကကျောင်း၊ အိုးဘိုရပ်၊ စစ်ကိုင်းမြို့

**၁၁၁။** ဘဒ္ဒန္တရာဇိန္ဒ၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့

၁၁၂။ ဘဒ္ဒန္တဉာဏဇောတိ၊ မဟာသိမ်ကျောင်း၊ စကျင်ရွာ၊ မတ္တရာမြို့။

၁၁၃။ ဘဒ္ဒန္တဝိမလ၊ ငွေတောင်ဦးပရိယတ္တိစာသင်တိုက်၊ ပုသိမ်ကြီးမြို့။

၁၁၄။ ဘဒ္ဒန္တခေမေသက(နည်းပြ)၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ **မန္တလေးမြို့**

၁၁၅။ ဘဒ္ဒန္တဇနိန္ဒာစရိယ၊ ဂဏာစရိယကျောင်း၊ ဘုရားကြီးတိုက်၊ **မန္တလေးမြို့**

၁၁၆။ ဘဒ္ဒန္တပညာသိဒ္ဓိ၊ ။ ။

၁၁၇။ ဘဒ္ဒန္တပညာစက္က၊ ထန်းပင်ကွင်းတောရ၊ ထုံးဘိုမြို့

၁၁၈။ ဘဒ္ဒန္တဝိစိတ္တ၊ ကြူတောရွာ၊ အောင်လံမြို့

၁၁၉။ ဘဒ္ဒန္တသုနန္ဒမာလ၊ သုခိတာရုံကျောင်း၊ ဥက္ကံမြို့

၁၂၀။ ဘဒ္ဒန္တသမိတာနန္ဒ၊ စမ်းမကြီးကျောင်း ၊ ပေါ**က်ခေါင်းမြို့**

၁၂၁။ ဘဒ္ဒန္တပညာဓဇ၊ တောင်တီးကျောင်း၊ ကံမမြို့

၁၂၂။ ဘဒ္ဒန္တသုန္ဒရ၊ စစ်ကွင်းမြို့

၁၂၃။ ဘဒ္ဒန္တဇောတိက၊ ကံကြီးကုန်း၊ ဝက်ထီးကန်

၁၂၄။ ဘဒ္ဒန္တကဝိပ္ပိယ၊ အိုင်ရှည်ကျောင်း၊ ဘုတလင်**မြို့၊ စစ်ကိုင်းတိုင်း**

၁၂၅။ ဘဒ္ဒန္တဇဝနဓမ္မ၊ ကိုင်းချောင်းကျောင်း၊ ဝက်**ထီးကန်မြို့၊ ပြည်**ခရိုင်

၁၂၆။ ဘဒ္ဒန္တကုသလ၊ ကြောင်ပန်းကျောင်း၊ ပြည်မြို့

၁၂၇။ ဘဒ္ဒန္တသုနန္ဒမာလာ

**အထူးလျှောက်ထားလွှာ/**

ဝိ-ဗာတိုက်သား သံဃာတော်များ ဤစာရင်း၌မပါဝင်ခဲ့သော် ခွင့်လွှတ်၍ ဝန်ဆောင်သံဃာတော်အဖြစ် အသိအမှတ်ပြုပြီး မှတ်ယူတော်မူပါဗရား။ မိမိ၏အနီးပတ်ဝန်းကျင် ဝိ-ဗာ ဝံသရှိပါက မှတ်တမ်းပြုနိုင်ရန် စာရေးအသိပေး ဆက်သွယ်ပါရန် အထူးလျှောက်ပါသည်ဗရား။

# ပြည်မြို့၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်ကြီး (၁၃၂၁-၁၃၇၁) အနှစ်(၅၀)ပြည့် ရွှေရတုပွဲ ကျင်းပရေး လုပ်ငန်းစီမံချက်

၁၃၇၁-ခုနှစ်၊ တော်သလင်းလဆန်း(၃)ရက်(၂၂-၈-၂၀၀၉)နေ့စွဲဖြင့် ပဲခူးတိုင်း၊ အနောက်ပိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရွှေရတုပွဲဆင်နွှဲကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့်အထောက် အကူပြု လုပ်ငန်းကော်မတီအသီးသီးတို့ကိုအောက်ပါအတိုင်းဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

**(က) ရွှေရတုပွဲ ကျင်းပရေး နာယကလူကြီးများ**

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်လှမင်း | ဥက္ကဋ္ဌ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ၊ တိုင်းမှူး၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူမြို့။ |
| (ခ) | ဗိုလ်မှူးချုပ်စိန်မြင့် | ဒုတိယဥက္ကဋ္ဌ၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ဒေသကွပ်ကဲရေးမှူး၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်မြို့) |
| (ဂ) | ဗိုလ်မှူးကြီးစန်းမြင့် | တပ်မမှူး၊ အမှတ်(၆၆)၊ ခြေမြန်တပ်မဌာနချုပ် |
| (ဃ) | ဦးသန်းဦး | ကျန်းမာရေးဌာန (အငြိမ်းစား)၊ နဝင်းရပ်ကွက်၊ ပြည်မြို့။ |
| (င) | ဦးဘကြင် | ကုန်သည်၊ နဝင်းရပ်ကွက်၊ ပြည်မြို့။ |
| (စ) | ဦးအောင်မြတ် | သစ်တောဦးစီးဌာန(အငြိမ်းစား)၊ နဝင်းရပ်ကွက်၊ ပြည်မြို့။ |
| (ဆ) | ဦးအေးမြင့် | ဥက္ကဋ္ဌ၊ ရွှေကျင်နိကာယဂန္ထဓူရပူဇကအဖွဲ့၊ ဝိသုဒ္ဓါရုံ ဗာရာဏသီတိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့။ |

**( ခ ) ရွှေရတုပွဲ ကျင်းပရေးဦးစီးကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမောင်မောင်အောင် | အတွင်းရေးမှူး၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့။ | ဥက္ကဋ္ဌ |
| (၂) | ရဲမှူးကြီးမျိုးဆွေဝင်း | အဖွဲ့ဝင်(၁)၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့။ | အဖွဲ့ဝင် |
| (၃) | ဦးမျိုးညွန့် | အဖွဲ့ဝင် (၂)၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့။ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၄) | ဦးကျော်ညွန့် | ဥက္ကဋ္ဌ၊ ပြည်ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်မြို့။ | အတွင်းရေးမှူး |
| (၅) | ဦးစိုးမြင့် | ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ပြည်မြို့။ | အဖွဲ့ဝင် |
| (၆) | ဦးဝင်းသိန်း | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းသာသနာရေးဦးစီးဌာန ပဲခူးတိုင်း(အနောက်ပိုင်း)၊ ပြည်မြို့ | အဖွဲ့ဝင် |
| (၇) | တိုင်းအဆင့်ဌာနဆိုင်ရာ | စည်ပင်သာယာရေး၊ ဆောက်လုပ်ရေး၊ ပြည်တွင်းအခွန် ဦးစီးဌာန၊ ကျန်းမာရေး၊ လျှပ်စစ် ဖြန့်ဖြူးရေး၊ ဆက်သွယ်ရေး၊ သစ်တော၊ သစ်ထုတ်လုပ်ရေး၊ ပြန်/ဆက်၊ မဟာဓါတ်အားလိုင်း | အဖွဲ့ဝင် |
| (၈) | ဦးမြဝင်း | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၉) | ဦးသိန်းတန် | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၀) | ဦးမောင်မောင်အေး | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၁) | ဦးပေါရွှေ | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၂) | ဦးမင်းဟန် | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၃) | ဦးမောင်မောင် | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၄) | ဦးလှမြင့် | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၅) | ဦးဘသောင်း | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၆) | ဦးမောင်မောင်ကြီး | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၇) | ဦးထိန်လင်း | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၈) | ဦးချစ်လှ | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၁၉) | ဦးမိုးဇင် | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၂၀) | ဦးသန်းထွန်းဦး | ရွှေဆံတော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၂၁) | ဦးစိန်ဝင်း | ပြည်ရတနာဆီစက် | အဖွဲ့ဝင် |
| (၂၂) | ဦးဌေးဝင်း | ဓါတု-ဖယောင်းတိုင်လုပ်ငန်း | အဖွဲ့ဝင် |
| (၂၃) | ဦးမြင့်ဆွေ | ခွန်သုံးလုံး-ဆေးလိပ်ရုံ | အဖွဲ့ဝင် |
| (၂၄) | ဦးသန်းဆွေ | စိန်သုံးလုံး-ပွဲရုံ | အဖွဲ့ဝင် |
| (၂၅) | ဦးသန်းအောင် | ရွှေရခိုင်-ပွဲရုံ | အဖွဲ့ဝင် |
| (၂၆) | ဦးခင်မောင်အေး | အငြိမ်းစား(ကျန်းမာရေးဌာန) | အဖွဲ့ဝင် |
| (၂၇) | ဦးတင်ဌွေ | ပရဆေး-ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၂၈) | ဦးအေးမြင့် | မြေလတ်-ပွဲရုံ | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၂၉) | ဦးခင်မောင်လေး | ဆင်ဖြူကျွန်း-ပွဲရုံ | အဖွဲ့ဝင် |
| (၃၀) | ဦးမြင့်သိန်း | မြကျွန်းသာ-ပွဲရုံ | အဖွဲ့ဝင် |
| (၃၁) | ဦးဝေလင်း | ခေတ္တရာဆီစက် | အဖွဲ့ဝင် |
| (၃၂) | ဦးကြင်သိန်း | မြစိမ်း-ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၃၃) | ဦးဇော်ဝင်း | ဇော်ထက်-ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၃၄) | ဦးကျော်လင်း | သန်းကြွယ်-ပွဲရုံ | အဖွဲ့ဝင် |
| (၃၅) | ဦးဇော်ဝင်း | **ဝင်းရာဇာ**-ပွဲရုံ | အဖွဲ့ဝင် |
| (၃၆) | ဦးကြည်မြင့် | **ကောင်းသန့်**-ပွဲရုံ | အဖွဲ့ဝင် |
| (၃၇) | ဒေါက်တာဖေသန်း | **နဝင်းရပ်**၊ ကမ်းနားလမ်း | အဖွဲ့ဝင် |
| (၃၈) | ဒေါက်တာတင်သိန်း | **ရွှေကူရပ်**၊ လမ်းမတော်လမ်း | အဖွဲ့ဝင် |
| (၃၉) | ဦးဝင်းစိုး | **ရှမ်းဒေါင်း**-ဆေးလိပ်တိုက်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၄၀) | ဦးသက်နိုင် | **ဘိုးဘိုးအောင်**-ဖယောင်းတိုင်လုပ်ငန်း | အဖွဲ့ဝင် |
| (၄၁) | ဦးသန့်ဇင် | **သန်းတရာ-ပွဲရုံ** | အဖွဲ့ဝင် |
| (၄၂) | ဦးရာကျော် | **ကျွန်းရွှေဝါ-ပွဲရုံ** | အဖွဲ့ဝင် |
| (၄၃) | ဦးကျော်မောင် | **လောကထိပ်ပန်**-ပွဲရုံ | အဖွဲ့ဝင် |
| (၄၄) | ဦးအေးလှိုင် | **သိန်းမေတ္တာ**-ပွဲရုံ | အဖွဲ့ဝင် |
| (၄၅) | ဦးမောင်ကောင်း | ပြည်ဝင်း-ပီနံအိတ်ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၄၆) | ဦးခင်မောင်ဝင်း | ဆန်ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၄၇) | ဦးမိုးညို | ကုန်သည် | အဖွဲ့ဝင် |
| (၄၈) | ဦးအောင်ဇော်သူ | ကုန်သည် | အဖွဲ့ဝင် |
| (၄၉) | ဦးမင်းဆွေ | ပြည်သူ့မေတ္တာ-ပုံနှိပ်တိုက် | အဖွဲ့ဝင် |
| (၅၀) | ဦးဇော်ဝင်း | တံဆိပ်လုပ်ငန်း | အဖွဲ့ဝင် |
| (၅၁) | ဦးခင်ဇော် | ကုန်သည် | အဖွဲ့ဝင် |
| (၅၂) | ဦးကြည်ဝင်း | ကုန်သည်(အဝေးပြေးဂိတ်ဝင်း) | အဖွဲ့ဝင် |
| (၅၃) | ဦးခင်မောင်မြင့် | အတွင်းရေးမှူး (ရွှေကျင်နိကာယစာတော်ပြန်ပွဲ) | အဖွဲ့ဝင် |

## <u>၈ )ဘဏ္ဍာငွေရှာဖွေရေးနှင့် လှူဘွယ်ပစ္စည်းများ ထိန်းသိမ်းရေးဆပ်ကော်မတီ</u>

| | | | |
|---|---|---|---|
| (၁) | ဦးစိုးလွင် | ညွှန်/မှူး၊ တိုင်းစည်ပင် | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်ကျော်လတ် | ခရိုင်အခွန်ဦးစီးမှူး | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးသိန်းတန် | ကရဝိတ်-သက်န်းတိုက် | အတွင်းရေးမှူး |
| (၄) | ဦးသန်းထွန်းဦး | ဘူးစိမ်းကြီး-လ္ဘက်ခြောက် | တွဲဖက်အတွင်းရေးမှူး |
| (၅) | ဦးမောင်မောင်အေး | ဇွန်-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင် | စိန်ရတနာ-ဆေးပစ္စည်းဆိုင် | အဖွဲ့ဝင် |
| (၇) | ဦးစံဝင်းမောင် | ခရိုင်မန်နေဂျာ-စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (၈) | ကျောင်းပရေးဗဟိုကော်မတီဝင်(အားလုံး) | | အဖွဲ့ဝင် |
| (၉) | ဦးကျော်ရွှေ | ရွှေဆိုင် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၀) | ဦးထိုင်ထိုင်(ခ)ဦးလှမိုး | ဆီစက်လုပ်ငန်း | အဖွဲ့ဝင် |
| (၁၁) | ဦးဆန်းအောင် | တိုင်းလုံးကျော်-မော်တော်ယာဉ် | အဖွဲ့ဝင် |
| (၁၂) | ဦးစောမြင့် | ရွှေဆိုင် | အဖွဲ့ဝင် |
| (၁၃) | ဦးကျော်လင်း | သန်းကြွယ်-ပွဲရုံ | အဖွဲ့ဝင် |
| (၁၄) | ဦးတင်စိုး | ပြည့်ဖြိုးအောင်-တီဗွီရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၁၅) | ဦးအံ့ကူ(ဦးကျင်စိန်) | ကုန်သည် | အဖွဲ့ဝင် |
| (၁၆) | ဦးရွှေဝင်း | ဆန်းသစ်ဝင်း-ဆေးပစ္စည်းဆိုင် | အဖွဲ့ဝင် |
| (၁၇) | ပြည်ရွှေဆံတော်စေတီတော်ဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၁၈) | တိုင်းပြည်လုံးချမ်းသာဆယ်ထပ်ဘုရားကြီးဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၁၉) | ရွှေဘုန်းပွင့်စေတီတော်ဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၂၀) | ရွှေပလ္လင်မှော်စေတီတော်ဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၂၁) | ဆုတောင်းပြည့်စေတီတော်ဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၂၂) | နဝင်းဖောင်တော်ဦးဘုရားဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၂၃) | ဆုတောင်းပြည့်ဘုရား(နဝင်းကျောင်းကုန်း)ဂေါပကအဖွဲ့ဝင်အားလုံး | | အဖွဲ့ဝင် |
| (၂၄) | လောကမဥ္ဇူဘုရားနီဘုရားဂေါပကအဖွဲ့ဝင်အားလုံး(ဝါရုံရပ်) | | အဖွဲ့ဝင် |
| (၂၅) | ရှင်တက်ဘုရားဂေါပကအဖွဲ့ဝင်အားလုံး(နဝင်း-ဝါရုံရပ်) | | အဖွဲ့ဝင် |
| (၂၆) | ရွှေကျောင်းကြီးဂေါပကအဖွဲ့ဝင်အားလုံး(ကျောင်း/အိုး) | | အဖွဲ့ဝင် |
| (၂၇) | ရန်အောင်မြင်ဘုရားဂေါပကအဖွဲ့ဝင်အားလုံး(ရွှေကူရပ်) | | အဖွဲ့ဝင် |
| (၂၈) | ဦးသန်းအောင် | ရွှေရခိုင်-ပွဲရုံ | အဖွဲ့ဝင် |
| (၂၉) | ဦးအောင်ဆန်းကြည် | လွင်-ပွဲရုံ | အဖွဲ့ဝင် |
| (၃၀) | ဦးမိုးညို | ကုန်သည် | အဖွဲ့ဝင် |
| (၃၁) | ဦးသန်းဆွေ | စိန်သုံးလုံး-ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၃၂) | ဦးစစ်နိုင် | ကြယ်သုံးလုံး-ရောင်းဝယ်ရေး(ရွှေကူရပ်) | အဖွဲ့ဝင် |
| (၃၃) | ဦးအေးလှိုင် | သိန်းမေတ္တာ-ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၃၄) | ဦးစိုးမြင့် | ရွှေပြည်ဝင်-စားသောက်ဆိုင် | အဖွဲ့ဝင် |
| (၃၅) | ဦးကြည်ဝင်း | အဝေးပြေးဂိတ် | အဖွဲ့ဝင် |
| (၃၆) | ဦးဘကြင် | ဆီ-ရောင်းဝယ်ရေး | အဖွဲ့ဝင် |

## ရွှေရတုကျောင်းဆောင်ဆောက်လုပ်ရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဒေါ်ခင်မြင့် | အင်/ယာမှူး၊ ခရိုင်ဆောက်လုပ်ရေး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဋ္ဌေး | မြို့နယ်အင်/ယာဆောက်လုပ်ရေး | အတွင်းရေးမှူး |
| (၃) | ဦးမြတ်စိုး | အမှုဆောင်အရာရှိ၊ စည်ပင်သာယာတွဲဖက်အတွင်းရေးမှူး | |
| (၄) | ဒေါ်ခင်သန်းကြည် | ဆောက်လုပ်ရေး(ရုံးချုပ်) | အဖွဲ့ဝင် |
| (၅) | ဒေါ်လှလှဝင်း | လ/ထ အင်ယာ၊မြို့နယ်ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (၆) | ဦးဝင်းမြင့် | အောင်နိုင်-စာပေတိုက် | အဖွဲ့ဝင် |
| (၇) | ဦးကျော်ရွှေ | ခရိုင်အင်/ယာလျှပ်စစ်ဖြန့်ဖြူးရေး | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၈) | ဦးမင်းကြည် | လ/ထထွေဂျာ၊ သစ်ထုတ်ရေး(ရောင်း/စက်) | အဖွဲ့ဝင် |
| (၉) | ဦးခင်မောင်အေး | အငြိမ်းစား(ကျန်းမာရေးဌာန) | အဖွဲ့ဝင် |
| (၁၀) | ဦးမိုးဇင် | ပစ်တိုင်းထောင်-ဆေးလိပ်ရုံ | အဖွဲ့ဝင် |
| (၁၁) | ဦးမြင့်ဆွေ | ခွန်သုံးလုံး-ဆေးလိပ်ရုံ | အဖွဲ့ဝင် |
| (၁၂) | ဦးမင်းဟန် | ကျားပျံမကောက်-ဆေးလိပ်ရုံ | အဖွဲ့ဝင် |
| (၁၃) | ဦးစိန်ဝင်း | ပြည်ရတနာ-ဆီစက် | အဖွဲ့ဝင် |
| (၁၄) | ဦးငွေးဝင်း | ဓါတု-ဖယောင်းတိုင်လုပ်ငန်း | အဖွဲ့ဝင် |
| (၁၅) | ဦးသက်နိုင် | ဘိုးဘိုးအောင်-ဖယောင်းတိုင်လုပ်ငန်း | အဖွဲ့ဝင် |
| (၁၆) | ဦးပေါ်ရွှေ | ရွှေဆိုင် | အဖွဲ့ဝင် |
| (၁၇) | ဦးမောင်မောင်အေး | ဇွန်-အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၁၈) | ဦးခင်မောင်ဝင်း | ဆန်ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၁၉) | ဦးဝင်းနိုင် | ဒုတပ်ခွဲမှူး၊ အရံမီးသတ်တပ်ခွဲ (၄) | အဖွဲ့ဝင် |
| (၂၀) | ဦးခင်မောင်မြင့် | အတွင်းရေးမှူး၊ ရွှေကျင်နိကာယ | အဖွဲ့ဝင် |

** င ) ရွှေရတုစာစောင်ဖြစ်မြောက်ရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးမြဝင်း | ပါမောက္ခချုပ်(ငြိမ်း) | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းသိန်း | လ/ထညွှန်မှူး၊ တိုင်းသာသနာရေး | အတွင်းရေးမှူး |
| (၃) | ဦးကျော်လွင် | ဦးစီးအရာရှိ၊ တိုင်းသာသနာရေး | တွဲဖက်အတွင်းရေးမှူး |
| (၄) | ဦးကျော်ဒင်ဟန် | ကျောင်းအုပ်ကြီး(ငြိမ်း) | အဖွဲ့ဝင် |
| (၅) | ဦးလှသန်း | ကုန်သည် | အဖွဲ့ဝင် |
| (၆) | ဦးမြရွှေ | သတင်းထောက် | အဖွဲ့ဝင် |
| (၇) | ဦးတင်အောင်ညွှန့် | တိုင်းပြန်/ဆက် | အဖွဲ့ဝင် |
| (၈) | ဦးဝင်းမြင့် | ခရိုင်ပြန်/ဆက် | အဖွဲ့ဝင် |

**စ ) သတင်းမှတ်တမ်းနှင့် ပြန်ကြားလှုံ့ဆော်ရေးဆပ်ကော်မတီ**

| | | | |
|---|---|---|---|
| (၁) | ဦးတင်အောင်ညွှန့် | တိုင်းဦးစီးမှူး၊ တိုင်းပြန်/ဆက် | ဥက္ကဋ္ဌ |
| (၂) | ဦးဝင်းမြင့် | ခရိုင်ဦးစီးမှူး၊ ခရိုင်ပြန်/ဆက် | အတွင်းရေးမှူး |
| (၃) | ဦးတင့်ဆွေ | ဥက္ကဋ္ဌ၊ တိုင်းဗီဒီယိုအခြေခံ | အဖွဲ့ဝင် |
| (၄) | ဦးမြင့်နိုင် | သတင်းထောက် | အဖွဲ့ဝင် |
| (၅) | ဦးမြသွေး | ဥက္ကဋ္ဌ၊ မြို့နယ်စာနယ်ဇင်းအဖွဲ့ | အဖွဲ့ဝင် |
| (၆) | ဦးစိန်ထွန်း | ရွှေပလ္လင်မှော်စေတီတော်ဂေါပက | အဖွဲ့ဝင် |
| (၇) | ဦးအေးသွင် | ဆုတောင်းပြည့်ဘုရားဂေါပက | အဖွဲ့ဝင် |
| (၈) | ဦးမြကြိုင် | လောကမဥ္ဇူဘုရားနီဘုရားဂေါပက | အဖွဲ့ဝင် |
| (၉) | ဦးသံချောင်း | ရှင်တက်ဘုရားဂေါပက | အဖွဲ့ဝင် |
| (၁၀) | ဦးသိန်းဦး | ဆင်စုရပ်ကွက် | အဖွဲ့ဝင် |

## (ဆ) ကြိုဆိုပင့်ဆောင်ရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးဝင်းသိန်း | လ/ထညွှန်မှူး၊ တိုင်းသာသနာရေး | ဥက္ကဋ္ဌ |
| (၂) | ဦးကျော်လွင် | ဦးစီးအရာရှိ၊ တိုင်းသာသနာရေး | အတွင်းရေးမှူး |
| (၃) | ဦးတင်မောင်မြင့် | အတွင်းရေးမှူး၊ တိုင်းမ. ထ. သ | အဖွဲ့ဝင် |
| (၄) | ဦးမျိုး | အတွင်းရေးမှူး၊ မြို့နယ်ပြည်ခိုင်ဖြိုး | အဖွဲ့ဝင် |
| (၅) | ဦးခင်မောင်ဇော် | ဣစ္ဆာသယ-အမွေးတိုင်/ဖယောင်းတိုင် | အဖွဲ့ဝင် |
| (၆) | ဦးဝင်းစိုး | ရှမ်းဒေါင်း-ဆေးလိပ်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၇) | ဦးသက်ဦး | ရွှေလက်လှရပ် | အဖွဲ့ဝင် |
| (၈) | ဦးအေးချို | ရွှေလက်လှရပ် | အဖွဲ့ဝင် |
| (၉) | ဦးမောင်ကောင်း | ပြည်ဝင်း-ဗီနံအိတ်ရောင်းဝယ်ရေး | အဖွဲ့ဝင် |
| (၁၀) | ဦးညွှန့်ဝေ | ပြည်ရတနာ-ဆီစက် | အဖွဲ့ဝင် |
| (၁၁) | ဦးခင်ကျော် | နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၁၂) | ဦးကျော်ဦး | မာလကာကုန်း-နဝင်းရပ် | အဖွဲ့ဝင် |
| (၁၃) | ဦးသိန်းလှိုင် | နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၁၄) | ဦးဝင်းထွန်း | နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၁၅) | ဦးတင်ဝင်း | ပြည်တော်သာရပ် | အဖွဲ့ဝင် |
| (၁၆) | ဦးချစ်ငွေ | နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၁၇) | ဦးအောင်ဇော်သူ | ဝါရုံရပ်၊ နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၁၈) | ဦးထွန်းထွန်းဝင်း | တပ်စုမှူး၊ အရံမီးသတ်တပ်စု-၁၇ | အဖွဲ့ဝင် |

## ( ဇ ) ကျန်းမာရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဒေါက်တာနေမျိုးဘုန်း | တိုင်းဦးစီးမှူး၊ တိုင်းကျန်းမာရေး | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာရန်နိုင်မောင် | ဦးစီးမှူး၊ တိုင်းကျန်းမာရေး | အတွင်းရေးမှူး |
| (၃) | ဒေါက်တာယမင်း | ဦးစီးမှူး၊ တိုင်းကျန်းမာရေး | တွဲဖက်အတွင်းရေးမှူး |
| (၄) | တပ်ရင်းမှူး | ကုတင်(၁၀၀)၊ ဆေးတပ်ရင်း | အဖွဲ့ဝင် |
| (၅) | ဒေါ်ခင်ခင်ပြုံး | ကျောင်းအုပ်ကြီး၊ သူနာပြုသင်တန်းကျောင်း | အဖွဲ့ဝင် |
| (၆) | ဒေါ်နီနီမိုး | ဦးစီး(တ)၊ တိုင်းကြက်ခြေနီတပ်ဖွဲ့ | အဖွဲ့ဝင် |

## ၅၂။ အခမ်းအနားပြင်ဆင်မွမ်းမံရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးစိုးမြင့် | ဥက္ကဋ္ဌ၊ မ. ယ. က၊ ပြည် | ဥက္ကဋ္ဌ |
| (၂) | ဦးမြတ်စိုး | အမှုဆောင်အရာရှိ၊ ပြည်စည်ပင် | အတွင်းရေးမှူး |
| (၃) | ဦးထွန်းထွန်းဇော် | အင်/ယာမှူး၊ ပြည်စည်ပင် | တွဲဖက်အတွင်းရေးမှူး |
| (၄) | ဦးဝင်းဆွေ | မန်နေဂျာ (တိုင်းဆက်သွယ်ရေး) | အဖွဲ့ဝင် |
| (၅) | ဦးမောင်ရွှေ | ရွှေရီသန်း-ပွဲရုံ၊ နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၆) | ဦးသိန်းအောင် | နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၇) | ဦးဝင်းနိုင် | ဒုတပ်ခွဲမှူး၊ အရံမီးသတ်တပ်ခွဲ(၄) | အဖွဲ့ဝင် |

## ( ည ) လုံခြုံရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဒုတိယရဲမှူးကြီးလှကျော် | ခရိုင်ရဲတပ်ဖွဲ့မှူး | ဥက္ကဋ္ဌ |
| (၂) | ဒုရဲမှူးကျော်ထွဋ် | မြို့နယ်ရဲတပ်ဖွဲ့မှူး | အတွင်းရေးမှူး |
| (၃) | ရဲအုပ်ကျော်ဝင်း | စခန်းမှူး၊ ပြည်(၁)ရဲစခန်း | အဖွဲ့ဝင် |
| (၄) | ဦးသန်းစိုး | ဥက္ကဋ္ဌ၊ ရယက၊ နဝင်းရပ်ကွက် | အဖွဲ့ဝင် |
| (၅) | ဦးထွန်းထွန်းဝင်း | တပ်စုမှူး၊ အရံမီးသတ်တပ်စု (၁၇) | အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်မြင့် | အတွင်းရေးမှူး၊ ရွှေကျင်နိကာယ | အဖွဲ့ဝင် |

## ( ဋ ) ဆွမ်းဆက်ကပ်ကျွေးမွေးဧည့်ခံရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဒေါ်စန်းစန်းဝင်း | ဒုညွှန်မှူး၊ တိုင်းစာရင်းရုံး | ဥက္ကဋ္ဌ |
| (၂) | ဦးထွန်းရီ | ကုန်သည်၊ ရွှေကူရပ်ကွက် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးသိန်းလှိုင် | ကုန်သည်၊ နဝင်းရပ်ကွက် | အတွင်းရေးမှူး |
| (၄) | ဦးမြင့်စိုး | တ. စ. လ၊ ရွှေကူရပ်ကွက် | အဖွဲ့ဝင် |
| (၅) | ဦးဘုန်းမြင့် | ကျောင်းဆရာ(ငြိမ်း)၊ ရွှေလက်လှရပ် | အဖွဲ့ဝင် |
| (၆) | ဦးဌေးကြွယ် | ကုန်သွယ်လယ်ယာ(ငြိမ်း)၊ လမ်းရှည်လမ်း | အဖွဲ့ဝင် |
| (၇) | ဦးတင်ဝင်း | ကုန်သည်၊ ကျောင်း/အိုးရပ်ကွက် | အဖွဲ့ဝင် |
| (၈) | ဦးမြဝင်း | ကုန်သည်၊ ကျောင်းကုန်းရပ်၊ နဝင်း | အဖွဲ့ဝင် |
| (၉) | ဒေါ်ခင်သိန်း | နဝင်း၊ ဒေါ်သိန်းတင်တပည့်များ | အဖွဲ့ဝင် |
| (၁၀) | ဒေါ်ခင်ဇော် | နဝင်း၊ ဒေါ်သိန်းတင်တပည့်များ | အဖွဲ့ဝင် |
| (၁၁) | အရံမီးသတ်တပ်စု(၁၇) တပ်ဖွဲ့ဝင်များ | | အဖွဲ့ဝင် |
| (၁၂) | နဝင်းရပ်ကွက်၊ ပြည်ခိုင်ဖြိုးအသင်းဝင်များ | | အဖွဲ့ဝင် |

**နိဂုံး**


၁။ ဤစီမံချက်ပါ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရွှေရတုသဘင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆပ်ကော်မတီအသီးသီးတို့သည် အပြန်အလှန် ဆက်သွယ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၂။ ရွှေရတုသဘင်ပွဲကျင်းပနေစဉ်အတွင်း ထူးခြားဖြစ်စဉ်များ ဖြစ်ပွားပေါ်ပေါက်လာပါက သက်ဆိုင်ရာ ဆပ်ကော်မတီမှ ဦးစီးကော်မတီသို့ အချိန်နှင့်တပြေးညီ တင်ပြလျက် ညွှန်ကြားချက်နှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၃။ သာသနာရေး၊ ဘာသာရေးပွဲဖြစ်သည့်အလျှောက် အထက်အဖွဲ့အစည်း၏ လမ်းညွှန်မှု ခံယူ၍ လုပ်ငန်းတာဝန်များကို အစမှအဆုံး ချောမွေ့အောင်မြင်စေရန် ရှေ့ရှုလျက် ရဟန်းရှင်လူ ပြည်သူ ဆရာဒကာ လက်တွဲညှိနှိုင်း ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၄။ သုံးစွဲကုန်ကျမည့်ငွေများကို စနစ်တကျသုံးစွဲခြင်းဖြင့် အလှူငွေရငွေ/သုံးငွေဖြင့် စာရင်းဇယားများ ထားရှိသုံးစွဲရန်နှင့် ပြီးဆုံးပါက ငွေစာရင်းရှင်းတမ်း၊ မှတ်တမ်းများဖြင့် စီစဉ်ဆောင်ရွက်ကြရန်နှင့် ဆပ်ကော်မတီ အသီးသီးမှလည်း ဦးစီးကော်မတီ၏ ကြီးကြပ်မှုကို ခံယူကာ ရွှေရတုသဘင်ပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာ ပြီးဆုံးရေး ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းတာဝန်ယူ ဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။

**ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်း)၊ ပြည်မြို့**



ပြည်မြို့ နဝင်းရပ်

# ဝိသုဒ္ဓါရုံဗာရာဏသီတိုက်

# နှစ်(၅၀)ပြည့် ရွှေရတု

## အထိမ်းအမှတ်မဂ္ဂဇင်း

၁၃၂၁-၁၃၇၁